


လာဘ်မိုးရွာ စာပေ ... ည်းဖြစ်သည်။
www.burmeseclassic.com
မဂ္ဂပစ္စယော
ရောင်ခြည်
မဂ္ဂဇင်း
ကဏ္ဍာသယ လိုတရ
ရုပ်ပွားတော်
ရွှေအိုးထမ်းတဲ့ နိမိတ်
Graphic: Soe Win Htun
www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးစွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မင်္ဂလာပစ္စယော
ရောင်ပြန်
မဂ္ဂဇင်း

16 JUL 2014

၂၀၁၄-ခုနှစ်၊ စက်တင်ဘာလ၊ အမှတ်(၂၄၈)

မောင်မောင်မြင့်အေး စီစဥ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်
အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

BURMESE CLASSIC

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်
စာအုပ်ချုပ် - ရှုကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ပညတ်၊ ဖိုးအောင်၊ အောင်နိုင်လတ်၊ စံလွင်မောင်တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဥ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဥ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ အမှတ် (၂၄၈)

## မာတိကာ

### ရောင်ပြန် ကဗျာ

မိုးမြင့်လွင်၊ ဖြိုးထိန်၊ နန္ဒာမိုးကြယ်၊ ဆုမွန်ဦး(ဟသ်ာတ)၊
မောင်မောင်မိုးအောင်၊ စိုးသိမ်းစိုး(ဘဏ်-ငြိမ်း)၊
စိုးကိုကို(လေးမျက်နှာ)၊ မှူးအိမ်စိုး။

### ရောင်ပြန် အခန်းဆက်ရသ

နတ်ကတော်စိန်မျက်ခုံး(ဂ)
ကျော်မြသန်း —— ၁၈၆
မေတ္တာရှင်(၉)
ဘုန်းပွင့်တေဇာ —— ၂၀၀
အာယုဗ္ဗေဒမာဝေနိဒါန်း(ဇာတ်သိမ်း)
ရန်ကုန်မြင့်ဆွေ —— ၂၁၄
ဒုဿပူရ ကေရီသခင်မလေးပေမာလာ(၄)
မောင်ယဉ်မွန်(မော်နေခြည်) —— ၂၈၀



ရှေးဟောင်း ဂူဗျာသယ လိုတရ ရုပ်ပွားတော်မြတ်

ကင်လွန်းအေး (UDE)

စာ-၂၉



ဆူးခြားလှသည့် ပရိတ်တော

ရှောင်ဝေတော်မူခဲ့တော်ဝေတော်ကြီး

ကျော်သူ

စာ-၅၆

ပတ္တမြားငမောက် နှင့် ပတ်သက်ပြီး သိပေါမင်း၏ ထိုင်ကြားစာ

စာ-၇၆

◆ မောင်မောင်စိန်လင်း(နတ်မောက်)





www.burmeseclassic.com

www.burmeseclassic.com

## ရှမ်းပြည်နယ်မှ မဟာမြတ်မုနိဘုရား (နှင့်)
## (၉)စကားသား ဗုဒ္ဓရုပ်ပွားတော်များ

သီပေါကိုလတ်

စ - ၁၇



BURMESE CLASSIC



## ရဟန္တာရှစ်ဆယ်
## မှဲ့ရှင်ဆရာတော်

မြန်ရှင်

စ - ၃၅


အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွာ စာပေ

အမှတ်-၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။


## မြန်မာ့ရေးရာ


ရှမ်းပြည်နယ်မှ မဟာမြတ်မုနိဘုရားနှင့်
(၉)စကားသား ဗုဒ္ဓရုပ်ပွားတော်များ
သီပေါကိုလတ် —— ၁၇

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ခံ့ဆီက ဝိဇ္ဇာဓာတ်သက်ကိန်း
ခနေသည့် မြစိမ်းတောင်
မြန်နန်းရှင် —— ၂၁

ရှေးဟောင်းဂူရွှေဘသယ လိုတရ ရုပ်ပွားတော်မြတ်
တင်ထွန်းအေး(UDE) —— ၂၉

ရတနာတွေပြည့်ဝစေမယ့် သားတော်ရှမြတ်စွာဘုရား
အောင်သာကျော် —— ၃၂

ရဟန္တာရှစ်ဆယ် မှဲ့ရှင်ဆရာတော်
မြန်နန်းရှင် —— ၃၅

နာမည်တူသော ရွှေစာရံဘုရား(၂)ဆူ
ခွေမြင့်သူ(ကြေး/မြေ) —— ၄၃

မဟိဒ္ဓိလမ်း သိဒ္ဓိစခန်းမှ ပထမံဘိုးဘိုးအောင်
ပဲခူးကျော်ကျော် —— ၄၈

ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၁)
ပထမံဆရာကြီးဦးအောင်သူ —— ၅၄

ထူးခြားလှသည့် ပရဟိတ အောင်တော်မူစေတီတော်ကြီး
ကျော်သူ(ပရဟိတသာသနာပြုအဖွဲ့) —— ၅၆


ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ ပြည်ပသာသနာပြုခရီးများ
မြစ်ပယ် —— ၆၀

ဗုဒ္ဓအမွေအနှစ်များ ဦးခိုက်ပူဇော်(၁)
မောင်စိုးထိုက်(သုံးဆယ်) —— ၇၀

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်...ရှေးဟောင်းသမိုင်းဝင်
ရွှေနန်းသွင်း စေတီတော်မြတ်ကြီး
ဟံသာဝတီ-ဦးအုန်းကြိုင် —— ၂၇၉




www.burmeseclassic.com




## လောကီရေးရာ


တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၄ စက်တင်ဘာလ
ကောတီ-အောင်သိန်း —— ၆၃
ထိုင်းနိုင်ငံဆရာကြီး မိုဒူးပိုက်ခံ၏ လအလိုက်အဟော
ဦးတိုး(တက္ကသိလ်) —— ၆၇
ပတ္တမြားငမောက်နှင့်ပတ်သက်ပြီး သီပေါမင်း၏ တိုင်ကြားစာ
မောင်မောင်စိန်လင်း(နတ်မောက်) —— ၇၆
မြွေမြင်လျှင် ငွေဝင်သည်
တက္ကသိုလ်သခ် —— ၈၄
နတ်သမီး ဝယ်ချင်သူများ
နတ်ထီးလှိုင် —— ၈၆
မင်းသိခ်နှင့် သံလိုက်ဓာတ်
မနသသကျော်ဝင်း —— ၈၉
ဒေါင်းအမြီးတော
ဦးကွန်ဆိုင်(သန်လျင်တောရကျောင်း) —— ၁၀၃
တံခွန်တိုင်ယတြာ အောင်ကြောင်းဝေဖြာ
အောင်ဘုန်းမြင့်(ကချင်မြေ) —— ၁၁၀
အားကျမိသော လူစွမ်းအား•••အလည်ခရီးတစ်ခေါက်
မြတ်မင်း —— ၁၂၆
မြေးကလေးဖတ်ဖို့
[illegible] —— [illegible]
ယတြာကောင်းလျှင်(ဘေးကင်းရန်ကင်း)
မောင်မောင်မြင့်အေး —— ၁၅၄
အနိစ္စဒေသနာတော်(၆)
မဟာထွန်း —— ၁၅၇
ဘဝအမောစင်မယ့် လှတောတစ်ခွင်ဟာသများ
ဦးကောင်းထူး —— ၁၆၀
ရောဂါကင်းဝေး ရွတ်ဖတ်ပေး
မောင်အေးချမ်း(တင့်တူ) —— ၁၆၉
မျက်ရည်
ရှယ်လီသိန်းမောင် —— ၁၇၁
ဗလီတရားငါးပါး
လှထွန်း(တွံတေး) —— ၁၇၃
နှင်းချစ်သူ
မြင့်ဝင်းနီ —— ၁၈၀
လမြတ်ဝါခေါင်
ကျော်သန်း(တိုင်းရင်းဆေး) —— ၁၈၃
ဘီလူးသေ ဘုရင်ဖြစ်•••တချွေ
နန်းကြေးသျှင် —— ၁၉၅
ပါကစ္စတန်နိုင်ငံက ဗုဒ္ဓရေးဟောင်းယဉ်ကျေးမှုအမွေအနှစ်
ညွှန့်ဟံ(ကြူတော) —— ၁၉၇




www.burmeseclassic.com




## လောကီရေးရာ

ဂါထာအစွမ်းထက်မြက်စေရန်
လှိုင်(မ/ဒဂုံ) ———————— ၂၁၀
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ———————— ၂၂၂
အလုပ်အကိုင် အောင်မြင်စေရန်
မဟိဒ္ဓိကျော်ခေါင် ———————— ၂၂၃
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ———————— ၂၂၄
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ———————— ၂၂၅
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ———————— ၂၂၆
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ———————— ၂၂၇
ဓနသိဒ္ဓိအင်းတော်
တမာသင်းနိုင်(စက်မှုလယ်ယာ) ———————— ၂၃၅
မထိုက်၍ ပြန်ကြွသွားကြသော သိုက်ဘုရားများ
မော်တင်-သိန်းဇော်ဇ ———————— ၂၃၇
မနသီဟ ၂၄၀
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု) ———————— ၂၄၀
ကုသိုလ်ကံ ဖန်လာကာ အခွင့်ပေးသော်ငြား
မောင်ချိမင်း(ကန္တာရဝတီ) ———————— ၂၄၅
ဗုဒ္ဓဘာသာဝင်တို့ လောကတွင်းက ဆန်းပြားထွေလာများ
နိုင်ခင်အင်ကြင်း ———————— ၂၄၉
သရဏဂုံ ပြီးပြည့်စုံ
မြမျက်ရှင် ———————— ၂၅၁
မယုံလျှင် ပုံပြင်သာ မှတ်လိုက်ပါ(၉)
ဒေါက်တာသက်ဆွေ ———————— ၂၅၃
ဂါထာပေး တေးမဖြစ်ဖို့
မောင်ပုတ်စည် ———————— ၂၅၅
အဘိုးဒါန မြေးခံရ
သမီးဗဂျီအောင်စိုး ———————— ၂၆၂
ဘေးရှစ်ပါးပျောက်ပြီး ဆုရှစ်ပါးရောက်စေသည့်ထူးခြားဂါထာတော်
စိန်ဇောတိက ———————— ၂၇၀
အမြစ်အကုသိုလ်ကား ရေချိုး ရေစိမ် မပျောက်ပေ
ရေကျော်စိုးအောင် ———————— ၂၈၃
အိပ်မက်သစ်၊ ဘဝသစ်တို့ကို ဖော်ဆောင်ပေးခဲ့သူ
လေးသူစံ ———————— ၃၀၂

အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွေ စာပေ
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

စာ - ၁၅၆



ဘေးကင်းရန်ကင်း

www.burmeseclassic.com

## ရောင်ပြန် ရသ

အဘိုးနှင့် ထူးဆန်းသော ဒိဗ္ဗစက္ခုအင်းလက်ကိုင်ပဝါ
ကျော်စံရှိန် ———————— ၉၄
ဆရာခင်ပွန်း ပြစ်မှားလွန်းလျှင်
ကျော်မင်းနိုင် ———————— ၁၁၄
မမြင်ရသော သွားစွယ်များ
ကိုမောင်သန်းဝင်း ———————— ၁၃၈
ဂန္ဓာရီ ဝိဇ္ဇာမိုရ်
မောင်ညီစု(ဝန်းသို) ———————— ၂၂၉
ဘဝင်လျှံသော ပီတိများ
နန္ဒာမိုးကြယ် ———————— ၂၅၈
ရဟန္တာနှင့် ဝေမာနိကမုဆိုးပြိတ္တာ
ခင်မောင်အေး(မန္တလေး) ———————— ၂၆၆
ထူးဆန်းသောမြေအိုး
ဒါရိုက်တာမျိုးဇော်အောင် ———————— ၂၇၄


## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

ရွှေအိုးကြီးထမ်းလာတဲ့သားကို မြင်လိုပါတယ်
သန်လျှင်ခြေသိမ်း ———————— ၃၈
ရွှေအိုးထမ်းတဲ့နိမိတ် အတော်ဟုတ်တဲ့ဘိသိက်
အောင်အံ့ကြီးမောင်(ဟသ်ာတ) ———————— ၄၀









www.burmeseclassic.com

www.burmeseclassic.com

## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ —— ၃၂၆


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် —— ၃၁၃


## ရောင်ပြန် အထူးယတြာ



နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် —— ၃၂၂


## ရောင်ပြန် ဆေးဖက်ဝင်အပင်များ


အာဟာရပြည့် ဆေးဖက်ဝင်သီးနှံအစားအစာများ(၁)
သုတေသီဆရာငြိမ်း —— ၁၄၃


## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


လျှို့ဝှက်နက်နဲသော တံခွန်တံဆိပ်အဆောင်လက္ခဏာများ
အောင်ချိန်ဘွား —— ၈၀
ထူးခြားသောဆရာတော်၏ ခွဲပြားနှင့် ကိုယ်တွေ့ဖြစ်ရပ်
ရဲဘော်သန်းဝင်း —— ၁၄၇
ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) —— ၁၆၄
မိုးလားလေလား မှန်တိုင်းလား
လှမြင့်ထက် —— ၁၇၅
မင်းအဆက်ဆက်တို့၏ ဘုန်းသမ္ဘာတောက်စေရန် အစီအမံများ
မြန်မာပင်နီးကျော် —— ၂၉၆



အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွာ စာပေ
အမှတ်-၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅








www.burmeseclassic.com

www.burmeseclassic.com



ဤပုံကို မိတ္တူကူး၍ မိမိတို့၏ ရုံးခန်း၊ အိမ်ခန်းများ၌ ကပ်ထား၊ ချိတ်ဆွဲထားပါက

www.burmeseclassic.com

www.burmeseclassic.com



# ဓမ္မ(သို့)အကျင့်

မိုးမြင့်လွင်


- အမှန်ကိုရှာ
  ပညာနှင့်ကြည့်။
  ချိန်ခွင်လျှာ ညှာမစောင်းအောင်
  စိတ်ကောင်းတော့ရှိ…။

- ကိုယ့်ဘက်လည်း မသာ၊
  သူ့မနာစေ ထိုသဘော။
  ချိန်ခွင်လျှာ အလယ်မတ်မှ
  ကောင်းမြတ်မနော…။

- အတ္တနှင့် ပရနှောင်
  မျှတအောင်ကျင့်။
  အဲဒါမှ လူ့သမိုင်း
  မရိုင်းဂုဏ်တင့်…။

www.burmeseclassic.com

www.burmeseclassic.com



# လိုရာခရီး

မိုးသိန်းမိုး(ဘဏ်-ငြိမ်း)

● လှေလှော်ရင်းခက်
တက်ကျိုးလက်ဖော်
အပျက်တရား ရင်ထဲထားရှိ။

● လှေလှော်တာထွက်၊ ခရီးဆက်ချိန်
လက်တွေကြိုးစား၊ မေတ္တာပွားလို့
သနားကြင်နာ၊ ကိုယ်ချင်းစာမှ
လိုရာခရီးရောက်နိုင်သည်။

● သိမ်မွေ့ယဉ်ကျေး၊ အမျိုးသွေးဖြင့်
တွေးတောကြံဆ၊ ဝီရိယကို
အခွင့်အခါ၊ ကြုံကြိုက်လာခိုက်
မေတ္တာစကား၊ ချိုသာအားသုံး
နှီးကြားကြိုးစား၊ ရိုးရိုးသားနှင့်
လှုပ်ရှားအောင်ပွဲခံပါစေ။ ။

www.burmeseclassic.com

www.burmeseclassic.com



# မိုးနဲ့မြေ

မိုးကိုကို(လေးမျက်နှာ)

- ပင်ကြားအက်နေ
လယ်ကွက်မြေခများ
ရေငတ်ရှာလို့ မိုးကိုမျှော်။

- အစိုးမရတဲ့မိုး
ရေအိုးသွန်ချသလို
အစွမ်းပြကာ ရွာသွန်းပြီး
ကြာမျိုးစုံတဲ့ ရေကန်ပေါ်။

- ဪ···
ရွှေများရော မိုးရွာသတဲ့
ပြောစရာ ဘာမရှိ
ရင်မှာမချို။ ။

www.burmeseclassic.com

www.burmeseclassic.com



# သံစဉ်မဲ့လရောင်

ဆုမွန်ဦး(ဟသာတ)

● ဆည်းဆာတွေ နေလိုညို
တိမ်ပျို့တွေ လေမှာလွင့်
ဩော်…ငါကတော့
ညတစ်ညမှာ
နားခိုခွင့်ဆိုတာ မရှိသေး…။

● စားရေး ဝတ်ရေး နေရေး
ဘုရားပေးတဲ့ဆု
ပြုစုမွမ်းမံ ထာဝရရှင်သန်
နှင်တံမပြောက်ခင်ကတည်းက
အလျှင်အမြန် ထပြောက်ရှင်သန်ခဲ့ရတဲ့ ဘဝတွေ
အသချေ အသင်္ချာ ခေါက်ရိုးကျိုး
တန်ဖိုးမဲ့ ချွေးသိပ်နေရ
အိပ်မက်လှုပပါရစေ ညရေ…။

● အာရုံအဆင်း
အလင်းသိမ်းရုပ် ငှက်တစ်အုပ်က
ခပ်သုတ်သုတ်လေး ကောင်းကင်ထဲဝဲ
မသဲမကွဲ ပြန်လာပြီ
လေပြည်လေးတွေ တေးကိုသီ
အစီအရီ အပျော်တရားတွေနဲ့
ဩော်…
သူတို့ ဘယ်ကိုပြန်သွားကြတာလဲ
တောင်လား၊ မြောက်လား၊ အရှေ့ရယ်လား အနောက်လား။

● တစ်ထောက်နားဝ
မသဲမကွဲကြားရ
သားကြီးအသံလား၊ သားငယ်အသံလား
ဇနီးသည်ရဲ့ အမေးစကားလား
ကွဲတော့မကွဲပြား
"ဖေကြီးပြန်လာပြီတဲ့"
"မောင် ပြန်လာပြီလား" တဲ့
ဆွံ့အတိတ်ဆိတ်
အိမ်ပြန်ချိန်မဲ့ လရိပ်တစ်ခုကတော့
ပုပ်ပုပ်အဲ့အဲ့
အမည်းရောင်ညနက်ထဲမှာ
သံစဉ်မဲ့လိုနေလေပြီ…။

www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာလမ်း

မောင်မောင်မိုးအောင်

● တောပေါမဝါ၊ ဝက်ပါဝယ်
စံရာသစ်နန်း၊ အနေကြမ်းလည်း
ရွှေနန်းမမင်၊ မန္ဒီခင်မှာ
ရင်မှလွယ်ဖွား၊ သမီးသားနှင့်
သက်ထားကြင်ဖက်၊ ဝေသန်လက်ကို
ဆုပ်လျက်မြဲသာ၊ မခွဲခွာခဲ့
မေတ္တာပုံရိပ် ခင်းလေပြီ···။

● ဝေသန္တရာ၊ ကြင်ဖက်လျှာလည်း
ပါရမီဖြည့်၊ တရားမွေ့ချိန်
ဆွေးမြေ့ခံခွေ၊ မြေသက်စေတော့
ရေပူရေချမ်း၊ ကူဖေးလှမ်းလျက်
မပန်းနိုင်ရာ၊ ပန်သစ္စာဖြင့်
မေတ္တာခွန်အား၊ ပေးလေပြီ···။

● ဇာလီ,ကဏှာ၊ ရွှေနန်းကွာကို
ဝနာမြိုင်နန်း၊ စိတ်မနွမ်းအောင်
နွယ်ဒန်းစီးလေ၊ ထွေခင်းလေဟု
မွေးမေပီစွာ၊ ဖန်တီးကာဖြင့်
မေတ္တာကွန်ရက် ဖွင့်လေပြီ···။

ဪ···
● ဝက်ပါလမ်း၊ ဆူးခင်းလမ်းမှာ
မြေစမ်းဖဝါး၊ သွေးဥကြားလည်း
ဝံ့,ကျား,မြွေတွေ၊ စိုးငွေ့ငွေ့ဖြင့်
ရွှေ့ရွှေ့တိုးကာ၊ သစ်သီးရှာလျက်
မာတာမိခင်၊ ကျေးဇူးရှင်မို့
နေဝင်လမ်းမှာ လသာသည်···။

www.burmeseclassic.com

www.burmeseclassic.com



# ဒုန်းခွံရောင် ဒဿနမြင်း

ငြိမ်းထိန်

● ကားကြက်ထဲ၌
ငိုက်မျှဉ်းကောင်းကာင်၊ ပင်အိုထီးကျန်
အိမ်မြန်ကျေးငှက်၊ ငြိမ်သက်ဆည်းဆာ
ရောလယ်ကွင်း။ သက်ပြင်းချနေ
သဲကြွေရွက်ရွှေ လေပြည်ငိုကြွေး
ဟိုအဝေးဆီ၊ ဝေးဝေသီကျူး
ရှင်မြူးနေတဲ့ ငါ့နဲ့မြင်း···။

● ငါရပ်နေပုံ
သုန်မှုန်ပြုံးရှင်၊ ချစ်ခင်မှန်းတီး
နာကြည်းသည်းခံ၊ အမှန်အမှား
ခွဲခြားပေါင်းစပ်၊ လွတ်လပ်ပီညာဥ်···။

● ငါကိုင်နေကျ
ရှုံကြီးအောင်စား ယိမ်းနွဲ့ပါးလည်း
အသွားထက်မြှီး သံမဏိပင် တီခနဲ···။


● ငါခွင်းနေကျ
ရန်ပုံခွင်းမြား။ လက်ရန်းအားလည်း
သွားနှုန်းထန်ပြင်း။ အလင်းထက်မြန် ထိချက်မှန်···။

● ငါစီးနေကျ
ဟုန်းတပျံတက်၊ လျှပ်ပြက်သည့်အလား
တစ်လှုားလှုားနှင့်၊ ခွာသွားဖြောင်းဖြောင်း
မီးတောင်းတောင်းထ၊ လုလည်းလု
ဝလည်းဝ၊ ကြွလည်းကြွတဲ့
ဒဿနမြင်း ဒုန်းခွံရောင်···။

● စိတ်ကူးရုပ်ပုံ
အာရုံထဲမှာ၊ ဝေဒနာဆေးစက်
သွေးပွက်နဲ့လုယ်၊ ရေးခြယ်ထားတဲ့
ရွှေအိုဆည်းဆီ၊ ပန်းချီကားတစ်ချပ်
ဖျတ်ဖျတ်တောက်နေ···။

www.burmeseclassic.com

www.burmeseclassic.com




# လမ်းနှစ်သွယ်


နန္ဒာမိုးကြယ်

● စိတ်အခဲသာချဲ့ပါလို့
သိက္ခာမဲ့ ရမ်းကားလျှင်။
အစိမ္ဗာ ပိတ်ကာလွှမ်းပေါ့
သင့်ပန်းတိုင် အနာဂတ်
ပြတ်သား မမြင်။
သတိရယ်တဲ့ သမ္မာဥ်
ဆင်ခြင်ကာ မထိန်းသမျှ။
သံသရာ ဘယ်မငြိမ်း
ဇာတ်သိမ်းမလာ။

● ခရီးတစ်လျှောက်မှာလ
စည်းမဖောက် ဖြောင့်မည်ဆို။
အဖြူလွှာ ပိတ်လွှာစမှာပေါ့
မဟူရာ အရိပ်ဖြာကျပေဘု
လှပစွာ ဝင့်ထည်ခဲ့
ရှင်းသန့်မှုပို။
တားဆီးပါ့ အကုသိုလ်
နေအညို့ သင့်ခရီး။
ငြိမ်းချမ်းကာ စိမ်းလန်းစွာနဲ့
ဘဝတာစဥ်သမိုင်း
ဘယ်ရှိုင်းမည်နည်း...။

www.burmeseclassic.com

www.burmeseclassic.com




# ဒုလ္လဘရဲ့ဒုက္ခလမ်းရိုး

မျိုးအိမ်စိုး

● အတ္တနယ်လွန် နှလုံးသားတွေက
အမုန်းတရားကိုမွေးဖွား
သွေးသားဆာလောင်ငတ်မွတ် ဖုတ်တစ္ဆေတွေလို
ကမ္ဘာမြေကို ကိုက်ဖျက်ခြေမွ
လောကအလှ ပျက်ယွင်းကုန်ကြ
ဘဝကိုစားတဲ့ခြ
အတ္တ…။

● သစ္စာရင်ခွင်ထဲက မေတ္တာနေခြည်
စိတ်ရာသီဖောက်ပြန်ပြောင်းလဲမှုရဲ့အောက်
လွှမ်းလောက်အောင် လျှစ်လျူရှုခံ
ကန္တာရကတိကဝတ်တွေကြား
ကိတ္တိမ အငှားချခံ စာရင်းထဲ
ရေနည်းငါး ဖြစ်မှန်းမသိဖြစ်
သစ္စာ…
မေတ္တာ…။

● ဒီလိုနဲ့
ငြိမယ့်မိုးကောင်းကင်အောက်
ပျောက်လုလုဒဏ်ရာတွေမှာ
သားငံရည်တစိုစို
"ဟန်ကိုယ့်ဖို့"စကား ဆေးအတုတွေသုံးရင်း
သတ္တလောက ဖုံးခိုကျင်းထဲမှာ
သမ္မုဒ္ဒေဂါထာရွတ်လို့
တစ်တီတူးတစ်ကောင်
လူယောင်ဆောင်နေရတုန်းပါပဲ…။

www.burmeseclassic.com

www.burmeseclassic.com

# ရှမ်းပြည်နယ်မှ မဟာမြတ်မုနိဘုရား (နှင့်) (၄)စကားသား ဗုဒ္ဓရုပ်ပွားတော်များ

သီပေါကိုလတ်

ရှမ်းပြည်နယ်သည် ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားတို့ အများဆုံးနေထိုင်ရာ ပြည်နယ်ကြီးတစ်ခု ဖြစ်ပါသည်။ အဓိကအားဖြင့် ရှမ်း၊ ပလောင်၊ ဗမာ စသည့် တိုင်းရင်းသားတို့မှာ ဗုဒ္ဓသာသနာတော်ကို အထူးသက်ဝင် ကိုးကွယ်ယုံကြည်ကြသူများ ဖြစ်ပါသည်။

ထိုနှင့်အတူ . . .


သစ္စာလေးပါးသခင် ဗုဒ္ဓရှင်တော်မြတ်အား ဂုဏ်တော်ရည်မှန်း၍ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဟူ၍ စေတီလေးမျိုးကိုလည်း တည်ထား ကိုးကွယ်ခဲ့ကြပါသည်။ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်တို့ကို မုဒြာအမျိုးမျိုးဖြင့် ထုလုပ်ပူဇော်ခဲ့ကြသကဲ့သို့ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပုံစံတူယူ၍ ညီတော်၊ နောင်တော်အဖြစ် မဟာမြတ်မုနိဘုရား သွန်းလောင်းကိုးကွယ်ခဲ့ကြခြင်းကိုလည်း ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း တွေ့ရှိဖူးမြင်ကြည်ညိုခဲ့ရသည်။ လက်လှမ်းမီသမျှ စုစည်းပူဇော် တင်ပြရလျှင် . . .

၁။ နမ့်ဆန်မြို့ ရွှေစံကားတောင်ပေါ်မှ မဟာမြတ်မုနိဘုရားကြီး၊
၂။ သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး၊
၃။ သိန္နီမြို့ မဟာမြတ်မုနိဘုရားကြီး၊
၄။ မိုင်းရယ်မြို့ မဟာမြတ်မုနိဘုရားကြီး၊
၅။ နမ္မတူမြို့ မဟာမြတ်မုနိဘုရားကြီး၊
၆။ နမ့်လန်(သီပေါမြို့နယ်)မဟာမြတ်မုနိဘုရားကြီး၊
၇။ တန့်ယန်းမြို့ မဟာမြတ်မုနိဘုရားကြီး၊
၈။ မူဆယ်မြို့ မဟာမြတ်မုနိဘုရားကြီး၊




ကောဇာသက္ကရာဇ် ၅၃၆ ခုနှစ်က ပုဂံပြည့်ရှင် နရပတိစည်သူမင်း ဘော်ကြိုမုဋ္ဌောစေတီတော်တွင် စံကားသားဖြင့် ထုလုပ်လှူဒါန်းခဲ့သော အရှေ့ဘက်မုခ်မှ ရတနာမာန်အောင်ရုပ်ပွားတော်

www.burmeseclassic.com




**ကောဇာသက္ကရာဇ် ၅၃၆ ခုနှစ်က ပုဂံပြည့်ရှင် နရပတိစည်သူမင်း ဘော်ကြိုမှုခွေ့ာစေတီတော်တွင် စံကားသားဖြင့် ထုလုပ်လှူဒါန်းခဲ့သော အနောက်ဘက်မုခ်မှ ရတနာချာန်အောင်(ဖောင်တော်ဦး)ရုပ်ပွားတော်**

---

၉။ လားရှိုးမြို့လယ် မဟာမြတ်မုနိဘုရားကြီး၊

၁၀။ လားရှိုးမြို့(သီရိမင်္ဂလာမန်ဆူ(ရှမ်း) ကျောင်းတိုက်အတွင်းမှ မဟာမြတ်မုနိ(နှီး)ဘုရားကြီးတို့ ဖြစ်ကြကြောင်း လေ့လာသိရှိကြပါသည်။)

ရှမ်းပြည်နယ်အတွင်း၌ ရှေးအခါကပင် စံကားသား(ဝါ)စကားမှ ထုလုပ်၍ ပူဇော်လာခဲ့သော ထင်ရှား ကျော်ကြား သမိုင်းဝင် စံကားသား ဗုဒ္ဓရုပ်ပွားတော်များသည်လည်း အခိုင်အမာ တည်ရှိနေပါသည်။

စကားသားကို ဗုဒ္ဓရုပ်ပွားတော်ထုလုပ်၍ ရှမ်းပြည်နယ်သို့ ပင့်ဆောင်ပူဇော်ခဲ့သည့် စကားသား ဘုရားဒါယကာမှာ ကောဇာသက္ကရာဇ် ၅၃၆ ခုနှစ်က နန်းတက်ခဲ့သော ပုဂံပြည့်ရှင် နရပတိစည်သူမင်း (အလောင်းစည်သူမင်းမဟုတ်ပါ။ ယင်း၏ မြေးတော်စပ်ပြီး နှစ်ပေါင်း ၅၀ ကျော်ခန့် ကွာခြားပါသည်။) အနေဖြင့် စကားသားကိုးပိုင်းဖြင့် ရှမ်းပြည်နယ်အတွက် ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်လှူဒါန်းခဲ့သည့်အတွက် “စကားကိုးပိုင်းဒါယကာ” ဟုလည်း ခေါ်ဆိုခဲ့ကြသည်။

နရပတိစည်သူမင်းက စကားသားကို အမွန်အမြတ်ထား၍ ဗုဒ္ဓရုပ်ပွားတော်များနှင့် ကျောင်းများ ထုလုပ်၊ ဆောက်လုပ်ခဲ့ရခြင်းမှာလည်း ၎င်းစကားပင်မှာ ဗုဒ္ဓသာသနာနှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိလာသော အပင် ဖြစ်ခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။ စကားပင်၏ မျိုးပင်ကို စမ္ပာနဂိုရ်ပြည်မှ ဗုဒ္ဓသာသနာနှင့်အတူ တစ်ပါတည်း ယူဆောင်ခဲ့ကြောင်း၊ စမ္ပာနဂိုရ်ပင် နောက်ပိုင်းကာလတွင် အလယ်မှ စာလုံး(မ္ပ)ချေပြီး၊ ရှေ့ဆုံးမှ (စ)နှင့် (က)တွဲ၍ (စက)မှ (စကား)ဟု ဖြစ်ပေါ်လာသည်ဟု ကျမ်းများ၌ ဆိုထားကြောင်းဖြင့်လည်း သီပေါဘော်ကြိုဘုရားသမိုင်းက ပြဆိုထားပါသည်။

စကားပန်းပင်သည် “မက်ဂနိုလီအေးစီတီ” မျိုးရင်းတွင် ပါသည်။ ရုက္ခဗေဒအမည်မှာ “မိုက်ကယ်လီယာ ချမ်ပါကာ”ဖြစ်ပါသည်။ စကားပင်သည် အမြဲစိမ်းလန်းသော အပင်မျိုး ဖြစ်ပါသည်။ စကားကို “စံကား” ဟူ၍လည်း ခေါ်သည်။ အမြင့်ပေ ၈၀ ခန့်ရှိ၍ အရွက်နှင့်အတိုင်း အုပ်ဆိုင်းဆိုင်းရှိသည်။ အရွက်မှာ သရက်ရွက်ပုံသဏ္ဌာန်ရှိ၍ အလျား ၉ လက်မရှိသည်။ အပွင့်မှာ အဝါရောင် (သို့မဟုတ်) လိမ္မော်ရောင်ရှိပြီး အလျား နှစ်လက်မ ရှိသည်။ အလွန်မွှေးကြိုင်သည်။

စကားပင် စကားသားသည် အိမ်ထောင်ပရိဘောဂပစ္စည်းများ ပြုလုပ်ရန်အတွက် ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

တာရှည်ခိုင်ခံ့ပြီး ကျက်သရေရှိသည်။ စကားဝါ၊ စကားဖြူ၊ စကား ပွင့် အရွက်နှင့် အခေါက်တို့သည် ဆေးဖက်ဝင်သည်။ အပွင့်မှရသော အဆီကို ရေမွှေးလုပ်ရသည်။

စံကားပင်များသည် ဟိမဝန္တာအရှေ့တောင်တန်းများ၊ အာသံပြည်နယ်နှင့် မြန်မာနိုင်ငံတို့တွင် အရိုင်းပေါက်ကြသည်။ အိန္ဒိယနိုင်ငံကမူ ထိုစံကားပင်ကို တကူးတက စိုက်ပျိုးယူကြသည်ဟု မြန်မာ့စွယ်စုံကျမ်း အတွဲ (၄)၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၎င်းစကားသား/စကားပင်နှင့် ပတ်သက်၍ ရှမ်းတိုင်းရင်းသားတို့ကလည်း အလေးအမြတ် ပြုလုပ်ထားသည့် အထောက်အထားများ ရှိပါသည်။ အကျော်ဓမ္မာနီ (စကား)ကရမက်၊ နံ့သာဖြူ၊ နံ့သာနီ စသည့်အပင်များလည်း ရှေးယခင်က မွှေးနံ့သာအတွက် ထီးသုံးနန်းသုံးဟော်နန်းသုံးတော်ဝင်ဆုံးဖြစ်၍ အဖိုးအနဂ္ဃထိုက်တန်သည့် အသားများ ဖြစ်ကြသည်။

ထို့ကြောင့် နရပတိစည်သူ မင်းကြီးကလည်း စကားသားများကို ဗုဒ္ဓရုပ်ပွားတော်များထုလုပ်၍ အမြတ်တနိုး ပူဇော်ခဲ့ခြင်း ဖြစ်ပေသည်။ နရပတိမင်းသည် ဗုဒ္ဓသာသနာတော်နှင့်အတူ ရှမ်း၊ ပလောင်၊ ဗမာ စသည့်တိုင်းရင်းသားတို့ ချစ်ကြည်သွေးစည်းရေးကို ခိုင်မာတိုးပွားစေရန် ရည်စူး၍ စကားပင်မှ စကားသား (၉)ပိုင်းကို ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်စေခဲ့သည်။

ပထမဆုံး ဗုဒ္ဓရုပ်ပွားတော် လေးဆူကို အုန်းပေါင်ဘော်ကြို(မုဌော)စေတီတော်မြတ်သို့ ပင့်ဆောင်စေပြီး စေတီတော်၏ မုခ်လေးမုခ်၌ ကိန်းဝပ်စံပယ်လျက် အပူဇော်ခံခဲ့သည်။ ယနေ့ထိ နှစ်ပေါင်း ၈၃၅ နှစ်ကျော် တိုင်ခဲ့ပြီ ဖြစ်ပေသည်။

၎င်းစကား (၉)ပိုင်းမှ ထုလုပ်ပြီးကျန်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ် (၈)ဆူကိုမူ ရှမ်းပြည်နယ်ရှိ နေရာဌာနများသို့ ပင့်ဆောင်စေ၍ ပူဇော်ကိုးကွယ်ခဲ့ရကြောင်း သိရပါသည်။ ထိုစကားသား (၉)ပိုင်းမှ ထုလုပ်ရရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် ယနေ့ထိ ကိန်းဝပ်တည်ရှိရာ နေရာဌာနများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။





**ကောဇာသက္ကရာဇ် ၅၃၆ ခုနှစ်က ပုဂံပြည့်ရှင် နရပတိစည်သူမင်း ဘော်ကြိုမုဌောစေတီတော်တွင် စံကားသားဖြင့် ထုလုပ်လှူဒါန်းခဲ့သော တောင်ဘက်မုခ်မှ ရတနာညဏ်အောင်ရုပ်ပွားတော်**

၁။ အုန်းပေါင်(သီပေါ) ဘော်ကြို အရှေ့၊ အနောက်၊ တောင်၊ မြောက် မုခ်လေးမုခ်တွင် လေးဆူ၊

၂။ နမ့်ဆန်မြို့နယ်၊ လွိုင်ဆိုင် တောင်တော်မြတ်တွင် တစ်ဆူ၊

၃။ ကျောက်မဲမြို့နယ်၊ မင်းကုန်းကျေးရွာတွင် တစ်ဆူ၊

www.burmeseclassic.com




ကောဇာသက္ကရာဇ် ၅၃၆ ခုနှစ်က ပုဂံပြည့်ရှင်
နရပတိစည်သူမင်း ဘော်ကြိုမုဋ္ဌောစေတီတော်တွင်
စံကားသားဖြင့် ထုလုပ်လှူဒါန်းခဲ့သော
မြောက်ဘက်မုခ်မှ
ရတနာရန်အောင်(နဂါးရုံ)ရုပ်ပွားတော်

၄။ မိုးမိတ်မြို့နယ်၊ မိုးမိတ်မြို့တွင် တစ်ဆူ။
၅။ လားရှိုးမြို့နယ်၊ မိန်းပိုင်ကျေးရွာတွင် တစ်ဆူ။
၆။ သိန္နီမြို့နယ်၊ ဟိုမိန်းကျေးရွာတွင် တစ်ဆူ။
၇။ မိုင်းကိုင်မြို့နယ်၊ မိုင်းကိုင်မြို့တွင် တစ်ဆူ။
၈။ ကျေးသီးမန်းစံမြို့နယ်၊ ကျိုင်းလင်းကျေးရွာတွင် တစ်ဆူ။
၉။ နောင်ချိုမြို့နယ်၊ သုံးဆယ်ကျေးရွာတွင် တစ်ဆူ။

ကိုးနေရာဌာနရှိ စကားသား ဗုဒ္ဓရုပ်ပွားတော် ၁၂ ဆူ ဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်းမှ အဆိုပါ စကားသား (၉) ပိုင်းဖြင့် ထုလုပ်၍ ပူဇော်ကိုးကွယ်ခဲ့ကြသော (၉)နေရာ (၉)ဌာန၌ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကိုလည်း နှစ်စဉ်မပျက် တပေါင်းလပြည့်နေ့တွင် တစ်ပြိုင်တည်း ၊ တစ်ချိန်တည်း (၉)တပေါင်းပွဲတော်ကြီးအဖြစ် အထူးစီစဉ်အစဉ်ကျင်းပလာခဲ့ကြပါသည်။ ကိုးစကား၊ ကိုးဘုရားနှင့် ကိုးတပေါင်းဟု ရှေးကပင် အဆိုရှိခဲ့ကြပေသည်။

ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားတို့သည် နှစ်ပေါင်းများစွာကပင် ဗုဒ္ဓသာသနာတော်ကြီးကို နှလုံးသား၌ ခိုင်မာစွာ ကိုးကွယ်ဆည်းကပ်လာခဲ့ကြပါသည်။ ထို့နှင့်အတူ သာသနာတော်မြတ်၏ အဆုံးအမကို ခံယူပြီး တိုင်းရင်းသား ညီအစ်ကိုမောင်နှမသားချင်းတို့ကြား ချစ်ခင်သွေးစည်းမှု၊ ညီညွတ်ရိုင်းပင်းမှု၊ ကူးလူးဆက်ဆံမှုစသည်တို့ကိုလည်း မေတ္တာနှလုံးသားဖြင့် အခိုင်အမာတည်ဆောက်လာနိုင်ခဲ့ပါကြောင်း အလေးထား တင်ပြလိုက်ရပါသည်။

(လက်လှမ်းမီသမျှ သွားရောက် ဖူးမြော်ကြည်ညို၍ ကြိုးစားတင်ပြရခြင်း ဖြစ်ပါသည်။ လိုအပ်ချက်များရှိပါက ရဟန်းရှင်လူ ပညာရှိများက ပြုပြင် ညွှန်ပြပေးတော်မူကြပါရန် ရိုကျိုးစွာ ပန်ကြားအပ်ပါကြောင်း။)

"ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"

သီပေါကိုလတ်



www.burmeseclassic.com

www.burmeseclassic.com

# ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ဆီက ဝိဥာဉ်ခါတ်သက်ကိန်းခနေသည့် မြစိမ်းတောင်

မြနီးရှင်



တောင်ကြီးမြို့ မြစိမ်းတောင်ဘုရား

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ ကျက်သရေဆောင် ရှေးသမိုင်းဝင် သာသနာ့နွယ်ဝင်များ အောင်မြေအဖြစ် ကျင့်ကြံအားထုတ်ခဲ့ရာ သာသနာ့ဌာနေများတွင် “မြစိမ်းတောင်”သည်လည်း အထင်ကရ ဖြစ်ခဲ့ပါသည်။

၁၉၆၃-၆၄ ကာလများဆီက ကျွန်မ၏ဖခင်ဖြစ်သူမှာ ရွှေညောင်၊ အောင်သပြေတပ်စခန်း အမှတ်(၂၅၂)- ပင်မလျှပ်စစ်တပ်မှာ တာဝန်ထမ်းချိန်ကာလ ကျွန်မအသက် ငါးနှစ်အရွယ်က ဖြစ်သည်။ ညခင်းအချိန်ရောက်လျှင် တောင်ထိပ်ဆီမှ အစိမ်းရောင် မီးအလင်းတာတ်မြင်တိုင်း သွားချင်ခဲ့မိသည်။ လူကြီးသူမများက ပြောကြသည်။ “အဲဒါ မြစိမ်းတောင်လို့ခေါ်တယ်။ သိုက်နန်းရှင်တွေ ပေါ်မှုပေါ့”။ လူကြီးများက လိုက်မပို့ခဲ့ပါ။ ကျွန်မမှာသော တောင်

www.burmeseclassic.com



ဗုဒ္ဓမျက်ရှင်တော်
(တောင်ကြီးမြို့ မြစိမ်းတောင်)



ဓမ္မစကြာမုဒြာ (တောင်ကြီးမြို့ မြစိမ်းတောင်)

ပေါ်ငေးမောကြည့်ပြီး မျက်ရည်များကျခြင်းဖြင့် နေခဲ့ရသည်။

၁၉၉၃ ခုနှစ်များဆီက မြစိမ်းတောင်သို့ ရောက်ခဲ့သည်။ အဘဦးချစ်ထူးအား ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံပူဇော်ခွင့်ရဖူးသည်။ သို့သော် အကြောင်းကြောင်းကြောင့် ပြန်မရောက်ခဲ့တော့။ အဘဦးချစ်ထူး ၁၉၉၈၊ ခုနှစ်မှာ ဘဝတစ်ပါးသို့ ကူးပြောင်းကြောင်း သိရ၍ အလွန်ပင် နမြောတသခဲ့ရသည်။

၂၀၀၈ ခုနှစ်က ရန်ကုန်မြို့မှ စာရေးဆရာ၊ ဆရာမများနှင့် ရောက်ခဲ့သည်။ ထို့နောက်ပိုင်း စာပေဟောပြောပွဲလာတိုင်း ရွှေမုဋ္ဌောတောင်ပေါ်မှာတည်းရင်း မြစိမ်းတောင်သို့ ဘုရားဖူးရောက်ခဲ့ပြန်သည်။ ခေတ္တမျှသာ။


ယခု ၂၀၁၄ ခုနှစ် သကြ်ံန်ကာလမှာ အဓိဋ္ဌာန်ခရီးသက်သက် သီးသန့်ထွက်လာဖြစ်ရာ စာရေးဆရာမ သျှိ(အင်ကြင်း)နှင့်အတူ အဓိဋ္ဌာန်ကျင့်စဉ်အား မြစိမ်းတောင်မှာ အလုပ်စခန်းဝင်ဖြစ်ခဲ့သည်။ အဓိဋ္ဌာန်ပုတီးစိပ်အပြီး စာရေးသူနှင့်အတူလိုက်ပါလာသော စာရေးဆရာမ တင်မိခိုင်နှင့်အတူ ဖူးမြော်၊ ဓာတ်ပုံများနှင့် မြစိမ်းတောင်သာသနာ့နယ်မြေအား အားရပါးရ စိတ်အေးချမ်းစွာ ကြည်ညိုခွင့်ရခဲ့ဉည်။

အဘဦးချစ်ထူးရှိစဉ်က စာရေးသူအား "သာသနာတွေအများကြီးပြုရမည့် မိန်းကလေး ရောက်လာပြီ"ဟု ဆိုခဲ့ဖူးတာ နားထဲပြန်ကြားယောင်ရင်း အဘဦးချစ်ထူး၏ ရုပ်တုတော်ရှေ့မှာ ဦးချကန်တော့ခဲ့မိပါသည်။

ဆရာမတင်မိခိုင်မှာ ရှမ်းပြည်နယ်တောင်ပိုင်းသို့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသူမို့ ပြုံးပျော်ကျေနပ်နေသော ပီတိက မျက်နှာမှာ အထင်းသားပေါ်လွင်နေရာ စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးမြို့ မြစိမ်းတောင်မှ အရိုးကွင်းဆက်တော်

ခေါ်ရကျိုးနပ်၊ ကုသိုလ်ဖြစ်ရပါသည်။

ဆရာမ သျှို(အင်ကြင်း)ကိုယ်တိုင် ကားမောင်း၍ မြစိမ်းတောင်သို့ ပို့ပေးခဲ့ခြင်းဖြစ်သည်။ စာရေးသူကတော့ သိသမျှ ဆရာမ တင်မိခိုင်နှင့် ဒေါ်ဥမ္မာတို့အား ရှင်းပြခဲ့သည်။

"မနေ့က ကျွန်မတို့ ဖောင်တက်လာတာက ရွှေမုဋ္ဌောတောင်၊ တောင်ကြီးမြို့ကို ရောက်ပေမယ့် ဟောဒီ အရှေ့ဘက်တောင်တစ်ကြောမှာ ရှိတဲ့ တောင်ပေါ်ဘုရားများ မဖူးရရင် တောင်ကြီးမြို့ ရောက်ရကျိုးမနပ်ဘူးလို့ ဆိုရမယ်"


တောင်ဘက်ကနေ မြောက်ဘက်ကို သွယ်တန်းနေသော တောင်ငါးလုံးရှိပါသည်။ ရွှေမုဋ္ဌောတောင်၊ နွားလားဥသဘတောင်၊ တောင်ချွန်းတောင်၊ နဂါးဂူတောင်နှင့် ယခု မြစိမ်းတောင်သာသနာ့နယ်မြေတည်ရာသည် ကျောက်ဖားတောင်ဟုခေါ်ကြောင်း သိရသည်။

## မြစိမ်းတောင်နှင့် ဆရာကြီးဦးချစ်ထူး

တောင်ကြီးမြို့ အရှေ့ဘက်တောင်တန်းတစ်လျှောက်တွင် ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများ သီတင်းသုံးတည်ရှိပါသည်။ ထိုတောင်တန်းတစ်လျှောက် မြောက်ဘက်အစွန်ဆုံးကျသော "မြစိမ်းတောင်" ရှိပါသည်။

မြစိမ်းတောင်သာသနာ့နယ်မြေအကြောင်း ရေးလျှင် မြန်မာတိုင်းရင်းသမားတော် ဆရာကြီးဦးချစ်ထူးအကြောင်းအား ဖွင့်ဖော်မှုပြုမှသာ ပြည့်စုံပေမည်။ အဘဆရာကြီးဦးချစ်ထူးသည် ပါရမီရှင် ပုဂ္ဂိုလ်ထူးကြီးဖြစ်ပါသည်။ ငယ်နာမည်မှာ ဦးချစ်ဖြူ ဖြစ်ပါသည်။ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ နန့်ပန်ရွာ ဖခင်ဦးလှိုင်၊ မိခင် ဒေါ်ရွှေမယ်တို့မှ ၁၂၈၂ ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင် မွေးဖွားခဲ့ပါသည်။

ကလေးဘဝကပင် ပါရမီရှင်တို့၏ သဘာ္ဝအရ ကံငါးပါးကို လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်နေထိုင်ခဲ့ပြီး မြတ်စွာဘုရားရှင်မှတစ်ပါး အားထားယုံကြည်ရာ အလျဉ်းမရှိဟု ယူဆထားသူဖြစ်သည်။ ကိုယ့်ထူးကိုယ်ချွန်စိတ်ရှိပြီး လက်တွေ့ ကိုယ်တွေ့မှသာ လက်ခံယုံကြည်တတ်သူဟု သိရပါသည်။ ပါရမီဖြည့်ဖက်အဖြစ် နန့်ပန်ရပ်၊ ဈေးပါးရွာမှ ဦးချစ်၊ ဒေါ်အေးမယ်တို့၏သမီး ဒေါ်အေးကြည်နှင့် အကြောင်းပါခဲ့ပါသည်။



www.burmeseclassic.com

သက္ကရာဇ် ၁၃၀၇ ခုနှစ်တွင် စစ်ဘေးစစ်ဒဏ်ကြောင့် အင်းလေးဒေသအား စွန့်ခွာ၍ တောင်ကြီးမြို့တွင် တိုင်းရင်းဆေးဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုပြီး သမီးလေးဦး၊ သားနှစ်ဦး မွေးဖွားခဲ့သည်။

## ဆေးဆရာဘဝ ပုဂ္ဂိုလ်ထူးနှင့် ဆုံရခြင်း

ခုနစ်ရက်သားသမီးအား ဆေးကုသပေးနေစဉ် ကာလတွင် အဘိုးအိုတစ်ဦးရောက်ရှိလာခဲ့သည်။ ရောဂါဝေဒနာပြသနေကျ လူနာပုံစံမဟုတ်ဘဲ "မြေးတို့အိမ်မှာ ဖိုလ်ဝင်မယ်"။ ကြားနေကျစကားမျိုးမဟုတ်၍ နားမလည်သဖြင့် မေးကြည့်ရာ "ခဏသေပြီး ပြန်ရှင်လာတာကို ပြောတာကွဲ့။ တစ်နာရီလောက်ပဲ ကြာမှာပါကွာ"။ ပြောပြောဆိုဆို အဘိုးအိုက လှဲအိပ်လေတော့သည်။ အိပ်ပျော်နေသည့် အဘိုးအို၏ ရုပ်ခန္ဓာအား သွေးစမ်းကြည့်၊ နားကြပ်ဖြင့် နားထောင်ကြည့်မိသည်။ သွေးခုန်နှုန်း လုံးဝမရှိ။ ပကတိလူသေကောင်ပမာပင်။ အဘိုးအိုပြောသည့်အတိုင်း တစ်နာရီပြည့်အောင် စောင့်ကြည့်ခဲ့သည်။

တစ်နာရီပြည့်သောအခါ လူကောင်းပကတိအသွင်ဖြင့် ထထိုင်လာတော့သည်။ ပြီး ကျင်ငယ်ရည်တစ်ပုလင်း စွန့်ကာ "ငါ့သား လိုရာသုံးပါ"ဟူ၍ ပြောဆိုပြီး ထွက်ခွာသွားလေသည်။ ထိုပုလင်းကို ဆေးကုသည့် ဆေးသေတ္တာသို့ထည့်ပြီး ဆေးကုသရာတစ်လျှောက် ယူဆောင်သွားခဲ့သည်။ ဥတု၊ အာဟာရကြောင့်ဖြစ်သော ရောဂါများသာမက





မဟာမြတ်မုနိ (တောင်ကြီးမြို့ မြစိမ်းစေတီတော်)

ပယောဂအနှောင့်အယှက် ခံစားကြရသော ဝေဒနာတို့ကိုပေးသည့်ဆေးမှာလည်း ဆေးစွမ်းထက်၍ ပျောက်ကင်းကြတာ တွေ့ရပေသည်။ အမှန်က ဖိုလ်ဝင်အဘိုးအိုပေးခဲ့သည့် ကျင်ငယ်ရည်မှာ ဂန္ဓာရအခေါ် လိုရာသိဒ္ဓိမြောက်သော ဆေးရည်ဟု ဆိုနိုင်ပါသည်။

## အဘဆရာကြီးဦးချစ်ထူးနှင့် ဝိဇ္ဇာကြီးအဘဘိုးမင်းခေါင်

၁၉၅၂ ခုနှစ်ကာလက ဖြစ်သည်။ ပုပ္ပားတောင်ပေါ်တွင် ခုနစ်ရက်သားသမီးများ သိရှိထားသော ဝိဇ္ဇာကြီး အဘဘိုးမင်းခေါင် သက်ရှိထင်ရှားရှိနေသေးသည်။ ထွက်ရပ်လမ်းသို့ မမြန်းသေးပါ။

ဆရာကြီးဦးချစ်ထူးအား အိပ်မက်ပေးလာပါသည်။ ပုပ္ပားတောင်ပေါ်တွင် ဆေးမြစ်များရှိနေကြောင်း၊ ရောဂါ

www.burmeseclassic.com



ဝေဒနာရှင်များအားကုသရန် အစွမ်းထက်သည့် ဆေးမြစ်များနှင့် ဆေးဝါးဖော်စပ်နည်းများ လာယူလှည့်ပါဟု အိပ်မက်မက်ခဲ့သည်။

ပုပ္ပားတောင်မှာ ဆေးမြစ်များရှိကြောင်း ကြားဖူးနားဝရှိပြီးဖြစ်၍ သွားလျှင်တော့ အကျိုးမယုတ်နိုင်ပေဟု တွေးဆပြီး ပုပ္ပားတောင်သို့ ရောက်အောင်သွားခဲ့သည်။ ပုပ္ပားတောင်ပေါ်ရောက်တာနှင့် အရူးတစ်ယောက်လို ဆဲဆိုနေသည့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရသည်။ စတွေ့ကွေ့ချင်း အရူးတစ်ယောက်ဟု ယူဆထားခဲ့မိသည်။ ဂရုမစိုက်နေခဲ့မိသည်။ သို့သော် ထိုအရူးက ဆရာကြီးနောက်သို့ လိုက်လာပြီး ဆေးမြစ်ရှိရာသို့ လမ်းညွှန်ပြောပြလေသည်။ အရူးပြောသည့်အတိုင်း သွားကြည့်လျှင် ဆေးမြစ်များ အမှန်တကယ် တွေ့ရှိရတော့သည်။

ညဘက်ရောက်ချိန် လူသူကင်းဝေးသောအခါတွင် အရူးဟုထင်မှတ်ထားသူမှာ အကောင်းပကတိဖြစ်လို့နေပြီး ဆေးမြစ်များရှိရာ ပြောပြပေးပြန်သည်။ အရူးဟု စိတ်ကထင်မှတ်ထားသော်လည်း ရင်ဆိုင်တွေ့ရသောအခါ ကြောက်စိတ်ဝင်ပြီး ခိုင်းသမျှ မလုပ်ပေးဘဲ မနေနိုင်ချေ။

တစ်နေ့မှာ ထိုပုဂ္ဂိုလ်မှ ဟင်းပေါင်းစုံ နယ်ဖတ်၊ ထွီခနဲ တံတွေးများထွေးထည့်လိုက်ပြီး စားခိုင်းပြန်သည်။ ရှိစရာဖြစ်၍ မစားချင်ဟုလည်း မပြောဆိုရဲသဖြင့် အောင့်အည်းကာ စားခဲ့ရသည်။ တကယ်တမ်း စားကြည့်သောအခါမှာ လူ့လောကမှာ မစားဖူးသော ရနံ့နှင့် လွန်စွာအရသာရှိလှပါသည်။ ကြုံခဲ့၊ ဆုံခဲ့ပြီး ဝိဇ္ဇာကြီးကျွေးသော အာဟာရအား စားခွင့်ရခဲ့ပြီ။

နောက်တော့မှ ဝိဇ္ဇာကြီး အဘဘိုးမင်းခေါင်ဖြစ်ကြောင်း သိရသည်။ အဘဘိုးမင်းခေါင်၏ လမ်းညွှန်မှုဖြင့် ရှားပါးဆေးမြစ်များ တူးဖော်ရရှိခြင်း၊ ညအခါ အချိန်မတော် ဆေးကြိတ်မည်ဆိုလျှင် ရေမရှိသောနေရာမှာ ရေအဆင်သင့်တွေ့ရခြင်းမျိုး၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ ကြုံတွေ့ခဲ့ရသည်။ အတူနေစဉ် ညစဉ်ညတိုင်း ကျင့်စဉ်များ သင်ကြားပေးခဲ့ကြောင်း၊ နောင်သောအခါ သာသနာပြုရန်အတွက် ငါ၏ခိုင်းစေရာကို ပြုလုပ်ပါမည်ဟု ကတိပြုစေပြီးလျှင် သားအဖြစ်သတ်မှတ်ခဲ့ကြောင်း သိရသည်။

## အဘရာကျော်နှင့် တွေ့ဆုံခြင်း

အချိန်ကား ၁၉၅၄ ခုနှစ် ဖြစ်သည်။ ပဲခူးမြို့မှ မင်းဓမ္မဆရာတော် ဦးကိတ္တိ(အဘရာကျော်)ဖြင့် တွေ့ရှိခဲ့သည်။ တွေ့တွေ့ချင်းမှာပင် ၂ လက်မ × ၁ လက်မ သစ်သားချောင်းဖြင့် အရိုက်ခံခဲ့ရသည်။ သစ်သားချောင်းကျိုးသွားသော်လည်း နာကျင်ပေါက်ပြဲခြင်းမရှိခဲ့ပေ။ အဘရာကျော်ဆရာထံပါး အပ်နှံပြီး ဆုံးမသွန်သင်မှုနာခံရင်း ဆရာတော်ထံမှ နည်းလမ်းများစွာ ညွှန်ပြမှုကို ခံယူခဲ့ပြီး။

အဘဘိုးဘိုးအောင်၊ ယက္ကန်းစင်တောင်ဆရာတော်၊ ဆံရှည်ဆရာတော် အစရှိသော ဝိဇ္ဇာများနှင့်လည်း ကိုယ်တွေ့ကြုံခဲ့ရပြီး ဝိဇ္ဇာလမ်းစဉ် အကျင့်စခန်းများကို လိုက်နာကျင့်ကြံအားထုတ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဝိဇ္ဇာများက အိပ်မက်ပေး၍ နိုင်းစေပြီ

ဝိဇ္ဇာပုဂ္ဂိုလ်များ၏ တပည့်သားမြေးအဖြစ် ခံယူထားသဖြင့် ထိုပုဂ္ဂိုလ်များ၏ ညွှန်ပြ သွန်သင်မှုများအား လိုက်နာကျင့်ဆောင်ရသည့် တာဝန်ကား မသေးလှပါ။ တော်ရုံပါရမီဓာတ်ခံမရှိပါက မလွယ်ကူပါ။ ဂူကိုးကူ၊ သင်္ချိုင်းကိုးသင်္ချိုင်း၊ တောင်ကိုးတောင် ဂန္ဓာရီအဓိဋ္ဌာန်များ ပြည့်စုံအောင် ကျင့်ကြံအားထုတ်ခဲ့ရသည်။

အိပ်မက်လမ်းညွှန်အရ အင်းလေး စကားရွာ အရှေ့ဘက် ဘုရားပေါင်းများနှင့် သာသနာ့ပစ္စည်းများ သာသနာပြုပေးရန် လာရောက်ပင့်ဆောင်ရန် စေခိုင်းချက်အရ သွားရောက်ရှာဖွေ ပင့်ဆောင်ရပြန်သည်။

ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးများက သာသနာပြုရန် အချိန်နီးပြီဖြစ်၍ တောင်ကြီးမြို့၏ မြောက်ဘက်စွန်းအဆုံးကျသော တောင်ခြေတွင် မီးလွတ်တစ်ပတ် အဓိဋ္ဌာန်ဝင်ရန် စေခိုင်းလေ၏။ ဦးချစ်ထူးလည်း ငှက်ပျောတစ်ဖီးနှင့် တောင်ခြေသို့ ထွက်လာခဲ့သည်။ ယခင်က မြစိမ်းတောင်ရယ်လို့လည်း မဖြစ်လာသေး။ တောထူထပ်သောနေရာဖြစ်၍ သားရဲတိရစ္ဆာန် ပေါလှပေသည်။ တားသူက တားကြသည်။ ဦးချစ်ထူးကတော့ အသက်ကိုပင် မငဲ့ကွက်။ ပုဂ္ဂိုလ်များ၏ ခိုင်းစေချက်ကို နှလုံးသွင်းနာခံလျက် တောင်ခြေရေထွက်ဘေးသို့ ရောက်ခဲ့သည်။ ရေထွက်ဘေးမှာပင် မိမိအဓိဋ္ဌာန်ဝင်ရန် နေရာထိုင်ခင်းပြုပြင်ပြီး စည်းချလိုက်တော့သည်။ ထိုအချိန်မှာ သစ်တောဒွာနမှ တောခေါင်းတစ်ယောက် ရောက်ရှိလာပြီး -

"ဆရာကြီး၊ ဒီနေရာက အန္တရာယ် များလွန်းတယ်ဗျ။ ညတိုင်း ကျားတစ်ကောင် ရေသောက်ဆင်းတတ်ပါတယ်။ တခြားလွတ်ကင်းရာကို ရွှေ့ပါခင်ဗျ"

"မိတ်ဆွေကြီး မေတ္တာစေတနာထားပြီး ပြောလာတာ ကျေးဇူးတင်ပါတယ်ခင်ဗျ။ ကျုပ် အဓိဋ္ဌာန်ဝင်ဖို့ စည်းချပြီးပြီမို့ အဓိဋ္ဌာန်ကိုစွမဖျက်ချင်တော့ဘူးလေ။ ကံစီမံရာအတိုင်း ခံယူပါ့မယ်"ဟူ၍ ဝိဇ္ဇာတို့ထုံးနှလုံးမူကာ အဓိဋ္ဌာန်စတင်ခဲ့တော့သည်။ တကယ်လည်း ကြီးမားသော ကျားကြီးတစ်ကောင် ညတိုင်း ရေသောက်ဆင်းခဲ့ပါသည်။ ရန်မူခြင်းလုံးဝမရှိပါ။ ရေသောက်ပြီး ပြန်ထွက်ခွာသွားပါသည်။

## ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ အမိန့်ချပြီ

ယခု မြစိမ်းတောင်ဟု ခေါ်တွင်လာမည့် တောင်ပေါ်တွင် ၁၀၈ တောင်အမြင့်ဆောင်သော ရွှေတိဂုံ၊ မဟာမြတ်မုနိ၊ ဓာတ်ပေါင်းစုစေတီတော်ကြီးကိုတည်ထားရန် ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ အမိန့်ချမှတ်ခဲ့ပါသည်။ အဓိကအကြောင်းရင်းမှာ အောက်မြန်မာပြည်၏ တန်ခိုးကြီးမားသော ရွှေတိဂုံဘုရားနှင့် အထက်မြန်မာပြည်၏ တန်ခိုးကြီးသောဘုရားမဟာမြတ်မုနိဘုရားကို ပေါင်းစပ်၍ မြန်မာတစ်နိုင်ငံလုံးအေးချမ်းသာယာပေါင်းစည်းနိုင်ရန် ရည်ရွယ်၍ "ရွှေတိဂုံ၊ မဟာမြတ်မုနိ ဓာတ်ပေါင်းစုစေတီတော်"ကြီးကို တည်ထားစေခြင်း ဖြစ်ပါသည်။

တကယ်တမ်း ဘုရားတည်ရန်အတွက် မြစိမ်းတောင်အား ရရှိရန်အတွက် အမှန်တော့ မလွယ်ကူခဲ့ပါ။ ခွင့်ပြုမိန့်ပါမစ် တောင်းခံသော်လည်း သစ်တောကြိုးဝိုင်းဖြစ်နေသဖြင့် အကြိမ်ကြိမ်ကြိုးစားတောင်းခံခဲ့ရလေသည်။ ကံအားလျော်စွာပင် သစ်တောမင်းကြီး၏ ထောက်ခံချက်ရရှိကာ သာသနာ့နယ်မြေအဖြစ် ခွင့်ပြုချက်ရခဲ့တော့သည်။

၁၉၆၁ ခုနှစ် နှစ်ဦးပိုင်းမှာ စတင်၍ ဘုရားတည်ရန် ဆောင်ရွက်ခဲ့ပါသည်။ လွန်စွာထူထပ်သော တောဖြစ်သဖြင့် တောရှင်းခြင်း၊ လမ်းဖောက်ခြင်း၊ ရေမီးရရှိရေးစသည်တို့ကို ဆောင်ရွက်ခဲ့သည်။

## ပဋ္ဌာန်းဆက်တို့ အိပ်မက်ပေး၍ ဆက်သွယ်လာ

ယခုလို သာသနာကိစ္စများ ဆောင်ရွက်နေစဉ်မှာ သာစည်မြို့နယ်၊ နှောင်ကန်ကျေးရွာမှ ဒေါ်ငွေသွယ်ဆိုသူ တောင်ကြီးမြို့သို့ အလည်ရောက်လာခဲ့စဉ် ထူးဆန်းသော အိပ်မက်ကို မြင်မက်လာသည်။

ယခု မြစိမ်းတောင်ရှိရာ တောင်ခြေသို့ရောက်ရှိလာခဲ့ရာ ချောမောလှပသော မင်းသားတစ်ပါးသည် သူ့အား ခရီးဦးကြိုပြုပြီး တောင်ပေါ်သို့ ခေါ်ဆောင်ခဲ့သည်။ တောင်ပေါ်သို့ရောက်ရှိသောအခါ ကြီးမားလှစွာသော စေတီတစ်ဆူကို မြင်တွေ့ဖူးမြော်ရလေသည်။ ထိုမင်းသားက ဘုရားစေတီအတွင်းသို့ ခေါ်သွားရာ အတွင်းဘက်တွင် မဟာမြတ်



www.burmeseclassic.com

www.burmeseclassic.com

မုနိဘုရားကို ဆက်လက်၍ အံ့ဩဖွယ်ရာ ဖူးတွေ့ရလေသည်။ ထိုအိပ်မက်အရ တောင်ကြီးမြို့နေအိမ်ရှင်နှင့် ဒေါ်ငွေသွယ်တို့ မြစိမ်းတောင်ပေါ်သို့တက်လာပြီး ဆရာကြီးဦးချစ်ထူးအား တွေ့ဆုံ၍ အိပ်မက်အကြောင်းအရာကို ပြောပြသည်။ ထိုသို့ပြောနေစဉ်အတွင်းမှာပင် မြစိမ်းတောင်နှင့် သက်ဆိုင်သော သိုက်နန်းရှင်များ ဝင်ရောက် မနောဓာတ်ကိန်းကာ တောင်၏သမိုင်းကြောင်းကို ဖွင့်ဖော်ပါသည်။

တောင်ကြီးမြို့၏ အရှေ့ဘက်တောင်တစ်ကြောတွင် တောင်မှမြောက်သို့ တောင်ငါးလုံးတည်ရှိရာ ရွှေမုဋ္ဌောတောင်၊ နွားလားဥသဘတောင်၊ တောင်ချွန်းတောင်၊ နဂါးဂူတောင်နှင့် ယခုတောင်သည် ကျောက်ဖားတောင်ဟု ခေါ်တွင်ကြောင်း။ ဤတောင်ပေါ်တွင် ရှေးဟောင်းရုပ်ပွားတော်၊ ဆင်းတုတော်များနှင့် ဓာတ်တော်များ ကိန်းဝပ်လျက်ရှိကြောင်း။ ထိုဓာတ်တော်များနှင့် ဘုရားပစ္စည်းများကို မောင်နမခုနစ်ဖော်က စောင့်ရှောက်နေရကြောင်း။ မောင်နမခုနစ်ဖော်တို့သည် အင်းဝဘုရင်၏ သမီးတော်များဖြစ်ပါကြောင်း။ အမည်များမှာ မြစိမ်းရှင်၊ မြစန္ဒီ၊ မြစန္ဒာ၊ မြနန္ဒာ၊ မြမာလာ၊ မြပန်းဝါ၊ ရှုပနန္ဒာတို့ဖြစ်ကြောင်း။ မိမိတို့အား အကြောင်းပြု၍ ဤတောင်၏အမည်ကို "မြစိမ်းတောင်တော်"ဟု ခေါ်ပါရန် မေတ္တာရပ်ခံ ပြောဆိုလာရာ...

ဆရာကြီးဦးချစ်ထူးမှာ ပြောရုံမျှဖြင့် လက်ခံရမည် မဟုတ်ကြောင်း။ အမှန်တကယ် ရှေးဟောင်းဘုရားများရှိသည်မှန်ပါက "မြ"နှင့်ပတ်သက်သော ပစ္စည်းများကို ပို့ဆောင်ခဲ့ပါလျှင် လက်ခံအတည်ပြုပေးမည်ဟု ကတိပေးလိုက်ပါသည်။

ကတိပေးပြီး သုံးရက်မြောက်သောနေ့တွင် ဘုရားအုတ်မြစ်ချရန် လိုဏ်ခေါင်းများ တူးဖော်ရာတွင် အနောက်ဘက်အရပ်တွင် စကြာပုံ ကျောက်ဆောင်တစ်ခု တူးဖော်မိပြီး ၎င်းအောက်မှာ အရှည်တစ်ပေခွဲခန့်ရှိ စိန်ဖြူသုံးလုံးကိုရရှိသည်။ ဆက်လက်တူးဖော်ရာ အရည်နုသော မြကျောက်ကလေးများကို တူးဖော်ရရှိခဲ့သည်။

လေးရက်မြောက်သောနေ့တွင် ဆရာကြီး၏တပည့်ဖြစ်သူ ဦးလုကျော်အား နဂါးဂူတောင်စောင့်နတ်မှ မြဘုရားလာရောက်ပင့်ဆောင်ရန် အိပ်မက်ပေးသဖြင့် ဦးလုကျော်နှင့်အဖွဲ့သည် နဂါးဂူအတွင်း ပေနစ်ရာခန့်အရောက်တွင် လေးလက်မရှိသော မြဘုရားကို တွေ့ရှိပင့်ဆောင်လာခဲ့ပါသည်။

ငါးရက်မြောက်သောနေ့တွင် ရမည်းသင်းမြို့မှ ဒေါ်မမလေးနှင့် တောင်ကြီးမြို့ ကန်အောက်ရပ်မှ ဒေါ်မြနန်းရှင်တို့မှ မိုးကောင်း မြဘုရားခုနစ်ဆူနှင့် မြကလာပ်တို့ကို လာရောက်လှူဒါန်းကြပါသည်။ ထိုကဲ့သို့သော သက်သေပစ္စည်းများ ရရှိလာသဖြင့် ဆရာကြီးဦးချစ်ထူးသည် မိမိ၏ကတိအတိုင်း "မြစိမ်းတောင်"ဟူသောအမည်ကို ဆိုင်းဘုတ်အကွရာ တင်၍ အမည်တွင်စေခဲ့ပါသည်။

မြနှင့်ပတ်သက်သော သက်သေအထောက်အထားများရရှိခဲ့သဖြင့် "မြစေတီ"တစ်ဆူ တည်ထားကိုးကွယ်ရန် ၁၃၂၄ ခုနှစ်တွင် အုတ်မြစ်ချခဲ့ပြီး ထိုလတွင် လကြတ်ဖြစ်သောကြောင့် နေနှင့်လ နှစ်ပါးဆိုင်သောလဟူ၍ သတ်မှတ်ခဲ့သည်။ မြစေတီဘုရားတွင် ရရှိထားသော မြဘုရားများ၊ သိုက်နန်းအဆက်မှ လာရောက်လှူဒါန်းသော ကျောက်မျက်ရတနာများ၊ ဓာတ်တော်များ၊ မြကျောက်လုံးများကို ဌာပနာ၍ ၁၃၂၅ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ထီးတော်တင် လှူဒါန်းပြီးစီးခဲ့ပါသည်။

မြစိမ်းတောင်ပေါ်တွင် ဉာဏ်တော် ၁၀၀ တောင် အမြင့်ရှိသော "ရွှေတိဂုံ၊ မဟာမြတ်မုနိ ဓာတ်ပေါင်းစုစေတီတော်ကို တည်ထားကိုးကွယ်ရန် အားထုတ်ခဲ့လေသည်။

မြစိမ်းတောင်တွင် ဆရာကြီးဦးချစ်ထူး လုပ်ဆောင်ပြီးမြောက်ခဲ့သော သာသနိကလုပ်ငန်းဆောင်တာ မှတ်တမ်းများအရ...

(၁) ၁၉၆၁ ခုနှစ်တွင် တောရှင်း၊ လမ်းဖောက်၊ ရေကန်တူး၊ လျှပ်စစ်မီးရရှိရေး ကျောင်းဆောင်များ ဆောက်လုပ်ခြင်း၊

(၂) ၁၉၆၂ ခုနှစ်တွင် ဘုရားတည်ရန် အုတ်မြစ်ချပွဲကြီးကို ဂိုဏ်းသံဃာတော်များ စုံလင်စွာဖြင့် ကျင်းပခဲ့ခြင်း၊

(၃) မြစေတီဘုရားကို တည်ထားပြီး ၁၉၆၃ ခုနှစ်တွင် ထီးတော်တင်ပွဲကျင်းပခဲ့သည်။

(၄) ၁၉၇၂ ခုနှစ်၊ နောင်တော်ကြီးဖြစ်သော "ရွှေတိဂုံ၊ မဟာမြတ်မုနိ ဓာတ်ပေါင်းစုစေတီ" ပုံစံတော်ကို

www.burmeseclassic.com

တည်ထားပြီးမြောက်သည်။

(၅) ထိုမှတစ်ဖန် အလယ်မဏ္ဍိုင် အနံ ၄၂ ပေ၊ အမြင့် ၁၅ ပေအထိ ပြီးမြောက်ခဲ့သည်။

(၆) ၁၉၇၇ ခုနှစ်တွင် ၄၂ ပေ ပတ်လည်ရှိပြီး၊ အမြင့် ၂၇ ပေအထိ တည်ဆောက်ခဲ့သည်။

(၇) ၁၉၇၈ ခုနှစ်တွင် ထိုမဏ္ဍိုင်ကြီးပေါ်တွင် ကနက္က ဒဏ်ထီး ၁၀၈ လက်ကျော် ဖွင့်လှစ်ပူဇော်ခြင်း၊ ဓာတ်တော်များ ဌာပနာတိုက်သွင်း ပူဇော်ခြင်း ပြုခဲ့သည်။

(၈) မဏ္ဍိုင်အတွင်းမှန် သုံးမှန်ဖြစ်သော တောင်၊ မြောက်၊ အနောက်တို့တွင် ရုပ်ပွားတော်သုံးဆူကို အုတ်ဖြင့် ပူဇော်ခဲ့ပြီး အဓိကကျသော အရှေ့မှန်တွင် မဟာမြတ်မုနိ ကြေးဆင်းတုတော်ကြီးကို ဉာဏ်တော် ၉ ပေ၊ ၉ လက်မ၊ ကြေးပိဿာချိန် ၁၀၀၀ ဖြင့် ပူဇော်ခဲ့ပါသည်။

(၉) စေတီတော်၏ ပတ်ဝန်းကျင်တွင် အင်းလေးဖောင်တော်ဦး ကိုယ်ပွားတော်ကျောင်းဆောင်၊ ဘိုးတော် အပေါင်းတို့၏ စကြာဓာတ်နန်း၊ သူရဿတီမယ်တော်နှင့် ဒေဝီများ ဓာတ်နန်း၊ ရှင်သီဝလီ၊ ရှင်ဥပဂုတ္တရဟန်းတော်များ၏ ကျောင်းဆောင်တောင်ပိုင် ဘိုးဘိုး၊ မြစိမ်းရှင်မောင်နှမခုနစ်ဖော်တို့၏ သိုက်နန်း၊ မြင်းဖြူရှင်၊ ကိုးမြို့ရှင်နတ်နန်း အစရှိသည်တို့ကို အဆောင်ဆောင် အခန်းခန်း ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်ခဲ့ပါသည်။

အနာဂတ်ကာလ မြစိမ်းတောင် သာသနာ့နယ်မြေ အဓွန့်ရှည်စေရန်အတွက် အဘဆရာကြီးဦးချစ်ထူးမှာ ကျန်းမာရေးချို့ယွင်းလာသဖြင့် ၁၉၉၄ ခုနှစ်တွင် ပျဉ်းမနားမြို့ သပြေလုကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိမလ၊ တောင်ကြီးမြို့ မင်းကွန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇောဘာသ၊ တောင်ကြီးမြို့ နဂါးပွက်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇဝန္တ၊ အင်းလေးဒေသ နန်းပန်တောင်ကျောင်းဆရာတော် ဘဒ္ဒန္တဇဝန အစရှိသော ဆရာတော်ကြီးလေးပါးလက်သို့ လွှဲပြောင်းအပ်နှံခဲ့ပြီး ၁၉၉၈ ခု၊ မေလ ၁၉ ရက်နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့ပါသည်။

ယခုလက်ရှိ မြစိမ်းတောင်သာသနာ့နယ်မြေအား နဂါးပွက်ကျောင်းတိုက် ဆရာတော်မှ ဆက်လက်ဆင့်ပွားဆောင်ရွက်နေပါသည်။ မြစိမ်းတောင်ပေါ်တက်လမ်းတစ်လျှောက် ကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင်ခြင်း၊ ရွှေမင်းသားတောင်သို့သွားရာ လမ်းများပြုလုပ်ခြင်း၊ ဦးညိုစိမ့်မိသားစု မတည်ငွေဖြင့် "ရွှေပေါ်ထော၊ ငွေပေါ်ထော" စေတီတော်တည်ခြင်း၊ နဂါးရုံဘုရားအား ဦးကံညွန့်မိသားစုမှ မတည်လှူဒါန်းခြင်း၊ သိမ်တော်ကြီးအား ဦးခင်မောင် + ဒေါ်လတ်လတ် (စတိုးလ်စတိုး)၊ ဦးစိန်လင်းထွေး (စိန်လင်းထွေးဆေးဆိုင်)မှ မတည်ငွေဖြင့် တည်ဆောက်ခဲ့ခြင်း၊ ပဲခူးမြို့ မင်းဓမ္မကျောင်း ၅၅၀ သာသနာပြုအဖွဲ့နှင့် "အထွတ်အထိပ်၊ လာဘသုခအောင်ချမ်းသာ" စေတီတော်အားတည်ထားခြင်း၊ ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သားများ၏ လှူဒါန်းငွေနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ၎င်းဘုရားသို့ သွားရန် တံတားဆောက်လုပ်ခြင်း၊ ဦးတင်ထွန်း၊ ဒေါ်မြင့်မြင့်ကြည်မိသားစု မတည်ငွေဖြင့် "ရွှေပြည်စံ"ကျောင်းကြီးဆောက်လုပ်ခဲ့သည်။ ဦးခန္တီသာရ ကျောင်းဆောင်နှင့် မူလကျောင်းဆောင်ကြီးကိုလည်းကောင်း၊ စကြာဓာတ်နန်းဆောင်ကိုလည်းကောင်း၊ အသစ်ဆောက်လုပ်ခဲ့သည်။ အန်းကုန်းဘိုးတော်နှင့် ကွမ်းရင်မယ်တော်ဆောင်ကြီးကိုလည်း ခုနစ်ရက်သားသမီးအလှူငွေဖြင့် ဆောက်လုပ်ခဲ့သည်။

မူလပင်မ "ရွှေတိဂုံ၊ မဟာမြတ်မုနိ ဓာတ်ပေါင်းစုံစေတီတော်ကြီး"ကိုလည်း ဦးတင်လတ် (က ·ည ·န) မိသားစု၏ မတည်ငွေဖြင့် ဘက်ပေါင်းစုံ ပြန်လည်မွမ်းမံခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ဘဝဆက်၊ ပဋ္ဌာန်းဆက်ရှိသူများ၊ ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးများ နားခို၊ ကျင့်ကြံအားထုတ်ခဲ့ရာ မြစိမ်းတောင်ရှိ ရှေးဘုရားများ ဖူးမြော်၍ ကုသိုလ်ပြုခွင့်ရစေရန် ပူဇော်အပ်ပါသည်။

■ မြန်နန်းရှင်

ကျမ်းကိုး:

ဆရာကြီးဦးချစ်ထူး၏သမီး ဒေါ်တင်နု၏ ပြုစုထားသည့် စာအုပ်မှ။



www.burmeseclassic.com

www.burmeseclassic.com



# ရွှေဟောင်း ကက္ကုဏ္ဍာသယ လိုတရ ရုပ်ပွားတော်မြတ်

တင်ထွန်းအေး (UDE)



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးဥက္ကံသ

---

တစ်နေ့သ၌ စာရေးသူသည် ရန်ကုန်မြို့၊ လမ်း(၄၀)၊ အမှတ်(၂၈၂)ရှိ ဆရာမြသန်းစံ တည်ထောင်ထားသော 'အပ္ပမာဒဓမ္မရသမဂ္ဂဇင်း' စာအုပ်တိုက်သို့ စာမူခထုတ်ရန် သွားရောက်ဖြစ်ခဲ့၏။ ထို့နောက် စာအုပ်တိုက်ရှိ ကိုသန်းထိုက်ထံမှ စာမူခထုတ်၍ ပြန်လာရာ အမှတ်(၂၆၇)၊ လမ်း(၄၀)နေ ဦးသန်းဝင်း+ဒေါ်စူတို့ မိသားစုအိမ်၌ ပင့်ဆောင်ထားသည့် ထူးခြားသော ပုဂံခေတ်ရုပ်ပွားတော်မြတ်တစ်ဆူကို ဖူးတွေ့ကြည်ညိုခွင့် ရရှိပါတော့၏။ အဆိုပါ ရုပ်ပွားတော်၏ဘွဲ့မည်မှာ 'ရွှေဟောင်း ကုက္ကုသံဃ လိုတရရုပ်ရှင်တော်မြတ်'ဟု ခေါ်တွင်ပါ၏။ ထို့နောက် ဘုရားပင့်ဆောင်ထားသော ဒေါ်စူမှ စာရေးသူအား အအေးပုလင်းများဖြင့်ဧည့်ခံကာ တန်ခိုးကြီးသော လိုတရ ရုပ်ပွားတော်မြတ်အကြောင်းကို ရှင်းလင်းပြောပြရှာ၏။ ထို့ပြင် ဦးသန်းဝင်းကလည်း

"ဆရာရယ်၊ ဒီရုပ်ပွားတော်ပင့်ထားတာ ငါးရက်အတွင်း လိပ်ပြာလေးတွေ လာဖူးကြတယ်၊ တော်တော်လေး ထူးခြားပါတယ်ဗျာ။ ဒီအိမ်ကို ဘုရားကြွပြီး သုံးရက်မှာ ကျွန်တော့်အတွက် အရမ်းလိုအပ်နေတဲ့ ကားပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာနဲ့ ဝယ်လို့ရခဲ့တယ်၊ ဒါ့ပြင် ကျွန်တော့်အမျိုးသမီးကလည်း ဘုရားရှေ့မှာ လှူတန်းဖို့ကိစ္စအတွက် အဓိဋ္ဌာန်တာ ဆုတောင်းပြည့်သွားပါတယ်၊ သူသိပ်လိုချင်နေတဲ့အရာကို ငွေသောင်းနဲ့ချီပြီး လှူဒါန်းနိုင်ခဲ့တယ်လေ။ ဒါကြောင့်မို့ ကြုံတုန်းမှာ ဆရာလည်း အဓိဋ္ဌာန်ဆုတောင်းသွားပါဦးနော်၊ ဒီဘုရားက သိပ်ဆုတောင်းပြည့်တာပဲဗျာ"ဟု ဆိုလေသည်။

အမှန်ပင် ကုက္ကုသဃလိုတရ ရုပ်ပွားတော်မြတ်မှာ ထူးခြားလှပါ၏။ ပင့်ဆောင်ကြသူတိုင်း၏ အိမ်တိုင်း၌ တစ်ခုမဟုတ်တစ်ခု ထူးခြားမှုကို ပြလေ့ရှိ၏။

ထိုသို့ ဘုန်းတန်ခိုးကြီးမားသောကြောင့် ရုပ်ပွားတော်မှာ ရတနာမြောက်မြားစွာနဲ့ နဝရတ်ကိုးပါးအား အပူဇော်ခံထားရပေပြီ။ ထိုမျှမက ရတနာလှူဒါန်းလိုသူများနှင့် အိမ်အသီးသီးသို့ ပင့်ဆောင်လိုသူများမှာလည်း တစ်စတစ်စ တိုးပွားလျက်ရှိ၏။ အဆိုပါ ရွှေဟောင်း ကုက္ကုသဃ လိုတရ ရုပ်ပွားတော်မြတ်ကို ယခင်က မန္တလေးတိုင်း၊ အမရပူရမြို့နယ် အင်းဝဗားကရာကျောင်းတိုက်၏ ပဓာနနာယက မြသိန်းတန်ဆရာတော်ကြီးမှ ရှေးဆရာတော်ကြီးများ အဆက်ဆက်ကိုယ်စား ဆက်လက်ထိန်းသိမ်းကိုးကွယ်ထားခဲ့၏။ ထို့နောက် မြသိန်းတန်ဆရာတော်ကြီးက ၁၉၇၀ ခုနှစ်ခန့်တွင် ရန်ကုန်မြို့မှ ဘုရားဒါယကာ ဦးအောင်ကြီးနှင့် ဒေါ်မူမူသိန်း မိသားစုတို့အား ကိုးကွယ်ဆည်းကပ်ရန် အလို့ငှာ ချီး မြှောက်လှူဒါန်းလိုက်၏။ ထိုမှတစ်ဆင့် ဦးအောင်ကြီးတို့မိသားစုမှ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၉)လမ်းရှိ ဓမ္မဇေယျ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဦးဥက္ကံသအား ၁၅. ၁၁. ၉၉ နေ့တွင် ပေးအပ်လှူဒါန်းခဲ့ပြန်၏။ ထို့ကြောင့် ဆရာတော်ကြီးက သဒ္ဓါကြည်လင် ပါရမီရှင်များလည်း ဖူးမြော်ကြည်ညိုနိုင်ကြစေရန် ရည်ရွယ်လျက်

www.burmeseclassic.com

www.burmeseclassic.com

အိမ်အသီးသီးကို လှည့်လည်ပူဇော်ကြည်ညိုခွင့် ပြုခဲ့ခြင်း ဖြစ်၏။

ရုပ်ပွားတော်မြတ်၏ အနေအထားမှာ အလွန်ရှားပါးလှသော နဂါး၏ခံတွင်းထဲ၌ ဝင်ရောက်သီတင်းသုံးနေပုံဖြစ်ပြီး၊ သင်္ကန်းတော်ဝတ်ရုံဟန်၊ မျက်နှာတော်သွင်ပြင်နှင့် ထက်ဝယ်ဖွဲ့ခွေတည်နေဟန်တို့မှာ ပုဂံခေတ်လက်ရာများဖြစ်ကာ ရှေးမင်း ညီမင်းသားများက ခေတ်အဆက်ဆက် ကိုးကွယ်ဆည်းကပ်ခဲ့ကြ၏။ အထက်ပါ ပုဂံခေတ် ကဋ္ဌာသယ လိုတရ ရုပ်ပွားတော်မြတ်၏ ဉာဏ်တော်အမြင့်သည် တစ်တောင်ကျော်ရှိ၍၊ မုဒြာမှာ မြေကြီးကို သစ္စာပြုညွှန်းဆိုနေဟန် ဘူမိဖဿ မုဒြာဖြစ်ပါ၏။ ရုပ်ပွားတော်မြတ်၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ကိုးကွယ်ဆည်းကပ်ကြသူများမှာ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် တိုးပွားများပြားလာရာ ရုပ်ပွားတော်မြတ်သည် ကျောင်းတော်၌ နားရသည့်ရက်ဟူ၍ မရှိသလောက်ပင် ရှိပါ၏။ ကဆုန်လပြည့်နေ့တွင် ပထမအကြိမ် ဘုရားအနေကဇာတင်ပြီးနောက် တန်ခိုးတော်များ ပိုမိုပြသတော်မူ၏။ ထိုကဲ့သို့ ထူးခြားသော ရုပ်ပွားတော်မြတ်ကြီး၏ အံ့ဖွယ်ကိုးသွယ်တို့မှာ . . .

(၁) တစ်မူထူးခြားသော ကြည်ညိုဖွယ်ဂုဏ်ဆောင်သည့် ပုဂံခေတ် ရှေးဟောင်းရုပ်ရှင်တော်မြတ်ကြီး ဖြစ်ခြင်း၊

(၂) သီတင်းသုံးစံပယ်တော်မူရာ တံကဲပလ္လင်၏ ထူးခြားခြင်း၊

(၃) ပန်းပုလက်ရာ ဆန်းသစ်ပြောင်မြောက်ခြင်း၊

(၄) ရှေးမင်းညီမင်းသားများနှင့် ရှေးဆရာတော်ကြီးများ အဆက်ဆက် ကြည်ညိုပူဇော် ကိုးကွယ်ဆည်းကပ်ခဲ့ကြခြင်း၊

(၅) ဘွဲ့မည်တော်အား စိတ်အာရုံအမြင်ဖြင့် ပေါ်လွင်စေခဲ့ခြင်း၊

(၆) အဓိဋ္ဌာန် ဆုတောင်းသူများမှာ အောင်မြင်ပြည့်ဝလေ့ရှိခြင်း၊

(၇) ဖူးမြင်ရသူများ၏ စိတ်အာရုံကို ထူးခြားစွာ ဆွဲဆောင်မှုရှိခြင်း၊

(၈) ရှေ့-နောက်-ဝဲ-ယာတို့မှ ရွှေ့ပြောင်း၍ ဖူးမြော်ရသူတိုင်းအား အမြင်အာရုံ ပြောင်းလဲခံစားရမှုရှိခြင်း၊

(၉) အပူဇော်ခံကြွသည့် တစ်လတာအတွင်း မှာပင် ရတနာမျိုးစုံတို့ လှူဒါန်းဆည်းကပ်ကြခြင်းတို့ ဖြစ်ကြပါ၏။

အဆိုပါ ကျွန်းတုံးကြီး တစ်တုံးကို အဆက်မပါ လက်ရာမြောက်စွာ ထုလုပ်ထားသော ပုဂံခေတ် ရုပ်ပွားတော် ကဋ္ဌာသယလိုတရဘုရားအား အိမ်အသီးသီးသို့ ပင့်ဆောင်ကြရာတွင်

(က) အရှေ့၌ နို့ယနာဆွမ်း ကပ်လှူရန်။

(ခ) သောက်တော်ရေ ၉ ခွက်၊ ဆီမီး ၉ တိုင်။

(ဂ) သစ်သီး ၉ မျိုး၊ ယို ၉ မျိုး။

(ဃ) ကံ့ကော်ညွှန့် ၁၁ ညွှန့်၊ ခံတက်ညွှန့် ၁၁ ညွှန့်။

(င) အုန်းသီးအခွံကျွတ် လေးလုံး၊ ရွှေမိုးငွေမိုး ရွာသွန်းရန် ဆန်ပန်းပေါက်ပေါက် တစ်ဖလား။

(စ) ဘုရားပွဲတစ်ပွဲ(ငါးဖီးပွဲ)နှင့်

အမွှေးနံ့သာ၊ သပြေ၊ ပန်း စုံလင်စွာဖြင့် ပူဇော်ကပ်လှူကာ မိမိတို့လိုရာကို သစ္စာပြုဆုတောင်း အဓိဋ္ဌာန်ပါလျှင် ပြည့်ဝအောင်မြင်နိုင်ပါသည်။ သို့ပါ၍ စာရှုသူများလည်း ရှေးဟောင်းကဋ္ဌာသယ လိုတရ ဆုတောင်းပြည့်ဘုရားအား အိမ်သို့ ပင့်ဆောင်ပူဇော် ကြည်ညိုသဒ္ဓါပွားများလိုကြပါက ဆရာတော် ဦးဥက္ကံသ၊ ဖုန်း ၅၅၅၇၇၂၊ ၅၅၃၁၉၄ နှင့် ကြိုတင်ဆက်သွယ်ရက်ချိန်းယူထားနိုင်ပါကြောင်း အသိပေးရေးသားလိုက်ရပါသည်။ စာရှုသူများ ဘုရားမက်၍ အသက်ရှည်၊ တရားမက်၍ အမျက်ပြေ၊ သံဃာမက်၍ တိုးတက်ကြီးပွားကြပါစေ။ ။

**တင်ထွန်းအေး(UDE)**

အမှတ်(၉၃)၊ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၊ ရောင်ပြန်မဂ္ဂဇင်း။



www.burmeseclassic.com

www.burmeseclassic.com

# ရတနာတွေပြည့်ဝစေမယ့် သားတော်ရမြွတ်စွာဘုရား

အောင်သာကျော်



သားတော်ရမြွတ်စွာဘုရား

မြတ်စွာဘုရား၏ ဆံတော်၊ အံတော်၊ ဓာတ်တော်တို့ကို ဌာပနာ၍ တည်ထားသော မည်သည့်စေတီတော်မဆို ဆုတောင်းပြည့်ဝသည်ကို ဗုဒ္ဓဘာသာဝင်တိုင်း သိထားကြ၊ ယုံကြည်ထားကြပြီး ဖြစ်ပါသည်။ ထိုသို့ ဆုတောင်းပြည့်ဝသည်ဟု ယုံကြည်ထားကြသည့်အတိုင်း ပန်း၊ ရေ၊ ဆီမီး စသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော် လှူဒါန်းကြရင်း မိမိတို့အလိုရှိရာ ဆုမြတ်၊ ဆုမွန်ကောင်းများကို တောင်းယူလေ့ရှိကြပါသည်။ ဤနေရာတွင် တည်ထားခဲ့ကြပုံ၊ သစ္စာဆိုထားခဲ့ကြပုံများအပေါ် မူတည်၍ သီးခြားအကျိုးထူးပေးသည့် စေတီတော်၊ ဆင်းတုတော်တို့ ရှိနေသည်ကိုလည်း သတိချပ်မိကြဖို့ လိုအပ်လှပါသည်။

စာရေးသူ မန္တလေးမြို့သို့ ဌာနဆိုင်ရာတာဝန်ဖြင့် ခရီးထွက်ရမည်ဟု သိရသည့်အချိန်တွင် စာရေးသူ၏မိတ်ဆွေတစ်ဦးဖြစ်သူ မောင်မောင်ဦး ရေးကြီးသုတ်ပျာဖြင့် ရောက်လာသည်။ မန္တလေးလေးသို့ရောက်ပါက သားတော်ရဘုရားသို့ အရောက်သွား၍ အလှူငွေတစ်ထောင်ကျပ်တိတိ လှူဒါန်းပေးပါရန်ဟုဆိုကာ ငါးရာတန်နှစ်ရွက်ကို ပေးသည်။ စာရေးသူသိထားခဲ့သည်မှာ လွန်ခဲ့သည့်နှစ်က မောင်မောင်ဦး မန္တလေးသို့ သွားခဲ့ဖူးသည်။ မောင်မောင်ဦးနှင့် သူ၏ဇနီးသည် မသက်သက်နိုင်တို့ နှစ်ယောက်တည်းသွားဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။ သွားစဉ်က အမွေကိစ္စဟု ပြောသွားသည်။ မောင်မောင်ဦး ဇာတ်လမ်းက စိတ်ဝင်စားစရာကောင်းလှသည်။ မောင်မောင်ဦးနှင့် မသက်သက်နိုင်တို့ နှစ်ယောက်စလုံးက တစ်ဦးတည်းသောသားနှင့် တစ်ဦးတည်းသောသမီးပင် ဖြစ်သည်။ နှစ်ဖက်မိဘများက သိန်းရာနှင့်ချီကာ ချမ်းသာကြသည်။ နှစ်ဖက်မိဘများက မျိုးဆက်သစ်ရတနာ လိုချင်နေကြသည်။ မျိုးဆက်သစ်ရတနာလေးရပါမှ အမွေထိုက်ထိုက်တန်တန် ပေးပါမည်ဟု ဆိုသည်။

ယခုမှ မောင်မောင်ဦးနှင့် မသက်သက်နိုင်တို့တွင် အမွေထိုက်ထိုက်တန်တန် ရနိုင်ရန်အတွက် တစ်လ၊ နှစ်လဆိုလျှင် သက်သေအခိုင်အမာ ပြနိုင်တော့မည် ဖြစ်သည်ဟု မောင်မောင်ဦးကပြောသည်။ ငွေတစ်ထောင်ကိုလည်း ဘုရားသို့



www.burmeseclassic.com

www.burmeseclassic.com

ဆက်ကပ်ဖြစ်အောင် သွားရောက်ဆက်ကပ်ပေးရန်နှင့် မျိုးဆက်သစ်ရတနာလေးရရှိပြီးပါကလည်း သစ္စာအဓိဋ္ဌာန်ပြုထားခဲ့သည့်အတိုင်း ဘုရားအတွက် ကျောက်ပြားများ လှူဒါန်းဦးမည်ဟု ဆိုသည်။

စာရေးသူလည်း ၁၉-၉-၉၉ (၁၅) အဆန် ရန်ကုန်-မန္တလေး ရထားဖြင့် မန္တလေးမြို့သို့ ထွက်ခဲ့သည်။ စာရေးသူအနေဖြင့် သားတော်ရမြတ်စွာဘုရားကို အထူးတလည် စိတ်ဝင်တစား ဖြစ်နေမိသည်။ ယခု စာရေးသူ မန္တလေးမြို့သို့ ထွက်လာခဲ့ရသည်မှာလည်း ချမ်းမြသာစည်မြို့နယ်တွင် ကလေးမွေးဖွားမှုနှင့် အသေအပျောက်စစ်တမ်း (၁၉၉၉) ကောက်ယူရန်အတွက်ပင် ဖြစ်သည်။ တိုက်ဆိုင်လွန်းလှပါသည်။ စာရေးသူတာဝန်ကျရာ မြို့နယ်အတွင်းမှာပင် သားတော်ရမြတ်စွာဘုရား တည်ရှိပြီး စာရေးသူ ကောက်ယူရမည့်စစ်တမ်းမှာလည်း မျိုးဆက်သစ်ရတနာလေးများနှင့် ပတ်သက်သည့် စစ်တမ်းပင်ဖြစ်နေသည်။

ထိုသို့ရှိနေစဉ် မှတ်မှတ်ရရ ၂၆-၉-၉၉ နေ့တွင် သားတော်ရဘုရားသို့ ရောက်ရှိသွားခဲ့ရပါသည်။ လုပ်အားပေးလူငယ်လေးများဖြစ်ကြသည့် မောင်တင့်လွင်နှင့် မောင်အောင်ဝင်းတို့က စာရေးသူအား သားတော်ရမြတ်စွာဘုရား၏ ဂေါပကလူကြီးများနှင့် မိတ်ဖွဲ့ပေးကြပါသည်။ ထိုသို့ဖြင့် သားတော်ရမြတ်စွာဘုရား၏ ထူးခြားမှုများနှင့် ရှေးဟောင်းသမိုင်းဝင်စေတီတော်တစ်ဆူဖြစ်ကြောင်း သိခွင့်ရခဲ့ပါသည်။

သားတော်ရမြတ်စွာဘုရားတွင် သားသမီးရတနာရလိုပါကြောင်း သစ္စာအဓိဋ္ဌာန်ပြု၍ ဆုတောင်းပါက လွန်စွာပြည့်ဝလှပါသည်။ သားသမီးရတနာ မရနိုင်ကြသည့်သူများ တူစုံသွား၍ ဆုတောင်းပါက သားသမီးရတနာ သေချာပေါက်ရနိုင်ကြမည် ဖြစ်သည်။ ဘုရားအတွင်း သားသမီးရတနာ ရရှိသွားကြ၍ အဓိဋ္ဌာန်ထားခဲ့ကြသည့်အတိုင်း လာရောက်လှူဒါန်းထားကြသည့် စာရင်းများကို ထင်ထင်ရှားရှား ရေးသားထားသည်ကို တွေ့ရသည်။ ဆုတောင်းရာတွင် တစ်ဦးတည်း မဆုတောင်းဘဲ တူစုံဘုရားရှေ့သို့ အရောက်သွားဆုတောင်းပါမှ ပြည့်ဝမှုရရှိမည် ဖြစ်ပါသည်။ သားတော်ရမြတ်စွာဘုရား ပေါ်ပေါက်လာခဲ့ရသည့် သမိုင်းအထင်အရှားမှာလည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါသည်။

နွတ္တပေါင်မင်းလက်ထက်တွင် ပထမတကောင်းခေတ်မှ တည်ထောင်ခဲ့သော မောရှမ်းကိုးပြည်ထောင်အဝင် မိုးမိတ်မြို့ ရှမ်းမင်း ဆေဟုန်ဖတွင် ရုပ်အဆင်းအင်္ဂါပြည့်စုံ၍ ချောမောလှပသည့် သမီးတော် စောမြဝတီ၏ ဂုဏ်သတင်းက သင်းပျံ့လှသည်။ နွတ္တပေါင်ဟူသောအမည်မှာ တွပ်တာပေါင်ဟူသော ရှမ်းစကားမှလာသည်ဟု ရှမ်းရာဇဝင်များက ဆိုသည်။ တွပ်-ယူထားသော၊ တာ-မျက်စိ၊ ပေါင်-အလင်းရောင်၊ ပကာတိလူတို့မျက်စိထက် အလင်းရောင်တောက်ပသော မျက်စိ၊ မျက်ရှင်တော်ကို နတ်များက အပိုထည့်ပေးထားသောမင်းဟု ဆိုလိုသည်။ မျက်စိသုံးခု အတုမဲ့ခေါင်နွတ္တပေါင်ဟူ၍ ကဗျာလင်္ကာများနှင့် စပ်ဆိုထားသည်ကို ဦးကုလား မဟာရာဇဝင်ကြီးနှင့် ရှမ်းရာဇဝင်များတွင် တွေ့ရှိနိုင်ပေသည်။

နွတ္တပေါင်မင်းသည် မင်းစေတမန်များကို လက်ဆောင်ပဏ္ဏာတော်များဖြင့် ရှမ်းနှင့်မြန်မာ အမျိုးဆက်ရန် သီးခြားထီးဆောင်းမင်းဖြစ်သော မိုးမိတ်မြို့ ရှမ်းဘုရင် ဆေဟုန်ဖထံ သမီးကညာတောင်းခံခဲ့လေသည်။ ရှမ်းဘုရင် ဆေဟုန်ဖသည် မှူးမတ်ပညာရှိများနှင့် တိုင်ပင်တော်မူ၍ သမီးတော် စောမြဝတီအား



သားတော်ရမြတ်စွာဘုရားသို့ အဝင်မုခ်ဦး

www.burmeseclassic.com

သက်တော်စောင့်အမတ်ချုပ်တစ်ယောက်၊ အမတ်ငယ်တစ်ကျိပ်ကျော်၊ အပျိုတော် ငါးဆယ်၊ အိမ်ထောင်စုံ ခုနစ်ရာကျော်၊ ရွှေနောက်ငါးရာစီပါသော တစ်ထောင် တပ်၊ ဆင်၊ မြင်းများနှင့် ဒွတ္တပေါင်မင်းထံ သို့ ဆက်သခဲ့လေသည်။ စောမြဝတီ မိဖုရားမှာ မိန်းမကောင်း မိန်းမမြတ် လက္ခဏာနှင့် ပြည့်စုံသူဖြစ်သဖြင့် ဒွတ္တ ပေါင်မင်းကြီးက အရေးပေးသည်ကို အခြားသော မိဖုရား၊ မောင်းမမိသံ အခြွေအရံများက မနာလိုမရှုစိမ့်နိုင် သဖြင့် မင်းကြီးအား အမျိုးမျိုးကုန်းချော လျှောက်တင်ကြလေသည်။ ပထမတွင် ဒွတ္တပေါင်မင်းကြီးက မယုံကြည်ပါ။ စော မြဝတီမိဖုရား၏ နားတောင်းကိုမှီ၍ ည အခါ ဓာတ်တော်များ ကွန့်မြူးသည်ကို မစင်စားသည့် ကဝေမ၊ စုန်းမ ဖြစ်ပါ သည်ဟု ထပ်မံကုန်းချောစကား ဆိုကြ သည်ကို ဒွတ္တပေါင်မင်းကြီးက ယုံကြည် မိပြီး စောမြဝတီမိဖုရားအား မိမိဖခမည်း တော်ရှိရာ မိုးမိတ်မြို့သို့ အခြွေအရံနှင့် တကွ ပြန်လေတော့ဟု အမိန့်တော်ချ မှတ်လိုက်တော့သည်။

စောမြဝတီမိဖုရားမှာ ဖောင်တော် နှင့် ဆန်တက်လာရာ ရှမ်းဘုရင်နှင့် မြန်မာဘုရင်တို့၏ နယ်စပ်တစ်နေရာဖြစ် သော ထိုစဉ်က အရှေ့ရှမ်းတောင်တန်း ကြီးနှင့် ရန်ကင်းတောင်၊ သခင်မတောင် တောင်အထပ်ထပ်အပြင် မန္တလေးတောင် ၏ အနောက်ဘက်ယွန်း တာ ၂၀၀၀ ကျော်အကွာ စိမ်းညိုရစ်သန်း မြရည် ဆွတ်ဖျန်းထားသကဲ့သို့ စိမ်းလန်းစိုပြည်၍ အလွန်လှပတင့်မောစေသည့် ရောဝတီမြစ်ကမ်းခြေ ကုန်းမြင့်နေရာ ယခု အသောကာရာမကျောင်းတိုက်နှင့် ငါးစို့ကျောင်းတိုက် နှစ်ခုအကြားနေရာတွင် ဖောင်တော်ဆိုက်၍နားရာ ဒွတ္တပေါင်မင်း ကြီးနှင့် ရရှိခဲ့သည့် ပဋိသန္ဓေအရင့်အမာ ဖြင့် ကမ္ဘာဇလေ လှုပ်ရှား၍ သားတော် ဖွားမြင်လေသည်။

ထိုအကြောင်းကို သိရသော ဒွတ္တ ပေါင်မင်းကြီး အမျက်တော်ပြေကာ မိဖုရားနှင့် သားတော်ရှိရာသို့ တပ်ထောင် ဗိုလ်ထုနှင့် လိုက်လာသည်။ ဒွတ္တပေါင် မင်းကြီးသည် မိဖုရားနှင့် သားတော်လေး ကို လွန်စွာသနားကြင်နာတော်မူ၍ ၎င်း နေရာကို မြတ်စွာဘုရားဓာတ်တော်နှင့် နားတောင်း၊ လက်ဝတ်ရတနာ၊ ကျောက် သံပတ္တမြားတို့ကို ဌာပနာ၍ ခုနစ်တောင် နှစ်မိုက် စေတီတော်ကို မော်ကွန်းတင်၍ သားတော်ရမြတ်စွာဘုရားဟု ဒွတ္တပေါင် မင်းကြီးနှင့် စောမြဝတီမိဖုရားတို့သည် ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင် တော်မူပြီး သာသနာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် နောင်လာနောက်သား ဗုဒ္ဓ ဘာသာဝင် ကလျာဏနွယ်ဝင် သူတော် စင်အပေါင်းတို့ လှူဒါန်းပူဇော်နိုင်ကြစေ ရန်၊ ဆုတောင်းအဓိဋ္ဌာန်ပြုနိုင်ကြစေရန် ရည်သန်ကာ တည်ထားခဲ့ခြင်းဖြစ်သည်။

တစ်ဖန် ကောဇာသက္ကရာဇ် ၁၁၄၀ ခုနှစ်တွင် အမရပူရမြို့ကို စိုးစံတော်မူ သည့် ဘိုးတော်ပဒုံမင်းတရားကြီးမှ ခုနစ် တောင်နှစ်မိုက် စေတီတော်ကို ငုံ၍ မုခ် လေးမုခ် ရုပ်ပွားတော်လေးဆူနှင့်တကွ ဉာဏ်တော်အမြင့် တည်ထားကိုးကွယ် ခဲ့သည်။ ထိုမှတစ်ဖန် သာသနာသက္က ရာဇ် ၂၄၂၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၄၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့ နေ့သုံးချက်တီးကျော် ခုနစ် မောင်းတစ်ပါဒ် ၁၂၄၂ ခုနှစ်အကူး အတာသင်္ကြန်ပြောင်း အမြောက်သံပေး အခါတော်နှင့် တစ်ပြိုင်နက် သီပေါမင်း တရားကြီးလက်ထက် ပုံတာပေးအပ် ကြီးကြပ်ပြင်ဆင်စေသည့် စေတီ ၆၉ ဆူ အပါအဝင် တရားစာရေး နေမျိုး စည်သူရာဇာ ကြီးကြပ်ပြင်ဆင်စေသည့် အတွက် ယနေ့ထက်တိုင် သမိုင်းဝင် သားတော်ရမြတ်စွာဘုရားအဖြစ် ထင်ရှား ကျော်ကြားလျက်ရှိနေခြင်းပင်ဖြစ်ပါသည်။

သားတော်ရမြတ်စွာဘုရားတွင် သားသမီးရတနာ ထွန်းကားနိုင်သည့်သူ များ၊ သားသမီးရတနာ ထွန်းကားလိုသူ များ တစုံအရောက်သွား၍ ဆုတောင်း ခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုကြခြင်းဖြင့် မိမိတို့ အလိုဆန္ဒရှိနေသည့် သားသမီးရတနာ များ ထွန်းကားနိုင်ကြမည်ပင် ဖြစ်ပါ သည်။ သားသမီးရတနာရရန် ခက်ခဲနေ ကြသည့် စုံတွဲများအနေဖြင့် မန္တလေး မဟာမြတ်မုနိဘုရား၏ အနောက်မုခ်မှ ထွက်ကာ ဘုရားကြီး၏ အနောက်တောင် အရပ်တွင် တည်ရှိနေသည့် ကျွန်းလုံး ဥသျှောင် ၅၀၅ ရွှေအိုးတန်းရပ်ကွက် တွင် တည်ထားခဲ့သည့် သားတော်ရ မြတ်စွာဘုရားရှိရာသို့ အရောက်သွားကာ သားဆုပန်သင့်ကြပါသည်။ မည်မျှထွန်း ပေါက် ဆုတောင်းပြည့်သွားကြသည်ကို မှူ သားတော်ရမြတ်စွာဘုရား ဂေါပက ရုံးတွင် မှတ်တမ်းများ၊ ဓာတ်ပုံများကို သက်သေအဖြစ် လေ့လာကြည့်ရှုမိခြင်း ဖြင့်ပင် ယုံကြည်ကိုးစားမှုတည်းဟူသော ခံစားမှုတို့က ရောက်ရှိလာမည့်သူတို့ ရင်ထဲသို့ ဝင်ရောက်သွားမည် ဖြစ်ပါ တော့သည်။

**အောင်သာကျော်**

www.burmeseclassic.com

# ရဟန္တာရှစ်ဆယ်
# မှဲ့ရှင်ဆရာတော်

မြနန်းရှင်



ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ရွှေတောင်မြို့နယ်အတွင်းရှိ ရွှေနတ်တောင်ဘုရားအနီးရှိ ငါးဆူတောင်ကဥ္စနာဂီရိတောင် ဝိပဿနာရိပ်သာနှင့် ရန်ကုန်–ပြည်အဝေးပြေး ကားလမ်းအနီးရှိ ရှေးဟောင်း ရဟန္တာ(၈၀) သိမ်တော်တည်ရှိရာ သာသနာ့နယ်မြေတွင် ...

မှဲ့ရှင်ဆရာတော် (ခေါ်) ဘဒ္ဒန္တခေမာစာရ ဆရာတော်ဘုရား သီတင်းသုံးနေထိုင်တော်မူပါသည်။

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း၊ ဇီးကုန်းမြို့နှင့် နတ္တလင်းဘေးရှိ ဖုန်းဆိုးစုရွာနေ ခမည်းတော် ဦးထွန်းစိန်နှင့် မယ်တော် ဒေါ်မယ်ရှင်တို့ သမီးချည်း ခုနစ်ယောက်ဖွားမြင်ခဲ့သဖြင့် သားယောကျ်ားရစေရန် ရွာကျောင်းထိုင်ဆရာတော်မှ လမ်းညွှန်ခဲ့လေသည်။ သားကောင်း၊ သားမြတ် ရစေရန် တိုက်ကြီးကျေးရွာ၏ ညောင်ပင်ကြီးအနီးမှာ ဘုရားစေတီ ရှိပါသည်။

ထိုဘုရားမှာ သက်သတ်လွတ် ၁၀၈ ရက် စားသုံးပြီး အဓိဋ္ဌာန်ဝင်ပေးခဲ့ကြရသည်။ အဓိဋ္ဌာန် ၁၀၈ ရက်ကာလပတ်လုံး ညောင်ပင်ကြီးအောက်မှာ မဏ္ဍပ်ထိုး၍ သက်သတ်လွှတ် စတုဒိသာကျွေး၍ ဒါနခန်းပြုခဲ့၍ သီလဆောက်တည်ကာ သားဆုပန်ခဲ့လေသည်။

မှဲ့ရှင်ဆရာတော်လောင်းလျာ၏ ခမည်းတော်သည်

www.burmeseclassic.com

www.burmeseclassic.com



မှဲ့ရှင်ဘုရား

လောကအနေအစားဘဝမှာ နေထိုင်ပြီး စီးပွားရှာသူဖြစ်သော်လည်း ငါးပါးသီလအား ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာ ဆောက်တည်နေထိုင်သူ ဖြစ်သည်။ အရက်သေစာ သောက်စားခြင်း ကင်းရှံမက ကွမ်း၊ ဆေးရွက်ပင် မငုံဖူးကြောင်း သိရသည်။

လယ်ယာမြေကွက်ထဲတွင် ရေခန်းချိန် ပေါ်လာသော ငါး၊ ဖားများကိုပင် ဖမ်းယူစားသုံးခြင်း မရှိခဲ့ပေ။ ရေပုံး၊ ရေအိုးထဲသို့ ထည့်စေပြီး မြစ်ချောင်းရှိရာသို့ လွှတ်ပေးခြင်းဖြင့် အကုသိုလ်ကင်းဝေးအောင် နေထိုင်သူဖြစ်ကြောင်း သိရပါသည်။

မှဲ့ရှင်ဆရာတော်လောင်းလျာအား မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်၊ ဝါခေါင်လပြည့်၊ တနင်္လာနေ့၊ ညသန်းခေါင်ယံအချိန်၌ ဖွားမြင်သန့်စင်ခဲ့ပါသည်။ ဆရာတော်အား မွေးဖွားပြီးချင်း နံနက်အရုဏ်တက်မှာပင် မွေးနေ့မင်္ဂလာပြုလုပ်၍ မိုးဇာတိုက်ရှိ သံဃာအားလုံး ပင့်ဖိတ်၍ ဆွမ်းကပ်လှူတော်မူစဉ် သံဃာတော်အရှင်သူမြတ်များ ရှေ့မှာပင် သားငယ်အား လက်ဖြင့်မြှောက်ချီပင့်တင်၍ . . .

"တပည့်တော်သည် ယနေ့ယခု ပြုရသောကုသိုလ်ကောင်းမှု အဖို့ဘာဂကြောင့် ပြုပြုသမျှသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့၏ အဖို့ဘာဂကြောင့် တပည့်တော်၏ရင်၌ဖြစ်သော သားကလေးသည် မြင့်မြတ်သော သံဃာတော်အရှင်မြတ်တစ်ပါး ဖြစ်ပါစေသား"

ဟူ၍ နိမိတ်ယူကာ ဆုတောင်းခဲ့လေသည်။

မှဲ့ရှင်ဆရာတော်၏ ငယ်အမည်မှာ မောင်ခင်ရှိန် ဖြစ်ပါသည်။ အသက် ၉ နှစ်အရွယ်မှာ ဖုန်းဆိုးစုရွာ၊ ကျောင်းထိုင်ဆရာတော် ဦးလက္ခဏာအား ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့ပြီး ဘွဲ့အမည်မှာ 'ရှင်ခေမာစာရ' ဖြစ်ပါသည်။ ဥပဇ္ဈာယ်ဆရာတော်ထံမှာ အခြေခံ ပရိယတ္တိစာပေများ သင်ကြားခဲ့ပါသည်။ ထိုခေတ်ကာလ အခြေအနေအရ သင်္ကန်းအဝတ်ရှားပါးလှသဖြင့် လူမထွက်ချင်ဘဲ ထွက်ခဲ့ရပြီး ကျောင်းသားဘဝဖြင့် နေခဲ့ရသည်။ အသက် ၁၅ နှစ်အရွယ်မှာ 'ရှင်သာမဏေ' ပြန်ဝတ်ခဲ့ပြီး၊ ဇီးကုန်းဆရာတော်၊ ပဲခူးမြို့မ ဆရာတော်ကြီးထံ၌ ကျမ်းကြီးပေါက်သည်အထိ ပရိယတ္တိစာပေပညာများကို သင်ယူတတ်မြောက်ခဲ့ပါသည်။

သက်တော် ၂၀ ပြည့်ပြီး ရဟန်းဘောင်သို့ ရောက်ရှိပြီးအချိန်မှစ၍ သက်ပယ်ဆွမ်းကိုသာ ဘုဉ်းပေးတော်မူခဲ့ပါသည်။ ရဟန်းဘောင်သို့ စရောက်ချိန်မှစ၍ ၂၇ နှစ်တိုင်တိုင် တောထွက်ကာ တောရဆောက်တည် အားထုတ်ကျင့်ကြံခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး မဟာစေတီအနောက်ဘက် မြသီတာရွာ၊ ဝပေ–ဝတာရွာ၊ အလံနီရွာမှာ ဆွမ်းခံကြွသည်။ တစ်နေ့တည်းမှာ ရွာသုံးရွာ ဆွမ်းလောင်းလှူကြသည်။

ထိုသတင်းကြီးမှုအား ပဲခူးမြို့မဆရာတော်ကြီး ကြားသိပြီး ခေါ်တွေ့လေသည်။ "ပဲခူးမြို့ အရှေ့ရွာမှာ တပည့်တော်ရဲ့ဆရာ ပခုက္ကူဦးပုည ပျံလွန်တော်မူပါပြီ။ အဲဒီ ကျောင်းအို၊ ကျောင်းပျက်ပြုပြင်ရန် ရှိပါတယ်။ ကိုယ်တော်ကြွပြီး သီတင်းသုံးတော်မူပါ" ဟူ၍ မိန့်တော်မူသဖြင့် ကြွရောက်သီတင်းသုံးတော်မူခဲ့သည်။ သုံးနှစ်ကြာသီတင်းသုံးခဲ့စဉ် သံဃာအပါး ၆၀ အား စာချပေးတော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

တပည့်ဒကာ၊ ဒကာမ လူရာကျော်အား နှစ်နှစ်တာမျှ တရားဘာဝနာ ပြသပေးတော်မူခဲ့သည်။

ထိုကျောင်းမှာ သီတင်းသုံးစဉ် အိပ်မက်ပေး၍ ဘုရားပေါင်း တူးဖော်ခိုင်းသည်။ အဓိဋ္ဌာန်ဆောက်တည်ပြီးနောက် ပဲခူး၊ ကလိချောင်းတံတားတည်ပြီး၊ ဘုရားလည်းတည်ပြီး 'ဆံတော်ရှင်၊ စွယ်တော်ရှင်၊ သိဒ္ဓိရှင်'ဘွဲ့တော်မည့်ခဲ့သည်။

မှဲ့ရှင်ဆရာတော် ဖြစ်ပေါ်လာပုံမှာ အင်းတကော်မှာ တောရဆောက်တည်သီတင်းသုံးစဉ် ဦးထိန်ဆိုသော အဘိုးကြီးတစ်ဦး ယခု မှဲ့ရှင်ဘွဲ့အမည်ရ ရုပ်ပွားတော်အား လာရောက်လှူဒါန်းသွားခဲ့သည်။ ထို့နောက် ပေါင်းတည်မြို့ရှိ လူသူမနေနိုင်သော အိမ်ကြမ်းကြီးဖြစ်နေသော ဦးကျော်အေး၏အိမ်တွင် ကြွရောက်သီတင်းသုံးနေထိုင်စဉ် ကြွရောက်လာသော ဝေနေယျများအား တရားဒေသနာများ ဟောကြားပေးရလေသည်။ ၎င်းနောက် ပေါင်းတည်ငန်းပါတ်တောရကျောင်းမှာ သီတင်းသုံးခဲ့ပြီး ရှေးအရိယာဝိဇ္ဇာပုဂ္ဂိုလ်များ အားထုတ်ခဲ့သော ယူမကုန် စေတီဟောင်းမှာ အဓိဋ္ဌာန်ပြု အားထုတ်ခဲ့ပါသည်။

ထိုမှတစ်ဆင့် ပဲခူးမြို့ ဦးဝင်းအောင်နေအိမ်တွင် ဆရာတော် ပူဇော်ထားသည့် ရုပ်ပွားတော်အား အနေကဇာတင်ပေးခဲ့သည်။ ထိုရုပ်ပွားတော် ဘုရားရှင်အား လာရောက်ဖူးမြော်ကြည်ညိုကြသူများထဲတွင် သိကြားမင်းနှင့် နတ်ဒေဝါများပါ လာရောက်ပူဇော်ကန်တော့ကြကြောင်းကို ဆရာတော်တစ်ပါးသာ သိမြင်ခွင့်ရစေရာ လူပရိသတ်များအား အမှန်တကယ်ပင် သိကြားမင်း၊ နတ်ဒေဝါများ ဖူးမြော်လာကြောင်း သက်သေသာဓကအထင်အရှားပြခဲ့ရန် အဓိဋ္ဌာန်တင်လိုက်ပါသည်။ နောက်တစ်နေ့မနက်မှာ ဘုရားရုပ်ပွားတော်၏ လက်တော်တွင် ညိုမောင်းသော ရောင်ခြည်တော်များ စွဲကျန်ရစ်စေတာ တွေ့မြင်ဖူးတွေ့ခဲ့ရသည်။ ထိုအခါ ဘုရားဖူးလာကြသူများ၏ ပါရမီအနုအရင့်အပေါ်မှာ မူတည်ပြီး ညိုမောင်းသော အမှတ်အသားမှာ လက်တော်မှ မျက်လုံးတော်သို့ ရွေ့လျားသွားတာ ဖူးမြင်ရသဖြင့် 'မှဲ့ရှင်ဘုရား'ဟူသော ဘွဲ့တော်အပြင် ဆရာတော်အား 'မှဲ့ရှင်ဆရာတော်'ဟူ၍ ပူဇော်ခေါ်တွင်ကြလေသည်။

မှဲ့ရှင်ဆရာတော်မှာ ထူးမြတ်သော ပါရမီအနွယ်တော်ဝင် ဆရာတော်တစ်ပါးဖြစ်ပါ၍ ပုဂံတွင် အဓိဋ္ဌာန်ဝင်စဉ် အလောင်းတော်ကဿပ အတွင်းစခန်းတွင် အဓိဋ္ဌာန်ပြီးမြောက် ထွက်လာခဲ့သူ ဖြစ်ပေသည်။

ဆရာတော်၏အထက်မှာ ယုဂန္ဓာတောင်မြတ်မှ သီတင်းသုံးသော ဆရာတော်တစ်ပါး ရှိပါသည်။ ထိုဆရာတော်မှာ အပြီးထွက်ရန် ဆန္ဒရှိသဖြင့် ထိုထွက်ရပ်ပေါက်ဆရာတော်မှ သတ္တဝါအများ အကျိုးကို ရည်သန်၍ "ငါ့တပြည့် . . . မင်းရဲ့သာဝကတွေ ရွှေနတ်တောင်မှာ ရှိပေတယ်။ ထိုနေရာမှာ သာသနာပြုပါလေ"ဟု အမိန့်ချတော်မူသဖြင့် ရွှေနတ်တောင်သို့ ကြွရောက်သာသနာပြုခဲ့ခြင်းဖြစ်ပါသည်။ မြတ်စွာဘုရားရှင်ကိုယ်တိုင် ခြေတော်ချခဲ့သည့် ကဋ္ဌနာဂီရိတောင်တော်တွင် အဓိဋ္ဌာန်ဝင်ခဲ့ပြီး အဓိဋ္ဌာန်အောင်ပြီးနောက် ၄၅ တောင်အမြင့် အဓိဋ္ဌာန်အောင်စေတီ တည်ခဲ့ပါသည်။ ဆရာတော်၏ သာသနာပြုလုပ်ငန်းများ အောင်မြင်စေရန် ပီရှုန်နဂါးမင်းနှင့် နဂါးမယ်တော်တို့မှ အထောက်အပံ့ပြုပေးပါသည်။ ငါးဆူတောင် ဓမ္မရိပ်သာကို ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ နှစ်ကျိပ်ရှစ်ဆူစေတီတော် ပြိုပျက်သဖြင့် ပြုပြင်ခဲ့သည်။ သရေခေတ္တရာမင်းဆက်၊ ဒွတ္တဘောင်မင်းကြီး၏ မှဲ့ရှင်တော် ပျောက်ကွယ်သွားသဖြင့် မှဲ့ရှင်ဆုတောင်းပြည့်စေတီအား တည်ထားခဲ့သည်။ ထိုစေတီအား မှဲ့ရှင်ဆရာတော်မှ ခုနစ်ရက်သားသမီး ဖူးမြင်တွေ့ရန် ပြုပြင်တည်ထားပါသည်။ ပေါင်းတည်မြို့မှာ 'ယူမကုန်စေတီ'၊ ဇန်းမော်မြို့ ကွမ်းညှပ်စင်ရွာမှာ 'အနန္တဇေယျစေတီတော်'အား ပြန်လည်ပြုပြင် တည်ပေးခဲ့သည်။ ငါးဆူတောင်မှာ 'မဟာမြတ်ရုပ်ပွားတော်'အား ဂန္ဓကုဋိတိုက်ဖြင့် ပူဇော်ထားသည်။ ၂၀၀၄ ခုနှစ်တွင် ပြည်-ရန်ကုန်အဝေးပြေးလမ်းအနီး ရွှေတောင်မြို့နယ်အတွင်း ရဟန္တာရစ်ဆယ်၊ သိမ်တော်ဟောင်း ရှာဖွေတွေ့ရှိပြီး ကျေးရွာနှင့် သံဃာ့နာယကအဖွဲ့မှ မှဲ့ရှင်ဆရာတော်ထံ အပ်နှံသဖြင့် ဆရာတော်မှ သာသနာရောင်ဝါထွန်းလင်းအောင် ရွက်ဆောင်တော်မူခဲ့ကြောင်း ဖူးတွေ့ရပါသည်။

**မြနန်းရှင်**

(၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ သူရဇ္ဇမဂ္ဂဇင်းမှာ အကျယ်ဖော်ပြပြီးပါပြီ။)

www.burmeseclassic.com

www.burmeseclassic.com

# ရွှေအိုးကြီးထမ်းလာတဲ့ သားကို မြင်လိုပါတယ်

သန်လျင်ဩဘာသိမ်း

"တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ"

ဆိုသည့် ဇာတ်ကြီး (၁၀)ဘွဲ့ ရှိ၏။ ထိုဇာတ်ကြီး (၁၀)ထဲက မိဘကို လုပ်ကျွေးသူ သုဝဏ္ဏသာမ ဆိုတာ ရှိ၏။

ဟိမဝန္တာတောကြီး တောနက်ထဲမှာ ဝေပုလ္လတောင်ခြေရင်း၏ တစ်နေရာတွင် ကျောင်းသင်္ခမ်းလေးမှာ ဒုကုလ၊ ပါရိက အမည်ရှိ ရသေ့နှစ်ပါးရှိ၏။

ဒုကုလရသေ့သည် အမျိုးသားကြီးဖြစ်၍ ပါရိကရသေ့မှာ အမျိုးသမီးကြီး ဖြစ်လေ၏။ ၎င်းတို့သည် သက်ကြီးရွယ်အိုများဖြစ်ပြီးလျှင် ထိုသက်ကြီးရွယ်အိုနှစ်ဦးသည် မြွေဆိပ်သင့်ကာ မျက်စိကွယ်ကြရရှာ၏။

ထိုမျက်မမြင် ရသေ့နှစ်ပါးအား လုပ်ကျွေးပြုစုရန် တောထဲ၊ တောင်ထဲက နတ်ဒေဝါများက သုဝဏ္ဏသာမဆိုသည့် သားတစ်ယောက်ကို ဖန်ဆင်းပေးခဲ့၏။

သုဝဏ္ဏသာမဆိုသူသည် မိဘနှစ်ပါးအား ပျော်ပျော်ရွှင်ရွှင်နှင့်ပင် ဝတ်ကြီးဝတ်ငယ်ပြုစုပြီး ကျွေးမွေးစောင့်ရှောက်လေ၏။

လွန်စွာမှ ထူးဆန်းသည်ကား သုဝဏ္ဏသာမသည် တောနက်ကြီးထဲမှာရှိသော တောတိရစ္ဆာန်အပေါင်းနှင့် မိတ်ဆွေများ ဖြစ်ကြကုန်၏။

မိဘနှစ်ပါးအတွက် ရေခပ်ခြင်း၊ သစ်သီးသစ်ဖု ရှာဖွေသည့်အခါတိုင်း တောတိရစ္ဆာန်တို့ကလည်း ပါဝင်ကူညီလေ့ရှိ၏။

တစ်နေ့သ၌ သုဝဏ္ဏသာမသည် မြစ်ဆိပ်သို့ ရေခပ်ရန်သွားသည့်အခါ သွားခါနီးမှာ မိဘနှစ်ပါးကို စိတ်မချ၊ စိတ်ပူပန်စွာနှင့် မှာလေ့ရှိ၏။

"အဖေတို့၊ အမေတို့ရေ· ကျွန်ုပ် မြစ်ဆိပ်မှာ ရေခပ်သွားဦးမယ်။ အဖေတို့၊ အမေတို့ ဆာရင်စားဖို့ သစ်သီးများလည်း ခြင်းထဲမှာရှိတယ်။ သောက်ရေလည်း အနားမှာရှိပါတယ်။ တကယ်လို့ တပိုတပါးသွားချင်ရင် နောက်ဖေးက ကြိုးတန်းအတိုင်း မြဲမြဲကိုင်ပြီးလျှောက်နော်။ ကြိုးတန်းမကိုင်ဘဲ မလျှောက်ပါနဲ့နော်။ ချော်လဲနေမှာစိုးလို့ပါ။ ကျွန်ုပ်သွားမယ်"

ဟု တတွတ်တွတ် မှာကြားရာ မိဘနှစ်ပါးကလည်း -

"သာဓု··သာဓု··သာဓုပါကွယ်။ သားလေး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေကွယ်"

ဟု ဆုတောင်းပေးကြလေ၏။

သုဝဏ္ဏသာမသည် မြစ်ဆိပ်သို့ ရေခပ်သွားသည့်အခါ သမင်ကဏလေးတွေလည်း နောက်က လိုက်ပါသွားကြလေ၏။ ထိုအချိန်မှာ တောလည်လာသည့် ဘုရင်တစ်ပါးသည် သမင်အပေါင်း ခြံရံပြီး ရေခပ်လာသည့် သုဝဏ္ဏသာမကို မြင်လိုက်ရသည်နှင့် လွန်စွာမှ အံ့အားသင့်ပြီးလျှင် မြားနှင့်ပစ်လိုက်လေတော့၏။

သုဝဏ္ဏသာမသည်လည်း မြားဒဏ်ကြောင့် သဲမြေပြင်ပေါ်သို့ လဲကျသွားလေ၏။ ၎င်းသည် မိဘနှစ်ပါးရှိသည့်အရပ်ကို ခေါင်းပြု၍ လဲကျသွားလေတော့၏။

မြားနှင့်ပစ်လိုက်သည့် ဘုရင်လည်း သုဝဏ္ဏသာမအနားသို့ ရောက်ရှိလာသည့်အခါ လွန်စွာမှ စိုးရိမ်ထိတ်လန့် ဖြစ်သွားပြီးလျှင်···

"အလို···ငယ်ရွယ်လှပတဲ့ လူသားတစ်ယောက်ပါလား"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

"အို…အသင်လူသား၊ ကျွန်ုပ်ကို ဘာကြောင့် မြားနဲ့ပစ်ရတာလဲ။ လူသား ဆိုတာလည်း မစားကောင်းပါဘူး။ ကျွန်ုပ် ရင်ထဲမှာ ကြေကွဲခံစားနေရပါပြီ။ အခု ဝေဒနာခံစားနေရတဲ့ ဒဏ်ရာထက် အဆ ၁၀၀ မက ခံစားနေရတာက မျက်မမြင်မိဘတွေအတွက် စိုးရိမ်ပူပန် မိလို့ပါ"

ဟု သုဝဏ္ဏသာမက ပြောလိုက်ရာ ဘုရင်မှာ လွန်စွာမှ စိတ်မကောင်း ဖြစ်ရ၏။ ထို့နောက် -

"လူကလေး၊ ကျွန်ုပ်ဟာ ဗာရာဏသီပြည့်ရှင် ပိဠိယက္ခမင်း ဖြစ်ပါတယ်။ ကျွန်ုပ် လူကလေးအား သေစေလိုတဲ့ စိတ်မရှိပါ။ လူသူမနီး တောကြီးထဲမှာ တွေ့ရလို့ စူးစမ်းတဲ့အနေနဲ့ ပစ်မိတာပါ။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ"

ဟု တောင်းပန်လိုက်လေ၏။

"ရှိပါစေတော့ အသင်မင်းကြီး။ ကျွန်ုပ်မှာ ရှေးဘဝက ဝဋ်ကြွေးကြောင့် ဖြစ်ရတာပါ။ သေလိုလျှင်လည်း သေပါ စေတော့။ အသင့်ကို စိတ်မဆိုးပါဘူး။ ဒါပေမယ့် ကျွန်ုပ်သေသွားရင် မျက်မမြင် မိဘနှစ်ပါး အစာရေစာပြတ်ပြီး သေရ ရာပါလိမ့်မယ်။ အဲဒီအတွက်ပဲ စိုးရိမ် ပူပန်ပြီး စိတ်မဖြောင့်နိုင်ဖြစ်နေရပါတယ်"

ဟု သုဝဏ္ဏသာမက ပြောလိုက် ရာ ပိဠိယက္ခမင်းကြီးမှာ အပြစ်ကင်း သည့် သူတော်ကောင်းကို ညှဉ်းဆဲသလို ဖြစ်မိသည့်အတွက် နောင်တရပြီး -

"အသင် သူတော်ကောင်းလေး၊ ဒီအတွက်တော့ စိုးရိမ်မနေပါနဲ့။ အသင့် ရဲ့ မိဘနှစ်ပါးကို ကျွန်ုပ်ကောင်းစွာ ပြုစုပါ့ မယ်။ သူတို့ရှိမယ့်နေရာကိုသာ ညွှန်ပြပါ"

ဟု ပြောလိုက်လေ၏။

"ကျွန်ုပ်ဦးခေါင်းပြုရာအရပ်မှာ ရှိ ပါတယ် အရှင်မင်းကြီး"

ဟု သုဝဏ္ဏသာမ ပြောလိုက်ပြီး အဆိပ်တက်ကာ သတိလစ်သွားလေ တော့၏။

❐

ဘုရင်ကြီးဟာ သုဝဏ္ဏသာမ၏ မိဘနှစ်ပါးကို အကျိုးအကြောင်းပြော လိုက်ရာ မိဘများလည်း လွန်စွာမှ ပူပန် ကာ သားရှိရာအရပ်ကို လိုက်ပြနိုင်း လေ၏။ သားရှိရာသို့ ရောက်သည်နှင့် ၎င်းတို့၏ သားတော်မောင်အား စမ်း၍ ငိုကြွေးလေတော့၏။ ထိုသို့ ပူဆွေးနေ ချိန်မှာ ကောင်းသူကိုကယ်၊ မကောင်းသူ ကိုပယ်သည့် သိကြားမင်းရောက်ရှိလာ လေတော့၏။

သုဝဏ္ဏသာမသည် ဘုရား အလောင်းတော်ဖြစ်၏။ မိဘနှစ်ပါးကို လုပ်ကျွေးပြုစုသည့် သူတော်ကောင်း တစ်ဦးလည်း ဖြစ်၏။ ထိုအကြောင်းကို သိကြားမင်းက -

"အရှင်ရသေ့နှစ်ပါးတို့၊ အရှင်တို့ ကို ကျွန်ုပ် ဆုကြီးသုံးဆု ပေးပါ့မယ်။ အလိုရှိရာ တစ်ဆုကိုသာ တောင်းကြ ပါလော့"

ဟု ပြောလိုက်လေ၏။

"အမိန့်ရှိပါ အရှင်သိကြားမင်း"

ဟု ရသေ့နှစ်ပါးက မေးလိုက်ရာ သိကြားမင်းက -

"(၁) အသင်တို့ကလေး အသက် ရှင်စေလိုသလား၊ (၂) သင်တို့ရဲ့မျက်စိ အလင်းရလိုစေသလား၊ (၃) ရတနာရွှေ အိုးကြီးကို လိုရာသုံးဖို့ လိုချင်ပါသလား"

ဟု ဆုကြီးသုံးဆုကို တောင်းဆို ရန် ပြောလိုက်လေ၏။ ထိုအခါ သုဝဏ္ဏ သာမ၏ မိဘနှစ်ပါးက ပြိုင်တူ -

"အို…သကြားမင်း၊ ကျွန်ုပ် တို့၏ သားကလေး ရတနာရွှေအိုး ထမ်းလာတာကိုသာ မြင်လိုပါတယ်"

ဟု ပြောလိုက်ရာ သိကြားမင်းမှာ ၎င်းတို့၏ ဆုတောင်းစကားကို ကြား၍ လွန်စွာမှ အံ့ဩသွားရလေတော့၏။ ထို့ နောက် သိကြားမင်းမှာ လွန်စွာမှ သဘောကျ၍ -

"သင်တို့ဟာ တစ်ခွန်းတည်းသော စကားနဲ့ သုံးခုစလုံး အကျုံးဝင်အောင် ပြောလိုက်တာပါပဲလား။ သင်တို့တောင်း တဲ့ဆုကို ပေးပါ့မယ်"

ဟု ပြောလိုက်၏။ ထိုအချိန်မှာ ပင် သုဝဏ္ဏသာမသည် သိကြားမင်း ဆုတောင်းအပြီး၌ လူကောင်းပကတိ ဖြစ်သွား၏။ မျက်မမြင်မိဘနှစ်ပါးလည်း မျက်စိမြင်လာပြီး ရတနာရွှေအိုးကြီးကို ပါ ရလိုက်ကြလေတော့၏။

ပိဠိယက္ခမင်းကြီးလည်း မကြုံစဖူး လွန်စွာမှ အံ့ဩဖွယ်ရာ ဖြစ်ရပ်နှင့် ကြုံရပြီး တုန်လှုပ်ချောက်ချားသွား၏။ သုဝဏ္ဏသာမက မင်းကြီးအား တရား ဟော၏။ သုဝဏ္ဏသာမတရားစကားတွေ ကြောင့်၊ မင်းကြီးလည်း တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရန် ဝန်ခံ ကတိပြုလိုက်လေတော့သတည်း။

**သန်လျင်ခြာသိမ်း**

www.burmeseclassic.com

# ရွှေအိုးထမ်းတဲ့နိမိတ်

# အတော်ဟုတ်တဲ့ဘိသိက်

အောင်အုံ့ကြီးမောင်(ဟသ်ာတ)




မကြာသေးတဲ့ ကာလတစ်ခုစီကပါ . . .

ရ၆ နှစ်ရှိပြီဖြစ်တဲ့ ဖခင်ကြီးဦးညွန့်ရွှေ ရဟန်းဘောင်ကို တစ်သက်လုံး အပြီးဝင်သွားတဲ့ အကြောင်း ကျွန်တော်ထိုင်စဉ်းစားရင်း ဖခင်ကြီး(ယခု ဆရာတော် ဦးဥာဏ)·မိန့်မှာခဲ့တဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

"အေး ... အံ့ကြီးမောင် ဒကာလေးရေ၊ ဦးပဉ္စင်းအတွက်တော့ ဘာမှပူမနေတော့နဲ့။ ဘုရားသားတော်ဖြစ်မှတော့ သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံး၊ သစ်ရိပ်တဲကျောင်းနဲ့ အကောင်းဆုံး ဘုရားဆေး ဗောဇ္ဈင်္ဂသုတ် ပရိတ်ရှိနေသမျှ တရားရှုမှတ်ဖို့ကလွဲပြီး ဘာမှမလိုဘူး။ ဒကာလေးလည်း ဦးဇင်းအတွက် အဖေဆိုပြီး နောက်ဆံငင်စရာမလိုတော့ဘူး။ ဒကာလေးလုပ်ချင်တဲ့ သတ္တဝါတွေ နည်းပေးလမ်းပြ ကယ်တင်တဲ့ သာသနာ့အကျိုးပြုလုပ်ငန်းတွေ ဖြောင့်ဖြောင့်တန်းတန်း လုပ်ပေတော့"

ဟုတ်ပါတယ်။ ဟိုးအရင်က ကျွန်တော့်မှာ မိသားစုတာဝန်၊ အဖေ့တာဝန်နဲ့မို့ လုပ်ချင်တဲ့ ရပ်ဝေးအမိဋ္ဌာန်တို့၊ ရက်ရှည်ဂန္ထာရီတို့ ငဲ့ပြီး မလုပ်ရဲခဲ့ဘူး။ ဒါပေမဲ့ အဖေဘာပြောပြောပါ သားသမီးတစ်ဦးအနေနဲ့ တစ်ဦးတည်းရှိတဲ့ ဒီအဖေကို တတ်စွမ်းသမျှ ကျေးဇူးဆပ်ဖို့ ကျွန်တော်ကြိုးစားနေရတာပေါ့။ ခုလည်း ဖခင်ကြီးနေတဲ့ ကျောင်းဝန်းထဲမှာ တရားအားထုတ်၊ နားနေနိုင်ဖို့ ကျောင်းလေးတစ်လုံး ဆောက်လှူဖို့ တွက်ချက်ကြည့်နေတုန်း ဘုရားဦးချ။

ကျွန်တော်တို့လည်း ပါလာတဲ့ အအေးပုလင်းနဲ့ ထမင်းချိုင့်ပေးပြီး ...

"ဆရာအံ့ရေ၊ အချိန်မရလို့ လိုရင်းတိုရှင်းပဲ။ ခုသားတော်မောင် ဖိုးရွှေအတွက် အလုပ်ကိစ္စ အရေးပေါ်ကြုံလာလို့ လုပ်ပေးပါဦး။ ပြီးတော့ ကျွန်တော့်မိန်းမ မကျော့ရဲ့မောင်အတွက် နိုင်ငံခြားမှာ အန္တရာယ်ကင်းဖို့နဲ့ မလေးရှားမှာ သူတက်နေတဲ့ သင်တန်းအောင်ဖို့ ယောက္ခမကြီးကလည်း ရန်ကုန်ကနေ နားပူလိုက်တယ်။ ဆရာရေ .. တစ်ခါတည်းသာ လိုတာတွေ လုပ်ပေးပါ။ ဆရာ့ကို တွေ့ဖို့က ကျွန်တော် ကျားမြီးသာ ပြေးဆွဲလိုက်ချင်တယ်။ ဟောခန်းကြီးပစ်ထားပြီး သွားလိုက်တဲ့ခရီးတွေ။ ကြံခင်းပဲလိုက်ရမလို၊ တော်ကြာ ပုသိမ်၊ မြို့အနှံ့ရောက်နေတော့ ခုလိုဟသ်ာတတွေ့တုန်း အေးအေးဆေးဆေး မေးစရာရှိတာမေးထားရတာဗျို့"

တရစပ် မနားတမ်း ပြောသွားတဲ့ ကိုသိန်းစိုး စကားဆုံးအောင် စောင့်ပြီးမှ ...

"ဟုတ်တယ် ကိုစိုးရေ။ ကျွန်တော့်အဖေက ဒီသင်္ကြန်ရက်မှာ ရဟန်းဝတ်၊ ကျွန်တော်ကလည်း ကြံခင်းဘက်မှာ ဘုရားတစ်ဆူ ပန္နက်တင်ဖို့ရှိလို့ အလုပ်နှစ်ခုဆိုင်နေလို့ ခရီးထွက်တာ။ ပုသိမ်နဲ့ ကြံခင်း လွန်းထိုးနေရတာ။ အေးဗျာ ... ခုတွေ့ပြီပဲ။ ခင်ဗျားသားအတွက်ရော၊ ယောက္ခမအတွက်ရော လိုတာလုပ်ပေးပါ့မယ်။

"ခုနတင် ကျွန်တော်လည်း အဖေ့အတွက် သုံးသိန်းတန်ကျောင်းတစ်ကျောင်းလောက် ကိုယ်ပိုင်ငွေနဲ့ လှူမယ်လို့ မိဋ္ဌာန်ရင်း ဘယ်လိုကံပွင့်၊ ကံကောင်းအောင်လုပ်ပြီး မိဘကျေးဇူးဆပ်ရမလဲ တွေးနေတာ အစ်ကိုရ။ ခုလိုဆိုတော့ အစ်ကို့သားရဲ့ ရှေ့ရေးနဲ့ အစ်ကို့ယောက္ခမရဲ့ မိဘလုပ်ကျွေးရင်း တိုင်းတစ်ပါးမှာ အန္တရာယ်ကင်းစေတဲ့ ကုသိုလ်ပြုခြင်းရော၊ ဆရာကြီးမင်းသိခ်ရဲ့ နည်းစနစ်အတိုင်း ဟိုတုန်းက ကျွန်တော် ဗေဒင်ပရိသတ်တွေကို လုပ်ပေးဖူးတဲ့ သုဝဏ္ဏသာမ **သားရွှေအိုးထမ်းကိန်း** ဓာတ်ဘိသိက်ပုံနဲ့ ဒီပုတီးစိပ်လေး ပေးလိုက်မယ် အစ်ကိုရာ။ နေ့တို့၊ အချိန်တို့ကတော့ စာရွက်ပေါ်မှာ ကျွန်တော်ရေးပေးလိုက်မယ်"

ကိုသိန်းစိုးလိုပဲ သားသမီးဖော အများကြီးမောနေတဲ့လူတွေ မိဘကို ကျေးဇူးဆပ် ရှာကျွေးချင်တဲ့ မိတ်ဆွေ ရောင်ပြန်ချစ်ပရိသတ်များအတွက်ပါ ယုံသူတွေလုပ်ကြည့် အကျိုးပေးအောင်မြင်နိုင်ဖို့ပါ။ ပန်းချီဆရာ ကိုရေခဲကို ဆွဲခိုင်းထားတဲ့ ဓာတ်ဘိသိက်ပုံလေးနဲ့ ဇယားလေးကို ဖော်ပြလိုက်ပါတယ်။ ရောင်ပြန် ၇/၂၀၀၅ ၌လည်း ထိုပုံမျိုးပါဖူးပါသည်။

ကျွန်တော့်ဆီက ယူစရာ၊ လုပ်စရာတွေ ယူသွားကြပြီး နှစ်လလောက်ာကာတော့ ကျုံပျော်က ကျွန်တော့် **လောကနတ် ချမ်းသာပါစေ ဝိဇ္ဇာဓာတ်နန်း**ကို ကိုသိန်းစိုးတို့သားအဖ ဆိုင်ကယ်တစ်စီးနဲ့ ရောက်လာပြီး သူ့သားအလုပ်ရလို့ လာကန်တော့ကြောင်း၊ သူ့ယောက္ခမကြီးကလည်း အဆင်ပြေလို့ သားတော်မောင်ပို့လိုက်တဲ့ ငွေရော၊ အလုပ်ရာထူးတိုးစာရော ရလို့ ကျေးဇူးတင်ကြောင်းပြောရင်း သူ့သား ရွှေတိုက်စိုးကို ကျွန်တော့်ရှေ့မှာထိုင်ပြီး ပါလာတဲ့အထုပ်တွေနဲ့ ကန်တော့ခိုင်းပါတယ်။ ဆရာဆိုတာကတော့ ခုနစ်ရက်သားသမီးတွေ အောင်မြင်သွားရင်ပဲ ပီတိစားပြီး အားရှိနေတဲ့ လူတွေမို့ ဆုတောင်းမေတ္တာပို့ရင်း–

သာဓု .. သာဓု ... သာဓု ခေါ်လိုက်ပါတော့တယ်။

ရောင်ပြန်ပရိသတ်များလည်း ဖော်ပြပါ ပုံလေးရဲ့အပေါ်မှာ ဥပမာ ဗုဒ္ဓဟူးသား မောင်အံ့ကြီးမောင် သားရွှေအိုးထမ်းကိန်း ကြုံပြီဗျို့လို့ မိမိတို့နေ့၊ အများခေါ်နာမည်ပါ

www.burmeseclassic.com

ရေးပါ။

အိုးနေရာမှာ မိဘဓာတ်ပုံ (သို့) နာမည် နှစ်မျိုးစလုံး ရေးပါ။ ဓာတ်ပုံချိတ်ဖို့ကတော့ TV ဘေး (သို့) ဘုရားစင် ထက် မမြင့်တဲ့ ခေါင်းရင်းဘက်နေရာ (သို့) ကလေးရဲ့ စာကြည့်စားပွဲမှာ ပလတ်စတစ်လောင်းပြီး ချိတ်ထားပါ။

ပုံချိတ်တဲ့နေ့ကစပြီး မိဘနှစ်ပါးကဖြစ်စေ၊ မိမိတူ/တူမ၊ တပည့်၊ သားသမီးကို ဖြစ်ထွန်းတိုးတက်စေချင်သူကဖြစ်စေ၊ ကိုယ်တိုင် မိဘလုပ်ကျွေးလိုသူကဖြစ်စေ အောက်ပါဂါထာနဲ့ ပုတီးသုံးပတ်၊ ၂၇ ရက်စိပ်ပါ။ လုပ်လိုတဲ့အလုပ်၊ စာမေးပွဲ၊ ဝင်ငွေ၊ ဆန္ဒတွေ ပြည့်သွားလို့ ဆက်ကောင်းနေချင်ရင်တော့ တစ်နေ့ ၁၀၈ လုံး ပုတီးနဲ့ တစ်ပတ်ဆက်ပြီး စိပ်သွားပါ။

**"မာတာ ပီတု ဥပဋ္ဌာနံ ပုတ္တဒါရဿ သင်္ဂဟော**
**အနာကုလာစ ကမ္မန္တာ ဧတံ မင်္ဂလ မုတ္တမံ**
**ဧတေန သစ္စဝဇ္ဇေန ဟောတု သဗ္ဗဒါ"**

လို့ ဂါထာတစ်ပုဒ်ဆုံးရင် ပုတီးတစ်လုံးချပေါ့။

ပုံချိတ်တဲ့နေ့မှာ သက်သတ်လွတ်စားနိုင်ရင် ပိုကောင်းပါတယ်။ ကျကျနနလေး လိုက်နာဆောင်ရွက်ပါ။ မိမိသားသမီး ဖြစ်ထွန်းလိုသူတွေအတွက် မုချမသွေ အကျိုးရှိမှာပါ။ စာရေးသူကိုယ်တိုင် လုပ်တဲ့အတွက် ပစ္စည်းပျောက်တစ်ခုကို ကူညီဟောပြောပေးလို့ အဖေ့အတွက် ကျောင်းဆောက်ဖို့ လိုတဲ့ငွေ အဆင်ပြေခဲ့ပါပြီ။

ကဲ ... ယုံရင် ကြည်သလို၊ စွန့်ရင် စွမ်းမှာပါ မိတ်ဆွေ။

| နေ့သား/သမီး | ချိတ်ရမည့်နေ့ | အချိန် | မိမိအိမ်ဘုရား၌ လှူရမည့် ပန်း/အညွန့် | ပုံချိတ်ပေးရမည့် နေ့သား |
|---|---|---|---|---|
| ၁။ တနင်္ဂနွေ | စနေ | နံနက် ၆း၀၀ နာရီမှ ၈း၂၄ နာရီ | သပြေ ၁၀ ညွန့် | သောကြာသား/သမီး |
| ၂။ တနင်္လာ | ကြာသပတေး | နံနက် ၉း၀၀ နာရီမှ ၁၀း၁၀ နာရီ | ဂန္ဓမာပန်း ၁၉ ပွင့် | စနေသား/သမီး |
| ၃။ အင်္ဂါ | ဗုဒ္ဓဟူး | ညနေ ၃း၀၀ နာရီမှ ၄း၀၀ နာရီ | ရွှေ (သို့) စံပယ် ၁၇ ပွင့် | တနင်္ဂနွေသား/သမီး |
| ၄။ ဗုဒ္ဓဟူး | အင်္ဂါ | နံနက် ၈း၄၅ နာရီမှ ၁၀း၃၀ နာရီ | နှင်းဆီနီ ၇ ပွင့် | တနင်္လာသား/သမီး |
| ၅။ ကြာသပတေး | တနင်္ဂနွေ | နံနက် ၆း၀၀ နာရီမှ ၈း၂၄ နာရီ | အုန်းညွန့် ၆ ညွန့် | အင်္ဂါသား/သမီး |
| ၆။ သောကြာ | ဗုဒ္ဓဟူး | နံနက် ၆း၀၀ နာရီမှ ၈း၂၄ နာရီ | ရွက်လှ ၁၂ ညွန့် | ဗုဒ္ဓဟူးသား/သမီး |
| ၇။ စနေ | တနင်္ဂနွေ | နေ့ ၁၀း၃၀ နာရီမှ ၁း၃၀ နာရီ | ဒန်း (သို့) နှင်းဆီ ၁၀ ပွင့် | ကြာသပတေးသား/သမီး |

**မှတ်ချက်** ။ ။ ပုံချိတ်မထားလည်း ပုတီးစိပ်ကို ကျကျနနစိပ်ပါက အကျိုးရှိပါလိမ့်မည်။ စွန့်လျှင်စွမ်းမည်။

သုခိတာ ဟောထ၊ သဗ္ဗဒါ
**အောင်အုံကြီးမောင်(ဟာသံ့တ)**
လောကနတ်–ချမ်းသာပါစေ ဝိဇ္ဇာဓာတ်နန်း



www.burmeseclassic.com

www.burmeseclassic.com

# နာမည်တူသော ရွှေစာရံဘုရား(၂)ဆူ

ဆွေမြင့်သူ(ကြေး/မြေ)

**စကားချီး**

ဘုရားစေတီပေါ်များလှစွာသော စာရေးသူတို့ မြန်မာနိုင်ငံတွင် နာမည်တူဘုရားများ အထင်အရှားရှိသည်။ ဥပမာ ရွှေဆံတော်၊ ရွှေမြင်တင်၊ ဖောင်တော်ဦး၊ ရွှေစည်းခုံ အစရှိသော နာမည်တူ ဘုရားများကို ရှေးဘုရင်များက မြန်မာပြည်အနှံ့ တည်ထားကိုးကွယ်ခဲ့ကြသည်။ ထိုထိုသော ဘုရားစေတီများ၏ သမိုင်းအကျဉ်းများအား စာရေးသူ ရောင်ပြန်မဂ္ဂဇင်းတွင် အခန်းဆက် ဖော်ပြရေးသားတင်ပြပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် အထက်မြန်မာပြည်ရှိ "ရွှေစာရံ" ဘုရားစေတီ(၂)အကြောင်းကို ထပ်လောင်းရေးသားတင်ပြအပ်ပါသည်။

**(က) မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှ ရွှေစာရံဘုရားများ**

*××× (အဖော်တွေပျော်ပျော်ပါးပါး ××× မော်တော်ကားနဲ့ရယ် ××× လိုက်ခဲ့သူ အကုန်လုံးခေါ်မယ် မောင်ရယ်ကွယ် လက်ကိုင်ပဝါခေါင်းစည်းလေးနဲ့ တစ်မျိုးလေးပဲ ခုံညားတယ်) အသက်မကြီးသေးပါမောင်ရယ် ××× ထန်းရွက်ပုတီးကလေးဆွဲလို့ ××× ရွှေစာရံကို အရောက်သွားလို့လည် ××× ဟူသော* သီချင်းထဲကလိုပင် နားတောင်းကျချောင်းကိုဖြတ်၍ ဘုရားဖူးများ သွားရောက်ဖူးမြော်လေ့ရှိသော အထက်မြန်မာပြည်မှ ရွှေစာရံဘုရားသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာတွင် တည်ရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူ/သီပေါဒေသမှ မြစ်ဖျားခံ၍ စီးဆင်းလာသော ဒုဋ္ဌဝတီမြစ်၏ မြောက်ဘက်ရှိ အဘယခေမာ (ဘေးကင်း၍ အေးချမ်းသာယာသော ကုန်းမြေ)ဟု ခေါ်ဝေါ်သည့်နေရာတွင် ထင်ရှားစွာ တည်ထားကိုးကွယ်ထားခြင်း ဖြစ်ပါသည်။ စေတီတော်၏ မူလအစ ဘုရားဒါယိကာမှာ မြန်မာရာဇဝင်၊ ရှမ်းသမိုင်းရာဇဝင်တို့၌ ထင်ရှားကျော်ကြားခဲ့သော ထူးခြားမြင့်မြတ်သည့် ပါရမီ၊ မေတ္တာရှင်၊ သစ္စာရှင် မိုင်းမောဝ်ဇကေရီ လုဒေဝီ စောမွန်လှ (ရှမ်းပြည်နယ်အခေါ် စဝ်မွမ်းလ)ပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com




မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊
'ရွှေစာရံ'ဘုရားမှ ဗုဒ္ဓရုပ်ပွားတော်

## သမိုင်းအကျဉ်း

စောမွန်လှသည် မိုင်းမောဝ်စော်ဘွားကြီး၏ သမီးတော်ဖြစ်၍ စော်ဘွားကြီးသည် မိုင်းမောဝ်နှင့် ပုဂံရာမ(ပုဂံ) နှစ်ပြည်ထောင်ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲရှင်သန်စေရန် ရည်ရွယ်လျက် သမီးတော် စောမွန်လှအား အနော်ရထာဘုရင်နှင့် လက်ဆောင်နှင်းပေးခဲ့သဖြင့် ပုဂံနေပြည်တော်သို့ အတူလိုက်ပါကာ မိဖုရားအဖြစ်သို့ ဆိုက်ရောက်လေသည်။ စောမွန်လှသည် ပါရမီထူးခြားသော မိန်းမမြတ်ဖြစ်သည့်အားလျော်စွာ သာသနာတော်ကြီးကို ချီးမြှောက်၍ ရှင်အရဟံမထေရ်မြတ်အား ပစ္စည်းလေးပါး ဒါယိကာခံယူကာ ကိုးကွယ်ခဲ့သည်။ သို့သော် ကာလအတန်ကြာသော် ကံကြမ္မာအလှည့်အပြောင်းကြောင့် (ပုဂံနန်းတွင်း၌ အိမ်ထောင်ရေး လူမှုရေးကိစ္စ မကျေလည်မှု၊ သဘောထားမတိုက်ဆိုင်မှု၊ အမြင်မကြည်လင်မှုများအား ရင်ဆိုင်ကြုံတွေ့ပြီး) စောမွန်လှသည် ပုဂံနေပြည်တော်မှ မောဝ်ရှမ်းဒေသသို့ ငြိမ်းချမ်းစွာ ပြန်လည်ထွက်ခွာခဲ့ရသည်။ လမ်းခရီးတွင် ယခုရွှေစာရံဘုရား တည်ရာအနီး ပန်းချောင်း (ယခုနားတောင်းကျချောင်း)နားသို့ရောက်သော် ရွှေနားတောင်းကျွတ်ကျလေရာ ရေတွင် နားတောင်းထင်သောကြောင့် ငုပ်၍ရှာဖွေသော်လည်း မတွေ့ရဘဲ ကောင်းကင်၌ စာသူငယ်အပေါင်း သောသောည်ဝန်းရံ၍ နားတောင်းနှင့်တကွ မွေတော်သည် တန်ခိုးပြာဋိဟာပြလျက်ရှိသည်။ ဤအခြင်းအရာကိုမြင်သော် စောမွန်လှသည် ရှိခိုးပူဇော်ကာ အဓိဋ္ဌာန်ပြုလိုက်သည့်အခါကျမှ နားတောင်း မွေတော်မြတ်မှာ ဆင်းသက်လာပြီး စောမွန်လှ၏နားဝယ် ဝတ်မြဲအတိုင်း တည်လေ၏။

ထိုအခါ စောမွန်လှသည် ထိုမွေတော်ဓာတ်ကို ဌာပနာ၍ စေတီတည်လိုသောဆန္ဒ ဖြစ်ပေါ်လာရာ သိကြားမင်းသည် သာသနာ ၅၀၀၀ တိုင်အောင် လူအပေါင်းတို့ ကိုးကွယ်ကြမည်



မွန်ပြည်နယ်၊ သထုံမြို့မှ 'ရွှေစာရံ'ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ကို မြင်သဖြင့် အုတ်ရေ၊ အုတ်ပုံ ညွှန်ပြလေရာ ထိုနေရာ၌ မွေတော်ကို ဌာပနာ၍ လျှိုဝှက်ထားကာ ဥဿဖ်တော် ၅ တောင်မျှ ပမာဏရှိသော ဘုရားလိုဏ်ဂူတည်လေသည်။ ကောင်းကင်၌ မွေတော်ကို စာ(စာကလေး)များ ခြံရံလျက် တည်သည်ကို အစွဲပြု၍ ရွှေစာရံဘုရားဟု အမည်တွင်ခဲ့လေသည်။ (ဘုရားတည်ရာအရပ်၌ ဘုရားအလောင်းတော်သည် မြွေငန်းခုနစ်ကြိမ်ဖြစ်၍ နေထိုင်ခဲ့ဖူးသည်ဟု အဆိုရှိပါသည်။)

စောမွန်လှသည် ထိုအရပ်၌ ဘုရားတည်ကြောင်းကို အနော်ရထာမင်းစော ကြားသိတော်မူသောအခါ အားရွှင်လန်းတော်မူ၍ သက္ကရာဇ် ၄၁၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် ရွှေစာရံဘုရားဝန်းကျင်မြေ၊ တာ ၁၀၀၀ ကျော်ကို လှူတော်မူခဲ့သည်။ ထိုနည်းတူ မြေးတော် အလောင်းစည်သူမင်းလက်ထက် သက္ကရာဇ် ၄၇၅ ခုနှစ်တွင်လည်း ရွှေစာရံဘုရားမြေကို နယ်သတ်မှတ်၍ အတွင်းမြေကို ရွာနှင့်တကွ လှူတော်မူသည်။ ထို့နောက် မိုးညှင်းမင်းလက်ထက်တွင် ရွှေစာရံဘုရားကို ထပ်မံပြင်ဆင်ရာ ဥဿဖ်တော်မှာ သံတောင် ၃၀ ခန့် မြင့်လာသည်။ တစ်ဖန် စဥ့်ကူးမင်း (မဟာမင်္ဂလာရွှေဘုံငါးထပ်ကျောင်းတော်ဒါယကာ) လက်ထက်တွင် မယ်တော်မိဖုရားခေါင်ကြီးက ထပ်မံပြင်ဆင်၍ ရွှေထီးတော်တင်လှူပြီးလျှင် စေတီတစ်ဆူလုံးကိုလည်း ရွှေအပြည့်ချတော်မူခဲ့သည်။ ထို့နောက် သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်တွင် သာသနာပဟိတဇေနာယကဘွဲ့တော်ရ မန္တလေးတောင်ရသေ့ကြီးဦးခန္တီသည် ဆရာတော်များ၏ ညွှန်ကြားခံယူ၍ ရွှေစာရံစေတီတော်မြတ်ကြီးအား အဘက်ဘက်မှ ပြုပြင်မွမ်းမံကာ ဥဿဖ်တော်သံတောင် ၉၀ အထိ တိုးမြှင့်တည်ထားတော်မူသည်။

ရွှေစာရံဘုရားပွဲတော်ကို နှစ်စဥ် တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၉ ရက်နေ့အထိ ကျင်းပရာ အထူးပင်စည်ကားလှသည်။ ပွဲတော်အခါ၌ လူများသာမက (ရှေးအခါက) ငါးထွေ၊ ငါးရွှေ အစရှိသော ငါးကြီးများပါ လာရောက်ဖူးမြော်ကြသည်ဟု အဆိုရှိသည်။ ထိုငါးကြီးများသည် မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)ကို ဆန်တက်လာကာ ဘုရားတည်ရာ ကမ်းနဖူး၌ ပေါ်နေတတ်သဖြင့် ဘုရားပွဲလာသူတိုင်း အစာကျွေးခြင်း၊ ခေါင်းကို ရွှေချခြင်းများ ပြုလုပ်ကြသည်ဟုဆိုသည်။

**ရွှေစာရံဘုရား၏ အံ့ဖွယ် ၉ ပါးမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

(၁) ပွဲတော်ရက်အခါတွင် မြစ်ကြီး၊ မြစ်ငယ် အသွယ်သွယ်တို့မှ ငါးသတ္တဝါများ ရှိခိုးဦးတိုက်လာခြင်း။

(၂) ပွဲတော်ရက်အတွင်း အဆိပ်ရှိသော မြွေ၊ ကျားသစ်၊ ဆင်၊ ကျီးငှက်၊ ခြင်နှင့် ယင်များ မလာရှိခြင်း။

(၃) ရဟန်းရှင်လူအများအပြား လာရောက်ကြသော်လည်း တည်းခိုနေထိုင်စရာရှိခြင်း။

(၄) ဥတုပြောင်းလဲသည့် လတပေါင်းဖြစ်သော်လည်း ပွဲတော်လာတို့ အနာအဖျားကင်းခြင်း။

(၅) ပွဲတော်လာ သူတော်စင်တို့အား စော်ကားရမ်းကား ခိုက်ရန်များမရှိခြင်း။

(၆) သူ့ထက်ငါ ဦးအောင် ဆွမ်း၊ ရေချမ်းကပ်လှူသော်လည်း လက်ဦးသူ ရှိနေတတ်ခြင်း။

(၇) ဘုရားရှေ့မှောက်တော်တွင် လူချင်းထင်



မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်မှ 'ရွှေစာရံ' ဘုရား

www.burmeseclassic.com

သော်လည်း ကောင်းစွာဖူးတွေ့ရခြင်း။

(ဂ) တကယ် ကြည်ညိုသဒ္ဓါဖြင့် လှူဒါန်းပူဇော်ပါက ပစ္စည်းဥစ္စာ လာဘ်လာဘပေါများခြင်း။

(ဃ) ဘုရားကို လှူဒါန်းပူဇော်၍ လိုရာဆုကိုတောင်းပါက ကောင်းမြတ်သည့်ဆုကို ရရှိခြင်း။

**(ခ) မွန်ပြည်နယ်၊ သထုံမြို့မှ "ရွှေစာရံ"စေတီတော်**

မွန်ပြည်နယ်၊ သထုံမြို့နယ်သည် ရန်ကုန်မှ ၁၄၀ မိုင်၊ ပဲခူးမြို့မှ ၉၀ မိုင် ကွာဝေး၍ ရန်ကုန်-မန္တလေး လမ်းကြီး (ဟောင်း)ပေါ်ရှိ ဘုရားကြီးမြို့မှ ဝေါ-မုပ္ပလင်-ကျိုက်ထို-သထုံ-ဘီးလင်း-ပေါင်-မုတ္တမ-မော်လမြိုင် ကားလမ်းမကြီးပေါ်တွင် အဓိကရ တည်ရှိသည်။ ရှေးအခါက သုဝဏ္ဏဘုမ္မိဟုခေါ်တွင်ခဲ့ပြီး ဗုဒ္ဓဘာသာစတင်ထွန်းကားရာ အရပ်ဒေသဖြစ်ကာ ထိုမှတစ်ဆင့် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးလက်ထက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးထိ ဗုဒ္ဓဘာသာအယူဝါဒ ကူးစက်ပြန့်ပွားခဲ့ကြောင်း သမိုင်းကြောင်းရှိသည်။ သထုံမြို့ပြသိတ်တောင်ဘုရားစေတီနှင့် မြို့လယ်ကောင်ရှိ ရွှေစာရံစေတီတို့မှာ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်နှင့် ကျိုက်ပေါလောမုံ့ရှင်ဘုရားရုပ်ပွားတော်မြတ်ကဲ့သို့ လူသိများထင်ရှား၍ တန်ခိုးကြီးမားသော မြို့ကျက်သရေဆောင် သမိုင်းဝင်ဘုရားများ ဖြစ်ပါသည်။

သထုံမြို့ပြသိတ်ဘုရားမှာ သထုံမြို့နှင့်ကပ်လျက် တည်ရှိသော်လည်း တောင်ခြေရင်းမှ တောင်ထိပ်အထိ ခုတ်လှေကားထစ်ပေါင်း ၂၀၀၀ ခန့် ခြေကျင်တက်ရောက်ရသဖြင့် ဘုရားဖူးများ ပင်ပန်းနွမ်းနယ်လှသည်။ အချို့သော 4 Wheels Drive ကားများမှအပ ဘုရားဖူးမော်တော်ယာဉ်များ မတက်နိုင်၍ မော်တော်ဆိုင်ကယ် ကယ်ရီများက တစ်ဦးလျှင် အသွား/အပြန် ၂၅၀၀ နှုန်းဖြင့် ပို့ဆောင်ပေးရသည်။ စက်လှေကားတပ်ဆင်ရန် ခက်ခဲသည့်အတွက် (နိုင်ငံခြားတိုင်းပြည်များကဲ့သို့ ကောင်းကင်ဓာတ်ရထားတပ်ဆင်နိုင်လျှင်တော့ သည်ထက်မက ဘုရားဖူးပရိသတ်များပြောင်ပေလိမ့်မည်။ ဤကားစကားချပ်)

ရွှေစာရံစေတီမှာ မြို့လယ်ကောင်(အဝိုင်းပတ်)တွင် တည်ရှိ၍ ကရင်ပြည်နယ်၊ ဘားအံခရိုင်သို့လည်းကောင်း။ မွန်ပြည်နယ်၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲသို့လည်းကောင်း ခရီးဆက်ကြမည့် ခရီးသွားများအတွက် (ရန်ကုန်၊ ဆူးလေစေတီတော်မြတ်ကဲ့သို့ပင်) ကပ်ကျော်ဘုရားသဖွယ် ဖြစ်နေတတ်ပါသည်။ သို့သော် အောက်မြန်မာပြည့်ရှိ တစ်ဆူတည်းသော ရွှေစာရံဘုရား၏ မူလအမည်မှာ "စိရံဓာတုစေတီ(ပါဠိဘာသာ) ဖြစ်ပြီး နောင်ကာလရွှေလျား၍ "ဓာတု"ပျောက်ကာ လူတို့ သဒ္ဓါမွန်းတင်အပ်သော "ရွှေ"နှင့်တွဲလျက် "ရွှေစိရံ"စေတီ၊ နောက် "ရွှေစာရံစေတီ" ဖြစ်လာသည်ဟု အဆိုရှိပါသည်။

သမိုင်းအကျဉ်းအရ ရွှေစာရံစေတီတော်မြတ်ကြီး၏ မူလဒါယကာမှာ သုဓမ္မပူရ နေပြည်တော်ကို အုပ်ချုပ်စိုးစံတော်မူသော သူရိယစန္ဒမင်းကြီး ဖြစ်ပါသည်။ မင်းကြီးသည် ဘုန်းတန်ခိုးအာဏာ အလွန်တရာ ကြီးမား၏။ ဆင်ဖြူတော် ၃၆ စီး ရှိ၏။ သူပုန်ရန်သူလာလျှင် ပေါက်ပေါက်တို့ကို မိစ္ဆာန်မန်းမှုတ်လျှင် များစွာသော နတ်ရုပ်ပါပြဖြစ်၍ ဘေးရန်သူတို့ကို ဆီးတားလေ၏။ တိုင်းပြည်သာယာဝပြော၏။ မင်းကြီးသည် မဇ္ဈိမဒေသ၊ ရာဇဂြိုဟ်၌ ဘုရားပွင့်ကြောင်း မဂ်လာသတင်းကောင်း ကြားသိရသောအခါ မြတ်စွာဘုရားကို ဖူးမြော်မြင်လိုသော ဆန္ဒပြင်းပြ၍ သုဝဏ္ဏဘုမ္မိသို့ ကြွရောက်ပါရန် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ကောင်းကင်ယံသို့ အဓိဋ္ဌာန်ပြုကာ ပစ်ပေါက်ပူဇော်လေသည်။ ယင်းအဓိဋ္ဌာန်ကြောင့် မြတ်စွာဘုရားရှင်က သိရှိတော်မူပြီး သုဓမ္မပူရနေပြည်တော်သို့ ကြွမြန်းကာ ၄-လကြာ သီတင်းသုံးနေတော်မူ၏။ ထိုနောက် မြတ်စွာဘုရားသည် သူရိယစန္ဒမင်းကြီး လျှောက်ထားတောင်းပန်သဖြင့် ကိုယ်စားတော်ဓာတ်များကို ပေးသနားရန် ကြံစည်၍ "ဤသုနာပရန္တကုန်း(ယခုရွှေစာရံစေတီတော်မြတ်ကြီးတည်ရာ)ဌာနသည် ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာ ဖြစ်သည်။ ကကုသန်ဘုရား ထင်ရှားစွာ ပွင့်တော်မူစဉ်ကလည်း သိကြားမင်း တောင်းပန်၍ ဆံတော်(ဂ)ဆူဌာပနာထားခဲ့လေပြီ။ ထိုနောက် ကောဏာဂုံဘုရားပွင့်တော်မူစဉ်အခါကလည်း သိကြားမင်း တောင်းပန်၍ တောင်ဝေှးတော်ကို ဌာပနာခဲ့ဖူးပြီ၊ တစ်ဖန် ကဿပဘုရားပွင့်တော်မူပြန်သောအခါတွင်လည်း ဓမ္မသာရ မင်းကြီးတောင်းပန်၍ မြသပိတ်တော်ကို ဌာပနာခဲ့ပြီး သို့အတွက် ဤသုနာပရန္တကုန်း၌ ငါဘုရားသွားတော်ဓာတ်လေးဆူ ပူဇော်ခွင့်ပြုမည်"ဟု ရှင်သာရိပုတ္တရာရှင်မဟာမောဂ္ဂလန်နှင့် ရှင်အာနန္ဒာတို့ရှေ့တွင် ဘုရားရှင်မိန့်တော်မူ၏။

ထိုနောက် ဘုရားရှင်သည် မိမိ၏လက်တော်ဖြင့် သွားတော်များကို သုံးသပ်သည်ရှိသော် ဘုရား၏ တန်ခိုးတော်ကြောင့် ဖြူလွှသော သွားတော်ဓာတ် ၄၀-ဆူသည် ဘုရားရှင်၏ အာခံတွင်းတော်မှ အလိုအလျောက် ကျွတ်ကျလာကြ၏။ သို့ရာတွင် သွားတော်လေးဆယ်သည် ပြကတေ့အတိုင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ပြန်တည်လေ၏။ ထို့နောက် သိကြားမင်းက မြတ်စွာဘုရားကိုယ်စားတော်သွားစွယ်မြတ်များကို အဘယ်ဌာနတွင်းသို့ သွင်းရပါမည်နည်းဟု လျှောက်ထားသော် သုနာပရန္တကုန်းတော်မှာ ဌာပနာတိုက်ပြုပါလေဟု ယင်းဌာပနာတိုက်ကြီးမှာ စောက်နက် ၄၇ တောင်၊ အကျယ် ၄၇ တောင် အရွယ်ပမာဏရှိ၍ ယင်းသို့ တူးဖော်ပြီးသောအခါတွင်မူကား ရေးလွန်လေလတ်၍ သုရိယစန္ဒာမင်းကြီးတအစ သိကြား၊ ဗြဟ္မာ၊ နတ်လူအပေါင်းတို့ ရွှင်လန်းဝမ်းမြောက် ပူးမြော်ကန်တော့ကြကုန်၏။

ဌာပနာတိုက်ကြီးကို တူးဖော်ပြီးသည့်အခါ သိကြားမင်းသည် တာဝတိံသာနတ်ပြည်သို့ ရုတ်ခြည်းတက်၍ အလျား ၅ ထွာ၊ အနံ ၃ ထွာ၊ ထု ၁ ထွာရှိသော ရွှေပြား ၆ ချပ်အား လူ့ပြည်သို့ ယူဆောင်လာပြီး ဌာပနာတိုက်ခန်း၏ အောက်ခံမျက်နှာစာလေးဘက်နှင့် အခေါ်ဖုံးအဖြစ် အသုံးပြုသည်။ ပြီးလျှင် ရတနာရွှေပန်း၊ ငွေပန်း၊ ပတ္တမြားပန်း၊ မြပန်း လေးမျိုးတို့ကို ထောင့်၏ လေးထောင့်တွင် စိုက်ထားပြီးမှ အလယ်ဗဟိုတွင် ပတ္တမြားပန်းတိုင်ကြီးတစ်ခုကို ချထားသည်။ ထို့နောက် မဏိဇောတပတ္တမြားခုနစ်ပါးကို ဌာပနာတိုက်ခန်းထဲ၌ စီထည့်ပြန်သည်။ ထိုအပေါ်မှ မဏိကျောက်ဖျာဖြင့် ပတ်၏။ မဏိကျောက်ဖျာပေါ်တွင် သိကြားမင်း၏ စက်ယန္တရားကို တပ်ဆင်၏။ ထိုယန္တရားစက်ပေါ်တွင်လည်း ရွှေကွန်ချာဖြင့်ပြီး၏။ ဘုရားရှင်၏ သွားတော်စွယ်တော်လေးဆူတို့ကား အဖိုးအနဂ္ဃ ထိုက်တန်သည့် ရတနာသင်္ဂီရွှေကြုတ်၊ ငွေကြုတ်၊ ပတ္တမြားကြုတ်တို့နှင့် အထပ်ထပ်သွင်းအုပ်ပြီးမှ ထူးဆန်းအံ့သြဖွယ်ကောင်းသော ရတနာသင်္ဘောတွင် တင်လေ၏။ ယင်းရတနာသင်္ဘောပေါ်တွင် ရွှေဖြင့်ပြီးတော့ (၁) သိကြားမင်းရွှေနတ်ရုပ်၊ (၂) သိကြားမင်း၏ မိဖုရားလေးယောက်အရုပ်၊ (၃) သုရိယစန္ဒာမင်းကြီးနှင့် ညီတော်ဝါရောဇရွှေရုပ်၊ (၄) သုရိယစန္ဒာမင်းကြီး၏ ဆွေတော်မျိုးတော်ရွှေရုပ်များ၊ (၅) အရှင်သာရိပုတြာကိုယ်တော်ရုပ်တု၊ (၆) အရှင်မောဂ္ဂလန်ကိုယ်တော်ရုပ်တု၊ (၇) ညီတော်အာနန္ဒာရုပ်တု၊ (၈) အဂ္ဂသာဝကများ၏ ရွှေစင်ရုပ်များ ပါရှိလေသည်။

(ဘုရားရှင်၏ သွားတော်စွယ်မြတ်ကို ရတနာရွှေကြုတ်တွင် မထည့်မီ၊ သိကြားမင်းသည် မိမိသဘောဖြင့် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့မှ ရေများဖြင့် သွန်းလောင်းသန့်စင်မည်ဟု ကြံစည်ရာ ယင်းအကြံအစည်ကို ဘုရားရှင်က သိမြင်တော်မူ၍ ယင်းအစီအစဉ်ကို ခွင့်မပြုဘဲ အရှေ့မြောက်အရပ်တွင် မာတ်ဆေးရေကန်ကြီးကို တူးဖော်ပြီး သွားတော်များကို ဆေးကြောရန် မိန့်တော်မူခဲ့လေသည်။)

နှိုင်းကမ္ဘာတ်အခဲ့သတ်ရသော် သုရိယစန္ဒာမင်းကြီးသည် တစ်ဆူလျှင် လက်လေးသစ်ပမာဏရှိသော သွားတော်စွယ်မြတ်တို့ကို မြှုပ်ရသပွာယ်၍ မဟာသက္ကရာဇ် ၁၀၄ ခုနှစ်၊ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် အောင်မြင်စွာ ဌာပနာခဲ့ကြောင်း၊ ဌာပနာတိုက်ကြီးနှင့်တကွ စေတီတော်မြတ်ကြီးအား အထက်ထပ်တည်ထားကိုးကွယ်ခဲ့ကြောင်း စေတီတော်၏ ဘွဲ့တံဆိပ်တော်ကိုလည်း ရှင်တော်မြတ်ဘုရားက (ဤစေတီကြီးသည် ငါဘုရား၏ သာသနာ ၅၀၀၀ တိုင်အောင် ကိန်းအောင်းမြဲနေ၊ ကိုးကွယ်နိုင်ကြစေခြင်းငှာ စေတီ၏အမည်ကို စီရံ-ကြာမြင့်စွာ၊ ဌာတု-တည်စေသတည်း၊ ရွှေစာရံမည်စေသတည်း)ဟု မိန့်ကြားတော်မူခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။

(မှတ်ချက် ။ သထုံမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေစာရံစေတီတော်၏ ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လေ့ရှိပါသည်။)

ဆွေမြင့်သူ(ကြေး/မြေ)

မှီငြမ်းကိုးကားစာအုပ်များ

၁။ သီပေါကိုလတ်ရေးသားပြုစုသည့် "ရွှေစာရံစေတီတော် ဘုရားသမိုင်း"စာအုပ်။

၂။ ဦးအောင်မြင့်အောင် ပြုစုသည့် "သုဝဏ္ဏဘူမိ ရွှေစာရံစေတီတော်" သမိုင်းအကျဉ်း





www.burmeseclassic.com

www.burmeseclassic.com

# မဟာဒွိလမ်း၊ သိဒ္ဓိစခန်းမှ ပထမံဘိုးဘိုးအောင်

ပဲခူးကျော်ကျော်



(သိဒ္ဓျနံ ၊ သိဒ္ဓိ၊ ဣဒ္ဓျနံ ဣဒ္ဓိ)

သူတိုင်လျှင်ဆေး၊ သူပေးလျှင်မန္တန်၊ သူကြံလျှင်အောင်၊ သူဆောင်လျှင်ပြီးသော သိဒ္ဓိရှင်၊ မဟာဒ္ဓိရှင်၊ ဖန်ဆင်းရှင်၊ တန်ခိုးရှင် ပထမံဘိုးဘိုးအောင်ဟု ထင်ရှားလူသိများကြ၏။

ပထမံအတတ်နှင့် ထွက်ရပ်လမ်း မြန်းခဲ့သော ပုဂ္ဂိုလ်ဖြစ်၏။ တောင်တွင်းကြီးမြို့အနီး လက်ပံရှည်ရွာ၌ အဘဦးမြတ်စံညို၊ အမိဒေါ်ငြိမ်းရာတို့မှ ဖွားမြင်ခဲ့၏၊ မောင်နှမငါးယောက်အနက် ဒုတိယမြောက်သားဖြစ်၏၊ အလွန်ဆင်းရဲ၏၊ တံခွန်တိုင်ကုန်းသို့ပြောင်း၍ ဟင်းရွက်ရောင်းစားရ၏၊ တောင်တွင်းကြီးမြို့ ဇေယျမင်္ဂလာ ရွှေအင်းတော်စေတီတော်မြောက်အရှေ့ဘက် ကြေးနီကျောင်း ဆရာတော်ထံတွင် ပညာသင်ခဲ့ရ၏၊ ငယ်စဉ်အခါ ဝဲနာထွက်၍ ငဝဲဟု ခေါ်ကြ၏၊ ကျောင်းတောင်ဘက်ရှိ ကြေးနီချောင်းကို အစွဲပြု၍ ကြေးနီကျောင်းဟု ခေါ်သည်၊ ကြေးနီကျောင်း ဆရာတော်၏အမွေ ကြေးနီပုရပိုက် ရရှိခဲ့သည်၊ ဝိဇ္ဇာဓရ ဝဏ္ဏိရ ပညာရပ်များကို လေ့လာခဲ့သည်၊ အားလုံးက သူ့ကို အရူးတစ်ယောက်အဖြစ် ထင်မှတ်ကြ၏၊

("အရပ်လျှောက် မွှေနှောက်လည်၊ အတည်မကျ၊ ဗာဟီလိုက် မိုက်လေစွစု၊ မောဟာချိတ်ငင်၊ အရူးများပင် ထင်ကြသေးတယ်၊ လိုအင်အရေး သိဒ္ဓိပေါက်၍ မမြောက်လေသေးတော့၊ ရိုဆွေးဗလချာ ဖျင်ပိုင်းတိုဝတ်၊ ရွတ်နာနာနှင့် ကြမ္မာတံခေ၊ ကျောင်းမှာတပ်၍ နေရတယ်")ဟု စီတုံးရေးသားထား၏၊

ဝိဇ္ဇာ ဝဏ္ဏိရပညာအစွမ်းဖြင့် ရွှေများကို ထမင်းတွေးခဲ့၏၊ အင်းတစ်ထောင်အရပ်၌ နေထိုင်ခဲ့စဉ် မောင်ဝိုင်း၊ မောင်မြတ်ကြည်တို့နှင့် မိတ်ဆွေဖြစ်ခဲ့ရသည်၊ လွန်စွာချစ်ခင်ကြပြီး သူငယ်ချင်းသုံးယောက်တို့ (တစ်ယောက်တောင်းစားလျှင် တစ်ယောက်တကြည့်ကြစတမ်း) ကတိထားခဲ့ကြ၏၊

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း မောင်မြတ်ကြည်ကို သုံးမကုန်သော ငွေတစ်မတ်တစ်စေ့ ပေးခဲ့၏။ သုံးပြီးသော်လည်း ပြန်ရောက်မြဲဖြစ်၏။ မိဘများကို ပြည်မြို့၌ နေထိုင်စေပြီး ဆီတစ်ပုလင်း ပေးခဲ့၏။ ဝေဒနာမျိုးစုံ၊ ရောဂါမျိုးစုံကို ထိုဆီမန်းဖြင့် ကုသပျောက်ကင်းစေခဲ့၏။ မောင်ဝိုင်းသည် ဘုရင်ဖြစ်လာသည်။ သူငယ်ချင်းဖြစ်သူမောင်အောင်၏ သိဒ္ဓိအစွမ်း၊ မဟိဒ္ဓိအစွမ်းတို့ဖြင့် ထီးနန်းစည်းစိမ်လုယူမည်စိုး၍ အကြိမ်ကြိမ်ဖမ်းဆီးခဲ့သည်။ မိဘများကို ဖမ်းဆီးမည်ဆို၍ မင်းထံအဖမ်းခံခဲ့ရ၏။ ကျင်းတူး၍ မြေမြှုပ်ခြင်း၊ တိုင်လုံးထွင်းထဲထည့်ပြီး သံမှိုဖြင့် ရိုက်သတ်ခြင်း၊ သံဆူးအပြည့် သံစည်ထဲထည့်၍ သတ်ခြင်း၊ မီးပုံထဲ ထည့်သတ်ခဲ့သော်လည်း မသေခဲ့ပေ။

*မဟာရာဇ-မြတ်သောမင်းကြီး၊ ဝိဇ္ဇာဓရာ-ဝိဇ္ဇာမိုရ်တို့သည်၊ ယောရုံ- ယောရမည်သောအတတ်၊ ဂန္ဓာရီမည်သော အတတ်ကို၊ မောစေန္တိ-ရန်သူတို့လက်မှ တစ်မုဟုတ်ချင်း လွတ်မြောက်နိုင်ကုန်၏။ ယောရုံ-ယင်းအတတ်၏၊ ဩသဓေဟိ-ဆေးဝါးတို့ဖြင့်၊ အဒဿနံ-ရန်သူတို့၏ မမြင်ရာသို့၊ ဝဇန္တိ ရောက်နိုင်ကုန်၏။*

*(ဝိသတိနိပါတ် အယောဃရဇာတ်တော်)*

ဘိုးတော်ဦးဝိုင်းသည် ပထမံဘိုးဘိုးအောင်ကို အမျိုးမျိုးသတ်ရန် ကြံစည်ခဲ့၏။ မည်သို့ပင် သတ်သော်လည်း ပထမံအတတ်ပညာရှင်သည် သတ်၍မသေနိုင်ပါ။ ပထမံဦးအောင်က ဘိုးတော်ဦးဝိုင်းအား မောင်ဝိုင်းမင်းရဲ့ ဘာမဟုတ်တဲ့ စည်းစိမ်လေးကို လုမယ်အထင်နဲ့ ငါ့ကို သတ်ဖို့စီစဉ်ခဲ့တယ်။ ဒါပေမယ့် ငါသည်းခံခဲ့တယ်။ ဒီလောကီ စည်းစိမ်မဆိုထားနဲ့ ငါလိုတာ ရနိုင်တဲ့ အစွမ်းရှိတယ်။ မင်းထီးနန်းကိုလည်း အလိုမရှိဘူး။ ငါ့ပညာစွမ်းကို ကြည့်စမ်းဟုဆိုပြီး လက်ညိုးညွှန်ပြလိုက်ရာ နန်းတော်ဝန်းကျင် ပတ်လည်တွင် စစ်သည်များစွာ လက်နက်စွဲကိုင်၍ ဝန်းရံနေသည်ကို တွေ့လိုက်ရ၏။ ထိုစစ်သည်များအားလုံး ဦးအောင်နှင့် တူနေ၏။

*အာကာသေ-ရေးခြစ်မထင်နိုင်သော ကောင်းကင်ပြင်၌၊ ဝိဝိဓမ္ပိ-အထူးထူးသော သေနင်္ဗျူဟာ၊ ဆင်တပ် မြင်းတပ်၊ ရထားတပ် စသည့်စစ်အင်္ဂါ လေးပါးလုံးကို၊ ဝိဇ္ဇာမယ-ဂမ္ဘီရအတတ်ဖြင့်၊ ဒဿေန္တိ-ပြသနိုင်ကုန်၏။*

*(ပဋ္ဌသမ္ဘိ ဒါမဂ်ပါဠိတော်)*

ငါ့ကိုသတ်ရန် မဆိုထားနှင့်။ ငါရေးတဲ့ 'ဝ'တစ်လုံးကို မင်း ပျက်အောင် ဖျက်ပြပါဦးဆိုပြီး ဝတစ်လုံးရေးပြ၏။ ဘုရင်မှ ထိုဝကို ခြေနှင့်ဖျက်လိုက်ရာ ဝနှစ်လုံး ပေါ်လာ၏။ ဝနှစ်လုံးကိုဖျက်ရာ ဝလေးလုံး ပေါ်လာပြန်၏။ နန်းတော်ထဲရှိ မှူးကြီးမတ်ရာ သေနာပတိတို့ကလည်း ဝိုင်းဖျက်ကြ၏။ သို့သော် ဝများစွာ ဖျက်မနိုင်ဘဲ နန်းတော်နံရံ၊ ကြမ်းပြင်အပြည့် ဝများစွာထွက်ပေါ်လာ၏။ ထိုသို့တန်ခိုးပြပြီး ဘုရင်ကို ရွှေငွေဖြစ်စေသော အတတ်ပညာ သင်ပေးခဲ့၏။ ရတနာသုံးပါး မမေ့ရန်၊ စိတ်ကောင်းထား၍ မင်းကျင့်တရား ၁၀ ပါးနှင့်အညီ အုပ်ချုပ်ရန် မှာကြားခဲ့၏။ ပထမံဦးအောင်၏ ပထမံအင်းစမတို့ကို လေ့လာလိုသူသည် ငါးပါးသီလကို လုံခြုံအောင် ထိန်းခြင်း၊ သမာဓိကို ထူထောင်သော ဗုဒ္ဓရနုဿတိကို ပွားများခြင်း၊ ပုံတော်ကိုမြင် ဂုဏ်တော်ကိုထင်အောင် ရှုရခြင်း၊ ပထမံဦးအောင်၏ ဂါထာကို ပုတီးစိပ်ခြင်း၊ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အမြဲမပြတ် ရွတ်ပွားခြင်းပြုပါက သိဒ္ဓိလမ်း၊ မဟိဒ္ဓိလမ်း၊ ထွက်ရပ်လမ်းသို့ ရောက်နိုင်သော ပုဂ္ဂိုလ်ဖြစ်ပေလိမ့်မည်။

## စကြာမင်းသားနှင့် ဘိုးဘိုးအောင်

စကြာမင်းသားလေးကို အိမ်ရှေ့စံ စစ်ကိုင်းမင်းနှင့် ပန်းတောင်းမြို့စား ဆင်ဖြူမယ်တို့မှ ဖွားမြင်သည်။ စကြာမင်းသားလေး ပဋိသန္ဓေနေသည့်နေ့မှစပြီး ဖွားမြင်သည့်နေ့တိုင် မြေငလျင် အကြိမ်ကြိမ်လှုပ်သည်။ ၁၁၇၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်၏။ ဖွားမြင်သည့်နေ့တွင် ရွှေထီးလေးလက်နှင့် ရွှေလင်ပန်းခံ၍ ပေးသော်လည်း မဖွားနိုင်သဖြင့် ထီးဖြူတောင် ခုနစ်လက်မိုး၍ နဝရတ် ကိုးပါး



www.burmeseclassic.com

www.burmeseclassic.com

မှ ဖွားမြင်၏။ ဖွားမြင်စတွင် မိုးကြီးသည်းထန်စွာ ရွာ၏။ သစ်တပ်အတွင်းရှိ ဗဟိုစည် အလိုလိုမြည်၏။ မနောဟာရထီးဖြူ အလိုလိုပွင့်၏။ ဆဒ္ဒန်ဆင် သုံးကြိမ်အော်၏။ အချင်းစလွယ် နှစ်ဖက်သိုင်း၍ ပါရှိပြီး လက်ယာလက်ဖဝါးတွင် လက်ဝါးပြည့် ခုနစ်ပတ်တက်နေသော လက်ယာရစ် ခရုသင်း (ဒက္ခိဏာဝဋ္ဋသင်္ခ) အမှတ်ပါ၏။ ဝဲယာပါး နှစ်ဖက်တွင် မြရောင်စိမ်းနေသော မှဲ့ ရှင်ပါရှိပြီး စကြာလက္ခဏာနှင့် ပြည့်စုံသဖြင့် စကြာမင်းသားလေး အမည်တွင်၏။ မြင်းရတနာ ရွှေလဝင်း အပါအဝင် ဖွားဖက်ခုနစ်ယောက် ပေါ်၏။ မောင်ဖေ ခင်ခေါ် စကြာမင်းသားလေးကို သတိုးမင်းလှ ရွှေတောင်ဘွဲ့ပေးပြီး ညောင်ရမ်းမြို့ကို စားစေ၏။

> ပင်ကုက္ကိုညောင်တွဲလို့၊ အောင်ပွဲရ တို့သခင်
> မြတ်ရာဝင် အုံ့ချီးဖွယ်၊ ကမ္ဘာတွင်လိမ့်၊
> စာတင်သော် ဘယ်မညီးတယ်၊
> ဘိုးတော်ချစ်သွေး၊
> ပင်က္ကိုခွကြား၊ ငါမင်းသား ထိုင်လို့နေ
> ရွတ်လိုက်တဲ့ ဂါထာတွေ၊
> သိန်းကုဋေခြောက်သန်း
> အင်းလမ်းနှင့် စမစုံသည်
> ဥုံမပါ ထွက်ရပ်သို့မြန်း။ ။

စကြာမင်းသားသည် ငယ်စဉ်ကတည်းကပင် ဂါထာရွတ်၊ ပုတီးစိပ်၊ အ မိဋ္ဌာန်ဝင်လေ့ရှိ၏။ သာယာဝတီမင်း နန်းသိမ်းခဲ့စဉ် နန်းမတော်မယ်နုကြောင့် အဖမ်းခံရပြီး ကြေးတိုက်စံရ၏။ ဆရာဖြစ်သူ ဘိုးဘိုးအောင် ရောက်လာပြီး ရတနာသုံးပါးကိုသာ ဆည်းကပ်နေပါက အန္တရာယ်အနှောင်အဖွဲ့မှ လွတ်မည်ဟုဆို၏။ သာယာဝတီမင်းသည် စကြာမင်းသားလေးကို ၁၂၀၀ ပြည့်၊ နှစ်တန်ခူးလဆုတ် ၆ ရက်နေ့က ကတ္တီပါအိတ်နှင့်ထည့်၍ ရေမှာ ဖျောက်ခဲ့သည်။ ရေချ ကွပ်မျက်စဉ် ကောင်းကင်မှ အလင်းတန်းကြီးကျလာပြီး ပြန်တက်ပျောက်ကွယ်ခဲ့သည်။ ရေချကွပ်မျက်ခဲ့သော်လည်း စကြာမင်းသားကား မသေ။ ဘိုးဘိုးအောင် ကယ်မ၍ အသက်ရှင်သည်ဟု ယုံကြည်ကြ၏။ (ကတ္တီပါအိတ်နှင့်၊ ရေဆိပ်မှာ၊ သေလေစာန်၊ တိုင်းလုံး ပျက်မှန် မသေကျန်၊ ပြန်လာလျှင်၊ ရွှေဖောင်စီး၊ စောတို့ မောင်ကြီး။)

ဘုန်းရှင်ကံရှင် စကြာကိုယ်တော်လေးသည် ရေချသော်လည်း မသေ။ ရွှေဖောင်စီး၍ပင် ပြန်ပေါ်လာလိမ့်မည်ဟု တဘောင်များအရ ညွှန်းဆိုကြ၏။

မင်းသားလေးကိုလည်း ဘိုးဘိုးအောင်နှင့်အတူ တွေ့သည်ဟု ဆို၏။ မင်းသားလေးနှင့်အတူတွဲနေသော စကြာမင်းသားလေးနှင့် ဘိုးဘိုးအောင် ပုံတော်များအား မြင့်တွေ့ပူဇော်ကြ၏။

## ဘိုးဘိုးအောင်

*(ရေး-ရွှေတိုင်ညွှန့်၊ ဆို-ခင်မောင်ရင်)*

(၁) ဒီဇဗာ တေဇဂုဏ်ရည် ကျုပ်တို့လူမျိုး တန်ခိုးရှိသည် × × × ဘုန်းကံရှင်များ × × × ထင်ရှားခဲ့သည် × × × ပထမံအတက်နဲ့ × × × ထွက်ရပ်လမ်း × × × ပေါက်ခဲ့ပါပြီ။

(၂) (ကျွန်တော် ကြားဖူးသလို ပြောဆိုပါမည် × × × ကျောင်းသားအရွယ် × × × ငယ်သူငယ်ချင်းသုံးယောက် ရှိလေသည် × × စုံစုံညီညီ × × ကတိသစ္စာထားကြပုံက × × အရွယ်ရောက်တဲ့ × × ချိန်ခါမီ × × တစ်ယောက်ကောင်းစားရင် × × တစ်ယောက်ကို "မ"မည်)၂

(၃) တောရပ်ခိုမှီ × × တစ်ဦးကတော့ ရဟန်းဘဝနဲ့ နေတော်မူသည် အလယ်လူ × × ထင်လင်းစွာ × × မင်းဖြစ်တော့သည် × × ကျန်တစ်ယောက်မှာ ထူးစွာပေါ်လာသည် × × ပြဒါးနဲ့ ရေသယ် × × သံကို မထိုးဘဲ ပထမံတန်ခိုးကြောင့် × × ဘိုးဘိုးအောင် တဘောင်နဲ့ ပေါ်လာသည်။

(၄) တစ်နေ့သော်အခါမှာ × × အာဏာပြင်းတဲ့ × × ရာဇာမင်းက × × သူငယ်ချင်းများနဲ့ × × ထားတဲ့သစ္စာမတည် × × ဘိုးဘိုးအောင်ပညာအတတ်နဲ့ × × နန်းရပ်ထီးဖြူ × × လုယူမယ်ထင်သည် × × အမိန့်တော် မသွေမှတ်လို့ × × အသေသတ်မည်× × အထူးပဲကြံစည် × × ကတိကိုမတည် × × အကြံဖြင့်

www.burmeseclassic.com

တဲ့ × × ဘိုးတော်ဦးဝိုင်းသည် မဆိုင်းခဏပင် ကြံစည် × × ပိုလ်မှူးတွေကို × × သူစေခိုင်းလို့ × × သေွ မစောင်း × × လေ့ရှောင်းနှဲ့ညီ × × လက်ပြန်ကြိုး အမျိုးမျိုးချည် × × ဖမ်းခဲ့ပြန်သည် × × အရမ်းမဲ့ကြံ စည် × × ဂုဏ်မောက်တဲ့ × × ထိုမင်းကို ထင်လင်းစေ ရအောင် × × အကြောင်းကိုပြဦးမည်။

(၅) ပထမံဂုဏ်ရောင် × × ဘိုးဘိုးအောင်က × × သူ့တိုင်းပြည်ဘောင်သို့ × × ဌာနီဆိုက်အောင် × × လိုက်ခါ လာပြန်သည် အတည် × × မင်းလိုဘုရင် ဇေကရာဇ်က × × အပြစ်ရှာသည် သစ္စာမတည် × × ပထမံအတတ်ဟာ သတ်လို့မသေပါသည်။

(၆) သတ်ရန်ကို မဆိုထားနဲ့တော့ ထင်ရှား အောင်မြင်ရမည် × × ငါးရေးပြပါတဲ့ × × ဝတစ်လုံးကို သာ အတည်မင်းဖျက်အောင် ဖျက်နိုင်ရင် × × ငါ့ကို နိုင်လိမ့်မည် × × ပထမံဂုဏ်ရောင် ဘိုးဘိုးအောင်က × × ဤကဲ့သို့ လျှင်စွာပညာကိုပြသည် × × ထီးဘုရင် မဟာသည် × × သူကိုယ်တိုင် ထင်လင်းစွာ အတင်း ဖျက်လိုက်ခါမှ × × အစက ဝတစ်လုံးဟာ × × နှစ်လုံး ဖြစ်လာသည် နှစ်လုံးဖျက်ပြန်တော့ × × လေးလုံးပေါ် ခဲ့ပြီ × × နှစ်ဆတိုးတာဟာလေ × × ကျွန်တော်တို့ ဗမာ့တန်ခိုးပါဗျ × × အလွန်ထူးဆန်းတဲ့ ဉာဏ်စွမ်း ရည် × × ဘိုးဘိုးအောင် ပါရမီ × × ဗုဒ္ဓဘာသာ မြန်မာဟူသမျှ × × ရန်ဘယာမြူမခ စိတ်သာချ အတည် × × ဝိဇ္ဇာမမည် စီးပွားချမ်းသာ ကျန်းမာခါ ရှင်ကြည် × × ထင်တိုင်းပေါက်မည် × × ဝမ်းမြောက် ကြစေဖို့ ချိန်ခါအမီ × × ဘိုးဘိုးအောင်သည် × × မကြာခဏနဲ့ "မ"လိမ့်မည် ယုံကြည် × × ။

*ဂီတလုလင် မောင်ကိုကိုတေးဂီတအဖွဲ့*
*မှတ်တမ်း(ဟသ်ာတေးသံသွင်း)*

## ဘိုးဘိုးအောင် ပုတီးစိပ်နည်း

ဉ - ဗုဒ္ဓစက္ကု သဗ္ဗေညု
ဓမ္မစက္ကု ဗောဓိသမ္ဘလာ
သံဃစက္ကု ဧဿျမင်္ဂလံ

ကြောင်း . . .

ဂုရုဂုရု မုနိသွားဟ။ (ပုတီးတစ်လုံးချ)

နံနက်/ည နှစ်ကြိမ်။ တစ်ကြိမ်လျှင် ကိုးပတ် ပုတီးစိပ်ပါက ဘေးအန္တရာယ်ကင်း၍ စိတ်ချမ်းသာနိုင် ပါသည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာများဖြင့် အိပ် မက်ထဲတွင်လည်းကောင်း၊ အပြင်တွင်သော်လည်း ကောင်း တွေ့နိုင်၊ မစနိုင်ရပ်လိမ့်မည်။

## ပဌမံဘိုးဘိုးအောင် ဂါထာတော်ကြီး

ပဌမံ သက လက္ခဏ မေတပဒံ။
ဒုတိယာ ဒိပဒဿ - နိဿနိ တော။
သ၊ မ နိ-ဒု၊ နိ-၊ မာ-သ၊ မ၊ ဒု
သ၊ နိ၊ ဒု-တ မ တော-ဝိဘဇေ
ပဌမေန ဝိနာ။

(၁၁၄၉ ခု အမရပူရ မြို့တည်နန်းတည် ဘိုး တော်မင်းတရားကြီး လက်ထက်တော် ပဌမံဆရာကြီး ၏ အန္တရာယ်ကင်း ဂါထာတော်ကြီး) ပုတီးစိပ်ပါက

တစ်စုံတစ်ရာ အထင်အရှား တွေ့မြင်ရမည်။ လာဘ်လာဘဝတ္ထု၊ အမည်နာမ ဂုဏ်ထူးဝိသေသ၊ ဌာနန္တရ၊ အရောင်းအဝယ်၊ အသွားအလာ၊ နာမည် ကြီးခြင်း၊ ကျော်စော့ထင်ရှားခြင်း၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံခြင်း၊ ဉာဏ်ပညာတိုးတက်ခြင်း၊ နည်းထူးနာထူး ပညာထူးများကို ပေးလာရရှိခြင်း စသော အကျိုးအာနိ သင်ကို သိလရှိသူတိုင်း ခံစားရရှိသော ဂါထာကျော်။ အမြဲ ရွတ်ဖတ်ပါက မင်္ဂလ၊ ဖိုလ်၊ နိဗ္ဗာန်၊ သမာ ဓိဉာဏ် စသော အလီလီကုန်သော အကျိုးတို့ကို ခံစားကြရ ကုန်လတ္တံ့ဟု ဆိုထား၏။

## ပထမံဘိုးဘိုးအောင်အား ကန်တော့ရန်

ဇယဒါန် ဇယေသိန် ဇယုဿဝံ ဇယဒ္ဓဇံ ဇယပါပံ ဇယာတာန် ဇယံတိ နံ ဇယံနမေ။

ဇယေသိန်- ဆန်းကောလီခါ အဘွက်တွင်ဖြင့် ကမ္မဋ္ဌာန်းယောဂီတွေ ဘာဝနာတက်ချိန်မို့ သာသနာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဝက်တွင် စာကာသခင်လာမှုလို့တဲ့ ထက်ဝဥ္စာတစ်ခွင်မှာ တစ်တောင့်တစ်နည်း ထွင်ပြီးတော့ အောင်ပွဲတွေ ဆင်ခါကာ သမိုင်းမြော်မြင်ကြတဲ့ ဂိုဏ်းတော်ဝင် ပုဂ္ဂိုလ်များတို့အား၊ ဇယဒါန်- အတွင်းရန်ကိုလည်း အောင်စေ၊ အပြင်ရန်ကိုလည်း အောင်စေ၊ သာသနာ့ရန်သူတွေ ပျောက်ပျက်စေ၊ ကမ္ဘာ့ရန်သူတွေ ပျောက်ပျက်စေ၊ ခုနစ်နေ့ ခုနစ်နံဖွား ခုနစ်ရက်သားသမီးများတို့အား ရန်သူတွေ ပျောက်ပျက်စေတဲ့ အောင်ဇေယျာစမအင်းတွေနဲ့ နောင်ပြေပမာ "ဝ"မဆင်းရအောင်လို့ အောင်ခြင်းကိုလည်း ပေးသနားတော်မူပေထသော ဇယုဿဝံ-ဘွဲ့မည်နာသိခ်ရယ်လို့ ငါးမည်ရ ပြည်ရွှေဘို ထိုထိုဆင်းသက် မင်းတစ်ဆယ့်ငါးဆက်တွင်ဖြင့် ဘဝင်တိုင်အောင် ပျံ့လွှင်ကျော်ကြားတဲ့ ဘိုးတော်မင်းတရားကြီးတောင်မှ "ဝ"အများ မဖျက်နိုင်သဖြင့် လက်မှိုင်ကာ အလျှော့စခန်းဝင်ပြီး ကန်တော့ပန်းဆင်ရတဲ့ အောင်ပွဲသဘင်လည်း ရရှိတော်မူပေထသော၊ ဇယဒ္ဓဇံ-သီလကိုလည်း မယှဉ်နိုင်၊ ပညာကိုလည်း မယှဉ်နိုင်၊ အင်းစမ ပိုင်ဆိုင်လို့ ဂုဏ်ပြိုင်သူ မဝံ့ရဲတဲ့ အောင်ပွဲမဏ္ဍိုင် အောင်လံတွေကိုင်လို့ အောင်နိုင်ထူးချွန်၊ အောင်တံခွန်လည်း ရရှိတော်မူပေထသော၊ ဇယပါပံ- အကုသိုလ် ၁၂ ပါးကိုတော့ သိက္ခာသုံးပါးနှင့် အောင်မြင်၊ အပြင်ရန်ပါပမျိုးကို စမတန်ခိုးနှင့် အောင်မြင်၊ ကပ်ဆိုးတွေလည်းပယ်ထွင်၊ ခုနစ်ရက် သားသမီးတွေကိုတော့ မမှားအောင်ကာယ်တင်၊ "ဝ"နေတစ်ခွင်မှာ ငမိုက်သားတွေနှင့် မသေလျှင် စရိုက်ပွားမြီးအမိုက်တရားတွေကိုလည်း အောင်မြင်တော်မူပေထသော၊ ဇယတာန်- မားလှံကိုင်စွဲ ယမ်းကျောက်ခဲနှင့် တိုက်ပွဲပြိုင်ဆိုင် ရန်ကိုနိုင်သော သူတို့ထက်၊ ဇယံတီနံ- ဆပေါင်းများစွာ ရာထောင်မက ဝဏ္ဏန်းချလည်း မရနိုင်အောင် မြားမြောင်ထူးဆန်း အံ့မခန်းဘဲ လွန်ကဲသော အောင်ခြင်းလည်း ရှိတော်မူပေထသော၊ ဇယံ- ပြုသမျှတွေလည်း အောင်ကြပါစေ၊ ပညာစခန်း၊ ဓာတ်စခန်းနှင့် သိဒ္ဓိလမ်းတွေ ရရှိခြင်း၊ အောင်ကြပါစေ၊ ပစ္စည်းဥစ္စာ ရတနာနှင့် ဆန်ရေစပါး ကျွဲနွားကစပြီး ရွှေငွေစိန်ကျောက် ဘဏ္ဍာအဖြာဖြာနှင့် ရတနာသမုတ်ဥစ္စာတည်းဟူသော ပစ္စည်းထုပ်တို့ တိုးတက်ခြင်းကိုလည်း အောင်ကြပါစေ၊ ဇယံ-ပြုသမျှအလုံးစုံကို လွှမ်းခြုံကာ အောင်ကဲ၍ အောင်သူတကာတို့ရဲ့ ထိပ်ခေါင်အောင်ဩဘာနိမိတ်ဆောင်တဲ့ ပထမံဂုဏ်ရောင် ဘိုးဘိုးအောင်ကို နမာမိ-ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

## ရှေးဟောင်းမူလ သမ္ဗုဒ္ဓေဂါထာတော်

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် အိန္ဒိယနိုင်ငံ ပါဋလိပုတ်(ပါတ္တနား)မြို့၌ တတိယသင်္ဂါယနာတင်အပြီး အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿနှင့် ဘုရင်အာသောကမင်းကြီးတို့က တတိယသင်္ဂါယနာတင် ပြီးမြောက်ခြင်း အထိမ်းအမှတ်ဖြင့် တိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြု စေလွှတ်ခဲ့သည်။ ရဟန္တာအရှင်သောဏနှင့် အရှင်ဥတ္တရတို့ ဧကျာန်ဖြင့်ကြွလာရာ မြန်မာနိုင်ငံသုဝဏ္ဏဘုမ္မိမြို့ သထုံကိုရောက်ခဲ့ကြသည်။ သထုံပြည်သားများမှာ ဝိဇ္ဇာလမ်းလိုက်၍ ထွက်ရပ်ပေါက်သူများလှ၏။

ရဟန္တာအရှင်မြတ်များ ကြွရောက်လာသည့်အခါ ထွက်ရပ်လမ်း ယောဂီများလွှမ်းမိုး၍ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းတရားများ ပျောက်ကွယ်မည့် အနာဂတ်အရေးမျှော်တွေးကာ ဝိဇ္ဇာဖြစ်စေနိုင်သော သမ္ဗုဒ္ဓေဂါထာတော်ကို ပြုပြင်စီမံထားခဲ့သည်။

တောင်တွင်းကြီး ကြေးနီကျောင်း ဆရာတော် ထုတ်ဖော်မြွက်ကြားသဖြင့် ရရှိရွတ်ပွားကြသည်။ ရှေးဟောင်းသမ္ဗုဒ္ဓေဂါထာတော်ဖြစ်ပြီး ပထမံဘိုးဘိုးအောင်ကိုယ်တိုင် အမြဲရွတ်ဆို ဘုရားရှိခိုးခဲ့သော ဂါထာဖြစ်၏။ စူဠဂန္ဓာရီ ထွက်ရပ်လမ်းအထိ ရောက်စေမည်။ လောကီ လောကုတ္တရာကုသိုလ်ရလိုသူများ ရွတ်ပွားသရဇ္ဈာယ် ကျင့်ကြံပွားများ အားထုတ်သင့်ပေသည်။

အဘဆရာကြီး မင်းသိခ်သည်လည်း မရမ်းတလင်းတွင် ဤရှေးဟောင်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကို စာလုံးကြီးကြီးဖြင့် ရေးသားချိတ်ဆွဲထားရှိပြီး တပည့်အပေါင်းကို (မသိသူကျော်သွား သိသူဖော်စား) သဘောဖြင့် ထိုက်သူများ ရွတ်ဖတ်ပွားများ၍ အကျိုး



www.burmeseclassic.com

www.burmeseclassic.com

များစေခဲ့ပါသည်။ အဘဆရာကြီး မင်းသိခ်၏ တပည့်များအပေါ် စေတနာ၊ မေတ္တာဖြင့် ကြိုတင်မြော်မြင်စီစဉ်ထားရှိခဲ့ခြင်းအား ပူဇော်ကန်တော့အပ်ပါ၏။

## ရှေးဟောင်း မူလသမ္ဗုဒ္ဓေဂါထာတော်

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ
ပဉ္စသတ သဟဿာနိ
ဒွါဒသဉ္စ သဟဿကေ
ဝဂ်ီယံ ဝါဠုကစုဏ္ဏေ။

၂။ ပရာဇေတွာ ဗဟုဖုလ္လေ
နမာမိ သိရသာမဟံ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ
အာဒရေန နမာမဟံ။

၃။ နမက္ကရာ နုဘာဝေန
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ
အနေက အန္တရာယာပိ
ဝိနာဿန္တု အသေသတော။

၁။ အဋ္ဌဝီသီ-နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေစ-ဘုရားရှင်တို့ကို လည်းကောင်း။ ပဉ္စသတ သဟဿာနိ-ငါးသိန်းကုန်သော၊ သမ္ဗုဒ္ဓေစ-ဘုရား ရှင်တို့ကိုလည်းကောင်း၊ ဝဂ်ီယံ-ဝဂ်ီမြစ်၌၊ ဝါဠုကာ-သဲလုံးတို့ကို၊

၂။ ပရာဇေတွာ- နှိုးစေပြီး၍၊ ဗဟုဖုလ္လေ- ဝဂ်ီသဲလုံးထက် အလွန်များစွာ ပွင့်တော်မူကြကုန်သော၊ သမ္ဗုဒ္ဓေစ-ဘုရားရှင်တို့ကိုလည်းကောင်း၊ အာဒရေန-ရိုသေလေးမြတ်စွာ၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ-ရှိသေမြတ်နိုးရှိခိုးပါ၏ အရှင်ဘုရား။

တေစ-ထိုဝဂ်ီသဲလုံး ပုံနှုန်းမမျှ ပွင့်ကြကုန်သော လောကထွတ်ထား ရှင်တော်မြတ်ဘုရားတို့ကိုလည်းကောင်း၊ တေသံ-ထိုဘုရားရှင် ဟူသမျှတို့၏၊ ဓမ္မဉ္စ-မဂ်လေးဝ ဖိုးလေးတန် နိဗ္ဗာန်ပရိယတ်ဆယ်ပါးသော တရားတော်မြတ်တို့ကိုလည်းကောင်း၊ သံဃဉ္စ-အယူ့ကပုထုဇဉ် သံဃာတော်မြတ်နှင့်တကွ အရိယာသံဃာတော်မြတ်တို့ကိုလည်းကောင်း၊ အဟံ-အကျွန်ုပ်သည်၊ နမာမိ- ရှိသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

၃။ နမက္ကရာ နုဘာဝေန-ဘုရား၊ တရား၊ သံဃာ မြတ်သုံးဖော်တို့ကို ရှိသေမြတ်နိုး ရှိခိုးမှုကို ပြုရသော ကောင်းမှုရှိန်စော် အာနုဘော်ကြောင့်၊ သဗ္ဗဥပဒ္ဒဝေ-ကြွင်းမဲ့ဥဿုံ အလုံးစုံ စိတ္တုတြာသ ဘေးဘယနှောင့်ယှက် စိတ်ဓာတ်မရှင် မကြည်လင် မငြိမ်သက်၊ ဧကဂ္ဂတာ-တည်ကြည်ရာ မရသော ဥပဒ်၊ ထိုထိုအရပ်၌ အကျိုးမဲ့ဆင်းရဲစွာ တပ်နေရခြင်းတည်းဟူသော၊ ဥပ္ပသဂ္ဂါ-ဤသုံးဖြာတို့ကို၊ ဟိတွာ- ပယ်ဖျောက်ပြီး၍၊ အနေကာ-များပြားလှကုန်သော၊ အန္တရာယာပိ-အန္တရာယ်အပေါင်း မကောင်းဟူသမျှတို့သည်လည်းကောင်း၊ အသေသတော အသေသေန-အကြွင်းအကျန်မရှိ အကုန်အစင်အားဖြင့်၊ ဝိနာဿန္တု- လွင့်စဉ်ကင်းပျောက် အဝေးသို့ရောက်လျှက် မလာရောက်နိုင်ကြပါစေကုန်သတည်း။

## အကျိုးပြလင်္ကာ

သမ္ဗုဒ္ဓေဟု၊ ဆူဝေကြော်ကြား နိဒါန်းသွားကို များသိစေလို လင်္ကာချိုလျှက်၊ ဖွင့်ဆိုဆုံဖြား၊ နားမှတ်သားလော့။

ကွမ်းစားသတ္တော်၊ ခေါင်းလျော်ဒဿ၊ ဘုဉ္စတြိန်း၊ ဆီလိမ်းပဉ္စ စီးထလေ့မှာ၊ ရှစ်ကြိမ်သားတည်း၊ နံ့သာပန်းမျိုး ကိုးကြိမ်နှီးလော့၊ မိုးချုပ်ညဉ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၍ ရန်သူတွေ့မြောက် ဆယ့်တစ်ခေါက်တည်း။

ရွတ်ပါတောဝင်၊ သွင်သွင်ရွရွ သောဠသတည့်။ စစ်ထိုးသောအခါ ရွတ်ပါကိုးကြိမ်၊ ခပ်သိမ်းသန္ဓေ၊ မဖွားနေမူ၊ ရေကိုကိုးခေါက် မန်း၍သောက်က ဖွားမြောက်ခဏ ချမ်းသာရ၏။ ခပ်ထားနှောင်တွင်း၊ သံခြေကျင်းလည်း ချင်းဖြင့်တပ်လျှောင် တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏။ ဆင်တောကျားတော သွားသောသူမူ ငါးကြိမ်ဟူ၏။




www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ (၁)

**ပထမံဆရာကြီးဦးအောင်သူ**




ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ဂျိုးဖြူတောင် ရှိလေသည်။ ဂျိုးဖြူတောင်တွင် တစ်ချိန်က သက္ကဝတီမြို့ဟောင်းနန်းစိုက်ရာ ဖြစ်ခဲ့ပြင်း၊ ၎င်းအပြင် သီကြားမင်းနန်းတော်၊ ထို့ပြင် ဥက္ကလာပမင်းကြီး၏ နန်းတော် ဖြစ်ခဲ့သည်ဟုလည်း အဆိုရှိသည်။

ဂျိုးဖြူတောင်သည် သူတော်စင်များ ကိန်းအောင်းမှီခိုမွေ့လျော်ရာ၊ တစ်နည်း ဂမ္ဘီရနယ်မြေဖြစ်သည်ဟု ဆိုလျှင် မမှားနိုင်ပါ။ ရေတံခွန်အသွယ်သွယ်၊ သစ်ကြီးဝါးကြီးများ ထူထပ်စွာ ပေါက်ရောက်သဖြင့် ဟေမဝန်မြိုင်နန်းခမ်းနားကြီးကျယ်လှဘိ၏။

ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများအတွက် တောင်ထွတ်၊ တောင်ထိပ်၌ သဘာဝအလျောက်တည်ရှိနေသော အေးမြကြည်လင်သည့် နတ်ရေကန်မှ ရေများကို ရေမပိုက်လုံးကြီးများမှ တစ်ဆင့်ပေးပို့သဖြင့် ကျွန်ုပ်တို့ နတ်သုဓာရေကို မှီဝဲခဲ့ရပါ၏။

ဂျိုးဖြူဟူသော ဝေါဟာရသည် ငြိမ်းချမ်းရေးသင်္ကေတတစ်ခုဖြစ်သည်။ ဤနေရာဒေသ၌ပင် ဂျိုးဖြူဆရာတော်ကြီး ဦးအာဒိစ္စဝံသသည် တောမှီရဟန်း

www.burmeseclassic.com

**ဂျိုးဖြူဆရာတော်ကြီးသည် ယုံကြည်စိတ်ချလောက်သည့် အနေဖြင့် သာသနာ၊ ဘာသာကိစ္စအဝဝတို့ကို တာဝန်ပေးခဲ့သည်။ ဂျိုးဖြူ အဘိုးမရှိသည့် နောက်ပိုင်းတွင် အဖေကြီးသည် ဝိဇ္ဇာတို့လျှောက်သောလမ်းကို ဖြောင့်တန်းစွာ ကျင့်ကြံနေထိုင်ခဲ့လေသည်။**

ဘဝနှင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ကျင့်ကြံပွားများခဲ့ရာမှ သဗ္ဗသိဒ္ဓိ အလုံးစုံသော ဝိဇ္ဇာတို့၏ အတတ်ပညာတို့ကို ပိုင်ပိုင်နိုင်နိုင်ရရှိခဲ့ပါ၏။

ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် သိုက်နန်းဆက်ဘုရားများကိုလည်း လာရောက်လျှုဒါန်းခဲ့သည်ဟု သိရ၏။ ၎င်းအပြင် အခြားသော ဝိဇ္ဇာတို့၏ လျှို့ဝှက်ပစ္စည်းများကိုလည်း ဆရာတော်ကြီးထံ ပေးအပ်လှုဒါန်းခဲ့လေသည်။ ဤမျှ တာဝန်ကြီးလှသော သာသနာရေးနှင့် ပတ်သက်သော ကိစ္စအဝဝတို့ကို လွှဲပြောင်းပေးရန် လူစွမ်းကောင်း သစ္စာသမာဓိရှိသော ပုဂ္ဂိုလ်ကို စောင့်ဆိုင်းရှာဖွေခဲ့သည်မှာ နှစ်အတော်ကြာခဲ့လေပြီ။

ယော…တွေ့ခဲ့ရပါပြီ။ ထိုပုဂ္ဂိုလ်ကား…

အဖေကြီးဦးအေးဖေ၊ ပါရမီရှင်ဇနီးဖြစ်သော ဒေါ်ခင်မြသိန်းတို့ ဖြစ်ခဲ့လေသည်။ အဖေကြီးဦးအေးဖေသည် ခေတ်ပညာတတ် (M.A.,B.L) တွဲဖက် ပါမောက္ခဘဝနှင့် ကျင်လည်ခဲ့ရသည်။ ဒါသည်လည်း လောကီဝိဇ္ဇာပင် ဖြစ်သည်။

ဂျိုးဖြူဆရာတော်ကြီးသည် ယုံကြည်စိတ်ချလောက်သည့်အနေဖြင့် သာသနာ၊ ဘာသာကိစ္စအဝဝတို့ကို တာဝန်ပေးခဲ့သည်။ ဂျိုးဖြူအဘိုးမရှိသည့် နောက်ပိုင်းတွင် အဖေကြီးသည် ဝိဇ္ဇာတို့လျှောက်သောလမ်းကို ဖြောင့်တန်းစွာ ကျင့်ကြံနေထိုင်ခဲ့လေသည်။

ကျွန်ုပ်သည် အဖေကြီးဦးအေးဖေနှင့် အမေကြီးဒေါ်ခင်မြသိန်းတို့ကို ရင်းနှီးစွာတွေ့ဆုံခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပါသည်။ ဗိုလ်တထောင်စေတီမှာ ကျွန်ုပ်ဦးဆောင်ပြုလုပ်သော ရှင်ဥပဂုတ္တရဟန္တာ ရေမျှောပွဲကိုလည်း ကြွရောက် ချီးမြှင့်ခဲ့ဖူးပါသည်။ အဖေကြီးထံသို့ ပို့ဆောင်ပေးသူက ကျွန်ုပ်၏ဆရာကြီး *ဘိုးတော်ပေါက်ကုံးထွန်း ဖြစ်ပါသည်။*

အဖေကြီးသည် ဂျိုးဖြူတောင်၌ နှစ်စဉ်ကျင်းပသော ဓာတ်ပွဲ၊ နတ်ပွဲ၊ သိုက်ပွဲများကိုလည်း ခမ်းခမ်းနားနား ဆင်ယင်ကျင်းပလေ့ရှိပါသည်။ အဖေကြီးသည် ဓာတ်ပိုင်းဆိုင်ရာကို ပိုင်ပိုင်နိုင်နိုင် ပြုလုပ်နိုင်သလို အမေကြီးဒေါ်ခင်မြသိန်းကလည်း သိုက်ပိုင်းဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာများကို ပိုင်နိုင်စွာ ဦးဆောင်ပြုလုပ်နိုင်သည်။

ဩော်…ရာသီတွေပြောင်း၊ နှစ်တွေညောင်းခဲ့ပြန်တော့ အဖေကြီးသည်လည်း ဝိဇ္ဇာတို့၏စခန်းကို တက်လှမ်းခဲ့ရပြန်ပါသည်။ လူ့ဘဝမှသည် ရဟန်းဘဝသို့ ထိုကူး၊ အထူးထူးသော ဝိဇ္ဇာတို့အသိ၊ အတတ်ကို ဦးဆောင်သင်ကြားပေးကြသော အဘဘိုးမင်းခေါင်၊ ပထမံဘိုးဘိုးအောင်တို့၏ ရင်ခွင်ပိုက်ကိုယ်ပွားအဖြစ် ခံခဲ့ရပြန်သည်။

ထင်ပေါ်၍ စင်တော်ကောက်ဆိုသလိုပါပဲ။ ရဟန်းဘဝသို့ရောက်ရှိသောအခါ ဝိဇ္ဇာထွဋ်ခေါင် ရတနာမာရ်အောင်၊ ရွှေဗျိုင်းနား ကမ္ဘာ့ရွှေရင်အေးဆရာတော်ဘုရားကြီးမှ မဟာဒေဝဏ္ဏမြွာရာဇာဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ တစ်ဖန် မကွေးတိုင်း၊ ကမ္မမြို့၊ ထုံးကြီးတောင်ကျောင်း ရေဆူဆရာတော် ရွှေကျင်သာသနာပိုင် သဒ္ဓမ္မဇောတိကဓဇ ဦးကောဝိဓဆရာတော်မှ ထပ်မံ၍ မဟာဒေဝဖြပ္ပဏာသူတော်စင်ဘွဲ့ကို ချီးမြှင့်ခံခဲ့ရပါသည်။

ဤမျှ အံ့ဖွယ်ထူးဆန်း ဖြစ်ရပ်တို့သည် အဖေကြီးမှာ ဝိဇ္ဇာတို့၏ တပည့်သားသမီးအစစ် ဖြစ်ပေလိမ့်မည်။ *ဤသည်လည်း! အဖေကြီးသည်* ဝိဇ္ဇာတို့လျှောက်သောလမ်းကို လုံ့လ၊ ဝီရိယရောယှက်ပေါင်းစည်း ကျင့်ကြံပွားများသဖြင့် လူ့ဘဝနှင့်ပင် ဝိဇ္ဇာတို့၏ လောကထဲသို့ ရောက်ရှိသွ ကြောင်း ရေးသားလိုက်ရပါတော့သတည်း။

---

ပထမံဆရာကြီးဦးအောင်သူ

---



www.burmeseclassic.com

www.burmeseclassic.com



# ထူးခြားလှသည့် ပရဟိတ ကျောင်းတော်ရာစေတီတော်ကြီး

ကျော်သူ

ကျွန်တော်သည် နာရေးကူညီမှုအသင်း(ရန်ကုန်)အား ဦးစီးဦးဆောင်ပြီး အများပြည်သူလူထု လူသားအားလုံးတို့ မလွဲမသွေ တွေ့ကြုံခံစားကြသော နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေး အစရှိသည့် ဘေးဒုက္ခများကို မိမိ၏ အတွက်ကိုဖြတ်၍ အနစ်နာခံပေးဆပ်ခဲ့သည်မှာ (၁၄)နှစ်တာကာလကို ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ ထိုသို့ကာလအသီးသီးအား ဖြတ်သန်းခဲ့ရသည်မှာ လွယ်ကူချောမွေ့လှသည် မဟုတ်။ အတိုက်အခိုက်၊ အနှောင့်အယှက်၊ အဟန့်အတား၊ အတားအဆီး၊ အပိတ်အပင်တို့သည်ကား ဘဝတစ်ခုလုံး စုံးစုံးမြုပ်သွားမတတ် ခံစားဖြတ်သန်းလာခဲ့ရသည်။

စာလုံးရေ (၄)လုံးမျှသာရှိသော "ပရဟိတ" တည်းဟူသော လူသားများအတွက် ကူညီပေးမပေးဆပ်ရသော လုပ်ငန်းသည် လွယ်ကူလှသည်မဟုတ်။ ထို့ကြောင့် "အနိမ့်ကျဆုံးသော ကုသိုလ်အလုပ်မျိုးကို အမြင့်မြတ်ဆုံး နှလုံးသားရှိသူများသာ လုပ်ဆောင်နိုင်ကြသည်" ဟူသော စကားဆောင်ပုဒ် ထွက်ပေါ်လာရခြင်းဖြစ်သည်ဟု တောင်စလင်းတိုက်သစ် ဆရာတော်ကြီး ဦးတိက္ခမှ မိန့်ကြားခဲ့သည်။ သို့သော် ကျွန်တော်သည် မိမိကိုယ်မိမိ မြင့်မြတ်သောသူဖြစ်ကြောင်း လက်မခံပါ။ မြင့်မြတ်သောသူဖြစ်သည်ဟုလည်း မခံယူပါ။ မိမိကူညီ ပေးပေးနိုင်သော အတိုင်းအတာတစ်ခုအထိသာ ကူညီပေးနိုင်ရန် စီစဉ်ပေးသော ဦးဆောင်သူတစ်ယောက်သာ ဖြစ်သည်။ တကယ်တမ်း အနစ်နာခံ အပင်ပန်းခံ၍ ပေးဆပ်နေကြသူများမှာ မိမိတို့ နာရေးကူညီမှုအသင်းရှိ ဝန်ထမ်းများ၊ အသင်းသား၊ အသင်းသူများပင် ဖြစ်သည်။ ယခင် (၉)နှစ် ကာလခန့်အထိ မိမိ၏ အသက်အရွယ်၊ စွမ်းဆောင်နိုင်မှု စွမ်းအားများကြောင့် ပြည်သူလူထုထံသို့ ထဲထဲဝင်ဝင် ပေးဆပ်ကူညီပေးမှုများကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်နိုင်ခဲ့သော်လည်း ယခုကာလ မိမိ၏အသက် (၅၄)နှစ် အရွယ်တွင် မည်သူမျှ တားဆီး၍ မရနိုင်သော ဇရာ၏ ဒဏ်အား

www.burmeseclassic.com

ကြောင့် ယခင်ကာလများကဲ့သို့ ကျန်းမာနုပျိုသန်စွမ်းမှု မရှိသဖြင့် မိမိ၏ အတွေးအခေါ် အသိဉာဏ်စွမ်းအားဖြင့်သာ ပေးဆပ်မှုများကို ဦးဆောင်မှု ပြုလုပ်နေရသည်။

ယခုအချိန်ကာလ၌ ကျွန်တော်သည် ငြိမ်းချမ်း အေးချမ်းသာယာစွာ နေထိုင်လိုသော ဆန္ဒပြင်းပြလျက်ရှိသည်။ မိမိကဲ့သို့ ပြည်သူပြည်သားအားလုံး မြန်မာနိုင်ငံသူနိုင်ငံသား အားလုံး တစ်ကမ္ဘာလုံးရှိ သက်ရှိလူသတ္တဝါအားလုံး ငြိမ်းချမ်း သာယာသော ကမ္ဘာကြီး၊ ငြိမ်းချမ်းသာယာသော ဘဝများ ဖြစ်စေချင်သောဆန္ဒ ပြင်းပြလျက်ရှိနေသည်။ မိမိဖြတ်သန်းခဲ့သော ပရဟိတနယ်ပယ်တစ်လျှောက် တွေ့ကြုံခံစားခဲ့ရသော အခက်အခဲမှန်သမျှတို့အား ကျော်ဖြတ်နိုင်ခဲ့သည်မှာ မြတ်စွာဘုရားရှင်၏ တန်ခိုးတော်၊ မြတ်စွာဘုရားရှင် ဟောကြားခဲ့သော သစ္စာတရားတို့ကြောင့်ပင်ဖြစ်ကြောင်း ရဲရဲကြီး ကျွန်တော် ဝန်ခံပါသည်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များတင်မက အခြားသော ဘာသာဝင် အသီးသီးတို့တွင်လည်း ဘုရားသခင် အသီးအသီးတို့၏ မေတ္တာတော်ဩဝါဒ စကားများအား လိုက်နာကျင့်သုံးကာ အခက်အခဲ ပေါင်းစုံတို့အား သစ္စာတရားဖြင့် ကျော်လွှားနိုင်ခဲ့သည်မှာ မည်သူမှု ငြင်းနိုင်မည် မဟုတ်။

ပရဟိတသမားများအဖို့ အခြားသော ဘဝရပ်တည်မှု ပြုလုပ်နေကြသော သူများထက် သစ္စာဆိုရာတွင် ပိုမိုထိရောက်သော အကျိုးခံစားနိုင်သည်ဟု ကျွန်တော် ယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် ပရဟိတသမားဟူရာ၌ သီလလုံခြုံခြင်း၊ ဘဝတစ်ခုလုံး အနစ်နာခံ စွန့်လွှတ်စွန့်စားကြရကာ အများပြည်သူ အကျိုးအတွက် မိမိတို့၏ အတ္တများကိုဖြတ်၍ မြင့်မြတ်လှသော လူသားချင်းစာနာစိတ်၊ ကိုယ်ချင်းစာနာစိတ်တို့ဖြင့် လုပ်ကိုင်ပေးနေရသော ဘုရားချစ်သည့်သူများ ဖြစ်သောကြောင့်ပင် ဖြစ်တော့သည်။

လွန်ခဲ့သော(၃)နှစ်ခန့်က ကျွန်တော်၏ စိတ်ထဲတွင် အတွေးတစ်ခုပေါ်လာခဲ့သည်။ ကျွန်တော်တို့ ပရဟိတသမားများ၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပရဟိတသမားများ၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပရဟိတလုပ်ငန်းအား စိတ်ဝင်စားသူများ၊ ပရဟိတလုပ်ငန်းရပ်အား လုပ်ကိုင်နေကြသောသူများအတွက် တိုင်တည်ဆုတောင်း မေတ္တာပို့ သစ္စာဆိုနိုင်မည့် အထင်ကရ နေရာဟူ၍ သတ်သတ်မှတ်မှတ် မရှိသေးချေ။ ထိုသို့ မေတ္တာဖြန့်ဝေခြင်း၊ သစ္စာဆို ဆုတောင်းခြင်း၊ အဓိဋ္ဌာန်ပြုနိုင်ခြင်း တည်းဟူသော ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက်လည်းကောင်း၊ ယဉ်ကျေးလိမ္မာ၍ ဘာသာတရားကိုင်းရှိုင်းသော မျိုးဆက်သစ် လူငယ် လူရွယ်များ ပေါ်ထွန်းလာရေးအတွက်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စံပြနယ်မြေတစ်ခု ဖြစ်လာရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းသာယာအေးချမ်းကြည်နူးဖွယ် ကမ္ဘာသစ်ကလေးသို့ ရောက်ရှိသွားနိုင်သော နေရာတစ်ခု ပေါ်ပေါက်ရေးအတွက်လည်းကောင်း၊ ဗြဟ္မစိုရ်တရားလေးပါး လွှမ်းခြုံထားသော ကြည်နူးဖွယ်၊ နေချင်စဖွယ် နေရာသစ်ကလေးတစ်ခု ပေါ်ပေါက်လာရေးအတွက်လည်းကောင်း ရည်ရွယ်ရည်စူး၍ စေတီတစ်ဆူ တည်ထားရန် ဆန္ဒဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်၏ မြင့်မြတ်သော စိတ်ကူးအား အကောင်အထည်ဖော်နိုင်ရန် မြန်မာပြည်အရပ်ဒေသ အသီးသီးသို့ သွားရောက်ကာ ကျွန်တော် စတင်ကြိုးပမ်းခဲ့တော့သည်။

ယခု ၂၀၁၄ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ကျွန်တော့်ဆန္ဒ ပထမအဆင့် အောင်မြင်ခဲ့တော့သည်။ မြန်မာပြည်အလယ်ပိုင်းဖြစ်သော ပြည်မြို့သို့ ကျွန်တော် လူမှုရေးလုပ်ငန်းများဖြင့် ခရီးသွားစဉ် အောင်မြင်စွာ အကောင်အထည်ဖော်ခွင့် ရရှိခဲ့သည်။ ပြည်မြို့တစ်ဖက်ကမ်းသို့ နဝဒေးတံတားကြီးမှ ညာဘက် ကားလမ်းမအတိုင်း ဆက်လက်မောင်းနှင်သွားပါက ရွှေဘုံသာမုနိ ဘုရားကြီးကို ဖူးတွေ့နိုင်သည်။ ထိုရွှေဘုံသာမုနိဘုရားမှ ရှေ့သို့ ချောမွတ်နေသော မြေနီလမ်းမကြီးအတိုင်း မိနစ်(၂၀)ခန့် မောင်းနှင်ပါက မြတ်စွာဘုရား သက်ရှိထင်ရှားရှိစဉ်ကာလ၌ ခြေတော်ချရာ ဖိုးဦးတောင်စေတီတော်မြတ် တည်ရှိသည်။ ရွှေဘုံသာမုနိဘုရားနှင့် ဖိုးဦးတောင်စေတီတော်မြတ်အကြား တောင်ကုန်းတစ်ခုအား ကျွန်တော် စိတ်ဝင်စားမိသည်။ ထို့ကြောင့် ထိုတောင်ကုန်းပေါ်တွင် သာသနာပြု ဘုရားတည်ရန်အတွက် စုံစမ်းမိသည်။ ထိုအခါ တိုက်ဆိုင်စွာဖြင့် ယင်းတောင်ကုန်းအား ဝယ်ယူထားသော ဦးအောင်ခိုင်နှင့် တွေ့ဆုံမိခဲ့ကာ အကျယ်အဝန်း (၄)ဧကခန့်ရှိ တောင်ကုန်းအား ကျွန်တော် သာသနာပြု ဘုရားတည်ရန်အတွက် လှူဒါန်းပေးခဲ့သည်။ ကျွန်တော်သည် ယခု

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်အတွင်း သာသနာပြု လုပ်ငန်းအား အပြီးသတ်လုပ်ကိုင်လိုသော ဆန္ဒရှိသည်နှင့်အညီ ဘုရားတည်ထားရန်အတွက်လည်းကောင်း၊ သာသနိက အဆောက်အဦများ ဆောက်လုပ်ရန်အတွက်လည်းကောင်း ဦးစွာရေရရှိရေးအတွက် လုံးပမ်းရတော့သည်။ ထိုတောင်ကုန်းပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများသည် ခြောက်သွေ့နေသောကြောင့် ရေတူးဖော်ရန် များစွာအခက်တွေ့နေသည်။ တစ်ရက် ကျွန်တော်သည် ထိုတောင်ကုန်းသို့ သွားရောက်စဉ် အသက်အရွယ်(၄-၅)နှစ်ခန့်ရှိသော ကလေးငယ်တစ်ဦး တောင်ပေါ်သို့ တက်ရောက်လာခဲ့ကာ "အဘတို့ ဘာလုပ်နေလဲ" ဟု မေးသောကြောင့် ကျွန်တော်မှ ရေတူးဖော်ဖို့အတွက် လာကြည့်တာဟု ပြန်လည်၍ ပြောဆိုလိုက်သောအခါ "ရေက ဟောဟိုနားမှာရှိတယ်၊ သူ့အလိုအလျောက် မြေကြီးထဲကနေ ထွက်နေတာ အများကြီးပဲ" ဟု ပြောဆိုလိုက်သောကြောင့် သူ ညွှန်ပြရာနေရာသို့ သွားရောက်ကြည့်ရှုစဉ် ရေများ ကြည်လင်အေးမြစွာ ထွက်နေသည်ကို အံ့သြတကြီး တွေ့မြင်လိုက်ရတော့သည်။ နောက်ရက်များတွင် ထိုတောင်ကုန်းပေါ်၌ ရေများ အလိုအလျောက် ထွက်နေသောနေရာ နှစ်နေရာခန့်နှင့် တောင်ကုန်း၏ ဘယ်ဘက် လျှိုထဲတွင် စီးဆင်းနေသော ရေမြောင်းအား ပူပြင်းလှသော နွေရာသီအချိန်ကာလ၌ ထူးခြားစွာ တွေ့မြင်ရတော့သည်။ ကျွန်တော်သည် ထိုသာသနာပြု ဘုရားတည်မည့် တောင်ကုန်းတော်အား "ပရဟိတတောင်ကုန်းတော်" ဟု အမည်ပေးလိုက်တော့သည်။ ထို့နောက် ဘုရားတည်ရန်အတွက် ပြည်မြို့ ပန်းတောင်းမြို့နယ်များရှိ ဆရာတော်ကြီးများနှင့် တွေ့ဆုံဖူးမြော်ကာ အကြံဉာဏ်များ ခွင့်ပြုချက်များအား တောင်းဆိုခဲ့ပြီးနောက် ရွှေပေါက်ပင်ဆရာတော်ကြီး(ပြည်)၏ ဩဝါဒအတိုင်း "မဟာပဋ္ဌာန ပရဟိတ အောင်တော်မူစေတီတော်" ဟူ၍ အမည်သတ်မှတ်ခဲ့တော့သည်။

ဒုတိယ ထူးခြားချက်တစ်ရပ်မှာကား "မဟာပဋ္ဌာန ပရဟိတအောင်တော်မူစေတီတော်"အတွင်း ဗောဓိညောင်ပင်စိုက်မျိုးလိုသော အချိန်တွင် ပခုက္ကူဆရာတော်ကြီး(အနိစ္စဆရာတော်ကြီး) မပျံလွန်စဉ်က ဆရာတော်ကြီးမှ "ဟို . . . နတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနဲ့ လူကြီးကို သွားပေးလိုက်ပါ" ဟူ၍ ဆရာတော်ကြီးထံတွင် ရှိနေသော ဗောဓိညောင်ပင်ပေါက်အား ဆရာတော်ကြီး၏ တပည့်များအား မိန့်ကြားခဲ့ဖူးသည်။ ထိုစဉ်အခါက ဆရာတော်ကြီး မမာမကျန်း ဖြစ်နေ၍ ကျွန်တော့်ထံသို့ ဗောဓိညောင်ပင် ရောက်ရှိမလာချေ။ ဆရာတော်ကြီး ဘဝနတ်ထံသို့ ပျံလွန်တော်မူချိန်အခါ ကျွန်တော်ကိုယ်တိုင် နိဗ္ဗာန်ယာဉ် မောင်းနှင်ပေးခဲ့သည်။ ထိုစဉ်အခါမှ ကျွန်တော်သည် ဆရာတော်ကြီး၏ တပည့်ဒါယကာများ၏ ပြောကြားချက်ကြောင့် ထိုဗောဓိညောင်ပင်၏ သမိုင်းကို သိရှိခဲ့ရသည်။ ယင်းဗောဓိညောင်ပင်ပေါက်အား ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံသို့ သွားရောက်စဉ် ထိုစဉ်က အိန္ဒိယဝန်ကြီးချုပ် မာန်မိုဟန်ဆင်းမှ အမှတ်တရ ထူးခြားမြင့်မြတ်သော လက်ဆောင်မွန်အဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဗောဓိညောင်ပင်အား ဒေါ်အောင်ဆန်းစုကြည်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်လာခဲ့ပြီး ပခုက္ကူဆရာတော်ကြီးထံ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။ ကျေးဇူးရှင် ပခုက္ကူဆရာတော်ကြီးအား ကျွန်တော်သည် လွန်ခဲ့သော (၇)နှစ်ခန့်က နံနက်အရုဏ်တက်ချိန်တွင် တစ်ဦးတည်း သွားရောက်ဖူးမြော်ကာ ပရဟိတလုပ်ငန်းနှင့် ပတ်သက်၍ အခက်အခဲများအား လျှောက်ထားမေးမြန်းခဲ့ဖူးသည်။ ယခု ဆရာတော်ကြီးအနေဖြင့် ကျွန်တော် သာသနာပြု ဘုရားတည်မည့် ကိစ္စရပ်အား မည်သို့မည်ပုံ သိရှိပြီး ယခုကဲ့သို့ ဆရာတော်ကြီး၏ တပည့်ဒါယကာများကို ကျွန်တော့်ထံသို့ အရောက်ပို့နိုင်ခြင်းမှာ ကျွန်တော် အဖြေရှာ၍ မတွေ့။ ဆရာတော်ကြီး၏ မိန့်မှာချက်အတိုင်း ပဋ္ဌာက်စာပေတိုက်မှ ဦးအောင်သူသည် နာရေးကူညီမှုအသင်း(ရန်ကုန်) ကျွန်တော့်ထံသို့ ဗောဓိညောင်ပင်အား ပင့်ဆောင်၍ လာရောက်အပ်နှံခဲ့တော့သည်။ ထိုကဲ့သို့ ထူးခြားသော ဗောဓိညောင်ပင်အား ယခုလာမည့် ကဆုန်လပြည့်နေ့ မေလ (၁၃)ရက်နေ့တွင် သာသနာပြုမည့် ပရဟိတတောင်ကုန်းတော်ပေါ်၌ မြေချစိုက်ပျိုးရန် ကြည်သာအေးမြဆရာတော်(ပြည်) မိန့်ကြားခဲ့တော့သည်။

တတိယထူးခြားချက်တစ်ရပ်မှာကား ထိုတောင်ကုန်းတော်ပေါ်သို့ ဘုရား‌ ‌ ရန်အတွက်လည်းကောင်း၊ သာသနိကအဆောက်အဦများ ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ ဘုရားကြီး အောင်မြင်စွာ ပြီးစီးသွားသည့်အချိန်တွင် ဘုရားဖူးများ လွယ်လင့်တကူ တက်ရောက်ဖူးမြော်နိုင်ရန်အတွက်လည်း

www.burmeseclassic.com

ကောင်း ာမ်တော်ကားလမ်း ဖောက်လုပ်ရန်ကိစ္စရပ်ပင်ဖြစ်သည်။ ကားလမ်းဖောက်လုပ်ရန် လူအားနှင့် ဖောက်လုပ်မည်ဆိုပါက အချိန်ကုန် လူပင်ပန်း ငွေကြေးကုန်ကျမှုများမည်။ လမ်းဖောက်လုပ်သော မော်တော်ယာဉ်စက်ကြီးများ၊ မြေညှိစက်ကြီးများ လိုအပ်နေတော့သည်။ လိုအပ်နေသော ထိုစက်ယန္တရားကြီးများသည် ပြည်မြို့ရှိ ကြည်သာအေးမြ ဆရာတော်၏ ပံ့ပိုးမှုဖြင့် ကျွန်တော်တို့ ပရဟိတတောင်ကုန်းတော်အနီးသို့ ရောက်ရှိလာသောကြောင့် အကူအညီတောင်းခံခဲ့ရာ လွယ်ကူအောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့သည်။ အမှန်စင်စစ် ထိုစက်ယန္တရားများအား လိုအပ်ပါက ခရီးအတော်အတန်ဝေးလံသော ဒေသမှ မှာယူရမည်ဖြစ်၍ အခက်ကြုံတွေ့ရမည်ဖြစ်သည်။ ယခုမူ လိုအပ်သောအချိန်တွင် အဆင်သင့် ရောက်ရှိလာခြင်းသည်လည်း တတိယထူးခြားချက်တစ်ရပ်ပင် ဖြစ်တော့သည်။

သာသနာပြု ဘုရားတည်သည့် ကိစ္စသည် လူအား၊ စိတ်အား၊ သမာဓိအား၊ သီလအစွမ်းတို့အပြင် ငွေကြေးပိုင်းသည်လည်း အရေးပါလှသည်။ ကျွန်တော့်ထံတွင် လက်ရှိငွေကြေးအတိုင်းအတာဖြင့် လုံးဝမဖြစ်နိုင်ချေ။ သို့သော် ကျွန်တော်သည် အဓိဋ္ဌာန်ဝင် သီလဆောက်တည်ခြင်းနှင့် မိမိ၏ ပြုခဲ့သော ကုသိုလ်ကောင်းမှုများအား ယုံကြည်စွာ သစ္စာဆို၍ ထိုမြင့်မြတ်သော လုပ်ငန်းကြီးကို စတင်နေပြီဖြစ်သည်။ မြန်မာနှစ်ဆန်း(၁)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် ကျွန်တော့်ထံသို့ ကျွန်တော်တို့အသင်းကြီး၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ကိုအလင်းဆက်(IR)နှင့် ဇနီးတို့ ရောက်ရှိလာခဲ့ပြီး သူတို့ဇနီးမောင်နှံ၏ မင်္ဂလာရွှေလက်စွပ်နှစ်ကွင်းအား ထိုသာသနာပြု တည်ထားကိုးကွယ်မည့် "မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူစေတီတော်ကြီး" အတွက် ရည်စူး၍ ပထမဦးဆုံး လှူဒါန်းပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံအတွင်းနှင့် ပြည်ပနိုင်ငံရှိ ပရဟိတသမားများ၊ ပရဟိတအသင်းအဖွဲ့များအားလုံးကိုယ်စား တည်ထားကိုးကွယ်မည့် "မဟာပဏ္ဍိတ ပရဟိတအောင်တော်မူစေတီတော်"ကြီးအား နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းထားကြသော အလှူရှင်များ၏ အလှူငွေအား ယုံးဝ(လုံးဝ)အသုံးပြုမည်မဟုတ်။ ပရဟိတစိတ်ဓာတ်ရှိသော၊ ဗြဟ္မစိုရ်တရားလေးပါးအား လက်ကိုင်ပြု ကျင့်သုံးနေကြသော အလှူရှင်များ၊ ပရဟိတသမားများ၊ ပရဟိတအသင်းအဖွဲ့များမှ သီးခြားလှူဒါန်းသော သာသနာပြု အလှူငွေဖြင့်သာ တည်ထားကိုးကွယ်မည် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်း မည်သူမျှ တည်ထားကိုးကွယ်မှု မရှိခဲ့သေးသော၊ မြန်မာ့သမိုင်းတွင် လုံးဝမရှိခဲ့ဘူးသော ထူးခြားမှုများစွာဖြင့် တွေ့ကြုံခဲ့ရသော "မဟာပဏ္ဍိတ ပရဟိတအောင်တော်မူစေတီတော်ကြီး" အား ကျွန်တော် ဦးစီး၍ မြင့်မြတ်သော ရည်ရွယ်ချက်များဖြင့် ဗြဟ္မစိုရ်တရားလေးပါးလက်ကိုင်ပြုကာ စတင်တည်ထားတော့မည် ဖြစ်ပါသောကြောင့် မိဘပြည်သူများအနေဖြင့်လည်းကောင်း၊ အရပ်ဒေသအသီးသီးရှိ ပရဟိတအသင်းအဖွဲ့များအနေဖြင့်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း၊ သဒ္ဓါတရားနည်းများမဆို ကုသိုလ်တော်ပါဝင်ကြပါရန် နှိုးဆော်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါတော့သည်။

လှူဒါန်းနိုင်သည့် "မဟာပဏ္ဍိတ ပရဟိတအောင်တော်မူစေတီ" သာသနာပြု အကျိုးတော်ဆောင်များမှာ "ဦးစိုးမိုးနိုင်" မိုးမေတ္တာ နာရေးကူညီမှုအသင်း(ပြည်)၀၉-၄၂၃၆၇၅၉၄၅။ "ဦးညီညီအောင်" မိုးမေတ္တာ နာရေးကူညီမှုအသင်း(ပြည်)၀၉-၄၂၃၆၇၀၁၁၁။ "ကိုသူရိန်ဝင်း" သုခကုသိုလ်ဖြစ်ဆေးခန်း(ပဲခူး) ၀၉-၄၃၀၁၆၁၉၇။ "ကိုအောင်ဇော်" ၀၉-၅၁၅၈၈၉၀။ "မဝင်းလှဲ့ဇင်" ၀၉-၄၂၀၀၀၈၃၄၂။ "ကိုမျိုး(မြန်မာစာ)" ပေါ်ပြူလာဂျာနယ် အမှတ်(၁၅၀/၁၆၀)၊ ၃၅ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၀၉-၅၁၀၃၆၄၆။ "ကိုအောင်သူ" ပဉ္စဂံစာပေတိုက် အမှတ်(၁၆၇-အေ)၊ ၃၅ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၀၉-၂၀၀၅၈၂၈။ "ဒေါက်တာမောင်မောင်သန်း" အလုံမြို့နယ်၊ ရန်ကုန်မြို့ ၀၁-၂၂၉၆၅၂။ "ကိုညွန့်ဝင်း" ထိပ်တန်းတော်ဝင်စတိုး(နတ်တလင်း) ၀၉-၄၃၀၂၈၇၇၇ "ဗြဟ္မစိုရ်တရား ကမ္ဘာလွှမ်းစေရမည့် မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီး"

ကျော်သူ(ပရဟိတသာသနာပြုအဖွဲ့)
(ပေါ်ပြူလာဂျာနယ်၊ မေ-၁၃၊ ၂၀၁၄ နေ့ထုတ်)



www.burmeseclassic.com

www.burmeseclassic.com




# ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ ပြည်ပသာသနာပြုခရီးစဉ်များ

## မြစံပယ်

ဘွဲ့နှင်းသဘင်

ထိုင်းနိုင်ငံတွင် ဆန္ဒပြပွဲများ၊ အာဏာသိမ်းပွဲများ မည်သို့ပင်ရှိရှိ ယခုနှစ် မေ ၁၈ ရက်က ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ရှိ မဟာချူလာလောင်ကွန်ရာဇဝိဒယာလယတက္ကသိုလ်တွင် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ မဟာချူလာလောင်ကွန် တက္ကသိုလ်ကြီးသည် ကမ္ဘာ့ဘာသာရေးဆိုင်ရာ တက္ကသိုလ်ကြီးဖြစ်၍ နှစ်စဉ်ပင် ကမ္ဘာအရပ်ရပ်မှ သံဃာသုံးထောင်ကျော်တို့ကို ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းနေခဲ့ပါသည်။

ယခုနှစ်တွင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးအား ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့တော် Honorary Doctorate Degree of Philosophy, Buddhism ကို ဆက်ကပ် လှူဒါန်းတော်မူခဲ့ပါသည်။ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရရှိခြင်းဖြစ်၏။

အဆိုပါဘွဲ့ကို ဆက်ကပ်ခဲ့ရခြင်းမှာ မဟာချူလာလောင်ကွန်တက္ကသိုလ်မှ ကျိုက်ထီးဆောင်းဆရာတော်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြစဉ်က ဗုဒ္ဓသာသနာတော်ကြီးအတွက် ဆောင်ရွက်ထားမှုတို့ကို မြင်တွေ့သွားခဲ့ရသောကြောင့် ဖြစ်ပါသည်။ ကေလာသ၊ မြသပိတ်၊ ကျိုက်ဒေးယျူ၊ ကုသိနာရုံ၊ ဇင်းကျိုက် အစရှိသည့် ဆံတော်ရှင်တွေ တည်ရှိရာ တောင်ထိပ်တွေပေါ်ကို ရောက်ရှိသွားကြသည့်အချိန်တွင် သာမန်လူများ မဆောင်ရွက်နိုင်ကြသည့် ပြုပြင်ထိန်းသိမ်း စောင့်ရှောက်မှု အတွေ့အကြုံတို့ကို အံ့ဩဘနန်း ခံစားပီတိဖြစ်ခဲ့ကြရသည်ဟု ဆိုပါ၏။

www.burmeseclassic.com




## သာသနာနုဂ္ဂဟ

ထိုနေ့ညတွင် ဘန်ကောက်မြို့တောင်ဘက်ရှိ မဟာချိုင်မြို့မှ ဝပ်တန့်ဖိုင်တတိယကျောင်း ဓမ္မာရုံ၌ မြန်မာနိုင်ငံသုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟ အသင်းကြီး(ဗဟို)၏ ပြည်ပအခြေစိုက်ရုံးခွဲကို ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံ မဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၊ ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးနှင့် ရဟန်းတပည့် ဒါယကာများစွာတို့ ကြွရောက်ချီးမြှင့်ခဲ့ကြပါသည်။



## ရင်းနှီးချစ်ကြည်စွာ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တကုမာရ၊ ရန်ကုန်တိုင်းဒေသကြီး သံဃာ့နာယအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုဏ္ဍိဗလ၊ ကျိုက်ထီးဆောင်း အကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တနာဂဒီပနှင့် ရဟန်းတပည့်သာဝက များစွာတို့က တက်ရောက်ကြည်ညိုခဲ့ကြပါသည်။

အစီအစဉ်အရ ဘွဲ့နှင်းသဘင် အခမ်းအနားသို့ ထိုင်းနိုင်ငံ သာသနာပိုင်ဆရာတော် ဆွန်ဒက်ဖရာ့မဟာရာဇမင်္ဂလာဂျာရိယ ကြွရောက်ပြီးလျှင် ဘွဲ့တံဆိပ်များကို ရဟန်းပုဂ္ဂိုလ်နှင့် လူပုဂ္ဂိုလ်များအား ချီးမြှင့်အပ်နှင်းခဲ့ပါသည်။ အခမ်းအနား မစတင်မီ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ ဆရာတော်ကြီးများသည် သာသနာရေးဆိုင်ရာကိစ္စများအား အပြန်အလှန် လျှောက်ထားဆွေးနွေးကြပြီး နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုများအတွက် ဝမ်းမြောက်သာခု အနုမောဒနာစကားများကို ပြောကြားတော်မူခဲ့ကြပါသည်။

www.burmeseclassic.com



ပြည်ပရှိ ဗုဒ္ဓဘာသာဝင် လူငယ်မောင်မယ်များ စည်းလုံးညီညွတ်စွာဖြင့် အမျိုးဘာသာ သာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်သွားကြစေရန် ရည်ရွယ်၍ ဖွင့်ပေးခဲ့ခြင်း ဖြစ်ပါ၏။ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက အမေရိကန် ဒေါ်လာ ငါးထောင်ကို ပေးအပ်လှူဒါန်းပြီး အသင်းကြီးအကြောင်း သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

## ဂျပန်ပြည်သို့

မဟာနာယကဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး၊ ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးနှင့် တပည့်သာဝကအဖွဲ့တို့သည် ဂျပန်ပြည်သို့ ခရီးဆက်ခဲ့ကြပြန်ရာ မေ ၂၀ ရက်က ဂျပန်နိုင်ငံတောင်ပိုင်းရှိ ကျူးရှူးကျွန်းအနောက်ဘက်တွင် တည်ထားကိုးကွယ်ထားရှိသည့် မိုဂျိကမ္ဘာအေးစေတီ၏ ပဋ္ဌာန်းသိမ်းအောင်ပွဲသို့ ကြွရောက်ကြည်ညိုခဲ့ကြပြန်ပါသည်။

## မိုဂျိစေတီသမိုင်း

မိုဂျိကမ္ဘာအေးစေတီတော်ကြီးကို ဝန်ကြီးချုပ် ဦးနုလက်ထက် လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ခန့်က ဂျပန်-မြန်မာ ချစ်ကြည်ရေးအဖြစ် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုပွဲတော်မှာ နှစ်ခြောက်ဆယ်ပြည့် အထိမ်းအမှတ်အဖြစ် ပဋ္ဌာန်းဒေသနာတော်များကို တိဗ္ဗတ်ဝိပဿနာ(?)ကမ္မဆရာတော် သုံးပါးအပါအဝင် ဆရာတော် သုံးဆယ့်သုံးပါးတို့က နာရီတစ်ရာ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ ဆရာတော်ကြီးများအား ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းမှ ပင့်လျှောက်ဖိတ်ကြားခဲ့ခြင်းဖြစ်၏။

## ချီအိဒိစင်တာမှာ

ဗန်းမော်ဆရာတော်ဘုရားကြီးက မေ ၂၂ ရက်တွင် မြန်မာပြည်သို့ ပြန်လည်ကြွရောက်သွားခဲ့ပါသည်။ မေ ၂၄ ရက် ဂျပန်စံတော်ချိန် ညနေ ၆ နာရီတွင် တိုကျိုမြို့တော် ထေရဝါဒ ပရိယတ္တိကျောင်းတော်ကြီးအနီးရှိ ချီအိဒိစင်တာကြီး၌ ကျိုက်ထီးဆောင်းဆရာတော်ကြီးမှ ငါးပါးသီလတော်များ ချီးမြှင့်၍ ဩဝါဒ တရားရေအေးများ တိုက်ကျွေးတော်မူခဲ့ပြီး ကြွရောက်လာကြသော ဆရာတော်များက ပရိတ်တော်များ၊ ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ချီးမြှင့်တော်မူခဲ့ကြပါသည်။ ဂျပန်ရောက် မြန်မာဗုဒ္ဓဘာသာဝင် သုံးရာကျော်တို့ လာရောက်ကြည်ညိုတရားနာကြပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ကြီးသည် မေ ၂၅ ရက် ညနေ ၆း၃၅ အချိန်တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ပြွရောက်လာခဲ့ပါသည်။

## ဇေကမ္ဘာအလှူ


ထိုင်း၊ ဂျပန် သာသနာပြုခရီးစဉ်များ အားလုံးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်ဝပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းကြီး(ဗဟို)ဥက္ကဋ္ဌ၊ ဇေကမ္ဘာဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက တာဝန်ယူ ကုသိုလ်ပြု လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးကိုလည်း သာသနာပြုလုပ်ငန်းများအတွက် ငွေကျပ်သိန်းငါးရာကို မြန်မာပြည်သို့ ပြန်လည်ရောက်ရောက်ချင်း လှူဒါန်းခဲ့ကြောင်း သာသနာ့နုဂ္ဂအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ချိန်မှ သုံးနှစ်တာအတွင်း အသင်းသာသနာပြုလုပ်ငန်းများအတွက် ငွေကျပ်သိန်းပေါင်းလေးသောင်းကျော်ကို ကုသိုလ်ပြု လှူဒါန်းခဲ့ကြောင်းလည်း သိရပါသည်။

ကျေးဇူးတင်လွှာ

[ဤဆောင်းပါးအတွက် ဓာတ်ပုံများကို ကူညီပေးခဲ့ပါသော စာရေးဆရာ အောင်ဇေယျ(ရွှေမြ ဓာတ်ပုံ ဗီဒီယို)အား အထူးကျေးဇူးတင်ရှိပါသည်။]

မြစံပယ်

www.burmeseclassic.com



# တရုတ်နက္ခတ္တဗေဒင်ပညာ

**၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ**

## ကြက်နှစ်မွေးသူများအတွက်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာညှိုးနွမ်းနေ၏။ မူလရှိရင်းစွဲ စီးပွားရေးလုပ်ငန်းကိုသာ မပျောက်မပျက်စေရန် ထိန်းထိန်းသိမ်းသိမ်း လုပ်ကိုင်သင့်ပါသည်။ စီးပွားရေးပြိုင်ဘက်က ထောင်ချောက်ဆင်ထားပါသည်။ ကုသိုလ်ကောင်းမှုလုပ်ပါ။ လကုန်ရက်များတွင် ကံကောင်းလာပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်း မပြုသင့်ပါ။ မိမိ၏ စီးပွားရေးပြိုင်ဘက်နှင့် ခိုက်ရန်ဖြစ်ပွားခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါလေ။ အိမ်တွင်းသန့်ရှင်းရေး၊ ကျန်းမာရေးကို အထူးဂရုစိုက်ပါ။ ကြွက်၊ ပိုးမွှားကူးစက်ရောဂါ ရတတ်သည်။ စားသောက်နေထိုင်မှု အထူးဆင်

www.burmeseclassic.com

ခြင်ပါ။ စီးပွားရေးတွင် အတားအဆီး၊ အနှောင့်အယှက် ရှိတတ်၏။ ခရီးထွက်ခြင်းကို ရှောင်ပါ။ အထူးသဖြင့် ရေကြောင်းခရီးမသွားရ။ လှေ၊ သင်္ဘောစီးခြင်းကို ရှောင်ပါ။ လက်ထပ်ခြင်းမပြုသင့်သေးပါ။ ခဏစောင့်ဆိုင်းပါဦး။ မစောင့်နိုင်က အကျိုးယုတ်တတ်၏။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်းတွင် ကူညီမစမည့်သူများ ပေါ်မည်။ မိမိကိုယ်တိုင်လည်း ကြိုးစားလုပ်ကိုင်သင့်၏။ သို့မဟုတ်ပါက စီးပွားရေးကျဆင်းဆုတ်ယုတ်တတ်ပါသည်။ ကြိုးစားက အောင်မြင်ရေးပန်းတိုင်သို့ အလွယ်တကူ ရောက်ရှိနိုင်ပါသည်။ လလယ်လောက်တွင် ကံစမ်းနိုင်ပါသည်။ လခစားဝန်ထမ်း ရာထူးတိုးမည်၊ ကြိုးစားပါ။

## ရှောင်ကြဉ်ရန်အချက်များ

ပုစဉ်သော အစားအစာများ၊ တစ်နည်း ကယ်လိုရီများသော အစားအစာကို ရှောင်ပါ။ ဆိတ်သား၊ အမဲကို ရှောင်ပါ။ ကလီစာကိုလည်း ရှောင်ပါ။ လည်ချောင်းနာရောဂါ ရတတ်သည်။ ငွေမည်းလုံးဝ လက်မခံရ။ အမှုပြဿနာတက်တတ်သည်။ သတိနှင့် ဆင်ခြင်ပါလေ။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကုသိုလ်၊ ကံကြမ္မာစန်းပွင့်နေမည်။ လုပ်ငန်းအကြံအစည် ထမြောက်အောင်မြင်မည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်သည်။ ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ စက်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းကို လုပ်လျှင် အကျိုးပေးမှုရှိမည်။ လုပ်ပါ။ တွေးမနေသင့်ပေ။ ခရီးထွက်လျှင် အကျိုးထူးမည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးနှင့် လေကြောင်းခရီးကို ရှောင်ပါ။ ဘေးအန္တရာယ်များ၏။ ငွေဝင်လာမည်ဖြစ်၍ မိုးရွာတုန်း ရေခံပါ။ စုဆောင်းထားပါ။ နောင်အခါ၌ ငွေကြေးပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားပါ။ ငွေကြေးပြတ်လပ်မှု ကြုံတွေ့တတ်သည်။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်း လက်မထပ်သင့်သေး။ ဖူးစာရှင်တွေ့မည်။ လက်မလွှတ်လိုက်ပါနှင့်။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလတွင် ကုသိုလ် အကောင်းနှင့်အဆိုး ဒွန်တွဲနေတတ်၏။ စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ရာတွင် အခက်အခဲရှိနိုင်မည်ဖြစ်သော်လည်း ဇွဲရှိရှိ လုပ်ကိုင်သွားလျှင် အခက်အခဲအတားအဆီးတို့ကို ကျော်လွှားနိုင်ပါလိမ့်မည်။ ကျန်းမာရေးဂရုစိုက်ပါ။ စားသောက်နေထိုင်မှု ဆင်ခြင်ပါ။ အလုပ်ပြောင်းရွှေ့ရမည်။

## ရှောင်ကြဉ်ရန်အချက်များ

ပင်လယ်စာ၊ ငါး၊ ပုစွန် လျှော့စားပါ။ ရှောင်နိုင်က ကောင်းမည်။ အစာအိမ်ရောဂါ ရတတ်၏။ ငွေကြေးကုန်ကျမှုများမည်။ ငွေကြေးသုံးစွဲမှု စနစ်ကျပါစေ။ အချစ်ရေး၊ အိမ်ထောင်ရေး တတိယကြားလူ ဝင်မည်။ တို့မီးရှို့မည်။ နားမထောင်ပါနှင့်။ လင်မယား သဘောကွဲလွဲမှု ကြုံတတ်ပါသည်။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်သိပ်ကံကောင်းနေမည်။ ထီထိုးပါ။ ထီပေါက်ကိန်းရှိမည်။ ကံများများ စမ်းနိုင်ပါသည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်၏။ ခရီးဝေးသွားပါ။ အကျိုးရှိမည်။ နိုင်ငံခြားကုန်သွယ်မှု အကျိုးပေးမည်။ ငွေကြေးလိုမှ်၍ ဝင်လာကိန်းရှိ၏။ စီးပွားရေးလုပ်ငန်း အတားအဆီးမရှိပါ။ အောင်မြင်မည်။

## ရှောင်ကြဉ်ရန်အချက်များ

အချစ်ရေး သတိနှင့် ဆင်ခြင်ပါ။ ခေါင်းအေးအေးထားပါ။ သုံးပွင့်ဆိုင်အချစ် ကြုံတွေ့မည်။ ချစ်သူငိုင်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

လည်နေမည်။ ကောင်းရာကို အမြန်ရွေးချယ်လိုက်ပါ။ လက်လွတ်ဆုံးရှုံးတတ်ပါသည်။ သိပ်တွေဝေခြင်းမပြုပါနှင့်။ အချစ်ရေးရာတွင် နောင်တရတတ်ပါသည်။ ရေကြောင်းခရီးကို ရှောင်ပါလေ။ ဘေးအန္တရာယ်များ စောင့်ကြိုနေသည်။ အထည်ချုပ်လုပ်ငန်း မကိုက်ပါ။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာဆိုးနေသဖြင့် စီးပွားရေးလုပ်ငန်း ခဏခေတ္တရပ်နားထားပြီး ဘာသာရေးကုသိုလ်ကောင်းမှုများများလုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။ စေ့စပ်နိုင်ပါသည်။ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

အစားအသောက် သတိထားပါ။ အအေးစာ၊ ဝမ်းနူးစာ မစားရ။ ဝမ်းပျက်၊ ဝမ်းသွားတတ်ပါသည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်း မပြုရ။ အရှုံးပေါ်တတ်ပါသည်။ ငွေကြေး စနစ်တကျသုံးစွဲပါ။ ငွေကြေးကုန်ကျမှုများတတ်၏။ ငွေကြေးအတွက် များမည်။ ချွေတာသုံးစွဲကြရပါမည်။ အိမ်ထောင်ရှင်အဖို့ အချစ်သစ်တွေ့တတ်၏။ အိမ်ထောင်ရေး သစ္စာရှိပါစေ။ ခေါင်းအေးအေးထား ဆုံးဖြတ်ပါ။ အိမ်ထောင်ရှင်ဟောင်းနှင့် သားသမီးကလေးကို ပြန်ငဲ့ပါလေ။ သစ္စာမဖောက်ရ။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာမှေးမှိန်နေ၏။ မူလရှိရင်းစွဲ စီးပွားရေးလုပ်ငန်းကိုသာ ထိန်းသိမ်းလုပ်ကိုင်ပါ။ ကျန်းမာရေး ဂရုစိုက်ပါ။ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း အလုပ်ကို ကြိုးစားပြီး လုပ်ကိုင်ပါ။ အနစ်နာခံပါ။ နောင်အခါ အသာစံရမည်။ ရာထူးတိုးမည်၊ လစာကောင်းရမည်။ အထက်လူကြီး ယုံကြည်အောင်လုပ်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

အမျိုးသမီးများ ရာသီမမှန်၊ မီးယပ်ရောဂါရတတ်ပါသည်။ ရောဂါကို မမေ့ထားပါနှင့်။ အမြန်ဆေးဝါးကုသမှုကို ခံယူပါ။ ရောဂါအခြေအနေ ဆိုးဝါးနိုင်ပါသည်။ သူခိုးဘေး သတိထားပါ။ ရွှေငွေပျောက်ဆုံးတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး၌ စိတ်ရှည်သည်းခံပါလေ။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လကုန်ရက်၊ သို့မဟုတ် လလယ်ရက်များတွင် စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီသစ် တည်ထောင်လုပ်ကိုင်ပါ။ ရင်းနှီးမြှုပ်နှံလျှင် အကျိုးထူးမှုရှိမည်။ စီးပွားရေးပြိုင်ဘက်များ အနှောင့်အယှက်ပေးတတ်၍ ဘက်ပြိုင်ခြင်း၊ ခိုက်ရန်ဖြစ်တတ်ခြင်း၊ သတိနှင့်ဆင်ခြင်ပါလေ။ အတားအဆီးရှိသော်လည်း ဂရုစိုက်ကာ ဖွဲကောင်းကောင်း လုပ်ကိုင်သွားပါ။ နောက်ဆုံး၌ အောင်မြင်ခြင်းပန်းတိုင်သို့ ဆိုက်ရောက်ပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း အချင်းချင်းပြဿနာတက်တတ်၏။ ဆက်ဆံပြောဆိုရာတွင် ဆင်ဆင်ခြင်ခြင်နှင့် စိတ်ရှည်သည်းခံကြရပါမည်။ ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင်ပါ။ အသစ်ရင်းနှီးမြှုပ်နှံခြင်း မပြုသင့်။ ခရီးထွက်နိုင်၏၊ စေ့စပ်နိုင်၏၊ သို့ရာတွင် အသစ်စေ့စပ်ခြင်း မပြုရ။ ရေကြောင်းခရီးကို ရှောင်ကြဉ်ပါ။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ ထွန်းလင်းတောက်ပနေ၏။ ငွေကြေးလိုမ့်၍ဝင်မည်။ မိုးရွာတုန်း ရေခံထားပါ။ စီးပွားရေးလုပ်ငန်း အနှောင့်အယှက်၊ အတားအဆီးမရှိ ရှောရှောရှူရှူ ထမြောက်အောင်မြင်ရပါလိမ့်မည်။ ကျန်းမာရေးနှင့် အိမ်ထောင်ရေး အဆင်ပြေမှုရှိပါမည်။

## ရှောင်ကြဉ်ရန်အချက်များ

အပျိုစင်များ အိမ်တွင်းသိပ်ပုန်းရှောင်မနေရ။ အပေါင်းအသင်းများအောင်၊ ဆံ့အောင်လုပ်ပါ။ တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တည်းမနေရ။ အပျိုကြီးဖြစ်တတ်ပါသည်။ ရယ်ရယ်မောမောနေပါ။ ပျော်ပျော်ရွှင်ရွှင်နေပါ။ မျက်နှာပုပ်မထားရပါ။ မျက်နှာချိုချိုထားလျှင် ဈေးရောင်းကောင်းလိမ့်မည်။

## ယုန်နှစ်ဖွားသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာဆိုးမှ လွတ်မြောက်လာသဖြင့် စီးပွားရေးလုပ်ငန်း၊ ချစ်ရေးချစ်ရာ၊ အိမ်ထောင်ရေး အဆင်ပြေကာ သာယာပျော်ရွှင်မှု ရှိနေပါမည်။ ပြည်တွင်းကုန်သွယ်မှု၊ နိုင်ငံခြားကုန်သွယ်မှုလုပ်ပါ။ အကျိုးထူးမှုတွေ့ရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ

မှောင်ခိုစီးပွားရေးလုပ်ငန်း၊ ဘိန်းဖြူလုပ်ငန်း လုံးဝမလုပ်ကိုင်ကြရ။ ငွေမည်းလက်မခံကြရ။ အမှုပြဿနာတက်ကာ ရုံးတက်ဖြေရှင်းရမည်။ ရုံးတက်ဖြေရှင်းလည်း မလွယ်ကူလှပါ။ ကျန်းမာရေးဂရုစိုက်ပါ။ မားထိရှတတ်သည်။ ဝင်ထွက်သွားလာမှု သတိထားပါ။ ညအခါ ယာဉ်မပေါင်းရ။ မတော်တဆ ထိခိုက်မှုကြုံမည်။

## နဂါးနှစ်ဖွားသူများအတွက် ဆောင်ရန်အချက်များ

ကံကောင်း၊ ကံဆိုး ဒွန်တွဲနေတတ်၏။ စီးပွားရေးလုပ်ငန်းကို ဂရုတစိုက် ကြိုးစားလုပ်ကိုင်ပါ။ ဆုံးရှုံးမှုနည်းမည်။ အနည်းငယ် ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ လောဘမကြီးရပါ။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်သော်လည်း နိုင်ငံခြားခရီး မထွက်သင့်ပါ။ စေ့စပ်နိုင်ပါသော်လည်း ချက်ချက်းလက်မထပ်ရ။ ခဏခေတ္တရွှေ့ဆိုင်းထားပါ။ မစောင့်ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်၏။ ဈေးဝယ်ဈေးရောင်း၊ ကုန်ပစ္စည်းသိုလှောင်မှု၊ ပစ္စည်းလျှော့မှု ကြုံတွေ့တတ်သည်။ ယင်းမှ ပြဿနာတက်ပြီး ရုံးရောက်၊ ဂတ်ရောက် အမှုရင်ဆိုင်ရတတ်သည်။ ကုန်ပစ္စည်းရောက်လာလျှင် ဦးစွာပထမ သေသေချာချာ စစ်ဆေးရေတွက်ပြီးမှ လက်ခံပါ။ ခုရှုပ်မှ နောင်ရှင်းမည်။ ရှေးပညာရှိစကားကို နှလုံးသွင်းထားပါ။

## မြွေနှစ်ဖွားသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း အနှောင့်အယှက်၊ အတားအဆီးရှိမည်။ ဖွဲလုံ့လမလျှော့ဘဲ ကြိုးစားလုပ်ကိုင်ပါ။ အခက်အခဲ၊ အတားအဆီးဟူသမျှ ကျော်လွှားနိုင်ပါလိမ့်မည်။ စပ်တူလုပ်ငန်း လုပ်နိုင်၏။ သို့သော် စေ့စပ်သေချာပါ။ ပေါ့ပေါ့ဆဆ မလုပ်ရ။

## ရှောင်ကြဉ်ရန်အချက်များ

ငွေကြေးကုန်ကျမှု များမည်။ ငွေကြေးပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားရမည်။ အပျို ချစ်သူသစ်တွေ့မည်။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ သို့မဟုတ်လျှင် သဘောကွဲလွဲမှု ကြုံရတတ်ပါ၏။ ကွဲတတ်၏။ တို့မီးရှို့မီးကို သတိထားပါ။ တတိယကြားလူဝင်တတ်၏။ အထူးသတိထားရာတည်း။

**ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ
၂၀၁၄ ခုနှစ်၊
စက်ဘုန်နိုင်ငံ။



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး
# မိုဒူးမိုက်ဆံ ၏
# လအလိုက်အဟော
## ဩဂုတ်လ

ဦးတိုး(တက္ကသိုလ)

(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ရှုပါ။)

### မကာရ ရာသီဖွား (ဆိတ်ရုပ်)
### ဇန်နဝါရီလ ၁၄ မှ ဖေဖော်ဝါရီလ ၁၂

ယခုလတွင် သင်ကံကောင်းနေပါသည်။ ယှဉ်ပြိုင် အရွေးခံခြင်း၊ လေလံအပြိုင်ဆွဲခြင်း၊ သို့မဟုတ် မည်သည့် ယှဉ်ပြိုင်ရမှုမျိုးကိုမဆို ရလဒ်ကောင်းများ ရှိနေပေမည်။ ကန်ထရိုက်စာချုပ်တစ်ခုကို ချုပ်ဆိုရမည်။ သင်ကြိုးပမ်း အားထုတ်သမျှ ပြီးမြောက်အောင်မြင်မှုရှိမည်။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)
### ဖေဖော်ဝါရီလ ၁၃ မှ မတ်လ ၁၄

အတိုးအပွား လုပ်ကိုင်မှုများမှအစ စတော့ရှယ်ယာ ရှင်းနီးမြုပ်နှံမှုတို့မှ သင့်တင့်လျောက်ပတ်သော အကျိုး အမြတ်များကို ရရှိမည်။ မြေကွက်တစ်ကွက် ဝယ်ယူရမည်။ သို့တည်းမဟုတ် အမွေဆက်ခွင့် ရရှိမည်။ ယှဉ်ပြိုင်ရသည့် ကိစ္စရပ်များ၊ လေလံဆွဲခြင်း၊ အရွေးခံခြင်း စသည်တို့တွင် သင်ပါဝင်ဆောင်ရွက်ရလျှင် ကောင်းကျိုးရလဒ်များ ရှိနေ သည်။ အကယ်၍ တရားရုံးတွင် အမှုရင်ဆိုင်နေရလျှင် သင်အနိုင်ရမည်။ သင့်အနေဖြင့် လေ့လာသင်ယူနေသည့်ကိစ္စ အောင်မြင်ဖြစ်ထွန်းမည်။

သို့သော်လည်း အလုပ်လျှောက်ထားလျှင် ရနိုင်ခြေ မရှိပေ။ သင်၏ ချစ်မေတ္တာရေးမှာ ပြီးပြည့်စုံသွားပါလိမ့် မည်။ ကလေးလိုချင်သူများ ကိုယ်ဝန်ရပြီး ဆန္ဒပြည့်ဝမည်။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)
### မတ်လ ၁၅ မှ မတ်လ ၁၂

ဩဂုတ်လ ၈ ရက်နှင့် ၉ ရက်တို့တွင် မတော်တဆ ယာဉ်တိုက်ခံရမည်။ သို့မဟုတ် အမြင့်မှ လိမ့်ကျတတ်သည်။ ဩဂုတ်လ ၂၆ ရက်မှ လကုန်ခုံးသွားသည်အထိ သင့်အပေါ် စိုးမိုးထားသော ဂြိုဟ်မှာ တောက်ပနေပါသည်။ ရာထူးတက်



www.burmeseclassic.com


www.burmeseclassic.com

ခြင်း၊ သို့မဟုတ် ယှဉ်ပြိုင်ရမှုတွင် အနိုင်ရခြင်းတို့သည် ဖြစ်နိုင်ခြေ မြင့်မားနေလေသည်။ သို့သော်ငြားလည်း သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် သင်စီစဉ်ထားသည့် စီးပွားရေးလုပ်ငန်း စတင်ရန် ထိခိုက်သွားမည်။ အကယ်၍ သင်သည် တရားရုံး၌ အမှုတစ်ခုနှင့် ရင်ဆိုင်နေရလျှင် ရှုံးနိမ့်တတ်သည်။

## မိဿရာသီဖွား (သိုးထီးရုပ်)

## ဧပြီလ ၁၃ မှ မေလ ၁၃

ဩဂုတ်လ ၁ ရက်မှ ၁၄ ရက်အကြားတွင် သင်၏ စကားပြောမှားယွင်းမှုမှနေ၍ ဆက်ဆံရေးပြိုကွဲသွားတတ်သောကြောင့် သတိထားဆင်ခြင်ပါ။ အလုပ်ထွက်ရန်ကိစ္စ၊ သို့မဟုတ် တစ်စုံတစ်ရာမှနေ၍ နောက်ဆုတ်ရန် ကြံစည်နေလျှင် တည်ငြိမ်စွာ သေသေချာချာ စဉ်းစားသုံးသပ်ပါ။ ဩဂုတ်လ ၁၅ ရက်နောက်ပိုင်း သင်ကံကောင်းလာပါပြီ။ သင်၏ စီမံချက်အားလုံး အောင်မြင်မည်။ အတိုးအပွားလုပ်ထားခြင်း၊ ရင်းနှီးမြှုပ်နှံထားသည့် စတော့ရှယ်ယာတို့မှ အမြတ်အစွန်း ရရှိမည်။ ဆုတစ်ခုရရှိ၍ ပိုမိုပျော်ပိုက်စေပါလိမ့်မည်။ မတော်တဆဖြစ်မှုသော်လည်းကောင်း၊ မီးလောင်မှုသော်လည်းကောင်း ကြုံတွေ့ရတတ်သောကြောင့် သတိထားပါ။ ကိုယ်ခန္ဓာခွဲစိတ်ရတတ်သည်။ ယခုကာလတွင် မိသားစုပြဿနာများပေါ်ပေါက်လာတတ်သည်။



## မြဿရာသီဖွား (နွားလားဥသဘရုပ်)

## မေလ ၁၄ မှ ဇွန်လ ၁၄

ထီဆုတစ်ခုပေါက်၍ အလွန်တရာ စိတ်လှုပ်ရှားကာ အပျော်ကြီးပျော်နေရမည်။ ပညာသင်ဆုတစ်ဆု ရမည်။ ဩဂုတ်လ ၁ ရက်မှ ၁၄ ရက်ကာလအတွင်း ယှဉ်ပြိုင်မှုတစ်ခု၌ ပါဝင်လျှင် သင်သည် နောက်ဆုံး ဆန်ခါတင်အဆင့်သို့ တက်လှမ်းနိုင်မည်။ ရုတ်တရက် ခရီးတစ်ခု ထွက်ရတတ်သည်။

## မေထုန်ရာသီဖွား (အမြွှာရုပ်)

## ဇွန်လ ၁၅ မှ ဂျူလိုင်လ ၁၅

ယခုလတွင် ကံကောင်းခြင်းများဖြင့် ကောင်းချီးပေးပေလိမ့်မည်။ စျေးနှုန်းဆိုင်စျေးတစ်ရပ်၊ တာဝန်သစ်များ စတင်လွှဲပြောင်းယူခြင်းနှင့် ညှိနှိုင်းမှုများတွင် ထူးကဲစွာ အောင်မြင်မှုကို ရရှိမည်။ သင်သည် ခွဲစိတ်မှု ခံယူရမည်ဖြစ်သော်လည်း အသက်အန္တရာယ် မစိုးရိမ်ရ၍ စိတ်ပူစရာမလိုပေ။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)

## ဂျူလိုင်လ ၁၆ မှ ဩဂုတ်လ ၁၆

ဩဂုတ်လ ၁ ရက်မှ ၁၅ ရက်အတွင်း နိမိတ်မကောင်းလှပေ။ ငွေကြေးမတည်မှုများနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ချိန်းဆိုခြင်း၊ သို့မဟုတ် သဘောတူညီမှုရအောင် လုပ်ဆောင်ခြင်းတို့တွင် ယခုကာလအတွင်း ရွှေ့ဆိုင်းလိုက်ရမည်။ ထို့ကြောင့် သင့်အား စိတ်ပူပန်စေပေလိမ့်မည်။ သို့သော်ငြားလည်း ဩဂုတ်လ ၁၆ ရက် နောက်ပိုင်းမှစ၍ တဖြည်းဖြည်းချင်း အခြေအနေကောင်းမွန်လာပါလိမ့်မည်။ အနေရာတိုင်းကောင်းမွန်စွာ အလုပ်ဖြစ်လာနေ၍ ပိုမိုပျော်ရွှင်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

### သိဟ်ရာသီဖွား (ခြသေ့်ရုပ်)
### ဩဂုတ်လ ၁၇ မှ စက်တင်ဘာလ ၁၆

ယခုလတွင် သင်၏စီးပွားရေး ရှင်သန်တိုးတက်လာပေလိမ့်မည်။ အလုပ်အကိုင် တိုးချဲ့ခြင်းနှင့် ယှဉ်ပြိုင်ရမှုတစ်ခုတို့တွင် ချောမွေ့နေပေလိမ့်မည်။ သို့သော်လည်း ကန်ထရိုက်စာချုပ်တစ်ခုကို ချုပ်ဆိုတော့မည်ဟုဆိုလျှင် သတိထားပါ။ သင်ဒုက္ခဆိုက်ရောက်သွားနိုင်သည်။

### ကန်ရာသီဖွား (အပျိုစင်ရုပ်)
### စက်တင်ဘာလ ၁၇ မှ အောက်တိုဘာလ ၁၆

ယခုလတွင် အောင်မြင်မှုဖြင့် ကောင်းချီးပေးပါလိမ့်မည်။ သင်၏အလုပ်အကိုင်နှင့် စီမံချက်တစ်ခုကို ချောမွေ့စွာ ကိုင်တွယ်နိုင်လိုက်သဖြင့် အောင်မြင်မှုရှိသည့် ရလဒ်အကျိုးကျေးဇူးများကို ခံစားရပေမည်။ သင်၏ ဘဝခရီးလမ်းကြောင်းသည် ရှေ့သို့ တက်လှမ်းနိုင်ပေမည်။ ၎င်းနှင့်အတူ ဝင်ငွေပိုမိုမြင့်တက်လာပါလိမ့်မည်။

### တူရာသီဖွား (ချိန်ခွင်ရုပ်)
### အောက်တိုဘာလ ၁၇ မှ နိုဝင်ဘာလ ၁၆

ယခုလတွင် မေခလာကာယ်ဆယ်ကိန်းကြုံမည်။ သင်၏ သင်သည် ထူးခြားသော အောင်မြင်မှုရရှိမည်။ သို့သော်ငြားလည် သင်၏ ကျန်းမာရေးပြဿနာများ၊ သို့မဟုတ် သင်၏ကလေးများအတွက် စိုးရိမ်နေရပေလိမ့်မည်။

### ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
### နိုဝင်ဘာလ ၁၇ မှ ဒီဇင်ဘာလ ၁၅

ဩဂုတ်လ ၁ ရက်မှ ၁၅ ရက်အကြားတွင် ဖိအားပေးမှုဖြင့် ကြုံကြိုက်တတ်သည်။ ကန်ထရိုက်ကိစ္စများ၊ စီးပွားရေးလုပ်ငန်းဆက်သွယ်မှုများ၊ သို့မဟုတ် ဘဏ်မှ တိုးချဲ့ငွေချေးယူရေးများတွင် ယခုကာလ၌ ရလဒ်ကောင်းများ ပေးမည် မဟုတ်ပေ။ ဩဂုတ်လ ၁၆ ရက်နောက်ပိုင်းမှ



တောက်လျှောက် မှန်မှန်တိုးတက်လာပါလိမ့်မည်။ အပြိုင်လေလံဆွဲခြင်း၊ ယှဉ်ပြိုင်ရမှုတစ်ခု၊ သို့မဟုတ် သင်၏ ချစ်မေတ္တာရေးဘဝ စသည့် အရာရာ အောင်မြင်မှုရရှိမည်။

### ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
### ဒီဇင်ဘာလ ၁၆ မှ ဇန်နဝါရီလ ၁၃

ဩဂုတ်လ ၁ ရက်နေ့မှ ၁၆ ရက်နေ့ အတောအတွင်းတွင် ကထန်ရိုက်စာချုပ်တစ်ခု လက်မှတ်ရေးထိုးခြင်း၊ ခန္ဓာကိုယ်ခွဲစိတ်မှုခံယူခြင်း၊ သို့မဟုတ် အချိန်မကျသေးဘဲ အနားယူခြင်း စသည်တို့ကို လုပ်ဖို့ ဆုံးဖြတ်တော့မည်ဟု ဆိုလျှင် သေသေချာချာ နှစ်ကြိမ်ခန့်စဉ်းစားပါ။ ဩဂုတ်လ ၁၇ ရက်မှ ၂၁ ရက်အတွင်းတွင် ပိုမိုကောင်းမွန်သော အလုပ်အကိုင်တစ်ခုကို ကမ်းလှမ်းလာခြင်းနှင့် ခရီးတစ်ခုကို စတင်ထွက်ခွာရပါလိမ့်မည်။ သို့သော်လည်း သင့်တွင် ငွေရေးကြေးရေး အခက်အခဲ ဖြစ်နေတတ်သည်။

ဦးတိုး(တက္ကသိလ)

***Reference:***

The Bangkok Post's LIFE
Year of the HORSE
Your month-by-month
horoscope for 2014
By MOHDU PAISARN

■



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓအမွေနှစ်များ ဦးခိုက်ပူဇော်

မောင်စိုးထိုက်(သုံးဆယ်)

ရွှေကြေးစည်အဖွဲ့နှင့် ယမန်နှစ်(၁၃၇၄/၇၅) ခုနှစ်က စစ်ကိုင်းဘုရားစုံနှင့် အလောင်းတော်ကဿပ ဘုရားဖူးရန် မိသားစု ၅ ဦးနှင့် မိတ်ဆွေ ၂ ဦးကိုပါ မမွှဒါန အဖြစ် ဖိတ်ခေါ်ပြီး အတူတကွ သွားရောက်ဖူးမြော်ဖြစ်ခဲ့ပါသည်။

ပို့ပေးမည့် ခရီးစဉ်လမ်းညွှန်၊ အပြန်အလှန်စည်းကမ်းတို့ကို သေချာဖတ်ပြီးမှ ငွေပေးချေပြီး လိုက်ပါခြင်း ဖြစ်ပါသည်။ သို့သော် ထိုခရီးစဉ်တွင်ပါသော ဖိုဝင်တောင်နှင့် ရွှေဘတောင်ကို ပို့မပေးခဲ့သဖြင့် ဖူးခွင့်မရခဲ့ပါ။

သားသမီးများက ယမန်နှစ် ရွှေကြေးစည်ဘုရားဖူးအဖွဲ့ ဝန်ဆောင်မှု ခရီးစဉ် မဝံ့မှုကို ထောက်ပြအသိပေးပါသည်။ သို့သော် စာရေးသူ ငယ်စဉ်ကတည်းက ဒေါ်စမ်းစမ်းအောင်နှင့် ရွှေကြေးစည်၊ ရွှေကြေးစည်နှင့် ဒေါ်စမ်းစမ်းအောင်သည် ဗုဒ္ဓဘာသာဝင်တိုင်းအတွက်၊ နိဗ္ဗာန်ကူးတို့စစ်စစ်ဟု ခံယူထားမိ၍၊ ယခုနှစ်ခရီးစဉ်ကိုလည်း ရွှေကြေးစည်နှင့်ပင်သွားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

လောကစံကို နှံ့စပ်ကျွမ်းကျင်သော တရားပြ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့က အခက်အခဲကို ကျော်လွှားလိုလျှင် မွေးသည်မှ သေသည်အထိ၊ နေ့စဉ် နိုးထချိန်မှ အိပ်ချိန်အထိ-

- **ကောင်းတဲ့စိတ်ကိုမွေး**
- **ကောင်းတဲ့အကြံကိုကြံ**
- **ကောင်းတဲ့စကားကိုပြော**
- **ကောင်းတဲ့အလုပ်ကိုလုပ်**

ဟု ဆိုဆုံးမကြလေ့ ရှိပါသည်။

မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန်၊ မံစီ အမှတ်တရ ခရီးစဉ်

စာရေးသူသည် NGO လုပ်ငန်းများ၊ မိသားစုစားဝတ်နေရေးကိုယ်ပိုင်လုပ်ငန်း၊ သာသနာပြုလုပ်ငန်းများဖြင့် မိသားစုအတွက် နေ့စဉ် အချိန်ပေးနိုင်မှုနည်းပါးသည့် အခြေအနေ နှစ်စဉ် ကြုံတွေ့ရတတ်ပါသည်။

စာရေးသူက ဘဝတစ်လျှောက်လုံး ဘာသာရေး၊ လူမှုရေးကိစ္စများတွင် အထူးကူညီပေးတတ်သည့် အကျင့်က ယနေ့တိုင်ဖျောက်မရသူမို့ မိသားစုစုံညီ တစ်နှစ်တစ်ကြိမ် အလှူ(သို့မဟုတ်)ခရီးစဉ်တစ်ခုခု လှူနိုင် သွားနိုင်အောင် စီမံဆောင်ရွက်ပေးဖြစ်အောင် ကြိုးစားသည်။ ကြိုးစားသည့်အတိုင်းလည်း လှူဖြစ်သည်။ ခရီးထွက်လေ့ရှိပါသည်။

မိမိနိုင်ငံအတွင်း(ချင်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးများမှအပ) ကျန်တိုင်းနှင့် ပြည်နယ်အသီးသီးသို့ ဘုရားဖူးခရီး၊ စာပေခရီးအဖြစ် အကြိမ်ကြိမ်သွားရောက်နိုင်ခဲ့သည်။ ပြည်ပခရီးသို့ မိသားစုအစုံအညီ(အိန္ဒိယနှင့် နီပေါနိုင်ငံ)များသို့ ဗုဒ္ဓဂယာဘုရားဖူး(၁၅)ရက်ခရီးပင် အရောက်သွားခဲ့သည်။

ယခုနှစ်(၁၃၇၅/၇၆)မဟာသင်္ကြန်ကာလ ရုံးပိတ်ရက်နှင့် ချိန်တွက်ပြီး မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန်၊ မံစီဘုရားဖူး (၈)ရက်ခရီးထွက်ဖို့ ရွှေကြေးစည်ဘုရားဖူးလုပ်ငန်းတွင် မိသားစု(၅)ဦးအတွက် ကြိုတင်ငွေ ပေးသွင်းပြီး မိသားစုအားလုံး မိမိလုပ်ငန်း၊ ကုမ္ပဏီ၊ ရုံးတို့အား၊ ကြိုတင် တင်ပြခွင့်တောင်းဖို့ သတိပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ် သာသနာပြုခရီး ပြည်တွင်း/ပြည်ပ ခရီးစဉ်အဖြစ် ငွေသွင်းပြီးကာမှ မထင်မှတ်သော ထိခိုက် ဒဏ်ရာမှုနှင့် ကြုံရသည်။ ခရီးမထွက်မီ(၁၀)ရက်အလို မမျှော်လင့်ဘဲ ခြေချော်လဲ၍ စာရေးသူ၏ ကျောရိုးအဆစ် ၅ ခုအနက် ၃ ခု ထိခိုက်သွားသည်။ အရိုးကြော ခွဲစိတ် အထူးကုဆရာဝန်ကြီး ဦးအောင်သန်းခိုင်၊ ကြပ်မတ်ကုသ ပေးမှုနှင့် ဆေးထိုး၊ ဆေးစား၊ ဆေးသောက်အပြင် ခါးပတ် ပါပတ်ရတော့သည်။ လေ့ကျင့်မှုပြုရသည်။

ယခုနှစ် ပြည်တွင်းပြည်ပခရီးစဉ် ထွက်ဖြစ်ဖို့ သေချာသွားပြီ ဖြစ်ပါသည်။

❐

၁၂-၄-၂၀၁၄ နံနက်ပိုင်းတွင်မှ မိသားစု(၅)ဦး ဆုံဖြစ်ကြသည်။ ထိုနေ့ ညနေ(၅း၀၀)နာရီမှ စတင်ပြီး တာမွေပလာဇာရှေ့ရှိ စုရပ်မှ ဘုရားဖူးကားထွက်မည် ဆိုသဖြင့် ရွှေကြေးစည်ဘုရားဖူးလုပ်ငန်းမှ ချိန်းဆိုသည့် နေရာ၊ အချိန်တိတိကျကျအရောက် မိသားစု သွားကြ သည်။ ပင်ကိုယ်ကလည်း ကျန်းမာရေးအားနည်းသူမို့ ရင်တုန်နေသည်ဟု ဆိုလာသည်။

ဘုရားဖူးကားက သတ်မှတ်ချိန်ရောက်မလာ။ စုရပ်တွင် ခရီးသွားလုပ်ငန်းအဖွဲ့မျိုးစုံတို့၏ ခရီးသည် များမှာ (၂၀၀)ခန့်ရှိနေသည်။ အိမ်ရှင်မခမျာ နေ့လယ်စာ လည်းမစား၊ အအိပ်အနေကလည်းနည်း၊ ပစ္စည်းတွေ ထားပြီး ထမင်းသွားစားဖို့လည်း မဖြစ်နိုင်၊ ကားက ည ၇ နာရီမှ ရောက်လာသည်။

မင်္ဂလာဒုံ(ခရေပင်လမ်းခွဲ)ထိ ရပ်/တင်လုပ်ငန်း ပြီးဆုံးချိန်တွင် ည ၉ နာရီကျော်နေပြီ ဖြစ်သည်။ ထိုအချိန် မှစ၍ ရန်ကုန်မြို့ မင်္ဂလာဒုံ(ခရေပင်လမ်းခွဲ)မှ ရှေ့ခရီး စတင်ထွက်ဖြစ်တော့သည်။

ည(၁၁း၃၀)နာရီခန့် တစ်ဆိုင်တည်းရှိသော ထမင်းဆိုင်တွင် ညစာစားရန် ရပ်ပေးသည်။

ဘုရားဖူးက ကားသုံးစီး၊ လူ(၁၂၀)ကျော်။

ရွှေကြေးစည်ဘုရားဖူး ကား ၃ စီးအဖွဲ့ရပ်ပေး သည့် ဆိုင်မှာက (ထမင်း/ဟင်း) လူ ၅၀ စာသာ ရှိသည်။

ကိုယ့်စရိတ်နှင့်ကိုယ် ဝယ်စားဖို့ပင် စားစရာ လုံလုံလောက်လောက်မရှိ ဖြစ်နေသည်။ အိမ်ရှင်မနှင့် စာရေးသူက ဘာမျှမစားဖြစ်တော့ သမီးနှင့် သား(၂)ဦးက အဆိုပါဆိုင်မှ အသင့်စား ခေါက်ဆွဲပြုတ်(၂)ပွဲ ရသဖြင့် မျှတစားကြသည်။ စားသောက်အချိန်ပြည့်သဖြင့် ရှေ့ခရီး ထွက်ကြသည်။

❐

ပြင်ဦးလွင်-မဟာနန္ဒာမူလိုဏ်ဂူဝသို့ (၁၃-၄-၂၀၁၄)နံနက် ၈ နာရီရောက်သည်။ ဘုရားဖူးအကျိုးဆောင် Guide က လေ့လာဖူးမြော်ခွင့် ၁ နာရီ အချိန်ပေးသည်။ နံနက် ၉ နာရီ ကားပြန်ထွက်မည်ဟု အသိပေးသည်။

ထိုအချိန်တွင် အိမ်ရှင်မက ပင်ပန်းမှု၊ အစာမရှိမှု ညအိပ်မပျော်မှုတို့ဖြင့် အော့အန်ခြင်း၊ သွေးတိုးခြင်း ဖြစ် လာသဖြင့် ခရီးစဉ်ကားသုံးစီး တာဝန်ခံ Guide ဆရာလေး ကို ဆေးခန်းကို ကားနှင့်ပို့ပေးပါရန်(သို့မဟုတ်)ကား တစ်စီး ကူညီငှားရမ်းပေးပါရန် အကူအညီတောင်းကြည့် ရာ မဖြစ်နိုင်ဟုဆိုသဖြင့် ဒေသခံ မော်တော်ဆိုင်ကယ် ပိုင်ရှင်ကလေးက စေသနာနှင့် လိုက်ပို့ပေးသည်။

ဆိုင်ကယ်ကို ၃ ယောက်စီးပြီး (၂)ဖာလုံခန့် ကွာ ဝေးသည့် ဆေးခန်းရှိရာသို့ အရောက်သွားကြသည်။ သို့သော် တနင်္ဂနွေနေ့မို့ ဆရာဝန်က ဘုရားကျောင်းတက် လေ့ရှိသဖြင့် နောက်ကျမည်ဟု သူနာပြုဝန်ထမ်းက အသိ ပေးပါသည်။ ဆိုင်ကယ်နှင့်ပင် အခြားဆေးခန်း၊ ဆေးရုံ ရှိရာ ခရီးဆက်ကြပြန်သည်။ ကလေးများ သင်္ကြန်ရေ ကစားနေသည့် နောက်ဘက်ရှိ ဆေးခန်းကို မဝင်တော့ဘဲ ပြင်ဦးလွင်ဆေးရုံသို့ တိုက်ရိုက်သွားကြရသည်။

သင်္ကြန်အကြိုနေ့ ဖြစ်သော်လည်း ဆေးရုံတွင် ပြင်ပလူနာဟု ထင်ရသော လူနာ(ကျား+မ) တိုင်းရင်း သားစုံ ဆေးကုသမှု ခံယူနေသည်နှင့် ဆုံပါသည်။ မိမိလူနာမှာ မောဟိုက်နေပြီမို့ အရေးပေါ်ခန်း၊ အရေးပေါ် ကုတင်သို့ တင်ထားလိုက်ရသည်။ စာရေးသူကို ကောင်း သောကုသိုလ်ကံ အကျိုးပေးပြီ ထင်ပါသည်။ စာရေးသူ

www.burmeseclassic.com

၏ သမီးအရွယ် ရှမ်းပျိုဖြူမလေးဟု ထင်ရသည့် ဆေးရုံ တာဝန်ခံ ဆရာဝန်မလေးက လူနာဖြစ်စဉ်မေးပြီး ချက်ချင်း စမ်းသပ်ပေးသည်။ သွေးတိုး ဆီးချိုစစ်၊ ရောဂါဟောင်း ရှိမရှိ စိစစ်ပြီး သူနာပြု ၄ ဦး အကူအညီဖြင့် လိုအပ်သည် များ စီစဉ်ဆောင်ရွက်ကုသပေးသည်။ သို့သော် လူနာက ရှေ့ခရီးစဉ် ဆက်မလိုက်ချင်တော့ကြောင်း၊ သူ့ကို ထားခဲ့ဖို့ တောင်းဆိုနေသည်။ ထိုစဉ် ဆရာဝန်မလေးက-

"အစ်မကြီး မလိုက်ချင်ရင် ကျွန်မတို့ဆေးရုံမှာ နားနေ၊ အိပ်နေလို့ရတယ်"

ဟု ပြောပေးသည်။ ၁၅ မိနစ်ခန့် ကုသပြီးချိန် တွင် ဆရာဝန်မလေးက စာရေးသူကို ဆေးရုံတာဝန်ခံရုံး ခန်းသို့ခေါ်ပြီး-

"ဒီဆေးတွေကို ညွှန်ကြားတဲ့အတိုင်း ဆက် တိုက်ပါ၊ ခရီးစဉ်ဆက်လိုက်ရင်း၊ တစ်စုံတစ်ရာဖြစ်ခဲ့ရင် လမ်းမှာ နောင်ချို၊ သီပေါ၊ လားရှိုး ဆေးရုံတွေ ဝင်ပြပါ"

ဟု မှာကြားပါသည်။ ပေးလိုက်သော ဆေးများ မှာ ဗူးလိုက်၊ ကပ်လိုက်၊ ဓာတ်ဆားထုတ်ပင် ပါသေးသည်။ ရန်ကုန် အထူးကုဆေးရုံမှာသာဆို သိန်းဂဏန်း ပေးရ လောက်သည်။ စာရေးသူက-

"ကျွန်တော်တို့ လိုက်လာတဲ့ ဘုရားဖူးကားက (၉:၀၀)နာရီ ခရီးဆက်ထွက်ရမယ်လို့ မှာလိုက်ပါတယ်၊ ကလေး ၃ ဦးလည်း မဟာနန္ဒမူဂူမှာ ကျန်ခဲ့ပါတယ်။ ရှေ့ ခရီးဆက်လိုက်ချင်ပါတယ်၊ ဆေးရုံအတွက် အထွေထွေ အလှူငွေ ထည့်ပါရစေ"

ဟု ပြောမိတော့-

"ဆေးဖိုး (၄၂၀၀ိ)ပဲပေးပါ၊ ဘုရားဖူးသွားမှာ ဆို တော့ ခရီးစဉ်မှာ လှူကြဦးမှာဆိုတော့ ကုသိုလ်အတူတူ ပါပဲ"

ဟု ပြောပါသည်။

"စေတနာနဲ့ လှူတာပါ"

ဟု ထပ်မံပြောတော့-

"ဒါဆို ဆေးဖိုးနဲ့ အလှူငွေ (၁၀၀၀ိ) ပဲလှူပါ"

ဟု ပြောပါသည်။

စာရေးသူ (၁၅၀၀ိ) လှူဒါန်းခဲ့ပါသည်။

ဤလိုဆေးရုံ ဤလိုဆရာဝန် ဤလိုသူနာပြုများ လည်း နိုင်ငံတော်ဆေးရုံတွေမှာ ရှိနေတာကို ဂုဏ်ပြုမှတ် တမ်းတင်ပါသည်။ မှတ်တမ်းတင်ခြင်းအပြင် ဂုဏ်ပြု ကျေးဇူးတင်စကားကိုလည်း ပြောခဲ့ပါသေးသည်။

ထိုမျှနှင့် မပြီးသေး။ မဟာနန္ဒမူဂူဝမှ သားနှင့် သမီးက ဖုန်းဖြင့် ကားထွက်တော့မည့်သတင်း၊ ကားက အဝေးပြေးလမ်းမသို့ ထွက်လာတော့မည်ဟု ဘုရားဖူး Guide က ပြောနေကြောင်း သတင်းများ ပို့ပေးသည်။ ဆိုင်ကယ်ဆရာလေးက-

"ဦး ဘာမှမစိုးရိမ်နဲ့၊ သူတို့ ထွက်ပေါက် တစ်ပေါက်ပဲရှိတယ်၊ အဲဒီထွက်ပေါက်ကို ကျွန်တော် ဦးအောင်မောင်းပေးမယ်ဆိုပြီး မောင်းပေးသည်။ သို့သော် ဆိုင်ကယ် မဟာနန္ဒာမူဂူဝ ရောက်သည်အထိ ဘုရားဖူး ကားတွင် လူမစုံသေးသဖြင့် ဘုရားဖူးကားရှိရာသို့ စာရေး သူတို့ အချိန်မီရောက်သွားသည်။ ဆိုင်ကယ်ဆရာလေး သည် စေတနာအမှန်ဖြင့် ဆေးခန်း(၂)ခု ရှာဖွေပို့ပေး သည်။ ကားပြန်ထွက်မည့်အချိန် ပြန်ရောက်အောင် ကုသ နိုင်ဖို့ ပြင်ဦးလွင် ဆေးရုံပို့ပေးသည်။ ဆေးကုသမှုခံယူပြီး ကားရှိရာသို့ အချိန်မီရောက်အောင် မောင်းပို့ပေးသည်။ ကျေးဇူးမတင်၍ မဖြစ်။

"ဆိုင်ကယ်ခတ်ဆီခလေး ချီးမြှင့်ပါရစေ" ပြော တော့-

ကျွန်တော်က-

"အငှားဆိုင်ကယ် ကယ်ရီမဟုတ်ပါဘူး၊ သက် သက်ကူညီတာပါ"

ဟု ပြောလာသဖြင့် ပို၍ပင် လေးစားမိပါသည်။ ထို့အတူ ဓာတ်ဆီဖိုး ၁၀၀၀ိ အတင်းပေးခဲ့ရသည်။

တာဝန်မဲ့ ခရီးစဉ် Guide ထက်၊ စေတနာ ကုဋေ ကုဋာရှိတဲ့ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားတွေရဲ့ စေတနာ အားကို သာဓုခေါ်ကြမည် ထင်ပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ ပြင်ဦးလွင် မဟာနန္ဒာမူဂူဝမှ နံနက် (၉း၁၅)နာရီတွင် ရွှေ့ခရီးထွက်ခဲ့ကြသည်။ နောင်ချိုမြို့နယ် နောင်ချိုမြို့ကို ဖြတ်သန်းပြီး နံနက်(၉း၄၅)နာရီခန့်တွင် သီပေါမြို့နယ် သီပေါ ဘော်ကြိုဘုရားကြီးကို ဝင်ရောက် ဖူးမြော်ကြပါသည်။

□

ဘော်ကြိုဘုရားသမိုင်း

နိုင်ငံတော် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘော်ကြိုမုဋ္ဌောစေတီတော်သည် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ ဘော်ကြိုကျေးရွာ၊ ရွာဟောင်းနှင့် ရွာသစ်ကြား၊ မန္တလေး-လားရှိုး မော်တော်ကားလမ်းနှင့် မီးရထားလမ်း၏ကြား ဒုဋ္ဌဝတီမြစ် မြောက်ဘက်တွင် ထင်ရှားစွာ တည်ထားကိုးကွယ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် တန်ခိုးကြီးသော ရုပ်ပွားဆင်းတုတော်၊ ပုထိုးတော်၊ စေတီတော်များအနက် လူသိများလှသော ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်လည်း တစ်ဆူ အပါအဝင် ဖြစ်ပါသည်။

ဘော်ကြိုဘုရားကြီးဟုဆိုရာတွင် စေတီတော်နှင့် ရုပ်ပွားတော်များပေါင်း၍ ဘော်ကြိုဘုရားဟု အများပြည်သူတို့ သိရှိကြသော်လည်း စေတီတော်၏ ဒါယကာနှင့် ရုပ်ပွားဆင်းတုတော်များ၏ ဒါယကာများမှာ တစ်ဦးစီဖြစ်ကြပြီး တည်ထားကိုးကွယ် ထုလုပ်လှူဒါန်းခဲ့သော နှစ်များလည်း ကွာခြားလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

□

စေတီတော်

ဘော်ကြိုမုဋ္ဌောစေတီတော်၏ ဒါယကာမှာ ဂေါတမမြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၃၅-၂၄၇(ဘီစီ) နှစ်ကြာသောအခါ ပါဋလိပုတ်ပြည်ကြီးနှင့် ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို အစိုးရတော်မူသော သီရိဓမ္မာသောကမင်းကြီးလက်ထက် တတိယသင်္ဂါယနာတင် အထိမ်းအမှတ်အဖြစ် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ရဟန္တာအရှင်မြတ်ကြီး ဦးစီးနာယကပြုလျက် မြတ်စွာဘုရား တည်ထားတော်မူသော သာသနာ (၅၀၀၀) ကာလပတ်လုံး ဗုဒ္ဓသာသနာ တည်စိမ့်သောငှာ သီရိဓမ္မာသောကမင်းကြီးသည် စေတနာသဒ္ဓါတရား ရှေးရှုလျက် သာသနာပြု ရဟန်းတော်များအား အတိုင်းတိုင်း အပြည်ပြည်သို့ စေလွှတ်ပြီး ရေတွင်းပေါင်း(၈၄၀၀၀)၊ ရေကန်ပေါင်း(၈၄၀၀၀)၊ စေတီပေါင်း(၈၄၀၀၀) တည်ထားကိုးကွယ်ရာ၌ ဤဘော်ကြိုမုဋ္ဌောစေတီတော်သည်လည်း တစ်ဆူအပါအဝင် ဖြစ်သည်။

ထို့ကြောင့် ဘော်ကြိုမုဋ္ဌော စေတီတော်၏ ဘုရားဒါယကာမှာ သီရိဓမ္မာသောကမင်းကြီး ဖြစ်ပါသည်။ တတိယသင်္ဂါယနာတင်ပြီးကာလ ကိုးရာစုနှစ်များဖြင့် မှတ်သားရမည် ဖြစ်သော်လည်း သာသနာသက္ကရာဇ် (၂၀၀) နှင့် (၃၀၀)ကြားတွင် မုဋ္ဌောစေတီတော်အား တည်ထားခဲ့ခြင်း ဖြစ်သည်ဟု ယူဆရပါသည်။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ရဟန္တာအရှင်မြတ်ကြီးသည် တတိယသင်္ဂါယနာတင်၏ အကြီးအမှူးဖြစ်ပြီး ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး ရဟန်းတန်ခိုးကုဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန်းမြတ်ကြီး ဖြစ်သည်။

နောင်သောအခါ ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာအဘယ်အရပ်၌ ကောင်းစွာတည်တံ့ စည်ပင်လတ္တံ့နည်းဟု ကြည့်ရှုဆင်ခြင်တော်မူပြီး ဘုရားဒါယကာဖြစ်သော သီရိဓမ္မာသောကမင်းကြီးအား အမိန့်ရှိမှ သီရိဓမ္မာသောကမင်းကြီးလည်း ရဟန္တာအရှင်မြတ်ကြီး အမိန့်ရှိသော ဒေသနှင့် တိုင်းပြည်များတွင်သာ ဂေါတမမြတ်စွာဘုရားသာသနာ အဓွန့်ရှည်ကြာ တည်တံ့ရန်အတွက် စေတီ၊ ပုထိုးများ တည်ထားသည်ဟူ၍ ကျမ်းဂန် များတွင် လေ့လာတွေ့ရှိရသည့်အတွက် ဘော်ကြိုမုဋ္ဌောစေတီတော်ကို သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခြင်းမှာလည်း ဂေါတမဘုရားအလောင်း နုစဉ်အခါ ဝက်မင်းဘဝ စံပျော်ရာ ရေကန်သာ(ဝက်လူးအိုင်) နေရာဖြစ်ခဲ့ဖူးသော ဥတ္တရကမ္ဘောဇတိုင်း (ယခု) ရှမ်းပြည်နယ်မြောက်ပိုင်း၊



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းဝင် ဘော်ကြိုစေတီတော်ကြီး









www.burmeseclassic.com

www.burmeseclassic.com






သီပေါမြို့နယ်၊ ဘော်ကြိုကျေးရွာအရပ်တွင် မုဋ္ဌောစေတီတော်တည်ရန် ရဟန္တာအရှင်မြတ်ကြီး ညွှန်ပြအမိန့်ရှိ၍ တည်ထားခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ရှမ်းလူမျိုးများ ဤအုန်းဘောင်(သီပေါ) အရပ်သို့ သာသနာသက္ကရာဇ် (၄၈၅)ခုနှစ်တွင်မှ ရောက်ရှိလာပြီး အုန်းဘောင်မြို့ကို တည်သည်ဟု အုန်းဘောင်ရာဇဝင်၌ ဆိုထားသဖြင့် စေတီတော်ကြီးသည် အုန်းဘောင်(သီပေါ) သို့ ရှမ်းလူမျိုးများရောက်၍ မလာသေးမီ မည်သည့်လူမျိုးစုများ၏ အကူအညီဖြင့် စေတီတော်ကြီးအား တည်ထားခဲ့ကြောင်း၊ မှတ်တမ်းများ မရရှိ၍ မသိနိုင်ပါ။ စေတီတော်၏ ဘွဲ့တော်မှာ မုဋ္ဌောစေတီ ဖြစ်ပါသည်။ (မုဋ္ဌိ)သဒ္ဒါမှာ လက်တစ်ဆုပ် (၃)ပေ စသည်ဖြင့် ပါဠိအဘိဓာန်က ဖွင့်ဆိုထားသဖြင့် ၎င်းအတိုင်းအတာရှိ ရုပ်ပွားဆင်းတုတော်များ ဌာပနာထားသည့် စေတီတော်ဟု နားလည်ရပါသည်။ ဒို့ရှမ်းပြည် ဦးအုန်းမြင့် ရေးသားခဲ့သော စာမွန်လှ စာအုပ်၏ စေတီတော်သမိုင်း၌ သီရိမ္ဗာသာကမင်းကြီးသည် စေတီတော်ကို ရေကန်အလယ်တွင် ရွှေ ငွေ ကြေး၊ ခဲ၊ အုတ်မျိုးတို့ဖြင့် မြေစိုက်မန္တက်တော်ချ၍ အဇာတသတ်မင်း ထားခဲ့သော မွေတော်စစ်ကို ဌာပနာလျက် တည်ထားတော်မူခဲ့သည်။ ဘွဲ့တော်ကိုလည်း (မုဋ္ဌော)စေတီဟု သမုတ်ခဲ့သည်။ ဒေသခံ ရှမ်းလူမျိုးများ၏ အဆိုအရ စေတီတော် တည်ထားသောနေရာသည် ဘုရားလောင်း နစဉ်ဘ၀ ဝက်ဖြူမင်းဖြစ်စဉ်က နေထိုင်ကျက်စားခဲ့သည့် ရေအိုင်နေရာ၌ စေတီတည်ထားကိုးကွယ်ခဲ့သည်ဟု ပြောစမှတ်စကားရှိခဲ့ပါသည်။ (ရှမ်းဘာသာစကားများဖြင့် ဆက်စပ်ပြန်ဆိုလျှင်) ရှမ်းဘာသာစကား၌ ဝက်ကို(မူ)၊ နှုတ်သီးနှင့် ထိုးခြင်းကို (ထွို)ဟု ခေါ်ဆိုသဖြင့် (မူ+ထွို)-(မူထွို)ဟု ထွက်သော အသံအဓိပ္ပာယ်မှာ ဝက်နှုတ်သီးဖြင့် ထိုးနှက်ခြင်း အဓိပ္ပာယ်ရပါသည်။ ထိုသို့ (မူထွို) ရှမ်းအသံထွက်၊ မြန်မာအခေါ် (မုဋ္ဌော)ဟူသော အသံထွက်ကို ပြောင်းလာသည်လားဟူ၍လည်း ထင်ရပါသည်။

(ရှေ့လဆက်ရန်)

**မောင်စိုးထိုက်(သုံးဆယ်)**




www.burmeseclassic.com

www.burmeseclassic.com

# ပတ္တမြားငမောက် နှင့် ပတ်သက်ပြီး သီပေါမင်း၏ တိုင်ကြားစာ

◆ မောင်မောင်စိန်လင်း(နတ်မောက်)



သီပေါမင်းတရားနှင့် မိဖုရားစုဖုရားလတ်တို့အား သယ်ဆောင်သွားမည့် နယ်ချဲ့သင်္ဘောပေါ်သို့ ဗြိတိသျှစစ်အရာရှိက ဦးဆောင်ခေါ်လာစဉ်



www.burmeseclassic.com

www.burmeseclassic.com

ရတနာပုံ ရွှေတိုက်တော်စာရင်းအရ မြန်မာ့နန်းစဉ် ပတ္တမြားများ ရှိခဲ့ကြောင်းမှာ ထင်ရှားသည်။ မြန်မာ့နန်းစဉ် ပတ္တမြားများမှာ –

(၁) သက္ကရာဇ် ၁၀၃၂ (အေဒီ–၁၆၆၁)လောက်ကတည်းက ရှိခဲ့သော အလေးချိန် ရတီ ၉၀ ကျော်ရှိ ပတ္တမြားငမောက်။

(၂) ဗဒုံမင်းလက်ထက်ကတည်းက ရှိခဲ့သော ရတီ ၂၀ ခန့်ရှိသော လှော်ကာတင်ကလေးဟု ခေါ်တွင်သော ပတ္တမြား။

(၃) သက္ကရာဇ် ၁၀၉၉ (အေဒီ ၁၈၃၇ ခုနှစ်၊ ရွှေဘိုမင်းလက်ထက်ကတည်းက ရှိခဲ့သော ရတီ ၄၀ ကျော် လှော်ကာတင်ကြီးဟု ခေါ်သော ပတ္တမြား။)

(၄) အလေးချိန် ၄၀ ရတီရှိ ဆင်မတော်ဟုခေါ်သော ပတ္တမြား။

(၅) အလေးချိန် ၁၀ ရတီရှိ ဆင်မတော်ဟုခေါ်သော ပတ္တမြား။

(၆) စံထား အသုံးပြုရသော အချိန် ၆ ရတီရှိ စံကျောက်တော်ဟုခေ သော ပတ္တမြားတို့ ဖြစ်ပါသည်။

"အလေးချိန် ရတီ ၉၀ ရှိ ပတ္တမြားငမောက်" ဆိုသည်မှာ ချင်းတွင်းနယ်သားဖြစ်သော (ငမောက်) ဆိုသူသည် မိုးကုတ်မြို့နယ်တွင် လာရောက်ပြီး လယ်ယာစိုက်ပျိုးလုပ်ကိုင်စားသောက် နေထိုင်ခဲ့သည်။ တစ်ညသောအချိန်တွင် မိမိအိမ်ခြံဝန်းအတွင်း ပြိုးပြိုးပြက်ပြက် အရောင်တလက်လက်နှင့် ထူးဆန်းတောက်ပနေသည်ကို တွေ့ရှိရသောကြောင့် သွားရောက်ကြည့်ရှုလေသည်။ အလွန်တရာ လှပသော ကျောက်နီပတ္တမြားကြီး တစ်လုံးကို တွေ့ရှိရလေသည်။ ငမောက်သည် ဝမ်းမြောက်ဝမ်းသာဖြင့် ထိုပတ္တမြားကို သိမ်းဆည်းထားခဲ့လေသည်။ ထိုပတ္တမြားကြီးကို နှစ်ပိုင်းခွဲပြီး တစ်ပိုင်းကို ယောက်ဖဖြစ်သူ မောင်ရွှေအား တရုတ်ပြည်ဘက်သို့ သွားပြီးရောင်းချခိုင်းလေသည်။ ကျန်တစ်ပိုင်းကိုမူ သက္ကရာဇ် ၁၀၂၃ ခု ငါးထပ်ကြီးဒါယကာ ပင်းတလဲမင်း၊ အင်းဝရွှေမြို့တော်သို့ သွားရောက်ပြီး ဘုရင်မင်းမြတ်အား ဆက်သသည်။ ဘုရင်မင်းမြတ်လည်း များစွာနှစ်သက်တော်မူသဖြင့် ဆုတော်လာဘ်တော်များ ချီးမြှောက်သည်။ ထိုပတ္တမြားကြီးကိုလည်း ငမောက် လာရောက်ဆက်သသောကြောင့် ပတ္တမြားငမောက်ဟု ခေါ်တွင်၍ ထင်ရှားကျော်စောသည့် ပတ္တမြားကြီးဖြစ်သည်။

တရုတ်ပြည်သို့ ရောက်သွားသော ပတ္တမြားတစ်ပိုင်းကို ရရှိသူ တရုတ်လူမျိုးသည် ထိုစဉ်က တရုတ်ပြည်တွင် မငြိမ်မသက်ဖြစ်နေသောကြောင့် မြန်မာနိုင်ငံသို့ ခိုးဝင်လာခဲ့သည်။ ၎င်းထံတွင်ပါရှိလာသော ပတ္တမြားတစ်ပိုင်းကို မြန်မာဘုရင်မင်းမြတ်ထံ ဆက်သပြီး ခိုလှုံပြီး အခြေချနေထိုင်သည်။ မြန်မာဘုရင်သည် အလွန်ဝမ်းမြောက်လှလေသည်။ မိမိထံတွင်ရှိနေသည့် ပတ္တမြားငမောက်တစ်ပိုင်းနှင့် ဆက်စပ်ကြည့်လိုက်ရာ တစ်လုံးတည်းဖြစ်နေသောကြောင့် ရှုမငြီးအောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရလေသည်။

ပတ္တမြား ဆက်သသော ငမောက်သည် ပတ္တမြားကြီးကို အလုံးမပျက်မဆက်သဘဲ တစ်ပိုင်းပိုင်းပြီး ဆက်သခဲ့သောကြောင့် ငမောက်အပေါ် အမျက်ဒေါသ ဖြစ်ခဲ့လေသည်။ ထို့ကြောင့် ငမောက်နှင့်တကွ ရွှေခုနစ်ဆက်၊ မျိုးခုနစ်ဆက်တို့အား ဖမ်းဆီးပြီး ရေဝေးရွာ တောင်ကုန်းတွင် မီးလောင်စင်ကြီးပြုလုပ်ပြီး ကွပ်မျက်ခဲ့သည်။ ငမောက်နှင့် ဆွေမျိုးများအား ကွပ်မျက်ခဲ့သည့်နေရာကို 'လောင်စင်ရွာ'ဟူ၍ ယနေ့တိုင် ခေါ်တွင်တည်ရှိကြောင်း သိရလေသည်။ ရေနှင့်ဝေးသောရွာဖြစ်၍ 'ရေဝေးရွာ'၊ နောင်တွင် 'ရေဝေရွာ'ဟု ယခုတိုင် ခေါ်တွင်တည်ရှိကြောင်း သိရလေသည်။

ငမောက်နှင့် ဆွေမျိုးများအား မီးတိုက်ကွပ်မျက်နေသည်ကို မြင်တွေ့သော ငမောက်၏အစ်မဖြစ်သူ ဒေါ်နန်းသည် လွတ်ရာသို့ ထွက်ပြေးသည်။ တောင်ပေါ်

**ပတ္တမြားငမောက်(ခ)ငမောက်**

**ပတ္တမြားကြီးသည် အလေးချိန် ရတီ ၉၀ ရှိပြီး တလုံးတစည်းတည်း ဖြစ်သွားကာ အရည်အသွေးအလွန်ကောင်းသော ပတ္တမြားကြီးဖြစ်ကြောင်း သိရလေသည်။**



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသို့ ရောက်ရှိသောကြောင့် ပြန်လှည့်ကြည့်လိုက်ရာ များစွာသော သောကပရိဒေဝ တောက်လောင်သောကြောင့် ရင်ကွဲနာကျပြီး ထိုတောင်ပေါ်တွင် သေဆုံးခဲ့သည်။ ဒေါ်နန်းသေဆုံးသည့်နေရာတွင် လွမ်းစေတီတစ်ဆူကို တည်ထားကြသည်။ ဒေါ်နန်းလှည့်ကြည့်သည့်တောင်ကို အစွဲပြုပြီး ဒေါ်နန်းကြည့်တောင်၊ နောင်တွင် နန်းကြည့်တောင်ဟု ခေါ်တွင်လေသည်။

ပတ္တမြားငမောက်(ခ)ငမောက် ပတ္တမြားကြီးသည် အလေးချိန်ရတီ ၉၀ ရှိပြီး တလုံးတစည်းတည်း ဖြစ်သွားကာ အရည်အသွေးအလွန်ကောင်းသော ပတ္တမြားကြီးဖြစ်ကြောင်း သိရလေသည်။ ထိုပတ္တမြားကြီးကို အကြောင်းပြုပြီး "ပတ္တမြားမှန် နွံမှာနစ်စေတော့ မညစ်ပါသည့်ဒီအရောင်၊ ကိုးဆယ်ဆပြောင်"ဟုလည်းကောင်း။ "ခုနစ်ဆောင်ပြိုင်တိုက်ခန်း မီးမထွန်းဘဲ လင်းသည်"ဟုလည်းကောင်း ထူးခြားသည့် ဂုဏ်ထူးဆောင်ဒြပ်များစွာ ရှိခဲ့လေသည်။

ပတ္တမြားငမောက်သည် စွတ်စွတ်ဖြူနေသော ဝါဂွမ်း၊ နွားနို့အတွင်းသို့ ထည့်လိုက်လျှင် ဝါဂွမ်း၊ နွားနို့များသည် ပတ္တမြားအနီရောင်သို့ ပြောင်းသွားကြောင်း သိရသည်။ ရေထဲစိမ်ပြီး ရေသောက်လျှင် လည်ချောင်းနာ၊ အပူနာ၊ ခေါင်းကိုက်၊ ဖက်လေး၊ မူးမော်၊ မောပန်း ဝေဒနာများ ပျောက်ကင်းပြီး အင်အားတိုးသည့် အားဆေးသဖွယ် ဖြစ်ကြောင်း သိရသည်။ မျက်နှာပွတ်သပ်ပေးလျှင် အေးမြပြီး ဝက်ခြံ၊ တင်းတိတ်တို့ပျောက်ပြီး ကြည်လင်အေးမြသော လှတစ်မျက်နှာဖြစ်ကြောင်း သိရသည်။

ပတ္တမြားငမောက်သည် ၁၈၁၉ ခုနှစ် ဘိုးတော်ဘုရားလက်ထက်ကတည်းကစပြီး နန်းစဉ်ရတနာကြီးအဖြစ် အခြားသော ရတနာပစ္စည်းများနှင့်အတူ ရှိခဲ့သော နန်းစဉ်ရတနာပတ္တမြားကြီး ဖြစ်သည်။

၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အင်္ဂလိပ်အစိုးရမှ မြန်မာနိုင်ငံကို အပြီးအပိုင် သိမ်းယူခဲ့သည်။ ဘုရင်သီပေါမင်းနှင့် မိဖုရား စုဖုရားလတ်တို့အား နန်းချပြီး အင်္ဂလိပ်လက်အောက်ခံ အိန္ဒိယနိုင်ငံရှိ ရတနာဂီရိကျွန်းသို့ ခေါ်ဆောင်သွားသည်။ နန်းသိမ်းဗိုလ်ချုပ်တို့မှာ ကာနယ်စလေဒင်၊ (ဗိုလ်ချုပ်ပရင်ဒါဂတ်တို့ ဖြစ်လေသည်။ ရတနာပုံရွှေတိုက်တော်ရှိ နန်းစဉ်ရတနာပစ္စည်းများ၊ သီဟာသနပလ္လင်တော်ကြီးနှင့်တကွ ထီးသုံး၊ နန်းသုံး၊ အဖိုးတန် စိန်၊ ရွှေ၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်တို့ဖြင့် စီခြယ်ထားသော ထီးသုံးနန်းသုံး ပစ္စည်းအားလုံးကို သိမ်းယူခဲ့ကြသည်။ နန်းစဉ်ရတနာပစ္စည်းများကို နန်းသိမ်းဗိုလ်ချုပ်ကြီးတို့က မယူခဲ့ပါဘူးဆိုလျှင်တော့ မစင်စားပြပြီး ငြင်းဆို၊ ပြောဆိုစေအုံးတော့ ယုံ ကြည်ဖွယ်ရာ မရှိပါပေ။

နန်းကျဘုရင် အကျဉ်းသား မင်းသီ-ါ-- ဗြိတိသျှအစိုးရ ဝိတိုရိယဘုရင်မကြီးထံသို့ ပတ္တမြားငမောက်နှင့်တကွ နန်းစဉ်ရတနာပစ္စည်းများကိစ္စနှင့် ပတ်သက်ပြီး တင်ပြတောင်းဆိုခဲ့သည်။ အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်က အထက်အရာရှိ၊ အောက်အရာရှိများကို နန်းစဉ်အဖိုးတန် ရတနာပစ္စည်းများ ကိစ္စတင်ပြရန် တောင်းဆိုသည်။ ဆိုင်ရာတို့က အထက်သို့ ပြန်လည်တင်ပြသည့် တင်ပြချက်မှာ –

နန်းသုံးဗိုလ်ချုပ် ကာနယ်စလေဒင်က သီပေါမင်းထံမှ အဖိုးတန်ရတနာပစ္စည်း ရယူခဲ့သည်ဟု ထင်မြင်စရာအကြောင်းပငဘာမျှမရှိကြောင်း၊ ယခင်တင်ပြချက်အတိုင်း တင်ပြကြောင်း သိရလေသည်။

သီပေါဘုရင်မှ မိမိနှင့်တစ်ပါတည်း ယူဆောင်လာသော ရတနာပစ္စည်းများမှအပ အခြားမည်သည့် ရတနာပစ္စည်းများကိုမှ ပြန်ပေးပါမည်ဟု ကတိစကားလည်း မပြုခဲ့ကြောင်း။ အကြောင်းပြန်ကြားခဲ့ကြောင်း သိရလေသည်။

သို့ရာတွင် နန်းသိမ်းဗိုလ်ချုပ်ကာ နယ်စလေဒင်သည် ပစ္စည်းသိမ်းကော်မတီက သိမ်းယူခဲ့သော နန်းစဉ်ရတနာပစ္စည်းများကို ပစ္စည်းထိန်းကော်မတီကိုယ်စားတာဝန်ကျသည့်အစောင့်ကို လွှဲပြောင်းပေးလိုက်ကြောင်း၊ သီပေါဘုရင်လက်နက်ချသည့် ၃၀.၁၁.၁၈၈၅ နေ့က သီပေါနှင့် မိသားစုတို့ ယူဆောင်ခြင်းမပြုသော ပစ္စည်းများကို ဗိုလ်ချုပ်ပရင်ဒါဂတ်၏အမိန့်အရ ပစ္စည်းထိန်းကော်မတီသို့ လွှဲပြောင်းပေးလိုက်ကြောင်း ဖော်ပြချက်များရှိနေပေသည်။

ဗြိတိသျှအုပ်ချုပ်သော မြန်မာပြည်အစိုးရသည် ပတ္တမြားငမောက်နှင့် နန်းစဉ်ရတနာပစ္စည်းများနှင့် ပတ်သက်ပြီး မြန်မာဝန်မင်းဟောင်း အချို့တို့ကို သေချာစွာ စုံစမ်းစစ်ဆေးခဲ့သည်။ မြန်မာဝန်မင်းဟောင်း အချို့၏

www.burmeseclassic.com

ထွက်ဆိုတင်ပြချက်အရ အရည်အသွေးကောင်းမွန်သည့် တန်ဘိုးမဖြတ်နိုင်သော ပတ္တမြားကြီးသည် သီပေါဘုရင်၏ သရဖူထဲတွင်ရှိကြောင်း၊ ဘိုးတော်ဘုရားလက်ထက် ၁၈၁၉ ခုနှစ်ကတည်းက ရရှိခဲ့သော နန်းစဉ်ရတနာကြီးဖြစ်ကြောင်း ထွက်ဆိုခဲ့ကြကြောင်း သိရလေသည်။

၂၉. ၁၁. ၁၈၈၅ နေ့ နံနက်တွင် သီပေါမင်းကိုယ်တိုင် ထိုပတ္တမြားကြီးကို ကာနယ်စလေဒင်သို့ ပေးအပ်လိုက်ကြောင်း ထွက်ဆိုကြသည်ဟု သိရသည်။ ထိုအချိန်က စလေဒင်၏ စာရေးတော်ကြီး 'နီကလတ်'လည်း ရှိကြောင်း ထွက်ဆိုသည်ဟု သိရသည်။

ထို့ပြင် တိုင်တားမင်းကြီးလည်းရှိကြောင်း၊ မိမိတို့ကိုယ်တိုင် မိမိပိုင်ပုရပိုက်တစ်ဆူပေါ်တွင် ရတနာပစ္စည်းများ၏ စာရင်းကို ရေးမှတ်ပေးရကြောင်း၊ ထိုစာရင်းကို နီကလတ်သို့ ပေးလိုက်ကြောင်း ထွက်ဆိုတင်ပြခဲ့ကြောင်း သိရလေသည်။

ရွှေတိုက်အတွင်းဝန်က ထွက်ဆိုတင်ပြရာတွင်လည်း ထိုစဉ်က အင်္ဂလိပ် အရာရှိအမည်ကို မသိကြောင်း။ ရတနာပစ္စည်းအားလုံးကို စလေဒင်က လက်အောက်အရာရှိ အစောင့်တစ်ယောက်ကို ပေးလိုက်သည်ကို မိမိမြင်လိုက်ကြောင်း ထွက်ဆိုသည်ဟု သိရသည်။ ရွှေတိုက်အတွင်းဝန်က ပစ္စည်းသိမ်းကော်မတီသို့အပ်ရာ မည်သို့သော အခြေအနေရှိသည်ကိုတော့ မသိကြောင်း ထွက်ဆိုခဲ့ကြောင်း သိရလေသည်။

၁၈၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့စွဲဖြင့် ကာနယ်စလေဒင် မှ ဗြိတိသျှအစိုးရထံသို့ အသေးစိတ် ပြန်ကြားသည်။ အသေးစိတ်ပြန်ကြားရာတွင် ရွှေတိုက်အတွင်းဝန်ပြောသည့်စကား မှန်ကန်နိုင်ကြောင်း။ ထိုနေ့မနက်က ရွှေတိုက်အတွင်းဝန်ကို နန်းတော်ထဲတွင် တွေ့ရှိခဲ့ကြောင်း။ သို့ရာတွင် ပုရပိုက်တစ်ဆူ ပေးသည်၊ မပေးသည်ကိုတော့ မိမိမမှတ်မိတော့ကြောင်း။ ထိုသို့ ရုတ်ရုတ်သဲသဲအချိန်မျိုးတွင် အဖိုးတန်ကျောက်မျက်ရတနာများ စီခြယ်ထားသော ရွှေထည်ပစ္စည်း၊ အကြီး၊ အသေး အမျိုးမျိုးတို့ပါသည့် နန်းစဉ်ရတနာပစ္စည်းများအားလုံးကို ရေးမှတ်ဖို့ဆိုသည်မှာ ခက်ခဲလှပါကြောင်းဖြင့် ကာနယ်စလေဒင်က အသေးစိတ် ပြန်ကြားခဲ့လေသည်။

အငြင်းမပွားသော အချက်အလက်များမှာ ဗြိတိသျှအစိုးရသည် အနည်းငယ်မျှသော ကျောက်မျက်ရတနာပစ္စည်းအချို့ကို ဝိတိုရိယဘုရင်မကြီးထံသို့ ပေးပို့ခဲ့သည်။ ကေရီဘုရင်မကြီးထံပေးပို့သည့် ပစ္စည်းများထဲတွင် သီပေါမင်း၏ အကောင်းဆုံး သရဖူတစ်ခု၊ ဒုတိယ သရဖူမှ မြကျောက်ကြီးသုံးလုံး၊ သရဖူထဲမှကျွတ်ကျသည့် ကျောက်အလွတ်ရှစ်လုံး ထည့်ထားသည့် စက္ကူအိတ်တစ်လုံး၊ စိန်ဒေါင်းရုပ်ပါသည့် ဘယက်တစ်ကုံးနှင့် ရွှေဘီးတစ်ချောင်းတို့ ပါဝင်သည်။ ကျန်ပစ္စည်းများကို ဆေဝက်ကင်ဆီတန်ပြတိုက်သို့ ပေးပို့သည်။

အထက်ဖော်ပြပါ ပတ္တမြားငမောက်ကြီးနှင့် နန်းစဉ်ရတနာပစ္စည်းများနှင့် ပတ်သက်ပြီး အိန္ဒိယနိုင်ငံရှိ ရတနာဂီရိကျွန်းတွင် ချုပ်နှောင်ထားခြင်းခံရသော နန်းကျဘုရင်သီပေါမှ "၁၉၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယဘုရင်အဖြစ် ရာဇဘိသေကခံဖို့ ရောက်လာသော ပဉ္စမဂျော့ဘုရင်ထံသို့ သူ၏ နန်းစဉ်ရတနာပစ္စည်းများအတွက် တာဝန်ရှိသူ ကာနယ်စလေဒင်အပေါ် တိုင်တန်းစာပို့ခဲ့ရာမှ ဖြစ်ပေါ်လာခဲ့သော စုံစမ်းစစ်ဆေးမှုများ ဖြစ်သည်။" ကာနယ်စလေဒင်၏ နောက်ဆက်တွဲ ဖြေရှင်းချက်များလည်း ဖြစ်လေသည်။

"ထီးသုံး၊ နန်းသုံး၊ မြို့သူဦး သုံညာ၊ သုံးသုံးဝဖြင့် သုံးရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရပေ၊ ဒီ့ဘဝတွေကား သေသော်မှတည် ကြော် ... ကောင်း၏။"

*(ဆီးပန်းနီ ဆရာတော်ကြီး)*

မောင်မောင်စိန်လင်း(နတ်မောက်)

ကျမ်းကိုး

(၁) ရာဇဝင်စာတင်ရသော နန်းစဉ်ပတ္တမြား ကျောက်မျက်များ၊ မိုးကုတ်မြို့။
(၂) တော်ဘုရားကလေးအောင်ဖေ၏ ပတ္တမြားငမောက် လန်ဒန်ရောက်။
(၃) မူရင်း **Deposed King Thibaw of Burma in India (1885-1916) by W.S Desai**
(၄) ဆရာမြသန်းတင့် ဘာသာပြန်တဲ့ 'တောင်သမန်ရွှေအင်းက လေညှင်းဆော်တော့'ဆောင်းပါးများ



www.burmeseclassic.com

www.burmeseclassic.com

# လျှို့ဝှက်နက်နဲသော

# တံခွန်တံဆိပ်အဆောင် အမှတ်လက္ခဏာများ

အောင်ချိန်ဘွား

ယခုခေတ်တွင် အသင်းအဖွဲ့၏ Badge ခေါ် အမှတ်တံဆိပ်များ၊ ကုန်ပစ္စည်းတို့၏ Brand ခေါ် ကုန်အမှတ်တံဆိပ်များ၊ ကုမ္ပဏီလုပ်ငန်းဌာနတို့၏ Logo ခေါ် အမှတ်တံဆိပ်များ အလွန်ခေတ်စားလျက်ရှိသည်။

ယင်းအမှတ်တံဆိပ်များသည် အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ စမနင့် အဆောင်များမဟုတ်ဟု ဆိုရမည်ဖြစ်သော်လည်း တံဆိပ်၏ နိမိတ်လက္ခဏာများကို အမှုမဲ့အမှတ်မဲ့ လပ်ဆောင်ထားကြသည်ဟု ဆို၍မရပေ။ အချို့ဆိုလျှင် မိမိတို့၏ ကုန်အမှတ်တံဆိပ်၊ ကုမ္ပဏီအမှတ်တံဆိပ်တို့ကို နေ့နံ၊ နက္ခတ်၊ ဗေဒင်ကိန်းခန်းတို့ဖြင့် တွက်ချက်၍လည်းကောင်း၊ အတိတ်နိမိတ်အဓိပ္ပာယ်နှင့် ဂဏန်းသင်္ချာတို့ဖြင့် အက္ခရာတို့၏တန်ဖိုး၊ အင်အား၊ တန်ခိုး၊ စွမ်းအားတို့ကို တွက်ချက်ကောက်ယူ၍လည်းကောင်း ဖန်တီးထားကြခြင်း ဖြစ်သည်။

အမှန်စင်စစ် တံဆိပ်အမှတ်အသားတို့ ပေါ်ပေါက်ခဲ့သည်မှာ လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ဖြစ်သည်။ ရှေးဦးအခါတွင် လူတို့၏ ကိုးကွယ်သော ဘာသာဓလေ့မှစတင်၍ အမှတ်တံဆိပ်အဆောင်လက္ခဏာများ ပေါ်ပေါက်လာသည်ဟု အဆိုရှိသော်လည်း ယင်းအစဉ်အလာက ကြီးစွာ ကျယ်ပြန့်လာခြင်း မရှိချေ။

တံခွန်၊ အလံ တံဆိပ်၊ အဆောင်အမှတ်လက္ခဏာများ ကျယ်ကျယ်ပြန့်ပြန့် အမြောက်အမြား အသုံးပြုလာရခြင်း၏ အကြောင်းအရင်းတစ်ခုမှာ ရှေးက ဖြစ်ပွားခဲ့သော ကြီးမားသည့် စစ်ပွဲကြီးများမှ ပေါက်ဖွားလာခြင်းသာဖြစ်သည်။

ရှေးအခါကစစ်ပွဲများသည် အစောဆုံးခေတ်၌ဆိုပါက တစ်ဖက်နှင့်တစ်ဖက် လူအင်အားအနည်းငယ်မျှဖြင့် ထိုးစစ်ဆင် တိုက်ခိုက်ကြခြင်းဖြစ်၍ သူ့လူကိုယ့်ဘက်သား ခွဲခြားရလွယ်ကူလှသည်။ လူချင်းမများနိုင်ကြသေး။ သို့တစေ ရှေးက စစ်တိုက်ကြရာတွင် ခေတ်မီဆန်းပြားသော ယမ်းလက်နက်များ မပေါ်သေးသည့်အတွက် ဓား၊ လှံ၊ လေးမြားကဲ့သို့ လက်နက်များဖြင့် တိုက်ခိုက်ကြရာ လူအင်အားများသည့်ဘက်မှ အနိုင်ရလေ့ရှိခဲ့သည်။ ထို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် လူအင်အားပိုများအောင် တိုးချဲ့ရင်းမှ ရောမလူပင်လယ်စစ်ပွဲကြီးများအဆင့်သို့ ရောက်ခဲ့သည်။

လူအလွန်များသော စစ်ပွဲကြီးများတွင် တစ်ဖက်နှင့်တစ်ဖက် လူမမှားရအောင် တံခွန်အလံများတွင် မိမိဘက်မှ အမှတ်တံဆိပ်များ တပ်ဆင်လာကြရတော့သည်။ ပူးပေါင်းပါဝင်သော အဖွဲ့ခွဲ၊ အဖွဲ့စိတ်များ၏ အမှတ်အသားများကိုလည်း သတ်မှတ်လာကြရတော့သည်။


ယင်းသို့ တံခွန်၊ အလံ အမှတ်တံဆိပ်များ ရေးထိုးခြင်း၊ ချုပ်လုပ်ခြင်း၊ ခြယ်သခြင်းများ ပြုလုပ်ကြရသောအခါ အတိတ်နိမိတ်ဆောင်သော လက္ခဏာများကို ဦးစားပေးပြုလုပ်လာကြသည်။ အဆောင်အယောင်များဖြင့် ခွဲခြားသတ်မှတ်လာကြသည်။

ယင်းအနက် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ဂျပန်ပြည်မှ တံခွန်တံဆိပ်များ ဖြစ်ပေါ်လာပုံကို ကွက်၍ ဖော်ပြလိုပါသည်။ ဂျပန်ပြည်တွင် ရှေးခေတ်က ဘုန်းကြီးကျောင်းများမှ ဘုန်းတော်ကြီးများက သူ့ရဲကောင်းသဖွယ် ခေါင်းဆောင်ပြီး ကျောင်းစစ်သည်များက



www.burmeseclassic.com

www.burmeseclassic.com




တိုက်ခိုက်စိုးမိုးလေ့ရှိခဲ့သည်။ အေဒီ ၁၁၅၆ မှ ၁၁၆၀ နှစ်ထိ ကျိုတိုနန်းတွင်းမှ ဘုရင့်စစ်တပ်အကြီးအကဲနှစ်ဦး ယှဉ်ပြိုင်တိုက်ခိုက်သော နာမည်ကြီး Gempei War တွင် လူအမြောက်အမြား ရင်ဆိုင်တိုက်ခိုက်သော စစ်ပွဲကြီးများမဟုတ်ဘဲ လူအုပ်စုများခွဲ၍ ဟိုမှာဒီမှ သူ့ဆွေမျိုးစုအလိုက် သူတိုက်ကြသော စစ်ပွဲငယ်များသာ ဖြစ်ခဲ့သည့်အတွက် တံခွန်အလံတံဆိပ်အမှတ်အသားဟူ၍ အမျိုးစုံမပေါ်ပေါက်သေးကြောင်း ဂျပန်ရာဇဝင်သမိုင်းက ဆိုသည်။ ထိုစဉ်က စစ်ပွဲတွင် Taira Kiyomon စစ်သူကြီးဘက်က အနီရောင်အလံတစ်မျိုးသာ လွှင့်ထူ၍ စစ်သူကြီး Minamoto Yontomo ဘက်က အဖြူရောင်အလံတစ်မျိုးသာ လွှင့်ထူ၍ တိုက်ခိုက်ကြသည်။ ထိုစစ်ပွဲတွင် Yoritomo စစ်သူကြီးဘက်က စစ်ရှုံးခဲ့သည်။

သို့သော် အေဒီ ၁၁၈၅ ခုနှစ်တွင် Yoritomo စစ်သူကြီးဘက်က တစ်ဖန်ပြန်၍ စစ်အောင်နိုင်ပြီးသောအခါ ဆွေမျိုးအုပ်စုအားလုံးကို သူ့လက်အောက်သို့ စုစည်းသိမ်းသွင်းနိုင်ခဲ့သည်။ သူသည် ကျိုတိုနန်းတွင်းတွင်မနေဘဲ ရွာလေးတစ်ရွာ၌ ဌာနချုပ်အခြေစိုက်ပြီး ဂျပန်တစ်ပြည်လုံးက ဆွေမျိုးအုပ်စုများကို မြေရှင်ပဒေသရာဇ်အသွင်ဖြင့် သိမ်းသွင်းအုပ်ချုပ်နိုင်ခဲ့ပြီး သူ့ကိုယ်သူ Shogun ခေါ် စစ်ဘုရင်ဟူသော အမည်နာမကို တပ်ခဲ့သည်။ ထို့နောက်ပိုင်း စစ်ပွဲများတွင် ဆွေမျိုးအုပ်စုအချင်းချင်း ပူးပေါင်း၍တိုက်ခိုက်သော စစ်ပွဲကြီးများ ဖြစ်လာသည့် အတွက် Kamakura ဘုရင် Shogun ကြီးက တိုက်ရာတွင် ဆွေမျိုး များ သူ့လူကိုယ့်ဘက် ခွဲခြားသိမြင်စေနိုင်ရန် Family Crests ခေါ် မိသ တံဆိပ်များ သတ်မှတ်စေ သည်။ ထိုအချိန်မှစ၍ ဂျပန်ပြည်၌ Heraldry Symbolism ခေါ် အဆောင်အမှတ်တံဆိပ်များ ပေါ်ပေါက်လာခဲ့တော့သည်။

စတင်ပေါ်ပေါက်လာသော ကမာကုရခေတ် တံခွန်အလံ၏ အဆောင်လက္ခဏာသည် Chrysanthemum ခေါ် ဂန္ဓာပန်းတံဆိပ်ဖြစ်သည်။ သို့သော် သာမန်ဂန္ဓာပန်းပွင့်ပုံ မဟုတ်မူဘဲ ဓမ္မစကြာ ဓမ္မစက်ဘီးပုံ မဂ္ဂင်ရှစ်ပါးကို ကိုယ်စားပြုသည့် ရှစ်ခုသော ပွင့်ဖတ်ပုံဖြစ်သည်။ နောက်ပိုင်းတွင် ၂၄ ပစ္စည်း

www.burmeseclassic.com


ကို အမှတ်အသားပြု၍ ပွင့်ဖတ်ပေါင်း ၁၆ ဖတ် (သို့မဟုတ်) ၂၄ ဖတ်တို့ကို နေမှ လင်းရောင်ခြည်ဖြာထွက်နေပုံ တံဆိပ်များ ပြုလုပ်ကြသည်။ နေမင်း၏ ကျက်သရေ နေမင်း၏ စိတ်ဓာတ်၊ နေ၏ တန်ခိုးဟု အတိတ်ဆောင်ရုံမက ဂန္ဓမာပန်း၏နိမိတ်ဖြစ်သော တည်မြဲကြံ့ခိုင်ခြင်းကို ဖော်ပြသည်။ ထို့ပြင် မြင့်မြတ်ခြင်း။ သန့်စင်ခြင်း။ သစ္စာရှိခြင်း။ ထွန်းပြောင်ခြင်း စသော ဂုဏ်ခြင်များပါ ဖောင်ဆောင်သောကြောင့် နောင်တွင် ထိုဂန္ဓမာပန်းတံဆိပ်သည် ဂျပန်ဧကရာဇ်တို့၏ အဆောင်အယောင် နန်းစဉ် လက္ခဏာပင် ဖြစ်လာတော့သည်။

ထိုအချိန်မှစ၍ ဂျပန်ပြည်တွင် စစ်ပွဲကြီးများ ဖြစ်ပွားသောအခါ အလံတံခွန်များ၊ တံဆိပ်လက္ခဏာများ အမျိုးမျိုးဖြင့် ကိုင်ဆောင်လွှင့်ချီ၍ တိုက်ခိုက်ကြသည်။ အချို့တိုက်ပွဲကြီးများဆိုလျှင် အလံတံခွန်ပေါင်း ထောင်နှင့်၊ သောင်းနှင့် ချီ၍ ပါဝင်ပြီး တလူလူတလွင့်လွင့်နှင့် ပလူပျံအောင် များပြားခဲ့သည်။ ဤသို့ တံခွန်များပြားခြင်းမှာ ဂျပန်တို့၏ ထိုအချိန်က အလွန်ခေတ်စားသည့် Clans ခေါ် ဆွေမျိုးအုပ်စုများဖွဲ့၍ အစုလိုက် အချင်းချင်းပူးပေါင်းကာ အဖွဲ့ကြီးများဖွဲ့၍ တိုက်ခိုက်လေ့ရှိခြင်းကြောင့်ပင်ဖြစ်သည်။

ထို့ပြင် ဆွေမျိုးအုပ်စုတစ်စုချင်းတွင်လည်း အမှတ်တံဆိပ်တူညီသော ဝတ်စုံများကို ဝတ်ဆင်စေကြသည်။ ချပ်ဝတ်တန်ဆာဝတ်ရသည့် စစ်သည်များပင်လျှင် လက်ရှည်ပွပွကြီးနှင့် လုံချည်ပွပွကြီးတို့၏ အနားပိုင်းများတွင် မိမိတို့၏ တံဆိပ်လက္ခဏာများကို မြင်သာအောင် ရေးထိုးထားကြသေးသည်။

ထိုသို့အားဖြင့် ထိုခေတ် ဂျပန်စစ်ပွဲကြီးများမှစ၍ တံခွန်တံဆိပ်များ လွှင့်ထူသုံးစွဲသည့်စရိုက်သည် ကမ္ဘာအနှံ့သို့ ပြန့်ပွားခဲ့သည်ဟု အဆိုရှိလေသည်။ တရုတ်ပြည်တွင် မွန်ဂိုနှင့် မန်ချူးတို့က တရုတ်တို့နှင့်တိုက်သော စစ်ပွဲကြီးများမှ ဤဓလေ့ ကမ္ဘာသို့ပြန့်ပွားခြင်းမဟုတ်တုံလောဟု အချို့က စောဒကတက်ကောင်း တက်ပေမည်။ အမှန်က မွန်ဂိုတရုတ်စစ်ပွဲများမှ ဤဓလေ့ ဂျပန်သို့ ပျံ့နှံ့ခဲ့သည်ဖြစ်သော်လည်း ဂျပန်တွင်ဖြစ်သော စစ်ပွဲများ၌သာ တံခွန်အလံကို ပို၍များပြားစွာ သုံးစွဲခဲ့ပုံတို့ကြောင့် ထိုမှတစ်ဆင့် ကမ္ဘာအနှံ့သို့ ပြန်လည်ပြန့်ပွားခြင်းဖြစ်သည်ဟု ဆိုလေသည်။

ဂျပန်တို့သည် စစ်တိုက်ရာတွင် စိတ်ဓာတ်ရေးရာကို အလွန်ဦးစားပေးကြသည်။ ဓားခုတ်၊ လှံထိုးရသော တိုက်ပွဲများဖြစ်၍ ဓား၊ လှံ အသုံးပြုရာတွင် ဂျပန်တို့၏ ခုတ်ပုံ၊ ထိုးပုံ၊ တိုက်ခိုက်ပုံမှာ သူတို့၏ စိတ်ဝိညာဉ်များကို သူတို့ကိုင်သော ဓား၊ လှံ လက်နက်ထဲသို့ အရောက်ပို့လွှတ်၍ အားမာန်ကြီးစွာဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်။ သူတို့သည် စိတ်တန်ခိုးများဖြင့် တိုက်ခိုက်ခြင်း ဖြစ်သည်။ သူတို့၏ စိတ်တန်ခိုးများ




www.burmeseclassic.com

www.burmeseclassic.com

သည် သူတို့၏ ဆွေမျိုးအုပ်စုက သတ်မှတ်ပေးခဲ့သော အဆောင်အယောင် အမှတ်တံဆိပ်များမှ ရရှိသည်ဆို၏။

သို့ဖြစ်၍ ဂျပန်ဆွေမျိုးအုပ်စုတို့၏ အမှတ်တံဆိပ်များသည် ရိုးရိုးပြုလုပ်ထားခြင်းမဟုတ်ဘဲ မော်အတတ်ပညာ၊ ကဝေအတတ်ပညာတို့ဖြင့် လျှို့ဝှက်လေးနက်စွာ တွက်ချက်၍ စီမံဖန်တီးကြခြင်းဖြစ်၏။ အထက်လမ်း၊ အောက်လမ်းနည်းဖြင့် ဖန်တီးကြ၏။ နက္ခတ္တဗေဒနည်းဖြင့် ဖန်တီးကြ၏။ ဂျပန်နိုင်ငံ၏ အဆောင်အယောင် တံဆိပ်အမှတ်အသားများကို လက္ခဏာသဘောနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အောက်ပါအတိုင်း ခေါင်းစဉ်ခွဲပြလိုသည်။

(၁) Commemorative Crests အထိမ်းအမှတ်ပြုသောတံဆိပ်၊

(၂) Martial Motifs စစ်တိုက်ရာတွင် သုံးသော တံဆိပ်၊

(၃) Supertitions and Auspicious Crests အယူအစွဲနှင့် နိမိတ်ဆိုင်ရာ တံဆိပ်၊

(၄) Religious Crests ဘာသာရေးဆိုင်ရာ တံဆိပ်၊

(၅) Crests of Denotation, Crests of Beauty အဆင့်ကိုညွှန်းသော တံဆိပ်၊ အလှဖော်ညွှန်းသော တံဆိပ်၊

(၆) Heraldic Design and the Japanese Hierarchy of Values အဆောင်အယောင် ပုံစံနှင့် ဂျပန်တို့၏ အဆင့်အတန်းမြင့်မြတ်မှုကို ဖော်ပြသော တံဆိပ်၊

ဂျပန်တို့သည် ၁၃ ရာစုနှစ်မှ စ၍ တိုက်ပွဲကြီးများကို အကြောင်းပြုပြီး အလံတံခွန်တံဆိပ် အမှတ်အသားအမျိုးမျိုးကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြသည်။ ဤသို့ တံဆိပ်များ စတင်သုံးစဉ်က အဝတ်တွင် ဇာချည်ထိုး၍ ပုံဖော်ခဲ့ပြီးနောက်ပိုင်းမှ ဆေးခြယ်ရေးဆွဲခြင်းဖြစ်သည်။ တံဆိပ်များကို အောက်ပါအတိုင်း ဋီကာဖွဲ့၍ သိဒ္ဓိတင်ကာ စီမံခဲ့ကြသည်။

(၁) Heaven and Earth ကောင်းကင်နှင့် မြေကြီး။

(၂) Plants, Flowers and Trees သစ်ပင်ပန်းမာလာများ။

(၃) Birds, Beasts and Insects ငှက်တိရစ္ဆာန်နှင့် ပိုးကောင်များ။

(၄) Man made Objects လူတို့ပြုလုပ်သော အသုံးအဆောင်များ။

(၅) Patterns and Designs အဆင်အသွေးနှင့် ပုံစံများ။

(၆) Symbols and Ideographs လက္ခဏာသင်္ကေတနှင့် အက္ခရာသင်္ကေတများ။

ဂျပန်တို့သည် မိမိတို့၏တံဆိပ်များကို တန်ခိုးကျက်သရေပါတ်များရအောင်၊ သိဒ္ဓိပြောက်အောင်၊ အာနိသင်ထက်အောင်၊ ရှာနိဗ္ဗာဉ်သွင်း၍ စီမံဖန်တီးကြရာတွင် အလွန်လျှို့ဝှက်နက်နဲသော လောကီပညာများ၊ ဂမ္ဘီရသုတ္တရများနှင့် စီမံဖန်တီးကြသည်။ ထို့ကြောင့် သူတို့၏ တံဆိပ်များအပေါ် အလွန်စိတ်ချယုံကြည်ကြသည်။ သူတို့၏တံဆိပ်များကို အဆောင်အဖြစ် မှတ်ယူကာ အားကိုးကြီးစွာဖြင့် အသုံးပြုကြသည်။ တန်ဖိုးထားကြသည်။ သူတို့၏ တံဆိပ်များကလည်း အမှန်ပင် သူတို့၏ အားဆေးကြီးများအဖြစ် စွမ်းအားပေးခဲ့သည်။

ဤအချက်ကို စံပြုကာ ယနေ့ကမ္ဘာကျော် တိုယိုတာတံဆိပ်၊ နစ်ဆန်းတံဆိပ်၊ မစ်ဆူဘစ်ရှိတံဆိပ်တို့သည် ရိုးရိုးရှင်းရှင်းလေးနှင့် အလွန်ဆန်းကြယ်တန်ခိုးကြီးကြောင်း တွေ့ရလေသည်။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ပေါ်ပေါက်လာသောအခါ ကုမ္ပဏီများ၊ လုပ်ငန်းများ သူ့ထက်ငါဦးအောင် တည်ထောင်လာကြသည်။ ထိုအခါ ကုမ္ပဏီအမှတ်တံဆိပ်ခေါ် Logo များလည်း အမျိုးမျိုးပေါ်ပေါက်လာခဲ့သည်။ ယင်းတံဆိပ်များအနက် တတ်သိနားလည်သော လောကီပညာရှင်များက စီမံပေးသည့် တံဆိပ်များရှိသလို ရိုးရိုး မိမိတတ်သမျှ မှတ်သမျှနှင့် ပြုလုပ်သော တံဆိပ်များလည်းရှိပေသည်။

လျှို့ဝှက်နက်နဲသော ဂမ္ဘီရပညာအရ သိဒ္ဓိပေါက်သော တံဆိပ်ကို စီမံထားနိုင်သော ကုမ္ပဏီလုပ်ငန်းရှင်တို့သည် လောကီစီးပွားတိုးတက်ခြင်း၊ ကြီးပွားအောင်မြင်ခြင်း၊ တန်ခိုးသြဇာတက်ခြင်း၊ ဘေးရန်အန္တရာယ်ကင်းခြင်းနှင့် ကောင်းသောအမှုပြုသမျှ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်ခြင်းတို့ကို ရရှိကြမည် ဖြစ်ပေသည်။

**(JOHN W.DOWER ၏ THE ELEMENTS OF JAPANESE DESIGN - A Handbook of Family Crests, Hereldry of Symbolism စာအုပ်မှ ကောက်နုတ်၍ မှီငြမ်းတင်ပြသည်။)**

---

အောင်ချိန်ဘွား

---



www.burmeseclassic.com

www.burmeseclassic.com

# မြေပြင်လျှင် ငွေဝင်သည်

○ တက္ကသိုလ်သင်

မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးသည် တစ်လလျှင်တစ်ကြိမ် ကျင်းပသည်။ ယင်းအစည်းအဝေသို့ ကျွန်တော်မပျက်မကွက် တက်ရောက်တတ်သည်။ အစည်းအဝေးပြီး၍ အိမ်ပြန်ရန် ဘတ်စ်ကားမှတ်တိုင်သို့ အသွား ထီဆိုင်ကြီးတစ်ဆိုင်တွင် ထီထိုးလေ့ရှိသည်။ စီးပွားဖြစ် ထီထိုးခြင်းတော့ မဟုတ်ပါ။ မိမိကံ မည်မျှကောင်းသည်ကို စမ်းသပ်ကြည့်ခြင်း ဖြစ်၏။

လူကြီးသူမများ ပြောစကားကြားဖူးသည်။ မိုးပေါ်ကပစ်ချလိုက်သည့် အပ်နှင့် မြေကြီးပေါ်မှာရှိသည့်အပ် ထိချင်ထိနိုင်သည်၊ ထီပေါက်ဖို့က မလွယ်ပါဟူသော စကားဖြစ်ပါ၏။ ထိုစကား မှန်ပါ၏။ လူသန်းပေါင်း ၆၀ ကျော်ရှိသည့်အနက် ထီထိုးသူတစ်သန်းကျော်ပဲ ရှိသည်ထားဦး၊ တစ်ဆုတည်းသော ၁၅၀၀ သိန်းဆုကြီးကို ပေါက်ရန် မလွယ်ရေးချမလွယ်ဟုသာ ဆိုချင်သည်။

ဤမျှ ပေါက်ရန်ခက်ခဲသော "ထီ"ကို ဘာ့ကြောင့်များ လူတွေထိုးနေကြပါသလဲ။ အဖြေကတော့ ရှင်းပါသည်။ ငွေများများလိုချင်၍ ဖြစ်နိုင်သည်။ လူတိုင်းတွင် ဆန္ဒကိုယ်စီ ရှိကြမည်ထင်သည်။ ငွေများများရလျှင် အလှူအတန်းလုပ်ချင်လုပ်မည်၊ နေရာစရာထိုင်စရာ အိမ်ကောင်းကောင်းရှာမည်၊ စီးပွားရေးလုပ်ငန်း လုပ်နိုင်မည်၊ မိသားစုစားဝတ်နေရေး ပြေလည်အောင်လုပ်မည်… စသည်ဖြင့် အကြံအစည်ရှိကြပေမည်။

လူထဲကလူတစ်ယောက်ဖြစ်သော ကျွန်တော်သည်လည်း တစ်လတစ်ကြိမ်တော့ ကံစမ်းသည့်အနေဖြင့် ထီသုံးစောင် (ကိုးရာကျပ်)လောက် ထိုးတတ်သည်။

ကျွန်တော် ထီးထိုးပြီးလျှင် ထီလက်မှတ်ကို ဇနီးသည်အားပေးထားပြီး ထီဖွင့်လျှင် သူက ထီတိုက်ရန် တာဝန်ယူလေ့ရှိ၏။ တစ်နေ့ ထီပေါက်စဉ်ကို ဖြန့်ပြီး ထီတိုက်နေသော ဇနီးသည်က စာဖတ်နေသော ကျွန်တော့်အား "ကိုရေ၊ သိန်း ၁၅၀၀ ဆုမှာ ရှေ့အက္ခရာတူ၊ နောက်ဂဏန်းနှစ်လုံးတူ တွေ့နေပြီ။ ကျပ် ၅၀၀၀၀ တော့ ရမှာသေချာတယ်"ဟု လှမ်းပြီး ပြောလိုက်သည်။ ကျွန်တော်လည်း ဇနီးသည်ထံသွားပြီး သူပြသည့် ထီလက်မှတ်နှင့် ထီပေါက်စဉ်ကို တိုက်ကြည့်ရာ မိတ်ဖက်ဂဏန်းအမှန်ဖြစ်ကြောင်း တွေ့လိုက်ရ၏။

ဤသို့ဖြင့် ကျွန… ဆုငွေ ၅၀၀၀၀ ကျပ် ရလိုက်သည်။ ကျွန်တော်စိတ်ဝင်စားမိသည်က… ကျွန်တော်ထိုးသော ထီဆိုင်မှ သိန်း ၁၅၀၀ ဆုကြီး မလွဲကေန်ပေါက်မှာပဲဟု ထင်သည့်အတွက် ယင်းထီဆိုင်သို့သွားပြီး မေးကြည့်ရာ "ယင်းထီဆိုင်မှ သိန်း ၁၅၀၀ ဆုပေါက်သွားတာ မှန်ကြောင်း၊ အမျိုးသမီးတစ်ဦး ပေါက်သွားတာဖြစ်ကြောင်း" သိလိုက်ရ၏။

ထိုကိစ္စနှင့် ဆက်စပ်၍ ယခုနှစ် မေလ ၁ ရက်နေ့ထုတ် REVENUE ဂျာနယ်တွင် တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်သိရှိလိုသော သိန်း ၁၅၀၀ ဆု ပေါက်ခဲ့သည့် အမျိုးသမီးအကြောင်း ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ယင်းဆောင်းပါးမှာလည်း စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ပြန်လည်ဖောက်သည်ချလိုက်ရပါသည်။

## ၃၀၃ ကြိမ်မြောက် ကျပ်သိန်း ၁၅၀၀ ကံထူးရှင် မနွယ်နွယ်ဝင်းနှင့် မသန္တာအေး

မနွယ်နွယ်ဝင်းနှင့် မသန္တာအေးတို့နှစ်ဦး စပ်တူထီထိုးခဲ့သဖြင့် သိန်း ၁၅၀၀ ဆုကြီး ပေါက်ခဲ့သည်။

မနွယ်နွယ်ဝင်းက ထီမပေါက်မီညက အိပ်မက်ထဲတွင် အိမ်ထဲသို့ မြွေဝင်ကြောင်း၊ အဆိုပါမြွေအား အစ်ကိုကြီးဖြစ်သူက ရိုက်သတ်ရာ မြွေကြီးမှာ ရွှေတုံးကြီးဖြစ်သွားသည်ဟု အိပ်မက်ထဲတွင် မြင်မက်ခဲ့သည်ဟုဆိုသည်။ နိမိတ်ထူးမှာ ထီမဖွင့်မီ နှစ်ရက်အလိုက စင်ကာပူမှ တူလေးသည် အိမ်ရှေ့တွင် မြေကြီးပုံဖြင့် တိုက်ဆောက်ကစားပြီး ဒေါ်လေး အိမ်ရှေ့ တိုက်ဆောက်ပေးခဲ့တယ်ဟု ပြောကြားခဲ့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

မနွယ်နွယ်ဝင်းက ဆိုပါသည်။

မသန္တာအေးကမူ ထီမဖွင့်မီက မုန့်မြို့နယ်မှ ဗျိုင်းနစ်ကောင်ဆရာတော်သည် အိပ်မက်ထဲတွင် မိမိခေါင်းကို သပ်ချ်ပြီး ကျော၊ လက်အထိ လက်တော်ဖြင့် သပ်ချပေးခဲ့သည်ဟု အိပ်မက်မက်ခဲ့ကြောင်းနှင့် တစ်ညတွင် မိမိခြေထောက်အား မြွေကပတ်ထားရာ ခါချသော်လည်း ဘယ်လိုမှ ခါချ၍ မရခဲ့ကြောင်း အိပ်မက်ထဲတွင် မက်မိရာမှ ထိတ်လန့်တုန်လှုပ်မိကြောင်း ပြောပြပါသည်။

မနွယ်နွယ်ဝင်းနှင့် မသန္တာအေးတို့နှစ်ဦး စပ်တူ သိန်း ၁၅၀၀ ဆုပေါက်ခဲ့သည့် ထီလက်မှတ်နံပါတ်မှာ(ခ-၇၃၉၈၂၄) ဖြစ်သည်။ ကျွန်တော်ထိုးခဲ့သော ထီလက်မှတ်နံပါတ်မှာ (ခ-၇၃၈၉၄၂) ဖြစ်သည်။

## မြွေမြင်လျှင် ငွေဝင်သည်

ကျွန်တော် မော်လမြိုင်မြို့တွင် တာဝန်ထမ်းဆောင်စဉ်က ဖြစ်သည်။ ကျွန်တော်နှင့် မိသားစုသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနက နေထိုင်ခွင့်ပြုသည့် လုံးချင်းတိုက်တွင် နေထိုင်သည်။ အိမ်မှာ တစ်ထပ်တိုက်ဖြစ်ပြီး အနိမ့်ဆောက်ထားသည်။ အိမ်ရှေ့ဝရန်တာမှာ မြေကြီးနှင့် တစ်ပေခန့်သာရှိသည် လသာသည့်ညဘက်တွင် ကျွန်တော်တို့မိသားစု ဝရန်တာထွက်ထိုင်၍ စကားစမြည်ပြောကြသည်။

တစ်နေ့တွင ကျွန်တော်တို့ထိုင်နေသော ဝရန်တာရှေ့ နှစ်ကိုက်လောက်အကွာတွင် လင်းမြွေဟုထင်ရသော လက်မသာသာ လုံးပတ်ရှိပြီး၊ အရှည်တစ်ပေခန့်ရှိသည့် မြွေတစ်ကောင်သည် ကျွန်တော်တို့ရှေ့မှ ဖြတ်ကာ အနီးရှိ တွင်းတစ်တွင်းသို့ ဝင်သွားသည်ကို မိသားစုအားလုံး တွေ့လိုက်ရ၏။

မြွေကို မြင်လိုက်ရသဖြင့် ငွေဝင်မည်ဟုဆိုကာ ဇနီးသည်က နောက်နေ့မနက်တွင် ထီဆိုင်သွား၍ ထီသုံးစောင်ထိုးလိုက်သည်။ ထီဖွင့်သည့်အခါ ယင်းထီသုံးစောင်အနက်မှ တစ်စောင်မှာ တစ်သိန်းဆုပေါက်လေသည်။ ထီပေါက်သဖြင့် မိသားစုတို့ ပျော်ကြသည်။

မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သည့် ကျွန်တော့်သမီး၏ မူလနေထိုင်ခဲ့သည့် နေအိမ်အောက်တွင် ရေများရှိသည်။ မိုးအခါတွင် အိမ်အောက်မှ ရေသည် အိမ်ကြမ်းပြင်ကိုပင် လာရိုက်ပုတ်ခတ်သည်။ အိမ်အောက်တွင် ရေရှိသဖြင့် မြွေလည်းရှိသည်။ အထူးသဖြင့် ရေမြွေများသည်။ ယင်းမြွေများသည် အိမ်ပေါ်သို့လည်း တက်လာသည်။ သမီးမှာ မြွေကို မကြောက်သဖြင့် ခြောက်လှန့်မောင်းထုတ်တတ်သည်။ သူ့အဖို့ မြွေကို မကြာခဏမြင်နေရသဖြင့် မဆန်းတော့ပြီ။ မြွေကြောင့် သူ့ပုံမှန် ငွေဝင်နေသည်ကို သတိမထားမိ။ သူတို့မိသားစု ချောင်ချောင်လည်လည် စားသောက်နိုင်သည်မှာ သူ့ယောက်ျားအလုပ်ကောင်း၍ဟု ထင်သည်။ သူ့ယောက်ျားအလုပ်က ကားဝယ်ရောင်း။

ယင်းအိမ်တွင် သုံးနှစ်ခန့်နေပြီးနောက် ယင်းအိမ်နှင့် မလှမ်းမကမ်းတွင်ရှိသည့် မြေကွက်တစ်ကွက်ကို ဝယ်၍ တစ်ထပ်တိုက်ဆောက်ပြီးနေသည်။ အိမ်မဆောက်မီ မြေကို ကားလေးစီးစာ ဝယ်၍ မြေဖို့လိုက်သဖြင့် ရေလုံးဝမရှိတော့ဘဲ ကုန်းခေါင်ခေါင်ဖြစ်သွားသည်။ သို့တိုင်အောင် မြွေကတော့ လာမြဲပင်။ သူ့မိသားစု ကျွန်တော့်အိမ်သို့ အလည်လာတိုင်း မြွေအကြောင်း အမြဲပြောသည်။ သူတို့စီးပွားရေးချောင်လည်သည်။ ငွေရေးကြေးရေး အဆင်ပြေသည်။ ကားဝယ်စီးနိုင်သည်။

ဆန်းသည်က သမီးယခင်နေခဲ့သောအိမ်ကို ဒေါ်မြင့်ဆိုသည့် အမျိုးသမီးတစ်ဦးက ဝယ်ပြီးနေသည်။ သူ့အပြောအရ တစ်ကြိမ်တစ်ခါမျှ မြွေမတွေ့ရကြောင်း၊ မြွေတွေ့ချင်ကြောင်း၊ မြွေမြင်လျှင် ငွေဝင်သည်ဟု ကြားဖူးကြောင်း သမီးအား ပြောသည်ကို ပြန်ပြောပြ၍ သိရ၏။

မြန်မာတို့ လက်သုံးပြုသည့် ဆိုထုံးစကားရှိသည်။ "ရှေးထုံးကိုလည်း မပယ်နဲ့၊ ဈေးသုံးကိုလည်း မကြွယ်နဲ့" ဟူ၍ဖြစ်၏။ ရှေ့ထုံးကိုပယ်လျှင် လွဲတတ်သည်၊ ဈေးသုံးကြွယ်လျှင် မွဲတတ်သည်ဟု အဆိုရှိသည်။

တစ်ခုတော့ရှိသည်။ "မြွေ"ဆိုသော သတ္တဝါတွင် မြွေဆိုး၊ မြွေကောင်း ဟူ၍ရှိ၏။ "မြွေဆိုး"သည် လူကို အန္တရာယ်ပေးတတ်သဖြင့် သတိရှိဖို့တော့ လိုသည်။ "မြွေကောင်း"သည် လူကိုအန္တရာယ်မပေးတတ်ဘဲ လူကိုမြင်လျှင်ပင် ထွက်ပြေးတတ်သည်။

ထို့ကြောင့် "မြွေကောင်း"မြင်လျှင် ငွေဝင်သည်ဟု သာ ဆိုရမည် ဖြစ်ပါ၏။

■ တက္ကသိုလ်သန်း

www.burmeseclassic.com



# နတ်သမီးဝယ်ချင်သူများ

## နတ်ထီးလှိုင်

နတ်သမီးများသည် နတ်ပြည် ခြောက်ရပ်စလုံးတွင် ရှိနေသော်လည်း ဗြဟ္မာပြည်များတွင် မရှိပါ။ ဘုံပိုင်းအာ ဖြင့် ခွဲခြားထား၍သာ 'ပြည်'ဟု သုံးထားခြင်းပါ။ ဒါန၊ သီလစသော ကာမာ ဝစရကုသိုလ်ပြုထားသူတိုင်း နတ်သား၊ နတ်သမီး ဖြစ်နိုင်ပါသည်။ စုတိ(သေခါနီး)စိတ်တွင် ဣတ္ထိလိင်စိတ်၊ ပုလ္လိင်စိတ်အလျောက် ကွဲသွားခြင်းပါ။

စတုမဟာရာဇ် နတ်သမီးအချို့သည် မြေပေါ်မှာပင် ဗိမာန်ပေါက်ပြီး ရှိနေတတ်ပါသည်။ မြေပေါ်မှီနတ်နှင့် မမှီနတ်(ကောင်းကင် အာကာသနတ်)ဟူပြီး ကမ္မဇိဒ္ဓိအလျောက် ကွဲပြားသွားပါသည်။ လူများနှင့် အထိအတွေ့အများဆုံးမှာ ဘုမ္မာဒေဝါ (မြေမှီနတ်)များ ဖြစ်ကြပသည်။

တာဝတိံသာမှစပြီး ယာမ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိလဝသဝတ္တိ နတ်တိုင်အောင် (ကောင်းကင်နတ်) အာကာသဋ္ဌနတ်များ ဖြစ်ကြပါသည်။ ၎င်းတို့၏ ဗိမာန်များမှာ ကမ္မဇိဒ္ဓိ၊ တန်ခိုးဣဒ္ဓိအလျောက် မြေကြီးမှလွတ်ပြီး တည်နေခြင်းကို သာမန်လူမျက်လုံးများဖြင့် မမြင်နိုင်ပါ။

လူသာမန်မျက်လုံးဖြင့် မြင်ခဲ့သူမှာ မြတ်စွာဘုရားရှင်က တန်ခိုးတော်ဖြင့် ခေါ်သွားပြီး ပြသခဲ့သော နန္ဒမင်းသားပင်ဖြစ်ပါသည်။ နန္ဒမင်းသားကို မိထွေးတော်ဂေါတမီက ဝမ်းနှင့်လွယ်မွေးခဲ့သူပါ။ မြတ်စွာဘုရားရှင်နှင့် ဖခင်တူ မိခင်ကွဲသူပင်။ မြတ်စွာဘုရားရှင် ကပိလဝတ်ပြည်ရောက်ပြီး သုံးရက်မြောက်နေ့မှာပင် နန္ဒမင်းသားနှင့် ဇနပဒကလျာဏီ (မောင်နှမ) မင်္ဂလာဆောင်ပွဲသဘင် ဆင်ယင်ကျင်းပ၏။ (အလောင်းတော်သိဒ္ဓတ္ထ ဖွားမြင်ပြီးနောက် နန္ဒမင်းသားကို မိထွေးတော်ဂေါတမီက သုံးရက်ကွာပြီး မွေးဖွားခဲ့၏။)

မင်္ဂလာပွဲ ကျင်းပသည့်နေ့တွင် ဘုရားရှင်လည်း နန်းတော်သို့ ဆွမ်းခံဝင်တော်မူ၏။ မင်္ဂလာမဏ္ဍပ်၌ မင်္ဂလာတရားကို ဟောကြားပြီးသော်



www.burmeseclassic.com

www.burmeseclassic.com

ညီတော်နန္ဒမင်းသားကို သပိတ်ကမ်းပေးတော်မူ၏။ နန္ဒမင်းသားလည်း ဘုရားရှင်ကို အလွန်ရိုသေလှသဖြင့် သပိတ်တော်ကို ပခုံး၌ တင်ယူပြီး လိုက်ပို့ပေးရာ ဇနပဒကလျာဏီလည်း ကြားလျှင်ကြားချင်း ရင်ထဲဆူပွက် အသည်းနှလုံး ပြောင်းပြန်လန် ခံစားရလျက် တုန်တုန်ယင်ယင် ငယ်သံပါဖြင့် "မောင်တော်ဘုရား ...မြန်မြန်ပြန်လာခဲ့ပါ"ဟု အမှာစကား လှမ်းပြောလိုက်၏။ ထိုစကားသည် နန္ဒမင်းသား၏ အသည်းကြား၌ သပ်လျှိုသကဲ့သို့ ပါသွားလေ၏။ ဘုရားရှင်လည်း သပိတ်တော်ကိုမယူဘဲ ကျောင်းအရောက် ကြွတော်မူ၏။

ကျောင်းတော်ရောက်လျှင် ... ဘုရားရှင်က "ညီတော် ရဟန်းပြုနိုင်ပါမည်လော"ဟုမေးလျှင် နန္ဒလည်း ရိုသေကြောက်ရွံ့၍ မငြင်းဝံ့သဖြင့် "ပြုပါမည်"ဟု စိတ်မပါဘဲ လျှောက်လိုက်ရလေ၏။ ဘုရားရှင်လည်း ရှင်သာရိပုတ္တရာကိုခေါ်၍ ညီတော်အား ရဟန်းပြုစေ၏။ ထိုစဉ်က "သရဏဂုံသုံးပါး" ရွတ်စေရုံဖြင့် ရဟန်းဖြစ်၏။ (ဆံပယ်၊ သင်္ကန်းဝတ်၊ ဆောင့်ကြောင့်ထိုင်လျက်)

နန္ဒလည်း သာဝတ္ထိပြည်သို့ရောက်သည့်တိုင်အောင် ထိုင်တိုင်း၊ နေတိုင်း၊ သွားတိုင်း၊ အိပ်တိုင်း၊ စားတိုင်းပင် နှမတော်မှာလိုက်သည့် စကားသံကိုသာ နားထဲ၌ ကြားနေ၍ စားမဖြောင့်၊ အိပ်မပျော် ရှိလေ၏။ ဇနီးလောင်းမှာလိုက်သည့် "မောင်တော် မြန်မြန်ပြန်လာခဲ့နော်"ဟူသော အသံကိုသာ ကြားယောင်နေရှာ၏။

ထိုအခါ ရဟန်းတို့က ဘုရားရှင်အား "နန္ဒထေရ်သည် ဇနပဒကလျာဏီကိုလွမ်း၍ သာသနာတော်၌မပျော်မွေ့ဘဲ ငြီးငွေ့လှသဖြင့် လူထွက်ချင်နေ ပါသည်"ဟု လျှောက်ကြားကြလေ၏။ ဘုရားရှင်သည် ညီတော် မင်းနန်ကိုခေါ်ပြီး "ညီတော် လူထွက်လိုသည်ဟု ငါကြားတော်မူ၏။ မှန်သလော"ဟု မေးတော်မူသော် မှန်ကြောင်း လျှောက်ထားလေ၏။ ဘုရားရှင်က "ညီတော် သင်ငြီးငွေ့လျှင် ဒေသစာရီကြွချီရာ ငါနှင့်အတူလိုက်ခဲ့လော့"ဟု မိန့်ကြားပြီး ညီတော်ကို လက်ရုံးကိုကိုင်၍ မြိုင်စခန်းသို့ခေါ်ကာ ကြွတော်မူ၏။

ဘုရားရှင်သည် တောခရီး မီးလောင်ပြင် သစ်ငုတ်တိုပေါ်၌ ထိုင်နေသော အရိုးပြိုင်းပြိုင်း၊ ခါးကိုင်းကိုင်းနှင့် မျောက်မကို လက်ညှိုးညွှန်ပြတော်မူလျက် –

"ညီတော် ဤမျောက်အိုမနှင့် ဇနပဒကလျာဏီ ဘယ်သူကသာ၍လှသနည်း"ဟု မေးလေ၏။ နန္ဒထေရ်က "နောင်တော်ဘုရားသည် မထောက်မညှာ မိန့်တော်မူရက်ပါဘိ"ဟု လျှောက်လေ၏။ ထိုအခါ ဘုရားရှင်က "ငါ့ညီသဘောကို သိလို၍သာ ငါကျီစယ်ခြင်း ဖြစ်သည်။ စိတ်အားမငယ်နှင့်"ဟု မိန့်တော်မူပြီး တာဝတိံသာနတ်ပြည်သို့ တက်ကြွတော်မူလေ၏။

တာဝတိံသာ နတ်ဘုံဟူသည် မာဃလုလင်နှင့်တကွ လူ ၃၃ ဦးတို့သည် အများအကျိုးပြု 'ပရဟိတ' လုပ်ငန်းတွေကို ပြုလုပ်၍ ကွယ်လွန်သောအခါ အားလုံး နတ်ပြည်သို့ ရောက်ရာမှ ...'တာဝတိံသ(=တေတ္တိံသ =၃၃)' ဟုခေါ်တွင်လာခဲ့ခြင်းဖြစ်သည်။ ထိုနတ်ပြည်၌ မာဃလုလင်က နတ်တို့ဘုရင် 'သိကြားမင်း'အဖြစ် အုပ်ချုပ်၍ 'ဝေဇယန္တာပြာသာဒ်၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍုကမ္ဗလာ(မြကျောက်ဖျာ)၊ နန္ဒဝန်ဥယျာဉ်)၊ စိတ္တလတာဥယျာဉ်၊ မဟာနန္ဒာကန်' စသည်တို့ရှိကြ၏။ စတုမဟာရာဇ်၊ တာဝတိံသာ နတ်ဘုံတို့သည် မြင်းမိုရ်တောင်(ဝေရက်) မြေနှင့် ဆက်စပ်လျက် တည်ရှိကြသည့် 'ဘူမဋ္ဌက'(မြေပေါက်) ဗိမာန်များအပြင် ထိုဗိမာန်များ၏ ဝန်းကျင်ကောင်းကင်ပြင်ဝယ် စကြဝဠာတံတိုင်းအထိ ပျံ့နှံ့တည်ရှိသော 'အာကာသဋ္ဌ'(ကောင်းကင်နေ) ဗိမာန်များလည်း ရှိကြသည်။

နတ်ပြည် ဝေဇယန္တာ နန်းရင်ပြင်၌ သိကြားမင်းအား ခစားရန်လာကြသော ရှု၍မဝနိုင်အောင် လှပသည့် နတ်သမီးငါးရာတို့ကို ခရီးရင်ဆိုင်တွေ့လေသော် ဘုရားရှင်က "ညီတော် ... ဤနတ်သမီးများနှင့် ဇနပဒကလျာဏီတို့ ဘယ်သူကသာ၍လှသနည်း"ဟု မေးတော်မူပြန်သော် နန္ဒထေရ်က "နောင်တော်ဘုရား ဤနတ်သမီးများနှင့် နှိုင်းစာပါမူ (ယှဉ်လိုက်လျှင်) ဇနပဒကလျာဏီသည် မျောက်အိုမနှင့်သာ တူပါတော့သည် ဘုရား"ဟု လျှောက်၏။

ထိုအခါ ဘုရားရှင်က "ညီတော် ... သင်သည် ငါ၏ သာသနာဟူသော အကျင့်မြတ်၌ မွေ့လျော်



www.burmeseclassic.com

www.burmeseclassic.com

လော့။ သင့်အား ထိုနတ်သမီးများကိုရစေရန် ငါတာဝန်ခံ၏"ဟု မိန့်သော် နန္ဒထေရ်က "တပည့်တော် သာသနာ၌ မွေ့လျော်စွာ ကျင့်ကြံအားထုတ်ပါမည်"ဟု လျှောက်တင်လေ၏။

အရှင်နန္ဒလည်း ဘုရားရှင်ပေးအပ်သော လက္ခဏာရေးသုံးပါး (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)နှင့်စပ်သည့် တရားဂါထာကို နေ့ရောညပါ ထိုင်လျက်သာလျှင် နတ်သမီးတို့လာအောင် ရည်မှန်း၍ စီးဖြန်းသရဇ္ဈာယ်လေ၏။ ဘုရားရှင်လည်း ဆည်းကပ်ရန် လာသမျှရဟန်းတို့ကို "နန္ဒထေရ်အား နတ်သမီးများရစေရန် အာမခံခဲ့ကြောင်း" မိန့်တော်မူ၏။

ထိုအခါ "အရှင်နန္ဒသည် နတ်သမီးများကို လိုချင်၍ အကျင့်မြတ် (ဗြဟ္မစရိယ)ကို ကျင့်ကြံအားထုတ်သတဲ့။ ဘုရားရှင်ကပင် အာမခံပေးရသတဲ့"ဟု ရဟန်းတို့က ပြောဆိုကြကုန်၏။ အဖော်ရဟန်းတို့ကလည်း အရှင်နန္ဒအား "သူရင်းငှားကဲ့သို့ နတ်သမီးတည်းဟူသော အဖိုးအခကိုရအောင် ကျင့်သူ" ဟုလည်းကောင်း၊ "အကျင့်မြတ်ကိုရင်းနှီးပြီး နတ်သမီးများကိုဝယ်သူ" ဟုလည်းကောင်း မပြတ်ခေါ်ဝေါ်လျက် "နတ်သမီးများရစေရန် ဘုရားရှင်သော်မှ တာဝန်ခံခဲ့ရ၏"ဟု ကဲ့ရဲ့ပြောဆိုကြလေ၏။

အရှင်နန္ဒလည်း ထိုကဲ့ရဲ့စကားများကိုကြားလျှင် ငြီးငွေ့ရှက်လွန်းသဖြင့် ဆိတ်ကွယ်ရာသို့ တစ်ပါးတည်းသွား၍ ကိလေသာတို့ကို နှိမ်နင်းလျက် ရဟန်းတရားကို မမေ့မလျော့ ပြင်းထန်စွာ အားထုတ်၏။

ဈာန်ရပြီးသော် (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)ဝိပဿနာကို ကောင်းစွာ ရှေးရှု ပြုတော်မူ၏။ ယင်းသို့ပြုသော် (၁) ဆင်ခြင်သုံးသပ်တတ်သော သမ္မသနဉာဏ်၊ (၂) သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိတတ်သော ဥဒယဗ္ဗယဉာဏ်၊ (၃) ဖြစ်ခြင်းကိုလွှတ်၍ ပျက်ခြင်းကိုသာရှုသဖြင့် ယခုချုပ်လတ္တံ့သည်ကိုမြင်သော ဘင်္ဂဉာဏ်၊ (၄) နောက်သင်္ခါရတို့၏ ကြောက်မက်ဖွယ်သဘော ရှိပုံကိုသိသော ဘယဉာဏ်၊ (၅) ထိုသင်္ခါရတရားတို့၌ အပြစ်ကိုမြင်သော အာဒီနဝဉာဏ်၊ (၆) အပြစ်ကိုမြင်ပြီး ငြီးငွေ့စက်ဆုတ်တတ်သော နိဗ္ဗိဒါဉာဏ်၊ (၇) ထိုသင်္ခါရဝဋ်မှ လွတ်ကင်းလိုသည်ကိုသိသော မုစ္စိတုကမျတာဉာဏ်၊ (၈) လွတ်နိုင်အံ့သော အကြောင်းကိုရှာ၍ ထိုသင်္ခါရတို့ကို တစ်ဖန်သိမ်းဆည်းခြင်း၌ သိတတ်သော ပဋိသင်္ခါဉာဏ်၊ (၉) သိမ်းဆည်းမိသော သင်္ခါရတို့ကို လျစ်လျူရှုတတ်သော သင်္ခါရုပေက္ခာဉာဏ်၊ (၁၀) မဂ်ဉာဏ်အားလျော်သော အနုလောမဉာဏ်တို့ အစဉ်အတိုင်း ရင့်ကျက်လာ၏။ ထိုသို့ရင့်ကျက်မှုရောက်ပြီး 'အဝိဇ္ဇာ'ကို ပယ်ဖြတ်လျက် သစ္စာလေးပါး၏ ကိစ္စခြောက်ပါးကို ပိုင်းခြားသိမြင်သော သောတာပတ္တိမဂ်ဖိုလ်၊ ထိုမှတစ်ဆက်တည်း ဝိပဿနာဉာဏ် ၁၀ မျိုးကို ထပ်မြင်အောင် ရှုပွါးမိပြီး သကဒါဂါမိ မဂ်-ဖိုလ်၊ ဝိပဿနာကိုပင် ဆက်ရှုပွားသော် အနာဂါမိမဂ်-ဖိုလ်၊ ထိုမှတစ်ဆက်တည်း ဝိပဿနာကို လေးကြိမ်မြောက် ဆက်ရှုပွားသော် ကိလေသာတို့အကြွင်းမဲ့ချုပ်လျက် အရဟတ္တမဂ်-ဖိုလ်သို့ ဆိုက်ရောက်တော်မူလေ၏။

အရှင်နန္ဒသည် ရဟန္တာဖြစ်ပြီး နောက်တစ်နေ့တွင် ဘုရားရှင်ထံသွား၍ "နောင်တော်ဘုရား...ယခု နတ်သမီးများကို ညီတော် အလိုမရှိပါပြီ။ နောင်တော်ဘုရားပြုပေးသော သံသရာဝဋ်ဒုက္ခ၏ အဆုံးသို့ ရောက်ပါပြီ"ဟု ဘုရားရှင်၏ ကျေးဇူးတော်ချီးမွမ်းလျက် လျှောက်လေ၏။ ဘုရားရှင်ကလည်း "ညီတော်က နတ်သမီးများကို မလိုချင်တော့မူ ငါ၏ဝန်ခံခြင်းလည်း ပြီးဆုံးလေပြီ"ဟု မိန့်တော်မူလေ၏။

သို့မို့ကြောင့် နတ်သမီး၊ နတ်သား၊ နတ်ဘုံတို့ကိုရောက်ချင်၍ ကုသိုလ်လုပ်၊ ကောင်းမှုအားထုတ်သူများကို "နတ်သမီးဝယ်သူများ"ဟု သမုတ်ချင်ပါသည်။ မေထုန်ငယ် ခုနစ်မျိုး၏ နောက်ဆုံးအချက်နှင့်လည်း တိုက်ရိုက်ပတ်သက်ပါ၏။ ထို့ကြောင့် သံသရာဝဋ် ကျွတ်လွတ်ကြောင်းသာ ရည်မှန်းပြီး ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပါကုန်။ သမာဓိ(ဈာန်)ရအောင် ပွားများကြကုန်။ (ဈာန်နှင့်တန်ခိုး အဘိညာဏ်တို့ အတူတူမဟုတ်ပါ)ဈာန်ရတိုင်း တန်ခိုး မဖြစ်။ တန်ခိုးဖြစ်တိုင်း ဈာန်မရ။

နတ်ထီးလှိုင်



www.burmeseclassic.com

www.burmeseclassic.com



# မင်းသိခ်နှင့် သံလိုက်မာတ်

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

ကွယ်လွန်သူ စာရေးဆရာကြီး ပီမိုနင်း၏ တက်ကျမ်းစာအုပ်အတော်များများ၌ 'မနုဿသံလိုက်မာတ်'အကြောင်း ပါဝင်၏။ မနုဿသံလိုက်မာတ်ဆိုသည်မှာ လူသားတွေကို ဆွဲဆောင်နိုင်သော စွမ်းအင်သတ္တိပင်ဖြစ်၏။ အကြင်သူကို လူတွေက တွေ့ချင်၊ မြင်ချင်ကြသည်။ ထိုသူရှိရာသို့ သွားရောက်ချင်ကြသည်။ ထိုသူနှင့် စကားစမြည် ပြောဆိုချင်ကြသည်။ ထိုသူပြောဆိုသည်များကို ကြားနာချင်ကြသည်။ ဧကန်မုချ ထိုသူ၌ မနုဿသံလိုက်မာတ်ရှိနေပေလိမ့်မည်။

ကျွန်တော်သည် ကွယ်လွန်သူ ဆရာမင်းသိခ်နှင့် ငယ်ပေါင်းကြီးဖော်များ မဟုတ်ကြပါ။ ဆရာမင်းသိခ် စာပေလောကတွင် စတင်နာမည်ကြီးလာချိန်၌ ဆရာ့ကို ကျွန်တော် စိတ်မဝင်စားမိသေးပါ။ ပြစ်မှုမဂ္ဂဇင်းထဲတွင် သူ၏ဝတ္ထုတိုများ နှမည်ရ

www.burmeseclassic.com

www.burmeseclassic.com

လာချိန်၌ စာဖတ်သူ အတော်များများက ထိုဝတ္ထုတိုတွေအကြောင်း ချီးကျူးပြောဆိုကြသည်ကို မကြာခဏ ကြားခဲ့ရ၏။ သို့ရာတွင် ကျွန်တော် စိတ်မဝင်စားမိခဲ့ပါ။ ဝတ္ထုတိုများရေးသားနေရာမှ နောက်ပိုင်းတွင် ဆရာမင်းသိခ်သည် မနုစာရီ၊ ပိတုန်းသုံးကောင်၊ ခေါင်းမြီးခြုံ လုံပါပေ့၊ မမင်းဖြူမှန်မှန်ပြော၊ ပုဏ္ဏားဘကွန်း၊ စနေမောင်မောင် စသည့် လုံးချင်းဝတ္ထုတွေ တစ်အုပ်ပြီးတစ်အုပ် ဆက်တိုက်ထွက်လာ၏။ ထွက်သမျှစာအုပ်တွေအားလုံး ရောင်းအားကောင်းပြီး လူကြိုက်များလှကြောင်းသိရသော်လည်း ကျွန်တော်သည် တစ်အုပ်တစ်လေမျှ မဖတ်ဖြစ်ခဲ့။ ထိုစဉ်ကာလအတွင်း ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက ကျွန်တော့်အား ကိစ္စတစ်ခုဖြင့် ခေါ်ယူတွေ့ဆုံ၏။ ယင်းကိစ္စအတွက် ဆွေးနွေးပြောဆိုကြပြီးနောက် ဝန်ကြီးက –

"ခင်ဗျား စာရေးဆရာမင်းသိခ်ရဲ့ လုံးချင်းဝတ္ထုတွေ မဖတ်ဖူးသေးရင် ရှာဖွေပြီး ဖတ်ကြည့်စမ်းပါ။ ဒီလူက Human psychology (လူသားဆိုင်ရာ စိတ်ပညာ)ကို သိပ်ပြီးပိုင်နိုင်ပုံရတယ်။ လူတွေ သိပ်စိတ်ဝင်စားအောင် သူ့ရဲ့စာအုပ်ထဲမှာ နစ်မျောသွားအောင် ရေးနိုင်တယ်ဗျ။ ဘယ်သူတွေက ဘယ်လိုပဲ ဝေဖန်ပြောဆိုကြပါစေ၊ ကျုပ်ကတော့ သူ့စာအုပ်တွေကို သိပ်ကြိုက်တယ်ဗျ"

ဟု အားပါးတရ ချီးမွမ်းခန်းဖွင့်လေ၏။

သို့ဖြင့် ကျွန်တော်လည်း မနေသာတော့ပဲ ဆရာမင်းသိခ်၏ ဝတ္ထုစာအုပ်များကို ရှာပုံတော်ဖွင့်ရလေ၏။ စာအုပ်အရောင်းဆိုင်များ၌မူ လက်ကျန်မရှိတော့။ သို့နှင့် ကျွန်တော် တာဝန်ထမ်းဆောင်နေသော ဦးစီးဌာနအောက်ရှိ အမျိုးသားစာကြည့်တိုက်တွင် သွားရောက်မွှေနှောက်ရှာဖွေရလေတော့၏။ ပထမဦးဆုံး ငှားရမ်းဖတ်ရှုမိရသော စာအုပ်သည်ကား ပုဏ္ဏားဘကွန်းစာအုပ် ပထမတွဲနှင့် ဒုတိယတွဲတို့ ဖြစ်ကြ၏။

ညနေရုံးဆင်း အိမ်ပြန်ရောက်ချိန်၌ အဝတ်အစားပင် မလဲအားဘဲ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်၍ ပုဏ္ဏားဘကွန်းဝတ္ထု ပထမတွဲကို စတင်ဖတ်ရှု၏။ ဝတ္ထုထဲတွင် ဘယ်လောက် နစ်မျောသွားသည် မသိ၊ ထိုင်ရာမှ မထချင်အောင် ဖြစ်သွားမိရ၏။ ညနေစာကိုပင် စားဖို့သတိမရ၊ ဇနီးဖြစ်သူက လာရောက်ဆူပူကြိမ်းမောင်းသည်အထိ ဖြစ်ခဲ့ရ၏။ ထိုနေ့ညပိုင်းတွင် ပုဏ္ဏားဘကွန်းစာအုပ်ကို လက်ကမချနိုင်ဘဲ ဆက်၍ဖတ်ရှုနေမိရာ မိုးသောက်ချိန်မှ ပြီးဆုံးသွားခဲ့ရ၏။ မက်လုံးရော ငြိလုံးပါ ပြည့်ဝနေသည်မို့ ပုဏ္ဏားဘကွန်းဝတ္ထုကို ကျွန်တော် စွဲလမ်းသွားရလေပြီ။ ဒုတိယတွဲစာအုပ်ကို ဆက်၍ဖတ်ချင်လှပြီ ဖြစ်သော်လည်း နံနက်ခင်းတွင် မလွဲမရှောင်သာသော ပြုဖွယ်ကိစ္စတွေ ရှိနေသေးသဖြင့် စိတ်ကို အောင့်အည်းချုပ်တီးထားရ၏။

နောက်တစ်နေ့နံနက် ရုံးတက်ချိန်တွင် အိပ်ပိုက်ရန်ပင် သတိမရတော့ဘဲ ရုံးခန်းထဲ၌ ခိုးကြောင်ခိုးဝှက် ဆက်၍ ဖတ်ရှုမိလေ၏။ ထိုစဉ်မှစ၍ ကျွန်တော်သည် ဆရာမင်းသိခ်၏ ဝတ္ထုတွေကို တစ်အုပ်ပြီးတစ်အုပ် မနားတမ်းရှာဖွေ ဖတ်ရှုမိလေတော့၏။

တစ်ရက်သော ညနေခင်းတွင် ရုံးမှ အိမ်သို့ပြန်လာသည့် ရန်ကုန်မြို့လယ် လမ်းဘေးပလက်ဖောင်း တစ်နေရာ၌ ခင်းကျင်းရောင်းချလျက်ရှိသော စာအုပ်အဟောင်းဆိုင် တစ်ဆိုင်ကို တွေ့၍ ခေတ္တရပ်နားပြီး စာမြည်းနေမိ၏။ ထိုစဉ် ကတ်ထူအဖုံး

စာအုပ်စာပေနှင့်ပတ်သက်၍
လုံးဝစိတ်မဝင်စား၊
တန်ဖိုးလည်းမထားသော
ကျွန်တော်၏ဇနီးနှင့်မှ
ထိုညက တိုက်ပုံအကျႌကို
ဝတ္ထုစာအုပ်နှင့်
လဲလှယ်ခဲ့သည့်ကိစ္စအတွက်
ပါးစပ်တိုက်ပွဲ
အလတ်စားတစ်ပွဲ
ဆင်နွှဲခဲ့ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အခန့်ချုပ်ထားသော ပုဏ္ဏားဘကွန်းဝတ္ထု ပထမတွဲနှင့် ဒုတိယတွဲ စာအုပ်အဟောင်း နှစ်အုပ်ကို တွေ့ရှိ၍ ရောင်းဈေးမေးကြည့်မိ၏။ ပုဏ္ဏားဘကွန်းစာအုပ်သည် ထွက်ထွက်ချင်းပင် စာအုပ်ဆိုင်များ၌ အရောင်းပြတ်သွားခဲ့ကြောင်း သိရှိခဲ့ရသည်။ ယခုတွေ့ရှိသော စာအုပ်အဟောင်းရောင်းသည့်ဆိုင်၌ မူလဈေးနှုန်းထက် ငါးဆမက တိုးမြှင့်ထားသောကြောင့် ကျွန်တော် မဝယ်နိုင်ပါ။ အကျီအိတ်ကပ်ထဲတွင် ပါလာသည့်ငွေဖြင့် မလုံလောက်ချေ။ ထိုစဉ် မမျှော်လင့်ဘဲ စာအုပ်ဆိုင်ရှင်ထံမှ ကြားလိုက်ရသည့် စကားမှာ –

"အခု ဆရာဝတ်ထားတဲ့ တိုက်ပုံအကျီနဲ့ လဲမယ်ဆိုရင် လဲနိုင်တယ်။ အဲဒီစာအုပ်နှစ်တွဲစလုံးကို ယူသွားနိုင်တယ်"

ဟူ၍ဖြစ်၏။

ကျွန်တော် ဝတ်ဆင်ထားသော တိုက်ပုံသည် တစ်ပတ်နွမ်းဆိုသော်လည်း သက္ကလတ်အမျိုးအစားဖြစ်၍ အဖိုးတန်၏၊ ဆောင်းတွင်းကာလ၌ ဝတ်ဆင်လျှင် အလွန်ပင် နွေးနွေးထွေးထွေးရှိ၏။ ယခုလို ဇန်နဝါရီလ လယ်ပိုင်း၏ ညဦးပိုင်း၌ အအေးဓာတ်ဝင်နေပြီဖြစ်ရာ ရှပ်လက်တိုဝတ်ထားသူ စာအုပ်ဆိုင်ရှင်က ကျွန်တော့်တိုက်ပုံကို မျက်စိကျနေပုံရ၏။

"လဲမယ်ဗျာ။ ရော့ပတ္တမြားရော့နဂါးပေါ့"

ဟု ပြောပြောဆိုဆိုဖြင့် ကျွန်တော်က တိုက်ပုံအကျီကို ချွတ်ပေးလိုက်၏။ သူကလည်း ချက်ချင်းပင် ကျွန်တော်လိုချင်နေသော စာအုပ်နှစ်အုပ်ကို ကမ်းပေးလိုက်၏။ သည်လိုနည်းဖြင့် ပုဏ္ဏားဘကွန်း ဝတ္ထုနှစ်တွဲသည် ကျွန်တော့်အိပ်ရာခေါင်းရင်းရှိ အဖိုးတန်စာအုပ်များ သိမ်းဆည်းရာ ဗီရိုထဲသို့ ရောက်ရှိလာရလေတော့၏။ စာအုပ်စာပေနှင့် ပတ်သက်၍ လုံးဝစိတ်မဝင်စား၊ တန်ဖိုးလည်းမထားသော ကျွန်တော်၏ဇနီးနှင့်မူ ထိုညက တိုက်ပုံအကျီကို ဝတ္ထုစာအုပ်နှင့် လဲလှယ်ခဲ့သည့်ကိစ္စအတွက် ပါးစပ်တိုက်ပွဲ အလကားတစ်ပွဲ ဆင်နွှဲခဲ့ရသေး၏။

ဆရာမင်းသိခ်၏ ဝတ္ထုစာအုပ်များသည် သံလိုက်ဓာတ် အပြည့် အ[illegible] ပါရှိရကား ထိုဝတ္ထုစာအုပ် တစ်အုပ်စီကို ဖတ်ရှုပြီးတိုင်း ကျွန်တော်သည် ဆရာမင်းသိခ်နှင့် လူကိုယ်

## ဆရာ၏ ပင်ရင်းစိတ်နေသဘောထားနှင့် နေထိုင်ပြုမူ ပြောဆိုလုပ်ဆောင်ပုံတို့ကြောင့် မနုဿသံလိုက်ဓာတ်ကို ရရှိပိုင်ဆိုင်နိုင်ခဲ့ခြင်း ဖြစ်မည်ဟု ကျွန်တော် ဆင်ခြင်သုံးသပ်မိရပါ၏။

တိုင် သွားရောက်တွေ့ဆုံလိုစိတ် ဖွားဖွား ပေါ်ပေါက်လာမိခဲ့ရ၏။ သို့နှင့် မအောင့်အည်းနိုင်တော့သည့် အဆုံး၌ သူဗေဒင်ဟောရာ ကျောက်မြောင်းနေအိမ်ဆီသို့ တစ်ရက်သော နံနက်ခင်းတွင် သွားရောက် မိရလေတော့၏။ ကြိုတင်တိုကင်ယူထား သူတွေ တန်းစီစောင့်ဆိုင်းနေကြသော်လည်း စာရေးဆရာတစ်ဦးဖြစ်သူ ကျွန်တော့်ကိုမူ ဦးဦးဖျားဖျား ဝင်ခွင့်ပြုခဲ့၏။ ဆရာက ကျွန်တော်၏လက္ခဏာကို ကြည့်ရှုစစ်ဆေးခြင်း၊ မွေးနေ့ကို မေး၍ မဟာဘုတ်ဝိုင် ဘူခြင်းများ ပြုလုပ်ပြီးနောက် ဟောပြောရာ ရှိသည်များကို ဟောပြော၏။ ညာဏ်ပူဇော်ခပေးသောအခါ ဆရာက လုံးဝလက်မခံ။ ဘဝတူ စာရေးဆရာ တစ်ဦးဖြစ်သူ ကျွန်တော့်ကို မေတ္တာဖြင့် ဟောပေးခြင်းဖြစ်သည်[illegible] ပြ၏။ တကယ်အားဖြင့် ကျွန်တော်သည် ဗေဒင်ကြည့်လိုခြင်းထက် ဆရာနှင့် တွေ့ဆုံသိကျွမ်းခင်မင်လို၍ လာရောက်ခြင်းဖြစ်ပေရာ ယခုတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားခဲ့ရလေပြီ။

"ကျွန်တော်က ၁၂ နာရီမှာ ဗေဒင်ဟောတာကို ရပ်နားပြီး ဗိုလ်ချုပ်ဈေးရှေ့က ကျွန်တော့်ရဲ့တိုက်ခန်းကို ပြန်တယ်။ အဲဒီနေရာကို ညနေခင်းဘက် အချိန်မရွေး လာတွေ့နိုင်ပါတယ်။ အေးအေးဆေးဆေး စကားပြောရတာပေါ့ဗျာ"

ဆရာမင်းသိခ်က ဗိုလ်ချုပ်ဈေး



www.burmeseclassic.com

www.burmeseclassic.com

ရွှေ့ရှိ သူ၏တိုက်ခန်း လိပ်စာကို ပေးလိုက်ရုံသာမက လာရောက်လည်ပတ်ခွင့် ဗီဇာကိုပါ ချီးမြှင့်လိုက်ပြီဖြစ်ရာ ကျွန်တော်သည် အလွန်ပင်ဝမ်းသာ ပျော်ရွှင်သွားမိခဲ့ရ၏။ သို့နှင့် အားလပ်သည့်ရက်မျိုးတွင် ညနေတိုင်းလိုလို ဆရာ၏ တိုက်ခန်းဆီသို့ အလည်အပတ် ရောက်ရှိခဲ့ရ၏။ စာပေအကြောင်းအပြင် ထွေရာလေးပါးစကားများ ပြောဆိုမိကြ၏။ ကျွန်တော်ရောက်တိုင်းလည်း ဆရာ့အခန်းတွင် ဧည့်သည်တွေ ရောက်ရှိနေကြသည်ကို တွေ့ရ၏။ ကျွန်တော်တို့ ထိုင်စကားပြောနေကြစဉ် နောက်ထပ် ရောက်လာသူတွေကလည်း တဖွဲဖွဲ ဝင်လာမစဲ ရှိနေတတ်၏။ လာရောက်ကြသည့် ဧည့်သည်တွေကလည်း အတန်းအစား အလွှာစုံလင်လှ၏။ သူတို့လာရောက်ကြသည့် အဓိကအကြောင်းရင်းမှာ ဆရာမင်းသိခ်နှင့် တွေ့ဆုံလို၊ စကားပြောဆိုလိုကြသောကြောင့် ဖြစ်ကြောင်း ကျွန်တော် အကဲခတ်မိရ၏။ ကျွန်တော်ကိုယ်တိုင်ကလည်း ဆရာနှင့် စကားပြောဆိုလို၍ ဖြစ်ကြောင်း မိမိကိုယ်မိမိ ဆန်းစစ်မိပါ၏။ တစ်နည်းဆိုရသော် ကျွန်တော်အပါအဝင် ဧည့်သည်များအားလုံးတို့သည် ဆရာမင်းသိခ်၏ မနုဿသံလိုက်ဓာတ် ဆွဲငင်အားကြောင့် ရောက်ရှိလာကြရခြင်း ဖြစ်ပေသည်။ ဤမနုဿသံလိုက်ဓာတ်ကို မည်သည့်နည်းဖြင့် ဆရာရရှိပိုင်ဆိုင်ခဲ့ရသနည်း။

သီးသန့် တမင်လေ့ကျင့်ခြင်းကြောင့် ရရှိခဲ့ဟန်တော့ ဟုတ်ဟန်မတူပါ။ ဆရာ၏ ပင်ရင်းစိတ်နေသဘောထားနှင့် နေထိုင်ပြုမူ ပြောဆိုလုပ်ဆောင်ပုံတို့ကြောင့် ·မနုဿသံလိုက်ဓာတ်ကို ရရှိပိုင်ဆိုင်နိုင်ခဲ့ခြင်း ဖြစ်မည်ဟု ကျွန်တော် ဆင်ခြင်သုံးသပ်မိရပါ၏။ စာရေးခြင်း လုပ်ငန်းနှင့် ဆရာအောင်မြင်သည်မှာ အထူးဆိုဖွယ်မရှိ။ ဗေဒင်လက္ခဏာဟောမှု လုပ်ငန်း၌လည်း အလားတူပင် ဖြစ်၏။ ဆရာနှင့် ကျွန်တော် ရင်းနှီးခင်မင်လာကြသောအခါ သူ၏ ဗေဒင်လက္ခဏာ ဟောကြားမှု လုပ်ငန်းအကြောင်း ကျွန်တော် အမှတ်မထင် စပ်စုမိသည်။

"ကျောက်မြောင်းမှာ ဆရာ ဗေဒင်လက္ခဏာဟောတာ ဉာဏ်ပူဇော်ခ တော်တော်ရမှာပဲနော်"

"ဟာ . . ကျွန်တော်က ဗေဒင်လာကြည့်သူ တစ်ယောက်ကို ဉာဏ်ပူဇော်ခ အစိတ်(၂၅) ယူတာ။ တစ်ရက်ကို လူအယောက် ၂၀ ပဲဟောတယ်။ စုစုပေါင်း ဉာဏ်ပူဇော်ခ တစ်ရက်ကို ၅၀၀ဝ ရတာပေါ့ဗျာ။ အဲဒီထဲက တစ်ဝက်ကို အမေတို့အတွက် ကန်တော့ခဲ့တယ်"

ဆရာသည် မိဘတို့ကိုလည်း သမ္မာအာဇီဝဖြင့် အလုပ်အကျွေးပြုနေသူဖြစ်ကြောင်း သိရှိခဲ့ရ၏။ ထိုခေတ် ထိုအချိန်က လက်ဖက်ရည်တစ်ခွက်လျှင် ၁၆ သို့မဟုတ် ငါးမတ်ခန့်သာ ပေးရလေရာ ဆရာ နေ့စဉ်ရရှိသော ပုံမှန်ဝင်ငွေနှင့် မိဘတို့ကို ပူဇော်ကန်တော့သည့် ငွေကြေး၏ တန်ဖိုး ပမာဏကို မှန်းဆနိုင်၏။

ခြုံ၍သုံးသပ်ရသော် ဆရာမင်းသိခ်တစ်ယောက် မနုဿသံလိုက်ဓာတ်ကို ပိုင်ဆိုင်နိုင်ခဲ့ရခြင်းမှာ -

(က) စိတ်ရင်းစိတ်ဓာတ် ဖြူစင်ကောင်းမွန်ခြင်း၊

(ခ) မိဘနှင့် မောင်နှမသားချင်းတို့ကို သမ္မာအာဇီဝ အလုပ်ဖြင့်လုပ် ကျွေးစောင့်ရှောက်ခြင်း၊

(ဂ) တပည့်သားမြေးများနှင့် မိတ်ဆွေသင်္ဂဟများကို ကူညီစောင့်ရှောက်ခြင်း၊ စောင်မကြည့်ရှုခြင်း၊

(ဃ) မာန်မာနထောင်လွှားမှု အလျဉ်းကင်းရှင်းခြင်း၊

(င) ကြွားဝါပလွှားမှု၊ ဟိတ်ဟန်ထုတ်မှု ကင်းရှင်းခြင်း၊

(စ) မည်သူ့ကိုမျှ စိတ်ငြိုငြင်အောင်၊ စိတ်ဆင်းရဲအောင် မပြုလုပ်ခြင်း၊ သူတစ်ပါးကို ချောက်မတွန်းခြင်း၊

(ဆ) သမထကျင့်စဉ် တစ်ခုဖြစ်သော အဓိဋ္ဌာန်ဝင်မှု အလုပ်ကို ပုံမှန်ပြုလုပ်လေ့ရှိခြင်း။

အထက်ဖော်ပြပါ မွန်မြတ်သော နေထိုင်ကျင့်ကြံမှုများက ဆရာမင်းသိခ်ကို မနုဿသံလိုက်ဓာတ် ပိုင်ဆိုင်သူ တစ်ဦး ဖြစ်လာစေခဲ့သည်ဟုဆိုလျှင် မှားဖွယ်အံ့မထင်။

မနုဿကျော်ဝင်း
(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

# "ဆုတောင်းပြည့် သဒ္ဓါကျောက်တောရ မဟာအောင်မြေ" အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆-၂-၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရှေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဓါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရစုတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅-၈-၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃-၃-၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တိကြားကုသိုလ်ဖြစ် ထီးတော်တင်အပွဲနှင့် ရွှေထီးတော်တင်လှူခြင်း၊ ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄-၁၀-၁၉၉၉) တနင်္ဂနွေနေ့တွင် မုလသစ်ကောက်ရွာ အမျှားကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ဟောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁-၉-၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇-၃-၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်ဖြင့် မာတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တိကြားကုသိုလ်ဖြစ် ထီးတော်တင်အပွဲနှင့် ရွှေထီးတော်တင်လှူခြင်း၊ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈-၃-၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဟကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း၊ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄-၁-၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ဗိန်းတောလေးကျေးရွာ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉-၂-၂၀၀၉) တနင်္လာနေ့တွင် ဓမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း၊ ကုန်ကျငွေ ၁၀၀ သိန်း ကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆-၁၀-၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာလျောင်းတော်မူ ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး၊ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀-၁-၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်ပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မှစလိန္ဒနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ၊ သုံးရေအတွက် အဝီစိစက်ရေ တွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး

| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ


| | |
|---|---|
| လာဘ်မိုးစွေစာပေ | ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅ |
| နာယကဆရာတော် | ဖုန်း - ၀၉-၇၃၁၃၉၃၃၆၊ ၀၉-၄၂၀၂၃၅၄၅၈ |
| ဦးကျော်သူထိုက် | ဖုန်း - ၀၉-၅၁၁၉၄၀၇ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အဘိုး နှင့်

# ထူးဆန်းသော ဒိဗ္ဗစက္ခုအင်းလက်ကိုင်ပဝါ

"မောင်လှမြင့်ရေ ငှါမြေး အဘိုးဆီကို ခဏလာခဲ့ဦးကွာ"

"ဟုတ်ကဲ့ပါ အဘိုး"

ကျွန်ုပ်အမည်အား ခေါ်လိုက်သူမှာ အခြားသူမဟုတ်၊ ကျွန်ုပ်၏ အဘိုးဖြစ်ပါသည်။

အဘိုးမှာ ကျွန်ုပ်မိခင် ဒေါ်ခင်ရီဖက်မှ တော်စပ်သောအဘိုး ဖြစ်ပါသည်။

အကယ်စင်စစ် ဤအဘိုးသည် ကျွန်ုပ် မိခင်၏ အဖဖြစ်သော

ဦးမဲ(ကျွန်ုပ်၏အဘိုး) ၏ ဖခင်ဖြစ်ပါသည်။ ကျွန်ုပ်၏ အဘိုး ဦးမဲမှာ

ကျွန်ုပ် မိခင်ကြီးငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့ပါသည်။ သို့ဖြစ်ရာ အဘိုးက

"ငှါမြေး"ဟု ခေါ် သော်လည်း ကျွန်ုပ်သည် "မြစ်" ဖြစ်ပါသည်။ ကျွန်ုပ်သည်

အဘိုးဖြစ်သူကို မမီလိုက်သော်လည်း အဘိုး၏ အဖေဖြစ်သူ အသက်ရှည်သော

အဘိုးကိုကား မှီလိုက် မြင်တွေ့ဖူးလိုက်ပါသည်။

**ကျော်စံရှိန်**

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်ကာလ ၁၉၆၅-၆၆ ဝန်းကျင်က ကျွန်ုပ်တို့ မိသားစုသည် ဖခင်ဖြစ်သူက အစိုးရဌာနဝန်ထမ်းတစ်ဦးဖြစ်ရာ ဖခင်ဖြစ်သူ တာဝန်ကျရာ ဝေါမြို့တွင် နေထိုင်ကြပြီး အဘိုးတို့ကမူ ရွှေကျင်ဇာတိသားများဖြစ်ကြသဖြင့် ရွှေကျင်မြို့တွင် နေထိုင်ကြပါသည်။ ရွှေကျင်မြို့ဆိုသည်မှာ ပဲခူးတိုင်းအတွင်းရှိ မြို့တစ်မြို့ဖြစ်ပြီး ထိုမြို့၌ နှစ်စဉ် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိသည့် နိုင်ငံကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကြောင့် မြို့မကြီးလှသော်လည်း လူသိများထင်ရှားလှသော မြို့တစ်မြို့ဖြစ်ပါသည်။ ယခုထိလည်း ရွှေကျင်မြို့၏ သီတင်းကျွတ်မီးထွန်းပွဲတော်သည် ကျော်ကြားထင်ရှားနေဆဲပါပေ။

ရွှေကျင်မြို့သည် အလွန်သာယာလှပသောမြို့တစ်မြို့ဖြစ်ပြီး ရွှေကျင်ချောင်းဆိုလျှင် သဲချောင်းဖြစ်သည်နှင့်အညီ ချောင်းရေသည် ကြည်လင်အေးမြလှပြီး ငါးကလေးများ ကူးခတ်နေသည်ကိုပင်အတိုင်းသား မြင်တွေ့ရပါသည်။ ကျွန်ုပ်သည် နွေရာသီကျောင်းပိတ်ရက်များတွင် ရွှေကျင်မြို့သို့ အလည်အပတ်သွားရောက်လေ့ရှိပြီး ရွှေကျင်သို့ရောက်သည့်အခါ မန်ကျည်းတန်းရပ်ရှိ ကျွန်ုပ်၏ အဘိုးလေး၊ အဘွားလေးများဖြစ်ကြသော ဦးမာမူ၊ ဒေါ်ခွေးမတို့အိမ်တွင် ဘည်းခိုနေလေ့ရှိပါသည်။ အဘွားလေးတို့အိမ်သည် ကမ်းနားလမ်းတွင်ရှိပြီး ချောင်းဘက်သို့ မျက်နှာမူလျက်ရှိရာ ချောင်းနှင့်အိမ် သိပ်မဝေးသဖြင့် ရေကူး၍ ဆော့ကစားချင်သော ကျွန်ုပ်သည်ချောင်းထဲ၌ ရေသွားချိုးလေ့ရှိပါသည်။ ရေချိုးလျှင် ကျွန်ုပ်၏ ဦးလေးဝမ်းကွဲ ကိုဖိုးထောင် ခေါ် ကိုဝင်းမြင့် (သစ်တောဦးစီးဌာန)နှင့်အတူ သွားချိုးလေ့ရှိပြီး နှစ်ယောက်သား ချောင်းထဲမှ တော်တော်နှင့် မတက်တော့ပါ။ ချောင်းမှ လှမ်းကြည့်လိုက်လျှင် စိမ်းစိုညို့မှိုင်းနေသော တောတန်း၊ တောင်တန်းများကို လှမ်းမြင်နေရပြန်သဖြင့် ရွှေကျင်ချောင်းလေးနှင့် နောက်ခံတောတန်းတောင်တန်းများမှာ သဘာဝပန်းချီကားလေးတစ်ချပ်ကို ကြည့်နေရသည့်ပမာ အလွန်သာယာလှပပါသည်။ ထို့ကြောင့် ချောင်းကလေးထဲရောက်လျှင် ကျွန်ုပ်သည် ပျော်လည်း ပျော်၊ စိတ်ထဲလည်း ကြည်နူးလှပါသည်။

တစ်ခုသော နွေရာသီကျောင်းပိတ်ရက်တွင် ရွှေကျင်သို့ အလည်ရောက်နေစဉ် တစ်ညနေ နေဝင်ရိုးရီကာလ၌ ကိုဖိုးထောင်နှင့် ကျွန်ုပ်တို့ တူဝရီးနှစ်ယောက်တို့ အဘိုးတို့အိမ်အောက်တွင် ဆော့ကစားနေကြစဉ် အဘိုးက အိမ်ပေါ်မှ ကျွန်ုပ်အား လှမ်းခေါ်လိုက်ခြင်းဖြစ်ပါသည်။ အဘိုးအိမ်နှင့် အဘွားလေးတို့အိမ်မှာ အိမ်ချင်းကျောချင်းကပ်လျက်ရှိနေသဖြင့် ကျွန်ုပ်တို့ တူဝရီးနှစ်ယောက်သည် ကိုဖိုးထောင်တို့အိမ်မှာ ဆော့လျှင်ဆော့၊ သို့မဟုတ်ပါက တစ်ထပ်အိမ်မြင့်ကြီးဖြစ်သော အဘိုးတို့ အိမ်အောက်တွင် ဆော့ကစားလေ့ရှိကြပါသည်။ ကျွန်ုပ်ကို အဘိုးက အထက်ပါအတိုင်းလှမ်းခေါ်လိုက်သဖြင့် ကျွန်ုပ်အိမ်ပေါ်သို့ တက်သွားသောအခါ ကိုဖိုးထောင်က ကျွန်ုပ်နှင့်လိုက်မလာတော့ဘဲ သူ့အိမ်သို့ ပြန်သွားပါသည်။ ဦးလေးဖြစ်သော်လည်း ကျွန်ုပ်ထက် တစ်နှစ်ကျော်ကျော်ခန့်သာ ကြီးသဖြင့် အရွယ်ချင်းမကွာသောကြောင့် သူ့ကို ကိုဖိုးထောင်ဟု ခေါ်ခြင်းဖြစ်ပါသည်။ ကိုဖိုးထောင်သည် အဘိုးကို အလွန်ကြောက်ပုံရပါသည်။ တတ်နိုင်သမျှ အဘိုးကို သူရှောင်နေလေ့ရှိပါသည်။

ကျွန်ုပ် အိမ်ပေါ်ရောက်သွားသောအခါ အဘိုးသည် ဘုရားခန်းထဲတွင် ထိုင်နေပါသည်။ အဘိုး၏အမည်မှာ ဦးလွန်းမောင် ဖြစ်ပါသည်။ မြန်မာသမားတော်ကြီး ဦးလွန်းမောင်ဟုဆိုလျှင် ထိုခေတ် ထိုကာလက ရွှေကျင်တစ်မြို့လုံးနှင့် တောရော ရွာပါမကျန်၊ အဘိုးကို ကောင်းစွာသိကြပါသည်။ သို့သော် ထိုစဉ်က လူအတော်များများသည် အဘိုးကို မြန်မာသမားတော်ကြီး (ဝါ) တိုင်းရင်းဆေးဆရာကြီး (ထိုခေတ်အခေါ် ဝိန္ဒောဆေးဆရာကြီး)ဟုသာ သိခဲ့ကြပါသည်၊ သို့ရာတွင် သူတို့သည် အဘိုးကို အလွန်ထူးခြားထက်မြက်သော ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရှိကြီးတစ်ယောက်၊ သို့မဟုတ် မဟာကောဏ္ဍည ထွက်ရပ်ဂိုဏ်းဝင်၊ ထွက်ရပ်လမ်းအထိ ကြံစည်အားထုတ်နေသော ဂမ္ဘီရဝိဇ္ဇာမယအတတ်ပညာရှင်တစ်ယောက်အဖြစ် မသိခဲ့ကြပါ။ အဘိုးကလည်း အလွန်သိပ်သည်းလျှို့ဝှက်စွာနေခဲ့သည်ဟု ထင်ပါသည်၊ အကြောင်းမူ အဘိုးသည် ဂမ္ဘီရဝိဇ္ဇာမယပညာရှိကြီးတစ်ယောက်ဖြစ်သော်လည်း ရိုးရိုးသာမန်

www.burmeseclassic.com

သွေးရိုးသားရိုးရောဂါဝေဒနာများကိုသာ လက်ခံကုသလေ့ရှိပြီး စုန်းပယောဂ၊ နတ်ပယောဂ၊အမှောင့်ပယောဂများကြောင့်ဖြစ်သော ပယောဂများကိုမူ မကုသပါပေ။ လူအများက အဘိုးကို ထိုသို့ ဝိဇ္ဇာမယ အတတ်ပညာရှိအဖြစ် မသိကြသော်လည်း သိကြသူအချို့ကားရှိနေပါသည်။ ထိုအကြောင်းကို သိရသည်မှာ ရံဖန်ရံခါ ကျွန်ုပ်အဘိုးတို့ အိမ်တွင် ညဥ့်အိပ်ညဥ့်နေသွား၍ နေသည့်အခါ အချို့သောညများ၌ညလူခြေတိတ်ချိန်သန်းခေါင်ကာလဝန်းကျင်များတွင် တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားပြီး အိမ်ခေါင်မိုးပေါ်မှ လူလျှောက်သောအသံမျိုးများ၊ အသံနက်ကြီးများဖြင့် အော်သံများလိုလိုကြားရတတ်ပါသည်။ ထိုအခါ ခွေးအူသံများပေါ်လာခြင်း၊ ငှက်ဆိုးထိုးသံများပေါ်လာခြင်းတို့ပါ ဖြစ်လာတတ်ပါသည်။ ထိုအသံဆိုး၊ အသံပျက်များကြောင့် ကျွန်ုပ်ပင်လျှင် အိပ်ရာက လန့်နိုးတတ်ပါသည်။ ထိုအခါမျိုးတွင် အဘိုးသည် အိပ်ရာမှထပြီး ဖယောင်းတိုင်ကြီးများ ထွန်းလျက် အင်းချပ်များကို မီးရှို့ရင်း ဂါထာမန္တန်ဟုထင်ရသည်များကို တတွတ်တွတ်ရွတ်နေသည်ကိုတွေ့ရပါသည်။ အဘိုး ထိုသို့ ပြုလုပ်လိုက်ပြီး မကြာမတင်တွင် အိမ်ကြီး တုန်လှုပ်နေခြင်းနှင့် ကြောက်မက်ဖွယ်အသံကြီးများပျောက်သွားကာ တစ်ခါတစ်ရံ လွန်စွာနာကျင်သောကြောင့် ညည်းညူသံများကို ခပ်သဲ့သဲ့ကြားရတတ်ပြီး တိတ်ဆိတ်ငြိမ်သက်သွားတတ်ပါသည်။ ထိုအခါမျိုး၌ အဘိုးသည် တက်တစ်ခေါက်ခေါက်နှင့်ပင်။ သို့ဖြစ်ရာ သာမန်လူများမသိကြပေမယ့် မြွေမြွေချင်းခြေမြင်သည်ဟု ပြောရမည်လား မသိ။ အခြားသော စုန်းကဝေ၊ ပညာသည်များ၊ မှော်ဆရာများက ပညာလာ၍ စမ်းကြခြင်းဖြစ်ကြောင်း အဘိုးက ပြောဖူးပါသည်။

ယခု ကျွန်ုပ်သည် အဘိုး ခေါ်ထားသည့်အတိုင်းထိုင်နေသည့် ဘုရားခန်းသို့ တန်းတန်းမတ်မတ်ဝင်သွားလိုက်ပြီးအဘိုးရှေ့တွင် ထိုင်ချလိုက်ပါသည်။ ထိုအချိန်က အဘိုးကသည် ထက်အောက်ပိတ်ဖြူစင်ကြယ်ဝတ်ထားပြီး ပိတ်ဖြူပဝါဖြင့်ပင် ခေါင်းပေါင်းထားသည်။ အဘိုးသည် ထိုစဉ်က အသက် ၈၁ နှစ်ကျော်ခန့်ရှိပြီး သွားများမကောင်းသောကြောင့် အံဖုံတပ်ထားရသည်။ မျက်ခုံးများ၊ နှုတ်ခမ်းမွေးများပင် တစ်ဝက်တစ်ပျက်စီဖြူနေပေပြီ။ အဘိုးသည် မျက်နှာပုံ လေးထောင့်ကျပြီး နှုတ်ခမ်းပါးကာ၊ ပိန်ရှည်ရှည်အရပ်အမောင်းနှင့်အသားခပ်လတ်လတ်ဖြစ်သည်။ အသက်ကြီးသဖြင့် အတန်အိုမင်းဟန်ပေါက်နေသော်လည်း အသံက မာတုန်း။ မျက်လုံးများက စူးရှတောက်ပြောင်နေဆဲပင်။ ဘုရားခန်းရှိ ဘုရားကန်တော့ပွဲ၊ ဂိုဏ်းကန်တော့ပွဲတို့နှင့် အခြားသော နတ်ရုပ်၊ ဝိဇ္ဇာရုပ်တုများအားလုံးတွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိထားသဖြင့် မှောင်စပျိုးချိန်ဖြစ်သော်လည်း တစ်အိမ်လုံး လင်းထိန်လျက် အမွှေးရနံ့များဖြင့် သင်းပျံ့ကြိုင်လှိုင်နေပေသည်။

"ငါ့မြေးကို အဘိုးခေါ်ရတာက ငါ့မြေးနဲ့အဘိုး အလုပ်လုပ်စရာရှိလို့ပဲ။ ငါ့မြေးက အဘိုးကို အကူအညီပေးရမယ်။ အဘိုး အခုလုပ်မယ့်ကိစ္စကို ငါ့မြေးပဲ ကူညီနိုင်းမယ်။ ဖိုးထောင်နဲ့ လုပ်လို့ မရဘူး။ ငါ့မြေးက ဘုရားတရားကြည်ညိုတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ပုတီးစိပ်၊ တရားထိုင်နေပြီဆိုတော့ ငါ့မြေးနဲ့မှပဲ အဘိုးအလုပ်ကို လုပ်လို့ရမယ်။ အဲဒီတော့ ငါ့မြေးက ဘုရားရှိခိုး၊ ငါးပါးသီလခံယူပြီး ဂုဏ်တော်ပုတီး ကိုးပတ်စိပ်ကွာ"

ဟုတ်ပါသည်။ ကိုယ့်ကိုကိုယ်ဖော် မသူတော်ခုနစ်ပါးဟု ပြောရလျှင်လည်း ခံရပါမည်။ အမှန်ပင် ထိုစဉ်က အသက် ၁၁ နှစ်ဝန်းကျင်သာရှိသေးသော ကျွန်ုပ်သည် ဂုဏ်တော် ပုတီးများစိပ်ခြင်း၊ အာနာပါနသမထကမ္မဋ္ဌာန်းထိုင်ခြင်းများကို စ၍ လုပ်နေပါပြီ။ ထိုသို့ ငယ်ငယ်ရွယ်ရွယ်ကလေးသာသာ၌ပင် ဘုရား၊ တရားအလုပ်များလုပ်သဖြင့် အဘိုးက ရှိသမျှ မြေးမြစ်များထဲတွင် ကျွန်ုပ်ကို အတော်ပင်သဘောကျ မျက်နှာသာပေးခဲ့ပေသည်။ ဤသို့ ဘာရယ်ဟု သေချာမသိသော်လည်း အဘိုးခိုင်းသည့်အတိုင်း ကျွန်ုပ်သည် ဘုရားရှိခိုး၊ ငါးပါးသီလခံယူကာ ဂုဏ်တော်ပုတီးစိပ်နေလိုက်ပါသည်။

"အေး . . ဟုတ်ပြီ၊ ငါ့မြေးစိတ်တွေ တည်ငြိမ်အောင်ထား၊ ဘုရားကို အာရုံမှာပေါ်လာအောင် သေသေချာချာ အာရုံစူးစိုက်ပြီး စိပ်ကွဲ့"

ကျွန်ုပ် ဂုဏ်တော်ပုတီး စိပ်နေစဉ် အဘိုးက ထိုသို့ တိုက်တွန်းနှိုးဆော်လိုက်၏



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ပုတီးစိပ်ခြင်းပြီးစီးသွား၍ ဘုရားကို ဦးချလိုက်ပြီး မျက်စိဖွင့်လိုက်သာအခါ အဘိုးသည် ကျွန်ုပ်၏ ညာဘက်ဘေးနားတွင် ဆောင့်ကြောင့်ထိုင်လျက် လက်ထဲတွင်လည်း ခေါက်လျက်သားရှိသော အဝတ်ဖြူပိတ်စတစ်ခုအား ကိုင်ထားသည်ကို တွေ့လိုက်ရ၏။ ထို့နောက် အဘိုးသည် ကျွန်ုပ်ရှေ့ မလှမ်းမကမ်းတွင် ဝိဇ္ဇာဓိုရ်ဂိုဏ်းကန်တော့ပွဲဘက်သို့ ဦးတည်ကာ သူ့လက်ထဲမှ ပိတ်ဖြူစကို လက်နှစ်ဘက်နှင့် ကိုင်လျက်နဖူးစနားထိ မြှောက်ထားပြီး တစ်စုံတစ်ရာကို ရည်မှန်းတိုင်တည်နေသည့်သဘောဖြင့် တတွတ်တွတ်ရွတ်နေရ၏။ အတန်ကြာသောအခါ အဘိုးသည် ကျွန်ုပ်ဘက်သို့ လှည့်၍ သူ့လက်ထဲရှိ ပိတ်ဖြူခေါက်လေးကို ဖြန့်လိုက်၏။ ထိုအခါကျမှ ကျွန်ုပ် မြင်တွေ့လိုက်ရသည်ကား ထိုပိတ်ဖြူစကလေးသည် တစ်ပေခွဲပတ်လည်သို့ လေးထောင့်ပုံသဏ္ဌာန်လက်ကိုင်ပဝါပုံ ပိတ်စတစ်ခုဖြစ်ပြီး ထိုပိတ်ဖြူလက်ကိုင်ပဝါစပေါ်တွင် အင်းကွက်များ၊ ဘုရားပုံ၊ ရဟန္တာပုံ၊ ဝိဇ္ဇာဇော်ဂျီပုံရုပ်စမများ၊ ဂါထာများဖြင့် ပြည့်နှက်နေကြောင်းပင်။ ယခုထိ ကျွန်ုပ်သည် အဘိုး၏ ထိုပိတ်ဖြူလက်ကိုင်ပဝါပေါ်ရှိ အင်းစမအမျိုးအစားများသည် မည်သို့သော အစီအရင်များဖြစ်သည်ကို စဉ်းစား၍ မရပါ။ ထိုစဉ်က ငယ်ရွယ်သေးသဖြင့် နားမလည်သောကြောင့် မည်သို့မျှ အစဖော်မရခဲ့ချေ။

"ဒီမယ် ငါ့မြေး၊ ဒါလေးကို ဒိဒ္ဓစက္ခုအင်းလက်ကိုင်ပဝါလို့ ခေါ်တယ်။ ဒီအင်းလက်ကိုင်ပဝါစီရင်ဖို့ အဘိုး ၄၅ ရက်တိတိ ကိုးပါးသီလဆောက်တည်ပြီး တောကြီး၊ တောင်ကြီးတွေထဲမှာ ဂုဏ်တော်ပွားများ၊ အာနာပါနသမထကျင့်စဉ်တွေကို အဓိဋ္ဌာန်နဲ့အားထုတ်ခဲ့ပြီးမှ စီရင်ခဲ့ရတာ၊ ဒီအင်းလက်ကိုင်ပဝါကို စီရင်တုန်းက အဖျက်အမှောင့်တွေကလည်း အလွန်များလှသပေါ့ဗျာ။ ဒိဒ္ဓစက္ခုအင်းလက်ကိုင်ပဝါနဲ့ကြည့်ရင် ငါ့မြေးတို့ ရိုးရိုးမျက်စိနဲ့မမြင်နိုင်တဲ့ အရာတွေကို မြင်နိုင်တယ်။ အရင်တော့ ဒီအင်းလက်ကိုင်ပဝါနဲ့အဘိုးသိချင်တာတွေကို အဘိုးရဲ့ယုံကြည်စိတ်ချရတဲ့ တပည့်ချင်းတစ်ယောက်နဲ့ ကြည့်ခိုင်းရတယ်။ အခု သူက တခြားအရပ်တစ်ပါးကို ဆေးကုစားဖို့ထွက်သွားပြီဆိုတော့ ဒီအင်းလက်ကိုင်ပဝါကို အသုံးမပြုရတာကြာပြီ။ အဘိုးကိုယ်တိုင်ဘာဖြစ်လို့ မကြည့်သလဲဆိုတော့ ဒီအင်းလက်ကိုင်ပဝါနှင့် ကြည့်နေစဉ်အတွင်းမှာအနှောင့်အယှက်တွေပေါ်လာတတ်တယ်။ အဲဒီလို ပေါ်လာရင် အဘိုးကူညီပေးမယ့် အထက်ပိုင်းဆရာ အနားမှာရှိမှဖြစ်မှာ။ ဒါကြောင့် ငါ့မြေးကို ကူညီခိုင်းရတာ။ နို့ပြီး ဒီပစ္စည်းက အထက်လမ်းပညာရပ်တွေနဲ့စီရင်ထားတာမို့ ရတနာသုံးပါး ကြည်ညိုဆည်းကပ်တဲ့ လူတွေ၊ ဂုဏ်တော်ပွားလေ့ရှိတဲ့လူတွေမှ ထိထိရောက်ရောက် ကြည့်နိုင်မြင်နိုင်တယ်။ ဒါကြောင့် ဘုရား၊ တရားလည်းမြဲ၊ ဂုဏ်တော်ပွားများလေ့ရှိတဲ့ ငါ့မြေးကို အဘိုးက ဒီအင်းလက်ကိုင်ပဝါနဲ့ ကြည့်ခိုင်းမလို့။ ဘာပြုလို့လဲဆိုတော့ အခုတလော အဘိုးကို ပညာစမ်းပြီး အနှောက်အယှက်ပေးတာတွေ တော်တော်များနေလို့ပဲ။ ကိုင်း .. စကားပြောတာများသွားပြီ။ ငါ့မြေးမျက်စိမှိတ်ပြီး ဘုရားကို အာရုံပြုထား။ လက်အုပ်ချီထား၊ အဘိုးက ဒိဒ္ဓစက္ခုအင်းလက်ကိုင်ပဝါနဲ့ ငါ့မြေးမျက်စိတွေကို စည်းထားလိုက်မယ်"

"ဟုတ်ကဲ့ပါအဘိုး"

ကျွန်ုပ်လည်း အဘိုးပြောသည့်အတိုင်း လက်အုပ်ချီ၍ ဘုရားကို အာရုံပြု၍ မျက်စိစုံမှိတ်ထားလိုက်သည်။ ထိုအခါ အဘိုးသည် ကျွန်ုပ်မျက်နှာကို အင်းလက်ကိုင်ပဝါဖြင့် ပတ်၍ စည်းရင်း . .

"ငါ့မြေး . . စိတ်ကိုငြိမ်ထား၊ အာရုံတွေ မပြန့်လွင့်စေနဲ့၊ ဘာမှမကြောက်နဲ့၊ ငါ့မြေးဘေးမှာ အဘိုးတစ်ယောက်လုံးရှိတယ်။ ဘာမှမပူနဲ့ ကြားလား"

"ဟုတ်ကဲ့ပါ အဘိုး"

ဤသို့နှင့် အဘိုးသည် အင်းလက်ကိုင်ပဝါနှင့် ကျွန်ုပ်၏ မျက်နှာကိုစည်းနှောင်လိုက်ပြီးနောက် အမိန့်တော်ပြန်တမ်းများကို အသံနေအသံထားနှင့် ရွတ်၏။ ထို့နောက် ဂါထာမန္တန်များကိုလည်း အတန်ကြာရွတ်ဖတ်ပြီးနောက် . . .

"အို . . အင်းစောင့်ပုဂ္ဂိုလ်အပေါင်းတို့၊ ကျွန်ုပ်အား နှောက်ယှက်နေသော သူများကို သိရှိလိုပါသည်။ အထင်အရှားပြပါလေ။ ဂိုဏ်းချုပ်ဘိုးတော်ဘုရားနှင့်တကွ အင်းဝိဇ္ဇာကြီးများ၊ ဆိုင်ရာပိုင်ရာများက စောင့်ရှောက်ကူညီတော်မူကြပါ"

(ကျွန်ုပ်မှတ်မိသလောက် အဆင်ပြေအောင် ပြန်ရေးပြ



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ဖြစ်ပါသည်။ အဘိုးရွတ်ဖတ်နေသေသည်များကမူ ယခု ကျွန်ုပ်ရေးပြထားသည်ထက်ပို၍ စုံပါသည်။)

ကျွန်ုပ်၏ မျက်နှာကို အင်းလက်ကိုင်ပဝါဖြင့် စည်းထားသောကြောင့် မူလက မျက်စိထဲမှောင်မည်းနေ၏။ အဘိုးက အထက်ပါအတိုင်း အမိန့်တော်ပြန်တမ်းများ၊ ဂါထာမန္တန်များကို ရွတ်ဖတ်၍ သက်ဆိုင်ရာပုဂ္ဂိုလ်တို့ကို တိုင်တည်လိုက်ပြီးသောအခါကျွန်ုပ်၏ မျက်စိတို့တွင် ရိုးတိုးရွတဖြစ်လာ၏။ မျက်စိ၌လည်း အဖြူ အနီ အစက်အပြောက်ကလေးများ ပြေးနေ၏။ ထိုသို့ အဘိုးက -

"ငါ့မြေး . . တခြားကို အာရုံမပျံ့စေနဲ့။ မျက်စိရှေ့ကိုပဲ သေသေချာချာ အာရုံစူးစိုက်ကြည့်ထား။ တဖြည်းဖြည်းနဲ့ မြင်ကွင်းတွေ ပေါ်လာလိမ့်မယ်"

ကျွန်ုပ်လည်း ဘာတွေများ တွေ့ရပါလိမ့်မည်နည်းဟု တွေ့ချင်မြင်ချင် သိချင်လွန်းသောကြောင့် အဘိုးပြောသည့်အတိုင်း စိတ်ကို တည်ငြိမ်စွာထားပြီး မျက်နှာရှေ့တည့်တည့်ကိုသာ အာရုံစိုက်လျက်ကြည့်နေလိုက်၏။ သို့နှင့် တဖြည်းဖြည်းအဖြူစက်၊ အနီစက်ကလေးများ လျော့ပါးပျောက်ကွယ်သွားပြီးနောက် ပိုးစုန်းကြူးကလေးများလို အရောင်တောက်တောက် ဝင်းဝင်းလက်လက်အစက်ကလေးအပြောက်ကလေးများ ပေါ်လာပြန်၏။ သို့မှ ဆက်တိုက်ဆိုသလို ထိုအရောင်တောက်နေသော အစက်ကလေးများလည်း ပျောက်ကွယ်သွားပြီးနောက် အလင်းခပ်မှုန်မှုန်နှင့်မြင်ကွင်းထဲတွင် အမှိုက်ပုံများကို မီးရှို့လိုက်၍ ထွက်ပေါ်လာသော မီးခိုးငွေ့များဝေနေသလိုမျိုးတွေ ပေါ်လာ၏။ သို့နှင့် ကျွန်ုပ်သည် ဆက်၍ စူးစူးစိုက်စိုက် ကြည့်နေလိုက်ရာ အခိုးအငွေ့များ ပျောက်ကွယ်သွားပြီး သစ်ပင်များ၊ ဝါးပင်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေသော

အိမ်ထဲတွင် မုတ်ဆိတ်ကျင်စွယ်များနှင့် ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက်ကို မြင်ရပါသည်။ ၎င်းသည် အိမ်ဦးခန်းတွင်ထိုင်နေပြီး သူ၏ နောက်ကျောဘက်တွင် အဝတ်ခင်းထားသော ခုံရှည်အမြင့် တစ်လုံးကို တွေ့ရပါသည်။ ထိုခုံရှည်ပေါ်တွင်ကား လူ့အရိုး ခေါင်းခွံ လက်ဖျံရိုးများ။ နတ်ရုပ်၊ ဘီလူးရုပ်ဟုထင်ရသော အရုပ်များကို တင်ထားပြီး ခုံရှည်တစ်ခုလုံးလည်း ပရွည်းတွေ ရှုပ်ပွနေပါသည်။

နေရာတစ်ခုကို ခပ်ရေးရေးစ မြင်လာရသည်။ ထို့နောက်တွင်ကား ထိုနေရာသည် ရွာတစ်ရွာ ဖြစ်ကြောင်း သိမြင်လာရသည်။ ၎င်းရွာ၏ ထိပ်တွင် အလွန်ကြီးသော ညောင်ပင်ကြီးတစ်ပင်ကိုတွေ့ရသည်။ ရွာကမူ သိပ်မကြီးလှချေ။ ယခု ကျွန်ုပ် မြင်တွေ့နေရပုံမှာ သဘာဝအတိုင်း ပကတိ အရောင်အဆင်းများနှင့် မြင်နေခြင်းမျိုးမဟုတ်ဘဲ အိပ်မက်ထဲ မြင်ရပုံမျိုးဖြစ်ပေသည်။ ထိုသို့ ကြည့်နေစဉ်မှာပင် ဖျပ်ခနဲ အိမ်တစ်အိမ်ကို မြင်လိုက်ရသည်။ ၎င်းအိမ်၏ ဘေးတွင် ဝါးရုံပင်ကြီးတစ်ရုံတွေ့ရ၏။ ထိုဝါးရုံကြီး၏ အောက်၌ကား အသက် ၅၀ ကျော်ခန့်အရွယ် ကြီးကြီး ခပ်ဝဝ၊ ဂင်တိုတိုနှင့် မိန်းမကြီးတစ်ယောက်ကို တွေ့ရသည်။ ထိုမိန်းမကြီးသည် ထဘီအနက်ကို ရင်လျားဝတ်ထားပြီး ဆံပင်များကို ဖားလျားချထားသည်။ မျက်နှာပုံမှာ ခပ်ကြမ်းကြမ်းဖြစ်ပြီး ခြိုင့်၍ပြောရလျှင် အလွန်မနှစ်မြို့စရာကောင်းအောင်ရုပ်ဆိုးပြီး မျက်နှာထား ခက်ထန်က ကြောက်လန့်ဖွယ်ရာ အသွင်အပြင်မျိုး ဖြစ်ပေသည်။ ကျွန်ုပ်လည်း ကျွန်ုပ်မြင်ရသည့်အတိုင်း အလုံးစုံ အဘိုးကိုပြောပြလိုက်ပါသည်။ ထိုအခါ အဘိုးက . .

"တောက် . . လက်စသတ်တော့ ဒင်းကိုကွ"

အဘိုးသည် ထိုမိန်းမကြီးကို မြင်ဖူးတွေ့ဖူးသည်ဟု ထင်ပါသည်။ အဘိုးက ထိုသို့ ပြောနေစဉ်မှာပင် ကျွန်ုပ်ရှေ့မှ မြင်ကွင်းမှာ ဖျပ်ခနဲပြောင်းသွားပြန်ပါသည်။ ဤတစ်ကြိမ် မြင်ရသည်က တောတန်းတစ်ခုနှင့် တောင်ကုန်းလေးတစ်ကုန်း ဖြစ်ပါသည်။ ထိုတောင်ကုန်း၏ အခြေ တောတန်းထဲတွင် ရွာလေးတစ်ရွာတွေ့ရပါသည်။ထို့နောက် တဲအိမ်အမြင့်တစ်လုံးကို တွေ့ရပါသည်။ ဝါးတဲကြီးတစ်ခုသာ ဖြစ်ပါသည်။ ကျွန်ုပ်သည် ထိုအိမ်ဝန်းကျင်ကို ကြည့်နေသော်လည်း ကျွန်ုပ်

www.burmeseclassic.com

ကြည့်ချင်သလို ကြည့်၍မရပါ။ ဖျပ်ခနဲ အိမ်ထဲကိုထွင်းဖောက်၍ မြင်လိုက်ရပါသည်။ အိမ်ထဲတွင် မှတ်ဆိတ်ကျင်စွယ်များနှင့် ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက်ကို မြင်ရပါသည်။ ၎င်းသည် အိမ်ဦးခန်းတွင်ထိုင်နေပြီး သူ၏ နောက်ကျောဘက်တွင် အဝတ်ခင်းထားသော ခုံရှည်အမြင့်တစ်လုံးကို တွေ့ရပါသည်။ ထိုခုံရှည်ပေါ်တွင်ကား လူ့အရိုးခေါင်းခွံ၊ လက်ဖျံရိုးများ၊ နတ်ရုပ်၊ ဘီလူးရုပ်ဟုထင်ရသော အရုပ်များကို တင်ထားပြီး ခုံရှည်တစ်ခုလုံးလည်း ပစ္စည်းတွေ ရှုပ်ပွနေပါသည်။ ကျွန်ုပ်မြင်ရသောအချိန်၌ ထိုလူကြီးသည် အရုပ်တစ်ခုကို ရှာနေသည်လား၊ အရုပ်ကလေးကို ကိုင်ထားသည်လည်း သေချာစွာ မသဲကွဲလှပါ။ ထိုလူကြီးမျက်နှာပုံမှာလေး ထောင့်ခပ်စပ်စပ်ဖြစ်ပြီး ကရင်သင်တိုင်းအင်္ကျီလိုမျိုး ဝတ်ထားသဖြင့်ကရင်လူမျိုးတစ်ယောက်ဟုထင်ရပါသည်။ ထိုလူကြီး၏ မျက်နှာတွင် ထင်ရှားသော အမှတ်အသားမှ နဖူးအလယ်ခန့်၌ ဘုသီးကြီးတစ်လုံး ထင်ရှားပေါ်လွင်စွာ ရှိနေခြင်းပင်ဖြစ်သည်။ သူ၏ မျက်နှာပုံမှာ ရု[illegible]ကြမ်းကြုတ်မည့်သွင်ပြင်[illegible]မျိုးရှိသည်ဟု ကျွန်ုပ်ခံစားရပါသည်။ ကျွန်ုပ်မြင်တွေ့နေရသမျှအားလုံးကို အဘိုးကိုပြောပြလိုက်မိသည်။ ထိုအခါ အဘိုးက -

"အေး . . အေး . . ဟုတ်ပြီ ငါ့မြေး၊ ဟုတ်ပြီ။ ရပြီ၊ တော်ပြီ။ ဒီလောက်ဆိုရပြီ"

အဘိုးက ထိုသို့ရပြီ၊ တော်ပြီဟုပြောလိုက်စဉ်တွင် ကျွန်ုပ်ခေါင်းထဲ ရွှေကျင်ဘုရားကြီးအကြောင်းကို ဖြုန်းကနဲ သတိရလိုက်မိသည့်ခဏ ထိုဘုရားကြီးရှိ ရွှေကျင်တစ်နယ်လုံး ကြောက်ရွံ့ရိုသေကြသော ကိုကိုကြီးနှင့် မမကြီးဟူသော နတ်ဘီလူးမောင်နှမကို သွား၍ သတိရမိလိုက်သည်။ ရွှေကျင်မြို့တွင် ဘုရားကြီးဟုခေါ်နေသော စေတီတော်ကြီးမှာ အရှေ့မဟာဗုဒ္ဓဘုရားဟုလည်း ဘွဲ့အမည်ရှိပြီး ဆံတော်ရှင်မဟာဗုဒ္ဓဘုရားကြီးဟုလည်း ဘွဲ့အမည်တော်ကွဲတစ်ခု ထပ်မံရရှိသော တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ပါသည်။ ဤစေတီတော်ကြီးကို ထူးခြားစွာပင် ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိစဉ် ဝါတော် ၉ ဝါ အရ မဟာသက္ကရာဇ် ၁၁၂ ခုနှစ်တွင် ကလိင်္ဂကုန်းတော်မြတ်၌ သိဂါလရသေ့ကြီးက တည်ထားခဲ့သည်ဟု ဆိုပေသည်။ ထိုဘုရားကြီးတွင် ကိုကိုကြီးနှင့် မမကြီးခေါ် အစောင့်နတ်ဘီလူးမောင်နှမရှိသည်။ ဂျပန်ခေတ်တွင် ကျွဲရိုင်းဟုခေါ်သော စစ်လေယာဉ်က တစ်နေ့ ဘုရားကြီးကုန်းတော်ပေါ်သို့ ဗုံးကြဲချလိုက်သောအခါ ဘုရားကုန်းတော်အထက် ကောင်းကင်ယံ၌ မမကြီးဟုယူဆရသော နတ်ဘီလူးမပေါ်လာပြီး ပဝါနှင့် ယမ်းလိုက်ရာ ဗုံးများ ဘုရားကုန်းပေါ်သို့မကျဘဲ လွဲချော်သွားခဲ့သည်ဟု ထိုစဉ်က သိမှီလိုက်သော လူကြီးများက ပြောကြောင်း ကျွန်ုပ်၏အဘွားက ပြောပြခဲ့ဖူးပေသည်။ ထို့ကြောင့် ဘုရားကြီးတော၊ ဘုရားအနီးအနားတစ်ဝိုက် စစ်ဘေးဒဏ်ခိုလှုံနေကြသော မြို့သူမြို့သားများပါ အသက်ချမ်းသာရာရခဲ့ကြသည်ဟု ဆိုပါသည်။ ထိုနတ်ဘီလူးရုပ်ကြီးများရှေ့တွင် ရပ်ပြီး မဖွယ်မရာ၊ မချေမငံပြောလျှင် ဆုံးမတတ်ကြောင်း၊ ရိုသေစွာ ဂါရဝပြုဆုတောင်းပါက ကူညီမစ စောင့်ရှောက်တတ်ကြောင်းလည်း သိရပေသည်။ ထို့ကြောင့် ရွှေကျင်နယ်သူ နယ်သား၊ မြို့သူမြို့သားများကမူ ၎င်းကိုကိုကြီးနှင့် မမကြီးနတ်ဘီလူးမောင်နှမကို မရိုမသေမပြောဝံ့။ ချစ်ခင်လေးစားအားထားကြလေသည်။ ကျွန်ုပ်လည်း ငယ်စဉ်က ၎င်းနတ်ဘီလူးရုပ်တုကြီးများရှေ့သို့ ရောက်လျှင် ငေးကြည့်နေမိတတ်၏။ ထိုနတ်ဘီလူးရုပ်ကြီးများကို ကျွန်ုပ် အလွန်သဘောကျ စိတ်ဝင်စားခဲ့မိလေသည်။

ယခုလည်း ကျွန်ုပ်သည် အင်းပဝါတစ်ခိုးဖြင့် ကိုကိုကြီး၊ မမကြီးတို့ကို မြင်တွေ့ရလေမည်လားဟု ဖြုန်းကနဲ စိတ်ထဲ အတွေးဝင်လာပြီး အာရုံပြုကြည့်လိုက်၏။ ထိုသို့ စိတ်ကိုညွှတ်၍ အာရုံပြုလိုက်မိသည်နှင့် ကျွန်ုပ်၏ အမြင်အာရုံတွင် လျှပ်စစ်လက်လိုက်သကဲ့သို့ ဝင်းကနဲ လက်ကနဲ အလင်းတစ်ခုပေါ်လာပြီးနောက် ရွှေကျင်ဘုရားကြီးပုံတော်ပေါ်လာ၏။ ထို့အပြင် ဘုရားကြီး၏ အတွင်းလိုဏ်ဂူများကဲ့သို့သော နေရာများတွင် ပိတ်ဖြူစင်ကြယ်ဝတ် သူတော်စင်များ ရသေ့ဝတ်ပုဂ္ဂိုလ်များ တရားဘာဝနာပွားများအားထုတ်နေကြသည်ကို တွေ့ရပြန်ပါသည်။ ကျွန်ုပ်သည် ဘုရားကြီးကို အာရုံပြုရှိခိုးလိုက်ပြီးသော်လည်း ကိုကိုကြီး၊ မမကြီးတို့ကိုသာ တွေ့ချင်သည့်စိတ်ဇောကပ်နေ



www.burmeseclassic.com

www.burmeseclassic.com

မိဓါ၊ ထိုအခါ ကွန်နိုပ်၏ အမြင်အာရုံသည် ဘုရားတစ်ဖက်ရှိ ချိုင့်ဝှမ်းသောတောတန်းတစ်နေရာသို့ ရောက်သွားပြီးနောက် ဖြုန်းကနဲ ခေတ္တအမှောင်ကျသလိုဖြစ်သွားပြီးမှ တောက်ပသောအလင်းတန်းကြီးပေါ်လာသည်နှင့် အတူ ခန်းမကျယ်ကြီးတစ်ခုကိုပါ တစ်ဆက်တည်း တွေ့လိုက်ရပါသည်။

ထိုခန်းမကျယ်ကြီးထဲတွင်ကား အလွန်ကျက်သရေရှိလှသော အမျိုးသမီးကြီးတစ်ဦးသည် ရှေးသလွန်ညောင်စောင်းကဲ့သို့သော အရာပေါ်တွင် ထိုင်နေ၏။ ဝတ်ထားသော အဝတ်အစားများမှာလည်း ထိုင်မသိမ်းအကျီနှင့် ရှေးနန်းတော်ဝင်အဝတ်အစားများဖြစ်သည်။ ရင်ဘတ်တွင် ဒေါင်းမြီးကွက်ဘယက်ကြီးတစ်ခုကလည်း ပေါ်လွင်ထင်ရှားစွာရှိနေလေသည်။ သူမသည် ဆံပင်များကို အလျားချထားပြီး ခေါင်းပေါ်တွင် သရဖူကဲ့သို့သော ခေါင်းစွပ်တစ်ခုကို ဆောင်းသား၏။ မျက်တောင်များက ကော့ပျံနေပြီး မျက်ခုံးများက လူထဲနက်မှောင်နေ၏။ နှာတံပေါ်လွင်ပြီး ဝန်းစက်တောက်ပသော မျက်လုံးများက စူးရှလှ၍ အရောင်များပင် လက်နေသကဲ့သို့ ထင်ရ၏။ နှုတ်ခမ်းများ ပါးပါးလျားလျားဖြစ်ပြီး မေးရိုးအနည်းငယ် လေးထောင့်ကျသယောင်ရှိသော်လည်း မျက်နှာကျကား အလွန်ပြေပြစ်ပြီး ခြုံ၍ပြောရလျှင် လွန်စွာလှပခံ့ညားသော အမျိုးသမီးကြီးတစ်ဦးဖြစ်သည်ဟု ဆိုရမည်ပင်၊ သူမ၏ရှေ့တွင်ကား နန်းတွင်းသူများကဲ့သို့သော မိန်းမပျိုတချို့က ကျုံ့ကျုံ့လေးတွေ ထိုင်နေကြပါသည်။ ဤနေရာတွင် တစ်ခုခက်သည်ကား ကွန်နိုပ်သည် သူတို့ သဘာဝအရောင်အသွေးများအတိုင်း မမြင်ရဘဲ အဖြူအမည်းရုပ်ရှင်ကားကို ကြည့်နေရသည့်သဖွယ်သာ မြင်နေရခြင်းပင် ဖြစ်ပေသည်။ သို့ဖြစ်ရာ အကယ်၍များ ပကတိမျက်စိဖြင့် မြင်ရသလိုမျိုး သူတို့၏ ပင်ကိုယ်သဘာဝအသားအရေ အရောင်အဆင်းများအတိုင်းသာ မြင်တွေ့ခွင့်ရခဲ့ပါမူ ယခုထက် ပို၍ လှပကျက်သရေရှိမည်ဟု ထင်ရပေသည်။ ထိုအမျိုးသမီးချောကြီးသည်ကား ကွန်နိုပ် အလွန်တွေ့မြင်လိုသော မမကြီးဟုခေါ်သည့် နတ်ဘီလူးမကြီးဖြစ်ကြောင်း သိလိုက်ရ၏။ ဘုရားကြီးစောင်းတန်းထဲတွင်ရှိသော မမကြီးရုပ်တုကြီးကား နတ်ဘီလူးမကြီးပုံ ဖြစ်သော်လည်း ယခု ကွန်နိုပ်မြင်တွေ့နေရသော မမကြီးသည်ကား နတ်မိမယ်ကဲ့သို့ လှပကျက်သရေရှိလှချေ၏တကား။

ကွန်နိုပ် ထိုသို့ အသေအချာ ငေးစိုက်ကြည့်နေစဉ် သူမကလည်း ကွန်နိုပ်ကို လှမ်းကြည့်လိုက်၏။ သူမသည် ကွန်နိုပ်ကိုမြင်နေပုံပေါ်ပါသည်။

"သားတော်လေးက ဘုရားတရားကြည်ညိုတယ်၊ မယ်မယ်တို့ကိုလည်း ဂရုစိုက်လေးစားသမှုရှိတယ်၊ အဲသဟာကြောင့် မယ်မယ်က သားတော်လေးကိုချစ်မြတ်နိုးလို့ရယ်၊ အင်းစောင့်အထက်ပုဂ္ဂိုလ်တွေ(ကွန်နိုပ်အဘိုး၏ ဒိဗ္ဗစက္ခုအင်းလက်ကိုင်ပဝါအစောင့်များကို ရည်ညွှန်းပြောဆိုဟု ထင်ပါသည်။)ကို လေးစားတာရယ်ကြောင့် မယ်မယ်က သားတော်လေးကို အတွေ့ခံတာပါ၊ ဘုရား တရားအလုပ်တွေကို ဆက်လုပ်ပါ။ မယ်မယ်တို့ကိုလည်း အမျှပေးဝေပါ။ မယ်မယ်တို့ သိက်ဝင်ဘုရားကိုလည်း အဲဒီကနေ သားတော်လေး လှမ်းပြီးဖူးမြော်ကြည်ညိုလိုက်နော်"

သူမသည် ကွန်နိုပ်ကို စူးစူးစိုက်စိုက်လှမ်းကြည့်နေရာမှ ကွန်နိုပ်နားထဲတွင် ထိုသို့ပြောနေသည်ကို ကြားသိနေရခြင်းဖြစ်ပါသည်။ အမှန်စင်စစ်မှ သူမသည် ကွန်နိုပ်ကို နှုတ်ဖြင့်ပြောနေခြင်းမဟုတ်ပါ။ စိတ်ချင်းဆက်သွယ်ပြောနေသည်ဟု ကွန်နိုပ်ထင်ပါသည်။ ကွန်နိုပ် ထိုသို့ ပြောရင်း သူမလက်ညှိုးထိုးညွှန်ပြသောဘက်သို့ ကွန်နိုပ်ကြည့်လိုက်သောအခါ . . . ကျောက်မျက်ရတနာများ စီခြယ်ထားသော ပလ္လင်တစ်ခုပေါ်တွင် မကိုဋ်စလွယ်များဖြင့် မင်းမြောက်တန်ဆာငါးပါးဆင်ယင်ထားသည့် ဘုရားဆင်းတုတော်တစ်ဆူကို ဖူးတွေ့လိုက်ရပါသည်။ ဘုရားဆင်းတုတော်မှာ ဉာဏ်တော်သိပ်ကြီးလှသည် မဟုတ်ပါ။ အလွန်ဆုံး တစ်ပေခန့်သာရှိမည်ဖြစ်ပြီး ဆင်းတုတော်တစ်ခုလုံး ရွှေသားအတိဖြစ်လျက် မကိုဋ်တော်စလွယ်တော်များရှိ ကျောက်မျက်ရတနာမျိုးစုံစီခြယ်ထားလေသည်။ ပြီး အလွန်သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်ပါသည်။ ဘုရားရှင်၏ မျက်ခုံးတော် နှစ်သွယ်ကြား ဥဏ္ဏာလုံခေါ် မွေ့ရှင်တော်နေရာတွင် အလွန်တောက်ပနေသော



www.burmeseclassic.com

www.burmeseclassic.com

အလုံးကလေးတစ်လုံးကို ဌာပနာထားကြောင်းလည်း သတိပြုမိပါသည်။ (နောင်အခါ အဘိုး ပြောပြချက်အရ ထိုအလုံးကလေးမှာ ပြဒါးရှင်လုံးဖြစ်ကြောင်း သိရပါသည်။)ထိုဘုရား ဂန္ဓကုဋီတိုက်အတွင်း၌လည်း ရွှေကြုတ်ကြီးများရှေးကျသော ပုံစံရှိ အိုးကြီးများအိုးငယ်များကို ရွှေငွေကျောက်မျက်ရတနာများအပြည့်နှင့် တွေ့ရပါသေးသည်၊ ကျွန်ုပ်သည် အလွန်အံ့ဩဝမ်းသာစွာ ဘုရားရုပ်ပွားတော်မြတ်ကို စိတ်အာရုံဖြင့် အားပါးတရဖူးလိုက်မိသည်။ ထိုအခါ ကျွန်ုပ်သည် အလိုလိုလက်အုပ်ချီလျက်သား ဖြစ်သွားခဲ့ရပါသည်။ ထိုသည့်ခဏ၌ ကျွန်ုပ်အမြင်အာရုံထဲတွင် ဖြုန်းကနဲအမှောင်ကျသွားပြီးဘာမျှဆက်၍မမြင်ရတော့ပါချေ။

"အဘိုး . . ! သားဘာမှ မမြင်ရတော့ဘူး မှောင်ကျသွားပြီ"

"အေး . . အေး တော်ပြီ၊ ငါ့မြေး တော်ပြီ"

ထို့နောက် အဘိုးသည် ကျွန်ုပ်မျက်နှာမှ ဒိဗ္ဗစက္ခုအင်းလက်ကိုပဝါကို ဖြည်ပေးပါသည်။ ထိုအခါ ကျွန်ုပ်လည်း ဘုရားကို ရှိခိုးဦးတိုက်လိုက်၏၊ ထို့နောက် အဘိုးသည် ကျွန်ုပ်အား မာတ်လုံးတစ်လုံးကို ရေစိမ်၍ တိုက်လေသည်။

"အိမ်း . . အိမ်း . . ငါ့မြေးက ဘုရား တရားကြည်ညိုပြီး ဂုဏ်တော်အားထုတ်တဲ့ ကလေးမို့ အထက်ပုဂ္ဂိုလ်တွေနဲ့ မမကြီးကိုတောင် တွေ့ခဲ့ရပြီ။ သိုက်ဝင် ဘုရားလည်းဖူးလိုက်ရသေးတယ်။ ငါ့မြေးက ပါရမီ မာတ်ခံလည်းကောင်း၊ မမကြီးတို့နဲ့လည်း ပဋ္ဌာန်းဆက်ရှိလို့ပေါ့ကွာ။ တချို့ဆိုရင် ဒိဗ္ဗစက္ခုအင်းလက်ကိုင်ပဝါနဲ့ ကြည့်တာတောင် စုန်း၊ ကဝေ၊ တစ္ဆေ၊ သူရဲစတဲ့နာနာဘာဝတွေလောက်ပဲ မြင်ရတယ်။ မမကြီးတို့က အဆင့်မြင့်တန်ခိုးကြီး နတ်ဘီလူးတွေကွဲ့။ သူကိုယ်တိုင်ကလည်း ငါ့မြေးကို တွေ့စေချင်တဲ့ ဆန္ဒရှိလို့တွေ့ရမြင်ရတာ။ အေး . . ဒါနဲ့ ငါ့မြေးကို အဘိုးတစ်ခုတော့ သတိပေးထားရဦးမယ်"

"ဟုတ်ကဲ့ပါအဘိုး၊ ပြောပါ"

"ငါ့မြေး . . အခုမြင်ခဲ့၊ တွေ့ခဲ့၊ လုပ်ခဲ့တာတွေကို ဘယ်သူ့ကိုမှ ပြန်မပြောရဘူး။ အဘိုးမှာ ဒီလိုတန်ခိုးသိဒ္ဓိရှိတဲ့ ဒိဗ္ဗစက္ခုအင်းလက်ကိုင်ပဝါရှိတဲ့ အကြောင်းကိုလည်း ဘယ်သူ့ကိုမှ စ မပြောရဘူးနော် သိလား ငါ့မြေး။ ဒီအကြောင်းတွေကို မတော်လောဘသမား ဘုမ်ိဳယ သိုက်ဆရာတွေ၊ အောက်လမ်းဆရာတွေ သိသွားရင် အန္တရာယ်ရှိနိုင်တယ် ကြားလား လူလေး"

"ဟုတ်ကဲ့ပါ အဘိုး၊ သား . . ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး စိတ်ချပါ"

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်ပူဆာသဖြင့် ကျွန်ုပ်နှင့် ကျွန်ုပ်၏ အဘွားဒေါ်သန်း (အဘိုး၏ဇနီးမ)၊ ကိုဖိုးထောင်တို့သည် ဘုရားကြီးသို့ ဘုရားဖူးသွားခဲ့ကြပါသည်။ ကျွန်ုပ်သည် ဘုရားကို ပန်း၊ အမွှေးတိုင်များ ကပ်လှူသည့်အပြင် ဂုဏ်တော်ပုတီးပါ စိပ်ပြီး ကုသိုလ်အဖို့တို့အား ကိုကိုကြီး၊ မမကြီးတို့ကိုပါ အမျှပေးဝေခဲ့ပါသည်။ ထို့အပြင် မမကြီး နတ်ဘီလူးရုပ်ရှေ့တွင် အမွှေးတိုင်များနှင့် နှင်းဆီပန်းများကို လှူဒါန်းခဲ့ပြီး လက်အုပ်ချီဂါရဝပြုလျက် . .

"မယ်တော်ကြီး အတွေ့ခံခဲ့တဲ့အတွက် သားတော် ဝမ်းသာလှပါတယ်။ အခု သားတော်ရဲ့ ကုသိုလ်ကောင်းမှုတွေကိုလည်း မယ်တော်ကြီးတို့ကို အမျှပေးဝေပါတယ်။ သားတော်ကိုလည်း စောင့်ရှောက်တော်မူပါ မယ်တော်ကြီးခင်ဗျာ"

ကျွန်ုပ်က ထိုသို့ပြောဆိုတိုင်တည်လိုက်သောအခါ မမကြီး နတ်ဘီလူးရုပ်တု၏ မျက်နှာပေါ်တွင် ကျွန်ုပ် ယမန်နေ့က ဒိဗ္ဗစက္ခုအင်းလက်ကိုင်ပဝါဖြင့် ကြည့်ရှုစဉ်က မြင်တွေ့ခဲ့ရသော မယ်တော်ကြီး၏ လူသား မိန်းမအသွင် မျက်နှာအား မြင်လိုက်ရသယောင်၊ ပြုံး၍ သာမုဒေါ်နေသယောင် ထင်လိုက်ရပါသည်။ ကျွန်ုပ် စိတ်စွဲလန်းနေသောကြောင့်လည်း ဖြစ်နိုင်ပါသည်လေ။

(ဤစာဖြင့် ကွယ်လွန်သွားခဲ့သော ရွှေကျင်မြို့၊ မန်ကျည်းတန်းရပ်မှ ကျွန်ုပ်၏ အဘိုး မြန်မာသမားတော်ကြီး ဦးလွန်းမောင်၊ ကျွန်ုပ်၏ အဘွား ဒေါ်သန်းတို့အား ရှိခိုးဂါရဝပြုအပ်ပါသည်။)

*သဏ္ဌာဝါအပေါင်းချမ်းသာကြောင်း တောင်းဆုပြုပါသည်၊*


မေတ္တာများဖြင့်

**ကျော်စံရှိန်**



www.burmeseclassic.com

www.burmeseclassic.com



# ဒေါင်းအမြဲတော

**ဦးကွန်းဆိုင်(သန်လျင်တောရကျောင်း)**

၂၀၁၁-ခု၊ ဇန်နဝါရီလထုတ် သူရဇ္ဇမဂ္ဂဇင်း၊ အတွဲ (၁၁)၊ အမှတ်(၁)တွင် ဆရာကျော်ဇင်(ကသာ) ရေးသား သည့် သိဒ္ဓိဝင် ဥဒေါင်းအမြဲတောရတနာ ဆောင်းပါးကို ဖတ်လိုက်ရပါသည်။ ဖတ်ပြီးလျှင် ပြီးချင်း လွန်ခဲ့သော လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က ဖြစ်ရပ်တစ်ခုကို သွား သတိရလိုက်ပါသည်။ ထိုစဉ်က စာရေးသူ၏ အသက်မှာ ၁၇ နှစ်မျှသာ ရှိပါသေးသည်။ စာရေးသူကိုယ်တိုင် ဝဲနောက်စေ့ခန့်ရှိ ဒေါင်းအမြဲတောတစ်လုံး ရရှိခဲ့ပါသည်။ ယခု စာရေးသူ၏ အသက်သည် ၇၈ နှစ်ထဲသို့ ရောက်ရှိ နေသော်လည်း ထိုအကြောင်းကို လုံးဝမမေ့ပါ။ ဒီဒေါင်း အမြဲတောအကြောင်းကို ရေးသားချင်လွန်းသဖြင့် ယခုကဲ့ သို့ ရေးသားတင်ပြလိုက်ရပါသည်။

အဖြစ်ကတော့ သည်လိုပါ။ စာရေးသူသည် ၁၉၅၂-၅၃ ခုနှစ်တွင် ကျင်းပသည့် ယခင်အခေါ် တက္ကသိုလ် ဝင်တန်း(မက်ထရစ်)စာမေးပွဲ ကျရှုံးပါသည်။ အောင် စာရင်းထွက်ပြီး နောက်နေ့တွင် ရုပ်ရှင်ကြည့်ရန် အမေ့ထံ မှာ ငွေ ၂ ကျပ် တောင်းပါသည်။ ပိုက်ဆံမရသည့်ပြင် စာမေးပွဲကျသည့်အတွက် ဆူပူကြိမ်းမောင်းပါသည်။ စာရေးသူလည်း အလွန်စိတ်ညစ်သွားပြီး အိမ်ကနေ တစ်နေရာရာကို ထွက်သွားဖို့ ဆုံးဖြတ်လိုက်ပါသည်။ ပိုက်ဆံကလည်း တစ်ပြားတစ်ချပ်မျှ မရှိ။ ရွှေရုပ်ကြယ်သီး ကြိုး ငါးမူးသားသာ လက်ဝယ်ရှိနေပါသည်။ ဒါလေးကို ပေါင်နှံပြီး ခရီးစရိတ်လုပ်သွားရင် ဖြစ်နိုင်သည်တွေးပြီး စမ်းချောင်းရပ်ကွက်ရှိ တရုတ်အပေါင်ဆိုင်တွင် ငွေ ၁၀



www.burmeseclassic.com

www.burmeseclassic.com

ကျပ်ဖြင့် ပေါင်နှံလိုက်ပါသည်။ လက်ထဲ၌ ငွေရှိနေသော်လည်း ဘယ်ကိုသွားရမှန်း မသိသေးပါ။ စဉ်းစားရင်း စဉ်းစားရင်း အကြံပေါ်လာပြီး သုံးဆယ်မြို့နေ အစ်မတစ်ဝမ်းကွဲ ဒေါ်ကြည်နှင့် ခင်ပွန်းဦးတင်မောင် တို့ရှိရာအရပ်သို့ သွားမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

သုံးဆယ်မြို့သို့ သွားမည့်ကားကို အလွယ်တကူ တွေ့ရှိပြီး ဧင်းကားဖြင့် သုံးဆယ်သို့ လိုက်ပါလာပါသည်။ ကားခမှာ နှစ်ကျပ်သာ ပေးရပါသည်။ ကားပေါ်မှဆင်းပြီး တစ်ခေါက်မျှ မရောက်ဖူးသေးသောအရပ်ဖြစ်၍ ယောင်လည်လည်ဖြင့် ဘယ်သွားရမှန်းမသိ ဖြစ်နေစဉ် စာရေးသူထံသို့ ဆိုက်ကားတစ်စီး လာနေသည်ကို တွေ့ရပါသည်။ ဆိုက်ကားဆရာက စာရေးသူအား 'ညီလေး ဘယ်ကိုသွားမလဲ' ဟု မေးပါသည်။ စာရေးသူက 'ကျောက်သွေးဆရာ ဦးတင်မောင်+ဒေါ်ကြည်တို့အိမ်ကို သိပါသလား' ဟု မေးရာ ဆိုက်ကားဆရာက သိကြောင်းနှင့် သွားလိုပါက လိုက်ပို့ပေးမည်ဖြစ်ကြောင်း ပြောလိုက်ပါသည်။ အကယ်၍ ဆိုက်ကားဆရာသာ ရိုးသားမှု ရှိပါက 'အဲ ဟိုကမြင်နေရတဲ့ အိမ်ကလေးပဲ၊ လမ်းလျှောက်သွားရင် မဝေးဘူး' လို့ ပြောရင် ပြီးတဲ့ကိစ္စ၊ အခုတော့ ဒီလိုမဟုတ်ဘူး။ ဆိုက်ကားပေါ်တက်၊ ငါလိုက်ပို့ပေးမယ်၊ ငါးမူးပေးရမယ်၊ စာရေးသူက 'ဒီလိုဆိုလည်း သွားတာပေါ့ဗျာ' လို့ ပြောပြီး ဆိုက်ကားပေါ်တက်ထိုင်ပါသည်။ မြို့လေးက ကျဉ်းကျဉ်းသေးသေးလေး၊ တွေ့ကောက်နင်းပြီး အိမ်တစ်အိမ်ရှေ့တွင် ထိုးရပ်လိုက်ပါသည်။

စာရေးသူ ဆိုက်ကားပေါ်မှဆင်းပြီး ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်တော့ ကားဂိတ်နဲ့က အနီးလေး၊ တစ်မိနစ်လောက် လမ်းလျှောက်သွားရင် ရောက်နိုင်တဲ့ခရီး။ အဲဒီတော့မှ ပိုက်ဆံငါးမူး လိမ်ယူသွားမှန်း သိရပါတော့သည်။ အိမ်ထဲမှ ကိုတင်မောင်နှင့် မကြည်တို့ ထွက်လာကြပြီး စာရေးသူကိုတွေ့တော့ လုံးဝအံ့ဩဝမ်းသာသွားကြပါသည်။ အိမ်က တစ်ထပ်အိမ်သေးသေးလေး၊ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း၊ အိမ်ရှေ့မှာ ကျောက်သွေးခုံထားပြီး ကိုယ်တိုင် ကျောက်သွေးပါသည်။ အလုပ်သမား ငှား မထားပါ။ ဝင်ငွေ နည်းပါးသဖြင့် အနေအထိုင်၊ အစားအသောက် ဆင်းရဲလှပါသည်။ သို့သော် စာရေးသူကို လိုလေသေး မရှိအောင် တတ်နိုင်သလောက် ကျွေးမွေး ပြုစုပါသည်။ ရန်ကုန်မှ မောင်ဝမ်းကွဲကလေး အလည်လာတယ်ဆိုပြီး ဝမ်းသာမဆုံး၊ ဂုဏ်ယူမဆုံး ရှိကြပါသည်။

တစ်နေ့သောညဘက်တွင် ကိုတင်မောင်နှင့် စာရေးသူတို့ စကားလက်ဆုံကျပါသည်။ ကိုတင်မောင်က-

"ဘကြီး ဦးကျော်ခင်တစ်ယောက် ပုသိမ်မှာပဲလား၊ ရန်ကုန်ကို လာသေးလား"

"ဘကြီးတော့ ဟိုနေလိုက်၊ ဒီနေလိုက်ပဲ၊ အခု ကျွန်တော် ဒီကိုလာတော့ ဘကြီး ကျွန်တော်တို့အိမ်ကို ရောက်နေတယ်၊ ကိုတင်မောင် တွေ့ချင်လို့လား၊ ဒါဆို ကျွန်တော် ပြန်ရင် လိုက်ခဲ့ပါလား"

"ငါက သူ့ကို တွေ့ချင်တာက မေးစရာရှိလို့ပါ၊ ဘကြီးက အင်းအိုင်လက်ဖွဲ့ ခလှဲ့၊ အဆောင်နဲ့ အမြုတေတို့ကို တော်တော်လိုက်စာထားပြီး ထဲထဲဝင်ဝင် သိထားတယ်"

"ဟုတ်တယ် ကိုတင်မောင်ရေ၊ ကျွန်တော်လည်း သိထားတယ်၊ ကျွန်တော့်ကိုလည်း ကျွန်တော်က မတောင်းဘဲနဲ့ လက်ဖွဲ့အမျိုးမျိုး၊ အဆောင်အမျိုးမျိုးနဲ့ ဂါထာတွေကိုလည်းပေးတယ်။ ဘကြီးပေးတဲ့ အဆောင်တွေထဲမှာ ထူးဆန်းတဲ့ အဆောင်ရုပ်တုတစ်ခုရှိတယ်၊ အဲဒါ ဘာလဲဆိုတော့ ရုပ်တုက နံ့သာဖြူသားစစ်စစ်နဲ့ ထုလုပ်ထားတာ၊ မွှေးကြိုင်နေတာပဲ။ ဘာပုံထုထားသလဲဆိုတော့ သိကြားမင်းက(နားနဲ့မနာ ဖဝါးနဲ့နာပါဗျာ) နတ်သမီးကို အတင်းဖက်ထားပြီးနေတဲ့ပုံ၊ အမှတ်တမဲ့ကြည့်ရင် အချွန်တွေ အတက်တွေနဲ့ဆိုတော့ မဟာမြတ်မုနိပုံတော်သေးသေးလေးနဲ့ တူတယ်။ ကျွန်တော်တောင် စတွေ့တုန်းက ဘုရားရုပ်တုလို့ ထင်နေတာ၊ ဘကြီး ပြောပြတော့မှ အသေအချာ



www.burmeseclassic.com

www.burmeseclassic.com

သိရတာ။ ဒါနဲ့ ပတ်သက်လို့ ရယ်စရာလေး ပြောရဦးမယ်။

ကျွန်တော့်အမေ ဒေါ်စု ဘုရားကို အလွန်ကြည်ညိုတာ ကိုတင်မောင် သိတယ်မဟုတ်လား။ ဘုရားပုံတော်တွေ၊ ရုပ်တုတော်တွေကို ဟိုထား၊ ဒီထားတာတွေကို မကြိုက်ဘူး။ ဒီရုပ်တုလေးကို အမေက မြင်သွားပြီး ဘုရားရုပ်တုပဲလို့ အသေအချာထင်ပြီး ဘုရားကျောင်းဆောင်ထဲမှာထည့်ပြီး ကိုးကွယ်နေတယ်။ ကျွန်တော်က အရုပ်ပျောက်လို့ လိုက်ရှာတော့ ဘုရားကျောင်းဆောင်ထဲမှာ တွေ့တယ်။ ကျွန်တော်က အမေ့ကို ရှင်းပြရတယ်။ ဒီရုပ်တုဟာ ဘုရားရုပ်တု မဟုတ်တဲ့အကြောင်း၊ သိကြားမင်း မကိုင်ဆောင်းထားတဲ့ ရုပ်တုဖြစ်ကြောင်း ဒီလောက်ပဲ ရှင်းပြတယ်။ အတိအကျကိုတော့ ပြောပြဖို့ မသင့်တော်တာနဲ့ မရှင်းပြတော့ဘူး ကိုတင်မောင်"

"ငါ့မှာလည်း ဘကြီးကို ပြစရာ တစ်ခုရှိတယ်"

"ဘာလဲဗျ၊ ကျွန်တော် မသိရဘူးလား၊ မကြည့်ရဘူးလား"

"ကြည့်ရပါတယ်ကွာ"

ဆိုပြီး စားပွဲအံဆွဲထဲက ဘူးကလေးနှင့် ထည့်ထားသည့် အဖြူရောင်နှင့် အမည်းရောင် ကန့်လန့်စင်းပါတဲ့ အဖြူရောင်နှင့် အမည်းရောင် ကျောက်တုံးအပဲ့လေး သဖွယ် အတုံးကလေးကို ထုတ်ပြတယ်။

"ဒါ ဘာလဲဗျ"

"ဒေါင်းအမြှုတေ(အမတေ)လို့ ခေါ်တယ်ကွ"

"ခင်ဗျား ဘယ်ကရတာလဲ၊ ဘယ်လိုလုပ်ရတာလဲ"

"မင်းကလည်းကွာ၊ မေးလိုက်တာလွန်ရော၊ ပြောမှာပေါ့ကွ၊ အဖြစ်က ဒီလိုကွ၊ တစ်နေ့ နံနက် ၈ နာရီလောက်မှာ ငါတို့အိမ်ရှေ့ကို စစ်ကားကြီးတစ်စီး ဆိုက်လာတယ်၊ ကားပေါ်မှာ ပါလာတဲ့ စစ်ဗိုလ်နှစ်ယောက်နဲ့ စစ်သားငါးယောက် ဆင်းလာပြီးတော့ ဒီမှာ ကျောက်သွေးဆရာ ရှိပါသလားခင်ဗျာလို့ မေးတယ်၊ ငါက ဆင်းသွားပြီး ရှိပါတယ်ခင်ဗျား၊ ကျောက်သွေးဆရာက ကျွန်တော်ပါပဲ၊ ဘာကိစ္စရှိပါသလဲ၊ အိမ်ထဲကို ကြွကြပါခင်ဗျာ၊ အေးအေးဆေးဆေး ပြောကြတာပေါ့ဆိုတော့ အားလုံးအိမ်ပေါ်ကို တက်လာကြတယ်။ စစ်ဗိုလ်နှစ်ယောက်အနက် အရပ်မြင့်တဲ့စစ်ဗိုလ်က ဒီလိုပါ ဆရာရေ၊ ကျွန်တော် အဲဒီတုန်းက ရှမ်းပြည်နယ် တောမြို့ကလေးတစ်မြို့မှာ တပ်တာဝန်ထမ်းဆောင်နေတဲ့ အချိန်ပေါ့။ ကျွန်တော်တို့ တပ်စခန်းနဲ့ မနီးမဝေးမှာ ဘုန်းကြီးကျောင်းအိုကြီးတစ်ကျောင်းရှိတယ်။ အဲဒီကျောင်းအိုကြီးမှာ ဒေါင်းဖိုကြီးတစ်ကောင် မွေးထားတာတွေ့ရတယ်။ ကျွန်တော်လည်း ကျောင်းရှေ့ကို ဖြတ်သွားဖြတ်လာ လုပ်တဲ့အခါမှာ ဒေါင်းကြီးကို မကြာခဏ မြင်တွေ့နေရတယ်။ တစ်နေ့ ဒေါင်းကြီး ပျောက်သွားတယ်။ တစ်ပတ်လောက်အကြာမှာ ဘုန်းကြီးကျောင်းသားလေးတစ်ယောက်က ဘုန်းကြီးဆီ လာပြီးလျှောက်တယ်။

အရှင်ဘုရား. . . ဒေါင်းကြီး တွေ့ပြီဘုရား၊ ဒါပေမဲ့ အသေကြီးဘုရား၊ ခေါင်းက ရှင်နေပြီး ကိုယ်လုံးကတော့ ပုပ်ပွပြီး အရိုးလောက်ပဲ ကျန်တော့တယ်ဘုရား၊ မယုံရင် လိုက်ကြည့်ပါဘုရား။

ဆရာတော်လည်း ကျောင်းသားလေးခေါ်ရာ လိုက်သွားတော့ ကျောင်းသားလေးပြောတဲ့အတိုင်း ဖြစ်နေတယ်။ တော်တော်ထူးဆန်းနေတာကို တွေ့ရတယ်။ ခေါင်းပိုင်းက ရှင်နေသလိုလို ထင်ရပြီး လုံးဝမပုပ်ဘူး။ ကျန်တစ်ကိုယ်လုံးကတော့ ပုပ်ပွပြီး အရိုးပဲ ကျန်တော့တယ်။ ဆရာတော်လည်း ကျောင်းသားတွေကို မပုပ်ဘဲ ကျန်နေတဲ့ ဦးခေါင်းကို ယူလာဖို့ပြောတယ်။ ကျောင်းပြန်ရောက်တော့ ဆရာတော်ကိုယ်တိုင် ဦးခေါင်းကို ဓားနဲ့ခွဲကြည့်တော့ ဖန်ဂေါ်လီ အသေးစားလောက်ရှိတဲ့ အမြှုတေအလုံးကလေးတစ်လုံးကို ရတယ်။ ဒီသတင်း ကျွန်တော့်ဆီရောက်လာတော့ ကျွန်တော်လည်း ချက်ချင်း ဆရာတော်ဆီ လိုက်သွားတယ်။ ဆရာတော်က ဖြစ်ကြောင်းကုန်စင် ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒကာကြီး. . ဒါ ဒေါင်းအမြှုတေလို့ ခေါ်တယ်၊ အင်မတန် အစွမ်းထက်တယ်လို့ ကြားဖူးတယ်၊ အသေအချာတော့ မသိဘူး၊ ဒကာကြီးတို့နဲ့ သင့်တော်မယ်ထင်တယ်၊ အကုန်လုံး ယူသွားပေတော့။စစ်ဗိုလ်က ဟာ. . . တပည့်တော် အကုန်လုံးမယူပါဘူး ဘုရား၊ တစ်ဝက်ပဲ ယူပါ့မယ်ဘုရားလို့ ပြောပြီး ကျောက်ဖြတ်တဲ့ လွှကလေးနဲ့ တစ်ဝက်ဖြတ်ယူလာပါတယ်။ တပ်ကို ပြန်ရောက်တော့ အချိန်ဆွဲမနေတော့ဘဲ ရဲဘော်သုံးယောက် ခေါ်ပြီး လက်နက်အပြည့်အစုံနဲ့ တောထဲကိုသွားတယ်။ ရောက်တော့ အမြှုတေအခြမ်းကလေးကို အဝတ်စနဲ့ အသေအချာထုပ်ပြီး သစ်ပင်ကြီးတစ်ပင်မှာ ကပ်ပြီးချည်လိုက်တယ်။ ပြီးတော့ ပါလာတဲ့ ရိုင်ဖယ်သေနတ်တွေနဲ့ တစ်ယောက်ချင်းလည်း ပစ်တယ်။ ပြိုင်တူလည်းပစ်တော့ ဘယ်လိုပဲပစ်ပစ် တစ်ချက်မှ ကျည်မထွက်ဘူး။ အပေါ်ထောင်ပစ်တော့ ကျည်ဆန်အားလုံးထွက်တယ်။ အမျိုးမျိုး စမ်းသပ်ပြီး စိတ်ကျေနပ်ကြတော့မှ ပြန်လာကြတယ်။ ဒါ ကျွန်တော့်ကိုယ်တွေ့တွေ့ပါ။ ကိုယ်တိုင် စမ်းတာပါ။ ကျွန်တော့်အတွေ့အကြုံကတော့ ဒါပါပဲဆရာ။ လက်စွပ်ကွင်းဝတ်လို့ ရလောက်တဲ့ အနေအထား ကျောက်ကလေးနှစ်လုံး သွေးပေးပါခင်ဗျာ။ တစ်ချိန်လုံး ငြိမ်ပြီးနားထောင်လာတဲ့ သူနဲ့အတူ လိုက်ပါလာတဲ့ စစ်ဗိုလ်ကလေးက ခင်ဗျားပြောတာတွေ ကြားရတော့ ယုံချင်စရာတော့ ကောင်းပါတယ်၊ ကျွန်တော်ကတော့ ဘယ်သူပြောတာမှ မယုံဘူး၊ ကိုယ်တွေ့မြင်ရမှ ယုံတယ်။ ဗိုလ်ကြီးက ဒါဖြင့် ဒီလိုလုပ်ဗျာ၊ ဒီက ကျောက်သွေးဆရာကြီးလည်း လိုက်ခဲ့ပါ၊ စံရွှေဖိုး ခေါင်ဘက်ကိုသွားပြီး စမ်းကြရအောင်၊ အဲဒီဘက် တောလည်းထူတယ်။ ဒါနဲ့ ငါရယ်၊ စစ်ဗိုလ်နှစ်ယောက်ရယ်၊ ရဲဘော်ငါးယောက်ရယ် သူတို့စစ်ကားကြီးနဲ့ စံရွှေဖိုးခေါင်ဘက်ကို မောင်းသွားကြတယ်။ ဟိုရောက်တော့ တောထဲကို အတော်ဝင်ရတယ်။ ကားဝင်လို့ မရဘူး။ ခြေလျှင်သွားရတယ်။ ရောက်လျှင်ရောက်ချင်း ပါလာတဲ့ အမြှုတေကို အဝတ်နဲ့ အသေအချာပတ်ပြီး သစ်ပင်ကြီးတစ်ပင်မှာ ချည်လိုက်တယ်။ ပြီးတော့ ငါ့ရှေ့မှာပဲ အမျိုးမျိုးပစ်ခတ်ပြီး စမ်းသပ်ကြတယ်။ ဘယ်လိုပဲပစ်ပစ်၊ ဘာသေနတ်နဲ့ပဲပစ်ပစ် တစ်ချက်ကလေးမှ ကျည်မထွက်ဘူး။ အပေါ်ထောင်ပစ်တော့ ကျည်ထွက်တယ်။ ဗိုလ်ကြီးက ငါ့ကိုလည်း ပစ်ခိုင်းတယ်။ ငါက သေနတ်ကိုမှ မပစ်တတ်တာ၊ မပစ်ခဲ့ရဘူးပေါ့။ အားလုံးစိတ်တိုင်းကျ စမ်းသပ်ပြီးတော့မှ ငါ့အိမ်ကို ပြန်လာကြတယ်။ လက်တွေ့မှ ယုံမယ်ဆိုတဲ့ စစ်ဗိုလ်ကလေးလည်း အတော်ယုံသွားပုံရတယ်။ ဒါတွေဟာ ငါကိုယ်တိုင် တွေ့ကြုံရတဲ့ ငါ့ရဲ့ ကိုယ်တွေ့ အစစ်အမှန်တွေပဲ။ အိမ်ပြန်ရောက်တော့ ငါ့ကို လက်စွပ်နှစ်ကွင်းစာရအောင် အသွေးခိုင်းတယ်။ ငါလည်း သွေးပေးလိုက်ပါတယ်။ ဘာခက်တာမှတ်လို့။ ဗိုလ်ကြီးက ငါ့ကို မေးတယ်။ ကျောက်သွေးဆရာကြီး ကျွန်တော်တို့ လက်ခဘယ်လောက်ပေးရမလဲလို့မေးတော့ ငါက လက်ခမယူပါဘူး၊ ကျန်နေသေးတဲ့ အမြှုတေ အပိုင်းအစ အတုံးကလေးကိုသာ ပေးခဲ့ပါလို့ပြောတော့ ဗိုလ်ကြီးက ကျောက်သွေးဆရာကြီးကလည်း ဝါသနာပါသကိုးလို့ပြောပြီး ဒါလေးကို ပေးခဲ့တာပဲ။ ငါနဲ့တော့ အသုံးမဝင်ပါဘူး။ မင်းလိုချင်ရင် ယူသွားပေါ့"

စာရေးသူကလည်း. . .

"လိုချင်တာပေါ့ဗျာ၊ ဘယ့်နှယ်ပြောပါလိမ့်၊ ရန်ကုန်ရောက်ရင် ချက်ချင်းလက်စွပ်ကွင်းဝတ်ချင်လို့ အနေတော်လေး သွေးပေးလိုက်ပါဗျာ"

ကိုတင်မောင်ကလည်း စာရေးသူ စိတ်တိုင်းကျအောင် သွေးပေးပါသည်။

သုံးဆယ်မြို့တွင် တစ်ပတ်လောက်နေပြီး ရန်ကုန်သို့ ပြန်လာပါသည်။ ရန်ကုန်သို့ ပြန်ရောက်ပြီး နောက်နေ့နံနက် ၈ နာရီခန့်တွင် စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်းမှာနေသည့် ပန်းထိမ်ဆရာကြီး ဦးကြွက်ထံတွင် ရွှေငါးမူးသားနှင့် လက်စွပ်ကွင်းခိုင်းလိုက်ပါသည်။ လက်စွပ်ပြီးသည့်နေ့တွင် ချက်ချင်းဘယ်ဘက်လက်သူကြွယ်

www.burmeseclassic.com

တွင် ဝတ်ထားလိုက်ပါသည်။ အမြဲတေလက်စွပ်ကို စမ်းသပ်ဖို့ အမျိုးမျိုး ကြိုးစားပါသော်လည်း မအောင်မြင်ပါ။ သေနတ်ဖြင့်ပစ်ပြီး စမ်းဖို့ဆိုတာ ရန်ကုန်လိုမြို့ကြီးတွင် မလွယ်ပါ။ စာရေးသူမှာလည်း အဆက်အသွယ်ကောင်းကောင်း မရှိပါ။ ဒီလိုနေရင်းထိုင်ရင်းနှင့် နှစ်နှစ်ခန့် ကြာသွားပါသည်။ တစ်နေ့ စာရေးသူ၏ ညီမဝမ်းကွဲတစ်ယောက် စာရေးသူထံ ရောက်လာပြီး ငွေကြေးအခက်အခဲ ရှိသဖြင့် အကူအညီတောင်းပါသည်။ စာရေးသူက သူတို့လင်မယား အတိဒုက္ခ ရောက်နေသည်ကို သိသဖြင့် 'ငါ့မှာတော့ ပေးစရာ မရှိဘူး၊ နင်တို့ လင်မယားကိုလည်း သနားတယ်၊ ဒီလိုလုပ်ပါ၊ ငါ့မှာ ငါးမူးသား ရွှေလက်စွပ်တစ်ကွင်း ရှိတယ်၊ အဲဒါကို ပေါင်ပြီးသုံးပေါ့၊ ငွေအဆင်ပြေလာတဲ့ တစ်နေ့ကျတော့ ရွေးပြီး ပြန်ပေးပေါ့"

လို့ ပြောပြီး လက်စွပ်ကိုချွတ်ပြီး ပေးလိုက်ပါသည်။ သူတို့လည်း ဝမ်းသာအားရနှင့် ယူသွားပြီး လက်စွပ်ကို ပေါင်သုံးသလား၊ ရောင်းပြီး သုံးသလားဆိုတာ ဘာမျှမသိတော့ပါ။ နောက်ပိုင်း သူတို့လင်မယားနှင့် အဆက်အသွယ် ပြတ်သွားပါသည်။

တစ်နှစ်ခွဲခန့် ကြာသွားပြီးနောက် သူတို့နေအိမ်သို့ ကိစ္စတစ်ခုဖြင့် ရောက်သွားပါသည်။ လိုရင်းကိစ္စအကြောင်းကို ပြောဆိုပြီးနောက် လက်စွပ်အကြောင်းကို ရောက်သွားပါသည်။ ညီမက. . .

"အစ်ကိုရယ်၊ လက်ဦးတုန်းက လက်စွပ်ကို ပေါင်ပြီးသုံးမလို့ပါပဲ၊ ဒါပေမဲ့ ပေါင်လည်းရွေးနိုင်မယ် မထင်တာနဲ့ အပြီးရောင်းလိုက်ရတယ်၊ နောင် ငွေကြေးအဆင်ပြေရင် အစ်ကို့လက်စွပ် အစားပြန်ပေးပါ့မယ်"

"နင် လက်စွပ်ကို ရောင်းတုန်းက အလယ်က ကျောက်အကြားကလေးကိုပါ ရောင်းလိုက်သလား"

"ရွှေကိုပဲ ရောင်းလိုက်တာပါ၊ ကျောက်ကလေးကိုတော့ ဖြုတ်ပြီးယူထားလိုက်တယ်"

"အခုရှိသေးသလား၊ ဘယ်မှာထားသလဲ၊ ရှာကြည့်စမ်းပါဦး"

"ဘယ်မှာထားမိမှန်းတောင် မသိဘူး၊ အစ်ကို့ ကျောက်က စိန်လည်း မဟုတ်၊ ပတ္တမြားလည်း မဟုတ်၊ အဖိုးတန်ကျောက်လည်း မဟုတ်တော့ တန်ဖိုးရှိမယ် မထင်တာနဲ့ အမှတ်တမဲ့ ထားလိုက်တာပဲ"

"နင့်အတွက် တန်ဖိုးမရှိပေမယ့် ငါ့အတွက်တော့ တန်ဖိုးသိပ်ကြီးတယ်၊ ရလိုရငြား ရှာကြည့်စမ်းပါဦးဟ"

"ပဲနောက်စေ့လောက် သေးသေးလေးကို ရှာလို့ တွေ့မယ် မထင်တော့ဘူး"

"တွေ့လိုတွေ့ငြားပေါ့ကွာ၊ ငါလည်း ကူရှာပေးမယ်၊ ဘယ်မှာထားမိသလဲလို့ ထင်သလဲ"

"ညီမ အံဆွဲကြီးထဲမှာ ထားမိတယ်လို့ ထင်တာပဲ"

"ကဲ. . . ရှာကြည့်ရအောင်"

အံဆွဲကြီးကို ဆွဲဖွင့်လိုက်တော့ အထဲမှာ ရှုပ်ပွနေပြီး ကလေးကစားစရာလေးတွေ၊ စက္ကူစုတ်တွေ၊ သံတိုသံစတွေနဲ့ ဆေးလိပ်တိုတွေ စုံနေတာပဲ၊ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလိုပါပဲ၊ ရှာလိုက်ကြတာ ၁၀ မိနစ်ခန့် ကြာတော့ ညီမက. . .

"ဒီမှာတွေ့ပြီ အစ်ကို၊ ဒါလေး မဟုတ်လား၊ အစ်ကို့ကျောက်ကလည်း အရောင်အသွေးလည်း မရှိ၊ ညစ်စုတ်စုတ်နဲ့၊ ဘာဖြစ်လို့ ဒီလောက် သဲကြီးမဲကြီး ဖြစ်နေရတာလဲ၊ ဘယ်လောက်တန်ဖိုးရှိလို့လဲ"

"ဘယ်လောက်တန်ဖိုးရှိတယ်၊ မရှိဘူးဆိုတာ အခုချက်ချင်း နင့်ကို သက်သေပြမယ်၊ ဒီကျောက်ဟာ ရွှေထက် တန်ဖိုးကြီးတယ်။ ငါ့ကို နင် ပေးစရာရှိတဲ့ ရွှေငါးမူးသားကို မပေးနဲ့တော့၊ ဒီကျောက်ကို ငါ ပြန်ရတာကိုပဲ ကျေနပ်လှပါပြီ"

စာရေးသူလည်း အားရဝမ်းသာစွာဖြင့် ပြန်လာခဲ့ပြီး အမြဲတေကျောက်ကို ရွှေဖြင့် မကွပ်တော့ဘဲ မိုက်မဲစွာ ငွေဖြင့်ကွပ်ပြီး ဝတ်ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့ရဲ့သူငယ်ချင်း(ရသာရုံ ကားဘော်ဒီ လုပ်ငန်း) ဦးလှမောင်ဆိုတာ ရှိပါသည်။ စာရေးသူနှင့် လည်း အင်မတန် ရင်းနှီးလှပါသည်။ စာရေးသူအား 'မောင်ကွန်းဆိုင်' လို့ တရင်းတနှီး ခေါ်လေ့ရှိပြီး စာရေးသူ ကလည်း ဦးလေးအရင်းသဖွယ် ဆက်ဆံပြောဆိုလေ့ ရှိပါ သည်။ ဦးလေးဦးလှမောင်သည် အင်မတန်ရိုးသားပြီး စိတ်ကောင်းအလွန်ရှိသူ ဖြစ်ပါသည်။ အလှူအတန်း အပေးအကမ်း ရက်ရောပါသည်။ စာရေးသူ ငယ်စဉ်အခါ က သီတင်းကျွတ် သွားကန်တော့ရင် ငွေ ၂၀၀ ကျပ်မျိုး၊ ၃၀၀ ကျပ်မျိုး မုန့်ဖိုးပေးလေ့ ရှိပါသည်။ အဲဒီအချိန်တုန်း က ရွှေ ၁ ကျပ်သားမှ ငွေ ၂၈၀ ကျပ်သာ ပေးရသော ခေတ် ဖြစ်ပါသည်။

စာရေးသူ ဦးလေးထံ ရောက်သည့်အခါ တစ်ယောက်ချင်း တွေ့ဆုံစကားပြောရပါက. . .

"ဦးလေး. . . ဦးလေးကို ကျွန်တော် နေ့တိုင်း မေတ္တာပို့သပါတယ်၊ အထူးသဖြင့် ကျွန်တော့်အား ကျွေး မွေးပေးကမ်းနေတဲ့ ကျေးဇူးရှင်တစ်ယောက်အနေနဲ့ မေတ္တာပို့တာပါ၊ ဒါ ကျွန်တော် အမှန်အတိုင်း ပြောတာပါ"

လို့ ပြောတော့ ဦးလေးက. . .

"ငါ မင်းကို ယုံပါတယ်ကွာ၊ ငါ ပြောဦးမယ်၊ မင်း မှတ်ထား၊ ကျေးဇူးတရားဆိုတာ သိတဲ့သူ အင်မတန်ရှား တယ်၊ သိပြန်သော်လည်း ကျေးဇူးကို တတ်နိုင်သလောက် ပြန်ဆပ်တဲ့သူက သာ၍ရှားတယ်။ သူ့ထက် ရှားတာက တော့ သူ့ရဲ့ကျေးဇူးတွေ ငါ့အပေါ်မှာ အများကြီး ရှိတယ် လို့ လူကြားထဲမှာ ထုတ်ဖော်ပြီး ပြောတဲ့သူက သာ၍ သာ၍ ရှားပါတယ်။ မင်းဟာ သုံးမျိုးစလုံးနဲ့ ပြည့်စုံနေတဲ့ သူဖြစ်တော့ ငါ ရဲရဲကြီး ပြောလိုက်မယ်၊ မင်းဟာ သေတဲ့ အထိ မဆင်းရဲတော့ဘူး"

ဟု ပြောပါသည်။ စာရေးသူလည်း ဦးလေး၏ စကားကြောင့် ဝမ်းသာပီတိ ဖြစ်ရပါသည်။

"ငါ့ကိုယ်တွေ့ မင်းကို ပြောရဦးမယ်၊ ငါ့မိတ်ဆွေ ပေါ့၊ ငါ့ထက် အများကြီး ငယ်ပါတယ်၊ မင်းလည်း သူ့ကို သိပါတယ်။ တစ်နေ့ ငါ့ဆီမှာ အကူအညီ လာတောင်း တယ်၊ ငွေ ၃၀၀၀ ကျပ် လာချေးတယ်။ အတိုးကိုလည်း မှန်မှန်ပေးပါမယ်ပေါ့၊ ငါက ပြောတယ်။ အတိုးလည်း မယူပါဘူး။ လုပ်ငန်းအဆင်ပြေတဲ့အခါ ပြန်ပေးပါလို့ပြော ပြီး ငွေ ၃၀၀၀ ကျပ် ချေးလိုက်တယ်၊ ဘာလက်မှတ်မှ လည်း မထိုးခိုင်းဘူး။ ဘယ်လောက်ကျေးဇူးတင်စရာ ကောင်းသလဲကွာ၊ ငွေချေးလို့ ရတုန်းကလည်း ကျေးဇူး တင်ပါတယ်လို့ တစ်လုံးမှ မပြောဘူး။ လုပ်ငန်းအဆင်ပြေ တော့ ငွေတော့ ပြန်ပြီးဆပ်ပါတယ်။ မုန့်ပဲသရေစာလေးနဲ့ လာပြီးမကန်တော့တဲ့အပြင် ကျေးဇူးတင်ပါတယ်လို့ လုံးဝ ပြောမသွားဘူး။ လူကြားမှာ ဦးလေးရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီး ရှိပါတယ်လို့ ပြောဆိုဖို့ တော့ ဝေးပါသေးတယ်။ လူချင်းလည်း မကြာခဏ တွေ့ နေတာ ငါက ကျေးဇူးအတင်ခံချင်လို့ ပြောနေတာ မဟုတ် ဘူး၊ လောကမှာ ဒီလိုလူမျိုးတွေ ရှိနေတယ်လို့။ အရိပ် လည်း ဝင်ခိုသေးတယ်၊ အကိုင်းချိုးရုံတင်မက အပင်ကိုပါ လှဲပြီး ယူသွားသေးတယ်။ ဒီလိုလူမျိုးတွေဟာ ကောင်းစား လည်း ခဏပေါ့၊ အဆုံးသတ် မကောင်းကြပါဘူး။ သူ လည်း မကြာပါဘူး စိတ်ဆင်းရဲပြီး သေသွားရှာတယ်၊ သေတုန်းက အသက် ၄၅ နှစ်ပဲ ရှိသေးတယ်"

ဦးလေးဦးလှမောင်နှင့် စာရေးသူ၏အဖေတို့ သည် ငယ်သူငယ်ချင်းများ ဖြစ်ကြပြီး သန်လျင်တောရ ကျောင်းတွင် တရားအားထုတ်ဘက်များလည်း ဖြစ်ကြပါ သည်။ ဦးလေးသည် ဖိုထိုး အင်မတန် ဝါသနာပါပါသည်။ ငယ်ငယ်ကတည်းက ဖိုထိုးလာတော့ ကြီးလာတော့ စွန့် ရက်ခက်နေဟန်တူပါသည်။ စာရေးသူအဖေက ဦးလေး ကို ဖိုထိုးတဲ့အလုပ်ကို စွန့်လွှတ်ပြီး တရားကို တစိုက်မတ် မတ် အားထုတ်ဖို့ ပြောသော်လည်း မရပါ။ ဖိုတစ်ဖက်၊ တရားတစ်ဖက် လုပ်နေပါသည်။ ဦးလေးသည် အင်းအိုင် ခလဲ့၊ လက်ဖွဲ့အဆောင်၊ အမြဲတေ စသည့် လောကီပညာ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်တွေကိုလည်း အတော်လိုက်စားခဲ့ဖူးပြီး ဆရာတစ်ဆူအဖြစ် ထင်ရှားပါသည်။ စာရေးသူ၏ ဒေါ်မြတေလက်စွပ်အကြောင်းကိုလည်း သိရှိထားသူ ဖြစ်သဖြင့် သူကိုယ်တိုင်အဆင်ပြေပါက စမ်းသပ်ပေးမည်ဖြစ်ကြောင်း၊ သူ့ထံတွင် တစ်လ နှစ်လလောက် ထားခဲ့ရန် ပြောပါသည်။ စာရေးသူလည်း ပြောသည့်အတိုင်း ထားခဲ့ပါသည်။ ဒီအတောအတွင်း ဦးလေးထံသို့ မကြာခဏရောက်ပြီး လက်စွပ်အကြောင်း ပြောမိကြပါသည်။ တစ်လခွဲခန့်အကြာတွင် စာရေးသူ ဦးလေးထံ ရောက်သွားပါသည်။ ရောက်လျှင်ရောက်ချင်း ဦးလေးက. . .

"မောင်ကွန်းဆိုင်ရေ. . . မင်းရဲ့ အမြတေလက်စွပ်တော့ ဆုံးပါပြီကွာ"

စာရေးသူသည် အံ့ဩထိတ်လန့်သွားပြီး. . .

"ဘယ်လိုဖြစ်တာလဲ ဦးလေးရဲ့"

"ဒီလိုကွ၊ မင်းလာလို့ရှိရင် ငါ့အိမ်မှာ ခိုင်းထားတဲ့ ၁၇ နှစ်လောက်ရှိတဲ့ အိမ်ဖော်ကောင်မလေးတစ်ယောက်ကို မင်း မြင်မိမှာပေါ့"

"မြင်ပါတယ် ဦးလေး၊ ကျွန်တော် ရောက်တဲ့အခါ လက်ဖက်ရည်တို့ မုန့်တို့ လာချပေးတဲ့ ကောင်မလေးမဟုတ်လား"

"အေး. . . ဟုတ်တယ်၊ သူပဲ၊ မင်းနဲ့ ငါတို့ ပြောနေတဲ့ ဒေါင်းအမြတေအကြောင်းကို သူက အနီးအနားမှာနေတော့ အကုန်ကြားတယ်။ တစ်နေ့ကျတော့ သူက 'ဘဘနဲ့ ဟိုအစ်ကိုတို့ ပြောနေကြတဲ့ ဒေါင်းအမြတေလက်စွပ်က တော်တော်စွမ်းမှာပဲနော်'တဲ့။ အံ့ဩဖို့ ကောင်းလိုက်တာနော်'တဲ့။ ကျွန်မကို ခဏလောက်ပြပါလား၊ ကြည့်ချင်လို့ပါ' ဆိုတော့ သူက ယူကြည့်ပြီး သူ့လက်မှာ ဝတ်ကြည့်တယ်။ ခဏလောက် ဝတ်ထားမယ်လို့ပြောတော့ ငါကလည်း ရွှေလက်စွပ် မဟုတ်တော့ ဝတ်ထားပေါ့၊ မပျောက်စေနဲ့လို့ပြောတော့ သူက စိတ်ချပါ၊ မပျောက်စေရပါဘူးတဲ့၊ နောက်နေ့မနက်ကျတော့ ကောင်မလေး မရှိတော့ဘူး။ ငါ့ရဲ့ပိုက်ဆံတွေရော၊ အဖိုးတန်ပစ္စည်းတွေနဲ့ မင်းရဲ့လက်စွပ်ကိုပါခိုးပြီး ထွက်ပြေးသွားတယ်"

"ဦးလေး မလိုက်ဘူးလား"

"လိုက်ဖို့နေနေသာသာ ဘယ်မှာနေမှန်းတောင် မသိဘူး"

"ဒါဖြင့် ဒီကောင်မလေး ဦးလေးဆီ ဘယ်လိုရောက်လာတာလဲ"

"ပွဲစားလာပို့သွားတာ၊ ပွဲစားတွေက အများအားဖြင့် လူလိမ်တွေပဲ၊ သူ့ကို ဘယ်မှာ ရှာရမှန်းတောင် မသိဘူး၊ အမှုလည်း မလုပ်တော့ပါဘူးကွာ" တဲ့။

ဒီမှာတင်ပဲ စာရေးသူ၏ ဒေါင်းအမြတေဇာတ်လမ်းကြီး ပြီးဆုံးသွားကြောင်းပါခင်ဗျာ။

စာရေးသူသည် အဖိုးတန်ဒေါင်းအမြတေကို ငွေဖြင့်မကွပ်ဘဲ ရွှေဖြင့်ကွပ်ထားပါက ဦးလေးကလည်း ရွှေလက်စွပ်ကို ကောင်မလေးအား လက်လွတ်စပယ်ပေးထားမည် မဟုတ်ပါ။ အခုကိစ္စက စာရေးသူ၏ မဟာအမှားကြီး ဖြစ်ပါသည်။ ဒေါင်းအမြတေ၏ အရောင်အကြောင်း ပြောစရာ ကျန်ပါသေးသည်။ အရောင်အဆင်းမှာ စာရေးသူတို့ ငယ်စဉ်အခါက ကစားခဲ့တဲ့ အဖြူနဲ့အနက် ကန့်လန့်စင်းထားတဲ့ ပူရှိန်းရှားမီးသကြားလုံးနဲ့ တစ်ထေရာတည်း တူပါသည်။ ကြီးတာနဲ့ သေးတာပဲ ကွာပါသည်။

စာဖတ်သူများအား အစဉ်လေးစားလျက်

**ဦးကွန်းဆိုင်(သန်လျင်တောရကျောင်း)**



www.burmeseclassic.com

www.burmeseclassic.com

# တံခွန်တိုင် ယဉ်ကျေး အောင်ကြောင်းဝေဖြာ

## တံခွန်

အောင်လံ၊ တံခွန်၊ ကုက္ကားများကို အောင်ငွေ့ခရ အောင်ဝေယျတ သဗ္ဗမင်္ဂလာအပေါင်းတို့နှင့် အလုံးစုံသော အောင်မြင်မှုတို့၏ အထိမ်းအမှတ်အဖြစ် စိုက်ထူသုံးစွဲ အသုံးပြုလာခဲ့ကြခြင်း ဖြစ်သည်။

ထိုမှတစ်ဆင့် စစ်ထိုးစစ်ချီ၊ စစ်တိုက်ရာနှင့် ရန်သူ အပေါင်းတို့ကို ချေမှုန်းတိုက်ခိုက် သုတ်သင်ရာ၌ အောင်ကြောင်း ဝေဖြေစေရန် အောင်မြင်မှု အမှတ်သင်္ကေတအဖြစ် သုံးစွဲလာခဲ့ပြန်ရသည်။ ရှေးလွန်ခဲ့သော ဘီစီ ၁၅၀၀ ခန့်ကတည်းက အောင်လံ၊ တံခွန်၊ ကုက္ကားများကို အသုံးပြုခဲ့ကြသည်ဟူသော ရာဇဝင်သမိုင်းကြောင်းများ အထင်အရှား ရှိခဲ့သည်။ အထူးသဖြင့် ကိုးကွယ်မှုဆိုင်ရာ အခမ်းအနားများ၌ အထွတ်အမြတ် ပစ္စည်းအဖြစ်နှင့် အောင်မြင်မှု၏ အထိမ်းအမှတ်ပစ္စည်းအဖြစ် လွှင့်ထူအသုံးပြုခဲ့ကြခြင်း ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဘာသာသာသနာ ထွန်းကားခဲ့သော နိုင်ငံများတွင် အောင်လံ၊ တံခွန်၊ ကုက္ကား ကိုင်တွယ်အသုံးပြုမှု ကျယ်ပြန့်ထွန်းကားခဲ့၏။ တတိယသင်္ဂါယနာတင်ဘွဲ့ခံယူခဲ့သော အာသောက (ASOKA BC. 300.232) မင်းကြီးသည် ဗုဒ္ဓသာသနာတော် ထွန်းကားကျယ်ပြန့်ပြန့်ပွားစေရန် ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ရဟန်းတော်များကို စေလွှတ်ခဲ့သည်။ သာသနာပြုရဟန်းတော်များ၏ ကြိုးစားအားထုတ်မှုများကြောင့် ဘုရား၊ စေတီပုထိုး၊ ကျောင်းကန်ဇရပ်များ တည်ဆောက်ကြရာတွင် အာသောကမင်းကြီး၏ လုပ်ထုံးလုပ်နည်း ပုံစံနှင့်အညီ အောင်လံ၊ တံခွန်၊ ကုက္ကားများကို စိုက်ထူကြလေသည်။ ထိုအချိန်ကာလမှစ၍ ဗုဒ္ဓဘာသာ ထွန်းကားသော နိုင်ငံများတွင် အောင်လံ၊ တံခွန်၊ ကုက္ကား စိုက်ထူအသုံးပြုရသော ဓလေ့အစဉ်များ၊ အမွေခံ ကျယ်ပြန့်ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ အောင်ဓာတ်ကိန်းဝပ်နေသော အောင်နိမိတ် ပစ္စည်းဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# လှူသားနှင့် တံခွန်တိုင်

တံခွန်တိုင်မည်သည်မှာ ဘုရား၊ စေတီ၊ ကျောင်းကန် အနီးအနားတွင် စိုက်ထူထားသော တိုင်လုံးကြီးများကို ဆိုလိုခြင်းဖြစ်သည်။ အများအားဖြင့် ဘုရားအရှေ့အရပ်တွင် စိုက်ထူထားတတ်ကြသော်လည်း အချို့ဒေသများ၌ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ် စသည်ဖြင့် မတူကွဲပြား တစ်ကျောင်းတစ်ဂါထာ အယူအဆအမျိုးမျိုးနှင့် စိုက်ထူလေ့ရှိတတ်ကြလေသည်။

တံခွန်တိုင်များကို အလုံးအထည်၊ အရှည်အတို၊ စံနှုန်းသတ်မှတ်ရာ၌ လုံးပတ် ၃ ပေမှ ၅ ပေ၊ အမြင့်ပေ ၃၀ မှ ၄၅ ပေအတွင်း ထားရှိကြသည်။ အတိုင်းအတာ ညီညွတ်သော တံခွန်တိုင်လုံးကြီးများကို ခိုင်ခံ့အောင် စိုက်ထူထားလေ့ရှိကြသည်။ အချို့ ကံခွန်တိုင်များသည် နှစ်ပေါင်းထောင်နှင့်ချီ၍ တည်တံ့ခဲ့ပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် တံခွန်တိုင်၏ မြင့်မြတ်သည့် အသရေနှင့် စွမ်းအားဂုဏ်သတ္တိကို လွန်စွာ တန်ဖိုးထား ဂုဏ်ယူအထွတ်အမြတ်ပြုကြ၏။ ဘုရားတစ်ဆူ တည်ပြီးတိုင်း တံခွန်တိုင်တစ်တိုင်ကို မဖြစ်မနေ စိုက်ထူထားလေ့ရှိကြသည်။ တံခွန်တိုင်များကို စိုက်ထူထားခြင်း၏ အကြောင်းရင်းများမှာ (၁) ဘုရား၊ စေတီပုထိုးများ တည်ရှိသည့်အတွက် မြင့်မြတ်သော အထွတ်အမြတ်နေရာဖြစ်သည်ကို အနီးအဝေးနှစ်ရပ်မှ ထင်ထင်ရှားရှား သိမြင်စေနိုင်ရန်၊ (၂) ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်သော မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားဝင့်ထည် အစွန့်ရှည်တည်မြဲစေရန်၊ (၃) အောင်အတိတ်၊ အောင်နိမိတ်ဆောင်၍ အောင်မြင်မှုမှန်သမျှကို ကြာရှည်ခိုင်မြဲစေရန်၊ (၄) ထေရဝါဒ ဗုဒ္ဓဘာသာ ကမ္ဘာတည်သရွေ့ ထည်ဝါထွန်းကား တည်တံ့စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် စိုက်ထူအသိအမှတ်ပြုထားခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ ရောင်ဝါထွန်းတောက်ခဲ့သော နေရာဒေသများတွင် စေတီပုထိုးများနှင့်အတူ တံခွန်တိုင်ဟောင်းများကို ရှေးဟောင်းပုံစံနှင့် တွေ့မြင်နိုင်ပါသည်။ မြန်မာတို့၏ လက်ရာ တံခွန်တိုင်များကို ရုပ်ကြွရုပ်လုံး ပန်းဆွဲပန်းခက်များနှင့် ပန်းပညာ လက်ရာမြောက်စွာ ထုလုပ်ထားပြီး တိုင်ထိပ်တွင် ခြင်္သေ့ရုပ် (သို့) ဟင်္သာရုပ်ကို အညွန့်တင် ထုဆစ်ထားရှိတတ်ကြသည်။ အလှူဒကာ၏ ဆန္ဒနှင့် အညွန့်တင်ခြင်း ဖြစ်နိုင်ပါသည်။

အချို့ဒေသများတွင် အလှူရှင်၏ နေ့နံရုပ်များဖြင့် အညွန့်တင် ထုလုပ်ထားတတ်ကြ၏။ ဥပမာ အလှူရှင်သည် တနင်္ဂနွေသားဖြစ်လျှင် ဂဠုန်ရုပ်၊ တနင်္လာသားဖြစ်လျှင် ကျားရုပ်၊ အင်္ဂါသားဖြစ်လျှင် ခြင်္သေ့ရုပ်၊ ဗုဒ္ဓဟူးသားဖြစ်လျှင် ဆင်ရုပ်၊ ကြာသပတေးသားဖြစ်လျှင် ကြွက်ရုပ်၊ သောကြာသားဖြစ်လျှင် ပူးရုပ်၊ စနေသားဖြစ်လျှင် နဂါးရုပ် (သို့) ဒေါင်းရုပ်များကို ဆိုလိုသည်။ လှူသားနှင့် တံခွန်တိုင်ကြားတွင် ယုံကြည်မှုသစ္စာတရား ယှက်နွယ်ခိုင်မြဲနေခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ညာကြောင်းခဲ့ပြီ ဖြစ်၏။ သို့ဖြစ်၍ လှူသားတို့၏ ဝိညာဉ်နှလုံးသားကို တံခွန်တိုင်၏ စွမ်းအားသိဒ္ဓိတန်ခိုးက အစဉ်ထာဝရ လွှမ်းမိုးစိုးပိုင်ထားမည်မှာ မလွဲပါ။ အောင်လံ၊ တံခွန်၊ ကုက္ကားသည် လွန်စွာ အစွမ်းထက်သော ယတြာပစ္စည်းများ ဖြစ်သောကြောင့် ဖြစ်နိုင်ပါသည်။

## ဓာတ်ဆင်ဓာတ်ရိုက်ခြင်း

ဤလူ့ဘောင်လောကတွင် လူသည် မွေးဖွားရာမှ ဘဝကူးပြောင်းသည်ထိ လောကီရေးရာကိစ္စများ ထွေပြားများပြောင်လှ၏။ ပုထုဇဉ်လူသားတိုင်းသည် မိမိတို့၏ ကံနိမ့်ကံမြင့်မှုပေါ် မူတည်၍ ပုံစံအမျိုးမျိုးနှင့် ရပ်တည်နေကြရသည်။ ထိုသို့ လူ့ဘဝဇာတ်ခုံပေါ်တွင် သရုပ်ဆောင်နေကြစဉ် အတွင်းကြိုပ်ဘ်စီး ကြိုပ်ကနင်း၊ အထွန်းအငုပ်ပေါ် အကြောင်းခံ၍ အခက်အခဲ၊ အနှောင့်အယှက်၊ အတားအဆီး ပြဿနာများ ကြုံရမည့်အခါမျိုးနှင့် အောင်ရာအောင်ကြောင်း၊ အောင်ဓာတ်ဖွင့်ကြသည့်အခါ တံခွန်တိုင်ထူ၍ ဓာတ်တံခါးဖွင့်စေကာ အောင်ကြောင်းဝေဖြာစေနိုင်ရန် ယတြာဓာတ်ဆင်ဓာတ်ရိုက် ပြုလုပ်ကြရပါသည်။

တံခွန်တိုင်တွင် စွမ်းအားကြီးမားသော ဝိသေသထူးများ ပါရှိနေသဖြင့် အောင်ဓာတ်ဖွင့်ရာတွင် အားထားရသော ဓာတ်ပစ္စည်းဖြစ်သည်ဟု လောကီရေးရာ ပညာရှင်များက လက်ခံယုံကြည်ကြသည်။ သို့ဖြစ်၍ ကံဇာတာ ညှိုးနွမ်းနိမ့်ကျ၍ အကြောင်းမညီညွတ်ဖြစ်နေရလျှင် တံခွန်တိုင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ကံဆယ်ပေးရပါမည်။

တံခွန်တိုင်များကို အသက်ဝင်စေ၍ အထူးထူးသော သိဒ္ဓိစွမ်းအားများဖြင့် ပြည့်စုံစေရန် သီလခံယူပြီးမှ အောက်ပါ အတိုင်း ပြုလုပ်ကြရပါမည်။ တိုင်အရှည် ၁ ပေခွဲခန့်ထားပြီး တံခွန်လုံးအရှည်ကို ၆ လက်မခန့်ထား၍ ပြုလုပ်ရမည်။ နေ့နံအလိုက် အရောင်အသွေးနှင့် အရေအတွက် သတ်မှတ်ရာတွင် တနင်္ဂနွေသားသမီးများအတွက်ဖြစ်လျှင် အရောင် ရွှေဝါရောင်၊ အရေအတွက် ၁ တိုင် (သို့) ၆ တိုင်။ တနင်္လာသားသမီးများအတွက်ဖြစ်လျှင် ငွေရောင်၊ ၂ တိုင် (သို့) ၁၅ တိုင်၊ အင်္ဂါသားသမီးများအတွက်ဖြစ်လျှင် အနီရောင်၊ ၃ တိုင် (သို့) ၈ တိုင်၊ ဗုဒ္ဓဟူးသားသမီးများ အတွက်ဖြစ်လျှင် ငုဝါရောင်၊ ၄ တိုင် (သို့) ၁၇ တိုင်၊ ကြာသပတေးသားသမီးများအတွက်ဖြစ်လျှင် ပန်းခရမ်းရောင်၊ ၅ တိုင် (သို့) ၁၉ တိုင်၊ သောကြာသားသမီးများအတွက် အဖြူရောင်၊ ၆ တိုင် (သို့) ၂၁ တိုင်၊ စနေသားသမီးများ အတွက် အပြာရောင်၊ ၇ တိုင် (သို့) ၁၀ တိုင်၊ ရာဟုသား သမီးများအတွက် နီညိုရောင်၊ တံခွန်တိုင် ၁၂ တိုင် စသည် ဖြင့် အသုံးပြုရမည် ဖြစ်သည်။

အနက်ရောင်ကို ရှောင်ရမည်။ ဓာတ်ဆင်ခြင်းသည် ခံစစ်၊ ဓာတ်ရိုက်ခြင်းသည် တိုက်စစ်ဖြစ်သောကြောင့် ခံစစ်၊ တိုက်စစ်အောင်စေရန် တံခွန်တိုင်ဟူ၍ ဓာတ်ဆင်ဓာတ်ရိုက် အောင်ဓာတ်ဖွင့်ခြင်း ဖြစ်ပါသည်။

## ယတြာပြုလုပ်နည်း

နေရာဌာန မပြောင်းရွှေ့လိုလျှင် (သို့) လောကီရေးရာ အဆင်မပြေဖြစ်နေလျှင် မိမိ၏ဂြိုဟ်တိုင်ဖြစ်သော ဂြိုဟ်တိုင်အမှတ်-၁ တွင် ကပ်လှူထူထားရမည်။ ရာထူးရာခံ၊ တက်လမ်းနှင့် ဘဝအောင်မြင်တိုးတက်ရေးအတွက်ဖြစ်လျှင် မိမိတို့၏ နေ့နံဂြိုဟ်ထောင့်မှ ၂ တိုင်မြောက်ဂြိုဟ်တိုင်တွင် ကပ်လှူထားရမည်။ အိမ်ရာအတွက်ဖြစ်လျှင် ၃ တိုင်မြောက် ဂြိုဟ်တိုင်တွင် ကပ်လှူထူထားရမည်။ ကျန်းမာရေးအတွက် ဖြစ်လျှင် ၄ တိုင်မြောက် ဂြိုဟ်တိုင်တွင် ကပ်လှူထူထား ရမည်။ ငွေကြေးနှင့် စီးပွားရေးအတွက် ဖြစ်လျှင် ၅ တိုင် မြောက် ဂြိုဟ်တိုင်တွင် ကပ်လှူထူထားပေးရမည်။ အချစ်ရေး အိမ်ထောင်ရေးနှင့် လမ်းခရီးအတွက်ဖြစ်လျှင် ၆ တိုင် မြောက် ဂြိုဟ်တိုင်တွင် ကပ်လှူထူထားရမည်။ အိုးအိမ်နေရာ ဌာန စည်းစိမ်ချမ်းသာဘဝတည်မြဲရေးအတွက်ဖြစ်လျှင် ၇ တိုင်မြောက် ဂြိုဟ်တိုင်တွင် ကပ်လှူထူထားရမည်။ သိက္ခာ ကျက်သရေအတွက် လာဘ်ဖွင့်လိုလျှင် ၈ တိုင်မြောက် သီရိဂြိုဟ်တိုင်တွင် ကပ်လှူထူထားပေးရမည် ဖြစ်သည်။

## ဆောင်ရွက်ကပ်လှူနည်း ဥပမာ

ယတြာပြုသူသည် တနင်္ဂနွေသားသမီးဖြစ်ခဲ့လျှင် နေရာဌာန မပြောင်းရွှေ့လိုလျှင် (သို့) လောကီရေးရာ အဆင်မပြေဖြစ်နေလျှင် မိမိတနင်္ဂနွေသားသမီး၏ ဂြိုဟ်တိုင် ဖြစ်သော ဂြိုဟ်တိုင် အမှတ်-၁ တွင် ရွှေရောင်တံခွန် ၁ လက် (သို့) ၆ လက်ကို ကပ်လှူထောင်ထားပေးရမည်။ ရာထူးအတွက်ဖြစ်လျှင် တနင်္ဂနွေဂြိုဟ်တိုင်ထောင့်မှ ရေတွက်၍ရသော ၂ တိုင်မြောက်၊ တနင်္လာဂြိုဟ်တိုင်တွင် အိမ်ရာ အတွက် ၃ တိုင်မြောက်၊ အင်္ဂါဂြိုဟ်တိုင်တွင် ကျန်းမာရေး အတွက် ၄ တိုင်မြောက်၊ ဗုဒ္ဓဟူးဂြိုဟ်တိုင်တွင် ငွေကြေး အတွက် ၅ တိုင်မြောက်၊ စနေဂြိုဟ်တိုင်တွင် အချစ်အိမ် ထောင်ရေးနှင့် လမ်းခရီးအတွက်ဖြစ်လျှင် ၆ တိုင်မြောက်၊ ကြာသပတေးဂြိုဟ်တိုင်တွင် နေရာဌာန တည်မြဲခိုင်မြဲရေး အတွက်ဖြစ်လျှင် ၇ တိုင်မြောက်၊ ရာဟုဂြိုဟ်တိုင်တွင် သိက္ခာ ကျက်သရေအတွက် လာဘ်ဖွင့်လျှင် ၈ တိုင်မြောက်၊ သောကြာဂြိုဟ်တိုင် သီရိအရပ်တွင် ကပ်လှူထောင်ထားရ မည်ဟူ၍ ဖြစ်ပါသည်။ အခြားနေ့နံသားသမီးများလည်း တနင်္ဂနွေသားသမီးများ၏ ဥဒါဟရဏ်ဟူ၍ သိကြပါကုန်။

တံခွန်တိုင်ထူ၍ ယတြာဓာတ်ဆင်ဓာတ်ရိုက် ပြုကြခြင်းဖြင့် အောင်ဓာတ်ပါင့်၍ မလိုသော ဆိုးကျိုးများ ပယ်ပျောက်စေပြီး လိုသောကောင်းကျိုးများ ဝေဖြာပြည့်စုံစေကာ အလိုဆန္ဒပြည့်ဝစေနိုင်မည် ဖြစ်ပါသည်။

ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ။

■ အောင်ဘုန်းမြင့်(ကချင်ရှေ့)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆရာခင်ပွန်း ပြစ်မှားလွန်းလျှင်

ကျော်မင်းနိုင်

(၁)

နှင်းရည်စိုရွှဲ တပို့တွဲ ဟူသော စာဆိုရှိသည်နှင့်အညီ တပို့တွဲလကား အင်မတန်မှ အအေးပိုလေသည်။

ည ၁၂ နာရီ ကျော်ပြီဆိုကတည်းက နှင်းတွေ တဝေ့ဝေ့တဝဲဝဲ ကျဆင်းနေလေပြီ။ နှင်းနှင့်အတူ မြောက်ပြန်လေကလည်း တသုန်သုန် တိုက်ခတ်လာလေ၏။

ကနေ့ တပို့တွဲလဆန်း ၁၄ ရက်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံအရ အဖိတ်နေ့ည။ မနက်ဖြန်ဆို လပြည့်တော့မည်။ တပို့တွဲလပြည့်။

သို့သော် သန်လျင်ကျိုက်ခေါက် ဘုရားပွဲတော်မှာ လပြည့်နေ့မရောက် ခင်ကပင် စည်ကားနေ၏။

သည်တပို့တွဲလပြည့်နေ့မှာမှ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေ ဒေသအလိုက် သူ့နေ့နှင့်သူ၊ သူ့လပြည့်နေ့နှင့်သူ ဘုရားပွဲတော်တွေ ကျင်းပလေ့ရှိတတ်ကြသည်။

ဆယ့်နှစ်လ ဆယ့်နှစ်ရာသီပတ်လုံး သူ့အရပ် သူ့ဒေသအလိုက် ဘုရားပွဲတော်နေ့များ ရှိတတ်ကြသည်။

ရွှေတိဂုံဘုရားပွဲတော်ကြီး ဆိုလျှင် တပေါင်းလပြည့်နေ့။ သန်လျင်ကျိုက်ခေါက်ဘုရားပွဲတော်ကြီးဆိုလျှင် တပို့တွဲလပြည့်နေ့။ ဗုဒ္ဓပူဇနိယပွဲတော်ကြီးဟုလည်း ခေါ်သည်။

ယခုလည်း သန်လျင် ကျိုက်ခေါက်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပရာနေ့ ဖြစ်၏။ သန်လျင်ကျိုက်ခေါက်ဘုရားပွဲတော်ကြီးကား အောက်ပြည်အောက်အရပ်ဟု ယခင်ကအခေါ်လေ့သော ဒေသတွင် အစည်ကားဆုံး ဘုရားပွဲတော်ကြီးဖြစ်၏။

ဆံတော်ရှင် ကျိုက်ခေါက်ဘုရားကြီးက ဥတ္တရဂ် ကုန်းတော်ကြီးပေါ်တွင် အထီးတည်း အမားမား တည်ရှိနေသည်။ စိမ်းစိုသော တောအုပ်ညို မှောင်ကြားမှာ ရွှေရောင်တောက်ပ အလျှံတညီးညီး နက်ပြာရောင်မိုးယံသို့ တိုးထွက်ပျံကြွလေမည့်ဟန်။

လျှပ်စစ်မီးဆလိုက်တို့ကြောင့်လည်း နှင်းမှုန်ကလေးတွေ တဝေ့ဝေ့တဝဲဝဲကြားကပင် ကြည်ညိုသပ္ပာယ်လှစွာဖြင့် ရွှေရောင်တဝင်းဝင်း။

ဘုရားကြီး၏ တောင်ကုန်းစောင်းတန်း လေးသွယ်ကို ပတ်ပတ်လည် ဝိုင်းဝန်းတည်ရှိနေတာက မြို့သစ်ကြီး တစ်မြို့နှယ် မခြားသော ပွဲတော်ကြီး၏ ပွဲဈေးခင်းကြီး။

ထိုပွဲဈေးခင်းကြီးထဲ၌ ရန်ကုန်မြို့ကြီးပေါ်မှ ခေတ်ပေါ်ပစ္စည်းအရောင်းဆိုင်များလည်းပါသည်။ အညာဒေသ ဆယ့်နှစ်ပွဲဈေးသည်တို့၏ အညာကုန်မျိုးစုံလည်း တွေ့နိုင်သည်။ အထူးသဖြင့် ပင်စည်၌ ရွက်စိမ်းခက်တန်းလန်းနှင့် အညာကုန် သနပ်ခါးပင်များကို မိန်းမပျိုတွေ အကြိုက်တွေ့ကြသည်။

ဘုရားတောင်ခြေ ပတ်လည် တောင်စောင်းပေါ်က ပွဲဈေးအဝန်းအပိုင်းပင် တစ်မိုင်ခွဲ နှစ်မိုင်ခန့် ကျယ်ဝန်းလှပေမည်။

ရန်ကုန်မြို့ကြီးနှင့်နီး၍ နေ့ချင်းပြန်၊ ညချင်းပြန် ဘတ်စ်ကားများ အငှားကားများ ဥဒဟိုပြေးဆွဲနေသဖြင့် လမ်းပန်းခရီးက သာလှသဖြင့် သန်လျင်ဒေသခံ ဘုရားပွဲတော်လာတွေနှင့် စည်ကားသလို ရန်ကုန်ဘက်ကင်း

www.burmeseclassic.com

မြို့နယ်တွေမှ ဘုရားပွဲတော်လာသူတွေ ကြက်ပျံမကျ ဖြစ်နေ၏။ သာ့လျင်-ရန်ကုန် တံတားကြီးကြောင့် ခရီးက ပို၍နီးနေ၏။ ယခုလို တပို့တွဲလဆန်း ၁၄ ရက်နေ့ည အဖိတ်နေ့မှာ ပို၍ပင် စည်ကားနေတော့သည်။

တပို့တွဲလပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီး၌ သက်န်းကပ်လှူရန် ရပ်ကွက်၊ ကျေးရွာအသီးသီးမှ ရက်ကန်းလက်ရွေးစင်တို့၏ မသိုးသင်္ကန်းရက်ပြိုင်ပွဲကြီးလည်း နှစ်စဉ်ကျင်းပသည်။

ထိုအဖိတ်နေ့ညမှာ မနက်ဖြန် လပြည့်နေ့တွင် မနက်ဖြန် လပြည့်နေ့တွင် ထမနဲ(နှမ်းမနဲ)ပွဲကြီးနှင့် ဘုရားကြီးအား ပူဇော်ရမည်မို့ ရိုးရာအစဉ်အလာမပျက် ပူဇော်ကြမည်ဖြစ်သောကြောင့်ပင်။

ဘုရားကြီးအရှေ့ဘက် စောင်းတန်းအဆင့် အရှေ့တောင်ဘက် မြေကွက်ကြီးတွင် ကြာကန်ဇရပ်ကြီးရှိ၏။ ကြာကန်ဇရပ်ကြီးမှာ ဘုရားဖူးပရိသတ် ငါးရာ-တစ်ထောင်နီးပါး ဆံ့သော ဇရပ်ကြီး။ ဇရပ်အောက်ဘက် မြေပြင်တွင် ထမနဲထိုးပွဲကြီးရှိသည်။

ထိုထမနဲထိုးပွဲကြီးကို သန်လျင်မြို့နယ်မှ ရပ်ကွက်များ၊ ကျေးရွာများမှ အဖွဲ့အသီးသီး အပြိုင်အဆိုင် ဝင်ရောက်ထိုးကြပြီး တက်တက်ကြွကြွ ပြိုင်ပွဲဝင်ကြမြဲပင်။

ထိုပြိုင်ပွဲဝင်တို့က နှင်းရည်စိုရွှဲ တပို့တွဲလမှာ မချမ်းနိုင် မစီးနိုင် ချွေးပြိုင်ပြိုင်ကျ၍ ထင်းမီးပြင်းပြင်းကြားမှာ လှုပ်ရှားနေကြသည်။

ကိုယ့်ရပ်ကွက်၊ ကိုယ့်ကျေးရွာ၊ ကိုယ့်အရပ်သူ၊ အရပ်သားနှင့်ကိုယ် အားပေးမြှောက်ကူသူတွေ၊ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းတွေနှင့် ညံစီနေ၏။

ထိုဒိုးပတ်၊ အိုးစည်ဝိုင်းတွေမှ ညံစီနေသလို၊ ဘုရားပွဲတော်ခင်းမှ ဈေးဆိုင်မျိုးစုံ၏ ကြော်ငြာသံ၊ ဈေးခေါ်သံ၊ တေးသံတွေကလည်း ရောထွေးပျံ့လွင့်နေ၏။

ထိုအသံများကြားက တောင်ကုန်းမြေပတ်လည်ပွဲခင်းများမှ ဇာတ်ပွဲ၊ ပဒေသာကပွဲ၊ ဆပ်ကပ်တို့မှ အသံတွေကိုလည်း ကြားနိုင်၏။

ဘုရားပွဲတော်များတွင် သန်လျင်ကျိုက်ခေါက်ဘုရားပွဲတော်မှာ အောက်မြန်မာပြည်တွင် ဇာတ်ပွဲအများဆုံး ဝင်ရောက်ယှဉ်ပြိုင်နွှဲကြသော ပွဲတော်ကြီးဟု ပြောရမည်။

ဇာတ်ပွဲနှင့် ကြည့်ချင်ပွဲများကို စီစဉ်ထားပုံကလည်း အကွက်ကျလှသည်။ ဘုရားကြီးနှင့် ခြေတော်ရင်းအနီးကပ် မြေကွက်များတွင် ဈေးဆိုင်ခန်းများကို အကွက်ရိုက် နေရာချပေးထားသည်။

မျက်နှာချင်းဆိုင် ဈေးဆိုင်တန်းမှ လမ်းအသွယ်သွယ်သည် ဘုရားကြီး၏ ခြေတော်ရင်း အရှေ့ဘက်မုခ်၊ တောင်ဘက်မုခ်၊ အနောက်ဘက်မုခ်၊ မြောက်ဘက်မုခ်များကို ဦးခိုက်ထားသည်။

ဘုရားကြီး၏ တောင်ကုန်းအလယ်မှာ ရန်ကုန်မြို့ဘက်ထွက်ရာ ကားလမ်းမကြီးနှင့် အခြားတစ်ဖက် ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ပဲခူး၊ သီလဝါဆိပ်ကမ်းဘက် သွားနိုင်သော ကတ္တရာကွန်ကရစ်လမ်းမကြီး ဝန်းဝိုက်ထား၏။

ထိုကားလမ်းမကြီး၏ ပလက်ဖောင်းများကို မေးတင်လျက် ဆိုင်ခန်းများကို ရိုက်ထားပြီး အောက်ဘက် ဆိုင်ခန်းများဆုံးလျှင်တော့ ဖျော်ဖြေပွဲဇာတ်ရုံများကို နေရာချထားပေးသည်။

အရှေ့ဘက်တွင် ဇာတ်နှင့် ပဒေသာပွဲတွေ၊ ရုပ်ရှင်ပြဇာတ်တွေ အဝင်များသော ခြင်္သေ့ဦးရုံ၊ ခပ်လှမ်းလှမ်းမှာ ယှဉ်လျက် အလယ်ရုံ၊ ထိုရုံမှာက မျက်လှည့်နှင့် အခြားကြည့်ချင်ပွဲတွေ ဝင်တတ်သည်။ ပြီးတော့ အရှေ့မြောက်ဘက်မှာ သရက်တောရုံ၊ ထိုရုံမှာက မိုးကြိုးငှက်ငယ်လို ဂေးအလှဖန်တီးရှင်များ အဝင်များသည်။

မြောက်ဘက် ဘုရားကန်ထိပ် ကားလမ်းကြားတွင် ဆပ်ကပ်ရုံကြီးရှိသည်။ အနောက်မြောက်ဘက်မှ အနောက်တောင်ဘက်တစ်လျှောက် စင်ပြိုင်ရုံကြီး သုံးရုံနှင့် တစ်ခါတလေ လေးရုံထိုးထားသည်။ အစွန်ဆုံးရုံမှာ ယခင်က ရုပ်ရှင်ရုံဖြစ်၏။ သုံးကားပေါင်း မိုးအလင်း၊ တောရွာဘက်မှ လာသူတွေ ကြိုက်ကြသည်။

ယခုတော့ ရုပ်ရှင်ကားနည်းပါးချိန်တွင် နိုင်ငံတကာ စံချိန်မီ အော်စကာဆုရ ရန်ကုန်မှာ ရုံမတင်ရသေးသည့် ကားကြီးကားကောင်းတွေ သံရုံးတွေနှင့်ဆက်ပြီး ငှားကာပြရာ တောရွာပရိသတ်သာမက မြို့ပေါ်ပရိသတ်ပါ ရုံပြည့်သည်။

အနောက်ဘက်တွင် ဇာတ်ရုံကြီး သုံးရုံ အပြိုင်ထိုးပေးထားသည်။ နာမည်ကြီးဇာတ်ဖတွေ တပို့တွဲ၏ ဆောင်းနှောင်းနွေဦးအစမှာ အောက်မြန်မာပြည်ပွဲခွင်အတွက် အဆုံးအဖြတ် ပွဲခွင်ဖြစ်၏။

ရွှေမန်းတင်မောင်တို့ခေတ်က ရွှေမန်းသဘင်နှင့် မြို့တော်သိန်း



www.burmeseclassic.com

www.burmeseclassic.com

အောင်ရုံ၊ စိန်အောင်မင်း၏ လဝန်းသဘင်ရုံ၊ မိုးဝင်း,မိုးမင်းတို့၏အဖေ စိန်မာဒင်ရုံ၊ ဇာတ်သဘင်လောက၏ ဦးသျှောင် ဦးဘိုးစိန်၏ သားစဉ်မြေးဆက် ကက်နက်စိန်၊ တသက်စိန်၊ ညီဝင်းစိန်၊ ငဲ့ဘင်းစိန်တို့၏ စိန်မဟာသဘင်ရုံ၊ ရွှေနန်းတင်ရုံ စသည်ဖြင့် သူ့ခေတ်သူ့စန်းနှင့်သူ ယှဉ်ပြိုင်ကကြသည်။

တောပရိသတ်၊ မြို့ပရိသတ် ရေခံမြေခံကောင်းလှ၍ ရုံတိုင်း ရုံပြည့် ရုံလျှံ အားပေးတတ်ကြသည်။ သူ့ပရိသတ်နှင့်သူ ဆိုတာထက် ပွဲတော်ရက် ခုနစ်ရက် ခုနစ်လီလုံးလုံး ပရိသတ်သည် တစ်ရုံပြီးတစ်ရုံ၊ တစ်ဇာတ်ပြီးတစ်ဇာတ် ထိုစဉ်က အားပေးကြည့်လေ့ရှိသော ပရိသတ်မျိုးဖြစ်၏။

အနောက်တောင်ဘက် အစွန်နှင့် တော်ငဘက်တွင် တစ်မူထူးခြားစွာ ရုပ်သေးစင်များ ဆောက်ထားပြီး ရုပ်သေးအဖွဲ့တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဝင်ကပြကြသည်။ ထိုရုပ်သေးအဖွဲ့စင်တွေကို တောလက်ကျေးရွာက လှည်းပိုင်းကြီးတွေ ယခင်က ညို့နေအောင် ရုံထားသည်။

ရုပ်သေးများ ပါးရှားလာချိန် ယခုလိုကာလတွင် နာမည်ကြီး စီးပွားရေး ကုမ္ပဏီကြီးတွေမှ ရောင်းအားမြှင့်တင်ရေးအစီအစဉ်ဖြင့် မော်ဒယ်လ်ရှိုးတွေ၊ ရောင်းကုန်ပစ္စည်းကြော်ငြာပွဲတွေ လုပ်တတ်သည်။

ပြီးတော့ မြန်မာ့ရိုးရာ မြင်းပြိုင်ပွဲရှိသလို ပိုက်ကျော်ခြင်းပြိုင်ပွဲတွေရှိသည်။ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲတွေလည်း ထည့်သွင်းကျင်းပသည့်အခါ ကျင်းပလေ့ရှိသည့် ရုံကလည်း ရှိသေးသည်။

ထိုသို့သော ပွဲမျိုးစုံ၊ ဈေးဆိုင်ပေါင်းစုံ၊ ပြပွဲတွေ အဆန်းဆန်းဖြင့် ပြည့်နေသော ကျိုက်ခေါက်ဘုရားပွဲကြီးအတွင်း ထူးထူးခြားခြား တစ်နေ့ကို သုံးပွဲမျှတင်ဆက်ပြသနေသည့် ရုံမှာ ဇာတ်သဘင်များလို အပြိုင်မရှိဘဲ တစ်ဖွဲ့တည်း ပြသနေသော ဆပ်ကပ်ပွဲကြီးပင် ဖြစ်ဒ။

ဆပ်ကပ်ပွဲကား ဆင်နှင့် ဝက်ဝံတို့၊ မျောက်တို့ပါရုံနှင့် ကလေးတွေ အထူးစိတ်ဝင်စားနေတော့သည်။ ဦးမောင်မောင်၊ အာဇာနည်စန်းစန်း၊ အောင်ပင်လယ်ဆပ်ကပ် စသည်ဖြင့် နာမည်ကြီးတွေ ဝင်လေ့ရှိသည်။

ထိုအထဲမှာ လူအမြောက်ဆန်ပစ်တာတို့၊ ကမ္ဘာလုံးကြီးထဲတွင် မော်တော်ဆိုင်ကယ် အပြိုင်စီးတာတို့၊ ဆပ်ကပ်မယ်ကလေးများ၏ အသည်းယားစဖွယ် ကျွမ်းဘားကစားသည့် ပြကွက်တွေကို လူကြီး၊ လူလတ်၊ လူပျို၊ အပျိုအရွယ်လေးတွေ အလွန်ကြိုက်ကြသည်။

ကမ္ဘာလုံးထဲ မော်တော်ဆိုင်ကယ်စီးသောပြကွက် ခေတ်စားပြီးနောက် မြန်မာပြည်အနှံ့အပြား၌ ဆိုင်ကယ်ကယ်ရီခေတ်တစ်ခေတ် ပေါ်လာသည်မှာ ရှေ့ဆောင်နိမိတ်လေလား မပြောတတ်။

မောင်ကိုကြီးသည် ဆပ်ကပ်အဖွဲ့မှ ထူးချွန်သူ ဆပ်ကပ်သမား ဖြစ်၏။ သူ၏ အထူးချွန်ဆုံးပြကွက်မှာ ကမ္ဘာလုံးကြီးအတွင်း မော်တော်ဆိုင်ကယ်စီးခြင်းပင် ဖြစ်လေသည်။

မောင်ကိုကြီးက ကမ္ဘာလုံးအတွင်း မော်တော်ဆိုင်ကယ်စီးသည်က တစ်စီးတည်းစီးသည်မဟုတ်။ သူတစ်ယောက်တည်း စီးသည်မဟုတ်။ မော်တော်ဆိုင်ကယ်သုံးစီး တစ်ပြိုင်တည်းစီးသူဖြစ်၏။ သံကမ္ဘာလုံးခြင်းကြီးထဲတွင် မော်တော်ဆိုင်ကယ်မတိုက်မိအောင် ကြည့်ရှုနေသည့် ပရိသတ်များ အသည်းတယားယားဖြစ်အောင် စီးပြရခြင်းမျိုး ဖြစ်သည်။

ဆပ်ကပ်က တစ်ပွဲတည်းပါသဖြင့် ဘုရားပွဲတော်မှာ လူတွေအများဆုံး စုပြုံတိုးကြသည်။ ပထမရက်ပိုင်း နေ့ပွဲညပွဲ နှစ်ပွဲသာ ပြနေရာမှ အဖိတ်နေ့မှစ၍ ဘုရားပွဲတော်လာများ လူပိုစည်သဖြင့် သုံးပွဲပြကြရသည်။

**မိမိနှင့် တွဲဖက်ကပြရသော မင်းသမီး ထူးချွန်၍ နာမည်ကြီးလျှင် တခြားဇာတ်ကြီး တစ်ဇာတ်ကို ထွက်သွားပြီး ကပြလျှင် တခြားဇာတ်ကြီး ထောင်တက်သွားမည်စိုး၍ ထိုမင်းသမီးကို နည်းလမ်းအဖုံဖုံသုံးပြီး အပိုင်ယူလိုက်ကြခြင်းပင်။**



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအခါမျိုးမှာ လူကလည်း ငယ်၊ မော်တော်ဆိုင်ကယ်စီးကလည်း ကျွမ်းကျင်သော မောင်ကိုကြီးက ဖာတ်လိုက်။

စူပါ မော်တော်ဆိုင်ကယ်စီးသမား။

မော်တော်ဆိုင်ကယ်အဖွဲ့၏ ဦးစီးခေါင်းဆောင်။

"မောင်ကိုကြီးကွ ‥ မောင်ကိုကြီး"

မောင်ကိုကြီး နာမည်ဟိန်းနေသည်။

× × ×

(၂)

မောင်ကိုကြီးသည် နာမည်ဟိန်းထွက်နေသလို ငွေကြေးလည်း အများအပြား ရရှိလေသည်။ မောင်ကိုကြီး၏ အောင်မြင်မှုသည် ကျိုက်ခေါက်ဘုရားပွဲက စတင်ခဲ့ခြင်းလည်း ဖြစ်သည်။ ဆပ်ကပ်ခေါင်းဆောင် အစ်မကြီးက ထူးချွန်သော မောင်ကိုကြီးကို အထူးချီးမြှင့်မြှောက်စားလေသည်။

မူလဆပ်ကပ်ညကြေး (နေ့ခင်းဘက်ပင် ပြစေကာမူ ဇာတ်သဘင်တို့နှင့်ရော၍ ညကြေးပဲပြောကြသည်။) တစ်ပွဲ ငါးထောင်ကနေ အသက်ပေါင်ကြေး ငါးထောင်၊ ပေါင်း၍ တစ်ပွဲတစ်သောင်းပင် ပေးထားသည်။ ယင်းကြောင့် တစ်နေ့သုံးပွဲပြရသောနေ့၌ မောင်ကိုကြီးဝင်ငွေမှာ တစ်နေ့သုံးသောင်းဖြစ်နေ၏။

မြန်မာပြည်တွင် စီးပွားရေးစနစ်ချွတ်ခြုံကျနေပြီး ငွေရှာရခက်ခဲနေသော အချိန်မျိုးမှာ မောင်ကိုကြီးတို့လို လူငယ်တွေ အိမ်နီးချင်းနိုင်ငံတွေထွက်ပြီး စီးပွားရှာနေကြသောအချိန် မောင်ကိုကြီးမှာ ရေမြေရပ်ခြား နိုင်ငံခြားသို့ မထွက်ရဘဲ ကိုယ့်တိုင်းပြည်မှာကိုယ် တစ်နေ့ဝင်ငွေ သုံးသောင်းကြီးများတောင် ရှာနိုင်သည်မှာ အာဂလူချွန်တစ်ယောက်ပင် ဖြစ်တော့သည်။

အမှန်တော့ မောင်ကိုကြီး ဤဘဝသို့ ရောက်ရှိလာသည်မှာ လွယ်လွယ်ကူကူတော့ မဟုတ်။

"ဟဲ့ ‥‥ မောင်ကိုကြီး"

"ခင်ဗျာ"

"စနေမက ထမင်းစားမကောင်းလို့ ရုံရှေ့ပွဲဈေးတန်းက ပန်းသေးခေါက်ဆွဲ သွားဝယ်ပေးပါတဲ့"

"ဟုတ်ကဲ့ ခင်ဗျာ"

စနေမ ဆိုတာက သူတို့ဆပ်ကပ်အဖွဲ့ထဲက လက်ထောက်ဘားကျွမ်းမယ်။ မောင်ကိုကြီးက ဆပ်ကပ်မှာ ဂျော်ကာ(ဆပ်ကပ်လူရွှင်တော်) ဦးပေါ်လာ၏သား။ ဦးပေါ်လာသည် ထိုပစ်တိုင်းထောင် ဆပ်ကပ်အဖွဲ့ကြီး ထူထောင်စဉ်ကတည်းက ဆပ်ကပ်အဖွဲ့နှင့် ပါလာသော ဘားကျွမ်းသမားလူရွှင်တော်ဖြစ်ပြီး (အဖွဲ့အမည်နှင့် လူအမည်များကို ပြောင်းလဲရေးသားသည်) ဦးပေါ်လာသည် ဆပ်ကပ်ပိုင်ရှင် ဘားကျွမ်းဆရာကြီးနှင့်လည်း ဘားကျွမ်းကစားဘက် ရဲဘော်ရဲဘက်ဖြစ်ခဲ့သည်။

ခုတော့ ဘားကျွမ်းဆရာကြီးက သေဆုံးသွားခဲ့ပြီ။ ဆရာကြီး၏ ပစ်တိုင်းထောင် ဘားကျွမ်းဆပ်ကပ်အဖွဲ့ကြီးကို ဆရာကြီး၏ဇနီးငယ် အချောအလှ ဘားကျွမ်းမယ်မမလေးက ဦးဆောင်၍ ဆက်လက်ထူထောင်ကပြလျက်ရှိသည်။

ဘားကျွမ်းမယ် စနေမမှာ အဖွဲ့ခေါင်းဆောင် ပိုင်ရှင်အသစ်ဖြစ်သော ဘားကျွမ်းမယ်မမလေး၏ ညီမဖြစ်သည်။

နှစ်ယောက်စလုံး သန်လျင်ဇာတိဖြစ်ပြီး သန်လျင်ဘုရားကုန်းရွာမှာ ဆွေမျိုးတွေရှိသည်။ ယင်းကြောင့် သန်လျင်ကျိုက်ခေါက်ဘုရားပွဲတော်သည် ဆွေဘုရားမျိုးဘုရားဖြစ်ကာ သူတို့ဆပ်ကပ်အဖွဲ့ မပြတ်တမ်း ဝင်နွှဲလေ့ရှိသည်။

ဘားကျွမ်းမယ် ခေါင်းဆောင် မမလေးပြီးလျှင် စနေမက ခေါင်းဆောင်ဖြစ်၏။ အမျိုးသမီး ဘားကျွမ်းအဖွဲ့ကို မမလေး ခေါင်းဆောင်၍ မထွက်နိုင်လျှင် စနေမက ဦးဆောင်၍ ကပြအသုံးတော်ခံရသည်။

ဘားကျွမ်းအဖွဲ့လက်ထောက် စနေမသည် သူ၏မမလေးပြီးလျှင် ဘားကျွမ်းအဖွဲ့တွင် ဩဇာအာဏာအရှိဆုံးဖြစ်၏။

ယင်းကြောင့် စနေမခိုင်းလျှင် မောင်ကိုကြီးတို့လို ချာတိတ်တွေ မငြင်းဆန်ရဲကြ၊ လုပ်ပေးကြရသည်။

တကယ်တော့ မောင်ကိုကြီးသည် စနေမလိုလူမျိုးခိုင်းမှုမဟုတ်။ အဖွဲ့ထဲမှ တစ်ယောက်ယောက်က ခိုင်းလျှင်လည်း မငြင်းဆန်စတမ်း ဝိုင်းဝန်းလုပ်ကိုင်နေနေရသူဖြစ်၏။

မမလေးရဲ့ညီမ စနေမ ဆပ်ကပ်ခေါင်းဆောင် မမလေးအစား ရပ်ချင်းတူ၍ ကိုယ်စားဝင်ရတာတွေ ရှိသည်။ ယင်းကြောင့် မမလေးပြီးလျှင် ဆပ်ကပ်အဖွဲ့တွင် ဩဇာအာဏာရှိသူဖြစ်၏။

ရုပ်ရည်ကား ရွက်ကြမ်းရည်ကျိုပင်ဖြစ်သော်လည်း ဘားကျွမ်းမယ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးမှိ ကိုယ်လုံးကိုယ်ပေါက်က တောင့်တင်းစိုပြည်လှ၏။ သူ့အချိုး အဆစ်နှင့်သူ ကြည့်ကောင်းသူလည်း ဖြစ်၏။

ထိုအလှအပ အဆက်အပေါက် တို့ဖြင့် ယောက်ျားတကာတို့၏ အစွဲ အလမ်းခံရကာ လင်ရှမြန်လှသည်။

စနေမယောက်ျား ဘားကျွမ်း သမား ကိုသော်တာသည် ယောက်ျား လေး ဘားကျွမ်းအဖွဲ့ခေါင်းဆောင် နည်းပြဖြစ်၏။ ဓားပစ်လည်း ကျွမ်း သည်။

အမှန်တော့ မောင်ကိုကြီးအဖေ ဦးပေါ်လာထံမှာ တပည့်ခံပြီးနောက် ဆရာဖြစ်လာခြင်းပင်။ မောင်ကိုကြီး အဖေ ဦးပေါ်လာက ဆရာကြီး။

ဦးပေါ်လာသည် မူလဆပ်ကပ် ပိုင်ရှင် ဦးကိုကိုနှင့် ဆပ်ကပ်သင်ဘက် များ ဖြစ်ခဲ့သည်။ ဦးကိုကိုက အင်မ တန် ကြိုးစားသူဖြစ်၏။ အရက် မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်း မစား၊ လောင်းကစားမရှိသူ။

အလုပ်ကို အင်မတန်ကြိုးစား၍ လုပ်ကိုင်သည်။ မြိုးမြိုးမြှေတာ စု ဆောင်းတတ်သည်။ ယင်းကြောင့် ဆယ်နှစ်တာ ကာလအတွင်းမှ ဆပ် ကပ်အဖွဲ့တစ်ဖွဲ့ သူ့လူယုံဘဝတူတွေ ကို စုစည်းပြီး ထူထောင်နိုင်ခဲ့သည်။

ဘဝတူတွေ၏ကြိုးစားမှုကြောင့် ဦးကိုကို၏ ပစ်တိုင်းထောင် ဆပ်ကပ် အဖွဲ့ကြီး အထူးအောင်မြင်ခဲ့သည်။

မြို့တိုင်း၊ နယ်တိုင်း၊ ဘုရားပွဲ တိုင်း၊ ပွဲကြီးလမ်းကြီး အခမ်းအနား သဘင်တိုင်း ပစ်တိုင်းထောင်ဆပ်ကပ် အဖွဲ့ အမြဲဝင်နွှဲနိုင်ခဲ့သည်။ စီးပွားရေး အားဖြင့် အောင်မြင်တောင့်တင်းသော

ထိုသို့သော
အခြေအနေမျိုးမှာ
သွေးဆူ၍
အချစ်ပူနွေးနေသော
စနေမ၏ပစ်မှတ်သည်
ယင်နိုင်ခိုင်းဖတ်
တပည့်ဖြစ်သော
လူပျိုဟိုင်း
မောင်ကိုကြီးဘက်
လှည့်လာလေတော့သည်။

အဖွဲ့ကြီးဖြစ်လာ၏။

အဖွဲ့သားတွေ အောင်မြင်မှု အရှိန်နှင့် ယစ်မူးကြသူတွေ ယစ်မူး သည်။ အထူးသဖြင့် မောင်ကိုကြီး အဖေဦးပေါ်လာသည် အရက်ကလေး နှင့် အောင်ပွဲခံရာက အရက်စွဲသွား သည်။ ဆပ်ကပ်အဖွဲ့သည် ကျွမ်းဘား အားကစားပညာရပ်မှာ အခြေခံဖြစ်၍ အရက်သေစာသောက်စားခြင်းကို ရှောင်ရှားရန် တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ထားသော်လည်း ပစ်တိုင်း ထောင်အဖွဲ့ထူထောင်ဘက် ကိုပေါ် လာအတွက် ခြွင်းချက်ဖြစ်ခဲ့သည်။

ခြွင်းချက်မဖြစ်ပဲ နေပါရိုးလား။ အဖွဲ့ခေါင်းဆောင် ပိုင်ရှင်ဦးကိုကိုသည် ပင် ဆပ်ကပ်ပြကွက်များတွင် ကိုယ် တိုင်မပါဝင်တော့ဘဲ စီမံအုပ်ချုပ်သူ ဖြစ်နေကာ ဆပ်ကပ်မယ်ကလေး

အချို့နှင့် အရှုပ်အထွေးရှိလာသည်။ သူကိုယ်တိုင် မိန်းမကိစ္စ စည်းဖောက် ပြီဆိုတော့ သူ့လူယုံ ငယ်သူငယ်ချင်း ကိုပေါ်လာတို့ကို အုပ်ချုပ်သည့်အပိုင်း မှာ ပေါ့ပေါ့လျော့လျော့တွေ ဖြစ်လာ သည်။

ဆပ်ကပ်ပိုင်ရှင် ဦးကိုကို သူ့ တပည့်မ ဘားကျွမ်းခေါင်းဆောင် မမ လေးကို တခြားအဖွဲ့ထွက်သွားမှာ စိုးရိမ်ပြီး အတည်ယူရသည်။ ဒါက လည်း ရှေးခေတ်ဇာတ်သဘင်မှာ အချို့ နာမည်ကြီး ဇာတ်မင်းသားကြီး တွေ၏ လုပ်နည်းလုပ်ဟန်။

မိမိနှင့် တွဲဖက်ကပြရသော မင်းသမီး ထူးချွန်၍ နာမည်ကြီးလျှင် တခြားဇာတ်ကြီးတစ်ဇာတ်ကို ထွက် သွားပြီး ကပြလျှင် တခြားဇာတ်ကြီး ထောင်တက်သွားမည်စိုး၍ ထိုမင်း သမီးကို နည်းလမ်းအဖုံဖုံသုံးပြီး အပိုင် ယူလိုက်ကြခြင်းပင်။

ယင်းကြောင့်ပင် နာမည်ကြီး ဇာတ်မင်းသားကြီးတွေအဖို့ ရှေးခေတ် က မယားများသည်ဟု နာမည်ထွက် တတ်သည်။ အချို့ကို ယေဘုယျပြော ခြင်းဖြစ်၏။ နာမည်အတိအကျနှင့် မှတ်သားထားတာတွေ ထုတ်ပြောရ လျှင် ရေငုံနှုတ်ပိတ် ဘိတ်တဆိတ်နေ သူတွေနှင့် အချင်းများရဖွယ်ရှိ၏။

ဆပ်ကပ်သည်လည်း အား ကစားပညာရပ်ပေမည့် ဇာတ်သဘင် ထဲ ပါဝင်နေသဖြင့် ရေမြေလိုက်ခြင်း မျိုးလားမသိ။

ဦးကိုကို အားကိုးအားထားပြုရ သော သူ့တပည့်မ မမလေးကို ယူပြီး နောက် ဆယ်စုနှစ်ပင် မကြာလိုက် သေဆုံးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့နောက်မိန်းမ မမလေး ပိုင်ရှင်ဖြစ်လာသည်။ အအုပ်အချုပ်၊ အကွပ်အကဲ၊ အစီအမံ ပိုကောင်းလာသည်။ ပစ်တိုင်းထောင်ဆပ်ကပ်အဖွဲ့ကြီး ပို၍နာမည်ကြီးလာ၏။

ထိုသို့သောအချိန်မှာ အရေးကြီးသောအချိန်။ လက်တွဲဖော် ရဲဘော်ရဲဘက်များဖြစ်သော ဦးပေါ်လာတို့က အဖွဲ့မှ ထွက်ခွာမသွား။ အမာခံကျန်ရစ်ခဲ့ကာ အထူးကြိုးစားခဲ့ကြသည်။

သို့သော် ထိုအဖွဲ့ဟောင်းတွင် ကပြအသုံးတော်ခံပြီး သုံးနှစ်ခန့်အကြာမှ ဆပ်ကပ်အဖွဲ့ကြီး၏ အားအထားရဆုံး ဂျိုကာကြီး ဦးပေါ်လာ လေဖြတ်သွားခဲ့လေသည်။ အားကစားသမား ကျွမ်းဘားဝိဇ္ဇာကြီးပင်ဖြစ်သော်လည်း အားကစားနှင့် ဆန့်ကျင်ဘက် အရက်ကို မဆင်မခြင်သောက်စားရင်း စွဲလမ်းသွားရာက အရက်ဒဏ်ခံသွားရခြင်းပင်။

အရက်ဒဏ်ကြောင့် လေဖြတ်ပြီးနောက် ဆပ်ကပ်အဖွဲ့တွင် အသုံးမတည့်သလို လူပိုကြီးတစ်ယောက်ဖြစ်နေလေပြီ။

သို့သော် အဖွဲ့ခေါင်းဆောင်ဖြစ်သော ပိုင်ရှင်မမလေးက သူ့အဖွဲ့မှာ လူပိုကြီးဖြစ်နေသော ဦးပေါ်လာကြီးကို ထုတ်မပစ်။ အကြံပေးအဖြစ် ဆက်ခန့်ထားသည်။ ဆပ်ကပ်အဖွဲ့ ရန်ကုန်ဝန်းကျင်တွင်းမှာ ကပြလျှင် လိုက်လိုကလိုက်၊ မလိုက်လိုက ရန်ကုန်ရှိ ဆပ်ကပ်အဖွဲ့လေ့ကျင့်ရာ ခြံကြီးထဲမှာ အိမ်တစ်လုံးဖြင့် ခါတိုင်းလို နေမြဲနေသည်။

အဲ . . . သူ၏တစ်ဦးတည်းသော သား အရွယ်မရောက်တရောက် မောင်ကိုကြီးကိုတော့ ဆပ်ကပ်အဖွဲ့နှင့် တစ်ပါတည်း ခေါ်ဆောင်၍ မြန်မြန်တတ်၊ မြန်မြန်ကျွမ်းကျင်စေရန် သင်ကြားပေးနေတော့သည်။

ယင်းကြောင့် မောင်ကိုကြီးသည် ဆပ်ကပ်အဖွဲ့တစ်ဖွဲ့လုံးရှိ ကျွမ်းကျင်နေသော ပညာသည်တွေကြားမှာ တပည့်အဖြစ်ခံယူပြီး ပညာယူခဲ့ရသည်။

ထိုသို့ပညာယူခဲ့ရ၍လည်း အားလုံးသည် သူ့ဆရာတွေ ဖြစ်ခဲ့လေသည်။ သူက တပည့်အနေနှင့် အားလုံး၏ ခိုင်းဖတ်နေရာမှာနေနေရသည်။

ခုမှ ဂျိုကာကြီး ဦးပေါ်လာ၏ သား အားလုံး၏ လိုရာသုံးခိုင်းဘက် ဂျိုကာလေး ဖြစ်နေရပြီ။

"မောင်ကိုကြီး . . . မင်းမမ စနေမအတွက် ပန်းသေးခေါက်ဆွဲဝယ်လာပြီးပြီလား"

"ဟုတ်"

"အေး . . . အေး . . ဒါဆိုရင် စက်ဘီးစီးအဖွဲ့အတွက် စက်ဘီးတွေကို လေထိုးပေးပါဦးနော်"

"ဟုတ် . . ဟုတ်"

ယောက်ျားလေး ကျွမ်းဘားအဖွဲ့ခေါင်းဆောင် ဦးသော်တာ၏ စကားကြောင့် စက်ဘီးပြကွက်တွင် အဆင်သင့်စီးနိုင်ရန် စက်ဘီးတွေကို လေထိုးရသည်၊ စစ်ဆေးရသည်။

သူ့ကိုခိုင်းသော ဦးသော်တာသည်လည်း သူတို့ ဘားကျွမ်းအဖွဲ့တွင် ဩဇာအာဏာအတန်အသင့်ရှိသူ၊ ပိုင်ရှင်မမလေး၏ညီမ စနေမ၏ယောက်ျား။

ဘားကျွမ်းနည်းပြဆရာ ဦးသော်တာသည် သူ့ထက်အသက်များစွာငယ်ရွယ်သော စနေမကို နီးစပ်မှုဖြင့် အခွင့်ကောင်းယူ အပိုင်ကြံခြင်းဆိုက မမှား။

× × ×

(၃)

ဒါက ပစ်တိုင်းထောင်ဆပ်ကပ်အဖွဲ့ကြီးမှာ ယနေ့ ဝင်ငွေကောင်းပြီး အထူးအောင်မြင်နေသော မော်တော်ဆိုင်ကယ်စီး ဘားကျွမ်းချန်ပီယံ မောင်ကိုကြီး၏ မအောင်မြင်ခင်ဘဝ ပုံရိပ်တစ်စွန်းတစ်စမျှသာ။

ခုတော့ မောင်ကိုကြီး၏ဘဝတွေသည် ယခင်ကနှင့်မတူတော့။ လုံးဝခြားနားကွဲပြားသွားပြီ။

မောင်ကိုကြီး ဆပ်ကပ်ထဲတွင် ငါးနှစ်ခန့် ဖိဖိစီးစီး ကျိုးကျိုးနွံနွံပညာသင်ယူလိုက်ရသည်။ သူဆပ်ကပ်အဖွဲ့နှင့်အတူ မလိုက်ခင်ကလည်း ငယ်စဉ်ကပင် ဆက်ကပ်ခြံကြီးထဲမှာ ဆပ်ကပ်အဖွဲ့သားတွေကို သူ့အဖေ ဦးပေါ်လာက လေ့ကျင့်ပေးနေလျှင် ဝင်ရောက်လေ့ကျင့်ထားတာတွေကြောင့်လည်း အတတ်မြန်တာဖြစ်မည်။

သူ့အဖေ လေဖြတ်ချိန်က သူ ဆယ့်ငါးနှစ်သားရှိပြီး၊ အထက ကျောင်းတက်နေခိုက်ဖြစ်၏။ အထက ကျောင်းမှ ဆယ်တန်းပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်လာခဲ့ရပြီး ဆပ်ကပ်ထဲရောက်လာသော ဒီငါးနှစ်အတွင်းမှာပင် လူပျိုကြီးဖားဖား ဖြစ်ခဲ့လေပြီ။

အမြဲတမ်းလေ့ကျင့်လာရသူ ဖြစ်၍ တက်လူဖြစ်သောကြောင့် ကိုယ်လုံးကိုယ်ထည်အချိုးအစ [illegible] ထွားကျိုင်းကာ ဆပ်ကပ်[illegible]ဖွဲ့၏



www.burmeseclassic.com

www.burmeseclassic.com

သားလေးတစ်ပါး ဖြစ်လာခဲ့သည်။

ထိုသို့သောအချိန်မှာ မောင်ကိုကြီးသည်လည်း အနာအဆာနှင့်လူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပြန်၏။ ဆပ်ကပ်အတွင်းမှ သူ့ဆရာဖြစ်သော ဦးသော်တာမှာ သူ့ဖခင် ဦးပေါ်လာလို ကျချိန်ရောက်လာ၏။ ဒီကြားထဲ သူ့ထက် အသက်ထက်ဝက်ချီးမျှငယ်သော သူ့မိန်းမ စနေမကြောင့် စိတ်ညစ်ပြီး အရက်သောက်သူ ဖြစ်လာခဲ့၏။

ဆရာဦးသော်တာက အရက်မူးနေလျှင် တပည့်ဖြစ်သူ မောင်ကိုကြီးက ဦးသော်တာ၏ပြကွက်တွေရောက်တိုင်း အစားဝင်ခဲ့ရသည်ချည်း။

ယင်းကြောင့် မောင်ကိုကြီးသည် ပစ်တိုင်းထောင်ဆပ်ကပ်အဖွဲ့တွင် ဦးသော်တာနှင့်ယှဉ်၍ နာမည်ထွက်လာတော့၏။

ဦးသော်တာချစ်ဇနီး စနေမသည် ပျိုမျစ်သောအရွယ်ကို ပိုင်ဆိုင်ထားရသူဖြစ်၍ သူ့ကို မိတ်ဆက်လာသူ ပုရိသအနွယ်ဝင်တွေနှင့် စာပေးစာယူ၊ ဖုန်းအဆက်အသွယ်ရှိသလို ဆပ်ကပ်နားသည့်အချိန်တွေမှာလည်း ချိန်းချက်တွေ့ဆုံလေ့ရှိသည်။

ဒီကြားထဲ သူတို့ဆပ်ကပ်အဖွဲ့လို ပွဲတော်တွေတွင် မပြတ်ဝင်ကပြရသော ဇာတ်ကြီးတစ်ဇာတ်မှ ဇာတ်အဖွဲ့ဝင်တစ်ယောက်နှင့် ငြိနေပြန်သဖြင့် ဦးသော်တာ စိတ်အညစ်ကြီး ညစ်ကာ အရက်ကို ဖိသောက်မိပြန်သည်။

စနေမ၏ အစ်မကြီး ပိုင်ရှင်အဖွဲ့ခေါင်းဆောင် မမလေးကို ဦးသော်တာက တိုင်ကြားရင်ဖွင့်သောအခါမှာ မမလေးလည်း သူ့ညီမကို ဘာမှမတတ်နိုင်ခဲ့ချေ။ သူမကိုယ်တိုင်ကလည်း သူ့ညီမ စနေမသာသာမနီးရိုးကွဲဖြစ်နေ၍ မပြောသာတဲ့ ဖြစ်နေရဟန်ရှိတော့သည်။

ထိုသို့သော အခြေအနေမျိုးမှာ သွေးဆူ၍ အချစ်ပူဇွေးနေသော စနေမ၏ပစ်မှတ်သည် ငယ်နိုင်ခိုင်းဖတ်တပည့်ဖြစ်သော လူပျိုပိုင်း မောင်ကိုကြီးဘက် လှည့်လာလေတော့သည်။

"မောင်ကိုကြီးရေ ... မင်းဆရာအတွက် ပြကွက်တွေမှာ အစားဝင်ရသလို မမအတွက်လည်း မင်းဆရာနေရာမှာ အစားဝင်ပေးပါလားကွယ်"

"အို ... မမရယ်၊ မဟုတ်တာ"

"ဘာလို့မဟုတ်ရမှာလဲ။ လောကကြီးမှာ လိုအပ်တဲ့လူအတွက် လိုအပ်တာကို ဖြည့်စွမ်းပေးတာ မဟုတ်တာမှ မဟုတ်ဘဲကွယ်။ ငါ့မောင်က ရှက်ချောသလို လိမ်လည်း လိမ်မာပါတယ်။ နော် ... နော်ကွယ်"

× × ×

(၄)

သည်ကအစ ...

လူပျိုလူရွယ်ကလေး မောင်ကိုကြီး ပန်းကောင်းအညွန့်ကျိုးခဲ့ရသည်။

အဲဒါတွေကို ရိုးမယ်ဖွဲ့နေ၍ မဖြစ်တော့ပြီ။ မောင်ကိုကြီးသည် တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်အဖြစ်နှင့် မထူးဇာတ်ခင်းရတော့သည်။ သူကိုယ်တိုင်ကလည်း အတွေ့အကြုံမရှိလေတော့ ဆားငံရေလို သောက်လေသောက်လေ ငတ်မပြေ။

သို့ဖြင့် သူနှင့် သူ့ဆရာကတော် စနေမတို့အဖြစ် တစ်ဖွဲ့လုံးအတွက် အမြင်မတော်ရာက သူ့ဆရာဦးသော်တာ သိသွားခဲ့လေသည်။

သူ့ဆရာက သူ့ဆရာကတော် စနေမကို အတော်အချစ်ကြီးပုံရသည်။ သူ့ကိုကော၊ သူ့ဆရာကတော်ကိုပါ ဆူပူမောင်းမဲခြင်းမရှိဘဲ အရက်ကိုသာ ဖိသောက်ပြီး ကျွမ်းဘားပြကွက်တစ်ခုမှာ ဝင်ရောက်ကပြပြီး ကျွမ်းဘားတန်းပေါ်က ပြုတ်ကျသွားတော့သည်။

သူ့ကိုယ်သူပဲ အဆုံးစီရင်သွားလေသည်လား၊ အရက်မူးသောအရှိန်နှင့် အကိုင်အဆမှားပြီး ပြုတ်ကျသွားသည်လား၊ ဘယ်သူမှ အပြတ်မပြောနိုင်တော့။

ထိုပြုတ်ကျသော ဒဏ်ရာနှင့်ပင် ဆေးရုံကြီးမှာ တက်ရောက်ကုသနေရင်းက သူ့ဆရာဦးသော်တာ သေဆုံးသွားခဲ့လေတော့သည်။

× × ×

(၅)

သေဆုံးသူက သေဆုံးသွားပြီဖြစ်၍ အားလုံးကို သင်ပုန်းချေပစ်ရန် အဖွဲ့ခေါင်းဆောင် မမလေးက ကြဲဆောင်ရလေသည်။

ပစ်တိုင်းထောင်အဖွဲ့၏ အဓိကပြကွက်ဖြစ်သော ကမ္ဘာလုံးအတွင်း မော်တော်ဆိုင်ကယ်စီးရသော ပြကွက်ကို မောင်ကိုကြီးက ဦးစီးခေါင်းဆောင်အဖြစ် အသုံးတော်ခံရသည်။

သွားလေသူ ဦးသော်တာနေရာမှာ အစားဝင်နိုင်လောက်သောအရည်အချင်းတွေကလည်း မောင်ကိုကြီးဆီမှာ အပြည့်ရှိနေသည်ဟု ယုံကြည်ကြသည်။ ငယ်ဂုဏ်နှင့် တက်သစ်စ မောင်ကိုကြီး၏ အားမာန်ကြောင့် အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

သားတွေအားလုံးက မောင်ကိုကြီး အပေါ် ယုံကြည်အားထားသူတွေ ရှိသည်။ အဖွဲ့တိုးတက်ရာ တိုးတက်ကြောင်း တွေးသည်။

"စွန့်စွန့်စားစား လုပ်ဆောင်ပြရတဲ့ ကကွက်တွေမှန်သမျှ အရင်ကတည်းက မောင်ကိုကြီးပဲ ဦးဆောင်လုပ်သွားတာပဲဟာ။ ခေါင်းဆောင်ဖြစ်လာတော့မှ ပိုပြီးတိုးတက်အောင် ဒီကောင်လေး လုပ်ပြနိုင်ပါလိမ့်မယ်"

"ဒါတော့ ဒါပေါ့ကွာ။ ဒါပေမယ့် မော်တော်ဆိုင်ကယ်စီးသင်ပေးတဲ့ သူ့ဆရာကို သူပြန်စော်ကားတဲ့ကောင် ဒီပြကွက်တွေနဲ့ ရေရှည်အကျိုးမပေးနိုင်ပါဘူးကွာ။ ဒီပြကွက်ဟာ အသက်နဲ့ ရင်းပြီးလုပ်ရတဲ့ ပြကွက်ကွ။ ဆရာ့စားခွက် ဝင်နှိုက်စားတဲ့ကောင် သက်ဆိုးရှည်မယ့်ကောင်မဟုတ်ပါဘူးကွာ"

"ကောင်လေးကိုချည်း အပြစ်မတင်နဲ့လေ။ ကောင်လေးက ခုမှ အရွယ်ရောက်စ မနူးမနပ်ကလေး။ သူ့ဆရာကတော် စနေမက ဝါရင့်၊ သမ္ဘာရင့်ဆိုတော့ ကောင်လေးက ညွတ်ကွင်းမိသွားတာပေါ့"

"ကောင်လေး ညွတ်ကွင်းမိသွားသလို ကိုသော်တာကြီးလည်း ဒဏ်ခံသွားရတာပဲ။ ဒီကိုသော်တာကြီးဟာ အရင်ကမယားကြီး ရှိပါလျက်နဲ့ သူ့ထက်ငယ်တဲ့ သူ့တပည့်မ အချောအလှလေးကို ယူလိုက်လို့ ဝဋ်လည်တာကွ"

"ဒီစနေမဆိုတဲ့ ကောင်မလေးဟာ ငယ်ငယ်ကတည်းက ခပ်ရှုပ်ရှုပ်ရယ်။ ခပ်ရှုပ်ရှုပ်မို့လည်း အသက်ခေါက်ပြန်ချိုး ကြီးတဲ့ သူ့ဆရာသော်တာကြီးရဲ့ မယားဖြစ်သွားတာပေါ့။ ဒါပေမယ့် တို့အလုပ်တွေက အသက်နဲ့ရင်းပြီး လုပ်ကြရတဲ့ အလုပ်တွေဆိုတော့ အိမ်ကမယား ဖောက်ပြန်ရင် ခင်ပွန်းလင်သားကို ထိတော့တာပဲ။ ဒါကြောင့် သော်တာကြီး ဘားတန်းပေါ်က ပြုတ်ကျပြီး အသက်ဆုံးရှုံးရတာကွ"

ဘားကျွမ်းဆရာ ကိုသော်တာကြီး၏ ဖြစ်ရပ်ဆိုးမှာလည်း သန်လျင်ကျိုက်ခေါက်ဘုရားပွဲတော်ကြီးမှာ ဆပ်ကပ်အဖွဲ့ ရုံဝင်နေစဉ် ဖြစ်ခဲ့ရသည်မို့ ကိုသော်တာကြီး၏အလောင်းကို သန်လျင်ဆေးရုံမှတစ်ဆင့် ထိုစဉ်က ပျဉ်ထောင်ကျောင်းသုသာန်တွင် သင်္ဂြိုဟ်ခဲ့ရလေသည်။

× × ×

ခုဟာက ငါးခုံးမ တစ်ကောင်တည်း မဟုတ်။ ငါးခုံးထီးပါ ပါနေသည်။ ယင်းကြောင့် နှစ်ယောက်စလုံးနှင့် ကျိုက်ခေါက်ဘုရားပွဲတော်ခွင်မှာပင် စာရင်းရှင်းရတော့သည်။

(၆)

ကိုသော်တာကို သင်္ဂြိုဟ်သည့်ကိစ္စ ပြီးစီးတော့ ပြီးပြီးပျောက်ပျောက် ဖြစ်သွားရမည့်အစား ပစ်တိုင်းထောင် ဆပ်ကပ်အဖွဲ့ကြီး၌ ဖွဲမီးလောင်သလို တအုံ့နွေးနွေး တငွေ့ငွေ့ဖြစ်ကာ အဖွဲ့သားတွေမှာ ပြောစရာ ဆိုစရာတွေ ကျန်ရစ်ခဲ့လေသည်။

ထိုအခါ အဖွဲ့၏ဦးစီးခေါင်းဆောင်ဖြစ်သော မမလေးမှာ အဖွဲ့ကြီး ရေရှည်တည်တံ့ရေးအကျိုးကို ရှေးရှုရမည့်သူဖြစ်လာ၏။ စည်းကမ်းအုပ်ချုပ်မှုအပိုင်းတွင် သူမသည် ယခုအခါ၌ တာဝန်အရှိဆုံး။

အဖွဲ့အတွင်း လူမှုရေးဖောက်ပြန်မှုတွေ ရှိနေသဖြင့် နာမည်ပျက်ပြီး အဖွဲ့ဂုဏ်သိက္ခာကျမှာကို မမလေး အင်မတန် စိုးရိမ်သည်။

သူတို့အဖွဲ့မှာ ထိုကိစ္စမျိုးတွေ ယခင်က မရှိမဟုတ်၊ ရှိခဲ့ဖူးသည်။ သို့သော် ယခုလို ပေါ်ပေါ်ထင်ထင် လူသိသူသိမဟုတ်။ သိုးကာသိကာ အုံ့ပုန်းကျိတ် ကျိတ်၍ဖြစ်ခဲ့ဖူးတာတွေ ရှိသည်။

သို့ဖြစ်လာလျှင် ကာယကံရှင်တွေကို တိုးတိုးတိတ်တိတ် တွေ့ဆုံဆုံးမ သတိပေးတန်ပေးနှင့် နောက်ဆုတ်သွားကြသည်လည်း ရှိ၏။ အရှိန်သတ်သွားကြသည်လည်း ရှိ၏။ အချို့လည်း ရပ်သွားကြသည်၊ အချို့လည်း မျက်နှာပူပူနှင့် အဖွဲ့မှ ထွက်သွားတတ်ကြသည်။ သို့ဖြင့် ကိုယ့်စာရင်းကိုယ်ရှင်း သွားတတ်ကြသည်။

ခု . . . သူညီမ စနေမနှင့် သူ့ခြိုပေါက်တပည့် မောင်ကိုကြီးကိစ္စလည်း သူမအနေနှင့် လျစ်လျူရှုနေ၍

www.burmeseclassic.com

မဖြစ်ပြီ။

ညီမအံ့ရေး၊ ငယ်မွေးခြံပေါက် တပည့်အရေးထက် ပစ်တိုင်းထောင် အဖွဲ့ကြီး၏ ရှေ့ရေးကို ကြည့်ရမည်။ အဖွဲ့သားတွေ စည်းကမ်းရှိရှိ ကိုယ်ကျင့်တရားကောင်းမွန်ရေးကို တွေးရမည်။ ပြီးတော့ ကျွမ်းဘားအားကစား လောကကြီး တိုးတက်ရေး။

အားကစားပညာရပ်တွင် စည်းကမ်းလိုက်နာခြင်း၊ ကိုယ်ကျင့်တရား ထိန်းသိမ်းခြင်းတို့က အရေးကြီးသည်။ လေ့ကျင့်မှုမှန်ကန်မှုသည် စည်းကမ်းရှိလျှင် အလိုလိုဖြစ်လာမည်။

စည်းနှင့်ကမ်းနှင့် နေထိုင်ကျင့်သုံးလေ့ကျင့်လျှင် ထိုအားကစားသမားသည် ထူးချွန်ထက်မြက်လာမည်သာ ဖြစ်၏။

ယခုအခါမှာ သူတို့ဆပ်ကပ်အဖွဲ့တွေကို အားကစားသမားတွေဟု မြင်ရမည်ထက် သဘင်သည်တွေနှင့် ရောထွေးမြင်ထားကြသည်။ သဘင်သည်တွေထဲမှာလည်း စည်းကမ်းပေါ့ပျက် ချိုးဖောက်သူတွေရှိနေ၍ အထင်သေးစွာဖြင့် ...

"ဈေးသည်အစ၊ ဇာတ်သမအလယ်၊ ဟိုပဟာအဆုံး"ဟူ၍ မှိုချိုးမျှစ်ချိုး ပြက်ရယ်ပြု ဦးနှိမ်ထားသော စကားတစ်ရပ် တွင်ခဲ့ဖူးလေသည်။

သူမ၏ ဆပ်ကပ်အဖွဲ့ကြီး၊ သူမ၏ အားကစားလောကကြီး သူမညီမ စနေမနှင့် ငယ်မွေးခြံပေါက်တပည့် မောင်ကိုကြီးတို့ကြောင့်တော့ အများပြောစရာ အဖြစ်မခံနိုင်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်တာမျိုးလည်း မလိုချင်။

ခုဟာက ငါးခုံးမတစ်ကောင်တည်း မဟုတ်။ ငါးခုံးထီးပါ ပါနေသည်။ ယင်းကြောင့် နှစ်ယောက်စလုံးနှင့် ကျိုက်ခေါက်ဘုရားပွဲတော်ခွင်မှာပင် စာရင်းရှင်းရတော့သည်။

"စနေမ ... ညည်းနဲ့ မောင်ကိုကြီးဇာတ်လမ်းကို ရပ်တန်းက ရပ်မလား၊ အဖွဲ့ထဲကထွက်မလား ဆုံးဖြတ်ပါ။ မောင်ကိုကြီးလည်း စဉ်းစားပေါ့"

ဒီလိုဆိုတော့ စနေမကလည်း အာဂမိန်းမပင်။ သူ့အစ်မအရင်းထက် လင်ငယ်ငယ်လေး၏အဆိပ် ငယ်ထိပ်တက်နေချိန်ဖြစ်၍ ...

"မမလည်း ငယ်ရာကကြီးလာတာပဲ။ ညီမလေးတို့အချစ်ရေးမှာ ဝင်ရောက်စွက်ဖက်စရာ အကြောင်းမရှိဘူးနဲ့တူတယ်။ တကယ်ဆိုရင် မမအနေနဲ့ကတောင် ညီမလေးတို့ကိစ္စမှာ တစ်ဖက်တစ်လမ်းကနေ အကူအညီပေးသင့်တာပဲ"

"ဒါက ညီမတစ်ယောက်ရဲ့ကိစ္စပဲ။ ခုဟာက တစ်ဖွဲ့လုံးရဲ့ကိစ္စဆိုတော့ မမအနေနဲ့ အဖွဲ့ကြီး ပျက်မသွားရေးနဲ့ စည်းကမ်းပိုင်းဆိုင်ရာ အလေးထားရေးကိုပဲ စဉ်းစားရလိမ့်မယ်။ ခု ... ကိုသော်တာသေသွားပြီ။ ညီမလေးတို့က ကိုသော်တာသေတာမှ ပူပူနွေးနွေးရှိသေးတယ်။ ပေါ်တင်ကြီး အတူတူ အိပ်နေကြပြီဆိုတော့ မျက်နှာပြောင်တိုက်ရာကျလွန်းနေတယ်"

"မမကလည်း မောင်လေးနဲ့ ညီမလေးတို့က ကျိုက်ခေါက်ဘုရားပွဲပြီးလို့ ရန်ကုန်ပြန်ရင် တရားဝင်လက်ထပ်ကြတော့မယ့်ဟာပဲ။ နောက်လည်း အဲဒီလိုနေကြရမယ့်အတူတူ ခုကတည်းက အတူတူနေကြတာဘာဖြစ်တာမှတ်လို့"

"ဒါပေမယ့် ဒီလောက်မြန်မြန်ဆန်ဆန်ကြီးဆိုတော့ အဖွဲ့ထဲမှာ ပြောစရာဖြစ်နေတာပေါ့"

"ဘယ်သူတွေ ဘာပြောပြော ဂရုစိုက်စရာလုပ်လို့ မမရယ်။ မောင်လေးကလည်း လူပျိုလူလွတ်၊ ညီမလေးကလည်း ပိုင်ရှင်လင်သားမရှိတော့တဲ့သူ။ ကြာရင် ခုအတင်းအဖျင်းလုပ် ပြောနေတဲ့ဟာတွေ ပါးစပ်ပိတ်သွားမှာပေါ့"

"ပါးစပ်တွေက ပိတ်သွားပေမယ့် ညီမလေးတို့ရဲ့ အပုပ်နံ့က ပြယ်သွားမှာမဟုတ်ဘူး။ အဲဒီအပုပ်နံ့ဟာ မမတို့ တစ်ဖွဲ့လုံးကို ထိခိုက်လာမယ်ဆိုရင် မမ ဘာဆက်လုပ်ရတော့မှာလဲ။ မမတစ်ဘဝလုံး ဒီဆပ်ကပ်အဖွဲ့ကြီးနဲ့ ကျွမ်းဘားအားကစားတစ်ရပ်လုံးမှာ မြှုပ်နှံထားခဲ့တာဖြစ်လေတော့"

"ဩော် ... ဩော် .. သိပါပြီ မမရယ်။ မမက မောင်လေးနဲ့ ညီမလေးတို့ အတိအလင်းယူပြီး ကျွမ်းဘားဆပ်ကပ်အဖွဲ့ကြီးထဲမှာ ဆက်နေကြမှာကို မလိုလားလို့ပြောနေမှန်း ညီမလေးတို့ သိပါပြီ။ မမလေးက အဲဒီလိုဖြတ်ရင် ညီမလေးတို့ဘက်ကလည်း ပြတ်ရမှာပေါ့။ ညီမလေးတို့ နှစ်ယောက် လက်ထပ်ပြီး လင်မယားအဖြစ်နေဖို့ကလွဲပြီး ဘာမှမမြင်နိုင်တော့ဘူး မမ"

"ဒါဆိုရင် ရှင်းပါတယ် ငါ့ညီမ စနေမရယ်။ မင်းတို့နှစ်ယောက်စလုံး မမတို့ ဆပ်ကပ်အဖွဲ့က ထွက်သွားကြရုံပေါ့။ ကဲ .. မောင်ကိုကြီး၊ မင်းကကော ဘယ်လိုလဲ"

မမလေးက သူ့တပည့်ပညာ



www.burmeseclassic.com

www.burmeseclassic.com

တွေနှင့် သူညီမပညာတွေကို နှ မြော ပြီး ဆုံးဖြတ်ချက် ပြင်လိုပြင်ငြား မောင်ကိုကြီးဘက် လှည့်မေးသည်။

"မေမေ ... မမကြီးခင်ဗျား။ ကျွန် ... ကျွန်တော် မမလေးစနေမရဲ့စကားကို မလွန်ဆန်နိုင်ပါဘူးခင်ဗျာ။ မမလေး စနေမနဲ့အတူ ဆပ်ကပ်အဖွဲ့ကြီးက ထွက်ဆိုထွက်ပါ့မယ်။ ကျွန်တော်တို့နှစ်ယောက် လက်ထပ်ပေါင်းသင်းပြီး အတူတူနေကြဖို့ကိစ္စကို မပြင်နိုင်တော့ပါဘူးခင်ဗျာ"

"မောင်ကိုကြီးရယ် ... မင်းပညာတွေကို မေမေမကြီး နှမြောလိုက်တာကွယ်။ မင်းတို့နှစ်ယောက်စလုံး မိုက်တွင်း အင်မတန်နက်ကြတာပဲကွယ်"

မမလေးမှာ မောင်ကိုကြီးအတွက် ထိုမျှသာ ကရုဏာစကားပြောနိုင်ပြီး သူမ ယုံကြည်အားထားသော ဆပ်ကပ်အဖွဲ့ကြီးအတွက် သူမ၏ ဆုံးဖြတ်ချက်ကို မပြင်တော့ချေ။

ယင်းကြောင့် သန်လျင်ကျိုက်ခေါက်ဘုရားပွဲကြီးအပြီးတွင် မောင်ကိုကြီးနှင့် စနေမတို့ လင်မယားအသစ်စက်စက် ပစ်တိုင်းထောင်ဆပ်ကပ်အဖွဲ့ကြီးမှ ထွက်ခဲ့ရလေတော့သည်။

× × ×

(၇)

စနေမသည် စနေမဆိုသည့်အတိုင်း စိတ်ထက်သူ။

မမလေးတို့ ပစ်တိုင်းထောင်ဆပ်ကပ်အဖွဲ့ကြီး ဘုရားပွဲပြီး၍ တခြားဘုရားပွဲခွင်ရှိရာသို့ ပွဲကူးသွားပြီဖြစ်သော်လည်း လိုက်ပါမသွားတော့ဘဲ သန်လျင်တွင် ကျန်ရစ်ခဲ့လေသည်။

သန်လျင်ဘုရားကုန်းမှာ ကိုယ့်ရပ်ကိုယ့်ရွာဖြစ်နေ၍ ဆွေမျိုးတွေရှိနေသဖြင့် အစိမ်းသက်သက်တော့မဖြစ်။

စုဆောင်းထားသော ရတနာပစ္စည်းအချို့နှင့် ငွေသားအချို့ကို ရောင်းချပေါင်းစပ်ပြီး ပေနှစ်ဆယ်၊ သုံးဆယ်အကျယ် မြေကွက်ကလေးတစ်ကွက်၊ အိမ်နှင့် လျှပ်စစ်မီးအပါအဝင် သိန်းငါးဆယ်နှင့် ဝယ်နိုင်ခဲ့သည်။

ကျန်ငွေသိန်းနှစ်ဆယ်နှင့် ကျိုက်ခေါက်ဘုရားဈေး မျက်နှာစာတန်းတွင် ဆိုင်ခန်းလေးတစ်ခန်း ငှားရမ်းကာ အထည်ဆိုင်ကလေး ဖွင့်သည်။

သူတို့အထည်ဆိုင်ကလေးမှာ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ ခေတ်မီ ဖိနပ်မျိုးစုံ၊ ထီးအမည်မျိုးစုံ တင်၍ရောင်းသည်။ ရှော့ပင်းမောလ် အသေးစားလေးပင်။ ဆိုင်တင်ပစ္စည်းအတွက် မပူရ။ ရန်ကုန်ဘက်ကမ်း ယုဇနပလာဇာမှ အသိအကျွမ်းဆိုင်ရှင်တွေဆီက ပစ္စည်းတွေယူပြီး တင်ရောင်းသည်။

ငွေကြေးစပေါ်တင်စရာမလို။ ဆိုင်ခန်းရှိဖို့ပဲ လိုသည်။ ရောင်းချပြီး ကော်မရှင်နုတ်၍ ငွေရှင်းရုံပင်။

စနေမက လည်သည်။ ထိုနေရာမျိုးမှာ အပေါင်းအသင်းရှိသည်။

ယုဇနပလာဇာ၊ တာမွေပလာဇာမှ အထည်ဆိုင်၊ လက်ကားဖြန့်ချိသူတွေကလည်း သူတို့လို ဆပ်ကပ်အဖွဲ့တွေ၊ ဇာတ်သဘင်အဖွဲ့တွေနှင့် အလွမ်းသင့်သူတွေ ဖြစ်၏။ သူတို့အဖွဲ့တွေ တစ်ခါဝယ်လျှင် တစ်ဖွဲ့စာဝယ်သည့်အခါ ဝယ်လေ့ရှိသဖြင့် ဖောက်သည်ဖြစ်နေကြခြင်းပင်။

မောင်ကိုကြီးနှင့် စနေမတို့ လင်မယားနှစ်ယောက် မနက်ဆိုင်သွားဖွင့်၊ ညနေ ဆိုင်သိမ်းအိမ်ပြန်နှင့် ညားခါစလင်မယားနှစ်ယောက် ဘဝမေ့ကာ အကြည်ဆိုက်နေကြသည်။

တတ်သည့်ပညာနှင့် လုပ်စားသည့်အလုပ် တခြားစီဖြစ်နေသည်ကိုပင် မတွေးနိုင်ခဲ့ကြ။

လင်မယားနှစ်ယောက် အိမ်မှာပဲ ညအိပ်ကြသည်။ မနက်မိုးလင်းသည်နှင့် အိမ်မှ မော်တော်ဆိုင်ကယ်တစ်စီးနှင့် ဘုရားကုန်းဈေးသို့ထွက်လာကြသည်။ စနေမက မော်တော်ဆိုင်ကယ်စီး ချန်ပီယံ လင်တော်မောင်ကို မော်တော်ဆိုင်ကယ်ဝယ်ပေးထားသည်။ ထိုမော်တော်ဆိုင်ကယ်မှာ လင်မယားနှစ်ယောက် ဈေးသွားဈေးပြန်။

ဈေးမှာ ထမင်းချိုင့် မှာစားကြသည်။ အိမ်မှာ ချက်စားကြသည်ဟု သိပ်မရှိ။ ဈေးပိတ်ရက်ဖြစ်သော လပြည့်လကွယ် ဥပုသ်နေ့ကြီးများနှင့် ဂေဇက်ဝင်ရုံးပိတ်ရက်များတွင်သာ ဈေးမထွက်ဘဲ အိမ်မှာချက်စားတတ်ကြသည်။

မောင်ကိုကြီးနှင့် စနေမတို့အတွက် မိုးမမြင် လေမမြင် အပျော်တွေနှင့် နေ့ရက်ကလေးတွေ။ ခြွင်းချက်အားဖြင့်မူ လွတ်လွတ်ခါခါ ပျော်ရွှင်နေကြရသည်မဟုတ်။

သူတို့လင်မယားနှစ်ယောက်နောက်ကို စနေမရဲ့ခင်ပွန်းဟောင်း သွားလေသူ ဦးသော်တာ လိုက်လာသည်ဟု အိပ်မက်တွေ မြင်မက်လေ့ရှိနေတတ်သည်။ ထိုအိပ်မက်မျိုးကိုလည်း တစ်ယောက်တည်း မြင်မက်လေ့ရှိသည်မဟုတ်။ နှစ်ယောက်စလုံး

www.burmeseclassic.com

www.burmeseclassic.com

မကြာမကြာမက်လေ့ရှိတတ်ကြသည်။

အိပ်မက်ထဲမှာ ဦးသော်တာသည် ကျွမ်းဘားတန်းပေါ်က ပြုတ်ကျသည့်အတိုင်း ဖက်ကြီးကျိုး၊ မျက်စိကြီးပြူး၊ လျှာကြီးထွက်ကာ သွေးသံရဲရဲနှင့် မြင်မကောင်း ရှုမကောင်း ကြောက်လန့်ချောက်ချားဖွယ်ရာအသွင်မျိုးနှင့် သူတို့နှစ်ယောက်ကို အခဲမကျေသလို ရှိလေသည်။

"ကောင်မ ...နင်မျောက်မထားလို့ ယောက်ျားဖြစ်တဲ့ငါ အန္တရာယ်ဆိုးနဲ့ ကြုံရတာ။ နင့်ကိုငါ ဒီတစ်သက်မကျေဘူး"

"ဟေ့ကောင်လေး ..မင်းကသူများမယားကို ကြောင်တောင်နှိုက်ပြီး အရယူ သိုက်တူးလို့ အနေအစားချောင်ပြီး ပျော်နေတယ်ပေါ့လေ။ ယုတ်မာလော်လီ ညစ်စုတ်တဲ့ဟာတွေဟာ တာရှည်မခံပါဘူးကွ။ မင်းတို့အပျော်တွေ ဇာတ်သိမ်းမယ့်နေ့ မကြာခင်ရောက်လာစေရမယ်ကွ"

အဲဒီလို ခြိမ်းခြောက်မှုတွေ၊ အိပ်မက်ဆိုးတွေ မက်ပြီဆိုရင်တော့ ကိုယ့်အကြောင်းနှင့်ကိုယ်၊ ကိုယ့်အပြစ်နှင့်ကိုယ် ရှိခဲ့ဖူးကြသော လင်မယားနှစ်ယောက် အကြောက်ကြီးကြောက်၊ အလန့်ကြီးလန့်၍နေကြသည်။

ခြံကလေးတစ်ခြံ၊ အိမ်ကလေးတစ်အိမ်ထဲမှာ လင်မယားနှစ်ယောက်တည်း ရှိနေရသည့်အဖြစ်မို့ တစ်ယောက်ကိုတစ်ယောက်ပဲ အားကိုးစရာရှိတော့သည်။

ကိုယ့်အကြောင်းနှင့်ကိုယ် ရှိနေခဲ့၍ သူတို့အိပ်မက်အကြောင်း ဆွေမျိုးစပ်တွေကိုလည်း မပြောရဲ။ ဖွင့်ဟပြီးလည်း မတိုင်ပင်သာ။

ကျိတ်မှိတ်ခံကြရသည်။ စိတ်အဆင်းရဲခံကြရသည်။ သည်ကြားထဲ ဦးသော်တာကြီးက အစွဲအလမ်းကြီးပြီး မကျွတ်မလွတ်ဘဲ အငြိုးကြီးနေပုံကလည်း ကြောက်စရာ၊ အသည်းထိတ်စရာ။

သူတို့ ညညအိပ်ပြီနေလျှင် အိမ်ရှေ့ခန်းမှ စားပွဲတင်ပန်ကာကို တွန်းချသည်။ ပန်ကာတဝီဝီလည်နေသော်လည်း ဝုန်းခနဲအသံကြားရပြီးနောက် လျှပ်စစ်ဝါယာတွေ လျှော့ဖြစ်ပြီး မီးလောင်မှာစိုးရိမ်ပြီး ထပိတ်ရသည်။

"ဝုန်း ..."

"ဂလုံး ..."

"ဂွမ်း ..."

အိမ်ရှေ့ကကိစ္စမပြီးသေး နောက်ဖေးမီးဖိုချောင် အိုးခွက်ပန်းကန်တွေ ကျကွဲသံ ကြားရပြန်သည်။ လူတစ်ယောက်အနေနှင့် သူ့ယောက်ျားဟောင်း ဦးသော်တာကြီးအား မကြောက်ခဲ့သော စနေမ ...ခုတော့ မိန်းမသားပီပီ အကြောက်လန့်ကြီး ကြောက်လန့်နေရှာသည်။

သူမအနားမှာ မောင်ကိုကြီးပင်မရှိလျှင် အကြောက်လွန်ပြီး အသက်ပင်သေသွားနိုင်လောက်သည်။ ထိုသို့သော အိပ်မက်ဆိုးတွေ၊ အသံဗလံတွေကြောင့် ကြောက်လန့်ချောက်ချားနေသော စနေမသည် မောင်ကိုကြီးကို အားကိုးအားထားစရာအဖြစ် တိုး၍ဖက်ထားမိသည့်အဖြစ်ကိုက ကြောက်လန့်ချောက်ချားစရာထက် ရယ်စရာကောင်းနေမည်လား မသိ။ ခြောက်လှန့်သူအတွက် မခံချင်စိတ်တွေ ပို၍ပွားများလာစရာတွေ ဖြစ်နေမလား မသိ။

ယောက်ျားဟောင်းတစ္ဆေ မခံချင်စိတ်နှင့် ခြောက်လှန့်လေ ...ယောက်ျားသစ်ကလေးမှာ တိုး၍အဖက်ခံရလေ။ ထိုမခံချင်စရာ စိတ်တွေ တိုး၍တိုး၍လာသောကြောင့်လား မသိ။

နောက်တစ်နေ့မနက်စောစော မောင်ကိုကြီးနှင့် စနေမတို့ လင်မယားနှစ်ယောက် အိမ်မှနေ၍ ဘုရားကုန်းဈေးကို ဆိုင်ဖွင့်ရန်အလာ သီလဝါဆိပ်ကမ်းဘက်မှ ကုန်အပြည့်နှင့် မောင်းလာသော ကွန်တိန်နာကားကြီးနှင့်ဝင်တိုက်မိသဖြင့် ကားကြီးအောက် မော်တော်ဆိုင်ကယ်နှင့်အတူ နှစ်ယောက်စလုံး ဝင်သွားခြင်းပင်။

"ဒုန်း ..."

"အား ..."

"အမယ်လေး ..."

မချိမဆံ့ အော်သံတွေနှင့်အတူ နှစ်ယောက်စလုံး စိစိညက်ညက်ကြေပြီး အသက်ပျောက်သွားရရှာလေပြီ။

ဆပ်ကပ်အဖွဲ့တွင် ကမ္ဘာလုံးကျဉ်းကျဉ်းကလေးကို ပတ်ပြီး ကျွမ်းကျင်ထူးချွန်စွာ မော်တော်ဆိုင်ကယ်အပြိုင်စီး အောင်ပွဲခံနိုင်ခဲ့သော မောင်ကိုကြီးနှင့် သူ့မိန်းမ စနေမတို့၏ ဖြစ်ရပ်ဆိုးမှာ မယုံကြည်နိုင်စရာပင် ဖြစ်လေသည်။

ပြုမိမှားသူတို့၏ လောကဒဏ်ကို လက်တွေ့ခံစားသွားကြရလေပြီလား ...။

ဇေဂျော်မင်းနိုင်

www.burmeseclassic.com

# အားကျဖွယ်ကောင်းသော

# လူ့စွမ်းအားတန်ဖိုးရှိသည့်နိုင်ငံသို့

# အလည်ခရီးတစ်ခေါက်

◆ မြသန်းဖြင်း



၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ ညနေစောင်းအချိန်တွင် ရုံးမှပြန်လာသော သမီးငယ်လေး သဲနုဖြူက စာရွက်စာတမ်းများကို လှမ်းပေးပါသည်။ စင်ကာပူ-ရန်ကုန်အပြန်ခရီးစဉ်လက်မှတ်ဖြစ်ပါသည်။

ရည်ရွယ်ထားခြင်းမရှိသော ခရီးစဉ် ဖြစ်ပါသည်။ သို့သော် ခရီးသွားလာမှုကို ခုံမင်သော စာရေးသူမှာ စွဋ္ဌလိပ်ရေထဲလွှတ်သလို ပျော်သွားပါသည်။ စာရေးသူသည် လေယာဉ်ပျံ အကြိမ်ပေါင်းများစွာ စီးနင်းဖူးပါသည်။ ယခု ခရီးလမ်းကြောင်းတွင် ခရီးသည် ၁၇၀ ပါရှိကြောင်းလည်း သတိထားမိပါသည်။

စာရေးသူတို့ စီးနင်းလိုက်ပါသော ယာဉ်သည် စင်ကာပူ Changi လေဆိပ် Terminal 1 သို့ စင်ကာပူစံတော်ချိန် ၁၅း၀၅ နာရီ၊ မြန်မာစံတော်ချိန် ၁၃း၃၅ တွင် ဆင်းသက်ခဲ့ပါ သည်။ Checking ကိစ္စများ ပြုလုပ်သောအခါ သားငယ်လေး၏ ကြိုတင်မှာကြားထားချက်အတိုင်း စင်ကာပူ Immigration ကောင်တာတွင် စာရေးသူက ဦးစွာစစ်ဆေးခံပါသည်။ ပခုံးပေါ်တွင် သုံးရစ်အဆင့် ထပ်ထားသော ပုဂ္ဂိုလ်က စာရေးသူ၏လက်ထဲမှ စာရွက်စာတမ်းများအား ခွင့်ပြုတံဆိပ်တုံးနှိပ်ပြီး ပြန်ပေးပါသည်။

တင်းကျပ်စွာ စိစစ်သည်ဟု သိထားသော စင်ကာပူ Immigration ကောင်တာက လွယ်လင့်တကူ ခွင့်ပြုခြင်း ဖြစ်ပါသည်။ ဆက်လက်၍ Conveyor Belt ဖြင့်ပါလာသော luggage သုံးခုကို စောင့်ဆိုင်းယူငင်ကာ တွန်းလှည်းလေးတစ်စင်း၌ထားပြီး Arrival ခန်းထဲသို့ ဝင်လာသောအခါ သားငယ်က



www.burmeseclassic.com

www.burmeseclassic.com



ခရစ်စမတ်
အကြိုညက
ခရီးစဉ်
လက်ကျန်စွန်းတွင်
ကိုဝင်းနိုင်နှင့်အတူ

ကြိုတင်ရောက် စောင့်ဆိုင်းနေသည်။

ထို့နောက် Taxi တစ်စီးကို သားငယ်က ငှားကာ လေဆိပ်မှ ထွက်လာပါသည်။ စင်ကာပူနိုင်ငံ၏ ယာဉ်ကြောစနစ်မှာ လက်ဝဲကပ်မောင်းဖြစ်ကြောင်း သတိထားမိပါသည်။ လေဆိပ်မှ တည်းခိုမည့် Toa Payoh သို့ နာရီဝက်ခန့် မောင်းရပါသည်။ ကားလမ်းများမှာ ဖုန်မှုန့်လုံးဝ မရှိပါ။ ပြောင်ချောသော ကတ္တရာလမ်းသာ ဖြစ်သလို များပြားစွာသွားလာနေသော ကားများစွာ ရှိသော်ကစား ယာဉ်ကြောပိတ်ဆို့မှု လုံးဝမရှိပါ။ ကားများက တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှင့် ၁၀၀ အကြား မောင်းနှင်နိုင်ကြပါသည်။ ခုံးကျော်တံတားများနှင့် Underpass များ ရှိခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိခြင်း ဖြစ်ဟန်တူကာ အချက်ပြမီးပွိုင့်များကလည်း ပုံမှန် ခွင့်ပြု/ရပ်နားစေခြင်းများကြောင့်လည်း တစ်ဖက်တစ်လမ်းမှ အကျိုးသက်ရောက်မှုရှိသည်ဟု သဘောရပါသည်။ အားလုံး Electronic စနစ်ဖြင့် လုပ်ကိုင်ထိန်းကျောင်းခြင်းလည်းဖြစ်ကာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် တစ်ယောက်မှ မမြင်တွေ့ခဲ့ရပါ။ Toa Payoh 203#4-1125 မှာ စာရေးသူတို့ တည်းခိုမည့် ရပ်ကွက်ရှိ အိမ်ရာခန်း FLAT ဖြစ်ပါသည်။

အငှားယာဉ် Taxi များကို ၂၄ နာရီပတ်လုံး လွယ်လင့်တကူ ငှားရမ်းစီးနိုင်ပြီး စည်းကမ်းတင်းကျပ်ထားရာ အပိုကြေး Tip ပေးရန် လုံးဝမလိုပါ။ စီးနင်းသုံးစွဲမှုကို ခရီးအကွာအဝေးအလိုက် မီတာနှင့် တွက်ချက်ပါသည်။ ကားခမှာ စင်ကာပူဒေါ်လာ နှစ်ဒေါ်လာ ၈၀ ဆင့်မှ ငါးဒေါ်လာထိ ကားအမျိုးအစားပေါ် မူတည်၍ ကွဲပြားခြားနားစွာ သတ်မှတ်ထားပါသည်။ အသွားအလာထူထပ်သော Peak Period အချိန်များတွင် အပိုကြေးထပ်ဆောင်းပေးချေရပါသည်။ ကြိုတင်၍ ဖုန်းဖြင့်ခေါ်ယူပါက အပိုကြေးပေးရန် လိုအပ်ပါသည်။

တည်းခိုသည့် Flat မှာ လေးထပ်တွင် ရှိပါသည်။ ဓာတ်လှေကားဖြင့် တက်ရပါသည်။ လေးထပ်၏ ကုပ်ခန်းဖြစ်ပါသည်။ ထို့ကြောင့် #4 ဟု ရေးသားခြင်း ဖြစ်ပါသည်။ အိပ်ခန်းကျယ် နှစ်ခန်းရှိရာ စာရေးသူတို့မိသားစု သီးခြားတစ်ခန်းတွင် နေရာချထားပေးပါသည်။ လေအေးစက် ရှိသည်။ ဘိုထိုင် အလေးအပေါ့ခန်းနှင့် ရေပူ၊ ရေနွေး လိုသလိုသုံးနိုင်သော ရေချိုးခန်းပါသလို၊ တစ်အိမ်လုံးအတွက် မီးဖိုခန်းတစ်ခန်းရှိရာ မီးဖိုမှာ Gas မီးဖိုများသုံးပါသည်။ သောက်သုံးရန် ရေနွေးကိုမူ လျှပ်စစ်ဓာတ်အား သုံးရပါသည်။

သားငယ်သည့် သီးခြားတွင် နေ

www.burmeseclassic.com




မြစ်အတွင်းမှ ရေပေါ် ဘောလုံးကွင်း

ထိုင်လင့်ကစား ထိုနေ့မှစ၍ စာရေးသူတို့နှင့်အတူ လာရောက်ပူးပေါင်း နေထိုင်ပါသည်။ Topao တွင်ဖြစ်ပါသည်။

ခေတ္တနားပြီး ရေချိုးကာ စင်ကာပူလာသော Social Visit ကို စကြပါသည်။ စစချင်းခရီးမှာ တည်းခိုရာ Flat မှာ ၁၀ မိနစ်ခန့် လမ်းလျှောက်ရသော Braddel မြေအောက် MRT ခေါ် Mass Rapid Transit ရထားဘူတာသို့ ဖြစ်သည်။ မော်တော်ကားလမ်း ဖြတ်ကူးရသော နေရာမှလွဲ၍ တစ်နေရာနှင့်တစ်နေရာကို ကူးသန်းရာတွင် အမိုးပါသော လျှောက်လမ်း Coridor များသာ ဖြစ်သည်။

Braddel တွင် မြေအောက်သို့ တစ်ထပ်တည်း ဓာတ်လှေကားဖြင့် ဆင်းရသည်။ ရထားလမ်း၊ မြေအောက် ဝင်ပေါက်ရှိ Electronic စက်ပေါ်သို့ Card အားတင်လိုက်ရာ Go ဆိုသော တစ်လုံးပေါ်လာပြီး မောင်းတံလေးကို အသာအယာတွန်း၍ ဝင်ရသည်။

စင်ကာပူတွင် MRT လိုင်း လေးလိုင်းရှိပါသည်။ နံနက် ၅း၁၆ နာရီမှ ည ၁၂ နာရီထိ ပြေးဆွဲပါသည်။ အနီရောင်လိုင်းက (မြောက်ဘက်မှ တောင်ဘက်)လိုင်း၊ အစိမ်းရောင်က (အရှေ့-အနောက်လိုင်း) ခရမ်းရောင်လိုင်းက (မြောက်-အရှေ့လိုင်း)နှင့် မြို့ပတ်လိုင်းကို (လိမ္မော်ရောင်) သတ်မှတ်ထားပါသည်။

စာရေးသူတို့ မြေအောက်ဘူတာ ရထားပလက်ဖောင်းပေါ်သို့ ရောက်ပြီး မကြာမီ စီးနင်းရမည့် ရထားလည်း ဆိုက်လာပါသည်။ ချိတ်ဆွဲထားသော NEON Light ဆိုင်းဘုတ်တွင် ဖော်ပြထားသည့် Next Train 3 minutes ဟူသည့်အတိုင်း အချိန်တိကျစွာ ဆိုက်လာပါသည်။ ရထားပေါ်မှ ဆင်းသူများက တံခါးပေါက်တည့်တည့်က ဆင်းရပြီး၊ တက်ရမည့် ခရီးသည်များက ဘေးဘယ်ညာ နှစ်ဖက်မှ တန်းစီပြီး ရထားပေါ်တက်ရသည်။ မြေအောက်ဘူတာရှိ တံခါးပေါက်နှင့် ဆိုက်ရောက်လာသည့် မြေအောက်ရထား MRT ၏ တံခါးပေါက်နှင့် ကွက်တိဖြစ်ပါသည်။ Computer ဖြင့် ထိန်းချုပ်ထားခြင်း ဖြစ်ပါသည်။ တွဲပေါ်တွင် ဘယ်ညာခုံတန်းရှည်များတပ်ဆင်ထားသည်။ အပေါက်ဝတိုင်း၏ အနီးဆုံးခုံများအထက်နံရံတွင် Reserved Seat ဟု ရေးထားရာ သက်ကြီးရွယ်အိုများအတွက် သီးသန့်သတ်မှတ်ပေးထားပါသည်။ MRT အားလုံးမှာ ရထားမောင်းသူ မပါရှိပါ။ Computerrized စနစ်ဖြစ်ပါသည်။ INTER COM ဖြင့် နှစ်ကြိမ်တိုင်အောင် ကြိုတင်ကြေညာပေးသလို ဘူတာသို့ မဆိုက်ရောက်မီနှင့် ရောက်မည့်ဘူတာအမည်ကိုလည်း ကြိုတင်ကြေညာပေးပါသည်။

ထိုညက MRT ကို ပထမဆုံး စီးဖူးခြင်း ဖြစ်ပါသည်။ သန့်ရှင်းသပ်ရပ်လှပပြီး မြေအောက်တွင် သွားရသဖြင့် ဘေးဘယ်ညာ ဘာမှမမြင်ရပါ။ အသွား

www.burmeseclassic.com

နွန်းက ၀ ၅နာရီလျှင် ကီလိုမီတာ ၁၀၀ ရှိ၍ တစ်ခဏချင်းဖြင့်ပင် ဆင်းရမည့်ဘူတာသို့ ရောက်သွားပါသည်။ ရထားပေါ်မှ ဆင်း၍ မြေပေါ်လမ်းသို့ အတက်တွင်လည်း ထွက်ပေါက်ရှိ Electronic စက်ပေါ်သို့ E-Z-Link Card အား ကပ်လိုက်သော် ခရီးစဉ်အတွက် ကျသင့်သောရထားခကို သတ်မှတ်နုတ်လိုက်ကြောင်း ဂဏန်းပေါ်လာပြီး ဆက်လက်ထွက်သွားရသည်။

ယင်း E-Z-Link Card ကို MRT သာမက Public Bus ခေါ် အများပြည်သူသုံး ဘတ်စ်ကား လိုင်းကားတို့တွင်လည်း သုံးစွဲခွင့်ရှိသည်။ Bus လိုင်းအားလုံး နံနက် ၅း၃၀ နာရီခွဲမှ ၁၂း၄၅ နာရီထိ ပြေးဆွဲပေးသည်။

စင်ကာပူနိုင်ငံ၏ TAXI အားလုံး၊ Bus အားလုံး၊ MRT ရထားအားလုံးတို့တွင် လေအေးစက်များ သုံးစွဲသည်။ သက်သောင့်သက်သာ ရှိလှသည်။ တကယ်တမ်းအားဖြင့် စင်ကာပူနိုင်ငံသည် အီကွေတာနှင့် နီးသဖြင့် နွေနှင့်မိုးရာသီသာ ရှိသည်။ စာရေးသူတို့ ရောက်ရှိချိန်မှာ မြန်မာနိုင်ငံ၌ ဆောင်းဥတုဖြစ်သော်လည်း စင်ကာပူတွင် မချမ်းပါ။ အနွေးထည် မလိုပါ။ တစ်ခါတစ်ရံ မိုးရွာသည်။ သို့သော် အများဆုံး ၁၀ မိနစ်၊ ၁၅ မိနစ်ခန့်သာ ရွာပြီး မိုးစဲသွားပါသည်။ အဆောက်အအုံတိုင်း၊ နေရာတိုင်း Air Conditioned များသာ ဖြစ်ပါသည်။

တကယ်တမ်းအားဖြင့် စင်ကာပူနိုင်ငံတွင် သယံဇာတပစ္စည်း လုံးဝမထွက်ပါ။ သောက်ရေကိုပင် ဝယ်သောက်ရသည်။ သောက်ရေတစ်လီတာကို တစ်ဒေါ်လာပေးရသည်။ သယံဇာတပစ္စည်း လုံးဝမထွက်သော်လည်း လူ့စွမ်းအားအရင်းအမြစ်များ ပေါကြွယ်ဝသည်။ ပညာတတ်များကို ဝမ်းပန်းတသာ လက်ခံသည်။ နိုင်ငံအကျိုးအတွက် လိုအပ်သလို သုံးကြသည်။ **(လူကို တန်ဖိုးထားသော နိုင်ငံဟု ဆိုလျှင် မမှားဟု ပြောချင်ပါသည်။)**

စာရေးသူတို့ ပထမဆုံးသွားသောနေရာက မြန်မာဗုဒ္ဓဘာသာကျောင်း ဖြစ်ပါသည်။ ပထမထပ်သို့ တက်သွားရာ ဓမ္မာရုံအဖြစ် အသုံးပြုဟန်တူသော အခန်းကြီးတွင် မြန်မာလူမျိုးကျား၊ မ အစုံ လူပေါင်းတစ်ရာခန့် တရားစာများ ရွတ်ဖတ်ဝတ်တက်နေသည်ကို ကြုံရပါသည်။ ဒုတိယထပ်သို့ ဆက်လက်တက်သွားသော် ဘုရားခန်းသို့ ရောက်ပါသည်။ ၁၅ ပေခန့်ရှိသော မြတ်စွာဘုရား၏ တင်ပလ္လင် ဆင်းတုတော်ကြီးကို သပ္ပာယ်စွာ ဖူးရပါသည်။ ငါးပါးသီလယူ၊ ကန်တော့ပြီး အလှူငွေများ ထည့်ကပ်လှူဒါန်းပါသည်။

အနီးရှိ အမျိုးသမီးငယ် နှစ်ယောက်နှင့် အမျိုးသားတစ်ယောက် တွေ့ရသဖြင့် စာရေးသူက "ဘယ်ကလာသလဲ"ဟု နှုတ်ဆက်လိုက်သောအခါ အမျိုးသားဖြစ်သူက "သူတို့က ဗီယက်နမ်တွေပါ"ဟု ဖြေကြားပါသည်။

မြန်မာကျောင်း အပေါ်ဆုံးထပ်သို့ တက်ပြီးကြည့်ပါသည်။ လူသူရှင်းနေ၍ ခေတ္တသာ ပတ်ဝန်းကျင်ကို စောင်းငဲ့ကြည့်ရှုပြီး အောက်ထပ်သို့ ပြန်ဆင်းခဲ့ကြသည်။

ထို့နောက် Taxi ငှားကာ ညစာစားရန်အတွက် ညဈေးတန်းသို့သွားကာ စားသောက်ပြီးနောက် တည်းခိုရာသို့ ပြန်လာခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်။

နံနက်ပိုင်း ဘယ်မှမသွားဘဲ နေ့လယ်စာကို တည်းခိုရာ၌ပင် စားကြသည်။

ဦးစွာ Braddel မြေအောက် MRT ဘူတာသို့ လမ်းလျှောက်သွားကြမည်။ Marina Bay ထိ သွားရမည် ဖြစ်ပါသည်။ ဘူတာများကို ဖြတ်ကျော်လာပြီး မွန်းတည့်ချိန်ခန့်၌ Marina Bay သို့ ရောက်ကြသည်။

ဦးစွာ Garden, by the Bay ဟုခေါ်သော ပန်းခြံထဲသို့ရောက်သည်။ ဖန်တီးတည်ဆောက်ထားသည့် သစ်ပင်သဏ္ဍာန်မျှော်စင်ကြီးများ၊ မိုးပျံပေါင်းကူးတံတားများ ပြုလုပ်ထားသည့် ပန်းခြံတွင်းသို့ တစ်ဦးလျှင် ဝင်ကြေး ဒေါ်လာ ၂၀ စီ ပေးရပါသည်။

ပန်းခြံကို Flower Dome and Forrest ဟု အမည်ပေးထားပါသည်။ ဟုတ်ပါသည်။ ကမ္ဘာပေါ်တွင် ပူပြင်းသော ဒေသများ၌ပေါက်သည့် သစ်ခွပန်းမျိုးစုပေါင်း ၃၀၀ ကျော်သာမကဘဲ အလယ်နှင့် တောင်အမေရိကတိုက်တို့၌ပေါက်သော တစ်မူထူးခြားသည့် သစ်ခွပန်းမျိုးစုံကိုလည်း ဆန်းဆန်းပြားပြား တွေ့ရှိရပါသည်။ ပန်းခြံကြီးတစ်ခုလုံး Air Conditioned လုပ်ထားပါသည်။ ပန်းခြံထဲတွင် မြေညီထပ်၊ အပေါ်ထပ်များကို ကြည့်ရှုလေ့လာပြီးသော်



www.burmeseclassic.com

www.burmeseclassic.com

နောက်ဘက်က မိုးမျှော်တိုက်ကြီးပေါ်မှ သင်္ဘောကြီးသဏ္ဍာန် မိုးပျံဟိုတယ်နှင့် ရှုခင်းများကိုကြည့်ရန် မိုးပျံအဆောက် အအုံကြီးသုံးလုံး၏ အလယ်အဆောက် အအုံရှိ ဝင်ပေါက်သို့ ရောက်ပါသည်။

သတ်မှတ်ထားသော ဝင်ကြေး ပေးဆောင်ပြီး ၅၇ ထပ်ရှိ အပေါ်ဆုံး ထပ်သို့ တက်ရာ ရောက်၍ရောက်မှန်း ပင် မသိတော့ပါ။

ထိုထက်ပို၍ မြန်ဆန်လှသော ဖြစ်စဉ်ကိုလည်း ကြုံရပြန်ပါသည်။ ဓာတ်လှေကားထဲမှ ထွက်သည်နှင့် ကောင်တာတစ်ခုသို့ ရောက်သောအခါ (၁၀ လက်မ × ၈ လက်မ) အရွယ် သေသပ်ခိုင်ခံ့သည့် စက္ကူမာဘောင် ဖြင့် စနစ်တကျ ထည့်သွင်းထားသည့် မြေညီထပ်က ရိုက်ခဲ့သည့် စာရေးသူ တို့ ဓာတ်ပုံကို အသင့်ထုတ်ပေးပါ သည်။ ကျသင့်နှုန်းက ၃၅ ဒေါ်လာ ဖြစ်ကာ E-mail ဖြင့် တစ်ပုံပို့ ၁၅ ဒေါ်လာ၊ စုစုပေါင်း ၅၀ ဒေါ်လာကျသင့် ပါသည်။

အပေါ်ဆုံးထပ်တွင် Sight-seeing သမားများ ပျားပန်းခပ်မျှ များ ပြားလှပါသည်။ စင်ကာပူမြို့၏ ရှုခင်း ကို မျက်စိတစ်ဆုံး အံ့ဩဖွယ်ရာ တွေ့ ရပါသည်။ လှပခံ့ညားသော မိုးမျှော် တိုက်ကြီးများ ဝန်းရံထားသော ရှုခင်း ကို စာရေးသူသည် လွန်စွာအားကျမိ ပါသည်။ မြင်ကွင်းက ရှုပ်ရှုပ်ထွေးထွေး မဟုတ်ပါ။ စနစ်တကျ အကွက်ချပြီး တည်ဆောက်ထားသော Town Planning ကို ချီးကျူးမိပါသည်။

ထိုမိုးမျှော်တိုက်ကြီးများ၏ အပေါ်ဆုံးထပ်သည် ရှုခင်းကြည့်ရန်သာမက ဟိုတယ်ပါ ရှိပါသည်။ စာရေးသူတို့ကဲ့ သို့ သာမန် Tourists များ ဟိုတယ် ထဲဝင်ခွင့်မရှိပါ။ သင်္ဘောကြီးသဏ္ဍာန် အဆောက်အအုံ၏ ဦးပိုင်းတွင်ရှိသော ရှုခင်းသာဟိုတယ်ဟုခေါ်လျှင် မမှားပါ။

တစ်နေ့လုံးလည်း လျှောက်ပြီး ညစာကို တရုတ်ဆိုင်တွင် စားကြပါ သည်။ ထို့နောက် China Town မှ နှစ်ထပ် Bus ကား စီးပါသည်။ လိုင်း နံပါတ်ကို ရှာဖွေကြည့်ရှုပြီးမှ သွားလို သော ခရီးစဉ်၏ ကားလိုင်းအမှတ်ကို ရှာဖွေစောင့်ဆိုင်း စီးနင်းရသည်။

တည်းခိုရာ Flat သို့ ည ၉ နာရီကျော်မှ ပြန်ရောက်သည်။ ခေတ္တ နားကာ ရေမိုးချိုး ဘုရားရှိခိုးပြီး အိပ် လိုက်ရာ တစ်ခဏချင်း အိပ်ပျော်သွား ပါတော့သည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်။

သမီးငယ်နှင့်မြေးငယ်တို့က ပထမ ဆုံး ဦးစားပေးအဖြစ် MRT ခရီးစဉ် ဖြင့် စတင်ခဲ့သည်။

အနီရောင် MRT လိုင်းဖြင့် Dhoby Ghaut ထိ သွားသည်။ ထို မြေအောက်ဘူတာရုံတွင် ခရမ်းရောင် လိုင်းပြောင်းပြီး ရထားပြောင်းစီးသည်။ Little India ခေါ် အိန္ဒိယရပ်ကွက် ဘူတာကို ကျော်ဖြတ်ပြီး Farier Park ဘူတာတွင် ဆင်းကြသည်။

ကုန်တိုက်ကြီးတစ်ခုသို့ ဝင်သွား သောအခါ Chirstmas သစ်ပင်ကြီး ကို ရောင်စုံမီးထိန်ထိန်ဖြင့် တွေ့ရ သည်။ Shopping Mall တွင် သား ငယ်၊ သမီးငယ်နှင့် မြေးငယ်တို့ ဈေး ဝယ်နေစဉ် စာရေးသူနှင့် ကိုဝင်းနိုင်တို့ က လမ်းတစ်ဖက်ရှိ ကောလိပ် Lasalle College of Art သို့ သွားရောက်ကြ သည်။

စင်ကာပူတွင် ကားလမ်းမှာ Left Hand Drive ဖြစ်၍ စာရေးသူတို့ မြန်မာနိုင်ငံ၌ အသားကျနေသော Right Hand Drive(လက်ယာမောင်း စနစ်)နှင့် ပြောင်းပြန်ဖြစ်နေ၍ ကား လမ်းများ ဖြတ်ကူးရာတွင် အတော်ပင် သတိထားရပါသည်။ မီးပွိုင့်များရှိ လူ ကူးမျဉ်းကျားတိုင်းတွင် အနီ/အစိမ်း အချက်ပြမီးတိုင်များ ရှိသည်။ လူကူး မျဉ်းကျားများတွင် မော်တော်ယာဉ်များ က လမ်းကူးသူများကို ဦးစားပေး ကြောင်း တွေ့ရသည်။ သို့သော် ယာဉ် ကြောပိတ်ဆို့မှု လုံးဝ(လုံးဝ) တစ်ကြိမ် တစ်ခါမျှ မကြုံခဲ့ရပါ။ လမ်းစည်းကမ်း ယာဉ်စည်းကမ်းများကို အလေးထား လိုက်နာခြင်းကြောင့်လည်း အခြေခံ အကြောင်းတရားဟုထင်မြင်မိပါသည်။

စာရေးသူ လေ့လာရန် ရောက်ရှိ သော ကောလိပ် Lasalle College of Art မှာ မြို့ထဲ၌ပင် ဖြစ်ပါသည်။ ကျောင်းအဆောက်အအုံ၏ စာသင် ခန်းအားလုံးမှာ Air Conditional များသာဖြစ်ကြောင်း ဖော်ပြရန်မလိုပါ။

ကောလိပ်ကျောင်း လေ့လာပြီး သော် အနီးရှိစာကြည့်တိုက်သို့ ရောက် သွားသည်။ သန့်ရှင်းသပ်ရပ်လှသော အထပ်တိုင်း၊ အခန်းတိုင်း၊ တိတ်ဆိတ် ငြိမ်သက်လျက်ရှိပါသည်။ ဘာသာရပ်မျိုးစုံအတွက် စာပေ၊ မှတ်တမ်း၊ စာရွက်စာတမ်းများ



www.burmeseclassic.com

www.burmeseclassic.com

ကို လာ ၁်လေ့လာမှတ်တမ်းယူသူများစွာ တွေ့ရပါသည်။ တစ်ချိန်က စာရေးသူတို့၏ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၏ အနေအထားကိုလည်း ပြန်လည် မြင်ယောင်မိခဲ့သည်။

ဤနေရာ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် ပတ်သက်၍ အတုယူစရာမှာ လျှပ်စစ်ဓာတ်အားလျှော့နည်းမှု လုံးဝမရှိပါ။ ဈေးတိုင်တန်းဘက်သို့ ရောက်သောအခါ . . . Singpore Sovenior Centre ဟု ဆိုင်းဘုတ်တပ်ထားသော Duty Free ဆိုင်ထဲသို့ ဝင်ကြည့်ပါသည်။ အမှတ်တရ ပစ္စည်းများရောင်းသော ဆိုင်ဖြစ်၍ အိမ်အပြန်လက်ဆောင်ပေးရန် ပစ္စည်းအချို့ ဝယ်ခဲ့ပါသည်။

မိသားစုများ ပြန်လည်ဆုံမိသောအခါ Clark Quay သို့ Bus ကားစီး၍ ခရီးဆက်ကြပါသည်။

စာရေးသူတို့ ရောက်ရှိနေသောကာလမှာ Christmas ရုံးပိတ်ရက်များ ဝန်းကျင်ဖြစ်၍ ညဘက်တွင် ခရစ်စမတ်ရောင်စုံမီးများ ထိန်ထိန်ညီးနေပါသည်။ မျက်စိပသာဒရှိလှသည်။ စိတ်ကြည်နူးမှုကိုလည်း ဖြစ်စေပါသည်။ မမောနိုင် မပန်းနိုင် သွားလာလှုပ်ရှားနေမိခဲ့ပါသည်။ ည ၁၀ နာရီခန့်ရောက်မှ တည်းခိုရာ Toa Payoh သို့ ပြန်လည်ထွက်ခွာခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်။

တည်းခိုရာ FLAT တွင် နံနက်စာ Breakfast နှင့် Lunch နေ့လယ်စာများကို ရန်ကုန်မှယူလာသော ဟင်းလျာများဖြင့် စားသောက်ကြသည်။ ထို့နောက် Taxi ငှားပြီး Botanic Garden သို့ သွားကြသည်။ ရုက္ခဗေဒဥယျာဉ်ဖြစ်သည့်အလျောက် အပူပိုင်းဒေသတွင် ပေါက်ရောက်သော သစ်ပင်များကို စိုက်ပျိုးထားသည့်နေရာဖြစ်သည်။ မြို့လယ်ကောင်တောအုပ်ကြီးထဲသို့ ရောက်သွားသယောင် ဖြစ်ပါသည်။ သစ်ပင်ပန်းပင်များအပြင် ရေကန်တစ်ကန်လည်း တည်ရှိပါသည်။

တစ်နေရာအရောက်တွင် Air Conditioned တပ်ဆင်ထားကာ သဘာဝနေအလင်းရောင် ကောင်းစွာရသည့် အထူးပြုစုစိုက်ပျိုးထားသော ပန်းမန်ပင်များကိုလည်း လေ့လာတွေ့ရှိရပါသည်။

ယင်းရုက္ခဗေဒဥယျာဉ်ထဲသို့ မွန်းလွဲ ၁း၄၀ နာရီတွင် ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ကျယ်ဝန်းလှသောဥယျာဉ်ထဲတွင် သွားလာလေ့လာရာ၌ တစ်နေရာရောက်သော် ကျောက်ဂူတစ်လုံး၏ အဝင်ဝအပေါ်တွင် ဖန်တီးပြုလုပ်ထားပြီး တစ်မူထူးခြားသောနေရာဖြစ်သည်။

ပန်းခြံအပြင်ရောက်သော် အတော်ပင် နေစောင်းနေပါပြီ။ အိမ်ရောက်ချိန်မှာ ၉ နာရီကျော်ပါပြီ။ ရေချိုး ဘုရားရှိခိုးပြီး ခေတ္တအနားယူကာ အိပ်ရာဝင်လိုက်သည်။ လူသံကြား၍ တစ်ရေးနိုးသော် ည ၁၁ နာရီရှိပါပြီ။ Shopping အဖွဲ့ ပြန်ရောက်လာကြခြင်း ဖြစ်သည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်။

Christmas ရုံးပိတ်ရက် ဖြစ်ပါသည်။ စာရေးသူတို့အဖွဲ့ အင်အားတောင့်ပါသည်။ ရုံးပိတ်ရက်ဖြစ်၍ လှုပ်ရှားသွားလာသူ အလွန်များသည်၊ စည်ကားလှသည်။ MRT လိုင်းများနှင့် Bus ကားများတွင် လူကျပ်လှသည်။

စင်ကာပူရောက်လျှင် စင်ကာပူ၏ Emblem အထိမ်းအမှတ်ဖြစ်သော Merlion ရုပ်ကြီးရှိရာ Habour Front သို့ ယနေ့ခရီးစဉ်၏ အဓိကဦးတည်ချက် ဖြစ်သည်။ MRT ပေါ်မှ ဆင်းပြီးသော် ပန်းခြံထဲသို့ ပို့ဆောင်ပေးသော သံလမ်းတစ်လမ်းတည်းပေါ်၌ မောင်းနှင်သည့် တွဲတစ်တွဲသာပါသော ရထားငယ်လေးသို့ ပြောင်းစီးရသည်။ ရထားလေးဆိုက်ရာ Merlion ကြီးရှိရာနေရာသို့ ရောက်တော့သည်။

လေ့ကားထစ်လေးများစွာ တက်လိုက်၊ ဆင်းလိုက်လုပ်ပြီးသော် Merlion ကြီး၏ ဝန်းကျင်တစ်ဝိုက် လှည့်လည်ကြည့်ရှု ဓာတ်ပုံများ ရိုက်ကြသည်။ ရုပ်တုကြီးပေါ်သို့ တက်၍ကြည့်နိုင်သော်လည်း သတ်မှတ်ကြေးက များပြားလှ၍ မတက်ကြတော့။ ယင်းခြင်္သေ့ရုပ်တုကြီးဝန်းကျင်တွင် ရေကန်ငယ်လေးများ၊ လှပသော ပန်းပင်မျိုးစုံတို့ စိုက်ပျိုးထားရာ မျက်စိပသာဒ ရှိလှသည်။

ပင်လယ်ကမ်းခြေသို့သွားရာ အဖွဲ့ဝင်မိန်းကလေးများအားလုံး ပင်လယ်ကမ်းစပ်ရှိ ရေထဲသို့ ခြေထောက်မြုပ်သည့်အနေအထားထိ တက်လာလိုက်၊ ဆင်းသွားလိုက်ဖြင့် ပျော်ရွှင်နေကြသည်။ တကယ်တမ်းမှာလည်း စင်ကာပူနိုင်ငံ၏ တောင်ဘက်စွန်းဆုံး နေရာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူနှင့် ကိုဝင်းနိုင်တို့က ကမ်းခြေမှ တစ်ဖက်ရှိ ကျွန်းကလေးသို့ ဆက်သွယ်ထားသည့် ကြိုးတံတားယာဉ်ပေါ်မှ ဖြတ်ကာ ကျွန်းကလေးပေါ်သို့ သွားရောက်လေ့လာပါသည်။ ထိုနေရာတွင် The Southern most point of Continental Asia ဟူသော သေသပ်ခိုင်ခံ့သည့် ဆိုင်းဘုတ် (ငါးပေ×သုံးပေခန့်)ကို ကျောက်တုံးကျောက်နွယ်၊ သစ်ပင်ငယ်များအကြားတွင် (အာရှတိုက်၏ တောင်ဘက်စွန်းဆုံးနေရာ)သို့ စာရေးသူ ရောက်ဖူးခဲ့ပါတော့သည်။

ခဏအကြာတွင် ကျွန်းကလေးမှ မူရင်းကမ်းခြေသို့ ပြန်လာပါသည်။ သစ်သားများဖြင့် ဆောက်လုပ်ထားသော သုံးထပ်မျှော်စင်ကြီးပေါ်သို့ အထပ်ထပ်အဆင့်ဆင့်အလိုက် တက်ရောက်ကြည့်ရှုကြပါသည်။ မိုးပြာရောင် ပင်လယ်ကြီးကို မျက်စိတစ်ဆုံး မြင်နေရပါတော့သည်။ ကမ်းခြေတွင်တော့ ပင်လယ်ကူးသင်္ဘောအရွယ်အစားမျိုးစုံကိုလည်း သဘာဝကျစွာ မြင်တွေ့ရပါသေးသည်။

Habour Front မှ ပြန်လည်ထွက်ခွာလာရာ ဝင်းခြံအပြင်တွင် အသင့်ရှိနေသော Bus ကားများပေါ်သို့ ပြောင်း၍ စီးနင်းကာ ထွက်ခဲ့ကြသည်။ ယင်းခရီးစဉ်က မြေအောက်ရေကမ္ဘာပြခန်းသို့ ရောက်သွားသည်။ တစ်နည်းအားဖြင့် ငါးပြတိုက်ဟု ခေါ်နိုင်သည်။ ရေသတ္တဝါပေါင်းစုံကို မြေအောက်ကွပ်ဖန်သားဖြင့် ကာရံထားသော အခန်းပေါင်းများစွာကို အဆက်မပြတ် လည်ပတ်ရွေ့လျားနေသော တစ်ပြေးညီစက်လှေကားက ပြခန်းကို တစ်ပတ်ပြီးတစ်ပတ် ရွေ့လျားနေ၍ လေ့လာသူများ လမ်းလျှောက်ရန်မလိုပါ။ စိတ်တိုင်းကျ သက်သာစွာ ကြည့်ရှုနိုင်ရန် စီစဉ်ထားပါသည်။

ထိုမှ Lion Seal ပင်လယ်ဖျံကြီးများနှင့် Dhophin ငါးကြီးများ၏ တတ်ကျွမ်းမှုကို တင်ဆက်နေသည့် လှပသော ရေကန်ကြီးတစ်ခုသို့ ရောက်သွားသည်။ Christmas နေ့ဖြစ်၍ လာရောက်ကြည့်ရှုသူ များပြားလှသည်။ ကန်ပတ်လည် အပြည့်ဖြစ်သည်။ စာရေးသူကဲ့သို့ပင် ဥရောပတိုက်သား Tourists အများအပြားကိုတွေ့ရသည်။

အတော်လေးနေစောင်းမှ Little India သို့ ရောက်သွားကြသည်။ Litle India ဟူသာအဆိုင်း အိန္ဒိယနိုင်ငံသားများ နေထိုင်ရောင်းဝယ်သောနေရာ ဖြစ်သည်။ China Town တရုတ်တန်းဟု ခေါ်ပါက Little India ကိုလည်း ကုလားရပ်ကွက်ဟု စာရေးသူက နာမည်ပေးချင်ပါသည်။ ရန်ကုန်မှာကဲ့သို့ အသင့်ချက်ထားသော ဒန်အိုးကြီးထဲက ဒံပေါက်ထမင်းခူးပြီး ထည့်ရောင်းသကဲ့သို့ မဟုတ်ပါ။ မှာကြားသောအခါမှ တစ်ထွာခန့်အကျယ်ရှိသော ဒန်အိုးကလေးနှင့် ချက်ချင်းပေးသော ဒံပေါက်ထမင်းဖြစ်ပါသည်။ ညစာစားပြီးမှ လူစုခွဲကာ တည်းခိုရာသို့ ပြန်လာခဲ့ကြသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်။

စင်ကာပူနိုင်ငံသို့ ဟိုးယခင်ကာလများက တခြားနိုင်ငံမှ နိုင်ငံသားများ ပထမဆုံးဝင်ရောက်အခြေချသော Clifford Pier သို့ ရောက်ခဲ့ပါသည်။ မြစ်ကမ်းနံဘေးက မိုးမျှော်တိုက်ကြီးက ထီးတည်းကြီး ခံ့ထည်စွာ တည်ရှိနေပါသည်။ ယင်းဆိပ်ကမ်းကို ၁၉၃၃ ခုနှစ်က စတင်တည်ဆောက်အသုံးပြုခဲ့ကြောင်း သိရပါသည်။

ထူးခြားသောနေရာတစ်ခုက မြစ်ကမ်းနံဘေးရှိ Esplanade Theater on the Bay ဟူသော ကပွဲရုံကြီးဖြစ်သည်။ Christmas ကာလဖြစ်၍ Free Show အဖြစ် အမျိုးသားနှစ်ယောက်နှင့် အမျိုးသမီးရှစ်ယောက်တို့က Stage Show သီဆိုဖျော်ဖြေနေသည်ကို ခေတ္တ ၁၀ မိနစ်ခန့် ကြည့်ခဲ့ပါသည်။

စင်ကာပူတွင် ချစ်စရာကောင်းသော ကျင့်သုံးသည့်ဓလေ့တစ်ရပ်ကို ဖော်ပြလိုပါသည်။ သက်ကြီးရွယ်အိုများအား MRT ပေါ်တွင်ဖြစ်စေ၊ Bus များပေါ်တွင်ဖြစ်စေ ဦးစားပေးကြပါသည်။ National Orchid Garden ခေါ် အမျိုးသား၊ သစ်ခွဥယျာဉ်ထဲသို့ ဝင်ရောက်လေ့လာစဉ်က လူကြီး ငါးဒေါ်လာ၊ ကျောင်းသားတစ်ဒေါ်လာ၊ ဝင်ကြေးသတ်မှတ်ထားကာ အသက် ၆၀ အထက်ကြီး (Senior Citizens) များကို ဝင်ကြေးတစ်ဒေါ်လာသာ ယူသဖြင့် စာရေးသူအတွက် တစ်ဒေါ်လာသာ ပေးခဲ့ရပါသည်။

သို့ရာတွင် တစ်ဖက်ကလည်း စာရေးသူတို့ မြန်မာလူမျိုးများနှင့် မတူညီသော ဓလေ့ကို တွေ့ခဲ့ရသည်။ Se-



www.burmeseclassic.com

www.burmeseclassic.com

...ior Citizen များသည် စားသောက်ဆိုင်များ၊ ဈေးဆိုင်များတွင် ကိုယ်တိုင်လုပ်ကိုင်နေကြသေးသည်။ သားသမီးများ၏ အထောက်အပံ့ကို စာရေးသူတို့ မြန်မာများကဲ့သို့ အပြည့်အဝ မရကြပါ။ ကိုယ့်အားကိုယ်ကိုးနေကြရသည်။ ဤအချက်ကတော့ စာရေးသူတို့နိုင်ငံက သာလွန်ပါသည်ဟု ဆိုချင်ပါသည်။

စင်ကာပူသည် တကယ်တမ်းအားဖြင့် မလေးရှားနိုင်ငံ၏ မြို့တစ်မြို့အဖြစ်မှ လွတ်လပ်သောနိုင်ငံဘဝကို ပြောင်းလဲရောက်ရှိလာသော နိုင်ငံသာဖြစ်ပါသည်။ တရုတ်ပြည်နှင့် မလေးရှားမှ လူများမှာ အများစု ဖြစ်ပါသည်။ ၎င်းတို့ ခေါင်းဆောင်ကြီး (ယခု လက်ရှိ စီနီယာဝန်ကြီး) လီကွမ်းယူ၏ လုပ်ရပ်ကို ချီးကျူးခြင်း ဖြစ်ပါသည်။

စင်ကာပူသည် အလွန်သန့်ရှင်းသော မြို့(နိုင်ငံ) ဖြစ်ပါသည်။ ကားလမ်းဘေးက လူသွားပလက်ဖောင်းများသည် ညီညာပြန့်ပြူးသည်၊ သန့်ရှင်းသပ်ရပ်သည်။ ခလုတ်တိုက်စရာအကြောင်း လုံးဝမရှိပါ။ လမ်းပေါ်နှင့် ဝန်းကျင်၌ အမှိုက် လုံးဝမတွေ့ခဲ့ရပါ။ မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်းများ အမှိုက်များကို လုံခြုံစွာ ထုပ်ပိုးပြီး မီးဖိုချောင်ခန်းထဲရှိ အမှိုက်ပိုက်လိုင်းကြီးထဲသို့ ထည့်လိုက်ရုံသာ ရှိသည်။ ထို့ကြောင့် အမှိုက်ပုံဟူ၍ ဝန်းကျင်၌ မှုး၍ရှုစရာပင် ရှာမတွေ့နိုင်အောင် သန့်ရှင်းလှသည်။ အတုယူစရာကောင်းသော စနစ်ဖြစ်သည်။

လမ်းဘေးရှိ အလှစိုက်ပန်းနှင့် သစ်ပင်ငယ်မျိုးစုံတို့သည် သတ်မှတ်ထားသော အမြင့်ပေ၊ ထုထည်ထက် မပိုရပါ။

စင်ကာပူတွင် အထက်၌ဖော်ပြထားသလို တရုတ်တန်း၊ ကုလားတန်းများ ရှိသကဲ့သို့ မြန်မာတန်းလည်း ရှိပါသည်။ စင်ကာပူရောက် မြန်မာနိုင်ငံသားများ စုဝေးပြီး ရောင်းဝယ်ဖောက်ကားရာနေရာဖြစ်ပါသည်။ Pennisular ဟု ခေါ်ပါသည်။ ယင်းဆိုင် Mall သို့ ရောက်ချိန်မှာ ည ၁၀ နာရီခန့် ရှိနေ၍ ဆိုင်တချို့ပင် ပိတ်နေပါပြီ။ ဆိုင်များ၏ အမည်ဆိုင်းဘုတ်များကို မြန်မာစာဖြင့် ရေးထားသည်ကိုလည်း သတိထားမိပါသည်။ ဘာပဲဖြစ်ဖြစ် တို့မြန်မာတွေလည်း ခြေတစ်ဖက်တော့ချနိုင်ပြီဟု မရှိမဲ့ရှိမဲ့ မာနလေးကို လက်မထောင်ပြနိုင်ပါသည်။

စင်ကာပူသို့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်တွင် ရောက်ရှိပြီး ၂၇ ရက်နေ့တွင် ပြန်လည်ထွက်ခွာခဲ့ပါသည်။ လေဆိပ်သို့ သားငယ်က Taxi ငှား၍ လိုက်ပို့ပါသည်။

စင်ကာပူတွင် နေအိမ်အဆောက်အအုံဆိုလျှင် ဓာတ်လှေကားအမြဲရှိသလို Mall နှင့် Shopping Centre တို့တွင် Escalator စက်လှေကားများ အဆင့်ဆင့် တပ်ဆင်ပေးထားပါသည်။ သက်သာချောင်ချိရေး ဦးစားပေးခြင်း ဖြစ်ပါသည်။

အပြန်ခရီး Golden Myanmar LINE - Flight No. Y5-234 Air Bus 320 လေယာဉ်သည် စင်ကာပူစံတော်ချိန် ၁၆:၀၀ နာရီ၊ မြန်မာစံတော်ချိန် ၁၄:၃၀ နာရီတွင် Changi လေဆိပ်မှ ထွက်ခွာခဲ့ပါသည်။

စာရေးသူသည် စင်ကာပူရောက်ကတည်းက ပြန်သည့်အချိန်ထိ လက်ဝဲလက်တွင် နာရီတစ်လုံး၊ လက်ယာလက်တွင် လက်ပတ်နာရီတစ်လုံး ထူးထူးခြားခြား ဝတ်ထားပါသည်။ ယင်းသို့ ဝတ်ဆင်ထားသည်ကို ဘေးပတ်ဝန်းကျင်မှ မသိစေရန် လက်ရှည်အင်္ကျီအမြဲဝတ်ထားသည်။ လက်ဝဲလက်က လက်ပတ်နာရီကို စင်ကာပူစံတော်ချိန်အတိုင်း တိုက်ထားပါသည်။ လက်ယာဘက်က လက်ပတ်နာရီကို မြန်မာစံတော်ချိန်အတိုင်းထားပါသည်။

Golden Myanmar Air Line ၏ မူလအတိုင်း လေယာဉ်ပေါ်တွင် မြန်မာကျပ်ငွေပေး၍ Tea Mix တစ်ခွက်ကို ၁၀၀၀/-ပေး၍ သောက်ပါသည်။

Changi မှ ထွက်လာပြီး ပျံသန်းချိန် တစ်နာရီခန့်အကြာတွင် လေယာဉ်ကြီးမှာ ခုန်နေပါသည်။ ထိုင်ခုံခါးပတ်များ ပတ်ထားရပါသည်။

Social ခေါ် Sightseeing ခရီးသွားခဲ့ခြင်းကြောင့် မတူကွဲပြားသော အခြေအနေအရပ်ရပ်ကို ကြုံတွေ့ခဲ့ရခြင်းကြောင့် "အားကျမိသော လူ့စွမ်းအား တန်ဖိုးရှိသည့်နိုင်ငံ"ဟု ခေါင်းပါးခေါင်းစီး တပ်မိပါသည်။

မင်္ဂလာဒုံလေဆိပ်သို့ ရောက်ချိန်မှာ မြန်မာစံတော်ချိန် ၁၆:၄၀ နာရီ ဖြစ်ပါသည်။


အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေသတည်း။

✦ မြတ်မင်း



www.burmeseclassic.com

www.burmeseclassic.com



# မြေးကလေးမတ်ဗို့

■■▌မောင်ကောင်းမြင့်

နယူးယောက်
၃၀ ဇန်နဝါရီ၊ ၂၁၁၄
မြေးကလေး မောင်ကောင်းထိုက်
အောင်သို့ ...

'ဩချလောက်ပါပေရဲ့'လို့ ပြော ရတော့မယ်။ ဘာကြောင့်လဲဆိုတော့

လွန်ခဲ့တဲ့ရက်ပိုင်းက ဘိုးဘိုးကြီးရဲ့ စာပေမိတ်ဆွေကြီး ဆရာမောင်စွမ်းရည်က နယူးယောက်မှာ ရောက်နေတာ ဆယ်စုနှစ်တစ်စု မကတော့ဘူး။ နယူးယောက်ဝါကြီးသလို အသက်အားဖြင့်လည်း၊ ဆယ်နှစ်လောက်၊ စာပေဝါအားဖြင့်လည်း သည်လောက်မက ဘိုးဘိုးကြီးထက် ဝါကြီးသူဖြစ်ပါတယ်။ နောက်ပြီး သူ့ဆီမှာ ရန်ကုန်ကသာမက ထိုင်း၊ ဂျပန်၊ ကိုရီးယား၊ အင်္ဂလန် စတဲ့ နိုင်ငံတွေက စာပေရဲဘော်များဆီက ပို့ကြတဲ့ စာအုပ်တွေလည်း များစွာ ရရှိစုဆောင်းထားသူဖြစ်တော့ စာဖတ်ချင်ရင် သူ့ဆီသွားပြီး ငှားရတယ်။ နောက်တစ်ကြောင်းက တစ်ယောက်တည်းနေတဲ့ ဘိုးဘိုးကြီးလို လူအတွက် မြန်မာထမင်းဟင်းနှင့် အသီးအရွက်စုံစုံ ဖွယ်ဖွယ်ရာရာ စားချင်ရင် ဆရာ့ဇနီး ဆရာမကြီး [ယခင်က ကမာရွတ် အထက(၁)မှ အထက်တန်းပြ] ဒေါ်ခင်နွဲ့ကြည်ရဲ့ ထမင်းဝိုင်းကို သွားရပါတယ်။ ဒါကြောင့် ငှားလည်းငှား(စာအုပ်)၊ စားလည်းစား(ထမင်း)ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ကဲ ... စာရဲ့အစက ပြောခဲ့တဲ့ စကား ပြန်ကောက်မယ်။

တကယ်လည်း 'ဩချ'မိပါတယ်။ ဆရာစွမ်းပေးလိုက်တဲ့ စာအုပ်နှစ်အုပ်က 'လူထုဒေါ်အမာ'ရေးတဲ့ စာအုပ်နှစ်ပါ။ တစ်အုပ်က 'ထောင်နှင့်မိခင်'တဲ့၊ အခြားတစ်အုပ်က 'ကျွန်မရေးတဲ့သူ့ဘဝ လူထုဦးလှ'တဲ့။ လူထုဒေါ်အမာဆိုတာ သတင်းစာလောကနှင့် စာပေလောကမှာ ၁၉၃၀ ပြည့်လွန်နှစ်များကစပြီး ၂၀၀၀ ပြည့်လွန်နှစ်များအထိ အစဉ်တစိုက် 'သံမဏိစိတ်ဓာတ်'နှင့် ရပ်တည်လာခဲ့တဲ့ 'စာပေမိခင်' ဘွားအေကြီး ဖြစ်ပါတယ်။ အသက် ၉၂ နှစ်အရွယ်မှ ကွယ်လွန်တာပါ။ ဘွားသက်ရှည် သတင်းစာဆရာ၊ စာရေးဆရာပါ။ သက်ရှိကာလရော၊ ယနေ့အထိပါ သတင်းမွှေးနေဆဲပါ။ အိမ်မှာ ဆရာမကြီးကိုယ်တိုင် ပေးခဲ့တဲ့ လက်ဆောင်စာအုပ်များရော၊ ဝယ်ယူစုဆောင်းထားတဲ့ စာအုပ်များပါ စာအုပ်စင်မှာရှိတာမို့ မြေးကလေးကိုယ်တိုင် ဖတ်ကြည့်ပေတော့။

မြေးကလေးရေ ...

'ထောင်နှင့်မိခင်'ဆိုတဲ့ စာအုပ်ဟာ တကယ်တော့ ရင်ထဲက လျှံထွက်လာတဲ့ ခံစားချက်တွေကို မှတ်တမ်းတင်ထားတဲ့ စာတွေပါ။ မိခင်တစ်ဦးက သားတစ်ယောက် အကျဉ်းခံနေ့များအတွင်း ခံစားနေရသူရဲ့ ကိုယ်ရေးဒိုင်ယာရီပါ။ စာအုပ်ထုတ်ဖို့ ရည်ရွယ်ပြီး ရေးတာမဟုတ်လို့ စာနိဒါန်းမပါသလို၊ စာနိဂုံးမပါဘဲ ရှိနေပါတယ်။ ၁၉၇၀ မတ်လလောက်စပြီး ၁၉၇၆ နှစ်ကုန်ပိုင်းလောက်အထိ ရေးခဲ့တဲ့ မှတ်တမ်းစာပါ။

သည့်စာဟာ မိခင်တစ်ယောက်ရဲ့ ခံစားချက်သာမက မြန်မာနိုင်ငံရဲ့ 'မှောင်လွှမ်းသောနေ့များ'ကို ဖော်ပြနိုင်တဲ့ သမိုင်းမှတ်တမ်းလည်း ဖြစ်ပါတယ်။ သား၊ ခင်ပွန်းနှင့် မိမိကိုယ်တိုင် အကျဉ်းထောင်အတွင်း ကျရောက်ခဲ့ရသူမို့ စာအုပ်မှာပေးထားတဲ့ နာမည်နှင့် ကတော့ အကောင်းဆုံး လိုက်ဖက်ညီစာလုံးပါပဲ။ သတင်းစာဆရာတစ်ဦးလည်း ဖြစ်တာမို့ မြန်မာနိုင်ငံ သတင်းစာသမိုင်းထဲက အရေးအကြီးဆုံးဖြစ်စဉ်တို့ကိုလည်း ကိုယ်တွေ့မှတ်တမ်းတင်ထားတာပါ။ ယနေ့ သတင်းစာလောကမှာ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ မီဒီယာလောကသားများ စံထားရမယ့် ကျင့်ဝတ်သိက္ခာတွေနှင့် အခြေအနေကို မီးမောင်းထိုးပြလိုက်တာပါပဲ။ ၁၉၅၀ ပြည့်လွန်နှစ်များက ကိုယ်တွေ့တွေဟာ ယနေ့အထိ ရောင်ပြန်ဟပ်နေသလိုပါပဲ။ "သတင်းစာသမားများဟာ ရေးသင့်တာကိုမရေး၊ မရေးသင့်တာကိုရေးလျှင် သတင်းစာဝတ္တရားပျက်တယ်။ ကိုယ့်ဝတ္တရားလည်းမပျက်၊ အစိုးရကလည်း အပြစ်မရှာနိုင်အောင် ရေးသားရမယ်။ ကိုယ်က တရားမပျက်စေနှင့်။ ဘယ်သူ့ကိုမျှ ဝန်တိုမုန်းတီးထားတဲ့ စေတနာနှင့်ရေးထားတာ မဟုတ်ဘူးဆိုတာ ထင်ရှားစေရမယ်။ ပြည်သူတွေ အကျိုးအတွက် ရေးသားဖော်ပြရမယ်။ ငြိမ်းချမ်းသာယာတဲ့ ကာလကြီး မြန်မြန်ရောက်ပါစေ ..." စတဲ့ လူထုဦးလှရဲ့ 'ထောင်ထဲက ပေးစာ'ဟာ တကယ့်သတင်းစာသမားကောင်းတစ်ယောက်ရဲ့ စေတနာကို ထင်ဟပ်နေတယ်။

"အမေနဲ့ ငါ့သား ခွဲနေရတာ ဒီကနေ့ဆိုရင် ၅ နှစ် ၉ လ ကျော်ပြီ။ ဒီကြားထဲမှာ ငါ့သားဖြတ်သန်းသွားတဲ့ ခရီးကြမ်းကြီးကို အမေ စာရေးဆရာက စိတ်ကူးလို့တောင် မကြည့်တတ်ပါကလား။ ငါ့သားလေး မင်းသွားတုန်းက ၁၉ နှစ်သားမို့ ကလေးရှိသေးတယ်လို့ အမေက အမြဲတမ်း အောက်မေ့တယ်။ ငါ့သားလေးပဲလို့ အမေ့ရင်ထဲက အမြဲခေါ်တယ်။ နို့ပေမယ့် ငါ့သားရဲ့သတ္တိကို အမေကြားရတော့ အံ့ဩတယ်၊ ဂုဏ်ယူတယ်၊ ငါ့သားလေးမဟုတ်ဘူး၊ ငါ့သားကြီးပါကလားလို့ အောက်မေ့တယ်။ ကန္တာရခရီးကြမ်းကို ရဲဘော်တွေနှင့် လက်တွဲဖြတ်သန်း၊ တိုက်ပွဲတွေအဆင့်ဆင့် ဝင်ထားပြီးတဲ့ သားကြီးဖြစ်နေပြီ။ ငါ့သားကို လာတွေ့ပြီး အမေ မျက်ရည်ကျမပြချင်ပါဘူး။ ငါ့သားအတွက် အမေမျက်ရည်မကျဘူးသား။ အံကြိတ်ခံတယ်။ သစ္စာတရားက အောင်ပွဲခံရမယ်။ ..." အာဂမိခင်၏ စာသည် ထိုစဉ် ၁၉၇၂ က ရေးခဲ့တာမို့ အနှစ် ၄၀ ကျော်မှ ပုံနှိပ်စာလုံးအဖြစ် ရောက်ခဲ့ရကာ ဖတ်ရှုကြရလေတော့တယ်။ စာထဲကလိုပဲ သစ္စာတရားက အောင်ပွဲခံရမယ်ဆိုတာ တကယ့်သစ္စာပါပဲ။

မြေးကလေးရေ ...

'ကျွန်မရေးတဲ့သူ့ဘဝ လူထုဦးလှ' စာအုပ်က အိမ်ထောင်သက် ၄၃ နှစ် ပေါင်းဖက်ခဲ့တဲ့ ခင်ပွန်းဖြစ်သူရဲ့ ဘဝနှင့် အတွေးအမြင်တွေကို ဖော်ပြနိုင်စွမ်းရှိတဲ့ နှစ်ဦးစလုံးရဲ့ ကိုယ်ရေးမှတ်တမ်းပါ။ (ဂျာနယ်ကျော်မမလေးရဲ့ 'သူလိုလူ'နှင့် ယခုစာအုပ်ကို ယှဉ်ပြီးဖတ်လျှင် မြန်မာ့နိုင်ငံရေးသမိုင်းထဲက



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကောင်တွေကို အားလုံးမြင်နိုင်တဲ့ ခေတ်ပြိုင် မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ်က သရုပ်ဆောင်များရဲ့ မှတ်တမ်းလို့ ဆိုနိုင်ပါတယ်။ လူထုဦးလှစာအုပ်၏အဆုံးတွင် ဖော်ပြထားသော အမည်အက္ခရာအညွှန်းမှာ အလွယ်တကူ ရှာနိုင်ပါတယ်။)

လူထုဦးလှ၏ ခံယူချက်ထဲက မြေးကလေးနှင့် ဆိုင်တယ်ထင်တာလေးပဲ တစ်ခုကောက်နုတ်ပြမယ်။ လူထုဦးလှဟာ သားကြီး မောင်စိုးဝင်း သုံးနှစ်ပြည့်လက်ဆောင်အဖြစ် 'ဆုထူးပန်ယောက်ျား'ဆိုတဲ့ စာအုပ်ကို ရေးသားထုတ်ဝေပြီး အနာဂတ်သားကောင်းရတနာတစ်ယောက် ဖြစ်လာစေဖို့ ရည်ရွယ်ထုတ်ဝေခဲ့သလိုပဲ လူငယ်များအတွက် 'လူတစ်လုံး'ဆိုတဲ့ စာအုပ်ထပ်ရေးပြီး ထုတ်ဝေခဲ့တယ်။ လူငယ်တိုင်း ဖတ်သင့်တဲ့ စာအုပ်များဖြစ်ခဲ့ပါတယ်။ မြေးကလေးအရွယ်ရောက်လာရင် ရှာဖတ်ရမယ့် စာအုပ်တွေပါပဲ။

'ဆုထူးပန်ယောက်ျား'ဟာ သားဖြစ်သူထံ ရေးတဲ့စာတွေဖြစ်ပြီး ထိုစဉ်က လွတ်လပ်ရေးတိုက်ပွဲအတွက် အနစ်နာခံ တိုက်ပွဲဝင် ရဲစွမ်းသတ္တိပြည့်ဝတဲ့ ယောက်ျားကောင်းတစ်ယောက်ဖြစ်ဖို့ တိုက်တွန်းထားတဲ့ 'စေတနာ'စာတွေပါ။

ကဲ ... ဩချလောက်တာ ပြောတော့မယ်။

လူထုဦးလှဟာ ဒေါ်အမာဆီကို စာအစောင် ၁,၀၀၀ ကျော် ရေးသားခဲ့တယ်။ ဒေါ်အမာထံမှ ပြန်စာကလည်း ၅၀၀ ကျော် ရှိတယ်ဆိုကပဲ။ '၁၀ ပုဒ်ကို မင်ရည်ဖျော်လို့'ဆိုတဲ့ ဦးပုညရှုံးလောက်ပါရဲ့။ ဦးလှနှင့် သိပ္ပံမောင်ဝဟာ စာအပြန်အလှန်ရေးကြတာ ၃၀၀ ကျော်စီ ရှိသတဲ့။ အခြားသော မိတ်ဆွေများထံ ရေးတဲ့စာမပါသေးဘူး။ လူထုဦးလှရဲ့ ပေးစာများဟာ စာအုပ်ဖြစ်လာပါတယ်။ ဆိုခဲ့တဲ့ 'ဆုထူးပန်ယောက်ျား'နောက်တစ်အုပ်က ထောင်ထဲမှာရေးခဲ့တဲ့ စာများကိုပေါင်းပြီး 'ဇနီးနှင့်သားသမီးများသို့ ထောင်တွင်းမှ ပေးစာများ'နှင့် 'သူ့စာများက ပြောခဲ့တဲ့ သိပ္ပံမောင်ဝ'တို့ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း သိပ္ပံမောင်ဝက သူ့ကိုယ်သူ 'မောင်လှအေး'ဆိုပြီး အမည်ပေးထားသလို ဦးလှကို 'မောင်လှရေး' လို့ နာမည်ပေးခဲ့တယ်ဆိုပဲ။ ကောင်းလိုက်တဲ့ အမည်။

လူထုဦးလှဟာ ပေးစာရေးရတာကို ပျော်မွေ့ပါတယ်။ နေရူး၏ 'ချစ်သမီး အင်ဒီရာဂန္ဒီသို့ပေးစာ' "Prison Letters for India Ghandi- by Jawahalul Nehru' ဆိုတဲ့ စာအုပ်ကို ကြီးပွားရေးမဂ္ဂဇင်းမှာ (ရှေ့ဦးပိုင်း ဦးလှက စရေးပြီး နောက်ပိုင်း ဒေါ်အမာက ဆက်လက်၍) ဘာသာပြန်ဆိုထည့်သွင်းခဲ့တယ်။ သည်စာတွေဟာ အိန္ဒိယနိုင်ငံရဲ့ လွတ်လပ်ရေးသမိုင်းတွေပါပဲ။

မြေးလေးရေ ...

သည်နေရာမှာ မပြောမဖြစ် ပြောရမှာကတော့ လူထုဦးလှရဲ့ ကိုယ်ကျင့်တရား၊ သည်းခံနိုင်မှုနှင့် စေတနာပါပဲ။ ဒီအကြောင်းကို လူထုဒေါ်အမာက ရေးပြရင်း မိမိကိုယ်မိမိ ခင်ပွန်းဖြစ်သူနှင့် နှိုင်းယှဉ်ဖော်ပြသွားတာဟာ ကိုယ့်ကိုယ်ကို ဝေဖန်ရေးပါပဲ။ အားလုံးသော ဇနီးမောင်နှံများ ဖတ်စေချင်ပါတယ်။

သည်စာကို ရေးနေရင်း ခေတ္တနားပြီး သတင်းတွေဖတ်လိုက်တော့ 'သမီးကလေးဆီကို စက္ကူလက်သုတ် (napkin)ကလေးတွေပေါ်မှာ စာရေးပြီး ပို့ခဲ့တာ အစောင် ၈၂၆ စောင် ရှိခဲ့တဲ့ ဖခင်တစ်ဦးရဲ့ ပေးစာများ'ဆိုတဲ့ သတင်းနှင့် ဓာတ်ပုံများကို ယနေ့ (၃၀ ဇန်နဝါရီ၊ ၂၀၁၄) internet သတင်းမှာ ဖတ်လိုက်ရတယ်။ Garth Callegham ဆိုတဲ့ ဖခင်ဖြစ်သူက ၁၄ နှစ်အရွယ် (ထိုစာများ စာရေးစဉ် သမီး သုံးတန်းအရွယ်ကတည်းက). ပေးခဲ့တဲ့ စာ ၈၀၀ ကျော်ပြီဆိုပဲ။ သူကတော့ သူပြောချင်တာအပြင် အခြား ထင်ရှားတဲ့သူတွေရဲ့ အဆိုအမိန့် Quatations ကလေးတွေပါ ရေးပေးထားတယ်ဆိုပဲ။ "သမီးကလေးကို ဘယ်လောက်ချစ်ကြောင်း၊ သည်သမီးကလေးဟာ ကျန်းမာကြံ့ခိုင်သော၊ အကောင်းမြင်တတ်သော၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသောသူတစ်ယောက် ဖြစ်လာမယ်လို့" ခံယူစေချင်တယ်လို့ ပြောပါတယ်။ ထူးခြားသော တိုက်ဆိုင်မှုပေပဲ။

ကဲ ...သည်တော့ Emma Claire ဆိုတဲ့ သမီးထံ Garth ပေးခဲ့တဲ့ စာကလေးတစ်ခု (Quotation) ကောက်နုတ်ချက်နှင့်ပဲ နိဂုံးချုပ်လိုက်ပါတယ်။

"Either write something worth reading or do something worth writing."

**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်သန်းဝင်း

# မမြင်ရသောသွားစွယ်များ

လူတို့၏ကျော၊ ရင်ဘတ်၊ လက်မောင်း၊ လည်ကုပ်၊ လည်ပင်းစသည့် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်နေရာရာတို့တွင် နီညိုရောင်အကွက်လေးများ ဖြစ်ပေါ်တတ်လေ့ရှိရာ စပ်ဖျဉ်းဖျဉ်းဝေဒနာအနည်းငယ်ကိုခံစားရလေ့ရှိလေ၏။ ယင်းသို့ဖြစ်ပေါ်ခြင်းကို လူကြီးသူမအချို့က စုန်းစုပ်သည်ဟု ပြောစမှတ်ပြုကြလေ၏။

ဤသည်ကို မည်သူမျှ စောဒကတက်ပြီး ကန့်ကွက်ပြောဆိုခြင်း မပြုကြ၊ စုန်းစုပ်သည်ဟုသာ သဘောထားရှိကြလေ၏။ ဤသို့ဆိုလျှင် ကျွန်ုပ်ကြားသိခဲ့ရပါသော ဇာတ်ကြောင်းချင်းရာကိုလည်း အသိအမှတ်ပြုကြမည်လား၊ သို့တည်းမဟုတ် လုံးဝ (လုံးဝ) ဖြစ်နိုင်ချေမရှိပါဟု ဆိုကြမည်လား။ မည်သို့ဆိုစေ ဖြစ်စဉ်အကြောင်းချင်းရာသည်ကား ကေန်အမှန်ဟု ဆိုပါ၏။

အဲဒီ ဇာတ်ကြောင်းအခြေခံရာသည် မြို့ကျောင်းဟု အမည်ရပါသော မြို့ငယ်လေးတစ်မြို့၌ဖြစ်လေ၏။ ထိုမြို့ကျောင်းသို့ ကျွန်ုပ်သည် လွန်ခဲ့သော (၂၅)နှစ်ကျော်ခန့်က ရောက်ခဲ့လေ၏။ သစ်လုပ်ငန်း လုပ်ကိုင်နေသော ကျွန်ုပ်၏ မယားညီအစ်ကိုတော်စပ်သူကိုမြင့်ဟန်ရှိရာသို့ ရောက်ခဲ့ခြင်းဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

မြို့ကျောင်းသည် တောင်ငူမြို့နှင့် တစ်ဆယ့်လေးမိုင်ခန့်မျှဝေးသည့် ပေါမကျ မြို့မကျမြို့လေးတစ်မြို့ဖြစ်လေ၏။ ကျွန်ုပ်သည် ရန်ကုန်မှ တောင်ငူသို့ရောက် တောင်ငူမှ ဖထိုသို့သွားသည့်ကားကိုစီး၊ ဖထိုရောက်လျှင် မြို့ကျောင်းသို့သွားသည့် ကြုံရာကားကိုစီး၊ ကြုံရာကားဆိုသည်မှာ သစ်သယ်၊ ကျောက်သယ်ကားတို့ဖြင့် ကြုံသလိုတားစီးရခြင်း ဖြစ်လေ၏။ တစ်ခါတရံ ကားလုံးဝမရှိ၊ ကားမရှိလျှင်တော့ ခုနစ်မိုင်ခရီးကို ခြေလျင်တစ်လှည့် ကုန်းကျောင်းတစ်လှည့်လျှောက်ပေတော့။

ကျွန်ုပ်သည်လည်း ကားမရှိသောရက်နှင့် ကြုံလေရကား ခရီးလမ်းကြောင်းကိုမေးမြန်း၍ ခြေလျင်ခရီးဖြင့် မြို့ကျောင်းသို့ လျှောက်ခဲ့ရလေရာ မြို့ကျောင်းသို့ နေဝင်ချိန်မှရောက်ခဲ့ရလေတော့၏။

မြို့ကျောင်းမြို့ငယ်လေးသည် သာယာစဖွယ်ရှိလေ၏။ မြို့ကျောင်း၏ ကျောဖက်တွင် ရဲနွယ်ချောင်းရှိလေ၏။ ရဲနွယ်ချောင်း၏ တစ်ဖက်တွင်ကား ကြီးမားထူထပ်သော တောအုပ်ကြီးရှိလေ၏။ ထိုတောအုပ်ဆီမှာ သမင်ဟောက်သံ၊ ချေဖဟောက်သံတို့ကို ညစဉ်ကြားရသလို တစ်ခါတစ်ရံ ကျားဟိန်းသံများကိုလည်း ကြားရလေ၏။

ထိုတောတောင်ထဲတွင် ဂမ္ဘီရဆန်ဆန်ဇာတ်လမ်းများရှိသည်ဟု ကြားသိရသလို ရဲနွယ်ချောင်း၏ထူးခြားဖြစ်စဉ်များကိုလည်း သိခဲ့ရလေ၏။ ကျွန်ုပ်ရောက်သည့်အခါ ရဲနွယ်ချောင်းသည် ရေခန်းလုနီးပါးရှိနေ၏။ သဲသောင်များပင် ထွန်းလျက်ဖြစ်တည်နေ၏။ ရဲနွယ်ချောင်းသည် မိုးတွင်းအခါ တောင်ကျရေကြောင့် လွန်စွာရေစီးသန်သည်ဟူ၏။ ထိုချောင်းမှ သစ်ဝါးများကို လိုရာဆီသို့ မျှောချပြီး ဆယ်ယူသယ်မပြီး စီးပွားဖြစ်လုပ်ကိုင်ကြသူများရှိကြလေ၏။ ရဲနွယ်ချောင်းရေစီးသန်ချိန် လူတစ်ယောက်ယောက် မျှောပါသည်ဆိုလျှင် ဂိသားစုနွယ်ဖြစ်လင့်ကစား လိုက်ပါကူညီဆယ်မခွင့်မရ၊ ရင်နင့်စွာဖြင့်ပင် ကြည့်နေရသည်ဆို၏။ လိုက်လံဆယ်ယူသူတို့သည်လည်း ပြန်လှမ်းမရှိသောကြောင့် ဖြစ်သည်ဟူ၏။

ဆိုရသော် မြို့ကျောင်းမြို့ငယ်ဝန်းကျင်တွင် အံ့သြဖွယ်ရာတွေနှင့်ထွေပြားလျက်ရှိနေလေ၏။ ထိုသည့်အထဲတွင် ပို၍ထူးခြားဖြစ်စဉ်သည်ကား မောင်လူလှအကြောင်းပါတည်း။

မောင်လူလှသည် နာမည်နှင့်လိုက်ဖက်စွာ ချောမောလှပလေ၏။ ပိန်ပိန်သွယ်သွယ်နှင့်မို့ မိန်းမချောချောသည်ဟူသော စကားနှင့်လိုက်ဖက်လှပေ၏။ သို့သော်မိန်းကလေးတွေလို ကန့်ကရတော့မဟုတ်။ ပြောဟန်ဆိုဟန်တွေက ယောကျာ်းပီသလှပေ၏။

မောင်လူလှသည် လူအေးတစ်ယောက်ဖြစ်လေ၏။ သဘောမနောကောင်းလေ၏။ သို့ဖြစ်ရာ လူချစ်လူခင်ပေါလှပေတော့၏။ အထူးသဖြင့်ကတော့ ရုပ်ချောသဘောမနောကောင်းသဖြင့် မိန်းမပျိုလေးတွေ ဝိုင်းဝိုင်းလည်နေ၏။ သို့သော် မောင်လူလှစိတ်ဝင်စားမှုမရှိ။ ထို့ကြောင့်လည်း မိန်းမပျိုအပေါင်းမှ မောင်လူလှကို မာနကြီးသည်ဟု ပြောဆိုကြလေ၏။ မောင်လူလှကား အပြုံးမပျက်ဖော်ရွေစွာ ဆက်ဆံပြောဆိုစမြဲပင်။

မောင်လူလှ စိတ်ဝင်စားမှုတစ်ခုတော့ ရှိသည်။ ဤသည်ကား စာအုပ်စာပေများဖြစ်၏။ မောင်လူလှစာအလွန်ဖတ်သည်။ စာအုပ်နှင့်မျက်နှာကပ်နေသည့်နှယ်ရှိလေ၏။ သူ့အပြောအရ သူ့မိတ်ဆွေသည် စာအုပ်များဖြစ်သလို သူ့ချစ်သူသည်လည်း စာအုပ်များပင် ဖြစ်သည်ဟူ၏။

တစ်နေ့မောင်လူလှအဖြစ်ဆိုးနှင့် ကြုံရလေ၏။ အဖြစ်ဆိုးသည်ကား အိပ်မက်မက်ရာမှ စလေ၏။ အိပ်မက်ထဲတွင် ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက်က သူနှင့်အတူလာနေဖို့ ခေါ်လေ၏။ အကြိမ်ပေါင်းများစွာ ခေါ်၏။ တောင်းပန်ခယပြီးလည်းခေါ်၏။ ငိုယိုပြီးလည်း ခေါ်လေ၏။ မောင်လူလှလည်း အကြိမ်ကြိမ်ငြင်းသည်။ အကြောက်အကန်ကို ငြင်းဆန်၏။ နောက်ဆုံးဒေါသထွက်ပြီး ဆဲဆိုပြီးနှင်လွှတ်လိုက်လေ၏။

ထိုအခါ ဆံပင်ဖားလျားမိန်းမသည် အမျက်ချောင်းချောင်းထွက်ကာ မျက်လုံးအစုံမှ မီးလျှံများကဲ့သို့ အရောင်များထွက်ရှိပြီး

"ဟဲ့ လူလှ နင့်ကို ငါကမြတ်နိုးလွန်းလို့ခေါ်တာ၊ တောင်းပန်တိုးလျှိုးပြီး အောက်ကျနောက်ကျဖြစ်စွာနဲ့ခေါ်တာ၊ ဒါကို နင်ကငြင်းဆန်ရုံတင်မကဘူး။ ဆဲလွှတ်တယ်။ အေး မှတ်ထား၊ ငါကတော့ရအောင်ခေါ်မယ်။ နောက်ဆုံး နင့်ကိုသတ်ပြီးခေါ်မယ်'ဟု ဆိုကာ မောင်လူလှအား ဖက်၍ကိုက်လေတော့၏။

ဤတွင်မောင်လူလှလန့်ပြီး နိုးလေ၏။ တစ်ကိုယ်လုံးရေချိုးထားဘိသကဲ့သို့ ချွေးတွေနှင့်ရွှဲနစ်နေ၏။ ရင်တုန်ပန်းတုန်ဖြင့် စပ်ဖျဉ်းဖျဉ်းဖြစ်ရာနေရာသို့ကြည့်လေရာ နီညိုကွက်တွေကို တွေ့ရလေ၏။

ထိုအိပ်မက်ဆိုးကို မောင်လူလှ မကြာခဏပင်မက်လေ၏။ အိပ်မက်မှ နိုးထလေတိုင်း ညိုမည်းဒဏ်ရာတွေကို တွေ့ရလေ၏။ ထို့ကြောင့် မောင်လူလှ အိပ်ပင်မအိပ်ရဲချေတော့။ အိပ်လေတိုင်းယင်း အိပ်မက်ဆိုးက ပေါ်လာသည်။ အိပ်မက်ကလည်း စိပ်လာ၏။ မောင်လူလှ မအိပ်ဖို့ ကြိုးစားလေ၏။ ကြိုးစားခြင်းကား စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ်ဖိ၍ ဖတ်နေခြင်းဖြစ်နေ၏။ အအိပ်နည်းလာသည့်အတွက် အစားအသောက်ပျက်လာ၏။ ပို၍ ပိန်လိုလာလေတော့၏။

မိမိဖြစ်စဉ်ကို မခံရပ်နိုင်သည့်အခါ မိဘတွေကိုရင်ဖွင့်တိုင်ပင်၏။ မိဘတွေက

www.burmeseclassic.com

စာတွေအလွန်ဖတ်၊ စာတွေထဲက အကြောင်းအရာတွေကို ပြန်တွေးမိ၊ ဒီလိုနဲ့ အိပ်မက်ဆိုးတွေမက်၊ နောက်ဆုံး အအိပ်ပျက်အစားပျက်ဖြစ်လာတာဟု ကောက်ချက်ချပြောဆို ဆုံးမလေ၏။

ခင်ရာမင်ရာ မိတ်ဆွေတို့ကို တိုင်ပင်သည့်အခါများတွင်လည်း သူ၏မိဘတွေပြောသလို တသွေမတိမ်း၊ စာတွေဖတ်လွန်းတော့ အအိပ်ပျက်၊ သွေးလေတွေချောက်ချောက်ချားချားဖြစ်ပြီး ညို့မည်းကွက်တွေ ထွက်လာတာ ဆေးသောက် ဆေးလိမ်းဟု အကြံပြုပြောကြလေ၏။

မောင်လူလုသည် အိပ်မက်ဆိုးထဲမှ ဆံပင်ဖားလျား မိန်းမကြောင့်အတော် စိတ်ပျက်သလို အတော်လေးကိုလည်း ဝမ်းနည်းနေမိသည်။ ပို၍ဝမ်းနည်းစရာ ဖြစ်ရသည်မှာ အိပ်မက်ထဲမှ မိန်းမသည် လွန်စွာ အတင့်ရဲလာလေ၏။

ညဖက်အိပ်ပျော်နေရင်းမှသာ မဟုတ်လေတော့ နေ့ခင်းကြောင်တောင်ပင် လာရောက်နှောင့်ယှက်လာ၏။ မောင်လူလု အိမ်ရှေ့သစ်ပင်ခြေရင်းတွင် စာဖတ်နေခိုက် ဝင်၍ကိုက်သည်။ အရင်လို နီညို့ကွက်၊ ညိုမည်းကွက်တို့တွင်ပင် မဟုတ်ချေတော့ သွားရာများပါ ထင်လာလေ၏။ သွေးစများပါ စွန်းထင်းလာလေပြီတည်း။

မောင်လူလုအား နေ့ခင်းကြောင်တောင်လာ၍ကိုက်သည်မှာ သုံးလေးကြိမ်မျှရှိလေ၏။ ထိုသို့လာရောက်ကိုက်လေတိုင်း ကြောက်ကြောက်နှင့် ရုန်းကန်၍ အိမ်ပေါ်တက်ပြေးနေရချည်းပင်။

သို့ဖြင့် မောင်လူလုသည် လမ်းထိပ်နားရှိ လက်ဖက်ရည်ဆိုင်တွင်ထိုင်ကာ စာဖတ်လေ၏။ သူ့ကို လာရောက်နှောင့်ယှက်နေသူသည် လူတွေကြားထဲသို့ မလာရောက်နိုင်ဟု တွေးဆ၍ လူစုံသော လက်ဖက်ရည်ဆိုင်တွင် သွားရောက် စာဖတ်ခြင်းဖြစ်လေ၏။ တွေးဆထားသည့်အတိုင်း သုံးရက်လောက်ထိ မည်သို့မျှ မဖြစ်၊ လေးရက်မြောက်နေ့တွင် အိပ်မက်ထဲမှ ဆံပင်ဖားလျားမိန်းမဆိုင်အတွင်း ဝင်လာသည်။ ဒါကို မောင်လူလုမှလွဲပြီး မည်သူမျှ မတွေ့မမြင်ကြရ၊ ထိုမိန်းမသည် မောင်လူလုကို လက်ညှိုးငေါက်ငေါက်ထိုးကာ ဆဲဆိုပြီး မောင်လူလု၏ လည်ကုပ်ကို ပြေးဝင်ကိုက်လေ၏။

"ကယ်ကြပါဦး၊ ကျွန်တော့်ကို ဝင်ကိုက်နေပြီဗျ" ဟု ကြောက်လန့်တကြား အော်လေ၏။ ကိုက်ရာက ပိုပြင်းလာလေရာ သွေးများပင် စို့လာလေတော့၏။ မခံရပ်နိုင်သည့်အဆုံး မောင်လူလုသည် လက်ဖက်ရည်ဆိုင်အတွင်းမှ ထွက်ပြေးလေတော့၏။

ဆိုင်အတွင်းမှ လူအများသည် အော်၍ပြေးထွက်သွားသော မောင်လူလုကို စိတ်မကောင်းစွာကြည့်ကြသည်။ အချို့က 'ငယ်ငယ်ရွယ်ရွယ်နဲ့ သနားပါတယ်၊ သွေးပျက်နေတယ်ထင်ရဲ့'ဟု စုတ်သပ်ကြလေ၏။

မောင်လူလု၏မိဘတို့သည် သွေးစို့နေသော ဒဏ်ရာ၊ ကိုက်ရာများကိုတွေ့ရသဖြင့် စိတ်မကောင်းကြ၊ ဆေးဆရာ ဆေးမှူးဆိုသူတို့ထံသွားရောက်အပ်နှံကုသစေလေ၏။ မောင်လူလုမှလည်း သူ၏ဖြစ်စဉ်ကို ဆေးမှူးထံသို့ ရင်ဖွင့်ပြောဆိုလေ၏။ သူ့အားလည်း ကယ်တင်ပါရန် တောင်းပန်ခယပြောဆိုလေ၏။

ဆေးမှူးသည် မောင်လူလု၏ရင်ဖွင့် ပြောဆိုမှုကို ခေါင်းတဆတ်ဆတ်ညိတ် နားထောင်ပေးလေ၏၊ ထို့နောက် တစ်ချက် ပြုံးလိုက်ပြီး ဒဏ်ရာများကို ဆေးထည့်ပေးလေ၏။ တစ်ချို့ဒဏ်ရာများသည် သွားကိုက်ရာများဖြစ်တည်နေမှုကိုတော့ တအံ့တသြဖြစ်မိလေ၏။

မြို့ကျောင်းသည် တောတောင်နှင့် ရံနွယ်ချောင်းတည်ရှိနေမှုကြောင့် ငှက်ပေါလေ၏။ ဦးခေါင်းတွင်းသို့ ငှက်ဖျားပိုး ရောက်ရှိမှုကြောင့် ကြောင်တောင်တောင် ဖြစ်နေတတ်သူအသို့ရှိလေ၏၊ မောင်လူလုသည်လည်း ဤသို့ဖြစ်ဟန်ရှိသည်ဟု ဆေးမှူးတွက်ဆမိလေ၏။

နောက်တစ်နေ့ မောင်လူလုဆေးမှူးထံလာခဲ့လေ၏။ သောက်ဆေးလိမ်းဆေးရယူရန်အတွက် ဖြစ်လေ၏၊ ဆေးမှူးမှ ...

"မောင်လူလု သက်သာရဲ့လား၊ ဆေးတော့မှန်မှန်သောက်နော် ဟုတ်လား၊ ဒါနဲ့ မင်းဟာမ လာသေးလား၊ ဘာမှ မကြောက်နဲ့ ဆရာတို့ရှိတယ်"

ဟု ဆေးမှူးမှ ဖြောင်းဖျပြောပြောလေရာ မောင်လူလုမှ 'ဟုတ်ကဲ့ဆရာ' ဟုပြောချပြီး တစ်ဆက်တည်းပင် ...

"ဟင် ... ဟာ ဆရာလုပ် ... လုပ်ပါဦး ကယ်ပါဦးဆရာရဲ့ ဟိုမိန်းမ လာလာ ... လာ ... ကိုက် ... ကိုက်... ကိုက်နေပြီ ဆရာ... ကယ်ပါဆရာ"

ဆေးမှူးသည် မောင်လူလုအော်သံကိုသာကြားရပြီး မောင်လူလုအနီးတွင် သူမှလွဲ၍ မည်သူမျှမရှိ မောင်လူလု၏ ကုပ်ပိုး လည်ပင်း၊ လက်မောင်းတို့တွင် ကိုက်ရာတွေတစ်ကွက်ပြီးတစ်ကွက်ပေါ် ပေါ်လာသည်။ ကိုက်ရာတွေမှ သွေးများ ပင် ယိုစီးကျလာလေ၏။

မောင်လူလုသည် မျက်ရည်စများကို လက်ဖမိုးဖြင့် သုတ်လျက် တိုးညင်းသော လေသံလေးဖြင့်

"ဆရာ ... ဆရာတွေ့ပါပြီနော်၊ ဆရာ့ကိုကျွန်တော်ရင်ဖွင့်ပြောခဲ့တာတွေကို ယုံပါပြီနော်ဆရာ"

ဆေးမှူးသည် လွန်စွာအံ့သြစိတ်ဖြစ်ပြီး နဖူးမှချွေးစများကို လက်ကိုင်ပဝါဖြင့် သုတ်ကာ ခေါင်းညိတ်လိုက်လေတော့သည်။

ဆေးမှူးသည် မောင်လူလု၏ ဒုက္ခဖြစ်စဉ်အား မည်သို့မည်ပုံကယ်တင်ရပါ့ ဟူသောအတွေးဖြင့် စဉ်းစားမရဖြစ်နေမိလေ၏၊ သူ၏တစ်သက်နှင့်တစ်ကိုယ်အနီ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စဉ်ဖြစ်ရပ်မျိုး မတွေ့ မမြင်ဘူးခဲ့။ ကြားမှုပင် မကြားခဲ့ရဘူးခဲ့ချေ။ သို့ဖြင့် သစ်တောအုပ်အရာရှိဦးချစ်မောင်ဆိုသူနှင့်ပင် တိုင်ပင်ရလေတော့၏။

''ကျွန်တော် သိသလောက်ကတော့ မောင်လူလုလေး ခပ်ကြောင်ကြောင်ဖြစ်နေတယ်ဆိုတာပဲလေ၊ ဆေးမှူးပြောတာကို နားရှိလို့သာ ကြားရတယ်လို့ ဆိုရမှာပဲ''

သစ်တောအုပ် ဦးချစ်မောင်မှ သံသယဖြင့်ပြောလေရာ ဆေးမှူးမှ

''ဟုတ်တယ် ကိုချစ်မောင်ရယ် ကျွန်တော်လည်း အစက ငှက်ဖျားပိုးဦးနှောက်ဆီရောက်ပြီး ကယောင်ကတမ်းဖြစ်နေ၊ ပြောနေတယ်လို့ မှတ်တယ်၊ တကယ်ပါဗျာ၊ ကိုယ်တွေ့မျက်မြင်ကြုံလိုက်ရတော့ အံ့သြမိသလို ရင်တုန်ပန်းတုန်လည်း ဖြစ်ရတယ်ဗျာ၊ သူ့ကို ဘယ်လိုကယ်တင်ရမယ်ဆိုတာ စဉ်းစားရင်း ခင်ဗျားဆီရောက်လာရတာပဲ ခင်ဗျားဆီက အကြံဉာဏ်လည်း ရယူရင်းပေါ့''ဟု ဆိုလေရာ သစ်တောအုပ်ဦးချစ်မောင်မှ ''တတ်နိုင်သရွေ့တော့ ကူညီရမှာပေါ့ဗျာ''ဟု ကတိကဝတ်ပြုလေ၏။ နောက်တစ်နေ့တွင် မောင်လူလုအား သစ်တောရုံးခန်းဆီသို့ ခေါ်ယူလိုက်လေတော့၏။

''ကဲ မောင်လူလု ဟောဒီအခန်းမှ နေကွာ၊ မင်းအတွက် ငါရော ငါ့တပည့်သုံးယောက်ပါ မင်းကို စောင့်ကြပ်ကြည့်နေမယ်ဟုတ်လား၊ စားစရာသောက်စရာလည်း ဘာမှမယူနဲ့ ဟောဒီမှာ စာအုပ်စင်ကြိုက်သလောက်ယူဖတ်၊ မင်းကို ဘယ်သူမှ လာမနှောင့်ယှက်စေရဘူး''

မောင်လူလုနွမ်းယဲ့စွာ ခေါင်းညိတ်လေ၏၊ မောင်လူလုသည် လူရုပ်ပင်မပေါ်ပေါက်ချေတော့။ တစ်ကိုယ်လုံးလည်း ညှိုးမည်းကွက်တွေက နေရာမလပ်ရှိနေလေ၏။ အအိပ်ပျက်အစားပျက်မှုကြောင့် မျက်တွင်းလည်းဟောက်ပက်ဖြစ်နေလေ၏။

သူချစ်သော စာအုပ်တွေကိုလည်း မကိုင်နိုင်တော့ ခံစားနေရသော ဝေဒနာကြောင့် အသက်ကိုပင် မှန်မှန်ရှူနေရဘိသကဲ့သို့ ရှိနေလေ၏။ တစ်စုံတစ်ရာကိုလည်း စိုးထိတ်တွေးငေးကြည့်နေလေ၏။ ဟိုလှည့်ကြည့် ဒီလှည့်ကြည့်နှင့် ကြောက်လန့်တကြား ကြည့်နေတတ်လေ၏။

ညနေစောင်းရောက်သည့်အခါ သစ်တောအုပ်ဦးချစ်မောင် မောင်လူလုဆီသို့ ရောက်လာပြီး ...

''မောင်လူလု အဆင်ပြေရဲ့ မဟုတ်လား၊ ဒီမှာရှိနေတဲ့လူတွေ၊ ဘယ်သူမဆိုကွာ ငါနဲ့ငါ့တပည့်တွေကို ကြောက်ကြတာကွ၊ ဘယ်သူကမှ မလာရဲကြပါဘူးကွာ ဟုတ်လား''

မောင်လူလု ခေါင်းညိတ်သည်၊ ခေါင်းညိတ်ပုံက ခပ်ယဲ့ယဲ့၊ အားနည်းနေဟန်ရှိနေ၏။

''ဆရာ ... ဆရာ''

''ဟေ ဘာလဲကွ''

''လာ ... လာ... လာနေပြီဆရာ၊ လုပ် ... လုပ်ပါဦးဆရာ''

မောင်လူလု ထိတ်ထိတ်ပျာပျာအော်သံကြောင့် မောင်လူလု၏အနားဆီသို့ ဦးချစ်မောင်နှင့် တပည့်သုံးဦး ပြေးဝင်ကပ်ကြသည်။ ကပ်ကြရုံတင်မဟုတ် မောင်လူလုအား ဝိုင်းဖက်ထားကြလေ၏။

''ကယ်ကြပါဦး ကိုက်နေပြီ ကိုက်နေပြီ၊ နာ ... နာလိုက်တာ'' မောင်လူလု မအော်နိုင်ချေတော့ အသံကားပျောက်ကာ လဲပြိုကျသွားလေတော့၏။

ဦးချစ်မောင်နှင့် တပည့်သုံးယောက်သည် မိမိတို့ဖက်ထားသည့်အကြားမှ မည်သူက ဝင်ကိုက်ပါသနည်း၊ ဖက်ထားရင်းအကြားမှပင် မောင်လူလုကိုယ်အနှံ့တွင်ဒဏ်ရာတွေပေါ်လာပြီး သွေးတွေလည်း မြင်မကောင်းအောင် ယိုစီးကျလာလေ၏။

ဦးချစ်မောင်နှင့်တပည့်သုံးယောက်စလုံးသည် ကိုယ်တွေ့ကြုံလိုက်ရသော အဖြစ်ကို မယုံနိုင်စရာ အံ့ဖွယ်ရာ ရင်တုန်ဖွယ်ရာဖြစ်လေရာ အားလုံးပင် မင်သက်နေမိကြလေ၏။

မောင်လူလုသည်ကား လဲပြိုကျနေပြီး အသက်ရှူသံမှလည်း တိုးညင်းညင်းသာနေလေပြီ၊ လဲပြိုကျနေသော မောင်လူလုအား ပွေ့ချီမရန်ဆေးမှူးဆီသို့ပြေးကြလေတော့၏။ ဆေးမှူးမှလည်း လိုအပ်သည့်ဆေးဝါးများဖြင့် စွမ်းသမျှကုသပါသော်ငြား မောင်လူလုလေးသည် အသက်ပြန်မလည်လာချေတော့ ထိတ်လန့်အံ့သြနေသည့် ပုံစံဖြင့် ဆုံးပါးသွားခဲ့လေတော့၏။

မောင်လူလု ဆုံးပါးသွားသည့်အတွက် မိဘနှစ်ပါးမှာ ကြေကွဲစွာဖြင့် ချုံးပွဲချငိုကြွေးကြသကဲ့သို့ ကြားသိရသူတို့မှာလည်း နှမြောတသစွာဖြစ်ကြရလေ၏။

ကျွန်ုပ်ကြားသိခဲ့ရသော မောင်လူလု၏ ဇာတ်လမ်းသည်ကား မယုံနိုင်စရာဖြစ်ပါ၏။ မိမိကိုယ်တွေ့မျက်မြင်မဟုတ်သည့်အတွက် ယင်းသို့ မယုံမရဲဖြစ်ရခြင်း ဖြစ်ပါ၏။ သို့သော်ကြားသိရလိုက်သည့်အခိုက်မှာတော့ အံ့သြခြင်း၊ ထိတ်လန့်ခြင်းတော့ဖြစ်ခဲ့ရလေ၏။

လောကကြီးတွင် တစ်ခါတစ်ရံ ဆန်းကြယ်လှပါသော ဖြစ်စဉ်ဖြစ်ရပ်များကို တွေ့မြင်ကြားသိရပါ၏။ ထိုဆန်းကြယ်ဖြစ်စဉ်ဖြစ်ရပ်များကို သိပ္ပံပညာရှင်အပေါင်းမှ တအံ့တသြဖြစ်ကြရပြီး သဘာဝလွန်ဖြစ်ရပ် Super Natural ဟု ကင်ပွန်းတပ်ခဲ့သည်များရှိနေလေ၏။

သို့ဖြင့် ကျွန်ုပ်သည်လည်း မောင်လူလုဖြစ်စဉ်ဖြစ်ရပ်ကို သဘာဝလွန်ဖြစ်ရပ်တစ်ခုသာဟုပင် ကောက်ချက်ချလိုက်ရမှ တစ်ပါး အခြားမရှိတော့ပြီတည်း။

ကိုမောင်သန်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# အာဟာရပြည့် ဆေးဖက်ဝင် သီးနှံအစားအစာများ

သုတေသီဆရာငြိမ်း

## စပါးလင်၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ


စပါးလင်သည် မီးဖိုချောင်ကို စီမံကွပ်ကဲရသည့် အိမ်ရှင်မများ လက်စွဲဖြစ်မချေ၏။ မြန်မာနိုင်ငံမှ ထွက်ရှိသော စပါးလင်သည် ရနံ့မွှေးပျံ့ရုံသာမက ဆေးစွမ်းကလည်း ထက်မြက်လှသည်။ ၎င်းသည် မြက်မျိုးအနွယ်ဝင်ဖြစ်ပြီး စပါးလင်မွှေးနှင့် ဟင်းစားစပါးလင်ဟူ၍ နှစ်မျိုးရှိပါသည်။

ထိုနှစ်မျိုး၏ ကွာခြားပုံမှာ စပါးလင်မွှေးသည် ဟင်းစားစပါးလင်ထက် ပို၍ရွက်ပြားကြီးကာ ရှည်လျားခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ အချို့သော စီးပွားရေး ဈေးကွက်များတွင် စပါးလင်မွှေးက ပို၍ မျက်နှာပန်းလှတတ်ပေသည်။

စပါးလင်သည် စိုက်ပျိုး၍ ရနိုင်သော အပင်ဖြစ်သည်။ မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် စိုက်ပျိုး၍ ပေါက်ရောက်နိုင်ပြီး သီတင်းကျွတ်လကုန်လောက်တွင် ဖူးတံထွက်၍ ပြာသို၊ တပို့တွဲလများတွင် အပွင့်ပွင့်၏။ အရသာမှာ ဖန်၍ခါး၏။

စပါးလင်၏အရွက်နှင့် အဆီကို တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ ရောဂါကုသရာတွင်လည်းကောင်း ပရဆေးအဖြစ်အသုံးပြုကြပေသည်။ အိန္ဒိယဆေးကျမ်းများ၌ စပါးလင်သည် အစာမကြေခြင်း၊ ခံတွင်းပျက်ခြင်းနှင့် အစာအိမ်အတွင်း ပိုးနှောင့်ယှက်သော ရောဂါဝေဒနာများအတွက် အကောင်းဆုံး ဆေးတစ်လက်ဖြစ်ကြောင်း ဖော်ပြထားပေသည်။ မြန်မာ့ဆေးဖက်ဝင် အပင်များ၌လည်း စပါးလင်ကို ချန်လှပ်၍ မရပေ။

စပါးလင်သည် ပဉ္စငါးပါးလုံး အသုံးဝင်သော အပင်ဖြစ်၏။ ၎င်းတွင် လေသလိပ်ကို ကြေစေခြင်း၊ သွေးကို ကြည်လင်စေခြင်း၊ အစာကိုကြေစေ၍ သည်းခြေကို ပျက်စေခြင်း စသော အစွမ်းသတ္တိများ ရှိပေသည်။ စပါးလင်ကို နှလုံး၊ လည်ချောင်းနှင့် ပတ်သက်သော ရောဂါများ ကုသရာတွင် အသုံးပြုနိုင်ပြီး ချောင်းဆိုးခြင်း၊ သွေးအန်ခြင်း၊ ကာလဝမ်းရောဂါနှင့် သလိပ်တို့ကို နိုင်နင်းစွာ





www.burmeseclassic.com

www.burmeseclassic.com

ကုသပေးနိုင်၍ အူသိမ်၊ အူနု၊ အူအကာနှင့် အမြွေးများ၏ လုပ်ဆောင်ချက်ကို ပိုမိုကောင်းမွန်စေသည်ဟု သိရသည်။

မြန်မာ့ဆေးကျမ်းများအလိုအရ အဖျားရောဂါသည်များ ချွေးထွက်စေရန်အတွက် စပါးလင်ကို ချင်း၊ သကြားတို့နှင့် ရောစပ်၍ အသုံးပြုနိုင်သည်။ စပါးလင်သည် ဆီးပူခြင်း၊ ဆီးအောင့်ခြင်းနှင့် ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများအတွက်လည်း ဆေးစွမ်းကောင်းတစ်လက်ဖြစ်ကြောင်း သိရသည်။

ယနေ့ခေတ်ကာလတွင် ဆေးဝါးကုမ္ပဏီကြီးများသည် စပါးလင်မှ အဆီကို ပေါင်းခံကိရိယာဖြင့် ထုတ်ယူ၍ စားဆေး၊ သောက်ဆေး၊ လိမ်းဆေး အမျိုးမျိုး ဖော်စပ်ရောင်းချနေပြီဖြစ်သည်။ စပါးလင်ဆီသည် ပူနွေးစေသော ဂုဏ်သတ္တိရှိသဖြင့် ၎င်းအဆီနှင့် နှမ်းဆီ ရောစပ်လိုက်လျှင် ပရုတ်ဆီကဲ့သို့ပင် အကျိုးအာနိသင်ရှိကြောင်း သိရသည်။ ၎င်းကို ခါးနာခြင်း၊ ခါးကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ အကြောဆွဲခြင်း၊ အကြောတုန်းခြင်းတို့ အပြင် ပွေးဝဲ စသော အရေပြားရောဂါများအတွက်ပါ လိမ်းဆေးအဖြစ် သုံးစွဲနိုင်သည်။

စပါးလင်ဆီတွင် သွေးကိုကြွစေသော၊ လေတက်ခြင်းကို ကျဆင်းစေနိုင်သော၊ ချွေးပြိုက်ပြိုက်ထွက်စေသော အစွမ်းအာနသင်များရှိပြီး ဝမ်းဗိုက်ရစ်နာခြင်း၊ ရင်ဘတ်အောင့်ခြင်းနှင့် ပျို့အန်ခြင်း ဝေဒနာများကို ကုသရာ၌ အစွမ်းထက်လှသည်ဟု ဆိုပါသည်။ မြန်မာ့ရေမြေ၌ လွယ်လင့်တကူ ရှာဖွေရယူနိုင်သော စပါးလင်သည် တန်ဖိုးစရိတ် နည်းပါးသော်လည်း ရောဂါပျောက်ကင်းအစွမ်းထက်လှသဖြင့် နည်းလမ်းအသွယ်သွယ်ကို အသုံးချ၍ ကျန်းမာခြင်းဆုလာဘ်ကို ပေးနိုင်စွမ်းရှိပေသည်။

### (၁) ဆံပင်ကျွတ်တာ သက်သာစေဖို့

စပါးလင်ဆီကို အုန်းဆီစစ်နှင့် ရောစပ်၍ ဦးရေပြားအတွင်း စိမ့်ဝင်သွားအောင် လိမ်းပေးပါက ဆံပင်ကျွတ်ခြင်းများ ရပ်တန့်သွားပါလိမ့်မည်။

### (၂) ကလေးများ သန့်ထိုးနေပါလျှင်

ကလေးငယ်၏ ဝမ်းဗိုက်ကို စပါးလင်ဆီ လိမ်းကျံပေးပြီး အဝတ်ဖြင့် ပတ်ထားပေးပါက သန့်ထိုးခြင်းဝေဒနာ သက်သာသွားပါလိမ့်မည်။

### (၃) ခြင်ကိုက်နေသလား

စပါးလင်ဆီ ပါဝင်သော ဖယောင်းလိမ်းဆေးကို လိမ်းပေးပါက ခြင်မကိုက်တော့ဘဲ ၎က်ဖျားအန္တရာယ်မှ ကင်းဝေးသွားပါလိမ့်မည်။

### (၄) လေဖြတ်၊ လေငန်းနှင့် ကြွက်တက်ဝေဒနာရှင်များအတွက်

စပါးလင်ဆီကို နှမ်းဆီ (သို့မဟုတ်) အုန်းဆီနှင့် ရော၍ လိမ်းကျံပေးပါက လေဖြတ်ခြင်း၊ လေငန်းဆွဲခြင်းနှင့် ကြွက်တက်ခြင်းဝေဒနာတို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၅) အဆစ်တွေ ရောင်ရမ်းနေလျှင်

အဆစ်များ ရောင်ရမ်းလျက်ရှိသော နေရာများပေါ်သို့ စပါးလင်ဆီအား စိမ့်ဝင်အောင် ပွတ်လိမ်းပေးပါက အဆစ်ရောင်ရမ်းခြင်း ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၆) မီးယပ်ကြောင့် ကိုယ်လက်နာကျင်ကိုက်ခဲနေလျှင်

အမျိုးသမီးများ မီးယပ်ရောဂါဝေဒနာကြောင့် ကိုယ်လက်များ နာကျင်ကိုက်ခဲနေပါလျှင် စပါးလင်ရည်တွင် ရေမွှေးကောင်းမွှန် အနည်းငယ်ထည့်ကာ လိမ်းကျံပေးပါက ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၇) ထိခိုက်မှုကြောင့် အကြောတင်နေသလား

ရုတ်တရက် ထိခိုက်ဒဏ်ရာရ၍ အကြောတင်နေခဲ့ပါက အကြောပြေ ဒဏ်ကြေသွားစေရန်အတွက် ထမင်းဖြူနှင့် စပါးလင်ကို ထုထောင်းကာ ကြပ်ထုပ်ထိုးပေးပါ။ သက်သာပျောက်က[illegible]သွားပါလိမ့်မည်။

### (၈) ဆီးရောဂါနှင့် လည်ချောင်းနာတို့အတွက်

စပါးလင် ပဥ္စငါးပါးကို သကြားအနည်းငယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ကျို၍ တစ်ဒနွန့်နှစ်ကြိမ် သောက်သုံးပေးသွားပါက ဆီးရောဂါသာမက လည်ချောင်းနာဝေဒနာတို့ကိုပါ သက်သာပျောက်ကင်းသွားနိုင်စေပါသည်။

(၉) နာခေါင်းစေး၍ ချောင်းဆိုးနေလျှင်

ပဥ္စငါးပါးပါဝင်သော စပါးလင်တစ်စည်းကို ရေစင်စင်ဆေးပြီး ပြုတ်ပါ။ ရရှိလာသော အရည်ထဲတွင် မီးဖုတ်ထားသော ဆားခတ်၍ သောက်သုံးပေးပါက နှာစေးခြင်း၊ ချောင်းဆိုးခြင်းဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၀) အစာမကြေ၊ ခံတွင်းမလိုက်လျှင်

ပဥ္စငါးပါးကို ကြိတ်ညှစ်၍ရသော စပါးလင်ရည်အား သောက်သုံးပေးပါက အစာမကြေခြင်းများ၊ ခံတွင်းမလိုက်ခြင်းများ ပျောက်ကင်းသက်သာသွားပါလိမ့်မည်။

(၁၁) ငှက်ဖျားရောဂါ ထနေသလား

စပါးလင်ခေါင်းနှင့် ရွှတ်ကောင်းစေ့တို့ကို ရော၍ ကြိတ်ပါ။ ရလာသည်တို့ကို အခြောက်လှန်း၍ နေ့စဉ် ရွှတ်ကောင်းစေ့ခန့် သောက်သုံးပေးသွားပါက ငှက်ဖျားရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၂) ဆီးကြောင့်ဖြစ်သော အသားဝါရောဂါအတွက်

စပါးလင်လက်တစ်ဆုပ်ခန့် အမြီးနှင့်ခေါင်းအား ဖြတ်၍ ရေနှင့် သုံးခွက်တစ်ခွက်တင် ကျိုပါ။ ထိုဆေးရည်အား တစ်နေ့သုံးကြိမ်သောက်ပါ။ အနည်းဆုံး သုံးရက်ခန့် သောက်ပေးပါက ဆီးကြောင့်ဖြစ်သော အသားဝါရောဂါများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၃) ရောင်ရမ်းနာကျင်လျှင်

ရောင်ရမ်းနာကျင်ခြင်းများ ဖြစ်ပေါ်ခံစားနေရပါက စပါးလင်ကို ထုထောင်း၍ အဝတ်ဖြင့်ထုပ်ပြီး ကြပ်ထုပ်ဆိုးပေးပါက ရောင်ရမ်းနာကျင်မှုမျ-း သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၄) လေရောဂါသည်များအတွက်

လေကြောင့် စိတ်သောကရောက်နေကြရသော ဝေဒနာရှင်များအဖို့ ငရုတ်ကောင်း၊ ပူဒီနာနှင့် သကြားတို့ကို စပါးလင်နှင့်ရောစပ်ကာ ပြုတ်၍ သောက်ပေးပါက လေရောဂါများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

နေ့စဉ် ဟင်းလျာများ ချက်ပြုတ်နေကြရသော အိမ်ရှင်မများအဖို့ စပါးလင်သည် ဟင်းလျာအတွက် သာမကဘဲ ကျန်းမာရေးအတွက်ပါ အထောက်အကူပြု လျက်ရှိပေသည်။

V V V V V

## ဂေါ်ရခါးသီး၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

ဂေါ်ရခါးသီးသည် အခါရာသီမရွေး ရရှိနိုင်သော သီးနှံတစ်မျိုးဖြစ်၏။ ဆောင်းရာသီကာလသို့ရောက်လျှင် အလျှံပယ်ထွက်ရှိသည့်အတွက် ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ပြီး အချိုကြော်၊ ချဉ်ရည်ဟင်းသာမက အသားငါးတို့နှင့် ရောနှောပြီး ချက်ပြုတ်စားသောက်နိုင်ပေသည်။ အကြော်ဆိုင်များ၌ ဘူးသီးရှားလျှင် ဘူးသီးအစား ဂေါ်ရခါးသီးကိုလှီးချွတ်၍ ကြော်ရောင်းကြပေသည်။ အရသာအားဖြင့်လည်း ထူးကဲလှပေသည်။

ဂေါ်ရခါးသီးကို ရှမ်းပြည်နယ်တွင် စီးပွားဖြစ် စိုက်ပျိုးကြပြီး တစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချကြပေသည်။ ဂေါ်ရခါးသီးတွင် ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ သံဓာတ်၊ အမိုင်နိုအက်စစ်၊ ကစီဓာတ်၊ ဗီတာမင် $B_6$ နှင့် မဂ္ဂနီစီယမ်တို့





www.burmeseclassic.com

www.burmeseclassic.com

အပြင် အမျှင်ဓာတ်၊ ကော့ပါးဓာတ်နှင့် ဇင့်(သွပ်)ဓာတ်တို့ ပါဝင်ပေသည်။ ကယ်လိုရီနည်းပါးသည့် အစားအစာဖြစ်ပြီး ကိုလက်စထရောနှင့် ဆိုဒီယမ်တို့ လုံးဝမပါရှိပေ။ ထို့ပြင် ဗီတာမင်အီး၊ ဗီတာမင်ကေ၊ နီယာစင်းဓာတ်၊ ဖောလိတ်၊ ပိုတက်စီယမ်နှင့် အက်စ်ကောတစ် အက်စစ်တို့ ပါဝင်ပြီး ဓာတ်တို့ ဆန့်ကျင်မှု ဂုဏ်သတ္တိများကြောင့် ကင်ဆာရောဂါများကို ဟန့်တားကာကွယ်နေပေသည်။

ဂေါ်ရခါးသီးတွင်ပါဝင်သည့် ဓာတ်ပေါင်းစုများသည် နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ချပေးပြီး ၎င်းနှင့် ဆက်စပ်နေသည့် လေဖြတ်ခြင်းကိုလည်း ဟန့်တားပေးနိုင်သည်။ ထို့ပြင် သွေးထဲရှိ သကြားဓာတ်တို့များခြင်းကို ထိန်းချုပ်ပေးနိုင်ခြင်းကြောင့် ဆီးချိုရောဂါသည်များစားသုံးရန် အထူးပင်သင့်လျော်ပေသည်။ ဂေါ်ရခါးသီးကို စားသုံးခြင်းအားဖြင့် ဂေါက်ရောဂါနှင့် အဆစ်အမြစ်ကိုက်ခြင်းကို သက်သာစေပြီး ခြေသလုံးကြွက်သားများ ကြွက်တက်ခြင်းကိုလည်း ကာကွယ်ပေးနိုင်ပေသည်။ သွားနှင့်ခံတွင်း ကျန်းမာခြင်းကို ပေးစွမ်းနိုင်ပြီး အဆုတ်နှင့် ကျောရိုး ကျန်းမာရေးကို သန့်စင်ပေးသည့်အပြင် သွေးဖိအားကို ထိန်းချုပ်နိုင်သည့်အတွက် သွေးတိုးရောဂါဝေဒနာရှင်များ စားသုံးသင့်သည့် ဆေးတစ်ခွက်ဆိုလျှင် မမှားပေ။

ဂေါ်ရခါးသီးတွင် ပါဝင်သည့် ဗီ တာမင် $B_6$ သည် အောက်ဆီဂျင်ကို ဦးနှောက်ထဲရောက်အောင် ပို့ဆောင်ပေးပြီး မှတ်ဉာဏ်စွမ်းရည်ကို တိုးတက်မြင့်မားစေသည့် အပြင် အယ်လ်ဇိုင်းမားရောဂါ မဖြစ်ပွားအောင်လည်း ကာကွယ်ပေးနိုင်ပေသည်။ မှန်မှန်စားသုံးပေးသွားပါက အူသိမ် အူမတို့၏ စွမ်းဆောင်ရည်မြင့်တက်လာပြီး ဝမ်းချုပ်ခြင်းမှ ကင်းဝေးစေပါသည်။

ဂေါ်ရခါးသီးသည် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးပြီး အပူရှပ်ခြင်း၊ အအေးမိခြင်းနှင့် တုပ်ကွေးကူးစက်မှုကြောင့်ဖြစ်သော အဖျားရောဂါများကို ကြိုတင်ကာကွယ်နိုင်ပေသည်။ အရိုးပွခြင်းမှ ကာကွယ်ပေးပြီး ဆဲလ်များ ထိခိုက်ပျက်စီးမှုမဖြစ်ရလေအောင် တားဆီးပေးနိုင်သည်။ စိတ်ကို ကြည်လင် လန်းဆန်းစေသည့်အပြင် ပင်ပန်းနွမ်းနယ်မှုများကို ပြေပျောက်စေပြီး သိုင်းရွက်၏ လုပ်ငန်းဆောင်တာများကို ပိုမိုကောင်းမွန်စေသည်ဟု ဆိုပေသည်။

အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာဆဲလ်များ ပွံ့နှံ့ကြီးထွားလာခြင်းကို ဟန့်တားပေးသည်။ ပေါင်မပြည့်သော ကလေးများ မွေးဖွားခြင်းနှင့် မွေးရာပါ အာရုံကြောများ ချို့တဲ့မှုမဖြစ်ရလေအောင် ကိုယ်ဝန်ဆောင် မိခင်လောင်းများ ဂေါ်ရခါးသီးကို ပိုမိုစားသောက်ပေးကြရန် ဆေးပညာရှင်များက တိုက်တွန်းပေးထားကြပေသည်။ ဂေါ်ရခါးသီးကို စားသုံးခြင်းကြောင့် အဆီပြန်ခြင်း၊ ဝက်ခြံထွက်ခြင်းများကို ထိန်းချုပ်သက်သာစေသည်။ ခန္ဓာကိုယ်အလေးချိန်ကိုလည်း လျှော့ကျစေနိုင်သည်။ ခွန်အားကို တိုးပွားစေပြီး ပရိုတင်းဓာတ်ရအောင် ကူညီပေးသည့် အပြင် နာတာရှည် အိပ်မပျော်သည့် ရောဂါများကိုလည်း သက်သာပျောက်ကင်းစေပါသည်။

ဂေါ်ရခါးသီးသည် အသီးသာမက အရွက်၊ အညွန့်တို့မှာလည်း အသုံးတည့် ဆေးဖက်ဝင်ကြပါပေသည်။ အရွက်အညွန့်တို့ကို ကြော်လှော်ချက်ပြုတ် စားသုံးနိုင်ရုံမျှမကဘဲ အခြောက်ခံပြီး လက်ဖက်ခြောက်ခတ်သကဲ့သို့ ရေနွေးတွင်ခပ်ကာ သောက်သုံးနိုင်ပေသည်။ ထိုကဲ့သို့ စွဲမြဲစွာ သောက်သုံးပေးသွားပါက သွေးကြောပိတ်ဆို့မှုကို ပြေလျော့သွားစေ၏။ သွေးတိုးကိုကျစေ၏။ ဆီးကို ရွှင်စေ၏။ ကျောက်ကပ်ကိုသန့်စင်ပေးပြီး ဆီးကျောက်တည်ပါက ကျောက်ကို ကြေပျက်စေပါသည်။

မြန်မာတိုင်းရင်း ဆေးဆရာကြီးများ၏ အယူအဆအရ ဆိုရလျှင် ဂေါ်ရခါးသီးသည် အချိုဓာတ်ပါသော လေစာဖြစ်ပြီး စားပြီးပါက ထိုက်သင့်သလောက် လေပွလာနိုင်သည့်အတွက် အခန့်မသင့်ပါက သွေးပေါင်ချိန်ကို မြင့်တက်လာစေသည့်အတွက် လေရောဂါ ဓာတ်ခံရှိသူများအနေဖြင့် ဂေါ်ရခါးသီးကို ချင့်ချိန်စားသောက်သင့်ကြပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် အရွယ်သုံးပါးမရွေး စားသုံးနိုင်သော ဂေါ်ရခါးသီးအစွမ်းဖြင့် အရေပြားတစ်သျှူးများ ကျန်းမာစေခြင်း၊ အသားအရေ စိုပြည်လှပလာနိုင်စေခြင်းနှင့် အရွယ်တင်နုပျိုစေခြင်း စသော အကျိုးကျေးဇူးများပါ ခံစားရရှိနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

သုတေသီဆရာငြိမ်း

www.burmeseclassic.com

# စပ္ပါယ်ဖူး ဆေးတိုက်မှ အစွမ်းထက်လိမ်းဆေးများ




၀၄၀၈ (Y) ၀၇၄၆၅

## အရိုးကြီးပေါင်းလိမ်းဆေး

ဤဆေးကို သက်ရင်းကြီး၊ ပညာလက်အပါအဝင် ထူးခြားအစွမ်းထက်သော တိုင်းရင်းဆေးစစ်ဆေးမှုန်များဖြင့် စီမံဖော်စပ်ထားသော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

လည်ပင်းကျိုးပေါင်း၊ ခါးဆစ်ကျိုးပေါင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ခါးကိုက်ခါးနာ၊ လေးဘက်နာဖြစ်ခြင်းကြောင့် အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲခြင်း၊ ဇက်လေးခြင်း၊ ဇက်ကြောတက်ခြင်း၊ ကြောပြင်တစ်ပိုက် နာကျင်ကိုက်ခဲခြင်း၊ ဇက်ကြောနာကျင်ခြင်း၊ ဇက်ကြောထိုးခြင်း၊ ခေါင်းတစ်ခြမ်း ခေါင်းကိုက်ဝေဒနာများ၊ ခြေလက်ထုံကျင်ခြင်း၊ လက်မောင်းကြောရိုး၊ တင်ပဆုံနှင့် ပေါင်ကိုက်ခြင်း၊ ရင်သားနှင့် ရင်ဘတ်အောင့်ခြင်းနှင့် **'လေဖြတ်ဝေဒနာ'**များအတွက် ထိရောက်လျင်မြန်စွာ ပျောက်စေသည့်အပြင် တရားမထိုင်မီနှင့် အားကစားမလုပ်မီ ကြိုတင်လိမ်းထားခြင်းဖြင့် အကြောများလျော့၍ ပျော့ပျောင်းစေပါသည်။ ဤဆေးကို တိုင်းရင်းပညာ **'အအေးနည်း'** ဖြင့် ဖော်စပ်ထားပါသည်။

## ချွဲသလိပ်ကြေ ရင်လူးဆေး




၀၄၀၈ (Y) ၀၇၄၆၄

ဤချွဲသလိပ်ကြေ ရင်လူးဆေးသည် လူကြီး၊ ကလေး အသက်အရွယ်မရွေး အသုံးပြုနိုင်သည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

ချွဲထ၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်တစ်၊ သလိပ်ပုပ်ထ၊ ကြက်ညှာချောင်းဆိုး၊ ချွဲပူထ၊ လည်ချောင်းယား၊ ချွဲသံကြား၊ အစာမကြေ ပျို့အန်၊ ရင်ပြည့်၊ ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိခြင်း၊ ဝမ်းဖောဝမ်းရောင်၊ ဗိုက်အောင့်၊ ဗိုက်ပူနံကား၊ လေပြင်နာ၊ လေဆန်နာ၊ လေထိုးလေအောင့်၊ လေပွလေထ၊ လေနှင့်ဝမ်း မကွဲသော ရောဂါများအတွက် အထူးလိမ်းဆေး ဖြစ်ပါသည်။ ထိုဆေးကို လည်ပင်းမှ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးပါက ရောဂါကို ယူပစ်သလို ပျောက်ကင်းနိုင်ပါသည်။

မင်္ဂလာဒုံ -- "စပ္ပါယ်ဖူးဆေးတိုက်" ၊ အမှတ်(၆၄) သရဖီလမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံ။
ဖုန်းနံပါတ်များမှာ - ၀၉-၅၁၃၇၅၅၀၊ ၀၉-၅၁၉၇၇၇၇ တို့ ဖြစ်ပါသည်။ ဤဆေးကို ရွှေဘုံသာလမ်းရှိ တိုင်းရင်းဆေးဆိုင်များမှာ ရရှိနိုင်ပါသည်။ အရိုးကျိုးပေါင်းနှင့် လေဖြတ်ဝေဒနာရှင်များ ရောဂါအမြစ်ဖြတ်လိုလျှင် "တကယ်ထူးတဲ့ စပ္ပါယ်ဖူးဆေးတိုက်" သို့ လာရောက် ဆွေးနွေးကုသနိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - "နံနက်(၉ - ၁၁)နာရီ၊ ညနေ(၄ - ၇)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားသော ဆရာတော်၏ဆွဲပြား (နှင့်) ကိုယ်တွေ့ဖြစ်ရပ်

ရဲအောက်သန်းဝင်း



ထိုင်းနိုင်ငံ မဲသဝေါ်(ဇာရှောင်ရမ်း)
ဆရာတော်ကြီး၏ပုံ (ဆွဲပြားတစ်ဖက်ပါ)

ကျွန်တော်သည် တပ်မတော်သားဘဝဖြင့် နိုင်ငံ့တာဝန်ကို နေရာဒေသအသီးသီးတို့တွင် နှစ်ပေါင်း ၃၀ ကျော်မျှ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ရာတွင် တိုက်ပွဲကြီး/ငယ်များစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ထိခိုက်ဒဏ်ရာဟူ၍ မရရှိခဲ့ခြင်းတို့မှာ ရတနာမြတ်သုံးပါးနှင့် မြတ်ဗုဒ္ဓ၏ဂုဏ်တော်၊ ကျေးဇူးတော်များကြောင့်ဟု အမြဲယုံကြည်ခဲ့ပါသည်။ မည်သည့်နေရာဒေသ တောတောင်ထဲတွင် ရောက်ရှိနေရသည်ဖြစ်စေ ရတနာသုံးပါးနှင့် မြတ်ဗုဒ္ဓ၏ဂုဏ်တော်ကိုးပါးတို့ကို ရွတ်ဖတ်ဦးချပြီးမှသာ အိပ်ရာဝင်လေ့ ရှိတတ်ပါသည်။ ဤကဲ့သို့ ယုံကြည်စွာဖြင့် ရွတ်ဖတ်ပူဇော်ခြင်းများကြောင့် ကျွန်တော့်အနေဖြင့် တိုက်ပွဲကြီးငယ်များတွင် ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ အောင်မြင်ကျော်လွှားခဲ့သော ကိုယ်တွေ့ဖြစ်ရပ်များ များစွာရှိခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ယခု ရေးသားတင်ပြမည့် ထူးခြားသော ဆရာတော်ကြီး၏ ဆွဲပြားနှင့် အံ့ဩဖွယ် ကိုယ်တွေ့ဖြစ်ရပ်သည် ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။ ကျွန်တော်တို့ တပ်မ(၉၉)သည် ၁၉၉၆/၉၇ ခုနှစ်တွင် မာနယ်ပလော၊ မဲသဝေါဒေသအား လုံခြုံရေးနှင့် စစ်ဆင်ရေး ဝင်ရောက်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။ ကျွန်တော်တို့တပ်မတော်နှင့် ဌာနချုပ်သည် လှိုင်းဘွဲ့မြို့တွင် အခြေပြုကွပ်ကဲကာ ကျွန်တော်တို့ တပ်ဖွဲ့အပါအဝင် တပ်ရင်းသုံးရင်းနှင့် နည်းဗျူဟာကွပ်ကဲမှု ဌာနချုပ်တို့မှာ ရှမ်းရွာသစ်နှင့် မာနယ်ပလော ဆက်သွယ်ရေးလမ်းကြောင်းနှင့် သံလွင်မြစ်နှင့် သောင်ရင်းမြစ်ကြား နယ်မြေလုံခြုံရေး တာဝန်ကို ထမ်းဆောင်ရပါသည်။ ပွိုင့် (၉၆၂) တောင်ကုန်းတွင် နည်းဗျူဟာ ကွပ်ကဲမှုအဖွဲ့ ကွပ်ကဲကာ ကျွန်တော့်တပ်ဖွဲ့မှာ မဲသဝေါစခန်းနှင့် သောင်ရင်းမြစ်နယ်စပ်ဒေသလုံခြုံရေးအတွက် အချက်အချာကျသော ကျောက်တောင်များတွင် စိုးမိုးနေရာယူထားရပါသည်။ သောင်ရင်းမြစ်နယ်ခပ်ဒေသ လုံခြုံရေးအား ဒီကေဘီအေ(ခေါ်) ဗုဒ္ဓဘာသာကရင်အဖွဲ့နှင့် ပူးပေါင်းတာဝန်ယူထားရချိန် ဖြစ်ပါသည်။ ကျွန်တော်နှင့် ရုံးခွဲတစ်ခုမှာ မဲသဝေါစခန်းတွင် လုံခြုံရေးတာဝန်ယူထားရပြီး မြန်မာနိုင်ငံအတွင်း မဲသဝေါမှတစ်ဆင့် ထိုင်းနိုင်ငံ ဘန်ကောက်သို့ သွားလာကြသော တိုင်းရင်းသားများအား စစ်ဆေးခြင်း၊ သတင်းစုံစမ်းဖော်ထုတ်မှုတို့ကို ဆောင်ရွက်လျက်ရှိချိန် ၁၉၉၇ ခု၊ ဩဂုတ်လတွင် စစ်ဆင်ရေး ဝင်ရောက်ခဲ့ပြီးနောက် နှစ်လနီးပါးခန့်အကြာတွင် တပ်မဌာနချုပ်မှ ဌာနခွဲမှူး ဗိုလ်မှူးဦးစီး တပ်ခွဲတစ်ခွဲအား မဲသဝေါဒေသ မြောက်ခြမ်း၊ ရှမ်းရွာသစ်နှင့် ပွိုင့် (၉၆၂) အရှေ့ဘက်ခြမ်း၊ သောင်ရင်းမြစ်တစ်လျှောက်အား ထိုင်းနိုင်ငံမှတစ်ဆင့် ကျွဲ,နွားမှောင်ခို၊ သစ်မှောင်ခိုလုပ်ငန်းတို့နှင့် ဆက်စပ်လျက် မကြာခဏ ဝင်ရောက်လှုပ်ရှားလေ့ရှိသည့် ကရင်သောင်းကျန်းသူများအား လှုပ်ရှားရှင်းလင်းနိုင်ရန်အတွက် တာဝန်ပေးလှုပ်ရှားစေမည်ဟု နည်းဗျူဟာအဖွဲ့ထံမှ သတင်းများ ကြားနေရာ မိမိမှာ ခွဲမှူးဗိုလ်မှူး ဖြစ်သည့်အတွက် ကျွန်တော့်တပ်ခွဲ ဖြစ်လာနိုင်သည်ဟု သုံးသပ်လျက် တပ်စခန်းများလဲလှယ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသည့် အချိန်ဖြစ်ပါသည်။ ယင်းသို့ ပြင်ဆင်စုဖွဲ့နေချိန်တွင် ကျွန်တော်၏စိတ်ထဲ၌ မဲသဝေါတစ်ဖက်ကမ်း ထိုင်းနိုင်ငံ (ဇာရှောင်ရမ်း) မြန်မာအခေါ် မဲသဝေါရှိဆရာတော်ကြီးအား ဖူးမြော်လိုစိတ်များ ဖြစ်ပေါ်လျက်ရှိကာ ဆရာတော်ကြီးကို မဖူးမြော်ရသော်လည်း အိပ်မက်ထဲတွင် နှစ်ကြိမ်သုံးကြိမ်ခန့် မြင်မက်လျက်ရှိရာ ဂဲသဝေါတွင် ထိုင်း၊ မြန်မာ လူသုံးကုန်ပစ္စည်းများ (စတိုးဆိုင်) ဖွင့်လှစ်ရောင်းချသူများအား မေးမြန်းစုံစမ်းကြည့်ပါသည်။ ထိုသို့ စုံစမ်းနေစဉ်တွင်ပင် ဆရာတော်ကြီးကျောင်းတွင် ပညာသင်ကြားနေသော ကရင်ဗုဒ္ဓဘာသာဘုန်းကြီး(ဦးပဥ္စင်း)များလည်း ဝင်ထွက်လျက်ရှိသဖြင့် မိတ်ဖွဲ့ကာ ဆရာတော်ကြီး၏အကြောင်းများကို ထပ်မံစုံစမ်းခဲ့ရာ ဆရာတော်ကြီးမှာ အသက်အရွယ်အားဖြင့် ၆၀ ကျော်ခန့် ရှိပြီဖြစ်၏။ ကျောင်းနှင့် ထိုင်းဘုရင်ကိုယ်တိုင်ကိုးကွယ်ကြောင်း၊ သုံးလတစ်ကြိမ်ခန့် ထိုင်းဘုရင်မှ ရဟတ်ယာဉ်များဖြင့်ပင့်ပြီး ဆေးဝါးကုသစစ်ဆေးကာ ဖူးမြော်ကြောင်း၊ ရာထူးကြီးငယ်မဟူ ဖူးမြော်ခဲ့ပြီး လိုအပ်သည်များကိုကူညီကြောင်း၊ ဆေးစွမ်းကောင်းများပေးကြောင်းကို သိရှိရသဖြင့် ဆရာတော်ကြီးအား ဖူးမြော်လိုစိတ် ပိုမိုလာခဲ့ပါသည်။ ယင်းသို့ဖြစ်ပြီး နှစ်ရက်ခန့်အကြာတွင် ဆရာတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့ဖူးသော ဦးပဥ္စင်းတစ်ပါး ဘားအံအနီးရှိ ကျေးရွာတစ်ရွာတွင် ပျံလွန်တော်မူသဖြင့် ဆရာတော်ကြီးကျောင်းမှ ဦးပဥ္စင်းလေးပါးနှင့်အတူ ဆရာတော်ကြီးအနီးတွင် အနီးကပ်ပြုစုရသော ဦးပဥ္စင်းတစ်ပါး ပါရှိလာခဲ့ရာ ဆရာတော်ကြီးအကြောင်း မေးမြန်းလျှောက်ထားရာ ဆရာတော်ကြီးမှာ အလွန်တန်ခိုးကြီးပြီး ထိုင်းနိုင်ငံ နေရာဒေသအသီးသီးတို့မှ နေ့စဉ်လာရောက်ဖူးမြော်သူများများပြားကြောင်းနှင့် မိမိလာရောက်ဖူးမြော်လိုပါက လာနိုင်ကြောင်း၊ လိုအပ်သောအကူအညီများ ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသဖြင့် လွန်စွာ ဝမ်းသာသွား



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ကျွန်တော်တို့ အရာရှိများအနေဖြင့် အထက် ခွင့်ပြုချက် ဘဲ အခြားနိုင်ငံသို့ သွားလာခွင့် မရှိသည့် အတွက် မည်ကဲ့သို့ သွားလာသင့်သည်ကို နည်းလမ်း စဉ်းစားကာ ဒီကေဘီအေတပ်မှ တာဝန်ကျ ဗိုလ်မှူးနှင့် တိုင်ပင်ကြည့်ရာ ဒီကေဘီအေဗိုလ်မှူး၏ အကူအညီဖြင့် အလုပ်အားသည့်ရက်ကိုရွေးပြီး ၎င်းကိုယ်ပိုင် စက်လှေ ဖြင့် ကျွန်တော်တို့နှစ်ဦးသည် သောင်ရင်းမြစ်ကိုဖြတ်ကာ ဘုန်းကြီးကျောင်းနှင့် အနီးဆုံးနေရာတွင် စက်လှေကို လိုက်ပို့ခိုင်းပြီး စခန်းတွင် ပြန်နေရန်နှင့် ကျွန်တော်တို့ ထိုင်းတစ်ဖက်ကမ်းမှ ခေါ်မှသာ လာကြိုရန်မှာကြား လိုက်ပါသည်။ ကျွန်တော်တို့နှစ်ဦးလည်း ခြေလျင် ခပ်မြန် မြန်လျှောက်လဲ့ကြရာ မိနစ်နှစ်ဆယ်ခန့်အကြာတွင် ကျောင်းဝင်းအတွင်းသို့ ရောက်ရှိခဲ့ပါသည်။ ဘုန်းတော် ကြီး၏ကျောင်းဝင်းအတွင်း ရောက်ရှိသည်နှင့် ဒီကေဘီ အေဗိုလ်မှူး ဦးဆောင်မှုဖြင့် ဆရာတော်ကြီးကျောင်း ရှိရာသို့လျှောက်ခဲ့ကြရာ မြန်မာနိုင်ငံအတွင်း မကြာခဏ လာရောက်လေ့ရှိသော ကရင်ဦးပဥ္စင်းများမှ လာရောက် နှုတ်ဆက်ကြပြီး ဆရာတော်ကြီးထံ ပို့ဆောင်ပေးပါ သည်။ ဆရာတော်ကြီး ကျောင်းဝင်းအတွင်းတွင် ရာဝင် စဉ့်အိုးကြီး သုံးလုံးခန့်ဖြင့် ကိုရင်လေးသုံးပါးခန့်မှ ရေသန့် ဘူးများထဲသို့ ရေများထည့်ပေးနေသည်ကို တွေ့ရသဖြင့် မေးမြန်းကြည့်ရာ ၎င်းရေများမှာ ဆရာတော်ကြီး၏ပရိတ် ရေများဖြစ်ကြောင်း အများပြည်သူ လာရောက်ယူနိုင်ရန် ပွားထားကြောင်း ပြောပြပါသည်။ ကျွန်တော်တို့ စကား ပြောနေချိန်တွင် ကားများဖြင့် ရေသန့်ဘူးများ အပြည့် တင်ဆောင်လာပြီး ထိုင်းစကားဖြင့် ကိုရင်များအား ပရိတ်ရေများ ထည့်ပေးခိုင်းသည်ကို တွေ့မြင်ရသဖြင့် အန္တရာယ်ကင်း ပရိတ်ရေများအား ယုံကြည်သူများ များ ပြားခြင်းမှာ ဆရာတော်ကြီး၏ တန်ခိုးတော်ကြောင့်ဟု ယုံကြည်မိလိုက်ပါသည်။

ကျွန်တော်တို့နှစ်ဦးသည် ကိုရင်ငယ်လေးများ ရေခွက်ဖြင့်ခပ်ပေးသော ပရိတ်ရေများ သောက်ပြီး နောက် ဆရာတော်ကြီးကျောင်းအတွင်းသို့ဝင်ခဲ့ရာ ဆရာ



**ဆရာတော်ကြီး၏ ပုံတော်တစ်ဖက်ပါ**
**ဆွဲပြား၏ အန္တရာယ်ကင်း အင်းပြားနှင့် ဘီလူးပုံ**

တော်ကြီးအနီးတွင်နေထိုင်သော ဦးပဥ္စင်းနှင့် တွေ့ပါ သည်။ ဦးပဥ္စင်းမှ ဆရာတော်ကြီးထံမရောက်မီ ဦးပဥ္စင်း တစ်ပါးထံတွင် သရဏဂုံဆိုခိုင်းပြီး ရွှေဆိုင်းပြားနှင့်တူ သော ရွှေပြားသုံးပြားကို လက်ထဲတွင်ထည့်ပေးကာ လက်ဝါးနှစ်ဖက်ကို ရွှေပြားမှုန်များ ပြောင်သွားသည် အထိ ပွတ်ခိုင်းကာ ပြီးမှ ဆရာတော်ကြီးထံ ပို့ပေးပါ သည်။ ဆရာတော်ကြီးမှာ သက်တော် ၆၀ ခန့် ရှိပြီဟု ထင်ရသော်လည်း အသားအရေ ဖြူဖွေးကာ လေးစား ကြည်ညိုမိပါသည်။ ဆရာတော်ကြီးနှင့် ကျွန်တော်တို့ အား မိတ်ဆက်ပေးပြီးနောက် ဆရာတော်ကြီးမှ

www.burmeseclassic.com

"ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ"ဟု ထိုင်းဘာသာဖြင့်မေးရာ ဦးပဉ္စင်းမှ ဘာသာပြန်ပေးပါသည်။ ကျွန်တော်တို့နှစ်ဦးမှ အန္တရာယ်ကင်း၊ ဘေးရှင်းပြီး ကျန်းမာလိုကြောင်း ပြောပြပါသည်။ ဆရာတော်ကြီးသည် အချိန်အနည်းငယ် အာရုံပြုပြီးနောက် . . .

"ဒီကပြန်တာနဲ့ ဒကာကြီး ခရီးထွက်ရမယ်။ အန္တရာယ်များတယ်။ အန္တရာယ်ကင်းဝေးအောင် လုပ်ပေးလိုက်မယ်"ဟု ထိုင်းဘာသာဖြင့်ပြောဆိုရာ ဦးပဉ္စင်းမှ ဘာသာပြန် ပြောကြားပေးပါသည်။ ထို့နောက် ဆေးစပ်ထားဟန်တူသော အိုးငယ်နှစ်လုံးကို မန်းမှုတ်ပြီး ဆေးထိုးစုတ်တံဖြင့် ပထမ နဖူးပြင်၊ ထို့နောက် လက်မောင်း၊ လက်ဝါးတို့ကို ဆေးထိုးပေးပါသည်။ ဆေးထိုးနေစဉ်မှာလည်း ရွတ်ဖတ်နေသည်ကို တွေ့မြင်ရပါသည်။ ဆေးငါးလုံးထိုးပြီးနောက် ဆရာတော်ကြီးမှ ခရီးထွက်လျှင်ဖြစ်စေ၊ ဘေးအန္တရာယ် ကြုံတွေ့လျှင်ဖြစ်စေ ရတနာသုံးပါးကို ရွတ်ပွားပြီး လက်ဝါးနှစ်ဖက်ကိုပွတ်ကာ လက်ဝါးဖြင့် လက်မောင်းနှစ်ဖက်စီကို ပွတ်သပ်ချပြီးနောက် နဖူးပြင်ကို လက်ဝါးနှစ်ဖက်ဖြင့် ဦးခေါင်းအပေါ်သို့ ပွတ်ကာ ခရီးဆက်ရန် မှာကြားပါသည်။ ကျွန်တော်၏ဦးခေါင်းကို ဆရာတော်ကြီးမှ လက်ဖြင့်တင်ပြီး ဂါထာများ ရွင်းဒတ် ပေးပါသည်။ အားလုံးပြီးစီးသွားသောအခါ ဆရာတော်ကြီး၏ ပုံတော်ပါတစ်ဖက်နှင့် ဘီလူးရုပ်ပုံနှင့် အင်းကွက်များ တစ်ဖက်ပါ ရွှေရည်စိမ်ထားသော ဆွဲပြားအားပေးပြီး ကြိုးဖြင့်ချည်နှောင်ကာ လည်ပင်းတွင် ဆွဲပေးကာ ခရီးသွားတိုင်း အမြဲဆွဲထားရန်နှင့် ဘေးအန္တရာယ်ကင်းရန် စိတ်ချရပြီဖြစ်ကြောင်း ပြောပြပါသည်။ ကျွန်တော်တို့နှစ်ဦးကလည်း ဆရာတော်ကြီးကို ဦးချပြီး ဦးပဉ္စင်းများကို နှုတ်ဆက်ကာ စက်လှေဆိပ်သို့ အမြန်ပြေးလာပြီး စက်လှေကို လှမ်းခေါ်ပြီး စခန်းကို ပြန်ခဲ့ကြပါသည်။

ကျွန်တော်သည် စခန်းကို ပြန်ရောက်သည်နှင့် ထူးခြားမှုအခြေအနေကို မေးကြည့်ရာ တပ်ခွဲရုံးရှိ ဝှက်စာဖော် စစ်သည်မှ အရေးကြီးကြေးနန်းဝင်နေကြောင်း၊ ဝှက်စာကြေးနန်း ဖော်ပြီးချက်အရ တပ်ခွဲအား ယခုအသင့်ပြင်ထားရန်နှင့် တပ်လဲလှယ်ရန်အတွက် အခြားတပ်မှ တပ်ခွဲတစ်ခွဲ ထွက်လာပြီဖြစ်ကြောင်း သိရှိရသဖြင့် ဆရာတော်ကြီး၏ မိန့်ကြားချက်မှာ လွန်စွာမှန်ကန်ကြောင်း သိရှိရပါသည်။

ကျွန်တော်သည် တပ်ခွဲအား တပ်လဲလှယ်ရန် အသင့်ပြုလုပ်ခိုင်းထားပြီး မကြာမီ လဲလှယ်မည့်တပ် ရောက်လာသဖြင့် နယ်မြေအခြေအနေ အားလုံးတို့အား အသေးစိတ်လွှဲပြောင်း ပေးပြီး ပွိုင့်(၉၆၂) ရှိ နည်းဗျူဟာမှူးထံ ချိတ်ဆက်သတင်းပို့ပြီးနောက် နည်းဗျူဟာမှူး ညွှန်ကြားချက်အရ ရိက္ခာဆယ်ရက်စာထုတ်ယူ၍ နောက်နေ့ ၁၈. ၉. ၉၈ ရက်နေ့တွင် ပွိုင့်(၉၆၂)၏ အရှေ့တောင်ဘက်ရှိ ပွိုင့်(၁၆၅၂) တောင်ကုန်းအား ချိတက်၍ ခြေကုပ်ယူတပ်စွဲရန် ညွှန်ကြားသဖြင့် တပ်ခွဲအရာရှိ အကြပ်ကြီး၊ အကြပ်တို့အား ခေါ်ယူကာ ပွိုင့်(၁၆၅၂) တောင်ကုန်းသို့ ချီတက်ရမည့်လမ်းကြောင်း မြေပုံနှင့် တကွ ရှင်းလင်းပြောပြကာ ပွိုင့်(၉၆၂)နှင့် ရှမ်းရွာသစ်အကြား လမ်းကြောင်းဘေးရှိ ထီးကလို့ရွာကလေးမှ တစ်ဆင့် ချီတက်ရန် ရွေးချယ်ပြီး ပွိုင့်(၉၆၂)စခန်းတွင် ညအိပ်၍ နောက်နေ့ ၁၉. ၇. ၉၈ ရက်နေ့ နံနက်စောစောတွင် ခရီးထွက် ချီတက်ခဲ့ကြပါသည်။ ကရင်ပြည်နယ်ဒေသသည် မိုးတွင်းကာလတွင် တောင်ကျရေများ များပြားခြင်းနှင့် ချောင်းငယ်များစွာ ရှိနေခြင်းတို့ကြောင့် ညနေ ၄ နာရီခန့်တွင် တောင်ကြောအတိုင်း ဂရုစိုက်ဖြည်းဖြည်းချင်း ချီတက်ခဲ့ကြရာ ပွိုင့်(၁၆၅၂) တောင်ကုန်းအနီးသို့ ရောက်ရှိခဲ့ပါသည်။ ပွိုင့်တောင်ကုန်းထိပ်သို့ ရောက်ရန် နာရီဝက်ခန့်အလိုတွင် တပ်ကို ခေတ္တအနားပေးပြီး ကျွန်တော်မှ ပွိုင့်တောင်ကုန်းသို့ ရောက်ရှိချိန်တွင် ရန်သူ့ကင်းရှည်အဖွဲ့ ရှိနိုင်ကြောင်းနှင့် နင်းမိုင်းများ ရှိနေကြောင်းကို ပွိုင့်တပ်စုရှိရာမှတစ်ဆင့် စစ်သည်အားလုံးအား မှာကြားခိုင်းပြီးနောက် ဆက်လက်ချီတက်ခဲ့ကြရာ မကြာမီ ပွိုင့်တပ်စုမှ တပ်ခွဲမှူးတက်လာရန် မှာကြားသဖြင့် တက်ရောက်ကြည့်ရှုရာ ပွိုင့်တောင်ကုန်းထိပ်တွင် မသင်္ကာဖွယ်ရာလူ့ပ်ရှားမှု တွေ့ရှိရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး မိန့်မှာချက်အတိုင်း အလုံးစုံပြုလုပ်၍ ဂရုစိုက် ချီတက်စေခဲ့ရာ ပွိုင့်တောင်ကုန်းထိပ်မှ ရန်သူ ငါးဦးခန့်မှ မမျှော်လင့်ဘဲ ကျွန်တော်တို့ကို တွေ့မြင်သွားပြီး လက်နက်ငယ်များဖြင့် တရစပ်ပစ်ခတ်ပြီး မိမိတို့ဘက်မှလည်း ပစ်ခတ်ချီတက်စေခဲ့ရာ ရန်သူများမှာ ပွိုင့်တောင်ကုန်း၏ တောင်ဘက်ချောက်ထဲသို့ ပြေးဆင်းသွားသည့်လမ်းကြောင်းကို တွေ့ရပြီး အသေးစိတ် ရှင်းလင်းစေခဲ့ရာ မိုင်းထောင်ရန် အသင့်ပြုလုပ်ထားပြီး မထောင်ရသေးသော နင်းမိုင်းသုံးလုံးအား ရန်သူများ ကျန်ရစ်ခဲ့သော စစ်လွယ်အိတ်အတွင်းမှ သိမ်းဆည်းရမိခဲ့ပါသည်။ ကျွန်တော်သည် ပွိုင့်တောင်ကုန်းတစ်ဝိုက်အား အသေးစိတ် ရှင်းလင်းပြီးနောက် တပ်ခွဲအား နေရာချထားပေးကာ ယာယီခြေကုပ်စခန်း တည်ဆောက်စေကာ ဝါယာလက်စဖြင့် နည်းဗျူဟာမှူးထံ သတင်းပို့ပြီး ညအိပ်အခြေပြုခဲ့ပါသည်။

ကျွန်တော်သည် ၂၀. ၇. ၉၈ ရက်နေ့ နံနက်စောစောတွင် တပ်စုမှူးများအား ခေါ်ယူပြီး ယာယီခြေကုပ်စခန်း တည်ဆောက်ရာတွင် မိုင်းများ(နင်းမိုင်း)ကို ဂရုစိုက်ရန်၊ ရှင်းလင်းပြီးမှသာ သွားလာရန်၊ တဲများဆောက်ရာတွင် မိုင်းရှင်းလင်းပြီးမှ ဆောက်လုပ်ကြရန်နှင့် ရေဆိပ်သို့သွားသည့် လမ်းကြောင်းကို သေချာရှင်းလင်းပြီး ကင်းချထားရန် မှာကြားလိုက်ပါသည်။ ကျွန်တော်မှာကြားပြီး ၄၅ မိနစ်ခန့်တွင် ရေဆိပ်ဘက်တာဝန်ကျသော တပ်စုတပ်ကြပ်ကြီးမှ နင်းမိုင်းနှစ်လုံးကို တူးဖော်ရရှိကြောင်း သတင်းပို့လာသဖြင့် သွားရောက်စစ်ဆေးပြီး မိုင်းများကို ပိုမိုဂရုစိုက်ကြရန် မှာကြားလိုက်ပါသည်။ ညနေပိုင်း ငါးနာရီခန့်တွင် နည်းဗျူဟာမှူးထံမှ ၂၁. ၇. ၉၈ ရက်နေ့တွင် ကျွန်တော် ခေတ္တခြေကုပ်ယူထားသော ပွိုင့်တောင်ကုန်းသို့ တပ်ရင်းမှူးနှင့် တပ်ခွဲတစ်ခွဲတို့ လာရောက်ပူးပေါင်းမည်ဖြစ်ကြောင်းနှင့် နောက်နေ့တွင် ကျွန်တော့်တပ်ခွဲသည် ရှမ်းရွာသစ်ဝန်းကျင်နှင့် ရှမ်းရွာသစ်အရှေ့ဘက်တွင် လှုပ်ရှားနေသော ခလရ(၇၉) တပ်ရင်းမှူး ဦးစီးတပ်ခွဲ နှစ်ခွဲဖြင့် ဆက်စပ်ကာ ပွိုင့်(၁၆၅၂)၏ တောင်ဘက် သောင်ရင်းမြစ်ဘေးရှိ ဝါးဖိုးကို ရွာပျက်တစ်ဝိုက်အား ရှင်းလင်း၍ ရှင်းလင်းပြီးချိန်တွင် ခလရ (၇၉) တပ်ရင်းမှူးနှင့်အတူ ဝါယာလက်စက်ပေါ်မှ ထူးခြားမှုနှင့် ရှင်းလင်းပြီးစီးကြောင်း သတင်းပို့ရန် ပါရှိပါသည်။ ကျွန်တော့်တပ်ရင်းမှူးမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျွန်တော်တို့ရှိရာသို့ ညနေ ၆ နာရီကျော်လောက်မှ ရောက်ရှိလာပါသည်။ တပ်ရင်းမှူးနှင့် တွေ့သည်နှင့် တပ်ရင်းမှူးမှ နည်းဗျူဟာမှူး မှာကြားချက်များကို ထပ်မံညွှန်ကြားရာတွင် ပွိုင့်တောင်ကုန်းသို့ မိမိတို့တပ်ရောက်ရှိနေကြောင်းနှင့် မိမိတို့တပ် လှုပ်ရှားမှုကို ကြိုတင်သိရှိသွားသဖြင့် ရန်သူကို အလစ်အငိုက်ရရန် မလွယ်ကူကြောင်း၊ ဝါးဖိုးကိုရွာပျက်သည် ထိုင်းနိုင်ငံသို့ ကျွဲ၊ နွား မှောင်ခိုကူးသည့် ကူးတို့ဆိပ်ဖြစ်၍ ရန်သူများ ကြိုတင်စောင့်ဆိုင်း တိုက်ခိုက်နိုင်သဖြင့် ချီတက်လှုပ်ရှားရာတွင် မိုင်းနှင့် အလစ်အငိုက်မခံရရေး အထူးဂရုပြုရန် ထပ်မံမှာကြားပါသည်။ ကျွန်တော်တို့တပ်ခွဲသည် ပွိုင့်တောင်ကုန်းတွင် တပ်ရင်းမှူးတို့နှင့်အတူ ညအိပ်ပြီး ၂၁. ၇. ၉၈ ရက်နေ့ နံနက်စောစောတွင် ရည်မှန်းချက်နေရာသို့ ဦးတည်ချီတက်ခဲ့ကြပါသည်။ ကျွန်တော် တပ်ခွဲအဆင့်အတန်း အားလုံးအား ချီတက်ရာတွင် မသင်္ကာသည့် နေရာများအား မိုင်းရှာစူးဖြင့် ရှာဖွေရှင်းလင်းစေပြီး လျှင်မြန်မှုထက် လုံခြုံမှုကို ပိုမိုဂရုစိုက်ရန် မှာကြားကာ ချီတက်စေခဲ့ပါသည်။ နံနက် ၈ နာရီခန့်တွင် ကျွန်တော့် တပ်ရင်းမှူး ကျန်နေသော ပွိုင့်တောင်ကုန်းမှ မိုင်းပေါက်ကွဲသံ ကြားသဖြင့် ဝါယာလက်စက်ဖြင့် မေးကြည့်ရာ တပ်ရင်းမှူးစစ်ကြောင်းမှ စစ်သည်တစ်ဦး နင်းမိုင်းနင်းမိကာ ညာဘက်ခြေပြတ်သွားကြောင်း သိရှိရသဖြင့် ကျွန်တော့်တပ်ခွဲနေထိုင်စဉ်က မည်သည့်ကိစ္စ၊ မည်သည့်ပြဿနာမှ မရှိခဲ့။

ၚင်းအချိန်တွင် နည်းဗျူဟာမှူးထံ မိမိတို့ရောက်ရှိနေရာအား မြေပုံညွှန်းဖြင့်တင်ပြရာ နည်းဗျူဟာမှူးမှ ရန်သူများအနေဖြင့် မိမိတို့ချီတက်လာသည်ကို သိရှိနေကြောင်း၊ ရည်မှန်းချက်အဝင်တွင် ဆွဲမိုင်းများဖြင့်ဆွဲ၍



www.burmeseclassic.com

www.burmeseclassic.com

စောင့်ကြိုတိုက်ခိုက်ရန် သူ့ဌာနချုပ်မှ ညွှန်ကြားချက်ပေးပို့နေသည်ကို တပ်မမှ ကြားဖြတ်စက်တွင် သတင်းရသဖြင့် ဂရုစိုက်ချီတက်ရန် မှာကြားပါသည်။ ကျွန်တော်သည် ရည်မှန်းချက်သို့ အချိန်မီ တက်ရမည်ဖြစ်၍ ညွှန်ကြားချက်ကို လက်ခံပြီး ဆက်လက်ချီတက်ခဲ့ပါသည်။ ၁၀ နာရီခန့်တွင် မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံသို့ ကျွဲနွားများ ခိုးထုတ်သွားလာသည့် ကျွဲ၊ နွားခြေရာ လတ်လတ်ဆတ်ဆတ် သွားလာသည့်လမ်းကြောင်းကို တွေ့ရသဖြင့် မြေပုံကိုစစ်ဆေးကြည့်ရာ ကျွန်တော်တို့ ချီတက်ရမည့်ဘက်ကို ဦးတည်နေကြောင်းတွေ့ရသဖြင့် အန္တရာယ် (အထူးသဖြင့် မိုင်း) ကင်းရှင်းနိုင်ကြောင်း သုံးသပ်ကာ ကျွဲ၊ နွား လမ်းကြောင်းအတိုင်း ဂရုစိုက် ချီတက်ခဲ့ကြပါသည်။ ယင်းသို့ ချီတက်ခဲ့ကြရာ မကြာမီမှာပင် ကျွန်တော်တို့ချီတက်ရာ လမ်းကြောင်းမှာ တောင်နှစ်လုံးကြားသို့ ဦးတည်လျက်ရှိနေပြီး တပ်အခေါ် ရင်ကွဲတောင်ကြားဖြစ်နေပါသည်။ ကျွန်တော်သည် အချိန်နှင့် အကွာအဝေးကို တွက်ချက်ကာ အခြားလမ်းကြောင်းကို ရွေးချယ်ပါက ပိုမိုခရီးကြန့်ကြာနိုင်ပြီး ညမိုးချုပ်မှ ဝင်ရောက်ပါက တိုက်ပွဲဖြစ်ပွားချိန်တွင် စစ်သည်များအား ကွပ်ကဲမှုရှုပ်ထွေးနိုင်ကြောင်း သုံးသပ်လျက် တပ်ခွဲကို ခေတ္တအနားပေးကာ လမ်းကြောင်းရွေးချယ်နေစဉ် ဝါယာလက်စက်ကိုဖွင့်၍ နည်းဗျူဟာနှင့် ဆက်သွယ်ခိုင်းရာ နည်းဗျူဟာမှူးမှ . . .

"မင်းတို့ ချီတက်ရာ လမ်းကြောင်းဘက်မှာ ရင်ကွဲတောင်ရှိတယ်။ အဲဒီမှာ ဆွဲမိုင်းတွေနဲ့ ရန်သူတွေ စောင့်နေတယ်။ လမ်းကြောင်းရွေးပြီး သေချာချီတက်ပါ"ဟု ညွှန်ကြားလာသဖြင့် ကျွန်တော်လည်း အလွန်စိုးရိမ်သွားပြီး ခရီးကြန့်ကြာပါကလည်း တစ်ဖက်တပ်ရင်းမှူးထံ မရောက်ပါက ပိုမိုပြီး အထက်၏အရေးယူမှု ခံရမည်ဖြစ်၍ ဖြစ်ချင်ရာဖြစ်ပါစေ အချိန်မီ ရည်မှန်းချက်ကိုရောက်အောင်ချီတက်ဖို့ ရင်ကွဲ တောင်လမ်းကြားကိုပဲ ရွေးမည်ဟု ဆုံးဖြတ်လျက် ပွိုင့်တစ်စိပ်ရှိရာသို့ ရှေ့တက်သွားပြီးနောက် ကျွန်တော်တို့ချီတက်မည့် ရင်ကွဲတောင်ဘက်ကို မျက်နှာမူကာ ဆရာတော်ကြီး ပေးလိုက်သော ပုံတော်ပါ ဆွဲပြားကို လက်ထဲတွင် ပူဇော်ပြီး ဆရာတော်ကြီး မိန့်မှာချက်အတိုင်း တိကျစွာ လုပ်ဆောင်ပြီးနောက် တပ်ခွဲအား ဆက်လက်ချီတက်ရန် အမိန့်ပေးကာ စစ်သည်အားလုံးမှ စိုးရိမ်စိတ်မရှိစေရန် ကျွန်တော်ကိုယ်တိုင် ပွိုင့်တပ်စိတ်နှင့်အတူ ရှေ့ဆုံးမှ ချီတက်ခဲ့ကြရာ ရင်ကွဲတောင်ကျော်ဖြတ်ပြီးချိန်ထိ မိုင်းနှင့် ပစ်ခတ်မှု တစ်စုံတစ်ရာ မရှိခဲ့သဖြင့် နေ့လယ် မွန်းလွဲ ၂ နာရီခန့်တွင် ဝါယာလက်စက်ကမိမိတို့ရောက်ရှိနေရာအား သတင်းပို့ပြီးနောက် တစ်ဖက်မှ ခလရ(၇၉) တပ်ရင်းမှူးထံ ဆက်သွယ်မှုရယူပြီး ရည်မှန်းချက်နေရာသို့ ဆက်လက်ချီတက်ခဲ့ပါသည်။ ညနေ ၄ နာရီခန့်တွင် ရည်မှန်းချက်(ဝါးဖိုးကို)ရွာပျက်အနီး သောင်ရင်းမြစ်ဘေးသို့ ရောက်ရှိလာခဲ့ရာ တပ်ခွဲအား ရည်မှန်းချက်အဝင်နှင့် ရွာပျက်အားရှင်းလင်းစဉ် မိုင်းနှင့် အလစ်အငိုက်ကိုက်ခိုက်မှုတို့ကို ဂရုစိုက်ရန် မှာကြားလျက် ဂရုစိုက် ချီတက်ခဲ့ကြပါသည်။

ရွာပျက်သို့ ဝင်ရောက်ရှင်းလင်း သုံးသပ်နေစဉ်ရန်သူများမှ ကျွန်တော်တို့အား မြင်တွေ့သွားပြီး အင်အား ၂၀၀ ကျော်ခန့်မှ (၄၀)မမ လောင်ချာ၊ လက်နက်ငယ်မျိုးစုံဖြင့် ဆီးကြိုတိုက်ခိုက်ခဲ့ရာ တပ်ခွဲအား စနစ်တကျ စုဖွဲ့ပြီး တပ်စုလိုက်နေရာယူစေလျက် ပြန်လည်တိုက်ခိုက်ခြင်း၊ နှစ်လက်မ စိန်ပြောင်းသုံးလက်အား ကျွန်တော့်အနီးသို့ ခေါ်ယူကာ ရန်သူ၏ စုဖွဲ့ပစ်ခတ်နေသည့်နေရာများသို့ တရစပ်ပစ်ခတ်စေခဲ့ရာ နာရီဝက်ခန့်မျှကြာပစ်ခတ်မှု ရပ်စိုင်းသွားပြီး ရန်သူများ ဆုတ်ခွာသွားနိုင်သော ရွာပျက်၏မြောက်ဘက် သောင်ရင်းမြစ်ဘေး တစ်လျှောက်သို့လည်း ခလရ(၇၉) တပ်ရင်းမှူးမှ (၈၁)မမ စိန်ပြောင်း(လက်နက်ကြီး)ဖြင့် ပစ်ကူပေး တိုက်ခိုက်မှုကြောင့် ရန်သူများ သောင်ရင်းမြစ်ဖြတ်လျက် ထိုင်းနိုင်ငံဖက်သို့ ဆုတ်ခွာသွားကြောင်း စက်လှေသံများ ကြားရပါသည်။ ကျွန်တော်လည်း တပ်ခွဲမှူးအား ပြန်လည်စုဖွဲ့ကာ တပ်စုနှစ်စုအား ရန်သူပစ်ခတ်သည့် နေရာများနှင့် ရွာတွင်းသို့ အသေးစိတ် ရှင်းလင်းစေခဲ့ရာ မသက်သာသည့်



www.burmeseclassic.com

www.burmeseclassic.com

နေရာများမှ နင်းမိုင်းငါးလုံး တူးဖော်ရရှိပြီး ပျောက်ကျား ဝတ်စုံအပြည့်ဖြင့် သေဆုံးနေသော ရန်သူအလောင်းတစ် လောင်း၊ အမ်(၁၆) သေနတ်တစ်လက်နှင့် ကျည် ၈၀ ကျော်တို့အား သိမ်းဆည်းရရှိခဲ့ပါသည်။ ကျွန်တော်လည်း ဝါယာလက်စက်ဖြင့် တိုက်ပွဲအခြေအနေအား သတင်းပို့ ပြီး ရန်သူ့အလောင်းအား ဓာတ်ပုံရိုက်ကူးကာ တပ်ရင်း မှူးထံ ချီတက်ရန် ပြင်ဆင်နေချိန် ကျွန်တော်၏ တပ်ခွဲ တပ်ထောက်(စီကြို)မှ အနီးသို့ ရောက်ရှိလာရာ ဗိုလ်မှူး ဒူးထောက်ထားတဲ့ မြေနေရာ မသကာဘူး။ ဒူးမကြွဘဲ ခဏစောင့်ပါဟု ပြောဆိုလျက် မိုင်းရှာစူးဖြင့် တူးစွစစ် ဆေးရာ ကျွန်တော်၏ ဒူးအောက်တွင် နင်းမိုင်းတစ်လုံး မှာ ပေါက်ကွဲခြင်းမရှိဘဲ တွေ့ရသဖြင့် ဆရာကြီးမှ စနစ် တကျပြုလုပ်ကာ တူးဖော်လိုက်ရာ ကျွန်တော်သည် ကြက်သီးမွေးညင်းများထကာ ဇောချွေးများ ပြန်လာ သည်အထိ စိုးရိမ်သွားပါသည်။ နင်းမိုင်း၏သဘောမှာ နင်းမိလျှင်သော်လည်းကောင်း၊ ဖိမိလျှင်သော်လည်း ကောင်း ဝါယာကြိုးနှစ်စမှာပူးပြီး ပေါက်ကွဲမှုဖြစ်ပွားရာ ယခု ကျွန်တော့် ဒူးအောက်မှ နင်းမိုင်းမှာ အံ့ဩလောက် အောင် မပေါက်ကွဲဘဲ တူးဖော်ရရှိခြင်းမှာ အလွန်ထူးခြား သော ဖြစ်ရပ်ဖြစ်သဖြင့် စစ်သည်အားလုံးမှ အံ့အား သင့်စွာဖြင့် ပြောဆိုကြည့်ရှုနေကြသော်လည်း ကျွန်တော့် စိတ်ထဲတွင် အလိုလိုသိနေသော ဆရာတော်ကြီး၏ အစွမ်း၊ ဆွဲပြား၏ အစွမ်းသတ္တိဆိုသည်ကို စိတ်ထဲတွင် သိရှိပြီးဖြစ်ပါသည်။ ကျွန်တော်လည်း တပ်ခွဲကို ခလရ (၇၉) ပူးပေါင်းကာ နည်းဗျူဟာမှူးထံသို့ တပ်ရင်းမှူး နှင့်အတူ ဝါယာလက်စက်ဖြင့် တိုက်ပွဲအခြေအနေ အကြမ်းဖျင်း ရန်သူ့အလောင်းနှင့် လက်နက်၊ မိုင်းတို့ရ ရှိမှုကို သတင်းပို့ခဲ့ရာ မိမိခြေကုပ်စခန်းများသို့ အမြန်ပြန် လာ ချီတက်ကြရန် ညွှန်ကြားသဖြင့် တပ်ခွဲအား အသင့် ပြင်စုဖွဲ့နေစဉ် တပ်ရင်းမှူးမှ ကျွန်တော်ချီတက်လာသည့် လမ်းကြောင်းမှာ အလွန်အန္တရာယ်များကြောင်း၊ ကြား ဖြတ်စက်များမှနေ၍ ကျွန်တော်တို့အား စောင့်ကြိုတိုက် ခိုက်ရန်အတွက် ရန်သူများ စောင့်နေသော်လည်း ကျွန် တော်တို့ကို မတွေ့ဘဲ ရည်မှန်းချက်သို့ အချိန်မီ ရောက်ရှိ လာသည်မှာ အလွန်ကံကောင်းကြောင်းပြောပြီး တပ်ရင်း မှူးတို့ ပြန်လည်ချီတက်သည့်လမ်းမှတစ်ဆင့် အခြား လမ်းကိုရွေးရန် မှာကြားသဖြင့် ကျွန်တော်လည်း တပ် ရင်းမှူးနှင့်အတူ ပြန်လည်ချီတက်ပြီး စိုးမိုးပြီး အန္တရာယ် ကင်းသည့် နေရာတွင် ညအိပ်အခြေပြုကာ ၂၂. ၇. ၉၈ ရက်နေ့တွင် ကျွန်တော်တို့နေထိုင်ခဲ့သည့်နေရာ ပွိုင့် (၁၆၅၂)သို့ရောက်ရှိပြီး ကျွန်တော့်တပ်ရင်းမှူးနှင့် ပူး ပေါင်းခဲ့ပါသည်။

ကျွန်တော်လည်း တပ်ရင်းမှူးမှ ကျွန်တော်နှင့် အတူ စစ်သည်များအား ယခုကဲ့သို့ အန္တရာယ်အလွန်များ သည့်နေရာသို့ ထိုးဖောက်လှုပ်ရှားခဲ့ရာ အန္တရာယ် တစ်စုံ တစ်ရာမတွေ့ရှိဘဲ ရည်မှန်းချက်ကို ရှင်းလင်းနိုင်ခြင်း အား ချီးကျူးစကားပြောကြားရာ ကျွန်တော်လည်း ဆရာ တော်ကြီး၏ ကျေးဇူးတော်အကြောင်းပြောပြပြီး တပ်ရင်း မှူးအား ဆရာတော်ကြီး၏ လည်ဆွဲပုံတော်တစ်ခုအား ဖြစ်စဉ်အားပြောပြပြီး ပေးအပ်လိုက်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်၏ စစ်မှုထမ်းသက် ၃၀ ကျော် ကာလအတွင်း ကြုံတွေ့ခဲ့ရသော ဖြစ်စဉ်များမှ ဤကဲ့သို့ ထူးခြားသော ဆွဲပြားနှင့် ဆရာတော်ကြီး၏ ပုံတော်တို့ကို ကျွန်တော့်ထံတွင် ယခု တပ်မတော်မှအနား ယူသည့်တိုင် သိမ်းဆည်းထားလျက် စိတ်ဝင်စားသူများ နှင့် သုတေသီများ၊ လေ့လာလိုသူပုဂ္ဂိုလ်များ သိရှိနိုင်ရန် အတွက် ဤဆောင်းပါးဖြင့် ဆရာတော်ကြီး၏ ကျေးဇူး ဂုဏ်ကို သတိရအောက်မေ့ ပူဇော်လိုက်ရခြင်း ဖြစ်ပါ သည်။

**ရဲဘော်သန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com



## ဆရာကြီးမင်းသိင်္ခ(ဘ)ဦးမောင်မောင်ဖြင့်အားတို့ပေးသော ပညာရပ်များ

# ဘေးကင်းရန်ကင်း

"ဒီနေ့တော့ ဆရာကြီးရေ ဝက်သား အပြင် ဆိတ်သားဟင်းပါ ပါလာတယ်"

ဟု ကျွန်တော်က ပြောရင်းနှင့် ကန်တော့လိုက်၏။

ဆရာကြီးက "အေးကွာ ငါလည်း ဆိတ်သားဟင်း မစားရတာကြာပြီကွာ။

မင်း ဆိတ်သားက ပေါင်သားမှ ကောင်းတာကွ၊ အဲဒီဆိတ်ပေါင်သား ၅၀ သားလောက်ကို ကြက်သွန်အနီ၊ အဖြူနဲ့ အပြင် ခရမ်းချဉ်သီးလေးနဲ့ စပါးလင်၊ ချင်း ထုထောင်းပြီး မဆလာကိုလည်း ကုလားမ တွေကြိတ်တဲ့ မှဆလာ ထည့်ရတယ်၊ ဆိတ်သားကို ဆီဆားနဲ့နယ်ပြီး ခရမ်း ချဉ်သီးထည့်ရတယ်၊ နူးအောင်လို့ ရလာကာ ရည်အစား ဒိန်ချဉ်ထည့်ရတယ်ကွ၊ အဲ့ မဆလာကရော မနယ်ရဘူး၊ ဆီပြန်လာမှ ထည့်ကွာ"

ဟု ပြောလိုက်ရာ ကျွန်တော်က···

"ဆိတ်သားဟင်းက အာလူးလေး ပါမှလည်း ကောင်းတာ အာလူးအလုံးကြီး ကို ထက်ခြမ်းခွဲပြီး၊ ဆီများများနဲ့ကြော်ပြီး စစ်ထားရသေးတယ်၊ ဆီနဲ့ နူးနေတဲ့ အာလူးကို ဆိတ်သား ဆီပြန်ကာမှ ထည့်ရတယ် ဆရာကြီးရဲ့ ဟုပြောလိုက် ရာ···



www.burmeseclassic.com

www.burmeseclassic.com

"အေးကွ အားလုံး၏ သိပ်များလည်း စား မကောင်းဘူး ၂လုံး ၃ လုံးလောက်ပဲ ကွာ တစ်ခါ တစ်ခြမ်းနှုန်းပေါ့ကွာ" ဟုပြောလိုက်၏။

ကျွန်တော်က . . .

"အရုံဟင်းကတော့ ခရမ်းသီးအကြီးကို မီးသွေးမီးဖိုအောက်နားက နေထားပြီး မီးဖုတ်တာ အခွံတွေတင်းလာမှ ပြာတွေဖယ် ကြက်သွန်ဖြူ စားပြားရိုက်နဲ့ ဆီသတ်တဲ့ ထဲကို ထည့်မွှေလိုက်တယ်၊ ပြီးတာနဲ့ ကြက်ဥထည့်လိုက်တယ် ဆရာကြီးရေ၊ ဟင်းချိုကတော့ မန်ကျီးရွက်နဲ့ ငါးကျည်းနဲ့ အချဉ်လေးပေါ့"ဟု ပြောလိုက်ရာ . . .

ဆရာကြီးက ထမင်းပွဲပြင်ပြီး အားပါးတရစားလေတော့၏။ စားပြီးနောက် အချို့အဖြစ် ပြည်မြို့က မလိုင်လုံးများ စားလေ၏။

ထို့နောက် ရေခဲရေကို ဖန်ခွက်ကြီးဖြင့် သောက်လိုက်ပြီး . . .

"နောက်ဆုံးတော့ ရေခဲရေက အကောင်းဆုံးပါပဲ" ဟုပြောပြီး ၅-သုံးလုံး စီးကရက်ကို ရှိုက်ဖွာလိုက်၏။

ကျွန်တော်က . . .

"ဒီလို ဆရာကြီးရဲ့ ဝန်ထမ်းတစ်ယောက်ဆိုပါတော့ ဆရာကြီးရယ် အထက်လူကြီးနဲ့လည်း ပြေလည်ချင်တယ်၊ ဘေးအန္တရာယ်ကင်းတဲ့ နေရာတွေမှာလည်း အမှုထမ်းချင်တယ်၊ သွားတဲ့ လာတဲ့အခါမှာလည်း အန္တရာယ်ကင်းစေချင်တယ်၊ သူတင်မက သူ့အိမ်သားတွေလည်း ဘေးကင်းစေချင်တယ်၊ ဒါပေမယ့် ဆရာကြီး အဲဒီအတွက် ဘယ်ဘုရားမှာ ဘာအညွှန့်တွေနဲ့ ဘယ်လိုလုပ်ဆိုပြီးတော့ မနိုင်းနဲ့ မလုပ်နိုင်ဘူး။ သူကဝန်ထမ်း အချိန်မရွေးတာဝန်ရှိတယ်၊ သူ့အိမ်ကလည်း အလုပ်တွေနဲ့ မသွားနိုင်ဘူး။

အဲဒီလို လူတွေအတွက် ထိထိမိမိလည်းရှိရမယ်၊ လွယ်လွယ်နဲ့လည်း သွားရင်းလာရင်း နေရင်းထိုင်ရင်း လုပ်လို့ရမယ်၊ အဲဒီလို ယတြာမျိုးပေါ့၊ ဆရာကြီးရယ် ပြောပြပါဦး"

ဟု ပြောလိုက်ရာ၊ ဆရာကြီးက . . .

"ကိုမောင်မောင်မြင့်အေး ကြည့်လဲ မေးပါဗျာ၊ ဆရာ မေးနေတာတွေက ကျွန်တော်တို့ ဗေဒင်ဆရာတွေအတွက် ပေးစရာမကျန် ဖြစ်နေဦးမယ်" ဟု ပြောလိုက်ရာ . . .

ကျွန်တော်က . . .

"သိပ်တော့ မဆိုင်ဘူး ဆရာကြီးရဲ့ လောကီပညာဆိုသည်မှာ ဆရာပြသနည်းလမ်းကျမှ မှချ သိဒ္ဓိတန်ခိုးရှိ၏ဟု ဆိုထားတယ်၊ ဆရာကြီး ပြောတာတွေ ကျွန်တော်က စာအုပ်ထဲထည့်လဲ ဒါကို ဘယ်လို လုပ်ရမယ်ဆိုတာ ဆရာကြီး တပည့်တွေဆီသွားမေးမှာလေ၊ အဲဒီတော့ သူတို့လည်း ဗေဒင်ဟောခ ရတာပေါ့၊ အဲဒီလို စာအုပ်ထဲတွေက လုပ်ရတာတွေက ဆရာပြောသလောက်တော့ ဘယ်ပြည့်စုံမလဲ အခုဆရာကြီးဆီက ကျွန်တော်လည်း သေသေချာချာသိမှ ပြောလို့ရမှာလေ"ဟုပြောလိုက်ရာ ဆရာကြီးက . . .

"ဟုတ်ပါပြီဗျာ မင်းမေးတဲ့ မေးခွန်းကလည်း ဟုတ်တော့ ဟုတ်ပါတယ်၊ ခေတ်ကာလအရ တစ်အိမ်လုံး အလုပ်တွေ လုပ်နေကြတော့ ဒီယတြာအတွက် ဘယ်အချိန်ပေးနိုင်ပါ့မလဲ၊ မင်းကသူတို့ ကိုယ်စားမေးပေးတော့ မင်းကိုလည်း သူတို့က ကျေးဇူးတင်မှာပါပဲ" ဟုပြောလိုက်ရာ ကျွန်တော်က . . .

"ကျန်သေးတယ် ဆရာကြီး အခုပြောမယ့် ယတြာက မြန်မာပြည်မှာတင် မဟုတ်ဘူး၊ နိုင်ငံခြားမှာ အလုပ်လုပ်နေတဲ့သူတွေပါ လုပ်လို့ရဖို့လိုတယ်၊ သူတို့လည်း အလုပ်ရှင် သူ့ဌေးနဲ့ ပြေလည်ဖို့ သွားရင်းလာရင်း အန္တရာယ်ကင်းဖို့" ဟု ပြောလိုက်ရာ ဆရာကြီးက . . .

"ငါပေးတဲ့ ယတြာတွေဟာ မြန်မာပြည်တစ်လွှားတင်မက တစ်ကမ္ဘာလုံးက လူတွေအတွက်ပဲ၊ တစ်ခုတော့ရှိတယ်၊ လုပ်နိုင်ဖို့လိုတာပါပဲ"

ဟု ပြောလိုက်ပြီး စီးကရက်ကို ဖွာနေ၏။

ပြီးနောက် . . .

"ဒီလိုကွ၊ ငါက မင်းတုံ့ထက်သာတာက ဘဝစုံ နေရာစုံမှာ ရောက်ခဲ့ဖူးတယ်၊ တစ်နေ့ ဘုန်းကြီးကျောင်းကြီး တစ်ခုမှာ တည်းနေတုန်း အဲဒီက ဆရာတော်ကြီးနဲ့ အခုမင်းနဲ့ငါလို စကားတွေပြောတာပေါ့ကွာ သူက တစ်နေ့တော့ ဒကာကိုအောင်ထွန်း၊ ဘုန်းကြီးကြားဖူးတဲ့ ပုံပြင်လေးတစ်ခု ဒကာကြီးကြားဖူးမှာပါ အဲဒီပုံပြင်က ဉာဏ်ဝမ်းလိုလိုနဲ့ အဆောင်တစ်ခုပေးထားတာလို့ ပြောတော့ ငါက စိတ်ဝင်စားသွားတာပေါ့ကွာ။

အဲဒါက ဒီလိုကွာ၊ တစ်ခါတုန်းက တက္ကသိုလ်ပြည်က ပြန်လာတဲ့ မင်းသား ၃ ယောက်၊ တောထဲက ဖြတ်လာတော့ ဘီလူးအကောင် ၃၀ နဲ့တွေ့ဘယ်လို ပြောတယ်။

အဲဒီ ဘီလူး အကောင် ၃၀ က မင်းသား ၃ ယောက်ကို စားမယ်ဆိုတော့ သချာတော်တဲ့ မင်းသားက ဘီလူးတွေနဲ့ ညှိတယ်၊ ခင်ဗျားတို့က ၃၀ ကျုပ်တို့က ၃ ယောက် ၃၃ ယောက် ဝိုင်းလိုက်မယ်၊ အဲဒီထဲက ၁ ကနေ စပြီးရေလို့ ၁၀ ကျတဲ့ နေရာမှာ ဘီလူး ကျရင် ဘီလူးသတ်မယ်၊ မင်းသားကျရင် မင်းသားသတ်မယ်ဆိုပြီး ပြောတယ်၊ အဲဒါ သဘောတူပြီး မင်းသား ၃ ယောက်က ဘီလူးတွေကြားထဲ ဝင်ရပ်တယ်၊ ၁ ကနေ ၁၀ အထိ အော်ကြတယ်၊ အဲဒီမှာ ၁၀ ကျတိုင်း ဘီလူးတွေဖြစ်နေတယ်၊ ဘီလူး ၃၀ သေသွားတယ် မင်းသား ၃ ယောက် ကျန်တယ်ပေါ့ကွာ အဲဒီတော့ ဒီမင်းသား ၃ ယောက်

www.burmeseclassic.com

ဘယ်နားရပ်နေသလဲ ဆိုတဲ့ပုစ္ဆာပဲကွာ" ဟုပြောပြီး စီးကရက်ဖွာနေပြန်၏။

အဲဒီတော့ ငါက ဘုန်းကြီးကို ဒီလို စိတ်တွက်နဲ့တော့ မရဘူး ကျောက်ခဲလေးတွေနဲ့ ရှာမှရမယ်ဆိုပြီး ကျောက်ခဲ ၃၃ လုံးကိုဝိုင်းပြီး ၁ ကနေ ၁၀ အထိရေး ရတာပေါ့၊ ၁၀ ကျတွင် သတ်ပြီဆိုပြီး ဖယ်လိုက်တာ ၃ လုံး ကျန်နေတယ်။

တစ်ခါ ကျောက်ခဲ ၃၃ လုံးကိုက-ကြီးကနေ အ အထိထားပြီး ရေကြည့်တော့ ဏ-ကြီးနေရာရယ် ဘ- နေရာရယ် ရ-နေရာရယ်က ကျန်နေတာကိုတွေ့ရတယ်။

ကျောက်ခဲ ၃၃ လုံးကိုဝိုင်းပြီး
၁ ကနေ ၁၀ အထိရေး
ရတာပေါ့၊
၁၀ ကျတွင် သတ်ပြီဆို ပြီး
ဖယ်လိုက်တာ ၃ လုံး
ကျန်နေတယ်။
တစ်ခါ ကျောက်ခဲ ၃၃ လုံးကို
က-ကြီးကနေ အ အထိထားပြီး
ရေကြည့်တော့ ဏ-
ကြီးနေရာရယ် ဘ- နေရာရယ်
ရ-နေရာရယ်က
ကျန်နေတာကိုတွေ့ရတယ်။

ငါလည်း အဲဒါနဲ့ ဘုန်းကြီးကို ဏဘရ နေရာတွေပဲလို့ ပြောတော့ ဒကာကြီး သိပြီးသားပါ၊ ဒါပေမယ့် ဒကာကြီးမှတ်မိအောင်လို့ ဘုန်းကြီးကပြောတာ အခု ဒကာကြီး ကျုပ်ဆီမှာတည်းနေတာ။ ဘေး တစ်ခုခု ရှောင်နေတော့ ဒကာကြီး သတိရအောင်ပြောတာ၊ ဏ၊ ဘ၊ ရ ဘေးမရှိ စမက်ိုရေးပြီး အသုံးပြုပေတော့လို့ ပြောတာနဲ့ ငါလည်း သတိရပြီး ဏဘရ ကို အသုံးပြုတော့ ငါရှောင်ပုန်း နေရတဲ့ဘေးက လွတ်တော့တာပဲ"

ဟုပြောလိုက်ပြီး မြေဖြူဖြင့် စ,မပုံကို ရေးပြပြီး··· ရေနွေး ကြမ်းသောက်နေလိုက်၏။

"ဒါ - ဏဘရ ဖြစ်စဉ်ပြောတာပဲ၊ လုပ်ထုံးလုပ်နည်း ရှိသေးတယ်လေ၊ နည်း ဥပဒေသိရုံနဲ့ မပြီးသေးဘူး။ လုပ်ထုံးလုပ်နည်းသိရဦးမယ်"

ဟုပြောလိုက်ရာ ···

ဆရာကြီးက···

"မင်းကလည်းကွာ ဒါတွေ ငါပြောနေရင် ငါ့ တပည့်တွေက မင်းကို ငြိုငြင်မှာပေါ့၊ အထူးသဖြင့် မင်းမိန်းမက ခဏ ခဏပြောတယ်၊ ဆရာကြီး ကိုမြင့်အေးကို ယတြာတွေ သိပ်မပြောနဲ့ သူက စာအုပ်ထဲ ထည့်မှာလို့ ပြောပြောနေတော့၊ ဒီလောက်သိရင် တော်ရောပေါ့ကွာ ငါလည်း ညောင်းပြီ လှဲတော့မယ်"

ဟု ပြောပြောဆိုဆိုနှင့် အနီးရှိ သင်ဖြူးဖျာပေါ်သို့ လှဲချလိုက်လေတော့သတည်း။

မှတ်ချက်

ဆရာကြီး ညွှန်ပြသောနည်းဖြင့် ကျွန်ုပ်သည် အစီအွာန်ဝင်ခြင်းများ ပြုလုပ်ပြီး အခက်အခဲရှိသူများကို ထို စ,မပုံဖြင့် ကူညီဖြေရှင်းပေးရာ အောင်မြင်မှုများရရှိပြီး ကျွန်ုပ်ကိုယ်တိုင်လည်း ယခုတိုင် သူတစ်ပါး ငြိုငြင် အပြစ်တင်ခြင်းမခံရဘဲ၊ ဘေး အန္တရာယ် ကင်းလွတ်ရှိပါသည်။

အကာယ်၍များ အခက်အခဲရှိသူများ ဘုန်းရောင်ဂျာနယ်တိုက်သို့ ဆက်သွယ်ကြပါကုန်···

www.burmeseclassic.com

www.burmeseclassic.com



# အနိစ္စဒေသနာတော်

## (၆)

■ မဟာထွန်း

သည်လအတွက် ရေးသားရမည့် တရားစာစုသည် ဤစာရေးသူ ရေးသားလာခဲ့သော တရားစာပေအားလုံးတို့အထဲတွင် အခက်ခဲဆုံးသာ ဖြစ်လိမ့်မည်ဟု ယုံကြည်ထားသည်။ အဘယ်ကြောင့်ဆိုသော် ရုပ်သက်၊ နာမ်သက်၊ ခန္ဓာသက်တို့၏ ဖြစ်ပျက်ကိုပြသော ဝိထိစဉ်ကြီးကို စာဖတ်သူများ နားလည်သဘောပေါက်သည်အထိ ရေးသားရမည်ဖြစ်သောကြောင့် ဖြစ်သည်။

ဝိထိစဉ်ဟူသည်မှာ အဘိဓမ္မာတရားတော်၏ ခက်ခဲနက်နဲသော ကဏ္ဍကြီးတစ်ခုဖြစ်၏။ အဘိဓမ္မာတရားတော်ကို သင်ယူကြသော ပုဂ္ဂိုလ်များသည် ရုပ်,နာမ်,ခန္ဓာကို တတ်ကျွမ်းပိုင်နိုင်ပြီးမှ ဤဝိထိကဏ္ဍကြီးကို သင်ယူခွင့်ရကြသည်။ ရုပ်,နာမ်,ခန္ဓာကို တတ်ကျွမ်းပိုင်နိုင်ခြင်းမရှိဘဲလည်း ဝိထိစဉ်ကို သင်ယူ၍ မတတ်နိုင်ပေ။ တတ်လျှင်လည်း စာလိုသာ တတ်မည်ဖြစ်ပြီး ငါလို (ဉာဏ်,ပညာဖြင့်)တတ်နိုင်ကြမည် မဟုတ်ပေ။

ဦးစွာ ရုပ်,နာမ်,ခန္ဓာကို တတ်မြောက်ကျွမ်းကျင်စွာ သင်ယူထားပြီးမှ ဝိထိစဉ်ကို ထပ်မံသင်ယူ၍ တတ်မြောက်ထားသော ပုဂ္ဂိုလ်သာဖြစ်လျှင်လည်း ရုပ်,နာမ်, ခန္ဓာကို ပရမတ်ပြုပြီး အနိစ္စသို့ တင်ပေးလိုက်ရုံဖြင့်ပင် ခရီးရောက်သွားနိုင်သည်။ မဂ်ရ၊ ဖိုလ်ရ ပုဂ္ဂိုလ်ဖြစ်သွားနိုင်သည်။ အနိစ္စဒေသနာတော်အတွက် ဝိထိစဉ်သည် ထိုမျှအထိပင် အရေးပါပြီး အရာရောက်သော တရားတော်ကြီး ဖြစ်ပေသည်။

ထို့ကြောင့် ခက်ခဲနက်နဲသော ဤဝိထိစဉ် တရားတော်ကြီးကို စာဖတ်သူဓမ္မယောဂီများ နားလည်သဘောပေါက်သည်အထိ ရေးသားတင်ပြရမည်မှာ ဤစာရေးသူအဖို့ များစွာပင် အခက်တွေ့နေမိသည်။ စာကိုသိရုံဖြင့် မပြီးဘဲ တရားလိုသိမှ ခရီးရောက်မည်ဖြစ်သောကြောင့်လည်း ပို၍ပင် ခက်ခဲလေသည်။

ထို့ကြောင့် အဘိဓမ္မာစာဝါကို လိုက်နေကြသော ဦးပဉ္ဇင်း၊ ကိုရင်၊ သီလရှင်တို့အား သင်ကြားပို့ချသလိုမျိုး မဟုတ်ဘဲ လုံးဝ အဘိဓမ္မာကို မသင်ကြားဖူးသော သာမန်လူပုဂ္ဂိုလ်များအားသင်သကဲ့သို့ သင်ကြားပေးပါမှ အဆင်ပြေလိမ့်မည်ဟုသာ ယူဆမိသည်။

ထိုသို့သဘောရှိ၍ ဤဝိထိစဉ်ကို လေ့လာမှတ်သားကြသော ဓမ္မယောဂီပုဂ္ဂိုလ်များအနေဖြင့်လည်း စိတ်

www.burmeseclassic.com


ရှည်ရှည်ဖြင့် နားမလည်လျှင် ပေည်ပေအောင် ဖတ်မှတ် အဖြေထုတ်ရန် လိုပေလိမ့်မည်။ ရှေ့ခမ္ဘောင်းပါးအစဉ် တွင်လည်း ဝီထိစဉ်ကို လစဉ်ရေးထည့်ပေးထား၍ မျက်စိ ယဉ်နေကြပေလိမ့်မည်ဟု ယူဆသည်။

ယခုလည်း ဝီထိစဉ်ကို ထည့်ရေးမည်ဖြစ်ပြီး နောက်နောင်သော လများတွင်လည်း ဤနည်းအတိုင်းပင် ထည့်ရေးပေးထားပါမှ သင့်ပေမည်။ သို့သော် ဝီထိဇယား ကိုသာ လစဉ်ရေးထည့်ပေးထားမည်ဖြစ်ပြီး အဓိပ္ပာယ်ကိုမူ ဤလမှာသာ အပြည့်အစုံရေးသားမည်ဖြစ်၍ စာဖတ်သူ ဓမ္မ ယောဂီများ အထူးအလေးထားပြီး မှတ်သားလေ့လာထား ရန် လိုသည်။ သို့တည်းမဟုတ် ကူးထား၊ အရကျက်ထား လျှင် ပို၍သင့်ပေလိမ့်မည်။

## သံသရာလမ်း=ဝီထိစဉ်

·······ဘွင်··ဘွင်··ဘွင်၊ အတီတဘွင်၊ ဘွင်္ဂစလန ဘွင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း သန္တီ ရဏ၊ ဝုဋ္ဌော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ တဒါရုံ၊ တဒါရုံ၊ ဘွင်၊ ဘွင်၊ ဘွင်···

အထက်ပါ ဝီထိစဉ်ကို အောက်၌ အတိုကောက် ရေး ပြထားသည်။




အထက်ပါ ဝီထိဇယားပုံစံ၌ အတီတဘွင်မှ စ၍ရေ သော် ဒုတိယ တဒါရုံအထိ ဝီထိစိတ် ၁၇ လုံးရှိ၏။ ၎င်း ၁၇ လုံးသော ဝီထိစိတ်တို့ကို တစ်ဝီထိ၌ဖြစ်သော ဝီထိစိတ်တို့ ဟူ၍ မှတ်ရာ၏။ ထိုဝီထိစိတ် တစ်လုံး တစ်လုံးစီ၏ အောက်၌ ပြထားသော အနက်စက်သုံးခုမှာ ဥပါဒ်၊ ဌီ၊ ဘင် ဟု ဆိုအပ်သော ခဏငယ်သုံးချက် ဖြစ်သည်။ ဥပါဒ်=ဖြစ် သည်၊ ဌီ=တည်နေသည်၊ ဘင်=ပျက်သွားသည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။

ထိုဝီထိစိတ် ၁၇ လုံးကို တစ်ဝီထိဟု ခေါ်သည်။ ထို့ကြောင့် တစ်ဝီထိလျှင် စိတ္တက္ခဏ ၁၇ ချက်ရှိသည်။ ဝီထိစိတ်တစ်လုံးတစ်လုံးလျှင် ခဏငယ်သုံးချက်စီ ရှိသော ကြောင့် ဝီထိစိတ် ၁၇ လုံးမှာ ခဏငယ်ပေါင်း ၅၁ ချက်ရှိ သည်။ အထက်ပါပုံစံကို ပြန်ကြည့်ပါ။

အတီတဘွင်စိတ်၏ အောက်၌ပြထားသော ဥပါဒ် ခဏမှ စ၍ရေသော် ရုပ်သက်သည် ဒုတိယတဒါရုံစိတ်၏ အောက်၌ပြထားသော ဘင်ခဏမှာ ချုပ်ပျက်သည်။ ထို့ ကြောင့် ရုပ်သက်သည် စိတ္တက္ခဏအားဖြင့် ၁၇ ချက်ရှိ ၏။ ခဏငယ်အားဖြင့် ၅၁ ချက် ရှိ၏။ နာမ်သည်ကား ခဏ ငယ်သုံးချက်သာ ရှိ၏။ ဥပါဒ်ခဏမှစ၍ ဖြစ်ပြီးလျှင် ဘင် ခဏမှာ ချုပ်ပျက်လေသောကြောင့် ဥပါဒ်၊ ဌီ၊ ဘင်ဟု ခဏငယ်သုံးချက်သာ အသက်ရှည်သဖြင့် အလွန်လျှင် အပျက်မြန်သည်။ ဤကား ရုပ်သက်နှင့် နာမ်သက်ကို အကျဉ်းမျှ တွက်ပြခြင်းဖြစ်၏။

## အထက်ပါ ဝီထိစဉ်၏ ပါဠိအနက်အဓိပ္ပာယ်

အတီတဘွင် = လွန်သောဘွင်စိတ်၊ ဘွင်္ဂစလန= လှုပ်သောဘွင်စိတ်၊ ဘွင်္ဂုပစ္ဆေဒ = ပြတ်သောဘွင်စိတ်၊ ပဉ္စဒွါရာဝဇ္ဇန်း = ငါးဒွါရကို ဆင်ခြင်သောစိတ်၊ စက္ခုဝိညာဏ်= မြင်သောစိတ်၊ သမ္ပဋိစ္ဆိုင်း = အာရုံကို လက်ခံသောစိတ်၊ သန္တီရဏ = အာရုံကို စုံစမ်းသောစိတ်၊ ဝုဋ္ဌော = အာရုံကို မှုင်သားသောစိတ်၊ ဇော = အာရုံကို ကြိုက်၊မကြိုက်သောစိတ် (ဤတွင် ဇောတစ်လုံးတည်းသာ အကျဉ်းမျှပြထားသော်လည်း ခုနစ်လုံးဟု မှတ်ယူပါ)၊ တဒါရုံ = ထိုကြိုက်၊မကြိုက်သော အာရုံ (တဒါရုံကိုလည်း ထိုနည်းကောင်း ဖြည့်မှတ်ရန်)

အထက်ပါ ဝီထိပုံစံကား မြင်သောဝီထိဖြစ်၍ စက္ခု ဝိညာဏ်ကို ထည့်ထားသည်။ ကြားသော ဝီထိဖြစ်လျှင် ၎င်း စက္ခုဝိညာဏ်နေရာမှာ သောတဝိညာဏ်ကို ထည့်ပါ။ နံသော ဝီထိဖြစ်လျှင် ဃာနဝိညာဏ်ကို ထည့်ပါ။ စားသောဝီထိဖြစ် လျှင် ဇိဝှာဝိညာဏ်ကို ထည့်ပါ။ ထိသောဝီထိဖြစ်လျှင် ကာယဝိညာဏ်ကို ထည့်ပါ။

ဤကား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ·· ငါးဒွါရဝီထိကို ပြခြင်းဖြစ်သည်။ ဤမျှအကျဉ်းကို ပြသသိရှိ ထားလျှင်ပင် အနိစ္စဒေသနာတော်ကို ဆက်လက်ပြသရန်

www.burmeseclassic.com

အတွက်လည်း လုံလောက်လိမ့်မည်ဟု ထင်သည်။ စာဝါလိုက်နေကြသော ရဟန်း၊ သီလရှင်တို့အတွက် ရေးသကဲ့သို့သာ ရေးနေလျှင်လည်း အဘိဓမ္မာကို မသင်ကြား၊ မလေ့လာဖူးကြသော ဓမ္မယောဂီများအတွက် အကျိုးမဖြစ်နိုင်ဘဲ အာရုံနောက်ဖွယ်သာ မြင်သည်။

ဤ၌ ဒေသနာအစဉ်ကို အတန်အသင့် လုံလောက်အောင် ရေးပြနေသော်လည်း လိုရင်းမှာ ရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာပျက်ကို ဉာဏ်၌ထင်ထင် မြင်သိရန်သာ အဓိကဖြစ်သည်။ ၎င်းအတွက်မူကား ဥပါဒ်၊ ဌီ၊ ဘင် ဤသုံးပါးကို ပြလျှင်ပင် အထိုက်အလျောက် လုံလောက်လိမ့်မည်ဟုသာ ထင်သည်။

ဤနည်းမှတစ်ပါးလည်း စဉ်းစား၍ မရပေ။ အစပိုင်းကရေးခဲ့သလို ဤဝီထိစဉ်ကို ဓမ္မယောဂီများအား ရေးပြရခြင်းသည် ဤစာရေးသူအဖို့ အခက်ကြီးတစ်ခု ဟူ၍သာ မှတ်ယူမိသည်။ အဘိဓမ္မာစာဝါကို လိုက်နေကြသော ရဟန်း၊ သီလရှင်များအတွက် ဘာမျှအခက်အခဲမရှိနိုင်သော်လည်း အဘိဓမ္မာအမြင်မရှိကြသော ဓမ္မယောဂီများအတွက် ရေးပြရခြင်းမှာ များစွာပင် ဉာဏ်စိုက်ရလေသည်။ နားမလည်ကြမည် စိုး၍ဖြစ်သည်။ သို့သော်လည်း အကျဉ်းအားဖြင့် ဥပါဒ်၊ ဌီ၊ ဘင် သုံးပါးကိုမျှ ထုတ်ပြလျှင် အဆင်ပြေလိမ့်မည်ဟု ယူဆမိ၍ အာရုံစိုက်ကြပါ။

ထို ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊တည်၊ပျက်)သုံးပါးကို သုည(၀)သုံးလုံးဖြင့် ပြမည်ဖြစ်၍ ပထမသုညသည် ဖြစ်ခြင်းကို ကိုယ်စားပြုပြီး ဒုတိယသုညသည် တည်ခြင်းကို ကိုယ်စားပြုသည်၊ တတိယသုညသည် ပျက်ခြင်းကိုကိုယ်စားပြုသည်။ အထက်ဇယားကွက် ခွင်ကလေးများထဲတွင် အနက်စက်ကလေး(သုညလေး)ကိုလည်း ကြည့်နိုင်သည်။

(၀ = ဖြစ်၊ ၀ = တည်၊ ၀ = ပျက်)

ဤပညတ်(သုတသညာ)ကို နားလည်လျှင် ဓမ္မ(ပညာ)ဘက်ကို ကူးပြောင်းပေးသောအခါ သိပ်ပြီး အခက်အခဲမရှိနိုင်တော့ပေ။ ပညတ်ကြေမှ ပရမတ်ကို နားလည်လွယ်သည့်အကြောင်းကိုလည်း ရှေးရှေးသော ဓမ္မဆောင်းပါးများတွင် အကြိမ်ကြိမ်ရေးခဲ့ပြီ။

ဤ၌ ဥပါဒ်သည် ဖြစ်ခြင်းကိုဟောပြီး ဌီသည် တည်ခြင်းကိုဟောကာ၊ ဘင်သည် ပျက်ခြင်းကိုဟောရာတွင် အလွန်လျင်မြန်သည့် အကြောင်းကိုလည်း ရှင်းပြခဲ့ဖူးပြီ။ မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက် အတွင်းမှာပင် အကြိမ်ရေ ကုဋေတစ်သိန်းကျော် ဖြစ်ပျက်လျက်ရှိသည်ကို စာဖတ်သူ ဓမ္မယောဂီများ နားရည်ဝပြီးနေလောက်ပြီ။ ထို့ကြောင့် ဖြစ်၊ တည်၊ ပျက် သုံးမျိုးကို ရှင်းပြမည်။

ဥပမာ - လူကလေးတစ်ယောက်ကို မွေးသည် ဆိုပါစို့၊ မွေးဆဲခဏကို ဥပါဒ်၊ မွေးပြီးနောက် အသက်ရှင်လှုပ်ရှားသွားလာ အိုမင်းနေဆဲ ကာလတစ်လျှောက်ကို ဌီ၊ သေဆဲ(အသက်ထွက်ဆဲ)ခဏကို ဘင်ဟုလည်း မှတ်နိုင်သည်။

၎င်းနည်းတူ သစ်ပင်တစ်ပင်၏ ပေါက်ဆဲကာလသည် ဥပါဒ်၊ ရှင်သန်ကြီးထွား အိုမင်းရင့်ရော်နေဆဲကာလတစ်လျှောက်သည် ဌီ၊ သေဆဲကာလသည် ဘင်ဟုလည်း နားလည်နိုင်သည်။

ထို့နောက် အိမ်တစ်ဆောင်ကို ဆောက်လုပ်ဆဲကာလသည် ဥပါဒ်၊ ဆောက်လုပ်ပြီး၍ အိမ်သက်တမ်း တစ်လျှောက်သည် ဌီ၊ ထိုအိမ်ကို ဖြိုလှဲ(ပြိုလဲ)ဆဲ ကာလသည် ဘင် စသည်ဖြင့်လည်း မှတ်ယူနိုင်သည်။

ဥပါဒ်၊ ဌီ၊ ဘင်၏ အဓိကလိုရင်းမှာ ရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာပျက်အတွက် ဖြစ်သော်လည်း ယခုကဲ့သို့ နားလည်လွယ်အောင် ဥပမာဖြင့် ပြခြင်းဖြစ်သည်။ ဤကဲ့သို့ ပြသော ဥပမာများကို နားလည်လျှင် ဥပမေယျဖြစ်သော ခန္ဓာကိုယ်ပေါ်တင်သောအခါ သိလွယ်နိုင်သည်။

"ဥပါဒ်၊ ဌီ၊ ဘင် = ဖြစ်၊ တည်၊ ပျက်"ဟူသော ဝီထိစဉ်တရားကို အပြည့်အစုံ ပြပေးနေသော်လည်း တရားရှုမှတ်သောအခါ "ဖြစ်-ပျက်"ဟု ရှုမှတ်ရသည်ကိုလည်း နားလည်ရန် လိုသေးသည်။ သူ့နေရာနှင့်သူ နားလည်ထားမှလည်း အဆင်ပြေပေလိမ့်မည်။ ဆရာစဉ်ဆက်၊ တပည့်စဉ်ဆက်လည်း သည်အတိုင်းပင် ပြသကြသည်။

သို့သော်လည်း ဤလတွင် မှတ်စရာများသောကြောင့် ဤမျှသာရေးပြီး နောက်လမှာ ဆက်ရှင်းပြမည်။

ဖဟာဂုး

www.burmeseclassic.com

# ဘဝအမောစင်မယ့် လှတောတစ်ခွင် ဟာသများ

ဦး ကောင်း ထူး

### ဘေးမသီ ရန်မခလေအောင်

လှတောသူ၊ လှတောသားတစ်စုသည် ရန်ကုန်ဘူတာကြီးမှ လမ်းသစ်ရိပ် သာသို့သွားရန် ကားငှား၏။ ကားခနှစ်ထောင် တက္ကဆီသမားက တောင်းသဖြင့် . .

"ခြေလျှင်လျှောက်ရင် အီးတစ်ပေါက်တောင် မကြာပါဘူး။ လာ . . . သွားကြစို့"

ခေါင်းဆောင်ကပြောလိုက်သဖြင့် တပ်ချီသွားကြကုန်၏။

နောက်တစ်နေ့ သမိုင်းဘက်သွားသည့်အခါ ဟိုင်းလက်စ် အမြန်ယာဉ်များကို စီးမိလေ၏။

"ဟလိုလေးဟဲ့ . . . ကားရယ်။ လိပ်လို လေးဖက်ပစ်ဝင်၊ လိပ်လို လေးဘက်ထောက်ဆင်းရမှာပါကလားဟဲ့"

အဒေါ်ကြီးက ညည်းလိုက်သည့်အခါ သမီးဖြစ်သူကလည်း . . .

"ရန်ကုန်မှာ ကားတွေ ဘေးမသီ ရန်မခ ဆင်းနိုင်တက်နိုင်ဖို့တော့ ဇော်ဂျီဖိုလ်ဝင်သား စားထားရလိမ့်မယ် အမေရေ့ . . ."တဲ့။

### စားပုံချင်းက တစ်ထေရာတည်း

မြို့က ညော့်သည်သူငယ်ချင်းသည် လှတောရွာရှိ သူငယ်ချင်းဖြစ်သူထံသို့ ရောက်သွားခဲ့လေ၏။ မြို့ကဧည့်သည်သည် ရွှေဘိုဘူတာဆင်းပြီး ကားတစ်ဆင့် စီးလာခဲ့ရသည်ဆို၏။

"ရထားစီးရတာ အဆင်ပြေရဲ့လားကွဲ့"

"အဆင်ပြေမပြေတော့ မသိဘူး။ နှစ်ယောက်ထိုင်ထိုင်ခုံကို သုံးယောက်ထိုင်လာရလို့ နံရိုးတွေ ချိုင့်ဝင်နေပလားပဲ။ ခတ်မှန်ရိုက်ရဦးမယ်"

ဒီနောက် ထမင်းစားချိန်ရောက်သည့်အခါ အိမ်ရှင်က ဘေးမှ ယပ်ခပ်ပေးရင်းနှင့် ဟင်းများကို ခပ်ထည့်ပေးလေ၏။

"အေး . . . ဟုတ်ပြီ။ ထမင်းထည့်ပါဦးကွ။ ရော့ . . . ငါက ဒီလိုစားမှ သဘောကျတာ။ ငါ့သူငယ်ချင်း ပလုတ်ပလောင်းနဲ့ စားပုံမြင်ရတော့ သေသွားတဲ့ ငါ့ခွေးကြီး သတိရသကွာ။ စားပုံချင်းက တစ်ထေရာတည်းပဲ"

ဧည့်သည်ခမျာ ထမင်းလုတ် တစ်လစ်ကြီး ဖြစ်သွားရပါလေသတည်း။

### ဇောက်ထိုးစိုက်မိသလို

ရွှေဘိုမန်းကားသည် တအိအိ မောင်းနှင်လာရင်း လှတောဘက်သို့ နီးလာပါပြီဖြစ်၏။

လှတောဆင့်မည့်လူများ အထုပ်အပိုး ပြင်နေကြသော်လည်း ဦးကြီးတစ်ယောက်ကမူ အထိုင်မပျက်။ လည်ပင်းရှည်နေရာက . . .

"ကားသမားရေ . . . ပေးသမျှ အကုန်ယူတော့မှာလား၊ ပြန်အမ်းဦးဟ"

ဟူ၍ အော်ပြီး သတိပေးလေ၏။

သိပ်မကြာချေ။ စပယ်ယာရောက်လာပြီး ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com

အမ်းလေ၏။

လှတောသားကြီးက . . .

"ဒါလေးတော့ ပြန်လဲပေးပါကွယ်"

"ဘာပြုလို့လဲ အဘရဲ့"

"ဘာပြုရမလဲကွယ် . . . မင်းအမ်းတဲ့ပိုက်ဆံ ယူမိရင် သစ်ပင်ကို ဇောက်ထိုးစိုက်မိသလို နေတော့မှာပေါ့။ အလိုလေးဟဲ့ . . . ဆယ်တန်ရယ်၊ ချပါတီကို ကြက်ဆိတ်ထားသလားထင်ရ"

## အပြောကတော့ ကောင်းမှကောင်း

ရှာနီးချုပ်စပ်ရှိ ရွာထဲသို့ ဆန်သည်တစ်သိုက် ဝင်လာလေ၏။

နမူနာတစ်မျိုး၊ ဝယ်တော့တစ်မျိုး မျက်လှည့်ပြတတ်မှန်း သိကြသည့် အိမ်ရှင်မများက ဆန်ကို သေသေချာချာ ကြည့်ကြ၏။

"ကြည့် . . . ကြည့် . . အစ်မ၊ ခုမှ သင်္ဘောပေါ်က ချလာတာ။ ဘုရားဖူးစရိတ်ကျေလေး ယူလာတာပါ။ မောင်းထောင်းဆန်မှ အနှစ်ချည်းပဲ"

ဝယ်မည့်လူများကလည်း စိတ်တိုင်းကျ မွှေနှောက်ကြည့်ကြပြီး . . .

"အနီတွေများ ရောနေသလားလို့"

"အနီမပါပါဘူး အစ်မရယ်။ ကြည့်ကြည့်ပါဦး။ စစ်လိုက်သမျှ ပုလဲပုတီးလုံးလေးတွေ ကျနေတာပဲ"

ဤတွင် နောက်ဆုံးရောက်လာသည့် မိန်းမပါးစပ်နှင့် တွေ့သွားပါလေ၏။

"အလိုလေး . . . အပြောကတော့ ကောင်းမှကောင်း။ ပုလဲပုတီးကျနေဆိုလား။ သူ့အိတ်ထဲက ဆန်ကဖြင့် ကွမ်းယာဆိုင်ဘေး အမှိုက်ပုံထဲက အမှိုက်တွေလားမှတ်ရ။ ရဲနေတာပဲ ဥစ္စာ"

## ပင့်ပြီးတော့လည်း တင်တတ်တယ်

လှတောသားတို့သည် ဘဝင်မကျလျှင် မှိုချိုးမျှစ်ချိုးပြောတတ်သလောက် မနေသာခွေပြီဆိုလျှင်လည်း မိုးပေါ်အရောက် ကုပ်ဆွဲတင်တတ်ကြသူများ ဖြစ်ကြ၏။

ခုလည်း ယဉ်ကျေးမှုဌာနက နယ်လှည့်ဇာတ်အဖွဲ့ကို လှတောသားတစ်စု သွားကြည့်ပြီး တဖွဖွချီးမွမ်းလို့မဆုံး။

"ဘာစတိတ်ရှိ၊ ဘာပြဇာတ်မှ မပါဘဲ ရှုပြည့်ရှုလျှံ ရှုံ့ကွဲမတတ်။ ပွဲထွက်ချိန်ကလည်း တိကျပဲ။ ပွဲဦးထွက် နတ်ကတော်အကများ ကလေးတွေ ကြည့်စေချင်တယ်"

"ဟုတ်ပါရဲ့။ တို့ရွာက ကလေးတွေခများ ကြိုးမဲ့ရုပ်သေးက အမေဂျမ်းဆိုတဲ့ရုပ်၊ ဟိုခုန်သည်ခုန် ကုလားမခြေထောက် ကတာပဲ နတ်ကတော်အကထင်နေကြတာ။ အလိုလေး . . . ကွာလိုက်လေခြင်း။ ခွေးဝဲစားနဲ့ ဘရဏီနတ်သမီးလောက် ကွာသဟေ့"

"အေးလေဟာ။ စောင်းတီး၊ သီချင်းဆိုပြီး ဝင်လာတဲ့ မင်းသမီးလေးကလည်း ညက်ညောသလား မမေးနဲ့။ ခြေထောက်အောက် မုန့်လေပွေခံထားရင်တောင် ကျိုးမယ် မထင်ရ"

တစ်ပြားမှမတန်အောင် ကဲ့ရဲ့တတ်သည့် လှတောသား၊

အောက်မကျစတမ်း ပင့်တင်တတ်တဲ့ လှတောသားပါတကား။

## ထိုးပက်သလား မှတ်ရတယ်

အလှူတစ်ခုတွင် ငါးဟင်းနှင့် ငါးပိချက်ကို အတို့အမြှုပ်ကောင်းကောင်းနှင့် တဝကြီးလွေးလာသည့် လှတောသားသည် တရှုးရှုးရှဲရှဲနှင့် ထမင်းဝိုင်းက ထလိုက်လေ၏။

ဇရုတ်သီးစပ်ခြင်းကို ရေငုံသော်လည်း ဗိုက်ကြီးကယ်ရုံပင် အဖတ်တင်၏။ ရေနွေးကြမ်းသောက်သော်လည်း အပူအစပ်မပျောက်ဘဲ မျက်ရည်လည်လာရပြန်၏။

နောက်ဆုံး ကြံရာမရဖြစ်ပြီး ချင်းသုပ်တစ်ဇွန်းကော်စားမိပြန်၏။

သည်တော့မှ ဇွန်းကို လွှတ်ချရင်း ပါးစပ်ကို လက်နဲ့အုပ်ကာ အော်လိုက်ရပြန်ပါချေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟာလိုလေး . . . ချင်းသုပ်နှယ် စပ်လိုက်ရှာလေ။ အာခေါင်ကို ငရဲမီးတစ်ဂါလံနဲ့ ထိုးပက်လိုက်သလား မှတ်ရကွယ်တို့"

## မာလိုက်တာများရယ်

တစ်နေ့သ၌ ဖခင်နှင့် သမီးတို့ ထမင်းဝိုင်းတွင် ဆုံတွေ့ကြလေ၏။

"အဖေ . . . ဆန်က ထောင်ကျော်တန်ဆိုတော့ ထမင်းမစားခင် တူနဲ့ထုစားမှ အဖေ စားနိုင်မှာပဲ။ နည်းနည်းအေးသွားတာနဲ့ စိန်က အဖေခေါ်ရမယ်"

"အဖိုးနည်းတော့ အိုးကွဲပေါ့ သမီးရယ်။ ဘယ်တတ်နိုင်ပါ့မလဲ"

"ထမင်းက မာတယ်တော့ မပြောနဲ့နော်။ ကျောက်ခဲကို ဟင်းရည်ရွဲရွဲဆမ်းပြီး မျှိုချတာကမှ ဒီထမင်းထက်နူးညံ့ဦးမယ်"

"သမီးကော မစားသေးဘူးလား"

"အဖေ့ကို မစောင့်နိုင်လို့ စားပြီးပြီ အဖေရာ။ သက်ညက်ဝါးပြီး မျှိုချပါလျက်နဲ့ အူတွေအနည်းဆုံး သုံးခွေလောက် ပြတ်သွားလားမှတ်ရ"

## သံနဲ့လုပ်တယ် ထင်ခဲ့တယ်

မိန်းမတစ်ယောက်သည် စောင်ရက်သည့် ချည်ကြမ်းကြီးများနှင့် ရက်ထားသည့် လုံချည်အား ဈေးပေါသည်နှင့် အရတော်သည်ဟုဆိုပြီး ယောကျ်ားအတွက် ဝယ်လာခဲ့၏။ ဖမ်းသာအားရနှင့် အိမ်ရောက်ရောက်ချင်း ပင် မျက်နှာလုပ်ပြီး ယောကျ်ားလက်သို့ ထိုးအပ်လိုက်လေ၏။

ယောကျ်ားဖြစ်သူက လုံချည်ကို လှန်ပြန်ကြည့်ပြီး ပြောလိုက်သည့်စကားကြောင့် အိမ်ရှင်မမျာ အမောဆို့သွားရချေ၏။

"ဟာလိုလေးဗျာ . . . ကြောင်အိမ်ကာတဲ့ သံဆန်ခါကိုသာ သံနဲ့လုပ်တယ် ငါထင်ခဲ့တာကွ။ ခုမှပဲ လုံချည်လုပ်တာ တွေ့ဖူးတော့တယ်ဟ"

## ရှိခိုးလိုက်တာမှ

ပွဲခင်းထဲ မူးနေပြီဆိုလျှင် ထိပ်တုံးနှင့် ညားမှာစိုးသည့်အတွက် အဖော်များက ထိန်းခေါ်လာတတ်စမြဲ။

ပွဲခင်းနှင့်ဝေးသည့် ရွာလမ်းရောက်သောအခါ အမူးသမားက လက်ခမောင်း ထခတ်လေတော့၏။

"ဟေ့ . . ယောကျ်ားမှန်ရင် ထွက်ခဲ့။ တစ်ယောက်ချင်း ချလင်းဟေ့"

"လုပ်မနေနဲ့။ ပွဲခင်းထဲတုန်းကများ အဖမ်းခံရမှာစိုးလို့ ဟိုလူရှိခိုး၊ ဒီလူရှိခိုး တွေ့သမျှ ရှိခိုးလာတဲ့ကောင်ကများ"

"အေးလေကွာ . . . ငါတို့ကောင် ရှိခိုးချက်များ ယာကွက်ထဲက စာခြောက်ရုပ်ကြီးတောင် မချန်ဘူး။ ဖင်ဘူးတောင်းကို ထောင်လို့"

## ရှုးလိုက်ပုံများ

တူဖြစ်သူ ဖိုးထောင်ထံသို့ ဦးလေးဖြစ်သူ ရောက်ရှိလာ၏။

"ဖိုးထောင်ရေ . . ခွေးကြည့်ပါဦးဟ အကောင်ရ"

"လာ . . . လာ . . . ဦးလေး။ ဒီကောင်က ငပေါပါ။ အကောင်ကြီးပြီး ဟန်ကောင်းရုံသာရှိတာ။ လူမြင်ရင် အမြီးတနှန့်နှန့်နဲ့ မကိုက်ပါဘူး"

"မင်းက မကိုက်ပါဘူးသာဆို ဒီမှာ အနားကပ်လာပြီကွ။ မင်းဘကြီး ခေါ်ပါဦးဟ။ မတော်တဆ ဟပ်မိရင် တစ်ဆယ်သားလောက် ပါသွားနိုင်တယ်။ ဆေးရုံနဲ့ဆေးဖိုး ငါကြောက်လွန်းလို့"

"ဦးလေးနှယ် ဒီကောင်ကြီးက ဟန်ပါဆိုနေ။ ခွေးစိမ်းဝင်လာရင်တောင် လွှားခနဲပြေးပြီး အသေကိုက်သတ်မယ့်ပုံ။ အနားလည်းရောက်ရော သူ့အဖေကို နှုတ်ဆက်သလားမှတ်ရ။ အမြီးနမ်းကြည့်ပြီး ပြန်လာတာပဲ"

"ဒါဆို မင်းခွေးက ခွေးမျက်နှာရှုး၊ ခွေးမယားတရှုးပါလားဟ"



www.burmeseclassic.com

www.burmeseclassic.com

## မိုးမိထားတဲ့အတိုင်း

လှတောရွာ ကားဂိတ်တွင် ဈေးတန်းကြီးမှာ စည်ကားနေလေ၏။ မကြာခင် ကားလှလှ အသစ်လေးတစ်စီး လက်ဖက်ရည်ဆိုင်ရှေ့ ထိုးရပ်လာ၏။ ကားပေါ်မှ ဆံပင်ဖိုးရိုးဖားရား၊ အင်္ကျီ ဘောင်းဘီ ကိုးရိုးကားရားနှင့် လူများထွက်လာပြီး စီးကရက်ဝယ်ကြ၏။

ကားမောင်း ထွက်သွားသည့်နောက် ဈေးသည်မ တစ်ယောက်က . . .

"ရန်ကုန်ကလား၊ မန္တလေးကလားပဲ။ ဘာလူမျိုးတွေလဲ မသိဘူးနော်"

"ဘယ်က ဖြစ်ဖြစ်ပေါ့အေ။ ဂြိုဟ်သားကာတွန်းရုပ် မိုးမိထားတဲ့လူမျိုးပဲ ခေါ်လိုက်ပါတော့"

□□□

## ဝက်ပါထဲ လည်သွားမယ်

သမဝါယမခေတ်က ဖြစ်၏။

ဆိုင်ထဲသို့ အမောတကော ပြေးဝင်လာသည့် လှတောသားကြီးသည် ၎င်းအတွက် လုံချည်ခွဲတမ်း မပါကြောင်း ကြားရသည့်အခါ အမောဆို့သွားပါချေ၏။

"ဟင်း . . . ငါ့အတွက် ဘယ်ကမ္ဘာမှ ပါပါ့မလဲ မသိဘူး။ အရိမေတ္တေယျဘုရားပွင့်တာတောင် ပါပါ့မလားပဲ"

"ဒါဆိုလည်း အပြင်မှာ ဝယ်ပေါ့ဗျာ"

ထိုသို့ ဘေးလူတစ်ယောက်က ဝင်ပြောလေရာ . .

"ဟ . . . အပြင်ဈေးက သိကြားမင်းနားရွက် တက်ချိတ်နေတာ။ ငါလက်လှမ်းမမီဘူးကွ။ ရေလဲမရှိလို့ ညလူခြေတိတ်မှ တူးမြောင်းထဲ သွားရေချိုးရတာ။ လုံချည်ကလည်း လျှော်ရဖွပ်ရလွန်းလို့ ရိနေပြီ။ ကြမ်းပိုးတောင် ဝက်ပါထဲ မျက်စိလည် မူးသွားမှာစိုးရ"

၎င်း၏ မချိမဆံ့ရင်ဖွင့်သံကြောင့် ကြားရသူအပေါင်းမှ တအုန်းအုန်းနှင့် ဟားကြပါချေ၏။

□□□

## သည်မိုးမှောင်တုန်း မောင်ပုန်းပါရစေ

လခစားဝန်ထမ်းဖြစ်သူ လှတောသားအိမ်သို့ ရပ်ဝေးဧည့်သည် လာလည်၏။ လခထုတ်ပြီးစ လဆန်းရက်ဖြစ်သည့်အတွက် အားနာစရာမလိုသည့် အသွင်ဖြင့်။

ဤ၌ အထင်နှင့်အမြင် ပါစင်အောင် လွဲပုံကား အိမ်ရှင်မနှင့် ကလေးများကိုသာတွေ့ရပြီး အိမ်ကြီးရှင်ကို မတွေ့ရချေ။

သို့ရာတွင် အိမ်ရှင်မသည် ဧည့်ဝတ်ကျေအောင်ကိုမူ ကျွေးမွေးပြုစုပါ၏။

စားသောက်ပြီးချိန်ကျလေသော် စာလေးတစ်စောင် ထိုးပေးခဲ့လေ၏။ စာထဲတွင်ကား . . .

"ဆရာခင်ဗျား။ ကြွေးရှင်တွေ ဇီးကွက်ကို ကျီးငှက်ဝိုင်းသလို တောနင်းပြီး လိုက်ရှာနေကြတဲ့အတွက် သစ်ခေါင်းထဲ သွားပုန်းနေရပါတယ်။ တစ်ရက်၊ နှစ်ရက်လောက် ဆက်ပုန်းနေပါရစေဦး။ ကျွန်တော်မသိဘဲလည်း ပြန်မသွားပါနဲ့ဦး ခင်ဗျား"တဲ့။

□□□

## တီကောင် ဓာတ်လိုက်တဲ့အတိုင်း

ရန်ကုန် တန်ဆောင်တိုင်ပွဲသို့ လှတောသားတို့ ရောက်ရှိနေကြ၏။

ဤ၌ တေးသရုပ်ဖော် ဇာတ်ခုံတစ်ခု၌ အရပ်သူမိန်းကလေးက တက်၍ကလေ၏။

ဤ၌ လှတောသားတစ်ယောက်၏ ချီးမွမ်းသံ ပေါ်ထွက်လာ၏။

"သီချင်းက ကောင်းပါရဲ့။ မင်းသမီးနှယ် . . . ကရှာလိုက်ပုံများ ခွေးလှေးယားသီးချုံထဲက ယားယံပြီး ထွက်လာသလား မှတ်ရ၊ တွန့်လိမ်နေတာများ တီကောင်ဓာတ်လိုက်တဲ့အတိုင်း"

■ ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ

~~~~~~~~~~ လှတိုး(စိတ်ပညာ) ~~~~~~~~~~

## ကံကြမ္မာခင်သော မင်းမျိုးမင်းနွယ်များ

တစ်နေ့သ၌ အီဂျစ်ဘုရင်ကြီး အာခနာသန် (Akhnaton)သည် သူ၏သမီးတော် အာဒလီနာ (Adlina)နှင့် ဘာသာရေးအယူအဆတို့နှင့်ပတ်သက်၍ အချေအတင် စကားပြောဆို ဆွေးနွေးခဲ့ကြသည်။ သမီးဖြစ်သူက တိုးတက်သောအမြင်ရှိသည့် ခေတ်လူငယ်၊ ဖခင်က ရှေးရိုးစဉ်လာသမား၊ ခေတ်ဟောင်းအယူအဆကို လက်ခံယုံကြည်ထားသူ၊ မျက်ကန်းအယူသီးသမား။

ဆန့်ကင်ဘက်စကား ငြင်းခုံရာတွင် ဖခင်က သမီးကို နိုင်အောင်မပြောနိုင်ဘဲ ရှုံးနိမ့်သွားခဲ့သည်။ အစဉ်အဆက် ရှေးက အယူအဆတူရာ၌ အမြင်သစ်က အမြဲအစားထိုးနေရာယူလာသည်မှာ ဓမ္မတာဖြစ်သည်။

သမီးတော်က စကားပြောရာမှာ အကြောင်းအချက် ဆင်ခြေပေးရာမှာ အလွန်တော်ခဲ့သော်လည်း ဘုရင်ကြီးက အာဏာစက်ဖြင့် သမီးကို အနိုင်ယူခဲ့သောကြောင့် သမီးတော်ခမျာ ဓမ္မန္တရာယ်ဖြစ်သွားခဲ့ရလေသည်။ ဘုရင့်မျိုးနွယ်ဝင်ဟူသည် ကောင်းကင်ဘုံသို့ သွားခွင့်ရှိသော်လည်း ယခုအခါ သွားခွင့်မရှိတော့ပါချေ။

ဘုရင်ကြီးကလည်း သမီးတော်ကို အမျက်တော်စူးရှပြီး ကိုယ့်သမီးကို ကောင်းကင်ဘုံမသွားနိုင်အောင် သူ၏မှူးမတ်သေနာပတိ ဝန်ကြီးများကို အမိန့်တော်ချမှတ်လိုက်လေသည်။



သမီးတော် အာဒလီနာနှင့်အတူ ဖခင်၊ မိခင်

ဘုရင့်သမီးတော်ဖြစ်သော်လည်း အမိန့်ကိုမနာခံလျှင် ဘုရားသခင်က ပြစ်ဒဏ်ပေးခွင့်ပြုထားပါသည်။ ထို့ကြောင့် သမီးတော် အပြစ်ကျူးလွန်ထားသူဖြစ်အောင် တာဝန်ရှိသူတွေက အကြံအဖန်လုပ်လာကြသည်။ လူတကာ ကဲ့ရဲ့ရှုတ်ချခြင်းခံရတဲ့သူ မဖြစ်ဖြစ်အောင် တမင်လုပ်ဆောင်လာခဲ့ကြသည်။

ဘီစီ ၁၃၅၇ ခုနှစ် အီဂျစ်ဘုရင်ကြီး သူတေ(န်)ခါမေ(န်) (Thtankhamen) သည် အလွန်ထင်ရှားခဲ့သည်။ အာခနာသန်ဘုရင်က သူ၏ဖခမည်းတော် ဖြစ်လေသည်။ သမီးတော် အာဒလီနာက ဖခမည်းတော်၏ အမိန့်ကြောင့် စုပေါင်းအဓမ္မကျင့်ခံရ၏။ ဤသည်က သူမကို ကောင်းကင်ဘုံနှင့် မသင့်တော်အောင် ဖျက်ဆီးပစ်လိုက်ခြင်းပင်တည်း။ ထိုမှုနှင့် သူတို့သည် အားမရ
~~~~~~~~~~

www.burmeseclassic.com



သူသေ(န်)ခါမေ(န်) မာရီရုပ်ခေါင်းစွပ်နှင့် လော့ဒ်ကာနာဗွန်

သေးဘဲ သူမ၏ လက်တစ်ဖက်ကို လည်း ဖြတ်လိုက်ပြီး ရွှေကြုတ်သွင်း အာ ဂူတစ်ဂူထဲတွင် ထည့်ထားလိုက် ကြသည်။

အာဒလီနာ လက်တစ်ဖက်ကို ရွှေကြုတ်တစ်ခုထဲထည့်ထားခြင်းဖြစ် ၍ ၎င်းရွှေကြုတ်သည် ခေတ်ကာလ အရ တစ်လက်ပြီးတစ်လက် ပြောင်း ခဲ့ရသည်။ နောက်ဆုံး၌ အဆိုပါ အမိုင်းဝင်ပစ္စည်းသည် သူဌေးကြီး ရှိတ်ဝါဟတ် (Sheikh Wahab)ထံ ရောက်ရှိခဲ့သည်။

ထိုရွှေကြုတ်ပိုင်ရှင် သူဌေးကြီး သည် ငှက်ဖျားရောဂါလိုလို ရောဂါ ဆန်းတစ်မျိုး ခံစားရပြီး အဖျားတက် လျှင် တစ်ကိုယ်လုံးတုန်လာပြီး အပြင်း အားကာ တစ်ကိုယ်လုံးပြန်အေးသွား တတ်သည်။

သူဌေးကြီးသည် ရောဂါဒဏ် ခံနိုင်၍ အင်္ဂလန်သို့ ဆေးကုသွားခဲ့ ရာ စိတ်ကုပညာရှင် ပယောဂကု ဆရာဝန်ကြီး ကောင့်လူးဝစ်ဟာမွန် (Count Louis Hamon)နှင့် ကုသခံ ခဲ့လေသည်။ တာဝန်ယူထားသူ ဆရာ ဝန်ကြီးကလည်း သူဌေးကြီးရောဂါ ကို ပျောက်အောင်ကုသပေးခဲ့သည်။

ထို့ကြောင့် သူဌေးကြီးက သူ တွင်ရှိသည့် ရှေးဟောင်းသမိုင်း အထောက်အထားပစ္စည်းဖြစ်သော ရွှေကြုတ်ကို ဆရာဝန်ကြီး ကောင့် လူးဝစ်ဟာမွန်ကို လက်ဆောင်ပေး လိုက်၏။ ထိုရွှေကြုတ်ထဲက လက် အကြောင်းကိုလည်း သူဌေးကြီးက ဆရာဝန်ကြီးကို ပြောပြလိုက်သည်။

ပယောဂဆရာဝန်ကြီး ကောင့် က ၎င်းရွှေကြုတ်ကို ဗြိတိသျှအမျိုး သားပြတိုက်သို့ ပေးလှူလိုက်သော် လည်း အမျိုးသားပြတိုက်က ထို ပစ္စည်းကို စိတ်မဝင်စား၊ လက်မခံ သောကြောင့် ဆရာဝန်ကြီးသည် ဤ ရွှေကြုတ်ကို သစ်ဗီရိုတစ်ခုထဲ၌ လုံလုံ ခြုံခြုံ သိမ်းဆည်းထားခဲ့လေသည်။

၁၉၂၂ ခုနှစ်၊ အောက်တိုဘာ လတွင် ကောင့်သည် ထိုဗီရိုကို ဖွင့် ပြီး စာရွက်စာတမ်းတစ်ခုကို ထုတ်ဖို့ လုပ်စဉ် သိမ်းထားသော ရွှေကြုတ် ကိုပြန်သတိရလေသည်။ သို့ဖြင့် ရွှေ ကြုတ်ကိုယူ၍ ဖွင့်ကြည့်လိုက်သော အခါ ထိတ်လန့်သွားရလေသည်။ ထိုလက်က မပုပ်မသိုးအောင် ဆေး ရည်နှင့် စိမ်ထားပြီး သက်တမ်းအား ဖြင့် နှစ်ပေါင်း ၃၂၀၀ ကြာမြင့်ခဲ့ သော်လည်း အရှင်လတ်လတ်နှင့်တူ နေပြီး ရှုံ့တွခြောက်ကပ်နေပုံ မရှိ ပေ။ ရွှေရောင်အမွေးမျှင်ကအစ အရှင်လတ်လတ်လိုပင်ဖြစ်၏။

ကောင့်နှင့် သူ့ဇနီးသည်တို့ သည် ထိုလက်ကို အီဂျစ်မင်းမျိုးမင်း နွယ်များ ထုံးစံဖြင့် အခမ်းအနား ကျင်းပပြီး မီးသဂြိုဟ်ရန် ဆုံးဖြတ် လိုက်ကြသည်။ မီးသဂြိုဟ်ဖို့ သတ် မှတ်လိုက်သည့် ရက်စွဲက ၁၉၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် နေ့ ဖြစ်သည်။ ထိုနေ့မှာ ခရစ်ယာန် ဘာသာဝင်တို့၏ (Halloween) သူ တော်စင်များနေ့ ဖြစ်သည်။

ထိုသို့ သဂြိုဟ်မည့်ကိစ္စကို ကောင့်က သူ၏ငယ်သူငယ်ချင်း ရှေးဟောင်းဗိသုကာပညာရှင်နှင့် ရှေးဟောင်းပစ္စည်းတူးဖော်ရေးပညာ ရှင် လော့ဒ်ကာနာဗွန်(Lord Car- narvon) ထံသို့ အကျိုးအကြောင်း အစုံအလင် စာရေးခဲ့သေးသည်။ ထို စာထဲ၌ –

"ကျွန်တော် . . အဲဒီလက်ကို




www.burmeseclassic.com

www.burmeseclassic.com



လှေကားမှဆင်းလာသော သရဲ



လန်ဒန်တာဝါ

တလေးတစား သင်္ဂြိုဟ်ဖို့ စီစဉ်ခဲ့ပါတယ်။ သေဆုံးမှုနဲ့ပတ်သက်တဲ့ (The Egyptian Book of Death) စာအုပ်ကို လေ့လာခဲ့တယ်။ ဒီမှာလည်း အဲဒီလုပ်ထုံးလုပ်နည်းအတိုင်း ရွတ်ဖတ်ပြီး စာအုပ်ကို ပိတ်လိုက်တာနဲ့ တစ်အိမ်လုံးတုန်သွားအောင် ကျယ်လောင်တဲ့အသံတစ်ခု ပေါ်လာတယ်။ မီးတွေလည်း ငြိမ်းပြီး မှောင်မည်းသွားတယ်။ တံခါးမကြီးတွေ ပွင့်ထွက်ပြီး အုတ်နံရံကို 'ဒိုင်း' ခနဲနေအောင် တိုက်တယ်။ တစ်ခန်းလုံးလည်း လေပြည်အေးအေးလေးနဲ့ ပြည့်လျှံသွားတယ်။ ဒီအချိန်မှာ ဇနီးသည်က ကြမ်းပြင်ပေါ် လဲကျသွားခဲ့တယ်။

လက်ကို သင်္ဂြိုဟ်မယ့်နေရာကို ကြည့်တော့ မီးပုံဘေးနားမှာ အမျိုးသမီးတစ်ယောက် ရပ်နေတာတွေ့ရတယ်။ အီဂျစ်ဘုရင်မျိုးနွယ်ဝင် အရပ်ရှည်ရှည် အမျိုးသမီးပုံစံပေါ့။ ပခုံးပေါ်က ပဝါစရှည်ဟာ ကြမ်းပြင်ပေါ်ကျနေတယ်။ သူ့ခေါင်းပေါ်မှာ ရွှေနဂါးခေါင်းပုံ တပ်ဆင်ထားတယ်။ အဲဒီမြွေခေါင်းရုပ်က တလက်လက်တောက်ပနေတယ်။ သူ့ညာဘက်လက် မရှိဘူး။ အဲဒီအမျိုးသမီးက ရှေ့ဆက်လျှောက်သွားပြီး မီး



အန်နီဘိုလင်းသရဲ

သင်္ဂြိုဟ်မယ့်လက်ကို လှမ်းယူပြီး ပျောက်ကွယ်သွားပါတယ်"

ထိုအဖြစ်အပျက်ဖြစ်ပြီး လေးနှစ်မြောက်နေ့တွင် လော့ဒ်ကာနာဗွန်သည် အီဂျစ်သို့သွားပြီး ဘုရင်ကြီး သူသေ(န်)ခါမေ(န်)၏ မာမီရုပ်ကို ရှာဖွေရာ အောင်မြင်ခဲ့သည်။

ဤဖြစ်စဉ်တစ်ခုလုံးက ဘာကို ပြသနည်း။ ဖခင်တစ်ယောက်၏ မတရားညှဉ်းပန်းနှိပ်စက်ခံရသည့် ဝိညာဉ်တစ်ခုက သူ့ကိုအများသိစေဖို့ ရှာဖွေဖော်ထုတ်ပေးနိုင်မည့် လူကို စောင့်နေခဲ့တာဟု ဆိုနိုင်ပါသည်။ ထို့အတွက် ဝိညာဉ်တစ်ခုက နှစ်ပေါင်း ၃၂၀၀ ကျော်ခရီးကို ကော်ဖြတ်နိုင်ခဲ့သည်။

ဗြိတိန်နိုင်ငံရှိ ဘုရင့်မျိုးနွယ်များတွင်လည်း စွန့်ပစ်ခံရသော မိဖုရားများ ရှိခဲ့ပါသည်။ သူတို့ ဝိညာဉ်တွေဟာ အကျဉ်းချုပ်နှောက်ယှက်ခံရသည့်နေရာများ၌ ရှိနေခဲ့ကြလေသည်။ ထိုနေရာဝန်းကျင်များ၌ ရှိနေတာကို ဝိညာဉ်တစ္ဆေအဖြစ် အကြိမ်ကြိမ်တွေ့ခဲ့ကြရလေသည်။

## နှစ်ပေါင်း ၅၀၀ ကျော်က ဝိညာဉ်သရဲများ

လန်ဒန်တွင် သွေးစွန်းသည့် မျှော်စင် "Bloody Tower" ဟုခေါ်သော လန်ဒန်တာဝါ(Tower of London)ဆီရှိလသည်။

www.burmeseclassic.com



ပထမ အယ်လီဇဘက်

ထို နေရာ၌ သက်တမ်း ၇၀၀ ကြာပြီ ဖြစ်သော ဝိညာဉ်သရဲများကို တွေ့ရ တတ်ကြသည်။

ဆဌမမြောက် ဟင်နရီဘုရင်၌ မိဖုရားခြောက်ပါး ရှိသည့်အနက် နှစ်ဦးက သေဆုံးပြီးသည့်နောက် ထို မျှော်စင်မှာ ရှိနေသေးသည်။ ဒုတိယ မိဖုရား အန်နီဘိုလင်း (Anne Boleyn)ကို အများဆုံးတွေ့ရတတ် သည်။ မျှော်စင်တွင်တာဝန်ကျသော စစ်သည်များက သူမကို အကြိမ် ကြိမ်တွေ့ဖူးကြသည်။

ထိုကဲ့သို့ တွေ့ဖူးသူတွေမှာ အပြစ်ဒဏ်ကျခံကြရတဲ့အထိ ဖြစ် ကြရလေသည်။ ဖြစ်ပုံမှာ တာဝန်ကျ စစ်သည်တစ်ဦးက အန်နီဘိုလင်းကို တွေ့၍ မူးမေ့သွားသည်မှာ တာဝန် ကျချိန်မှာ အိပ်ရမည်လားဆိုပြီး စစ် တရားရုံး၌ တရားစွဲဆိုခံရလေသည်။ စစ်သည်က သရဲကိုစွက်ကို သက်သေ အဖြစ် တင်ပြသော်လည်း ပြစ်ဒဏ် က မလွတ်နိုင်ခဲ့ချေ။

၁၈၆၄ ခုနှစ်တွင် အန်နီဘို လင်းကို ပထမဆုံးစတွေ့ခဲ့ရပြီး သူမ ဝိညာဉ်ကို ပထမဆုံးတွေ့ခဲ့သော စစ်သည်က သူမကို သူ့နောက်က လျှို့ဝှက်အရိပ်တစ်ခုကနေ လမ်း လျှောက်လာနေခြင်းကို စတွေ့ခဲ့ သည်။ ပုံပန်းသဏ္ဍာန်မှာ မီးခိုးလိုရုပ် မျိုးဖြစ်သည်။ ထိုမီးခိုးရုပ်သဏ္ဍာန်ကို သုံးကြိမ်တိတိ သတိပေးသော်လည်း မရပ်သောကြောင့် သစ်သည်က ဘက်နက်ဖြင့်ထိုးလိုက်သည်။ ဘက် နက်က မီးခိုးရုပ်ထဲဝင်သွားပြီး အံ့ ဖွယ်အလင်းတစ်မျိုး လင်းသွား သည်။ ထို့နောက် စစ်သည်လည်း မူးမေ့သွားခဲ့လေသည်။

အန်နီက မိဖုရားအဖြစ် ရက် ပေါင်း ၁၀၀၀ နေခဲ့ရလေသည်။ ထို့ နောက် သူမကို တခြားလူတွေနှင့် ဖောက်ပြန်သည်ဆိုပြီး ဘုရင်က သေဒဏ်ပေးခဲ့လေသည်။ အဲဒီအချိန် မှာ ပြစ်ဒဏ်ကျခံသူ မိဖုရား၏ တစ် ခုတည်းသော ဆန္ဒမှာ သူမကို ပြင် သစ်ဓားနဲ့ ကွပ်မျက်ပြီး ပြင်သစ် လက်သမားကပြုလုပ်သောအခေါင်း နှင့် သင်္ဂြိုဟ်ရန် ဖြစ်လေသည်။

ဘုရင်ကြီးက ပြင်သစ်ဓားနှင့် ကွပ်မျက်ဖို့အမိန့်ပေးပေမဲ့ အခေါင်းကို တော့ ပြင်သစ်လက်သမားနှင့် လုပ် မပေးခဲ့ဘဲ သူမအလောင်းကို စိန့်ပီ တာမျှော်စင်အနီး မြှုပ်နှံလိုက်သည်။ ထိုစဉ်ကတည်းကပင် ထိုအနီး



မေရီစတုဝပ်

နားမှာရှိသည့် ခရစ်ယာန်ဘုန်းတော် ကြီးကျောင်းအနီးဝန်းကျင်တွင် အန် နီသွားလာနေတာကို တွေ့ရကြ သည်။ ထို့ပြင် သွေးစွန်းသည့် မျှော် စင်နှင့် သူမကို ကွပ်မျက်ခဲ့သော အနီးဝန်းကျင်တွင် ယနေ့ထိ တွေ့ နေရဆဲ ဖြစ်လေသည်။

အန်နီခေါင်းသရဲကို နန်းတွင် လှည်းယဉ်ပေါ်တွင် ထိုင်လျက် သွား လာနေသည်ကို သူမမွေးရပ်ဒေသ ဘကင်ဟောမှာလည်း တွေ့ရတတ် သည်။ သူမအိမ်ထောင်ကျပြီး ပျော် ပျော်ရွှင်ရွှင်နေခဲ့ဖူးသော ရော့ဖို့ ဟော (Rochford Hall)၌လည်း တွေ့ရတတ်သည်။ သူမကို ဇန်နဝါရီ ပထမပတ်အထိသာတွေ့ရတတ်သည်

၁၉၁၅ ခုနှစ်၌ ဝီလီယံ နီကို လပ်(William Nicholls) နှင့် တာဝန် ကျ စစ်သားတွေက အန်နီကို သွေး စွန်းသည့်မျှော်စင်အနီး၌ တွေ့ခဲ့ကြ လေသည်။ သူတို့က သူ့အနားက

www.burmeseclassic.com

သွားရန်ကြိုးစားသောအခါ သူမသည် နံရံတစ်ခုထဲဝင်သွားပြီး ပျောက်ကွယ်သွားလေသည်။ သို့သော် ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်းတွင် အန်နီကို နောက်တစ်ကြိမ်မျှ မတွေ့ရတော့ချေ။

သွေးစွန်းသောမျှော်စင်ကြီး၌ ဆဌမမြောက် ဟင်နရီဘုရင်ကြီး၏ ပဉ္စမမြောက်မိဖုရား ကက်သရင်းဟာဝါဒ် (Catherine Howard)၏ ဝိညာဉ်ကိုလည်း တွေ့တတ်ပါသည်။ သူမသည်လည်း ၁၅၄၂ ခုနှစ်၌ ကွပ်မျက်ခံရသူဖြစ်သည်။

ဟင့်(ပ်)တန်နန်းတော်၌ ကက်သရင်းကို တွေ့လိုက်တိုင်း လက်နှစ်ဖက်ကို ရှေ့ဆန့်ပြီး လျှောက်နေတတ်သည်။ ထို့နောက် မြေကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတတ်သည်။ ၁၉၃၃ ခုနှစ်တွင် လက်နက်ကိုင်အစောင့်စစ်သည်များသည် ကက်သရင်းကို ခေါင်းပြတ်ကြီးကိုင်ထားသည့် လက်နှစ်ဖက်ကို ရှေ့ဆန့်ပြီး သွေးစွန်းသည့်မျှော်စင်နံရံကြီးပေါ် သွားလာနေသည်ကို တွေ့ခဲ့ကြသည်။ ထို့နောက်ပိုင်း၌ သူမကို မတွေ့ကြရတော့ချေ။

ဆဌမမြောက် ဟင်နရီဘုရင် နတ်ရွာစံပြီးနောက် အာဏာရယူလိုသူတို့ကြား သွေးထွက်သံယို သတ်ဖြတ်မှုများ ဖြစ်ခဲ့ကြလေသည်။ အစပိုင်း၌ ဘုရင်မကြီး မေရီတူဒါ (Mary Tudor) နှင့် မေရီစတုဝပ်(Mary Stwart)တို့အသတ်ခံလိုက်ကြရသည်။

မေရီတူဒါ ဆုံးပါးခဲ့ရပုံမှာ သူမသည် ဆဌမမြောက် ဟင်နရီဘုရင်ကြီး၏ သမီးတော်ဖြစ်ပြီး ကင်ဘရစ်အနီး Swaston Hall စွာစတန်ဟော၌ နေထိုင်ခဲ့သည်။ သူမ၏အစ်ကိုကြီး ဆဌမမြောက် ဘက်ဒွါ(ဒ်) နတ်ရွာစံသည့်သတင်းကြားရလျှင် မြောက်ဘက် အမ်ပေလံမြို့စားပြီး (Duke of North Umberland) က အာဏာသိမ်းယူရန် ကြိုးစားခဲ့လေသည်။

ပထမတွင် မြို့စားကြီး သွေးစွန်းသည့် မျှော်စင်ကို အပိုင်သိမ်းပြီး မိဖုရားကြီးအဖြစ် ကြေညာလိုက်သည်။ တစ်ချိန်တည်း၌ပင် ဘုရင်ကြီး၏ အမျိုးအနွယ်ဖြစ်သော ဘုရင်မကြီး မေရီတုဒါကိုလည်း ကွပ်မျက်ခိုင်းလိုက်သည။ ၁၅၅၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မနက်၌ မေရီက နို့သည်မလေးယောင်ဆောင်ပြီး ရဲတိုက်ကြီးထဲမှ ထွက်ပြေးတိမ်းရှောင်သွားလေသည်။ သူမကို ရှာမတွေ့သောအခါ ထိုရဲတိုက်ကြီးအား မီးရှို့ပစ်လိုက်ကြလေသည်။

ထိုမြို့စားကြီးကိုမူ မေရီ၏ သစ္စာခံ စစ်သည်တို့က ကွပ်မျက်လိုက်ရာ အောင်မြင်သွားခဲ့ကြသည်။ မေရီက ဇူလိုင်လ ၁၉ ရက်တွင် ဘုရင်မကြီးအဖြစ် တင်မြှောက်ခံရသည်။ သူမသည် ပထမဦးစားပေးအဖြစ် စွာစတန်ရဲတိုက်ကြီးအား ပြန်လည်ပြင်ဆင်ခဲ့သည်။ ထို့နောက်ပိုင်း ဘုရင်မကြီးသည် ဤနေရာသို့ အကြိမ်ကြိမ်ရောက်ရှိနေထိုင်ခဲ့ပြီး ၁၅၅၈ ခုနှစ်မှာ မေရီ ဘဝတစ်ပါးသို့ပြောင်းသွားခဲ့ပြီး သူမကို သရဲဘဝနှင့် ဤနေရာများ၌ မကြာခဏတွေ့ရှိရတတ်လေသည်။

၁၅၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့၌ ပထမ အယ်လီဇဘက်က စကော့တလန် ဘုရင်မကြီး မေရီစတုဝပ်ကို အကျဉ်းသားအဖြစ် နေရာအနှံ့ ထားရှိခဲ့လေသည်။ သူမဆုံးပါးပြီးနောက် သူမကို အကျဉ်းချခဲ့သည့်နေရာများတွင် သူမ၏ဝိညာဉ်သရဲကို တွေ့တွေ့နေခဲ့ကြရသည်။

မေရီ၏သားတော် ဆဌမမြောက် ဂျိမ်းက ဗြိတိန်နိုင်ငံ ထီးနန်းကို စိုးစံခဲ့သောအချိန်တွင် ဖို့သာရင်နန်းတော်မှ အုတ်များကို တစ်ချပ်ချင်း ဈေးပေါပေါဖြင့် ရောင်းချခဲ့လေသည်။ နန်းတော်ထဲမှ လက်ရာမြောက်လှသော သစ်သားတွင်း လှေကားတစ်ခုကို ဟိုတယ်ပိုင်ရှင် ဝီလျံဝှိုက်ဝေ (William Whitwell) ဆိုသူက ဝယ်ပြီး ၎င်း၏ဟိုတယ်၌ တပ်ဆင်ခဲ့လေသည်။

ထိုလှေကားကို အကြောင်းပြုပြီး မေရီ၏ ဝိညာဉ်က ဟိုတယ်တွင် လာနေတတ်လေသည်။ ထိုအချိန်မှစပြီး ဟိုတယ်တွင် သရဲခြောက်ခံရသည်ဟုဆိုကာ ဟိုတယ်ကို ပိတ်လိုက်ရလေသည်။

**လှတိုး(စိတ်ပညာ)**

**WORLD - FAMOUS GHOSTS**



www.burmeseclassic.com

www.burmeseclassic.com

# ရောဂါကင်းဝေး ရှုတ်မှတ်ဝေး

## မောင်အေးချမ်း (တင့်တူ)

သက်ရှိသတ္တဝါ မှန်သမျှ မွေးကတည်းက အို၊ နာ၊ သေတရားများ ဒွန်တွဲပါလာပြီးသား ဖြစ်သည်။ မအို၊ မနာ၊ မသေသေးမီ ရောဂါဘယများ အနည်းနှင့်အများ ဘဝတစ်ကွေ့တွင် တွေ့ကြုံလာကြရပေမည်။ မည်သည့် ရောဂါဘယများကို မည်ကဲ့သို့ ခံစားရမည်၊ မည်သည့် နေ့၌ ရောဂါဆိုးများ ဖြစ်လာမည်ကို မည်သူမျှ ကြိုတင်၍ မသိနိုင်ပေ။

ရောဂါဘယများဖြစ်လာမည်ကို ကြိုတင်၍ သိရမည်ဆိုလျှင် လူတိုင်းလူတိုင်း ထိုရောဂါမှ ကာကွယ်နိုင်ရန် ဆေးဝါးဓာတ်စာများကို ကြိုတင်၍ သောက်သုံးကြမည်သာ။ သို့သော်လည်း "အနာသိဆေးရှိ"ဆိုသည့် အတိုင်း ရောဂါဝေဒနာများ ဖြစ်လာသည့်အခါ နုနယ်သော ရောဂါဆိုလျှင် အလျှင်အမြန်ပျောက်ကင်းအောင် ဆေးဝါး၊ ဓာတ်စာများကို သောက်သုံးကြရသည်။ ရောဂါအို၊ ရောဂါကြီးမားလာလျှင်တော့ တတ်ကျွမ်းနားလည်သော ဆရာဝန်သမားတော်ကြီးများနှင့် တိုင်ပင်ဆွေးနွေး၍ ဆရာဝန်သမားတော်ကြီးများ ညွှန်ကြားသည့်အတိုင်း ကုသကြရတော့သည်။

ဆရာဝန်ကြီးများ ကုသသောရောဂါများသည် နုနယ်သောရောဂါဆိုလျှင် ပျောက်ကင်းအောင် ကုသနိုင်သော်လည်း ကြီးမားသောရောဂါဆိုလျှင်ကား လက်လျှော့ကြရသည်ကား များပေသည်။ ဆရာဝန် လက်လျှော့ရသော ရောဂါများကား ယခုအခါ ကမ္ဘာပေါ်တွင် ဒုနှင့်ဒေး အများကြီးပင် ရှိနေပါသေးသည်။ ဆရာဝန်ကြီးများသည်ပင် အချို့ချို့သော ရောဂါများဖြင့် အသက်ပေးခဲ့ရသည်ကိုပင် တွေ့ရှိဖူးပါသည်။

လောကတွင် ရောဂါရှိလျှင် ဆေးဆိုသည်မှာ ရှိပြီးသားဖြစ်သည်။ ဘုရားရှင်လက်ထက်တော်က သမားတော်ကြီး ဇီဝကကလည်း လောကမှာရှိသည့် သစ်ပင်ဟူသမျှသည် ဆေးဖက်မဝင်သော သစ်ပင်ဟူ၍ တစ်ပင်မျှ မရှိဟု ပြောကြားခဲ့ဖူးသည်။ မသုံးတတ်ကြ၍ သာ အသုံးမတည့်ခြင်း ဖြစ်ပါသည်။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး ဖြစ်ကြရသည်။

ရောဂါဖြစ်လာသည့်အခါ စိတ်ဓာတ်သည် အရေးကြီးပါသည်။ စိတ်ဓာတ်ခိုင်မာလျှင် ခိုင်မာသလောက် ရောဂါသည် လျော့ကျနိုင်ပါသည်။ 'ဥပါဒါန်ကြောင့် ဥပါဒ်ရောက်'ဟူသော စကားသည် စိတ်ဓာတ်ခိုင်မာအောင်၊ စိတ်ဓာတ်မြင့်မားအောင် လှုံ့ဆော်ပေးသော စာသားဖြစ်သည်။ ဥပါဒါန်ဆိုသည်မှာ မကောင်းသော စိတ်ကို ဆိုလိုသည်။ မကောင်းသောစိတ်မှန်သမျှ ရောဂါဖြစ်ခြင်း၏ အကြောင်းတရားများဖြစ်သည်။ ကောင်းသောစိတ် မှန်သမျှ ရောဂါဖြစ်ခြင်း၏ အကြောင်းတရားများ ဖြစ်သည်။ ကောင်းသောစိတ် မှန်သမျှ ရောဂါပျောက်ခြင်း၏ အကြောင်းတရားများဖြစ်သည်။ မကောင်းသောစိတ် (လောဘ၊ ဒေါသ၊ မောဟ)များကြောင့်ဖြစ်သော ရောဂါများသည် ကြည်လင်သန့်ရှင်းသော စိတ်များ ဝင်ရောက်လာသည့်အခါ စိတ်ကြောင့် ဖြစ်ကြရကုန်သော ရောဂါများသည် ရောဂါဖြစ်စရာ နေရာများ မှ



www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ ခန္ဓာကိုယ်မှ အလိုအလျောက် ထွက်ပြေးကြရ တော့သည်။

ဝိပဿနာ တရားတော်ကြောင့်လည်း ရောဂါများ ပျောက်ကင်းနိုင်ပါသည်။ ဝိပဿနာတရားတော်ကြောင့် ရောဂါဝေဒနာများမှ ပျောက်ဖူးသူများအကြောင်းကို ဓမ္မ စာအုပ်များတွင် ဖတ်ဖူးပါသည်။ မှန်ပါသည်။ ဝိပဿ နာတရား အားထုတ်သူတို့၏ စိတ်သည် စိတ်၏ငြိမ်း ချမ်းမှု၊ အေးချမ်းမှု၊ ကြည်လင်သန့်ရှင်းသောစိတ်များ အမြဲတမ်း ဖြစ်ပေါ်နေသည်။ မကောင်းသောစိတ်များ ကို ဝိပဿနာဖြင့် ဆေးကြောသန့်စင်လိုက်သည့်အတွက် ကြောင့် မကောင်းသောစိတ်များ မဝင်ရောက်နိုင်တော့ ဘဲ စိတ်ကောင်း၊ စိတ်သန့်များ အစားဝင် နေရာယူနေကြ သည့်အတွက် ရောဂါကို ဖြစ်စေနိုင်သော စိတ်များ လုံးဝ ကင်းစင်သွားသည့်အတွက်ကြောင့် ရောဂါပျောက်ကင်း သည်ဆိုသည်မှာ လုံးဝ မှန်ကန်ပါသည်။

စာရေးသူ ကိုယ်တိုင်လည်း ၂၀၁၃ ခုနှစ် ဧပြီလ အတွင်းက ဗိုက်အောင့်သည့်ဝေဒနာကို ပြင်းထန်စွာ ခံစားခဲ့ရသည်။ ဆေးဝါးမျိုးစုံစားသည်။ ဆရာဝန်စုံသည်။ ဆေးခန်းစုံ သွားပြသည်။ ညွှန်ကြားသည့်အတိုင်း ဆေး ဝါးသောက်သုံးသည်။ အချို့ဆရာဝန်များက ကျောက် ကပ်အားနည်းသည် ပြောသည်။ အချို့ဆရာဝန်များက လေရောဂါ၊ အချို့က အစာအိမ်ရောဂါဟု အမည်တပ်ပြီး ဆေးဝါးဓာတ်စာများ ပေးသည်။ ပေးသည့်အတိုင်း သောက်သည်။ သက်သာသလိုလိုနှင့် အရှင်းပျောက် ကင်းသွားသည်ဟူ၍ မရှိပါ။ မပျောက်နိုင်သည့်အဆုံး ဆရာဝန်ပေးသည့် ဆေးကိုလည်းစား၊ ဘုရားပေးခဲ့သော ဆေးကိုလည်း နေ့စဉ်မှန်မှန် သောက်သုံးကြည့်သည်။

ပထမတစ်ရက်စ၍ အခ်ိဌာန်ဖြင့် သောက်သုံးခဲ့ သည်၊ နောက်တစ်ရက်လည်း ဘုရားပေးသောဆေးကို ထပ်မံသောက်သုံးပြန်သည်၊ ဗိုက်အောင့်သည့် ဝေဒနာ မှာ အနည်းငယ် သက်သာသလို ခံစားရသည်။ တစ်ပတ် လောက်ကြာသောအခါ ဗိုက်အောင့်သည့် ဝေဒနာမှာ ပေါ်မလာတော့ပေ။ ဤသို့ဖြင့် နေ့စဉ်နေ့တိုင်း ယနေ့ တိုင်အောင် ဘုရားပေးသောဆေးကို သောက်သုံးလျက် ရှိပါသည်။ မည်သည့်ဝေဒနာမှ ခံစားရခြင်း အလျဉ်းမရှိ တော့ပေ။ နီးစပ်သူများကိုလည်း ဘုရားပေးသော နည်း အတိုင်း သုံးဆောင်ခိုင်းသည်။ ဝဋ်နာကံနာကလွဲ၍ ပျောက်ကင်းသည်က များသည်။ ထို့ကြောင့် ဘုရားပေး သော ဆေးကို ရောဂါဝေဒနာရှင်များအား တစ်ဆင့်မျှဝေ ပေးလိုက်ပါသည်။ ဘုရားပေးသောဆေးမှာ အခြားသော ဆေးများကဲ့သို့ ဝါးစားရသော ဆေးတောင့်ဆေးဝါးများ မဟုတ်ပါ။

ဗောဇ္ဈင်တရားတော်ကို ပွားများရွတ်ဖတ် သရဇ္ဈာယ်ခြင်း ဖြစ်ပါသည်။ မိမိသက်စေ့ ရွတ်ရမည် ဖြစ်ပါသည်။ မိမိရွတ်ဖတ်မည့် ဘုရားကျောင်းဆောင် ပေါ်တွင် သန့်ရှင်းကြည်လင်သော သောက်ရေသန့် တစ်ဘူးကိုလည်း ဆောင်ထားပါ။ ပရိတ်တော်ကို သက် စေ့ရွတ်ပြီးသော အခါ ထိုပရိတ်ရေကို သောက်သုံးပါ။ ဖြစ်ပွားသည့် ရောဂါဝေဒနာပေါ် သို့လည်း လိမ်းပေး၊ လူး ပေးပါ။ ရွတ်ဖတ်ပြီးလျှင် လူနတ်ပြဟ္မာသတ္တဝါ အားလုံး တို့အား ဆုတောင်းမေတ္တာပို့ပြီး အမျှဝေပါ။

ဤသို့ ရွတ်ဖတ်ပူဇော်ခြင်းကြောင့် ရောဂါဘယမှ ကင်းဝေးတော်မူသော အရှင်မဟာမောဂ္ဂလာန်၊ အရှင် မဟာကဿပမထေရ်ကြီးများ ရှိခဲ့ဖူးပါသည်။ ထိုမထေရ် ကြီးများ နေထိုင်မကောင်းဖြစ်တော်မူစဉ်က သဗ္ဗညုမြတ် စွာဘုရားရှင်သည် ဤဗောဇ္ဈင်တရားတော်ကို ဟော ကြားတော်မူခဲ့ပါသည်။ ဗောဇ္ဈင်ခုနစ်ပါးတရားတော်ကို နာရ၍ ထိုရဟန္တာမထေရ်ကြီးများ ရောဂါပျောက်ကင်း တော်မူခဲ့ဖူးပါသည်။ ထိုဗောဇ္ဈင်တရားတော်များမှာ ပရိတ်ကြီး ၁၁ သုတ်ထဲမှ ဗောဇ္ဈင်သုတ်တော် ဖြစ်ပါသည်။


ဗောဇ္ဈင်သုတ်ကို ရှည်နေမည်စိုး၍ မရေးတော့ ပါ။ ပရိတ်ကြီး ၁၁ သုတ် စာအုပ်ကို ဝယ်ယူ၍ ရွတ်ဖတ် ပူဇော်နိုင်ပါသည်။ အားလုံးလည်း ရောဂါဘယအပေါင်း မှ ကင်းဝေးနိုင်ကြပါစေ။

**မောင်အေးချမ်း(ဘင့်တူ)**



www.burmeseclassic.com

www.burmeseclassic.com



# မျက်ရည်

■ ဂျယ်လီသိန်းမောင် (စိန်မိုက်ကယ်)

လူရယ်လို့ဖြစ်လာရင် မျက်ရည် မကျဖူးသူ မရှိပါဘူး။ အမိဝမ်းက ကျွတ်လာကတည်း·က "အူဝဲ ... အူဝဲ"လို့ အော်ပြီး လူ့ဘဝကို အစပြုခဲ့ရတာမို့ "အစမကောင်းတော့ အနှောင်းမသေချာ"ဆိုတဲ့အတိုင်း ဘဝသက်တမ်းတစ်လျှောက်မှာ အကြောင်းအမျိုးမျိုးကြောင့် မျက်ရည်တွေ ကျခဲ့ရပါတယ်။

မျက်ရည်တွေဟာ ဘဝပေါင်း မရေတွက်နိုင်အောင် ကျခဲ့ရတဲ့အတွက် အဲဒီမျက်ရည်တွေကို စုပေါင်းလိုက်မယ်ဆိုရင် သမုဒ္ဒရာလေးစင်းတောင် ကမယ်မထင်ပါဘူး။

ဉာတိဗျသန–ဆွေမျိုးသားချင်းတွေ ပျက်စီးဆုံးရှုံးရင်လည်း မျက်ရည်ကျတတ်ပါတယ်။ ဘောဂဗျသန ဆိုတဲ့ ဥစ္စာပစ္စည်းတွေ ဆုံးရှုံးရင်လည်း မျက်ရည်ကျတတ်သလို၊ ရောဂါဗျသနဆိုတဲ့ ရောဂါဝေဒနာတွေ ဖိစီးလာရင်လည်း မျက်ရည်တွေကျတတ်ပါတယ်။

မိမိမြတ်နိုးလို့ မွေးထားတဲ့ ခွေးလေး၊ ကြောင်လေးတွေ သေဆုံးရင်တောင် မျက်ရည်ကျတတ်ကြပါတယ်။ မျက်ရည်ဟာ ဝမ်းနည်းရင်သာကျတတ်ခြင်းမျိုးမဟုတ်ဘဲ ဝမ်းသာရင်လည်း ကျတတ်ပါတယ်။ အထူးသဖြင့် အကယ်ဒမီပေးပွဲတွေမှာ ရုပ်ရှင်သရုပ်ဆောင်တွေဟာ အကယ်ဒမီဆု ကြေညာလိုက်တာနဲ့ ဆုရသူတွေ ဝမ်းသာလွန်းလို့ မျက်ရည်ကျကြတာကို တွေ့ရပါတယ်။

လောဘ၊ ဒေါသ၊ မောဟတွေကြောင့်သာ များသောအားဖြင့် ကျနေကြတဲ့အတွက် တကယ်တော့ အဲဒီမျက်ရည်ဟာ တန်ဖိုးမရှိတဲ့ မျက်ရည်ပါ။

ဘုရားရှင်လက်ထက်တော်က မဟာသီဝ မထေရ်ကြီးတစ်ပါးရှိပါတယ်။ အဲဒီမထေရ်ကြီးဟာ အနှစ် ၃၀ လုံးလုံး တရားတွေကို ကျင့်ကြံအားထုတ်တော်မူခဲ့သော်လည်း တရားထူးမရခဲ့ပါ။ အဲဒီအတွက် သီတင်းကျွတ်လပြည့်ညမှာ ရှိုက်ကြီးတငင် ငိုကြွေးနေပါတယ်။ မထေရ်ကြီး ငိုကြွေးနေတာကို တွေ့တဲ့ နတ်သမီးတစ်ပါးဟာလည်း မထေရ်ကြီးရဲ့ မလှမ်းမကမ်းမှာ နေပြီး ငိုကြွေးနေပါတယ်။ အဲဒီတော့ မထေရ်ကြီးက –

"ဒီနားမှာ လာငိုနေတာ ဘယ်သူလဲ"

"မှန်လှပါ။ တပည့်တော် နတ်သမီးပါဘုရား"

"နတ်သမီးက ဘာကြောင့်ငိုနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မှန်လှပါဘုရား။ အရှင်ဘုရား ငိုနေတာမြင်လို့၊ ငိုရင်လည်းပဲ မဂ်ရမယ်ထင်လို့ နှစ်မဂ်၊ သုံးမဂ်လောက်များ ရမယ်ထင်ပြီး ငိုနေတာပါဘုရား"

လို့ ဖြေလိုက်တော့ မထေရ်ကြီးက ရှက်သွားပြီး –

"ကိုင်း ... ဘယ့်နှယ်ရှိစ မဟာသီဝ၊ သင့်ကို နတ်သမီးကတောင် လှောင်ပြောင်နေပြီ။ သင်လိုပုဂ္ဂိုလ်မျိုး အခုလို မျက်ရည်ကျပြီး ငိုနေတာ ဘယ်သင့်တော်ပါ့မလဲ"

လို့ မိမိရဲ့နှလုံးသားထဲမှာ ဖြစ်ပေါ်လာပြီး မဟာသတိပဋ္ဌာန်ဒေသနာများကို မျက်ရည်ကျရလောက်အောင် စိတ်ဆင်းရဲခဲ့တဲ့စိတ်ကို အခြေခံပြီး တရားရှုမှတ်လိုက်တာ အဲဒီလပြည့်ညမှာပဲ ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ ရဟန္တာအဖြစ်ကို ရောက်ရှိသွားပါတယ်။

မဟာသီဝမထေရ်ကြီးကျတဲ့ မျက်ရည်ဟာ တရားထူးမရတဲ့အတွက် ကျတဲ့မျက်ရည်ပါ။ တစ်နည်းအားဖြင့်တော့ အဖိုးတန်တဲ့ မျက်ရည်ပဲဖြစ်ပါတယ်။

**မျက်ရည်လေးမျိုးရှိပါတယ်။**

၁။ နေက္ခမ္မမျက်ရည် ။ ထွက်မြောက်ခြင်းကို အကြောင်းပြုပြီး ကျတဲ့ မျက်ရည်ပါ။ ကာမဂုဏ်မှ ထွက်မြောက်လိုခြင်း၊ သံသရာမှ လွတ်မြောက်လိုခြင်း၊ ဘဝခန္ဓာမှ လွတ်မြောက်လိုခြင်းဟု အဓိပ္ပာယ်ရပါတယ်။ ဥပမာ–မိမိက ရဟန်းပြုချင်ပါလျက်နဲ့ အကြောင်းအမျိုးမျိုးကြောင့် ဝယ်ခွင့်မရတဲ့အတွက် ကျတဲ့မျက်ရည်ပါ။

၂။ ဝိပဿနာမျက်ရည် ။ ကိုယ်က ဝိပဿနာအားထုတ်ချင်တယ်။ အကြောင်းအမျိုးမျိုးကြောင့် အားထုတ်ခွင့်မရဘူး။ အားထုတ်ပြန်တော့လည်း မိမိထင်သလောက် ခရီးမပေါက်လို့ ကျတဲ့ မျက်ရည်ပါ။

၃။ ဗုဒ္ဓါနုဿတိမျက်ရည် ။ အနုဿတိခြောက်ပါး အစရှိတဲ့ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ ခြောက်ပါး တစ်ပါးပါးမှ ပွားများလို့မရတဲ့အတွက် ကျရတဲ့ မျက်ရည်ပါ။

ဥပမာ – ကိုယ်က ဘုရားဖူးသွားချင်တယ်။ အကြောင်းအမျိုးမျိုးကြောင့် သွားခွင့်မရတဲ့အတွက် ကျတဲ့ မျက်ရည်ပါ။

၄။ ဈာန မျက်ရည် ။ ~~မိမိ ဈာန်~~ ရဖို့အတွက် ကျင့်ကြံအားထုတ်သော်လည်း မရရှိနိုင်တဲ့အတွက် ကျတဲ့ မျက်ရည်ပါ။ အဲဒီမျက်ရည်လေးမျိုးဟာ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်အောင် ကျခဲ့ရတဲ့ မျက်ရည်မို့ အဖိုးတန်တဲ့မျက်ရည်လို့ ဆိုချင်ပါတယ်။

ယနေ့ ကမ္ဘာနဲ့ အဲဝန်းမှာ ဆူနာမီရေဘေးတွေ၊ ငလျင်ဘေးတွေကြောင့် လူပေါင်းများစွာ အသက်နဲ့ အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးမှုဖြစ်တာ လူတိုင်းအသိပါ။

သတ္တဝါများအား ဘဝသံသရာကြီးမှာ ကျင်လည်နေကြရတဲ့အတွက် အဲဒီလို ဒုက္ခဘေးမျိုးတွေကို တစ်နေ့ဆုံရ ကြုံရဦးမှာပါ။ ရေခပ်မကြုံ၊ ထင်းခွေကြုံဆိုသလိုပါပဲ။ ခန္ဓာကြီး တည်ရှိနေသရွေ့ အိုနာသေ ပြေးမလွတ်ပါ။

နို့စို့ကလေးတွေငိုရင် မိခင်တွေဟာ အငိုတိတ်အောင် နို့ချိုတိုက်ကျွေးကြပါတယ်။ "ငိုတတ်တဲ့ကလေး နို့များများစို့ရတယ်"ဆိုသလို မိခင်တွေဟာ သားသမီးတွေ ငိုကြွေးမှာ၊ မျက်ရည်ကျမှာကို မလိုလားကြတဲ့အတွက် အငိုတိတ်အောင် နို့ချိုတိုက်ကြွေးကြပါတယ်။ အဲဒီလိုပါပဲ။ ကျွန်မတို့ရဲ့ မြတ်ဗုဒ္ဓဟာလည်း သတ္တဝါတွေအပေါ် သနားကရုဏာမေတ္တာတော်ထားပြီး မျက်ရည်တွေ သိမ်းနိုင်အောင် ချိုမြိန်လှတဲ့ တရားတွေကို မှာတမ်းခြွေခဲ့ပါတယ်။

ဒါကြောင့် ဘာကြောင့်ပဲငိုငို၊ ငိုခြင်းမှာ ဒေါသတွေ ကပ်ပါလာတဲ့အတွက် ပူလောင်လှပါတယ်။ အဲဒီ ပူလောင်တဲ့စိတ်ကလေးက မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့အညီ နှလုံးသွင်းပြီး ပေါ်စိတ်၊ မြင်စိတ်၊ သိစိတ်တွေကို ရှုမှတ်သွားမည်ဆိုပါက ပူလောင်တဲ့ မျက်ရည်တွေဟာ အေးမြသွားပြီး နိဗ္ဗာန်မဂ်ဖိုလ်ရောက် ထာဝရခန်းခြောက်သွားမည်ဖြစ်ပါကြောင်း၊ မိမိကိုယ်ကိုမိမိ အတတ်နိုင်ဆုံး မျက်ရည်မကျဖို့အောင် ကြိုးစားကျင့်ကြံလျက် သံသရာတစ်လျှောက် ကျခဲ့တဲ့မျက်ရည်တွေကို သိမ်းကြပါစို့ဟု ဖြူစင်မေတ္တာ စိတ်စေတနာဖြင့် ရေးသားတင်ပြလိုက်ပါသည်။

ဆရာတော် ရှင်ဆန္ဒာဓိကအား ဤဆောင်းပါးဖြင့် ပူဇော်ပါ၏ အရှင်ဘုရား ...။

*မှတ်ချက် ။ ဆရာတော် ရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၏ ဆွေးပေါင်းခသော မျက်ရည်မှ အခြေပြုပါ၏။*

*သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ*

**ရှယ်လီသိန်းမောင် စိန်မိုက်ကယ်**



www.burmeseclassic.com

www.burmeseclassic.com



■ လှထွန်း(တွံတေး)

# ဗလိတရား ငါးပါး

ယခုရက်ပိုင်းအတွင်း မိခင်နေထိုင်သည့် ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလှိုင်လမ်း၊ အမှတ်(၂၃/၃-ဘီ) နေအိမ်သို့ မကြာခဏ ရောက်ပါသည်။ မိခင်ကြီးဒေါ်ခင်တင့်ကား အသက် ၉၈ နှစ်ကျော်ပါပြီ။ သားသမီး ၁၅ ယောက်ကို မွေးကျွေးခဲ့သော မိခင်ကြီးဖြစ်ပါသည်။ ယောကျ်ား ကိုးယောက်၊ မိန်းမ ခြောက်ယောက် မွေးခဲ့သည့်အနက် ယခု ယောကျ်ား ခြောက်ယောက်သာ အသက်ရှင်ကျန်ရှိပါသည်။

ဖခင်အပါအဝင် ကွယ်လွန်သူ မိသားစုဝင် ၁၀ ဦး၏ ဈာပနကိစ္စအဝဝ အဆင်ပြေစေရေး ဆောင်ရွက်ခဲ့ရသဖြင့် မိခင်ဖြစ်သူမှာ များစွာအတွေ့အကြုံ များနေပြီဖြစ်ပါသည်။

ယမန်နှစ် မတ်လအတွင်း စာရေးသူတို့ မိသားစု အနောက်မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဘုရားဖူးခရီးသွားစဉ် ညီမငယ် မတာရုတ်မ (ခ) ခင်အုန်းမြင့် ကွယ်လွန်ခဲ့ပါသည်။ ရက်လည်ဆွမ်းကျွေးအပြီး အမိမြေသို့



www.burmeseclassic.com

www.burmeseclassic.com

ပြန်ရောက်ကြပါသည်။ ယခုလည်း နမအတွက် တစ်နှစ်ပြည့် ဆွမ်းကျွေးအလှူပွဲအတွက် ငါ်ခင်၏ ဇာိုက်တွန်းချက်အရ ကြိုတင်ပြင်ဆင်ကြပါသည်။ ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြားခဲ့ပါသည်။ စာရေးသူ၊ ဇနီး၊ သမီးနှင့် မြေးငယ်တို့လည်း ရောက်ရှိခဲ့ကြပါသည်။

သတိရ ဒါန တစ်နှစ်ပြည့်ဆွမ်းကျွေး အလှူပွဲသို့ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းတိုက်ဝင်းရှိ ရတနာသိင်္ခကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒဦးစီးသော သံဃာတော် ငါးပါးကို ပင့်ဖိတ်ပူဇော်ခဲ့ကြပါသည်။ ဆရာတော်မှာ သက်တော် ၅၃ နှစ်၊ ဝါတော် ၃၂ ဝါရှိပြီး ခမည်းတော် ဦးကံစိန်၊ မယ်တော် ဒေါ်ထက်တို့မှ မွေးဖွားပါသည်။ မွေးဇာတိမှာ စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ နှောယင်းရွာဖြစ်ပြီး ဆရာတော်ရရှိထားသော ဘွဲ့များမှာ သာသနာဓဇဓမ္မာစရိယ၊ သာသနတက္ကသိုလ ဓမ္မာစရိယ၊ (B.A Buddhism) ဖြစ်ပါသည်။

ဆွမ်းကျွေးအလှူပွဲတွင် ဆရာတော်ဟောကြားခဲ့ သော တရားမှာ စာရေးသူအတွက် မှတ်သားလောက်ပါသည်။ အများသိစေရန် ပြန်လည်တင်ပြလိုပါသည်။

လွန်ခဲ့သောနှစ်က ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ခဲ့သော နမဖြစ်သူ ဒေါ်တာရတ်မ (ခ) ဒေါ်ခင်အုန်းမြင့်အား ရည်စူး၍ မိခင်ဒေါ်ခင်တင့်နှင့် မိသားစုက သံဃာတော်ငါးပါးအား နေ့ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းရေစက်ချ အမျှဝေပြီး ဆွေမျိုးမိတ်သင်္ဂဟနှင့် သူငယ်ချင်းမိတ်ဆွေများအား ကျွေးမွေးလှူဒါန်းခဲ့ကြပါသည်။

ဆွမ်းကျွေးအလှူပွဲကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၆ ရက်၊ နံနက် ၇ နာရီမှ ၁၀ နာရီအထိ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလှိုင်လမ်းနေအိမ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုဆွမ်းကျွေးအလှူပွဲတွင် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ ဟောကြားခဲ့သော တရားမှာ မှတ်မှတ်ရရ ရှိလှပါ၏။

ဗလိငါးမျိုးအကြောင်း ဖြစ်ပါသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေးကြီးအား ပစ္စည်းဥစ္စာရယူခြင်းအကြောင်း ငါးပါးကို ဟောကြားချီးမြှင့်ခဲ့ပါသည်။

ယင်းတို့မှာ (၁) ထကြွလုံ့လပြု၍ တရားသဖြင့်ရသော စည်းစိမ်ဥစ္စာတို့ဖြင့် မိမိနှင့်တကွ မိဘ၊ သားမယား၊ ကျေးကျွန်အလုပ်သမားတို့ကို ချမ်းသာပြည့်ဖြိုးစေရန်၊ (၂) မိတ်ဆွေ လုပ်ဖော်ကိုင်ဖက်တို့ကို ချမ်းသာပြည့်ဖြိုးစေရန်၊ (၃) ရန်သူမျိုးငါးပါး ပေါ်ပေါက်လာသည့်အခါ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ရန်၊ (၄) ဗလိပူဇော်ခြင်းငါးပါး ပြုလုပ်ဆောင်ရွက်ရန်နှင့် (၅) မြတ်သောအလှူကို ဖြစ်စေရန်တို့ ဖြစ်ပါသည်။

ဤငါးပါးသော အကြောင်းတို့ဖြင့် စည်းစိမ်ဥစ္စာကို ရယူလိုသော အရိယာတပည့်အား စည်းစိမ်ဥစ္စာများ ကုန်ခန်းသွားသည်ဖြစ်စေ၊ စည်းစိမ်ဥစ္စာများ တိုးပွားလာသည်ဖြစ်စေ နှလုံးမသာယာခြင်းမဖြစ်၊ ဝမ်းမြောက်ကျေနပ်ခြင်းသာ ဖြစ်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။

ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒသည် အင်္ဂုတ္တရနိကာယ် ပဉ္စကရာဇဝင်၊ အာဒိယသုတ်တည်းဟူသော ကျမ်းကိုးသာဓကများဖြင့် ဗလိငါးမျိုးအကြောင်း ရှင်းလင်းဟောကြားခဲ့သည်ဟု သိရပါသည်။

အဆိုပါအချက်များမှာ (၁) ဆွေမျိုးတို့အား ပေးကမ်းခြင်း "ဉာတိဗလိ"၊ (၂) ဧည့်သည်တို့အား ကျွေးမွေးခြင်း "အတိထိဗလိ"၊ (၃) ကွယ်လွန်သော ဆွေမျိုးတို့အတွက် ပေးလှူခြင်း "ပုဗ္ဗပေတဗလိ"၊ (၄) မင်းအား အခွန်ဆက်သခြင်း "ရာဇဗလိ"နှင့် (၅) နတ်တို့အား ပူဇော်ခြင်း "ဒေဝတာဗလိ"တို့ ဖြစ်ပါသည်။

ဗလိဟူသည် ပေးကမ်းခြင်း၊ ပူဇော်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

ဆရာတော် ဟောကြားတော်မူခဲ့သော ဗလိငါးမျိုးပါ ပုဗ္ဗပေတဗလိတည်းဟူသော ကွယ်လွန်သူ ဆွေမျိုးတို့အတွက် ပေးလှူခြင်းသည် ကျန်ရစ်သူများ မဖြစ်မနေ လုပ်သင့်လုပ်ထိုက်သော မွန်မြတ်သည့် အစဉ်အလာတစ်ရပ်ဟု မှတ်ယူရပါတော့သည်။

နမငယ် ဒေါ်ခင်အုန်းမြင့် ကောင်းရာသုဂတိ ဘုံဘဝသို့ လားပါစေ…။

---

လှထွန်း(တုံတား)

---




www.burmeseclassic.com

www.burmeseclassic.com

# မိုးလား လေလား မုန်တိုင်းလား

လှမြင့်ထက်




၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလဆန်း အတွင်း ကျွန်တော်တို့မြန်မာနိုင်ငံမှ ထုတ်လွှင့်သော ရုပ်သံလွှင့်အစီအစဉ်များ၊ သတင်းစာများ၊ ဂျာနယ်များတွင် ကျွန်တော်တို့ မြန်မာနိုင်ငံမိုးလေဝသ သမိုင်းတွင် စံချိန်တင်လောက်အောင် မိုးရွာသည့်သတင်းများ၊ မြစ်ရေကြီးသည့် သတင်းများ၊ မြို့ကြီးအချို့နှင့် ကျေးလက်ဒေသအချို့တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးသည့် သတင်းများ၊ နိုင်ငံတော်အစိုးရနှင့် အခြားအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူအများအား ကယ်ဆယ်ရေးစခန်းများ ဖွင့်၍ ကူညီခဲ့သော သတင်းများ၊ အခြားပုဂ္ဂိုလ်များကလည်း မိမိတို့အစီအစဉ်ဖြင့် ရေဘေးသင့် ပြည်သူအများအား တတ်နိုင်သလောက် ကူညီထောက်ပံ့သည့် သတင်းများကို ဖန်တလာတေအောင် ဖတ်ရှုခဲ့ရပါသည်။

မှန်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး အဓိကအားထားရသော နိုင်ငံတစ်နိုင်ငံဖြစ်ရကား မိုးလေဝသသည် အထူးအရေးပါ အရာရောက်သည့် အခန်းတွင် ပါဝင်နေသည်ဟု ဆိုရမည် ဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်း မိုးလေဝသသည် အထူးအရေးကြီးသည်ဟု ယူဆထားကြပါသည်။ နိုင်ငံ၏ ကောင်းကျိုး၊ ဆိုးကျိုးအား မိုးလေဝသသည် အများဆုံးပေးနိုင်သဖြင့် ကမ္ဘာ့သမိုင်းတွင် လူမျိုးနွယ်များ စိုက်ပျိုးစားသောက်ကြသည့် အချိန်ကစ၍ မိုးလေဝသမှန်ပါစေဟူ၍လည်းကောင်း၊ ရာသီဥတုကောင်းသောနှစ် ဖြစ်ပါစေဟု ဆုတောင်းခဲ့ကြသည်။ ယနေ့ သိပ္ပံပညာရှင်များနှင့် မိုးလေဝသသုတေသီအများသည် မိုးလေဝသကို မိမိတို့အလိုရှိသလောက် ထိန်းချုပ်နိုင်ရန် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးစားခဲ့ကြသည်။ မိုးလေဝသသုတေသီများသည် လာမည့်ရက်တွင် မိုးလေဝသအခြေအနေများ မည်သို့ရှိမည်၊ ရှေ့လာမည့်ရက်သတ္တပတ်အတွင်း မိုးလေဝသ

www.burmeseclassic.com

အခြေအနေ မည်သို့ရှိမည်ကိုလည်း အတော်အသင့် တိကျမှန်ကန်စွာ ခန့်မှန်းနိုင်ကြပါသည်။

ကမ္ဘာ့သမိုင်းတွင် သိပ္ပံပညာ ထွန်းကားခြင်းမရှိသေးသော ခေတ်က မှ မိုးလေဝသကို နတ်ဒေဝတာအပေါင်းက ထိန်းချုပ်ထားသည်။ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးအလွန်အကျွံ သည်းထန်စွာရွာခြင်း၊ ရေဘေးသင့်ခြင်း။ မိုးခေါင်ခြင်းတို့သည် နတ်ဒေဝတာများက စီမံဆောင်ရွက်ခြင်းဖြစ်သည်ဟု ယူဆထားကြရကား နတ်ဒေဝတာများကို ပူဇော်ပသ၍ မိမိတို့အလိုရှိရာ ဆုတောင်းကြ၏။ ထို့အတူ ကျွန်တော်တို့ မြန်မာနိုင်ငံမှ တောင်သူလယ်သမားအများကလည်း မိုးရွာချိန်မှာ ရွာဖို့၊ မိုးရပ်ချိန်မှာ ရပ်ဖို့ မိုးကိုမျှော်၊ မိုးကိုတကြရသည်နှင့် လျော်ညီစွာ တောင်သူလယ်သမားများတွင် မိုးနှင့်ပတ်သက်သော အမှတ်အသားများ ဒုနှင့်ဒေး ရှိခဲ့ကြပါသည်။

ဤတွင် အလျဉ်းသင့်သဖြင့် ကျွန်တော်တို့ ဘိုးဘွားအစဉ်အလာ မိုးလေဝသနှင့်ပတ်သက်သော အမှတ်အသားများကို အနည်းငယ်တင်ပြလိုပါသည်။ ကျွန်တော်သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ဖွားမြင်ခဲ့ပြီး ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့သောအခါ အလယ်တန်းကျောင်းသားတစ်ယောက် ဖြစ်နေပြီဖြစ်သည်။ ထိုကာလက ကျွန်တော့်ဖခင်ဖြစ်သူမှာ စကုမြို့အစိုးရအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီးအဖြစ် အမှုထမ်းနေရာ တပည့်များပေါ်များသူ ဖြစ်၏။ ကျွန်တော်တို့ အိမ်သို့ ဖခင်ဖြစ်သူ၏ တပည့်များ မြို့ပေါ်မှ ကျွန်တော့်ဖခင်၏ မိတ်ဆွေ အပေါင်းအသင်းများသည် နံနက်လင်းသည်နှင့် ရောက်ရှိလာလေ့ရှိပြီး လက်ဖက်ရည်ကြမ်းဝိုင်းတွင် သတင်းစုံပြောကြသည်။

## သူ့အယူအဆမှာ "နေဝင်တိမ်တောင် မိုးသန်းခေါင်" ဟု ဆိုသည်။ အဓိပ္ပာယ်မှာ နေဝင်ချိန် တိမ်တောင်တိမ်လိပ်များ တက်လာပါက ညသန်းခေါင်အချိန်တွင် မိုးကြီးရွာမည်ဟု ဆိုသည်။

ပထမတွင် နိုင်ငံရေးသတင်း၊ စီးပွားရေးသတင်းများ ပြောကြပြီး နောက်ဆုံးတွင် လက်ရှိဖြစ်ပွားနေသော အတင်းအဖျင်းများ ရောက်သွားလေ့ရှိသည်။ ဤလက်ဖက်ရည်ကြမ်းဝိုင်းတွင် ကျွန်တော်စိတ်ဝင်စားဆုံးပုဂ္ဂိုလ်နှစ်ယောက်မှာ ကျွန်တော့်ဘကြီး ဦးဘနိုင်နှင့် ကျွန်တော်တို့ရပ်ကွက်မှ ကောက်စိုက်၊ ပျိုးနုတ်၊ ကောက်သင်းကောက် အဖွဲ့ခေါင်းဆောင် ဦးဘဒင်တို့ ဖြစ်ပါသည်။ ကျွန်တော့်ဘကြီးမှာ အငြိမ်းစား အလယ်တန်းကျောင်းအုပ်ဖြစ်သူဖြစ်ရာ မြန်မာစာနှင့် မြန်မာမှုကို အထူးလေ့လာထားသူဖြစ်၏။ ဦးဘဒင်မှာလည်း တောင်သူလယ်သမားတစ်ဦးဖြစ်ခဲ့ပြီး မြန်မာတို့၏ ရှေ့ရိုးစဉ်လာ မိုးလေဝသများကို လက်တစ်ဆုံးနှိုက် လေ့လာထားသူဖြစ်ရာ သူတို့နှစ်ယောက် ထင်မြင်ချက်ပေးသည့် မိုးလေဝသသတင်းအချက်အလက်များမှာ ရာခိုင်နှုန်းအတော်အသင့်မှန်သည်ကို တွေ့ရသဖြင့် ကျွန်တော်တို့မှာ တအံ့တသြဖြစ်ခဲ့ကြရ၏။ မှတ်မှတ်ရရ ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်ကြီး ကူးစက်မလာခင် တစ်နှစ်ခန့်လောက်ဟု ထင်ပါသည်။ ထိုနှစ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို တစ်မြို့လုံး စည်စည်ကားကား ကျင်းပမည်ဟု အားခဲထားကြသည်။ ရပ်ကွက်တိုင်းမှ အိုးစည်ဒိုးပတ်ဝိုင်းများ၊ လှည့်ဇာတ်များဖြင့် မြို့ကိုလှည့်၍ ကခုန်ကြပြီး ရေသွန်းမည့်ညောင်ပင်ကြီးရှိရာ ကန်ပေါက်ကြီးကျောင်းသို့ သွား၍ ညောင်ရေသွန်းပွဲကို တစ်ခဲနက် ဆင်နွှဲရန် ပြင်ဆင်ထားကြ၏။

ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်ခန့်တွင် ကျွန်တော့်ဘကြီး ဦးဘနိုင်နှင့် ကောက်စိုက်၊ ပျိုးနုတ်၊ ကောက်သင်းကောက်အဖွဲ့ ခေါင်းဆောင်ဖြစ်သော ဦးဘဒင်တို့ကမူ "ဟေ့…စနေထောင့်အရပ်က စို့ထွက်တာကို တို့နှစ်ယောက်မြင်တယ်။ (စို့ဆိုသည်မှာ သက်တန့်ကိုခေါ်ခြင်းဖြစ်သည်။) မိုးကြီးမယ့် လက္ခဏာဖြစ်တယ်။ နက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com

စောစောကလည်း မိုးခွေငှက်တွေ အော်သံကြားရတယ်။ သေသေချာချာ မှတ်ထား။ မိုးရွာမှာသေချာတယ်"ဟု ခန့်မှန်းခဲ့ကြသည်။ ကျွန်တော်တို့ကမူ သူတို့နှစ်ယောက် မိုးလေဝသခန့်မှန်းမှုကို အလေးအနက်မထားခဲ့ကြ။ အညာဒေသတွင် "ကဆုန်၊ နယုန်၊ မိုးတွေအုံ"ဟူသော ဆိုရိုးစကားရှိသော်လည်း ကဆုန်လတွင် မိုးအလွန်ရွာခဲသည်။ သို့ဖြစ်၍ အဘိုးကြီးနှစ်ယောက်၏ ထင်မြင်ချက်သည် တက်တက်စင်လွဲပေမည်ဟု မျှော်လင့်ထားသည်။ ကဆုန်လပြည့်နေ့ နံနက်ကပင် ကျွန်တော်တို့ တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်၊ ဆူဆူညံညံနှင့် ညောင်ရေသဘင်ပွဲတော်ကြီးကို ဆင်နွဲရန် ပြင်ဆင်နေကြသည်။ ထက်ကောင်းကင်မှာလည်း မိုးသားများ ကင်းစင်လျက်ရှိရကား အဘိုးကြီးနှစ်ယောက်၏ မိုးလေဝသခန့်မှန်းချက်သည် လွဲပေတော့မည်ဟု ယူဆထားမိ၏။

သို့သော် ဆိုင်းသံဗုံသံများ စတင်တီးမှုတ်သည့် မွန်းလွဲ ၁ နာရီခန့်က စနေထောင့်မှ မည်းမှောင်နေသော တိမ်တောင်တိမ်လိပ်များ တက်လာပြီး မိုးသဲသဲမဲမဲ ရွာချခဲ့သည်။ လျှပ်စီးတဝင်းဝင်း၊ မိုးချုန်းသံတညံညံနှင့် မစဲနိုင်အောင် ရွာသွန်းခဲ့တော့၏။ အမှန်အားဖြင့် အညာမိုးသည် ရတ်တရက် မဆင်ဘဲနှင့် ရွာချလေ့ရှိပြီး၊ တစ်ခါတစ်ရံ ဆင်လာသောမိုးသည် ပျက်ပြယ်သွားလေ့ရှိသည်။ မိုးသဲသဲမဲမဲ ရွာနေစဉ်ပင် ရုတ်တရက် ရပ်စဲသွားကာ နေထွက်လာတတ်၏။ ထိုနေ့က ရွာသောမိုးသည် ညဦးပိုင်းအထိ လုံးဝရပ်စဲမသွားတော့။ ကျွန်တော်တို့အား ခဲထားသည့် ညောင်ရေသဘင်ပွဲကြီးလည်း ပျက်ခဲ့ရသည်။ အံ့ဖွယ်ကောင်းလှတော့၏။ ကျွန်တော့်ဘကြီးနှင့် ဦးဘဒင်တို့၏ မိုးလေဝသခန့်မှန်းမှုသည် တိုက်ဆိုင်လှသည်ဟု မှတ်ယူမိတော့၏။

မည်သို့ပင် ဆိုစေကာမူ ကျွန်တော်တို့နိုင်ငံက တောင်သူလယ်သမားအများသည် မိုးလေဝသနှင့်ပတ်သက်၍ အစဉ်အလာ၊ အမှတ်သင်္ကေတများ ရှိကြသည်။ ခေတ်အဆက်ဆက် ယနေ့ထိ မိရိုးဖလာ မိုးလေဝသအမှတ်အသားများကို အညာကျေးလက်ဒေသများတွင် ယနေ့ထိ မှန်ကန်သည်ဟု ယူဆထားကြ၏။ သာဓကအားဖြင့် ကျွန်တော်တို့အရီးကြီး (အညာဒေသတွင် ဖခင်၏အစ်မကြီးကို အရီးကြီးဟု ခေါ်ကြပါသည်)သည် ညနေ နေဝင်ချိန်များတွင် တိမ်တောင်တိမ်လိပ်များ တက်လာသည်ကို မြင်သည်နှင့် ထင်းများ၊ မီးသွေးများ၊ လှမ်းထားသော စပါးများကို အမိုးအကာအောက်တွင် သွင်းခိုင်းလေ့ရှိ၏။ သူ့အယူအဆမှာ "နေဝင်တိမ်တောင် မိုးသန်းခေါင်"ဟု ဆိုသည်။ အဓိပ္ပာယ်မှာ နေဝင်ချိန် တိမ်တောင်တိမ်လိပ်များ တက်လာပါက ညသန်းခေါင်အချိန်တွင် မိုးကြီးရွာမည်ဟု ဆိုသည်။ ကျွန်တော်မှတ်မိသလောက် ထိုကာလက ဗြိတိသျှအာဏာပိုင်များသည် မိုးလေဝသနှင့်ပတ်သက်သော သတင်းများ ထုတ်ပြန်နိုင်ခြင်းလည်း မရှိ၊ မိုးလေဝသနှင့်ဇလဗေဒပညာမှာလည်း ယခုခေတ်ကဲ့သို့ တိုးတက်ခြင်းလည်းမရှိသဖြင့် တောင်သူလယ်သမားအများမှာ မိမိတို့ရိုးရာအမှတ်အသားများကိုသာ အားပြုခဲ့ကြရပြီး "မိုးသနားမှ လူချမ်းသာ"မည်ဟု ဆိုစမှတ်ပြုကြ၏။

ယနေ့ မျိုးဆက်သစ်လူငယ်များအဖို့ အာဖရိကတိုက်၊ ပြည်နယ်အချို့တွင် မိုးခေါင်သဖြင့် ပြည်သူအများ မိမိတို့ လယ်ယာများ၊ အိုးအိမ်များကို စွန့်ပစ်၍ အိမ်နီးချင်းနိုင်ငံများသို့ ခိုလှုံခဲ့ကြရသော သတင်းများကို သတင်းစာများ၊ ရုပ်သံလွှင့်အစီအစဉ်များမှ သိရှိကြပြီး ဖြစ်မည်ဖြစ်သည်။ ကိုလိုနီခေတ်က ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင်လည်း အာဖရိကတိုက်နှင့် တရုတ်ပြည်တွင် မိုးအကြီးအကျယ် ခေါင်သဖြင့် ကျေးလက်နေလူထု မိမိတို့အိုးအိမ်များကို စွန့်ပစ်ထွက်ပြေးကြရသည့်သတင်းများ၊ အိန္ဒိယနိုင်ငံတွင်လည်း အငတ်ဘေးကြောင့် ကျေးလက်နေလူထု ထောင်သောင်းချီ၍ သေဆုံးရသည့်သတင်းများကို ဖတ်ရှုခဲ့ရ၏။

မှတ်တမ်းများအရ ၁၉၂၉ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်များတွင် ယခု မိုးနည်းရေရှား (ယခင် မိုးခေါင်ရေရှား) ဒေသများဖြစ်သော မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်များတွင် မိုးအကြီးအကျယ် ခေါင်သဖြင့် ကျေးလက်နေလူထုသည် မိမိတို့ ကျေးရွာများကို စွန့်ပစ်၍ မြို့ကြီးများသို့ သွားရောက်ခိုလှုံသည့် သတင်းနှင့် ထိုကာလက ဗြိတိသျှအစိုးရ အာဏာပိုင်များက အငတ်

www.burmeseclassic.com

ဘေးပြဿနာကို ထိထိရောက်ရောက် ဖြေရှင်းပေးခြင်းလည်းမရှိ၊ ဒုက္ခသည်များအား ယခုခေတ်အခါကဲ့သို့ နိုင်ငံတကာမှ ကူညီပံ့ပိုးမှုများမရှိသဖြင့် ပြည်သူလူထုမှာ ဒုက္ခဝေဒနာအဖြာဖြာ ကြုံတွေ့ခဲ့ရသည်။ အငတ်ပြဿနာကို မဖြေရှင်းနိုင်သဖြင့် ခိုးဆိုးလုယက်၊ ဓားပြတိုက်မှု၊ ဆန်စက်များနှင့် လူချမ်းသာများပိုင်ဆိုင်သော စပါးနှင့် ဆန် သိုလှောင်ရုံများကို လူစုလူဝေးနှင့် ဝင်ရောက်လုယက်သည့် အမှုအခင်းများလည်း ပေါ်ပေါက်ခဲ့၏။

သို့ဖြစ်၍ ကျေးလက်နေလူထုအဖို့ ထိုစဉ်ကာလက မိရိုးဖလာ မိုးလေဝသအမှတ်သင်္ကေတများကို အားထားခဲ့ကြရသည်။ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ရှေးလူကြီးများ မှတ်သားထားသည့် မိုးလေဝသနှင့်ပတ်သက်သော အမှတ်အသားများမှာ တစ်ခါတစ်ရံ 'တိကျမှန်ကန်နေသည်ကို တွေ့ရသည်။

မိုးရာသီတွင် လေတိုက်သည်ကိုလည်း စောင့်ကြည့်ခြင်းဖြင့် မိုးလေဝသအခြေအနေကို အကဲခတ်ကြသည်။ သာဓကအားဖြင့် လေမှန်မှန်တိုက်ခြင်းမရှိဘဲ အရှေ့က တိုက်နေရာမှ အနောက်ဘက်ပြောင်းတိုက်ပြီး လေပွေမွှေ့လာလျှင် မကြာခင် မိုးရွာမည်ဟု ခန့်မှန်းကြပါသည်။ အမှန်အားဖြင့် ရှေးလူကြီးများသည် [illegible] ပတ်ဝန်းကျင်တွင် မြင်တွေ့ရသည်များကို မှတ်သားထားကြရာမှ ထိုအမှတ်အသားများကို လက်ဆင့်ကမ်းခဲ့ကြခြင်း ဖြစ်၏။ သူတို့ပတ်ဝန်းကျင်ရှိ သစ်ပင်၊ ဝါးပင် အမျိုးမျိုးနှင့် ကျေးငှက်တိရစ္ဆာန်များ၊ ပိုးမွှားများ၏ အခြေအနေကို သတိထားကြည့်ရှုကြပြီး မိုးလေဝသကို ဟောကိန်းထုတ်ကြခြင်း ဖြစ်ပါသည်။

တိရစ္ဆာန်များ၊ ပိုးမွှားများသည် လူများထက် သဘာဝနှင့် ပို၍နီးစပ်သဖြင့် သဘာဝကို ပိုသိမြင်နိုင်သည်ဟု မှတ်ယူထားကြ၏။ မှန်ပါသည်။ အချို့တိရစ္ဆာန်များသည် မိမိတို့ရန်သူအနီးအနားတွင်ရှိနေသည်၊ သို့မဟုတ် မိမိတို့နေရာနှင့် ရန်သူသည် ခပ်လှမ်းလှမ်းတွင် ရှိနေသည်ကို ခန့်မှန်းနိုင်ကြပါသည်။ ထို့အတူ အချို့တိရစ္ဆာန်များသည် မိုးလေဝသအပြောင်းအလဲ၊ အခြေအနေများကို ကြိုကြိုတင်တင် သိကြသည်။ ထို့အတူ ပိုးမွှားများကလည်း မိုးလေဝသအခြေအနေကို အထိုက်အလျောက် ခန့်မှန်းနိုင်ကြ၏။

သာဓကအဖြစ် ပလူကောင်များ ထွက်လာသည်နှင့် ရှေးလူကြီးအများကမူ မိုးရွာလိမ့်မည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် နေပူရှိန်ကြောင့် မြေခိုးများထွက်သဖြင့် တွင်းအောင်းနေကြသော ပလူကောင်များ အပြင်သို့ထွက်လာကြခြင်း ဖြစ်၏။ ရှေးလူကြီးများကမူ "ပလူကောင်တွေ မျောအောင် မိုးရွာတတ်သည်"ဟု ဆိုသည်။ ပုရွက်ဆိတ်များ မိမိတို့ဥများကို သယ်ပိုး၍ နေရာရွှေ့ပြောင်းကြပါက မိုးပြင်းပြင်းထန်ထန်ရွာမည်ဟု မှတ်ယူကြသည်။

မိုးမစဲဘဲ ရွာနေစဉ် ပလူများ ပျံသွားသည်ကို မြင်ကြရပါက မိုးစဲတော့မည်ဟု ယူဆကြ၏။ အဘယ်ကြောင့်ဆိုသော် ပလူများ သူတို့မူလနေရာသို့ အေးသဖြင့် ပြန်သွားခြင်းဖြစ်သည်ဟု ဆိုသည်။ ဆူးရစ်ပန်းများ လှိုင်လှိုင်ပွင့်၍ ထနောင်းပင်များ ပွင့်နေပြီး တောင်လေတိုက်နေခဲ့သော် မိုးရွာတတ်သည်ဟု ပြောစမှတ်ပြုကြသည်။ အညာကျေးလက်ဒေသတွင် ထန်းပင်များမှ ထန်းသီးများကြွေလျှင် မိုးရွာပေတော့မည်ဟု ယုံကြည်ထားကြ၏။ ထို့ကြောင့်ပင် "ထန်းသီးကကြွေ၊ မိုးကစွေ"ဟု သီချင်းဆိုကြသည်

**မိုးရွာမည်ဆိုပါက မြေကြွက်များသည် တွင်းအောင်းနေရာမှ အပြင်သို့ထွက်လာပြီး ပြေးလွှားကြသည်။ တောတွင်းဝံပုလွေများကလည်း အသံဆူဆူညံညံ ပြုကြသည်။ မြည်းများကလည်း သူ့နားရွက်များကိုခတ်၍ အသံပေးကြသည်ဟု ဆိုသည်။**

www.burmeseclassic.com

ကို မှတ်သားခဲ့ရ၏။ လယ်ကွက်များရှိ ရေအိုင်များအတွင်း ခိုအောင်းနေသော ငါးများ၊ တူးမြောင်းများ၊ ချောင်းများ အတွင်း ခိုအောင်းနေသော ငါးများ တူးမြောင်းများ၊ ချောင်းများအတွင်း ဆင်းသွားလျှင် မိုးအကြီးအကျယ်ရွာမည်''ဟု ခန့်မှန်းကြပြီး ထိုမိုးကို ''ငါးဆင်းမိုး''ဟု လူအများက ခေါ်ဝေါ်ခဲ့ကြ၏။ လယ်ကွက်များအတွင်းနှင့် လယ်ကန်သင်းဘေးတွင် တွင်းများပြုလုပ်၍ ခိုအောင်းနေကြသော ပုစွန်လုံးများ သူတို့တွင်းဝများကို ပိတ်သည်ကို မြင်ကြရလျှင် မိုးရာသီကုန်ဆုံးတော့မည်ဟုလည်း မှတ်ယူကြ၏။

အညာကျေးလက်ဒေသများတွင် ပုတတ်များ တွေ့ကြရသည်။ ပုတတ်များသည် သူတို့၏ကျင်းအတွင်း ကျစ်စာများ ထားလေ့ရှိသည်။ ထိုကျစ်စာများထားခြင်းကို ကြည့်ခြင်းဖြင့် မိုးကြီးမည်ကို သိနိုင်ကြ၏။ အဘယ်ကြောင့်ဆိုသော် ထိုကျစ်စာသည် တွင်းအတွင်း ရေမဝင်အောင် တားလိုသော သဘောဖြင့် မှုပ်ထားခြင်းဖြစ်၏။ အကယ်၍ ပုတတ်များ ကျစ်စာဖြင့် တွင်းပေါက်ကိုပိတ်ထားက မိုးရွာမည်မှာ သေချာသည်ဟု ဆိုသည်။ တောင်သူအချို့ကမူ လင်းဝက်၊ ငှက်များ၊ ဘုတ်ကောင်များ မနေမနား အော်မည်ဆိုပါက မိုးရွာမည်ဟု အမှတ်အသားရှိကြသည်။ ဤကဲ့သို့ မြန်မာ့ကျေးလက်တောင်သူများသည် မိုးလေဝသကို အစဉ်အလာအမှတ်ထားခဲ့ကြသကဲ့သို့ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယ၊ အာဖရိကနှင့် အနောက်တိုင်းနိုင်ငံများတွင်လည်း ကျွန်တော်တို့နိုင်ငံ ကျေးလက်ဒေသတွင် နေထိုင်ကြသော တောင်သူများနည်းတူ မိုးလေဝသနှင့်ပတ်သက်သော အစဉ်အလာ၊ အမှတ်အသားများ ရှိကြသည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုကဲ့သို့ အံ့မခန်းသိပ္ပံပညာတိုးတက်သော နိုင်ငံများတွင် နေထိုင်ကြသော ကျေးလက်နေလူထုများမှာလည်း မိုးလေဝသနှင့်ပတ်သက်သော ရှေးဟောင်းအယူအဆ၊ မှတ်တမ်းများ ရှိခဲ့ကြသည်။

သာဓကအားဖြင့် မိုးရွာမည်ဆိုပါက မြေကြွက်များသည် တွင်းအောင်းနေရာမှ အပြင်သို့ထွက်လာပြီး ပြေးလွှားကြသည်။ တောတွင်းဝံပုလွေများကလည်း အသံဆူဆူညံညံပြုကြသည်။ မြည်းများကလည်း သူ့နားရွက်များကို ခတ်၍အသံပေးကြသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့တွင်မူ ဘီလုံးငှက်သည် သာမန်ပျံသန်းနေသော အမြင့်ထက် ပျံတက်၍ အော်မြည်လျှင် သာယာသော ရာသီဥတုဖြစ်မည်ဟု ဟောကိန်းထုတ်ကြ၏။ ရုရှားနိုင်ငံတွင်မူ ကြိုးကြာငှက်များအမြင့်ပျံခဲ့လျှင် ရာသီဥတုသာယာမည်ဟု လူအများက ယုံကြည်ထားကြသည်။

ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများတွင်မူ ဖားများအော်လျှင် မိုးရွာမည်ဟု မှတ်ယူခဲ့ကြ၏။ ဤအယူအဆမှာ ကျွန်တော်တို့မြန်မာများ၏ ''ဖားအော်လျှင် မိုးရွာမည်''ဟူသော အယူအဆနှင့် တူညီနေသည်ကို တွေ့ရပေသည်။ အမှန်အားဖြင့် တိရစ္ဆာန်များ၊ ပိုးမွှားများသည် သူတို့ပတ်ဝန်းကျင်ရှိ လေထုအပြောင်းအလဲဖြစ်လာသည့်အတွက် ကြိုတင်အကဲခတ်နိုင်ခြင်း ဖြစ်နိုင်ပါသည်။ ယနေ့ကမ္ဘာတွင် လူဦးရေကလည်း တစ်နေ့တခြား တိုးတက်နေပြီး စက်မှုလုပ်ငန်းတွေတိုးတက်လာသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ သီးနှံတွေ အထွက်တိုးရန် အားထားလာခဲ့ကြသည်။ သို့ဖြစ်၍ မိုးလေဝသကို ရှေးယခင်ကထက် အာရုံစိုက်လာခဲ့ကြသည်။ သိပ္ပံပညာတိုးတက်သော နိုင်ငံကြီးများကလည်း မိုးလေဝသတိုင်းတာသော ဂြိုဟ်တုများ လွှတ်တင်လာခဲ့သဖြင့် မိုးလေဝသ စောင့်ကြည့်သတိပေးရေးလုပ်ငန်းများ ပြောင်းလဲတိုးတက်လာသည်ဟု ဆိုရမည်ဖြစ်ပါသည်။ လက်ရှိအနေအထားအရ မိုးလေဝသသည် လူသားတို့အတွက် အလွန်အရေးကြီးသည်ဟု နိုင်ငံတကာက သဘောပေါက်လာကြသည်။ တိုးတက်မှု မြင့်မားလာသည်ဟု ဆိုနိုင်ပါသည်။ သို့သော် တစ်ခါတစ်ရံ မိုးလေဝသသည် လူအများအား အလစ်ဝင်ရောက်၍ ဒုက္ခပေးလေ့ရှိပါသဖြင့် ပြည်သူအများအဖို့ အသိပညာ၊ အတတ်ပညာမြင့်မားရန် လိုအပ်လှပါကြောင်း…။

**လျှမ်းထက်**



ကျမ်းကိုး

**Superstitions By Peter Loire**




www.burmeseclassic.com

www.burmeseclassic.com



# နှင်းချစ်သူ

■ မြင့်ဝင်းနီ

လူတချို့က အတိတ်သည် အိပ်မက်လိုပါပဲဟု ဆိုကြသည်။ အိပ်မက်သည် မိမိပြန်မက်လိုသည့်အခါ ပြန်မက်၍ရသော အရာမဟုတ်ပေ။ အတိတ်သည်ကား မိမိခံစားလို၍ ပြန်စဉ်းစားလျှင် ရင်၌ တသိမ့်သိမ့်၊ တငြိမ့်ငြိမ့် ခံစားနိုင်ခွင့်ရှိသည်ကို မည်သူမျှ ငြင်းဆန်ကြမည် မထင်ပါ။

ကျွန်တော်သည် စာရေးဆရာတစ်ဦးဖြစ်၍ စာရေးနေရမည့် တာဝန်ရှိသည်။ သို့သော် ကျွန်တော်သည် တစ်ခါတစ်ရံ စာကို တစ်လုံးမျှ ရေးမရဘဲ ဖြစ်နေတတ်သည်။ ရင်ထဲ၌ ခံစားမှုဗလာ ဖြစ်နေသောကြောင့် ဖြစ်မည်ထင်သည်။ သို့မဟုတ် ရင်ထဲ၌ တင်းကြပ် ပိတ်ဆို့နေသောကြောင့်လည်း ဖြစ်နိုင်သည်။

လူသားတိုင်းသည် ခံစားမှုရှိကြသည်။ ခံစားတတ်ကြသည်ဟု ဆိုကမှားမည်မထင်။ ခံစားမှုကို ခွဲခြမ်းစိတ်ဖြာတတ်သူနှင့် မတတ်သူသာ ကွာပါလိမ့်မည်။ စာရေးဆရာလို ပုဂ္ဂိုလ်ကတော့ ခံစားမှုကို ခွဲခြမ်းစိတ်ဖြာတတ်ရပေလိမ့်မည်။ ဒါမှလည်း သူရေးသည့် စာတို့သည် စာပေအရာ ဝင်ပေလိမ့်မည်ထင်သည်။

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း မည်သော ရာသီဥတု သုံးမျိုးရှိသည်ကို လူတိုင်းသိကြပါလိမ့်မည်။ ထိုရာသီဥတု သုံးခုအနက် ကျွန်တော်သည် ဟေမန္တခေါ် ဆောင်းရာသီကို လွန်စွာနှစ်သက်ခဲ့သည်။ နှစ်သက်နေဆဲလည်းဖြစ်သည်။

ဆောင်းရာသီတွင်မှ တွေ့မြင်ရသော နှင်းမှုန်နှင်းစက်များသည် ခံစားတတ်သူတွေ၏ နှလုံးသားအား ဖမ်းစားနိုင်သည်မှာ ငြင်းဆိုဖွယ်ရာ မရှိဟုထင်သည်။ နှင်းတို့သည် ပရိယာယ်လည်း ကြွယ်ဝသည်။ ကြာတော့ကြာခဲ့ပါပြီ။ ပန်းချီဆရာ ကိုတင်လှဝင်းထင်နှင့် ကျွန်တော် လက်ဖက်ရည်ဆိုင်၌ ထိုင်နေကြစဉ် အချိန်က တစ်ခုသော ဆောင်းရာသီနံနက်စောစော နှင်းတွေက ဝေနေသည်။

ကျွန်တော်တို့ ထိုင်နေကြသော လက်ဖက်ရည်ဆိုင်ရှေ့၌ မြက်ခင်းပြင်ရှိသည်။ မြက်ခင်းပြင်သည် နှင်းရည်တို့ဖြင့် စိုစွတ်နေသည်။ မကြာမီ အရှေ့ဘက်အရပ်ဆီမှ နေရောင်ခြည်ကလည်း တစ်စတစ်စ ခေါင်းပြူပြူလာနေသည်။ ခေတ္တအကြာတွင် နေ



www.burmeseclassic.com

www.burmeseclassic.com

ရောင်ခြည် ည် ဩကာသလောက ပေါ်သို့ ရဲတင်းစွာခြေချလာလေသည်။

"ဟိုမှာကြည့်စမ်း ...ကိုမြင့်ဝင်းနီ၊ စိန်တွေကြဲထားသလိုပဲ"

ဟု ကိုတင်လှဝင်းထင်က ကျွန်တော့်ကိုပြောရင်း လက်ဖက်ရည်ဆိုင်ရှေ့ရှိ မြင်ခင်ပြင်ဆီသို့ လက်ညှိုးထိုးပြသည်။ ကျွန်တော်က သူညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်သည်။ မြင်ခင်းပြင် နေရာအနှံ့တို့တွင် စိန်ပွင့်လေးများ ပမာ တဖျပ်ဖျပ် လင်းလက်တောက်ပနေကြသည်ကို တွေ့ရလေသည်။ အမှန်က မြက်ဖျားတို့၌ ခိုသီးနေကြသော နှင်းရည်စက်တို့ကို နေခြည်နုက ပွေ့ဖက်လိုက်ခြင်းဖြင့် စိန်ပွင့်များ ဖြစ်သွားခြင်းပါတည်း။

ကျွန်တော်သည် စိန်ပွင့်များကို ငေးကြည့်ရင်းမှ ကိုတင်လှဝင်းထင်ကို ပြောလိုက်မိသည်။

"အင်း ...ခင်ဗျားကတော့ ရှာရှာဖွေဖွေ ခံစားနေတော့တာပဲ။ ခင်ဗျားစိန်ပွင့်တွေက နေမြင့်လာတာနဲ့ အမျှ ဘယ်သူမှ မကောက်ယူဘဲနဲ့ ပျောက်ကုန်တော့မှာ။ အဲဒီတော့မှ ရင်မောကျန်ရစ်နေရမှာ"

"ရင်မောကာမှ မောတော့ဗျာ။ တဒင်္ဂလေးခံစားလိုက်ရတာကိုပဲ ကျေနပ်ရမှာပဲ။ ကျွန်တော်တို့တွေရဲ့ ဘဝက လက်လက်မြင်ရင် စိန်တို့ရွှေတို့ ထင်နေတဲ့ဘဝ မဟုတ်လား"

ကျွန်တော်တို့နှစ်ယောက် စကားဆက်မပြောမိကြတော့။ ကိုယ့်အတွေးနှင့်ကိုယ် ငေးမောတိတ်ဆိတ်နေမိကြသည်။ နှင်းက မာယာဖြင့် ပြုစားလိုက်တာ ဘဝအဘိဓမ္မာတစ်ရပ်ကို သင်ကြားပေးလိုက်ခြင်းကြောင့်လော၊ သို့မဟုတ် မိမိတို့၏ ဘဝအမော၌ နစ်မျောနေခြင်းလော မပြောတတ်ပေ။

ကျွန်တော်သည် ခရီးသွားခြင်းကို လွန်စွာဝါသနာပါသူ ဖြစ်သည်။ ထို့ကြောင့် ယခင်က မြန်မာနိုင်ငံအနှံ့သို့ ခရီးသွားဖြစ်ခဲ့သည်။ ခရီးသွား၍ အကောင်းဆုံးအချိန်မှာ ဆောင်းရာသီ။ ထိုရာသီရောက်လျှင် ခရီးသွားဖို့အတွက် ကျွန်တော့်စိတ်ထဲမှာ မရိုးမရွ ဖြစ်နေတတ်သည်။ တစ်ခါက ခရီးသွားမည့် သူငယ်ချင်းကို ရန်ကုန်ဘူတာကြီးသို့ လိုက်ပို့ရင်း သူငယ်ချင်းက မင်းပါလိုက်ခဲ့ပါကွာဟု ဆိုသဖြင့် ဝတ်ထားသည့် အဝတ်တစ်စုံဖြင့်ပင် ရထားပေါ် တက်လိုက်သွားခဲ့သည်။ ရထားလက်မှတ်ကို ပဲခူးဘူတာရောက်မှ သူငယ်ချင်းက ဆင်းဝယ်ပေးသည်။ သည်လိုနှင့်ပင် ကျွန်တော်သည် ရှမ်းပြည်နယ် တောင်ပိုင်းမှ မြို့တစ်မြို့သို့ ရောက်သွားခဲ့ဖူးလေသည်။

ယခင် နှစ်ပေါင်း နှစ်ဆယ်ကျော် သုံးဆယ်ခန့်က ငွေကျပ်တစ်ထောင်ရှိလျှင် ရှမ်းပြည်နယ် တောင်ပိုင်းမြောက်ပိုင်းများသို့ သွားနိုင်သည်။ သွားလည်း သွားခဲ့ဖူးသည်။ ယခုတော့ ဤသို့ မဟုတ်တော့ပြီ။ ရန်ကုန်မြို့အနှံ့သို့ သွားမည်ဆိုလျှင်ပင် ငွေကျပ်တစ်ထောင်သည် မလုံလောက်တော့ပေ။ ငွေကြေးကြောင့် ခရီးမထွက်နိုင်တော့သည့်အခါ အတိတ်ကာလက ခရီးစဉ်များကို ပြန်တွေးကာ စိတ်ဖြေကျေနပ်ရပါတော့သည်။

လူ့လောကဆိုသည်က ပြောင်းလဲမှုတွေ များသည်။ ခေတ်စနစ်တွေ ပြောင်းလဲနေသလို လူတွေ၏ ဘဝရပ်တည်မှုတွေကလည်း ပြောင်းလဲနေတတ်သည်။ ဘဝရပ်တည်မှုတွေ ပြောင်းလဲနေသလို အတွေးအခေါ်နှင့် စိတ်ဓာတ်တွေလည်း ပြောင်းလဲလာကြသည်။ တချို့က အချောင်သမားစိတ်၊ တချို့က အခွင့်အရေးသမားစိတ်၊ တချို့က ကြောက်ရွံ့စိတ်၊ တချို့က မကျေနပ်မှုဖြင့် တော်လှန်ပုန်ကန်လိုသော စိတ်။

၂၁ ရာစုထဲသို့ ရောက်သည့်အချိန်၌ သိပ္ပံဆိုင်ရာ နည်းပညာတွေက အံ့ဘနန်း တိုးတက်ထွန်းကာလာသည်။ ယနေ့ကာလတွင် ကွန်ပျူတာ မှမတတ်လျှင် လူရာမဝင်တော့သလို ဖြစ်လာသည်။ လူငယ်တွေ၏လောဘတွေလည်း ကြီးထွားလာခဲ့သည်။ သူတို့ကို အပြစ်ဆို၍မရ။ ခေတ်ကာလက ဖန်တီးလာသော အခြေအနေကြောင့် ဖြစ်သည်။ ဤအခြေအနေကို မိဘတွေက ငွေကြေးအရ တတ်နိုင်ခြင်း၊ မတတ်နိုင်ခြင်းက အဖြေပေးလိမ့်မည်။

သိပ္ပံနည်းပညာ တိုးတက်လာခြင်းသည် ကောင်းပါ၏ဟု ဆိုနိုင်သည်။ ထိုကောင်းခြင်းနှင့်ကပ်လျက် မကောင်းသော အကြောင်းတရားများ ကပ်ပါလျက်ရှိသည်ကို သတိမူရမည်။ သိပ္ပံပညာကြောင့် အဏုမြူဗုံးပေါ်လာသည်။ အဏုမြူဗုံးကြောင့် လူပေါင်းသောင်းသိန်းချီ၍ သေကျေပျက်စီးကြရသည် မဟုတ်ပါလား။ သိပ္ပံပညာဖြင့် ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းမှ ထွက်ရှိသည့် ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် အိုဇုံးလွှာများ ပေါက်ပြကာ ကမ္ဘာကြီး တစ်နေ့တခြား ပူပြင်းခြောက်သွေ့လာသည်။ ရာသီဥတုတွေ ဖောက်လွဲဖောက်ပြန် ဖြစ်လာသည်ကို



www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံပညာရှင်များနှင့် မိုးလေဝသ ဗေဒပညာရှင်များက ထုတ်ဖော်ဝန်ခံနေကြပြီ။

လာနီညာ၊ အယ်လ်နီညိုဆိုသော ဝေါဟာရနှစ်ခု၏အနက်အဓိပ္ပာယ်ကို ကျွန်တော် ခြေခြေမြစ်မြစ် မသိပါ။ သို့သော် ထိုရာသီဥတုနှစ်ခုသည် ကမ္ဘာလောကကြီးအား ပြောင်းဆန်သွားအောင် စွမ်းဆောင်နိုင်ကြောင်းကို မိမိဖတ်ခဲ့သည့် စာမျက်နှာများမှတစ်ဆင့် သိရသည်။

ငလျင်တွေလှုပ်မည်၊ မြေတွေပြိုကျမည်၊ မီးတောင်တွေ ပေါက်ကွဲမည်၊ လေပြင်းမုန်တိုင်းတွေ ကျရောက်မည်၊ ပင်လယ်သမုဒ္ဒရာအောက်မှ ကြမ်းပြင်တွေ ကျိုးပြတ်ရွေ့လျားမည်။ ရေခဲတောင်တွေ အရည်ပျော်မည်၊ ရေကြီးကာ မြစ်ရေများလျှံမည် စသော အဖြစ် အပျက်ဆိုးများသည် လာနီညာနှင့် အယ်လ်နီညိုတို့ကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်ကြီးများ၏ ရေးသားချက်၊ ဟောပြောချက်များအရ သိခွင့်ရခဲ့သည်။

မြန်မာနိုင်ငံ၌ နွေ၊ မိုး၊ ဆောင်း ဟူသော ရာသီဥတု သုံးခုရှိခဲ့သော်လည်း ဆောင်းဥတု ပျောက်ကွယ်နေသည်မှာ လေးငါးဆယ်နှစ်ခန့် ရှိပြီထင်သည်။ ဆောင်းဥတု၏ အအေးဓာတ်ကို မခံစားရသည်မှာ ကြာပြီဖြစ်သလို ဆောင်းနှင်းပွင့်များကို မမြင်တွေ့ရသည်မှာလည်း ကြာလေပြီ။

နှင်းကိုချစ်သော နှင်းကိုမြင်လျှင် ရင်ခုန်တတ်သော ကျွန်တော့်အတွက် အခက်အခဲတစ်ခု ရှိလာသည်။ ထိုအခက်အခဲမှာ ဝတ္ထုရေးရန်အတွက် ရင်ထဲ၌ ခံစားမှုပလာ ဖြစ်နေခြင်းပင်။ ရင်ထဲမှာ ခံစားမှုပလာ ဖြစ်နေသောအခါ ဘာစာမျှ မရေးနိုင်တော့။ မရေးဖြစ်မတော့။ ကျွန်တော့်ထက် အခက်အခဲနှင့် ရင်ဆိုင်နေရမည့် အရာတို့မှာ ဆောင်းရာသီတွင် နှင်းရည်ကိုသောက်၍ ပွင့်ကြသော ပန်းများ၊ သဇင်နှင့် သူ၏ ဖွားဘက်တော်များ။

ကျွန်တော်တို့ငယ်စဉ်က ကျောင်းသွားရာလမ်း၌ ဝါးရုံပင်များရှိသည်။ ထိုဝါးရုံများပေါ်သို့ နွယ်ပင်ဖြစ်သော ဆောင်တော်ကူးပန်းခေါ် ဒီဇင်ဘာပန်းတို့က တွယ်ကပ်ပေါက်ရောက်နေသည်။ ဆောင်းရာသီရောက်လျှင် ဒီဇင်ဘာပန်းတို့သည် ဝါးရုံပင်များပေါ်၌ ဖွေးဖွေးလှုပ် ပွင့်ဖူးနေကြလေပြီ။ ရနံ့ကလည်း သင်းပျံ့မွှေးကြိုင်လှသည်။

ကျွန်တော်တို့သည် ကျောင်းမှ အပြန်တွင် မိမိတို့ လက်လှမ်းမီသမျှ ပန်းတွေကို ချူးကြသည်။ အိမ်ပြန်ရောက်သည့်အခါ ကျွန်တော်က မိမိ ချူးဆွတ်လာသော ဒီဇင်ဘာပန်းတွေကို အမေ့အားပေးသည်။ အမေက ပန်းတချို့ကို ဦးဦးဖျားဖျား ဘုရားကျောင်းဆောင်၌ ကပ်လှူသည်ကို မှတ်မိနေသည်။

ယခုအခါ ဆောင်း၌ပွင့်သော ပန်းတို့သည် ပွင့်ကောပွင့်နိုင်ကြပါသေးရဲ့လား။ ပွင့်သည်ဆိုလျှင်သည်း နှင်းရည်ကို မသောက်ရသဖြင့် ငွားငွားစွင့်စွင့် ထွားထွား ရှိမှရှိနိုင်ပါ့မလား။ လူသားတို့ ခံစားကြ၊ စာဖွဲ့ကြသော ဆောင်းရာသီပန်းတို့သည် နောင်တစ်ချိန်တွင် ဖူးပွင့်နိုင်ကြပါဦးမည်လား။ လုံးဝပျောက်ကွယ်သွားခဲ့ပြီဆိုလျှင် လူသားတို့ ကြေကွဲဝမ်းနည်း မနေသင့်ပေ။ လူသားအချို့၏ လုပ်ရပ်ကြောင့် ဤသို့ ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်သည်ကို သတိမူကာ ဖြေသိမ့်ရပေလိမ့်မည်။

ရာသီဥတု ဖောက်ပြန်လာမှုကြောင့် ပန်းများ ဖူးပွင့်နိုင်ကြတော့သည့်ထက် လူတို့စားသုံးနေသော ကောက်ပဲသီးနှံများသည် ပန်းများကဲ့သို့ မသီးပွင့်နိုင်ကြတော့ပြီဆိုပါက မတွေးဝံ့စရာ ငတ်မွတ်ခေါင်းပါးခြင်း ဘေးအန္တရာယ်ကြီးနှင့် ရင်ဆိုင်ရတော့မည်မှာ စဉ်းစားနေစရာပင် လိုမည်မထင်ပါ။

ကျွန်တော်သည် မရေရာ မသေချာသော အနာဂတ်ကာလကို မစဉ်းစားချင်တော့။ မစဉ်းစားရဲဘူးဆိုလျှင် ပို၍မှန်မည်ထင်သည်။ လူလူချင်း လှည့်ဖြားမှုတွေ ပြည့်သိပ်နေလျှင် အမှန်တရား ပျောက်ကွယ်လုနီးပါး ဖြစ်နေသော ပစ္စုပ္ပန်ကာလကိုလည်း ငြီးငွေ့လှပြီ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် မိမိဖြတ်သန်းလာခဲ့သော၊ မိမိမှတ်မိနေသော၊ မိမိပျော်ရွှင်ငြိမ်းချမ်းခဲ့သော မိမိငယ်ရွယ်စဉ်ဘဝ လွန်ခဲ့သော နှစ်လေးဆယ်ကျော်မှ အတိတ်ကာလများဆီသို့ ထွက်ပြေးနေမိလေတော့သည်။

ကျွန်တော့်အား ထွက်ပြေးရေး ဝါဒီဟု ဆိုချင်လည်း ဆိုကြပါ။ သို့မဟုတ် လောကဓံတရားကို နားလည်ခြင်းမရှိသူဟု ဆိုချင်လည်း ဆိုနိုင်ပါသည်။ ကျွန်တော် ကျေနပ်စွာ ခံယူပါမည်။ ကျွန်တော်သည် နှင်းမြူတို့ လွှမ်းခြုံသော အေးချမ်းသာယာသည့် ဆောင်းကာလကိုတော့ မျှော်လင့်နေဆဲ ဖြစ်ပါသည်။ ကျွန်တော်က နှင်းချစ်သူ မဟုတ်ပါလား။

မြင့်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

# လမြွတ်ဝါခေါင်

ကျော်သန်း(တိုင်းရင်းဆေး)

ဝါခေါင်လသည် သိဟ်ရာသီနှင့် ယှဉ်သဖြင့် ထူးခြားသည့်လဖြစ်ပါသည်။ ထို့ပြင် သရဝဏ်နက္ခတ်နှင့်လည်း စန်းယှဉ်၏။

ရှေးယခင်က ဝါခေါင်လ၌ ဘကြီးတော်မင်းတရား လက်ထက်မှစ၍ ရဟန်းသံဃာတော်တို့အား ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကိုလည်းကောင်း၊ စာရေးတံမဲချ၍ လှူဒါန်းကြသော စာရေးတံပွဲ ကျင်းပလေ့ရှိ၏။ ယင်းဝါခေါင်လကား ပန်းခတ္တာတို့ကလည်း ကားကားစွင့်စွင့် ပွင့်ရာလလည်း ဖြစ်၏။ ရဟန်းသံဃာတော်တို့ ဝါဆိုပြီး နောက်တစ်လဖြစ်သည့် တော်သလင်းလ ဝါတွင်းဖြစ်သဖြင့် သမာဓိရရှိစွာ ပိဋကတ်အခြေပြုကျမ်းများနှင့် ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ် ကျမ်းဂန်တို့ကို အပျက်အကွက်နည်းစွာဖြင့် သင်ယူပို့ချရာ လမြွတ်ဖြစ်သည်။

ထို့ပြင် ရောဝတီ၊ ဒုဋ္ဌဝတီ၊ ချင်းတွင်းမြစ် စသည်မြစ်ချောင်းအသွယ်သွယ်တို့ ကမ်း၌နားထောက်ရာ ကျိုးသောက်ရလောက်အောင် ရေဇလာပြည့်ကြွယ်ရာ လဖြစ်၏။

**သာဝဏော နာမမာသောစ၊ ဝိသိဋ္ဌော ရမ္မကော ဘဝိ။**

**တသ္မိံသလာက ဒါနာနိ၊ အဒံသု သာဝဝေါ ဇနာ။**

**နဒီယောပိ သလိလေဟိ၊ ကာကပေယျာ ပုဏ္ဏာ ဘဝူ။**

**ယတယော ဥယုတ္တာ စေဝ၊ ဂန္ထေ သု ဝိဝိဝေသုပိ။**

လမြွတ်ဝါခေါင်နှင့် စပ်လျဉ်း၍ စာဆိုတော်တို့ အမျိုးမျိုး အဖုံဖုံ စာဖွဲ့ကြကုန်၏။

စာဆိုတော်ဦးယာသည် အောက်ပါအတိုင်း စာဖွဲ့ဆိုခဲ့၏။

"ဝေဇယန္တာ နတ်နန်းသာလျှင် တည်ရာဇာတိ ဂုဏ်ထူးရှိသော သီရိနဂိုရ် တောင်မြင့်မိုရ်မှ မြည်ပြုရစ်သန်း လကျာ်စခန်းတွင် ကျယ်ဝန်းမြစ်ဆီး၊ ကျွန်းနှယ်သီး၍ ငွေထီးမြင့်မိုရ် စဉ်းရှင်မို့သား နန်းရိုးဆင်းသက် ဆယ်တစ်ထက်မှာ ထောက်လျက်ထွန်းစည် မင်းမြတ်တည်သည် သုံးပြည်လုံးထီး စေတီကြီးကို မနီးထောင်ထွေ နတ်နန်းမြေက စီစဉ်မနှောင်း ပြည့်လယ်ကြောင်းလည်း ညွတ်ပြောင်းကြည်လင် ရှိစုံတင်သည် ရွှေခြံသေ့မင်းလဝယ်သာ၏"

"ဟေမဝန္တာ မြိုင်ခန်းဝါ၌ ဂန္ဓာလိုဏ်နန်း မဥ္ဇူပန်းလည်း နွန်နွန်းမမျှဋ္ဌဝီသတွင် ငါးပါးနှောင်မြော် လေးဆူပျော်သည် ငွေပေါ်ရောင်ရွှန်း လက်ဖြစ်ပန်းနှင့် ရည်ညွန်းလေးနက် လျှောက်မည်ချက်ကား မယ့်သက်နုနယ် ဂေါရီရွှယ်က အကယ်ချစ်ယောင်း ဆန်းသစ်မောင်းလျှင် ပျက်ခေါင်တိုင်လုန္ဒတ်ကြွေးချ၍ ကာလဟောင်းမြင်း နေနတ်မင်းလျှင် ဆွတ်နှင်းဖြူခုန် မြေဆီမှုန်ဟု ရွှေယုန်မင်းနှင့် ငါးကြိမ်သင့်လည်း ချစ်ခွင့်မမြင် လွမ်းသာမြင့်သည် ထွေချင်နေ့နှင့် ညနေသော်၏" ဟူ၍ ရတုဖြင့် ဝါခေါင်လကို ဖွဲ့ဆိုခဲ့လေ၏။

ထိုသို့ ဟံသာဝတီမင်း၏ ခမည်းတော် တနင်္ဂနွေမင်း လက်ထက်တွင် ထင်ရှားသော ဆည်သည်ရွှာစား စာဆိုတော် ဦးအောင်ကြည်က အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့၏။

"သာစွလေတံ ခြေမှိုင်ထန်လဗိမာန်နှင့် သရဝဏ်နက္ခတ် ပြည့်မှတ်တလီ သိဟ်ရာသီဟု ခတ္တရီခတ္တာ ပင်တိုင်းဖြာသား နံကာဆန်းစ ဝါခေါင်လကား ကျောင်းမှမကွာ ထေရ်သံဃာတို့ သဒ္ဓါရှင်လန်း ဆွမ်းပန်းကျွေးဟန် စာရေးတံဟု ကောင်းမွန်စီရင် သဘင်ဒါန လှူဒါန်းကြလျက် ရေးကထိမ်းမှတ် ညီနောင်နတ်အား ရှိညွတ်သောင်းဘဲ တက်စမြနှင့် လေ့ပွဲများစွာမြစ်ရောဝယ် ကြေညာသန်းကူး မြိုင်ကြမြူးသည် ကျွန်းဦးရေမြောက် ယွန်းတည့်လေး ပွင့်လင်းစည်သည် ရွှေပြည်ရွှေဝ နန်းတည့်လေး"



www.burmeseclassic.com

www.burmeseclassic.com

ဟူသော လူးတားကဗျာဖြင့် အင်းဝခေတ် ဓလေ့ကို ဖော်ပြ၍ ဖွဲ့ဆို ခဲ့လေသည်။

"မျှော်မောင်သာပန်းတော့ သောင်ကမ်းငယ်ပြည့်လျှံ နဒီငယ်ခြံ သည် ပြည်မင်းစံ ရွှေဘုံက အကုန်ထူး တဲ့ လကိုလေး"

"သိဟ်ရာသီငယ် နေမိန္ဒရ ဝါခေါင်လမို့ တောင်များထွက်စွန် သရဝဏ်လည်း ရောဝုန်တေဇာ ပန်းခတ္တာနှင့် ခိုင်ညှာပွင့်ကြူ တိုင်းပြည်သူတို့ လှူစာရေးတံ သဘင်စုံခံဆဲမို့ လွမ်းရန်ဖွယ် သည်အချိန်ကို ဒေဝရိန် ပဇ္ဇုန် မှူးရယ်က မြူးလှတယ်လေ"ဟူ၍ လွမ်းချင်းဖြင့် အပိုမသွင်းဘဲ လိုရင်းကို ဖော်ပြဖွဲ့ဆိုခဲ့လေသည်။

ထိုကဲ့သို့ ပြည်စာဆိုတော် နဝဒေးကလည်း အောက်ပါအတိုင်း သံချိုဖြင့် ပေါ်လွင်စွာ ဖွဲ့ဆိုခဲ့လေသည်။

မရန်းချိပ်ရောင် ခိုးမှောင်ဝေလျှံ မိုးသံခြိမ်းခြိမ်း သုံးသိန်းစက်နေ ရွှေသိဟ်ရာသီ ခါမှီဆန်းစ လွမ်းလှလေး တေဇာခါတ်ခါ လမှာဝါခေါင်မိုး မှောင်လျှပ်ဆို့ သက်တန့်ညိုသား မို့မို့မှိုင်းမှိုင်း ပင်တိုင်ယိမ်းနွဲ့ တောင်လေသွဲ့ ဤရွာတဲ့မလို လျှပ်ရောင်စိုလို့ ရေညို့နဒီ လျှမ်းလျှမ်းချီ၍ ရာသီတိနသည်။ မာသတွင် ဖယာတြိ နေ့ရှိနာရီ မမီညဉ့်ရောက် နစ်ဆယ့်ခြောက်တည့် လျှံတောက်ထိန်ဝင်း အတွင်းပတ္တမြား အပတားငွေမြူတေအရောင် ဘုံဆောင်ရထား လှည့်သွားမိုးစွန် သရဝဏ်လည်း မြားဟန်တူစွာ ဗျိုင်းတာရာနှင့် ယှဉ်လာထွန်းပ ပြည့်ကြအညီ သည်ရာသီတွင် ရိုးနီခတ္တာ ပဒေသာသို့ မကြာမတုံ လှည့်ခဲ့တုံသော် စန်းရုံတူကွ ကြယ်မာဃနှင့် ကျွန်းမြလယ်ချာ ရောက်သောအခါကား ဖဝါးတစ်ခု ရတုဝါခေါင် တိမ်းတောင့်ပတ်ယုက် သည်ရက်အခါ မြတ်စွာထွတ်ထား ရွှေစံကားတွင် ပွဲများငြိမ့်ခံ စာရေးတံဟု စီမံခင်းကျင်း မင်းသားတသီး မင်းသမီးတို့ မှူးကြီးမှတ်ရာ မြတ်သံဃာကို ရသာထွေပြား အပါးပါးနှင့် သကြားကြံချို ဆိမ့်ယိုအုန်းသီး ပျော်ဖီးရွှေရောင် မြဒေါင်းပေါင်တွင် အသာတင်၍ သဘင်ခံပွဲ ပုလဲရွှေမြစ် ငါးအင်ကလျာ မိုးသူဇာသို့ မယ်ပြာတကောင် ရှိတုံပေါင်း၍ ဝတ်ညောင်းပန်ကြား လျှောက်ဆိုထားသည် ရွှေသားဝင်းနနယ်သို့လေး။ ကြည်ဖွယ်သည့် နတ်ကား ရိုးမမှား သနားငယ်မူရာ ကေသာတည့်လျှော့လျှည်း ပန်းကြိုးစည်း အူသည်း[illegible]တ်မလို သံချိုတည့်မှန်း အကုန်ဆန်း"ဟူ၍ လူးတားသံချိုဖြင့် ပေါ်လွင်စွာ ဖွဲ့ဆိုခဲ့လေ၏။

ထို့နောက် ကျိုက်လတ်ဆရာဦးပြုံးချိုကလည်း အောက်ပါအတိုင်း တေးထပ်ဖြင့် ဖွဲ့ဆိုခဲ့၏။

"လစန်းရယ်တဲ့ ငွေဘုံဆောင် ပြည့်ဝန်းကြယ် သရဝဏ်နှင့် နယ်တဝှန်းရှစ်ခွင်တိုင်းမှာ မှိုင်းရီလို့မှောင်၊ ငွေတာရာ သိန္ဓိဝယ်တို့ ဝေဟင်မှာ အချိန်ပြပါတဲ့ ချိန်သမ်ယ လဝါခေါင်မှာ ငွေသောင်မြစ်ပြည့်လျှမ်း ခတ္တာငုံ ချပ်လွှာမှုံ တကြွကြွနှင့် ပြည်နီဗွူ ပတ္တနာသန်လို့ စာရေးတံ လှူတော်ပွဲကို အိုကွယ် ... နွဲ့ပျော်ဖို့လွမ်း"ဟူ၍ တေးထပ်ဖြင့် ရေးစပ်ဖွဲ့ဆိုခဲ့လေ၏။

ထို့အတူ သူတော်ဦးမင်းကလည်း အောက်ပါအတိုင်း လေးချိုးကဗျာဖြင့် ဖွဲ့ဆိုခဲ့လေ၏။

ထက်အာကာဘုံစွန်းက တောက်ထွန်းလို့ထိန်ဝါ သရဝဏ်ရွှေကြယ်မင်းရယ် လင်းတဲ့ချိန်ခါ လေညှင်းငယ်လာ သီရာသီမို့ ရှုတိုင်းငယ် ဘယ်ညာက ပန်းခတ္တာ ဝတ်မှုံကျင်းတယ် သင်းပျံ့လှိုင်လို့"ဟူ၍ လေးချိုးကဗျာဖြင့် ဖွဲ့ဆို ခဲ့လေ၏။

ယင်းသို့ လမြတ်ဝါခေါင်၏ ကြီးကျယ်ခမ်းနားပုံ၊ စာရေးတံမဲ အလှူပွဲ ချိမ့်ချိမ့်သဲ ဆင်ယင်ကျင်းပကြပုံများနှင့် ဗုဒ္ဓသာသနာ နေရောင်လရောင် ထွန်းလင်းတောက်ပ ကြသည်များကို ရှေးစာဆိုတော်ကြီးများက မိမိတို့၏ ရှု ထောင့်အမျိုးမျိုးက ဖွဲ့နွဲ့စပ်ဆိုခဲ့ကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားလျက် ရှိသဖြင့် စာရေးတံမဲသည် ဆွမ်းခံဖွယ် ဘောဇဉ် ရဟန်းအသုံးအဆောင် ပရိဘောဂတို့ကို စဉ်ဆက်မပြတ် လှူဒါန်းလျက် ရှိပါသည်။ ထို့ပြင် ရဟန်းသံဃာတော်တို့ ဝါဆိုပြီး ပိဋကတ်ကျမ်းစာများနှင့် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ကျမ်းဂန်များကို သင်ယူမှီချရာ လမြတ်ဖြစ်ပါသည်။

**ကျော်သန်း(တိုင်းရင်းဆေး)**

ကျမ်းကိုး

မဟာထေရလီတကျမ်း။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နတ်ကတော် စိန်မျက်ခုံး

( အခန်းဆက်ဝတ္ထုရှည် )

ကျော်မြသန်း

(ယခင်လမှအဆက်)

(၈)

မနေ့က ကောင်းကောင်းစားခဲ့ရသည်။ ညက ပျော့်စရာအိပ်မက်ဝက်ပါထဲမှာ တဝဲလည်လည်ခဲ့ရသည်။ သည်နေ့မနက် ထောင်ထဲရောက်ရောက်ချင်း မင်္ဂလာအပေါင်းခညောင်းသည့် သတင်းစကားလေး ကြားလိုက်ရပြန်သည်။

ကိုတလုတ်ကြီး အယူခံနိုင်စာကျလာပြီ။ ဒီနေ့ ကိုတလုပ်ကြီးကို လွှတ်မည်။

သူအယူခံလွှာ ရေးပေးခဲ့ရသည့် ကိုတလုတ်ကြီး အယူခံနိုင်ပြီဆိုသည်ကို သူ့ထက်ပို၍ ဝမ်းသာရသူ ဘယ်သူရှိနိုင်မှာပါလိမ့်။

လွှတ်လူ ကိုတလုတ်ကြီးကိုခေါ်လာစဉ် ကိုသန့်ဇင်နှင့် ကိုတလုတ်ကြီးတို့ မိန်းဂျေး(လ်)မှာ ဆုံကြသည်။

ဆုံတွေ့လိုက်သည်နှင့် ကိုတလုတ်ကြီးက ဆောင့်ဆောင့်လေးထိုင်ပြီး ဦးသုံးကြိမ်ချ ကန်တော့ခဲ့၏။ မကန်တော့ဖို့ တားနေသည့်ကြားက ပြားပြားဝပ် ကန်တော့ခဲ့သည့် ကိုတလုတ်ကြီး မျက်နှာပြန်မော့လိုက်သည့်အခါ မျက်အိမ်တွင်း ပြည့်လျှမ်းနေသော မျက်ရည်များ အန်ထွက်လာသည်။ ဝမ်းသာမျက်ရည်ပင် ဖြစ်လိမ့်မည်ထင်။

ပါးပေါ်စီးကျနေသော မျက်ရည်များကို မသုတ်နိုင်သေးဘဲ ကျေးဇူးတင်စကား အထပ်ထပ်ဆိုနေသည်မှာ အပေါ်ယံအပြောမျိုး မဟုတ်ဘဲ လှိုက်လှိုက်လှဲလှဲ နှလုံးသားအပြောနှင့် ပြောနေသည်မို့ ကိုသန့်ဇင်ပင် မျက်ရည်ဝိုင်းချင်သလို ဖြစ်လာရသည်။

"ဆရာကြီးကျေးဇူးကို ကျွန်တော် တစ်သက်မမေ့ပါဘူး။ ကျွန်တော့်အဖေနဲ့ အမေရဲ့ ကျေးဇူးပြီးရင် ဆရာကြီးကျေးဇူးဟာ အကြီးဆုံးပါ။ ဆရာကြီးတို့ မိသားစုမှာ အကြောင်းတစ်စုံတစ်ရာများ ပေါ်လာရင်လေ ကျွန်တော့်ကို သာအကြောင်းကြားလိုက်ပါ။ ကျွန်တော် ကျွန်ခံပြီး၊ အသက်နဲ့လဲပြီး ဆပ်ပါ့မယ် ဆရာကြီး"

"ကိုတလုတ်ကြီး ပြောတာနဲ့ကို ကျွန်တော် ဝမ်းသာရပါပြီဗျာ။ ကျွန်တော်ကတော့ ထောင်ထဲကို လူတစ်ယောက်ဝင်လာတာထက် လူဆယ်ယောက်ထွက်သွားတာကို ဝမ်းသာတဲ့လူပါ"

"ဟုတ်ပါတယ် . . ။ ဆရာကြီး စေတနာကို သိပြီးသားပါ။ ဆရာကြီး တစ်ခုတော့ လက်ခံပါ"

"ဘာများလဲ ကိုတလုတ်ကြီးရဲ့"

"ကျွန်တော်မွေးဘက်ပေးထားတဲ့ နွားပေါက်ကလေး တစ်ရှဉ်းနဲ့ ဆရာကြီးကို ကျေးဇူးဆပ်ပါရစေ။ ဆရာကြီး မွေးချင်လည်း မွေးပါ။ မမွေးချင်လည်း ရောင်းပစ်ပါ။ ကျွန်တော်တို့မှာ ဒါပဲရှိလို့ ဒါနဲ့ပဲ ကျေးဇူးဆပ်ပါရစေ"

"ဒီမှာ ကိုတလုတ်ကြီး ခင်ဗျား ကျွန်တော့်ကို တကယ်ကျေးဇူးဆပ်ချင်သလား"

"ဘယ့်နှယ်ပြောပါလိမ့် ဆရာကြီးရယ်"

"ဒါဖြင့်ရင် . . . ပစ္စည်းပေးပြီးလည်း ကျေးဇူးမဆပ်နဲ့။ ကန်တော့ပြီးတော့လည်း ကျေးဇူးမဆပ်နဲ့။ တကယ်ကျေးဇူးဆပ်ချင်ရင် နောင်ကို ဘယ်အကြောင်းနဲ့ဖြစ်ဖြစ် ထောင်ထဲကို မရောက်စေရပါဘူးဆိုတဲ့ ကတိနဲ့ ကျေးဇူးဆပ်၊ အဲဒါဆို ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့်ကို တကယ်ကျေးဇူးဆပ်တာပဲ"

"ဟုတ်ကဲ့ ဆရာကြီး။ စိတ်ချပါ။ ကျွန်တော် ဆရာကြီးကို ကတိပေးပါတယ်"

"ကဲ . . . သွားပေတော့ ကိုတလုတ်ကြီး"

မည်သို့ပင်ဆိုစေ သည်သို့သော အဖြစ်အပျက်များနှင့် ကြုံတွေ့ရသည့်အခါ ရင်သိမ့်တုန်မျှသော ပီတိသောမနဿကို မြက်မြက်ထင်ထင် ခံစားရသည်သာ။

လုပ်စရာရှိသည်များ လုပ်ပြီးနောက် မိန်းမထောင်ဘက်သို့ တစ်ပတ်လှည့်လိုက်ရသည်။

မြခင်တို့နေသော အခဲဆောင်တွင် အဝတ်ပုခက်ကလေးတစ်ခု လှုပ်ရှားနေသည်ကို တွေ့ရသဖြင့် ရင်ထဲမှာ ကြည်နူးသွားရသည်။ မွေးဖွားလာသော ကလေးတစ်ယောက်အတွက် ကိုယ်စွမ်းရှိသမျှ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်တတ်သည့် မိခင်တို့၏ စိတ်ဓာတ်မှာ မည်သို့သောအနေအထားသို့ ရောက်ရှိနေပါစေ။ အလျှော့ပေးရိုး၊ မျက်နှာလွှဲရိုး ထုံးစံမရှိပေ . . ။ မိခင်တို့၏ ကြံ့ကြံ့ခံရပ်တည်တတ်သော သတ္တကြောင့်သာ လူသားများမှာ မွေးဖွားသည်မှ လူလားမြောက်ခြင်းသို့ ရောက်ကြရပေသည်။

"မြခင် . . . နေကောင်းတယ်နော်"

"ဟုတ်ကဲ့ . . ဆရာကြီး၊ နေကောင်းပါတယ်"

"ကလေးကော"

"ကောင်းပါတယ် ဆရာကြီး"

"ဒါဖြင့် . . . ဘာအကူအညီများ လိုသေးသလဲ"

"ဆရာကြီးကို ကျွန်မ . . . ကျွန်မ အ . . . အ . . . အကူ . ."

"ပြောပါ မြခင်ရဲ့"

"ဆရာကြီးကို အားနာလို့ပါ။ ကျွန်မနို့ထွက်နည်းနေပါတယ် ဆရာကြီး။ အဲဒါ ကလေးကို နို့မှုန့်ကူချင်လို့ ဆရာကြီးတတ်နိုင်ရင် ကျွန်မ အစ်မဆီကို . . . "

"နင့်အစ်မက ဘယ်မှာနေလို့လဲ"

"စိတ္တရမဟာပြထဲမှာပါ"

"ကိစ္စမရှိဘူး။ ငါသွားပေးမယ်။ လိပ်စာသာပေး"

မြခင်ပြောသည့် လိပ်စာကို အိတ်ထဲ ရှိသည့် စက္ကူတစ်ရွက်ပေါ်တွင် ရေးမှတ်ပြီး မိန်းမထောင်မှ ပြန်ထွက်မည်ပြုစဉ် ပုခက်ထဲမှထွက်လာသော ကလေးငိုသံမှာ ကိုသန့်ဇင်၏နှလုံးသားကို သဲ့သဲ့ကလေး လှုပ်ခတ်သွားစေခဲ့ပေသည်။

သူ မိန်းမထောင် အဝင်တံခါးကို လှမ်းထွက်လိုက်သည်နှင့် ၁၁ နာရီ နှစ်မောင်း သံချောင်းခေါက်သံထွက်လာသည်။ ရုံးထွက်ကိစ္စ၊ ထောင်ဝင်စာကိစ္စ၊ လူသစ်ပြကိစ္စများ ပြီးသွားပြီဖြစ်သဖြင့် မနက်စာစားရန် ပြန်ထွက်ခဲ့သည်။

မဆလာနှင့် ပျဉ်းတော်သိမ်ကို ဆီသတ်ချက်ထားသည့် ကုလားပဲဟင်း၊ ဘဲဥကြော်၊ ပူဆီနံအုပ်ထားသည့် ကြက်သွန်ချဉ်တို့မှာ မနေ့က စားခဲ့ရသော ဟင်းလျာများနှင့် ယှဉ်သော် ဆီနှင့်ရေပမာသို့ ကွာခြားနေသော်လည်း စားမြိန်လှ၏။

ဟိုတယ်ကချက်သော ဟင်းမှာ အိမ်ကချက်သောဟင်းထက် ပိုကောင်းမည်ဟု ဆိုနိုင်ရာသော်လည်း ကိုယ့်မိန်းမလက်ရာကို တပ်မက်သော လျှာပါသည့် ယောကျ်ားတစ်ယောက်အဖို့မှာမူ ဟိုတယ်ဟင်းကို မက်မင်ရိုး မရှိပေ။

ကိုသန့်ဇင်က မြခင်ကလေးအကြောင်းနှင့် နို့မှုန့်အတွက် အကူအညီတောင်းသည့် အကြောင်းများ ပြောပြခဲ့ရာ အေးနွတ်ဖျားမှ ထွက်လာသည့် တစ်ခါဖူးမျှ မကြားဖူးသော စကားများကြောင့် ကိုသန့်ဇင်ပင် တအံ့တသြ ဖြစ်သွားရသည်။

"မြခင်အစ်မဆီသွားလို့ မတွေ့ရင်ပဲဖြစ်ဖြစ်၊ အဆင်မပြေရင်ပဲ ဖြစ်ဖြစ် ဘယ့်နှယ်လုပ်မလဲမောင်။ ကလေးနို့မဝရင် ဒုက္ခပဲ။ တပ်တွင်း သမဝါယမကို အေး သွားအကူအညီတောင်းမယ်။ မရရင်လည်း လောလောဆယ် အေးတို့ကပဲ နို့မှုန့်အသေးတစ်ဘူး ဝယ်ပေးလိုက်မယ်လေ။ ပြီးတော့ မောင်က ညနေအပြန်မှ သွားနိုင်မယ် မဟုတ်လား။ ကိစ္စပေါ်လာလို့ အပြန်နောက်ကျရင် မသွားဖြစ်ဘဲ နေဦးမယ်။ ဝါဒါမောင်သောင်းရဲ့ မိန်းမကို အဖော်ခေါ်ပြီး အေးပဲသွားလိုက်မယ်"

မန္တလေးထောင် ရောက်ကတည်းက ကိုသန့်ဇင်မပါဘဲ မြို့ထဲကို မသွားဖူးသည့် အေးက မြို့ထဲသွားမည်ဟု ပြောလာသည်ကြောင့် ကိုသန့်

www.burmeseclassic.com

ဇင် အံ့ဩရသည်။ တစ်ခါတစ်ရံ ထောင်မှူးကြီးကတော်ဆီ သွားတာ တလွဲ၍ ဘယ်ကိုမှမသွားဖူးသည့် အေးက တပ်တွင်းသမဝါယမကို အကူအညီသွားတောင်းဦးမတဲ့။

အေး၏ အဆိုပြုချက်ကို ဘာမျှပြန်မပြောနိုင်တော့ဘဲ ခေါင်းညိတ်လိုက်ရသည်။ ဇနီးသည်၏ မွန်မြတ်သောစိတ်ထားကြောင့်လည်း ကြည်နူးလိုက်ရသည်။

ကိုသန့်ဇင် ထောင်ထဲက ပြန်မထွက်ခင် နို့ဘူးရောက်လာသည်။ ကိုသန့်ဇင်မှာ မိန်းမထောင်ဘက်သို့ မသွားအားသဖြင့် ဝါဒါတစ်ယောက်ကိုလွှတ်၍ ဒေါ်တုတ်ကိုခေါ်ခိုင်းပြီး ဒေါ်တုတ်လက်ထဲအပ်လိုက်ရသည်။

နို့မှုန့်ဘူးလာယူသည့် ဝါဒါ ဒေါ်တုတ်ပြောသွားသော စကားတစ်ခွန်းမှာ ကိုသန့်ဇင်၏ နားထဲသို့ စိမ့်ဝင်သွားပြီး ရင်ထဲမှာ သိမ့်ခနဲ ဖြစ်သွားရသည်။ သူ၏မျက်နှာပေါ်မှာ အားရပါးရ ပြုံးလိုက်ရသော အပြုံးရိပ်ကြီး ထင်ကျန်လျက်။

"ဆရာကြီး ကလေးကတော့ အစားပုပ်မယ့်ကောင်ကြီးပဲ"တဲ့။

ဒါလည်း ဖခင်စိတ် ဖြစ်လိမ့်မည်ထင့်။

ကျားကြီးကျော်ညွန့် မျက်နှာကို ဒက်ခနဲ သွားမြင်လိုက်မိသည်။

ဒုလ္လဘတရားနှင့် တင်စားထားသော ရခဲလှသည့်လူ့ဘဝကို ရပြီးမှ တစ်နေ့နှစ်နပ်သာ စားနိုင်သော ထမင်းအတွက် သမ္မာအာဇီဝ အမှုကိုမပြုဘဲ အသမ္မာအာဇီဝ လမ်းကြောင်းပေါ် လျှောက်ခဲ့သူ ကျော်ညွန့်ခမျာ ကိုယ့်ရင်သွေးကိုမှ မတွေ့ရတော့ဘဲ ဥပစ္ဆေဒကကံနှင့် တိမ်းပါးသွားခဲ့လေပြီ။

ပြုမှားမိသော အကြောင်းတရား၏ မကောင်းမှုကြောင့် ရရှိမည့် အကျိုးတရားသည် ဘယ်သို့လျှင် အကောင်းဘက်သို့ မျက်နှာမူနိုင်ပါအံ့နည်း။

ကိုသန့်ဇင်၏ ထောင်အထွက်၊ အိမ်ဝင်ခရီးမှာ ကြည်နူးမှုများကို ပိုက်ထွေးလျက် "ဆရာကြီး ကလေးက အစားပုပ်မယ့်ကောင် ကြီးပဲ"ဟု ဒေါ်တုတ်ပြောသွားသည့် စကားလုံးများမှာ သူ၏နားထဲက မထွက်။

အိမ်ပြန်ရောက်သည်နှင့် ယူနီဖောင်းကိုမှ မလဲနိုင်ဘဲ အေးကို အကျိုးအကြောင်း ပြောပြရသည်။ သူ၏ကြည်နူးမှုကို ခွဲဝေခံစားစေခဲ့ရသည်။ အေးမျက်နှာပေါ်မှ အပြုံးမှာ အိပ်ရာသို့ဝင်သည့်တိုင် လျော့ပေါ့ပျက်ပြယ်မသွားခဲ့ပေ။

ထမင်းစားပြီးသည်နှင့် အေးက မြခင်အစ်မနှင့် တွေ့ခဲ့ပုံအကြောင်းကို ပြောပြခဲ့သည်။

မြခင်ကို အေးက မမြင်ဖူးပေမယ့် မြခင်အစ်မကိုကြည့်ပြီး မြခင်လည်း မိန်းမချောလေးတစ်ယောက် ဖြစ်လိမ့်မည်ဟု မှတ်ချက်ချခဲ့၏။ မြခင်သာ သူ့အစ်မလို ချောရင် ကလေးကလည်း လူချောလေး ဖြစ်မှာပဲ။ နောက်ဆက်တွဲအဆိုပြုပြန်၏။

မြခင်အစ်မ နာမည်က မြရင်။ ကိုယ့်အိမ်ဝိုင်းလေးနှင့်ကိုယ်။ မရှိမရှား နေနိုင်သော အနေအထားရှိ၍ မြရင်ယောကျ်ားက မြင်းလှည်းတစ်စီးနှင့် မြင်းနှစ်ကောင် ထောင်ထားသည်။ မနက်ပိုင်း ကိုယ်တိုင်မောင်းပြီး ညနေပိုင်း လူငှားချသည်။ လင်မယားနှစ်ယောက်စလုံး ရည်ရည်မွန်မွန်ရှိ၍ အေးတို့နှစ်ယောက်ကိုလည်း ပျူပျူငှာငှာဧည့်ခံကြသည်။ မြခင် မိုက်လုံးကြီးပုံအကြောင်း ပြောလိုက်သည်မှာ စုံရော။ မြခင်ကို မြစ်ငယ်စက်ရုံက အလုပ်သမား လူရိုးလေးတစ်ယောက်နှင့် နေရာချဖို့ စီစဉ်ပြီးမှ မြခင်က ကျားကြီးကျော်ညွန့်နောက်လိုက်သွားသဖြင့် အဆက်အဆံမလုပ်ဘဲ နေခဲ့ကြသည်။ ညီအစ်မချင်း လမ်းတွေ့သော်မှ စကားမပြောကြ။ မြရင်ယောကျ်ားကလည်း လူရိုးလူအေး။ ကျားကြီးကျော်ညွန့်နှင့် လုံးဝမပတ်သက်ချင်သမို့ မြခင်ကိုပါ လုံးဝ အဆက်အဆံမလုပ်ဘဲ ဖြတ်တောက်ပစ်ခဲ့ကြသည်။ မြခင်က ကျားကြီးရဲ့ နံပါတ်သုံး မယား။ မြခင်ထောင်ထဲရောက်နေတာကိုလည်း သိသည်။ ကျားကြီးကျော်ညွန့်သေတာကိုလည်း သိသည်။ ကျားကြီးသေပြီးနောက် မြခင်ကို ထောင်ဝင်စာတွေ့ဖို့ စီစဉ်ကြသော်လည်း မြရင်မှာ ကိုယ်လေးလက်ဝန်ကြီးနှင့်မို့ အထမမြောက်ရပုံကို ပြောပြခဲ့သည်။ မြခင်၏ အမှုဇာတ်ရှုပ်ထဲ သူတို့ဝင်မပါချင်သော်လည်း ကလေးအတွက် သူတို့တာဝန်ယူလိုကြောင်း၊ ဖြစ်နိုင်ရင် ကလေးကို သူတို့ခေါ်ပြီး မွေးလိုကြောင်းများ ပြော



www.burmeseclassic.com

www.burmeseclassic.com

ပြလိုက်သည့်အပြင် နို့မှုန့်တစ်ဘူးနှင့် ဖလံနယ်တစ်စကို မြရင်ယော ကျ်ား ကိုယ်တိုင် ကမန်းကတန်း သွားဝယ်ပြီး ပေးလိုက်ကြောင်းများကို သိလိုက်ရ၏။

မြရင်မှာ မြခင်အပေါ် စိတ်နာစကားတွေ အများကြီး ပြောခဲ့သော်လည်း ညီမအတွက် မျက်ရည်များ ပြန်သိမ်းခဲ့ရသည်မှာ စကားဝိုင်းပြီးသည်အထိ။

မြရင်ပေးလိုက်သော ဖလံနယ်စနှင့် နို့မှုန့်ဘူးမှာ အေးဆီမှာ အမြဲတမ်း အထည်အပ်သည့် ဗိုလ်မှူးကတော်တစ်ယောက်က လိုလိုလားလားကြီး အလှူဒါနပြုလိုက်သော နို့မှုန့်ဘူး ဖြစ်ပေသည်။

အေး စကားဆုံးသွားသော အခါ ကိုသန့်ဇင်က မှတ်ချက်ချလိုက်၏။ "ကိုယ့်မိန်းမက လူမှုဝန်ထမ်းဌာနမှာ အလုပ်ဝင်လုပ်ဖို့ ကောင်းနေပြီ"ဟူပါ၍။

မည်သို့ပင်ဖြစ်စေ။ ဂုဏ်ပကာသနမဖက်သော သူတို့၏ စေတနာမှာ သူတို့ကို လောလောလတ်လတ်ပင် တုံ့ပြန်အကျိုးပြုနေပေပြီ။

ကြည်နူးမှုကို ထွေးပိုက်လျက် စိတ်ချမ်းသာမှုကို ထွေးပိုက်လျက် အိပ်စက်လိုက်ရခြင်းပါတည်း။

• • • • •

သည်ကနေ့ အချုပ်ထောင်ဝင်စာနေ့။

ရုံးထွက် အချုပ်ကလည်း များသည်။ တစ်မနက်လုံး မအား။ မနက်ဖြန် ထောင်ပိုင်ကြီး ရောင်းလှည့်မည့်နေ့မို့ စီစဉ်စရာရှိသည်များနှင့် လုံးထွေးနေခဲ့ရာ မနက်စာထမင်းကို အိမ်ပြန်မစားဖြစ်တော့။ ထောင်ထဲမှာပဲ ဖြစ်သလိုပြီးလိုက်ရသည်။ မြခင်တို့သားအမိဆီ ခြေဦးမလှည့်နိုင်သေး။ ဖလန်နယ်စလေးမှာ သူ၏အံဆွဲထဲမှာပင် ရှိနေသည်။

မြခင်က ကလေးကို သူ့အစ်မဆီမှာထားပြီး မွေးလိုသည့်ဆန္ဒ ရှိမရှိ မေးရဦးမည်မို့ ကိုယ်တိုင်သွားရောက်ရမည်ဖြစ်ရာ ဖလန်နယ်စလေးကို မပေးသေးဘဲ သိမ်းထားခြင်း ဖြစ်ပေသည်။

တစ်ချက်ထိုးတော့မှဘဲ အလုပ်လက်စသိမ်းရသည်။ မိန်းမထောင်ဘက် ခြေဦးလှည့်ဖို့ ထွက်မည်အလုပ် ဆေးရုံဘာယာ ရောက်လာပြီး ဆရာဝန်ရောက်လာကြောင်း သတင်းလာပို့သည်။ အချုပ်ထောင်မှလူနာကို ဆေးရုံပို့ရန် ရှိသေးသော်လည်း မနက်ပိုင်းက ဆရာဝန် ရောက်မလာသေးသဖြင့် မပို့ရသေး။ ဆရာဝန်ရောက်လာရင် ပြောဖို့မှာထားရသည်။

လူနာက ရိုးရိုးရောဂါမဟုတ်။ ကာလသားရောဂါ။ အတော်ဆိုးဆိုးရွားရွား ဖြစ်နေသူ။ ဆရာဝန်လာမှ ဆေးရုံပို့ရမည်။ သူ့ကို အချုပ်ဆောင်ပြန်မပို့ဘဲ လက်ပါးတိုက်မှာ ခွဲပို့ထားဖို့ ဆရာဝန်မှတ်ချက်ယူရမည်။ ကာလသားရောဂါသမားကို အချုပ်ထောင်မှာ ရောထားဖို့ မဖြစ်။ ကြမ်းတစ်ပြေးတည်း အိပ်နေရသူများဖြစ်ရာ ကူးစက်မည်ကို စိုးရိမ်ရသည်။ မောင်သောင်းကျန်းက သူ့ရောဂါကို မပြောဘဲ မြုံထားသမို့ အတော်လေး ကြိမ်းမောင်းလိုက်ရသေးသည်။ သည်ကောင်က လက်ကောက်။ ထောင်ကျဖူးသူမို့ ဆေးရုံအကြောင်းသိသည်။ ကာလသားရောဂါ ငနဲသားများ ထောင်ဆေးရုံရောက်ရင် ဘယ်လိုခံရသည်ကို သူသိပြီးသား။

ထောင်ဆရာဝန်က ကာလသားရောဂါသမားကို သူ့လက်နှင့်ယောင်လို့မှ မကိုင်။ ဒေါက်တာဖြူ (ထောင်ကျဆေးရုံအလုပ်သမား)များကို မျက်စပစ်ပြလိုက်မည်။ အော်ပေရော့၊ ခံပေရော့။ ကိုင်ဘွယ်ပုံက ကြမ်းမှကြမ်း။ ရိုးရိုးအနေအထားမှာပင် အကိုင်အတွယ်ကြမ်းလို့ အမယ်လေး၊ အဘလေး အော်ရသေးတာ။ အနာနဲ့ ခပ်ကြမ်းကြမ်း အကိုင်ခံရပြီဆိုတော့ ဘာပြောကောင်း။ နောင်အပျော်အပါးလိုက်ဖို့ တစ်သက်စာ စိတ်ကုန်သွားပေလိမ့်မည်သာ။

ဆေးရုံ လူနာပို့ ကိစ္စပြီးမှပဲ ကိုသန့်ဇင် မိန်းမထောင်ဘက်ကို ခြေဦးလှည့်နိုင်သည်။

မိန်းမထောင်တံခါး ဖွင့်လိုက်သည်နှင့် ကလေးချော့တေးသံ ပျံ့လွင့်လာသည်။ ကလေးချော့တေးသံကို သီဆိုနေသူမှာ မြခင်မဟုတ်။ ဇိမ်နန်းသူဇာ မဥမ္မာ ဖြစ်နေသည်။ လင်တစ်ယောက်ကို အတည်တကျ မရဖူးသေးဘဲ ကလေးမွေးရဖို့ လမ်းစပျောက်နေသူ မဥမ္မာလေးမှာ မြခင်



www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ဝှဲယ်ရင်သွေးအမှတ်ဖြင့် ချော့မြူတေးဆိုနေဟန် ရှိပေသည်။

ကိုသန့်ဇင်ဝင်လာသည်ကို မြင်လိုက်သည်နှင့် မြခင်က အဆောင် အပေါက်ဝမှာ ဆီးကြိုနေသည်။ မြခင်သာ သူ့အစ်မလိုချောရင် ဆိုသည့် အေးစကားကို သွား၍ အမှတ်ရလိုက်သဖြင့် ခုမှပဲ မြခင်ကို သတိထားကြည့်လိုက်မိသည်။ မြခင်၏ မျက်နှာပေါက်မှာ ချောသည်ဟု မဆိုသာသော်လည်း ကရုဏာ မျက်နှာပေါက်ထင်နေသမို့ ကြည့်ကောင်းသည်ဟုတော့ ဆိုနိုင်ရာ၏။ ကိုယ်လုံးကိုယ်ပေါက်မှာ သွယ်သွယ်လျလျမဟုတ်ဘဲ တစ်တစ်ရစ်ရစ်ကလေး ရှိနေသည်။ မြခင်၏အပြုံးက နှစ်လိုဖွယ်ရာရှိသည်။ အသားညိုသော်လည်း ပြာနှမ်းနှမ်း အညိုမဟုတ်။ ခြုံ၍ကြည့်လျှင် သနားကမားအလှ ရိပ်ထင်နေသော မိန်းကလေးတစ်ယောက်ဟု သတ်မှတ်နိုင်ရာ၏။

မြခင်အစ်မဖြစ်သူ ပြောလိုက်သည်များကို ပြန်ပြောပြသောအခါ မြခင်က တွေပြီး နားထောင်နေသည်။ အောက်နှုတ်ခမ်းကို အပေါ်သွားနှင့် ဖိကိုက်ထားသည်။ ကလေးကို သူတို့ပေးပြီးမွေးဖို့ ပြောသည့်အခါ မျက်နှာထားက တင်းမာသွားသည်။

"သူတို့ဆီက အကူအညီ မရရင်နေပါစေ ဆရာကြီး။ ကျွန်မကလေးကိုတော့ သူတို့ဆီ မပို့ပါရစေနဲ့။ ကျွန်မရဲ့ရင်ခွင်မှာ မွေးပါရစေ။ ဆရာကြီးလည်း နောက်ထပ် မသွားပါနဲ့တော့။ ကျွန်မ ဘာအကူအညီမှ မတောင်းတော့ပါဘူး။ ဆရာကတော်ကိုလည်း ကျေးဇူးတင်ကြောင်း၊ ကျွန်မ ဘုရားရှိခိုးတိုင်း မေတ္တာပို့ကြောင်း ပြောပေးပါ ဆရာကြီး။ ဆရာကြီး တတ်နိုင်ရင်တော့ ကျွန်မကို တစ်ခု ကူညီပါ။ ဗူးဝမှာ ကျွန်မနားကပ်နဲ့ လက်စွပ်ကလေး အပ်ခဲ့ပါတယ်။ အဲဒါ ထုတ်ယူလို့ရရင် အဲဒါကို ရောင်းပြီး အမွှမပြီးခင်စပ်ကြား ကျွန်မကလေးအတွက်သုံးပါရစေ ဆရာကြီး"

"မြခင် ဆန္ဒမရှိရင် ကလေးကို ဒီမှာပဲမွေးပေါ့။ နားကပ်နဲ့ လက်စွပ်ရောင်းဖို့ကိစ္စကိုတော့ ထောင်မှူးကြီးကို တင်ပြပေးမယ်။ ခုဘာလိုသေးလဲ"

"မလိုတော့ပါဘူး ဆရာကြီး။ နို့လည်း လိုက်အားသန်လာပြီ"

"လိုတာရှိရင်လည်း ဒေါ်တုတ်ကိုပြောခိုင်း။ မင်းအစ်မပေးလိုက်တဲ့ နို့မှုန့်တော့ အိမ်မှာပဲထားသေးတယ်။ လိုတဲ့အချိန်ပြော၊ ပို့ပေးလိုက်မယ်။ ဒါနဲ့ ရှုံးထွက် ဘယ်နေ့လဲ"

"သန်ဘက်ခါပါ ဆရာကြီး"

"မင်းအစ်မနဲ့ တွေ့ချင်သေးလား"

မြခင်က ချက်ချင်းပြန်မဖြေ။ ပခက်လွှဲနေသော ဥမ္မာဘက်ကို တွေကြည့်ပြီးမှ "မတွေ့ချင်တော့ပါဘူး ဆရာကြီး။ သူတို့လည်း ဒုက္ခများပါတယ်။ ကိုယ့်ဒုက္ခ ကိုယ်ပဲ ခံပါရစေတော့"

ထိုသို့ မြခင် ပြောလိုက်သည်ကြောင့် ကိုသန့်ဇင်မှာ မြခင်ကို စိတ်ထဲမှကျိတ်၍ ချီးမွမ်းလိုက်ရသည်။ သာမန် မိန်းမသားတစ်ယောက်တွင် ရှိသော သတ္တိမျိုးထက် မြခင်သတ္တိက ပိုသည်။ မိခင်တစ်ယောက်တွင် ရှိတတ်သော သတ္တိမျိုးထက် မြခင်သတ္တိက ပို၍ခိုင်ကျည်သည်။

အကျဉ်းအကျပ်ထဲ ရောက်နေစေကာမူ ကိုယ့်သားကိုယ်နှင့် ရင်အုပ်မကွာမွေးမည်ဆိုသော သတ္တိ။ ဘယ်သူ့ဆီကမှ အကူအညီမတောင်းဘဲ ရပ်တည်မည်ဆိုသော သတ္တိမျိုးကို ချီးကျူးရမည်သာပ။

ကိုသန့်ဇင်နှင့် မြခင်တို့ စကားပြောနေစဉ် ကလေးနိုးသွားသဖြင့် မြခင်က ကပျာကသီ ပြေးချီပွေ့ယူလိုက်သည်။ ရက်သားမျှသာ ရှိသော ကလေးငယ်မှာ ဖွံ့ထားသည်ဟု ဆိုရမည်။ ကလေး၏ ရုပ်လက္ခဏာမှာ အဖေနှင့်တူသည်ဟု ဆိုရမည် ရှိချေ၏။

မိန်းမထောင်မှအပြန်တွင် စိတ်မောလူမောဖြစ်ပြီး စိတ်ပန်းကိုယ်ပန်း ပြန်ထွက်ခဲ့ရ၏။

တစ်ခုပဲ ကျိတ်၍ ဆုတောင်းလိုက်ရသည်။

"ဒီကလေးကြီးလာရင် ကျားကြီးကျော်ညွန့်ဗီဇမျိုး မပါပါစေနှင့်" ဟူ၍ . . .။

*****

ညနေဘက် အလုပ်ပါးသွားသော်လည်း စောစောပြန်မထွက်ရ။ မိုးစုတ်စုတ်ချုပ်မှ ပြန်ထွက်ရသည်။ လူပေါင်းမကိုက်သဖြင့် ဒုတိယအကြိမ်ထပ်ပြီး ရေတွက်ရသည်။ ဒါလည်း မကိုက်သေး . . .။ တတိယအကြိမ်

www.burmeseclassic.com

မြောက် ရေတွက်တော့မှပဲ လူပေါင်းကိုက်သွားသည်။

ထောင်များတွင် အိပ်ဆောင် ပိတ်ချိန် ညနေတိုင်း အချုပ်သားအရေအတွက်၊ ထောင်ကျအရေအတွက်၊ မိန်းမထောင်ရှိ မိန်းမအချုပ်ထောင်ကျ အရေအတွက်ကို ရေတွက်ရာတွင် အရှိပြဇယားနှင့် တိုက်ရမည်။ တစ်ယောက်ပို၍ မရ၊ တစ်ယောက်လျော့၍ မရ။ အပိုအလိုမရှိ စာရင်းအတိအကျ ကိုက်ရမည်။ နေ့ပိုင်း တာဝန်ကျထောင်မှူးများမှာ တစ်ယောက်ကို အိပ်ဆောင်နှစ်ဆောင်၊ သုံးဆောင် တာဝန်ယူပြီး လူရေတွက်ရ၏။ မှားနေလျှင် အားလုံးပြန်ရေ။ ကိုယ့်စာရင်း ကိုက်နေပေမယ့် မရ။ လူရေတွက်ရသည်မှာ မလွယ်။ တစ်ခန်းပြီးတစ်ခန်း အပေါ်အောက် ဆင်းချည်တက်ချည်။ တစ်ဆောင်နှင့်တစ်ဆောင် ကူးချည်သန်းချည် လုပ်ရသည်။ ဒူးတွေညောင်းပြီး ဝမ်းထဲက တကြုတ်ကြုတ် မြည်လာတတ်သည်။

ဒုတိယအကြိမ် ထပ်ရေလို့မှ စာရင်းမကိုက်သေးဘူးဆိုရင် သေပေတော့။ အဲသည်နေ့က သုံးကြိမ်မြောက်ကျမှ စာရင်းကိုက်သွားသည်။

အိမ်ပြန်ရောက်တော့ မောနေပြီ။ အေးကို ခါတိုင်းလို ဝင်းပပအပြုံးဖြင့် မနှုတ်ဆက်နိုင်။ ယဲ့ယဲ့လေးသာ ပြုံးပြနိုင်သည်။ ပက်လက်ကုလားထိုင်ပေါ် နာရီဝက်လောက် နားပြီးမှ ရေချိုးပြီး ထမင်းစားပွဲမှာ ထိုင်လိုက်ရသည်။ စကားထက် ထမင်းကို အာရုံစိုက်စားပြီးမှပဲ နေ့ခင်းက မြခင်နင့်ကွေ့ခဲ့သည့်အကြောင်းကို ဖောက်သည်ချရသည်။

အေးကလည်း မြခင်သတ္တိကို ချီးကျူးပြီး မြခင် အဆုံးအဖြတ် မှန်သည်ဟုသဘောထားပေးလာသည်။

တိရစ္ဆာန်တောင်မှ သူတို့ရင်သွေးကို ရင်အုပ်မကွာ ထားကြမြဲ။ လူက ကိုယ့်ရင်သွေးကို ရင်ခွင်ထဲက ဖယ်ပြီး မျက်ကွယ်မှာ ဘယ်လိုထားနိုင်မှာပ။ ထောင်ထဲရောက်နေလို့ ရင်အုပ်မကွာမထားနိုင်တာမှ မဟုတ်တာ။ ကိုယ့်သွေးကိုတိုက်ပြီး ကိုယ့်ရင်ခွင်ထဲမှာပဲ ထားရပေမပေါ့။

ထမင်းစားပြီး ကိုသန့်ဇင်ရော အေးပါ အေးအေးလူလူ အနားယူနေကြစဉ် မမျှော်လင့်သော ဧည့်သည်များ ရောက်လာကြသည်။ စိန်မျက်ခုံးတင်တင်နှင့် ပုလဲတိုက်ကကျွန်တော်မလေးနှစ်ယောက် စိန်မျက်ခုံးက အေးလက်ကိုဆွဲပြီး ကိုကိုထောင်မှူးကုကလိတော့၊ ရိတော့၏။ သူတို့အိမ်ကလေးမှာ ရယ်သံများ သဲ့သဲ့ညင်းညင်း လွင့်ပျံ့နေသည်။

စိန်မျက်ခုံးက ရန်ကုန်အပြန်လာရောက်နှုတ်ဆက်ခြင်း ဖြစ်ရာ ကိုကိုထောင်မှူး ရန်ကုန်လာဖို့အကြောင်းပေါ်လာရင် အေးပါ လိုက်ခဲ့ရမည်ဟု တရင်းတနှီး ဖိတ်ခေါ်ခဲ့၏။

ထိုမှ စကားဆက်ဖြစ်ကြသည်မှာ အေးကို မြင်မြင်ချင်း ဘယ်လောက်ချစ်သည့်အကြောင်း၊ အေးလိပ်ပြာဘယ်လိုလှသည့်အကြောင်း၊ လိပ်ပြာလှသူမှာ သူတို့လောကမှာ အလုပ်ဖြစ်ကြောင်း၊ အေးသာ သူတို့လောကထဲရောက်လာရင် ဘယ်လောက်ကြီးပွားနိုင်သည့်အကြောင်း၊ အလုပ်ဖြစ်မည့်အကြောင်း၊ အေးလောက်လိပ်ပြာမလှသည့် ---ဌာနက အရာရှိကြီးကတော် မမမြင့်တို့ ဘယ်ပုံကြီးပွားချမ်းသာနေကြကြောင်း၊ မမမြင့်ကြောင့် သူ့ယောကျ်ား ဘယ်ပုံဘယ်နည်း ရာထူးအဆင့်ဆင့် တ-က်ခဲ့ပုံအကြောင်းများကို ပြောလိုက်သည်မှာ အားရပါးရ ရွှန်းရွှန်းဝေလို့။ ကြားရသူများမှာ မစားရဝခမန်း။ နက်ဖြန် သန်ဘက်ပဲ စိန်နားကပ်ကြီး ပန်ရတော့မလိုလို၊ ကားလှလှပဲ စီးရတော့မလိုလို၊ အေးမျက်နှာကလေး ကြည်ရွှင်နေပုံကို ကြည့်ပါဦး။ စိတ်ပါလက်ပါ ဖြစ်နေသည့်ဟန်မှာ မဖုံးသာ မကွယ်သာ ပေါ်လွင်နေသည်။

မိန်းမသားဆိုတော့လည်း ကြီးပွားမည်၊ ချမ်းသာမည် ဆိုသည်ကို သဘောမတွေ့ ဘယ်သို့ရှိမှာပ။ မစင်ပုံကြီးကြီးတွေ့ရသည့် ဝက်သို့နှယ် ဖြစ်ရချေမပေါ့။ စိန်မျက်ခုံးကလည်း အပြောကောင်းကောင်းပေကိုး။

တကယ့် တကယ် ဖြစ်တော့ မဖြစ်။ ဒါပေသိ သူတို့အပြောကိုသာ နားထောင်မိ၏။ မင်းကလေးနှင့် လက်ထပ်ရမည်ကို ခေါင်းခါသူ ရှိလိမ့်မည် မထင်။

----ဌာနကအရာရှိ ရာထူးတက်အောင် ရွှေပြုံးအရှင်နှစ်ပါးသခင်တို့က ဘယ်လိုဆောင်ရွက်ပေးပုံများကို ခရေစေ့တွင်းကျ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

ရာတွင် ကိုသန့်ဇင်ပင် မျက်တောင် မခတ် ဖြစ်သွားရသည်။ ဟုတ်လိမ့်နိုးနိုး ထင်သွားရသည်။ သက်သေသာ ခက ထုတ်လှစ်ပြသည့် ကြောင်းကျိုးပြမှုများမှာ ခိုင်လုံမှုရှိသလောက် စိတ်ဝင်စားဖွယ်လည်း ရှိပေသည်။

ကုန်သည်ပိုင်းကို ကြည့်ဦးမလား။ သဘောသူဌေးတစ်ယောက်အကြောင်း၊ ဆေးတစ်မည်တည်းနှင့် သုံးနှစ်အတွင်း ငါးသိန်းကျော် ချမ်းသာသွားသူတစ်ယောက်အကြောင်း၊ နိုင်ငံခြားသွားဖို့ ပယ်ဖျက်မိန့်ထွက်တော့မည့်ဆဲဆဲမှ သွားခွင့်အမိန့်ထွက်လာသူတစ်ယောက်အကြောင်း စသည်စသည် ငေး၍ငေး၍ နားထောင်ရသော အကြောင်းတွေကလည်း စိတ်ဝင်စားစရာ အပြည့်။ ဘယ့်သူကိုဖြင့်မေးကြည့် ဆိုတာမျိုးကလည်း ပါလေသမို့ ယုံရခက်ခက်၊ မယုံရခက်ခက် ဖြစ်ခဲ့ရသည်ပ။

ကိုသန့်ဇင်က သတိပြန်ဝင်လာသည်။ ကြာရင် အေးတစ်ယောက် မင်းကလေးနောက် ကောက်ကောက်ပါသွားမည်ကို စိုးရိမ်ပြီး စကားလမ်းကြောင်း လွှဲပစ်လိုက်ရ၏။

ကျားကြီးကျော်ညွှန့်အကြောင်း၊ မြခင်အကြောင်း၊ ထောင်ထဲမှာမွေးသည့်ကလေးအကြောင်းများကို ပြောပြခဲ့ရာ စိန်မျက်ခုံးတင်တင်ထံမှ ရာတန်တစ်ရွက် ချက်ချင်းထွက်လာသည်။ ကျွန်တော်မလေးတွေကလည်း တစ်ယောက်အစိတ် ထုတ်သွားသည်။

ကိုသန့်ဇင် ပြောတုန်းက ဒါကို ရည်စူးပြီး ပြောသည်မဟုတ်။ မတ္တရာနယ်တစ်လွှား ပြိုင်စံရှားသည့် ကိုရွှေနတ်မင်းတို့အကြောင်းကို တစ်ခန်းရပ်၍ ဇာတ်သိမ်းရန် ဇာတ်လမ်းအစားထိုးလိုက်ခြင်းမျှသာ ဖြစ်သော်လည်း သူတို့က ပါဝင်ကူညီလာသည်ကို ငြင်းပယ်လို့ မကောင်းသဖြင့် သူတို့စေတနာကို လက်ခံလိုက်ရသည်။ မြခင်အကြောင်းကတော့ ထား။ ကလေးကုသိုလ်ကတော့ မဆိုးဟု ဆိုရမည်။

ထောင်ထဲမှာ မွေးတာကလွဲလို့ အခုအချိန်အထိ အားလုံး အဆင်ပြေနေသည်ဟု ဆိုရမည်။

နတ်အကြောင်း ပြတ်ပြီအောက် ငေ့ပ။ ပြန်ခါနီး ဆက်သွားသေးသည်။ တောင်ပြုံးပွဲအတွက် မန္တလေးလာရင် အေးပါ လိုက်ခဲ့ရမယ်နော်ဟု ဆိုပြီးမှ ပြန်သွားခဲ့ကြသည်။

ကိုသန့်ဇင်နှင့် အေးတို့ နှစ်ယောက်မှာ မောင်ထောင်မွေးလေးအတွက် နို့မှုန့်ဖိုး ဖုလုံသွားသည်ကို ပီတိဖြစ်လျက် သုံးတောင်ပြည့်ခန်းသာလယ်သို့ ဝင်ခဲ့ကြတော့၏။

ပျော်တစ်ခါ စိတ်ညစ်တစ်လှည့်ဖြင့် ဝိရောဓိပွမ်းတီးသော လူ့ဘဝ၏ သဘာဝပါတည်း။

*****

မနေ့က . . . စိတ်ပျော်စရာအကြောင်းများနှင့် ထိပ်တိုက်တိုးခဲ့သော်လည်း သည်ကနေ့ နေ့လယ်တွင်မူ စိတ်မကောင်းစရာအကြောင်းနှင့် ဆုံရပြန်သည်။ ထောင်သို့ လူသစ်များလာပို့သည့်အထဲတွင် မိန်းမအချုပ်သစ်တစ်ယောက်ပါလာသည်။ မိန်းမအချုပ်သစ်မှာ ငယ်ငယ်ရွယ်ရွယ်မဟုတ်။ အသက်ခုနစ်ဆယ်ကျော် အဘွားကြီး။ အဝတ်အစားသေးနုပ်သော်လည်း ရုပ်လက္ခဏာမှာ သန့်ပြန့်သည်။ စိတ်ထားကောင်းမည့် မျက်နှာရိပ် ထင်နေသည်။ စကားပြောကြည့်တော့ရည်မွန်သည်။

အသားနည်းနည်း ညိုသော်လည်း ရုပ်လက္ခဏာက ခန့်ထည်ရိပ် ထင်နေသည်။

အမေ့မျက်နှာကို ဖျတ်ခနဲ မြင်မိလိုက်ရသည်။

ပြည့်ပြည့်စုံစုံ မကြောင့်မကြ မတောင့်မတ နေရပါလျက် အသက်ခြောက်ဆယ်ပင်ပြည့်အောင် နေမသွားရသော အမေ။

အခု သူ့ရှေ့မှာရှိနေသော အမေကတော့ လက္ခဏာရေး ရှားပါးသော်လည်း အသက်ခုနစ်ဆယ်ကျော် သုံးနှစ်စွန်းသော အရွယ်ကျမှ အချုပ်အနှောင်ခံဘဝဖြင့် ထောင်ထဲရောက်လာရသည်။

သည်အသက်အရွယ်ကျမှ ရာဇဝတ်မှု ကျူးလွန်ရသလားဟု အဆိုမစောစေလိုပါ။ အဘွားအိုအကြောင်းက ရင်နင့်စရာ။

နာမည်က ဒေါ်ညို။ မေမြို့ ညံ့တောရပ်ထဲမှာနေသည်။ သားသမီးများရှိသော်လည်း သားထောက်သမီးခံ အားကိုးမှီတွယ်ရာ မရသောကြောင့် အသက်အရွယ်ကြီးသည့်တိုင် ဝမ်းတစ်ထွာအတွက် လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com

ရှုန်းကန်နေရသည်။ ကောင်းရောင်းကောင်းဝယ် လုပ်စားနေရာမှ မှောင်ခိုအမျိုးသမီးတစ်ယောက်၏ ခွင်ထဲကို ဝင်သွားရသည်။ မှောင်ခိုအလုပ်က အဆန်းမဟုတ်။ လူတိုင်းလုပ်နေကြသည့် အလုပ်။ မှောင်ခိုအမျိုးသမီးပေးကမ်းသည့် ငွေကြေးမှာ သူတစ်နှစ် ပင်ပင်ပန်းပန်း လုပ်၍ရသည့် ငွေကြေးပမာဏထက် များသည်။ မှောင်ခိုအမျိုးသမီး လားရှိုးတက်ရင် လိုက်ရသည်။ မန္တလေးဆင်းရင် လိုက်ရသည်။ တစ်ခါတလေ လားရှိုးအတက်ခရီးတွင် ဘာပစ္စည်းမှ မပါ။ အပြန်ခရီးမှာ တရုတ်ပစ္စည်းများ ပါလာပြီး မန္တလေးအထိဆင်းကြသည်။ စရိတ်လွတ်၊ အစားအသောက်လွတ်၊ တစ်ခါပြန်လျှင် အသားတင် ငွေလေးငါးဆယ် ပေးသည်။ တစ်ခေါက်ဆိုတာက ခုနစ်ရက်လည်းကြာသည်။ ဆယ်ရက်လည်းကြာသည်။ တစ်လ နှစ်ခေါက်ပဲ သွားဦးတော့။ စားပြီးသောက်ပြီး ကိုးဆယ်-တစ်ရာကျန်သည်။ လားရှိုးက အဆင်းတွင် ပထမ သုံးလေးခေါက်မှာ မှောင်ခိုအမျိုးသမီးကိုယ်တိုင် မန္တလေးကို အတူလိုက်ခဲ့သည်။ နောက်ပိုင်းတွင် လိုက်တစ်လှည့် မလိုက်တစ်လှည့်။ သူကိုယ်တိုင်မလိုက်သည့်အခါ သူက မေမြို့မှာ ဆင်းနေပြီး ဒေါ်ညိုက ပစ္စည်းတွေ မန္တလေးသွားပို့ရသည်။ သလ်လိုနှင့် သွားခဲ့သည်မှာ ခုနစ်ခေါက်ရှိပြီ။ ခုနစ်ခေါက်မြောက်အလှည့်တွင် လားရှိုးကအဆင်း အမျိုးသမီးက မေမြို့မှာဆင်းနေခဲ့သည်။ ခါတိုင်း ပါနေကျပစ္စည်းများအပြင် သီပေါမှ တင်ပေးလိုက်သော လိမ္မော်ခြင်းနှစ်ခြင်းလည်း ပါလာသည်။ လိမ္မော်ခြင်း နှစ်ခြင်းမှာ မန္တလေးရောက်ရင် မှောင်ခိုပစ္စည်းများပို့နေကျအိမ်ကို သွားမပေးရဘဲ တခြားလိပ်စာပါအိမ်သို့ သွားပို့ရမည် ဖြစ်၏။

ဆည်တော်ကြီး ဘူတာသို့ ရထားဆိုက်ချိန်မှာ မှောင်ရိပ်သန်းစပြုပြီ။ ဘူတာပလက်ဖောင်းပေါ်မှာ စောင့်နေကြသော ယူနီဖောင်းဝတ်များကိုတွေ့လိုက်ရသောအခါ မှောင်ခိုပစ္စည်းပါလာသူများ အားလုံး မျက်ကလဲဆန်ပျာ ဖြစ်ကုန်ကြသည်။ တစ်ခါဖူးမှ သည်အတွေ့အကြုံမျိုးနှင့် မဆုံဘူးကြ။ ရှာကြဖွေကြသည်မှာ သာမန်ကာလျှံကာမဟုတ်။ ထိထိမိမိ ရှာဖွေကြသည်။

ပစ္စည်းပိုင်ရှင်က နောက် . . ။ ဒေါ်ညိုက အရင်အဖမ်းခံလိုက်ရသည်။ ဒေါ်ညိုတို့လို ပစ္စည်းသယ်သူများကို မစို့မပို့ပေးပြီး သူတို့ကို စို့စို့ပို့ပို့ကြီးရမည့် ရွှေမည်းများ သယ်ခိုင်းသည်မှာ မှောင်ခိုရာဇာတို့၏ ဘယ်သူသေသေ ငတေမာပြီးရော လုပ်နည်းထဲမှ လုပ်ဟန်တစ်ခု ဖြစ်ပေသည်။

ခုတော့ ဒေါ်ညိုခမျာ ဘိန်းမှုနှင့် ထောင်ထဲသို့ ရောက်ခဲ့ရပေပြီ။

စားဖို့တောင် အနိုင်နိုင် ရှာဖွေရသည့် အမေအိုအရွယ် ဒေါ်ညိုမှာ ထောင်ကျခံရရုံမှတစ်ပါး အခြားမရှိပြီ။

ကိုသန့်ဇင်မှာ စိတ်မကောင်းစရာအဖြစ်ကို နားထောင်လိုက်ရပြီးနောက် ဒေါ်ညိုပြောပြသည့် ဇာတ်လမ်းမှာ အဖြစ်မှန်လား၊ လုပ်ကြံဇာတ်လမ်းလားဆိုသည်ကို စစ်ကြောရန်တစ်ပိုင်းထားပြီး အချုပ်ဆောင်တွင် ကောင်းကောင်းမွန်မွန်နေရဖို့အတွက်ကိုမူ အခြေချင်း စာနာပြီး စီစဉ်ပေးလိုက်ရ၏။

ဒေါ်ညိုမှာ သူ့ကိုစေခိုင်းသော တရားခံကို ဖော်ထုတ်နိုင်စေကာမူ ဘိန်းမှန်းမသိ၍သာ ယူပေးမိပါသည်ဟု စောဒကတက်၍ မဖြစ်ပေ။ အလိုတူအလိုပါ ပူးပေါင်းပါဝင်သော တရားခံအဖြစ် အရေးယူ အပြစ်ပေးခံရလိမ့်မည်သာ ဖြစ်ပေသည်။

ကိုသန့်ဇင်က အသက်ခုနစ်ဆယ်ကျော်အမေအိုအရွယ် ဒေါ်ညိုကို သက်သက်သာသာနေဖို့ ဆောင်ရွက်ပေးရုံမက တစ်ထည်ချွတ်၍ တစ်ထည်လဲစရာ အဝတ်အပို မပါလာသည့်အတွက် အေးကလည်း အင်္ကျီတစ်ထည်နှင့် လုံချည်တစ်ထည်ကို ဒါနပြုလိုက်ရသေး၏။

အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာတွေ့ရသည် ဆိုသည်မှာ ထောင်မှူးအလုပ်ပါတည်း။

ကဲ . . သူတို့နတ်အထာ၊ နတ်အကြောင်း ဆက်ရအောင်။

*(ဆက်လက်ဖော်ပြပါမည်။)*

**ကျော်မြဲဟိန်း**



www.burmeseclassic.com

www.burmeseclassic.com

# နန်းကြော့သျှင်

## ဘီလူးသေ ဘုရင်ဖြစ်
## နန်းရှင်ပြင်ပေါ်ကိုယ်ထင်ပြ

တာရွှေ



လောကကြီးတွင် ကုသိုလ်,အကုသိုလ် အကြောင်းပြု၍ ဗြဟ္မာ၊ နတ်၊ လူ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ငရဲ စသည်ဖြင့် တစ်ခုပြီးတစ်ခု ပြန်ဖြစ်ရ၊ အဖန်ဖန်တလဲလဲ သေဆုံးရ သံသရာခြားရဟတ်တွင်း လည်ပတ်နေကြပေသည်။ ဘီလူးဘဝမှ ရှင်ဘုရင်ဖြစ်လာသူလည်း ရှိသည်။ ပုဂံမင်းဆက်တွင် တန်နက် မင်းအားလုပ်ကြံ၍ ၂၆၈ ခုနှစ်တွင် နန်းတက်လာသော စလေ ငခွေးကား ဘီလူးဘဝမှ လူလာဖြစ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တမ္ပဝတီ ပုဂံမင်းမျိုးဖြစ်သော သိန်ခွန်မင်းကြီး၏ ညီသည် ထွက်ပြေးတိမ်းရှောင်ရင်း စလေမြို့သို့ ရောက်ရှိလေသည်။ ငခွေးအမည်ရှိ မြေးတစ်ယောက်လည်း ပါသည်။ ငခွေးမိဘတို့ကလည်း ဆင်းရဲကြသည်။ ငခွေးကား သူကြွယ်တစ်ယောက်အိမ်တွင် ကျွန်အဖြစ် ရောင်းစားခြင်း ခံရသည်။ သူကြွယ်၏အစေအပါး ကျွန်အဖြစ်နေထိုင်ရင်း စလေအရပ်မှ ရောက်လာသောကြောင့် စလေငခွေးဟု အမည်တွင်ခဲ့သည်။ ငခွေး၏ ထူးခြားသော ဝါသနာမှာ အလှအပကို မက်မောသူဖြစ်သည်။ ကွမ်း၊ ပန်း၊ ဖယောင်း၊ လိမ်းစရာနံ့သာတို့ကို ချစ်သည်။ ဝတ်ကောင်းစားလှတို့ ဝတ်သည်။ တစ်နေ့လျှင် လှမလှ မှန်သုံးကြိမ်ကြည့်ပြီး ခေါင်းဖြီးလေ့ရှိသူဖြစ်သည်။

တစ်နေ့တွင် သူကြွယ်က ငခွေးအား လှေတိုးသမားအဖြစ် ထည့်လိုက်သည်။ ပုဂံသို့ရောက်သောအခါ တန်နက်မင်းထံတွင် ဝင်ရောက်ခစားသည်။ စလေသို့ မပြန်တော့ပေ။ စလေသို့ ပြန်ရောက်လျှင် သူကြွယ်၏ နှိပ်စက်ညှဉ်းပန်းမှုကို ခံရမည်ဖြစ်သည်။ မင်းကြီးက မြင်းခံခန့်သည်။

ဘီလူးဘဝမှ
စုတေလာသူဖြစ်၍
ဒေါသအမျက်
လွန်စွာကြီး၏။
အစားကြူး၏။
အဆင်အခြင်လည်း
နည်းပါးသည်။
မှူးမတ်ဗိုလ်ပါတို့ကလည်း
စလေငခွေး
ဘုရင်ဖြစ်လာချိန်တွင်
ကြောက်ရွံ့ခြင်း
ပြင်းစွာဖြစ်ကြရသည်။

မင်းကြီးသည် မောင်းမယယ်တစ်ဦးနှင့် နေ့ညမပြတ် လာလေ့ရှိသည်။ မြင်းခံဖြစ်သော ငခွေးနှင့် မောင်းမယယ်တို့ ပူးပေါင်းပြီး မင်းကြီးအား မြင်းချေးတွင်းထဲသို့ တွန်းချပြီး လုပ်ကြံလိုက်သည်။ မိဖုရားမောင်းမယယ်ကိုလည်း ငခွေးက သူ့အလိုသို့ပါရန် ခြိမ်းခြောက်ပြီး ပုဂံမင်းအဖြစ် မင်းပြုခဲ့သည်။

ယခင်ဘဝဟောင်းက စလေငခွေးသည် တန့်ကြည်တောင်စောင့် နတ်ဘီလူးတစ်ကောင် ဖြစ်ခဲ့သည်။ ဘုရားရှင်သည် တန့်ကြည်တောင်ထိပ်သို့ ဒေသစာရီ ကြွချီလာခဲ့သည်။ တောင်စောင့်နတ်ဘီလူးသည် ဘုရားရှင်အား အင်ဖတ်သုံးရွက်ကို ထီးပြုလုပ်၍ နေရောင်ဒဏ်မှ ကာကွယ်ပူဇော်မှု ပြုခဲ့သည်။ ဘုရားရှင်က ထိုကုသိုလ်ကံကြောင့် "ဤပုဂံပြည်ကြီးတွင် မင်းသုံးဆက်တိုင်တိုင် ဖြစ်လတ္တံ့"ဟု ဗျာဒိတ်ထားတော်မူခဲ့သည်။ အဆိုပါ ဗျာဒိတ်တော်အတိုင်း ပုဂံပြည်တွင် (စလေငခွေးမင်း၊ ကုလားကျမင်းခေါ် နရသူမင်း၊ နရသီဟပတေ့မင်း)ဟူ၍ မင်းဆက်သုံးကြိမ် မင်းဖြစ်လာခဲ့သည်။

ဘီလူးဘဝမှ စုတေလာသူဖြစ်၍ ဒေါသအမျက် လွန်စွာကြီး၏။ အစားကြူး၏။ အဆင်အခြင်လည်း နည်းပါးသည်။ မှူးမတ်ဗိုလ်ပါတို့ကလည်း စလေငခွေး ဘုရင်ဖြစ်လာချိန်တွင် ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်ကြရသည်။ အငြိုးအတေးလည်း ကြီး၏။ ယခင်က စလေတွင် သူကြွယ်ဖြစ်သူက ညှဉ်းပန်းနှိပ်စက်ခဲ့ဖူးသည်ကို အငြိုးထား၍ ဘုရင်ဖြစ်လာချိန်တွင် သတ်ပစ်သည်။ သခင်နှင့်တူသော သူတို့အား ဖမ်းဆီးစေပြီး ရေကန်ထဲသို့ ဆင်းစေကာ 'ဝက်'တွေဟု မိန့်တော်မူပြီး ဆင်ထက်မှ လှံနှင့်ထိုးသတ်ခဲ့သည်။

အမတ်ဗိုလ်ပါတို့သည် ဘုရင်ဖြစ်သူ စလေငခွေး၏ နှိပ်စက်ညှဉ်းပန်းမှုကို မခံမရပ်နိုင် ဖြစ်လာကြသည်။ စလေငခွေး ရေကန်တွင် ရေကစားမည့်အချိန်၌ ဆင်ကဲအား တံစိုးလက်ဆောင်ပေးပြီး အောက်ကကြိုးကိုဖြတ်၍ ကလည်လေလျှင် ကနှင့်တကွ ရေတွင်ကျလေသည်။

မှူးမတ်ဗိုလ်ပါတို့သည် ရေကန်ထဲ ကျသွားသော မင်းကြီးစလေငခွေးအား ရွှံ့နွံများ တစ်ယောက်တစ်လက်ဖက်စီနှင့် ဝိုင်းဝန်းပစ်ပေါက်ကြရာမှ အနိစ္စရောက်ရလေသည်။ ထိုကန်ကား 'ညွန်တလက်ဖက်ကန်'ဟု အမည်တွင်ခဲ့သည်။ မင်းကြီးငခွေး အနိစ္စရောက်မည့်နှစ်တွင် ထန်းပင်လောက်မြင့်သော တစ္ဆေကြီးတစ်ကောင်သည် နန်းတော်မင်းရင်ပြင်၌ ကိုယ်ထင်ပြကာ ရပ်လာကြောင်း ရာဇဝင်ကြီးတွင် ဖော်ပြထားသည်။

ပုဂံခေတ် စလေငခွေးလက်ထက်တွင်လည်း တစ္ဆေဘီလူးများ ရှိခဲ့ကြပေသည်။ ဘီလူးဆိုသည်မှာလည်း ကြောက်မက်ဖွယ်ရုပ်အဆင်း၊ ကြောက်မက်ဖွယ် အသံပြုတတ်ခြင်းကြောင့် ဘီရုကမည်၏။ ဘီရုကမှ ဘီလူးဖြစ်လာသည်။ ဘီလူးဖြစ်မှန်ကြောင်း အင်္ဂါရပ်လေးမျိုး ရှိပေသည်။ မျက်တောင်မခတ် နီရဲသော မျက်စိ၊ ကြောက်လန့်ခြင်းမရှိ၊ အရိပ်မထင်က ဘီလူးစစ်စစ်ဖြစ်ပေသည်။

တစ္ဆေဆိုသည်မှာလည်း အဖြူ၊ အမည်း၊ အနီ၊ အဝါ၊ အကြီးအငယ် ဖန်ဆင်းပြသ ခြောက်လှန့်တတ်ခြင်းကြောင့် တစ္ဆေဟု ခေါ်ဆိုကြခြင်း ဖြစ်ပေသည်။

နန်းကြေးသျှင်

www.burmeseclassic.com

www.burmeseclassic.com

# ပါကစ္စတန်နိုင်ငံက

## ဗုဒ္ဓရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်

ညွန့်ဟန်(ကြူတော)


လောကကို အလင်းရောင်ပေးသော ဗုဒ္ဓမြတ်စွာသည် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က အိန္ဒိယနိုင်ငံတွင် ပွင့်တော်မူခဲ့၏။ သက်တော်ထင်ရှား ရှိစဉ်နှင့် ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူပြီးနောက်ပိုင်းတွင် ဗုဒ္ဓ၏ ဟောကြားတော်မူခဲ့သော ဓမ္မတရားတော်များ ကမ္ဘာတစ်လွှား ပျံ့နှံ့လာသကဲ့သို့ ဗုဒ္ဓနှင့်သက်ဆိုင်သော အမှတ်အသားများ၊ သာသနိက အဆောက်အအုံများ၊ ဆင်းတုရုပ်တုများသည် နိုင်ငံများစွာ၌ တည်ထားကိုးကွယ်ကြသည်။ နှစ်ပေါင်းရာထောင်ချီကာ ကြာညောင်းသဖြင့် အချို့မှာ ပျက်စီးခဲ့ရသည်။ နိုင်ငံများ၏ အခြေအနေအမျိုးမျိုး၊ အခြားသော အယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုကြောင့်ဖြစ်သည်။ သို့ရာတွင် မပျက်မစီး တည်တံ့နေသော လက်ရာများစွာ ရှိကြပေသည်။ ဗုဒ္ဓဘာသာနိုင်ငံများ၌ စဉ်ဆက်မပြတ် တိုးပွားလျက်ရှိသည်ကို တွေ့နိုင်၏။ သို့ရာတွင် ဗုဒ္ဓဘာသာနိုင်ငံ မဟုတ်သော်လည်း ရှေးဟောင်းအမွေအနှစ် လက်ရာများအဖြစ် ထိန်းသိမ်းကြသည်။ အထူးသဖြင့် အစွန်းရောက် အခြားသော ဘာသာဝင်များအကြား ခိုင်မြဲလျက်ရှိသော ဗုဒ္ဓဆင်းတုရုပ်တု သာသနိကလက်ရာများ တည်တံ့ခြင်းက ထူးခြားပေသည်။



မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်အများစု ရှိရာ ဒေသများဟု လူသိများပေသည်။ အခြားနိုင်ငံအချို့က မဟာယနဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည်။ ဘူတန်၊ တောင်ကိုရီးယား၊ ဂျပန်စသော နိုင်ငံများသည် မဟာယနဘာသာဝင်များ ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓကို ယုံကြည်ကိုးကွယ်စိတ်က အတူတူပင် ဖြစ်ပေရာ အခြားသော ဗုဒ္ဓဘာသာနိုင်ငံများရှိ ဂူ၊ ကျောင်း၊ ဇရပ်၊ သာသနိကနှင့် ရုပ်တုရုပ်ပွားဆင်းတု၊ ဘုန်းကြီးကျောင်းများ ရှိရာဒေသများသို့ ဘုရားဖူးခရီး ထွက်ကြပေသည်။

ထူးခြားသည်မှာ ပါကစ္စတန်နိုင်ငံတွင် ဗုဒ္ဓရှေးဟောင်း ယဉ်ကျေး

www.burmeseclassic.com



မှုအမွေအနှစ် သာသနိကလက်ရာများ တည်ရှိခြင်း ဖြစ်၏။ နိုင်ငံ၏မြောက်ပိုင်းဒေသတွင်ဖြစ်ပြီး အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်နိမိတ်ခြင်း ထိစပ်သည့်နေရာတွင် ဖြစ်၏။

မြို့တော် အစ္စလမ်မာဘတ်မြို့မှ ကီလိုမီတာ ၁၇၀ ခန့်အကွာတွင် ဖြစ်သည်။ တာဟတ်အိုင်ဘာကီမြို့ရှိ ဂန်းမာရာဗုဒ္ဓကျောင်းတော်ကြီးမှာ ဆင်ရှားပြီး ဗုဒ္ဓဝင်ရှေးဟောင်း ဆင်းတုရုပ်တုများကို တွေ့ရသည်။ လွန်ခဲ့သောနှစ်ပေါင်း တစ်ထောင်ကျော်က လက်ရာများဟု ဆိုကြသည်။ အေဒီ ခုနစ်ရာစုကပင် တည်ရှိခဲ့သည်ဟု ရှေးဟောင်းသုတေသန ပညာရှင်တို့က ယူဆကြပေသည်။

ဝမ်းနည်းစရာ ကောင်းသည်မှာ အဆိုပါဒေသဝန်းကျင်သည် အာဖဂန်နစ္စတန်နယ်စပ်ဖြစ်သဖြင့် အေးချမ်းတည်ငြိမ်မှု ချို့တဲ့သည်။ တာလီဘန် အကြမ်းဖက်သမားများ၊ အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများ ရှိကြပြီး ဘော်လ်မီတောင်ခြေဝန်းကျင် ဖြစ်ပေရာ သွားလာဖို့ ခက်ခဲသည်။ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားစရာနေရာဖြစ်သော်လည်း အထမြောက်ဖို့ လှုံ့လပြုကြရသည်။

သို့ရာတွင် ဂျပန်၊ တောင်ကိုရီးယား၊ စင်္ကာပူ၊ ဘူတန် စသည့် နိုင်ငံများမှ လာရောက်ကြရာ မကြာမီကပင် တောင်ကိုရီးယား ဘုန်းတော်ကြီးများနှင့် ဗုဒ္ဓဘာသာဝင်များ လာရောက်ကြည်ညိုကြသည်။ ပါကစ္စတန်အစိုးရအနေဖြင့် ဒေသတွင်း ပဋိပက္ခနည်းပါးအောင် ကြိုးစားရင်း ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းထားရှိသည်။ အမေရိကန်ပြည်ထောင်စုကလည်း အမေရိကန်ဒေါ်လာ သန်းနှင့်ချီ၍ ကူညီပေးခဲ့သည်။ ခက်ခဲနေသော အကြမ်းဖက်ကိစ္စ၊ ဗီဇာကိစ္စ၊ လမ်းပန်းဆက်သွယ်ရေးပြဿနာကြားမှ ဗုဒ္ဓဘာသာဝင်များ လာရောက်ကြခြင်းဖြစ်သည်။

ယခုတွေ့ရသော လက်ရာများမှာ ရှားရှားပါးပါးလက်ရာများဖြစ်ပြီး ဂရိယဉ်ကျေးမှုနှင့် ခေတ်ပြိုင်ဖြစ်သော ပုံစံသဘော တူညီမှုများ ရှိပေသည်။ ပါကစ္စတန်နိုင်ငံ၏ ကန်ဘာ ရာနန်းဆက်လက်ထက်က လက်ရာများဟု ခန့်မှန်းရပေသည်။

ဗုဒ္ဓဘာသာ အတွေးအခေါ်၊ အယူအဆအနှစ်သာရသည် ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်ပိုင်းကို ဖြတ်လျက် ဂျပန်၊ ကိုရီးယားကျွန်းဆွယ်များသို့ ပျံ့နှံ့သည်ဟု ယူဆကြသည်။ ယခုနေရာဝန်းကျင်ကို ကမ္ဘာလှည့်ခရီးသည်များက စိတ်ဝင်စားကြသော်လည်း အခက်အခဲများစွာရှိသဖြင့် နိုင်ငံတာဝန်ယူမှုက အရေးပါဆဲဖြစ်၏။ သို့တိုင်အောင် ဗုဒ္ဓကို သဒ္ဓါတရားနှင့် ယုံကြည်ကိုးကွယ်သူများ လာရောက်ကြသည်။ များသောအားဖြင့် မဟာယာန ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်ဟု ဆိုပေသည်။

ပုံများမှာ ပါကစ္စတန်နိုင်ငံ၏ မြောက်ပိုင်း အာဖဂန်နစ္စတန်နှင့် ထိစပ်နေသော တောင်ခြေမှ သာသနိကအဆောက်အအုံများနှင့် ဗုဒ္ဓဆင်းတုများကို တွေ့ရခြင်းဖြစ်သည်။ လက်ရာမြောက်မှု၊ ကြည်ညိုသပ္ပာယ်မှုက ပြောစရာမရှိ၊ ထူးခြားပေ၏။ တိုင်းခြားဒေသတွင် ထိုသို့ ကိန်းအောင်းထိန်းသိမ်းမှုကို အသိအမှတ်ပြုရပါမည်။ မညှိုးမှိန်သော ဗုဒ္ဓဂုဏ်တော် ဖြစ်ပါ၏။


ညွန့်ဟံ(ကြူတော)

**The Star-15.5.13**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

အစ်ကို အိပ်လိုက်တော့နော်၊ အားရှိသွားအောင် အရေးအကြောင်း ရှိရင် နွယ့်ကိုခေါ်လိုက်၊ နွယ့်မှာ ညီအစ်ကိုမောင်နှမမရှိဘူး။ အစ်ကိုရောက်လာတာ ညီမအတွက် ငွေ့ဘုံးပြောဖော် အစ်ကိုတစ်ယောက် ရလိုက်သလိုပဲ"

မြနှင်းနွယ်သည် ရင်ထဲမှာရှိသည်ကို ဖုံးကွယ်မထားတတ်ပေ။ ရိုးသားပွင့်လင်းလွန်း၏။

"အစ်ကိုလည်း ညီမလိုပါပဲ"

ဤစကားတစ်ခွန်းကိုတော့ ကျွန်ုပ်ပြောလိုက်၏။ မြနှင်းနွယ်လည်း အထဲသို့ပြန်ဝင်သွားပြီးနောက် ထွက်မလာတော့ပေ။ ကျွန်ုပ်လည်း ဟိုတွေး ဒီတွေးဖြင့် အိပ်ပျော်သွားပြန်၏။

(၃)

"မနွယ် မနေ့က ဘာဖြစ်လို့ဆိုင်လာမဖွင့်တာလဲ"

ရောက်မဆိုက်ပင် ဘေးဆိုင်ခန်းမှ စပယ်ဖြူက မေးလေ၏။

"ဟုတ်တယ်၊ ညည်းဖျားနေသလားလို့ ဒီနေ့မှ ဆိုင်လာမဖွင့်ရင် ညနေစောစော ဆိုင်သိမ်းပြီး တို့ညီအစ်မလိုက်လာကြည့်မလို့ တိုင်ပင်ထားကြတာ"

စပယ်ဖြူ၏ ညီမ သင်းသင်းဦးက ပါပြောလေ၏။

"တို့အစ်ကိုတစ်ယောက် ဖျားနေလို့ ဆိုင်လာမထွက်ဖြစ်တာပါ"

မြနှင်းနွယ်က ပြုံးစလွယ်ဖြေလိုက်၏။

"ဘယ်ကအစ်ကိုလဲ၊ ညည်းအိမ်ကို တို့ရောက်ဖူးပါတယ်။ ဘယ်အစ်ကိုမှ မတွေ့ပါဘူး"

စပယ်ဖြူက မေးလေ၏။

"အစ်ကိုက အဘ နယ်နယ်ကစေစေ သစ်စက်ကပြန်လာတော့ ပါလာတယ်။ ခြေထောက်မှာလည်း ဒဏ်ရာနဲ့ ဒဏ်ရာ အရှိန်နဲ့ဖျားတာ"

"မနွယ်ရဲ့ အစ်ကိုနာမည်က ဘယ်လိုခေါ်လဲ"

မြနှင်းနွယ်မှာ ရုတ်တရက် အမည်ကိုမေ့နေ၍ စဉ်းစားလိုက်၏။

"ဘယ်လိုလဲ ယောက်မရယ် ကိုယ့်အစ်ကိုနာမည်တောင် မေ့နေတယ်ဆိုတော့ ဒါ အစ်ကိုအရင်းတော့ မဖြစ်နိုင်ဘူး။ ဘင်္ဂလားမောင်နှမတွေ ဖြစ်ဖို့များတယ်"



www.burmeseclassic.com

www.burmeseclassic.com

မြနန်းနွယ်ကို စပယ်ဖြူက စသလို ပြောလိုက်၏။

"ကျောက်ခဲ၊ ဟုတ်ပြီ ကိုကျောက်ခဲ လို့ခေါ်တယ်"

မြနန်းနွယ်က စဉ်းစား၍ရသွားသောကြောင့် ရွှင်မြူးစွာပြောလိုက်၏။

"နာမည်ကလည်း တုံးလိုက်တာ၊ ကျောက်ခဲတဲ့၊ ဒါနဲ့ မင်းအစ်ကိုက ချောရဲ့လား"

"ငါ့ကိုပဲကြည့်လေကွာ၊ ငါ့ရဲ့အစ်ကို ဆိုကတည်းက ချောတာပေါ့ဟ"

"ဒါဆိုရင် ဈေးပိတ်တဲ့ တနင်္ဂနွေနေ့ကျမှ လာကြည့်ဦးမယ်။ တကယ် ချောတယ်ဆိုရင်တော့ နင် ငါ့ကို နင့်အစ်ကိုနဲ့ အောင်သွယ်လုပ်ပေးရမယ်"

စပယ်ဖြူက ပြောင်ချော်ချော်ပြောလေ၏။

"နင်တို့ညီအစ်မနဲ့ ငါ့အစ်ကိုနဲ့ သဘောမတူနိုင်ပါဘူး။ နင်တို့က တစ်ချိန်လုံး ဟိုဟာဝယ်စား ဒီဟာဝယ်စားနဲ့ ငါ့အစ်ကို ရှာကျွေးနိုင်မှာ မဟုတ်ဘူး"

မြနန်းနွယ်က လျှောက်ပတ်သောစကားဖြင့် ငြင်းလေ၏။

"ဒီလောက်တောင် ငြင်းရလား မြနန်းနွယ်ရယ်။ အစကရိုးရိုး နောက်တော့တစ်မျိုးတိုးလို့ ဆိုတာမျိုးတော့ မကြားပါရစေနဲ့"

ထိုသို့စရင်း နောက်ရင်းဖြင့် ဈေးဝယ်သူလာ၍ အထည်များကိုပြရင်း စကားရပ်သွားကြလေ၏။

ထိုနေ့တစ်နေ့လုံးအဖို့ စပယ်ဖြူနှင့် သင်းသင်းဦးတို့ ညီအစ်မမှာ မြနန်းနွယ်အားစရန် အကွက်ကြီးတစ်ကွက်ရကာ အရောင်းပါးသည်နှင့် စလေ၏။

မြနန်းနွယ်၏စိတ်ထဲမှာ သာယာသလိုလိုတော့ရှိ၏။ ဈေးသိမ်းလျှင် ကိုကျောက်ခဲစားမြိန်မည့် အစာနှင့် ကိုကျောက်ခဲဝတ်ရန် အင်္ကျီ လုံချည်တို့ကို ယူသွားရန် စိတ်ကူးမိ၏။ ကိုကျောက်ခဲမှာ အဝတ်အစားနွမ်းနွမ်းဝတ်ထားသော်လည်း ယောကျ်ားပီသချောမောသော ရုပ်သွင်ရှိသည်ကို တွေ့ရ၏။

အဝတ်အစားကောင်းကောင်း ဝတ်ဆင်ပေးလိုက်လျှင် အလွန်ကြည်ကောင်းမည့်သူဟု ထိုနေ့အဖို့ တွေးနေမိလေ၏။

(၄)

မြနန်းနွယ်ကပင် စေတနာကောင်း၍လားတော့မသိပေ။

ခြေထောက်အရောင်မှာ အတော်လေးကျလာလေ၏။ နောက်နှစ်ရက်လောက်ဆိုပါက လမ်းကောင်းကောင်း လျှောက်နိုင်လိမ့်မည်ထင်၏။ ဦးကျော်စွာနှင့် မြနန်းနွယ်တို့နှင့်သာ မဆုံတွေ့ရပါက ကျွန်ုပ်၏ ဇာတိသရုပ်ပေါ်သွားနိုင်၏။ ကျွန်ုပ်မှာ ဒဏ်ရာရပြီးဖျားနေ၍ မိန်းကလေးထံပြန်ပြီး ဆေးကုရမည်ဖြစ်၏။ မိန်းကလေးက ကျွန်ုပ်ကို သစ်စက်ထဲနောက်ထပ်လွှတ်တော့မည်မဟုတ်ပေ။

ထိုအခါ ကျွန်ုပ်၏အကြံအစည် ပျက်ပြားက မေမြိုးတို့၏မိသားစုလည်း ဘဝပျက် ကြေကွဲဖွယ်ရာနှင့် ဇာတ်သိမ်းပြီး ကျွန်ုပ်လည်း ဂစ္ဆဂီရိသို့ ပြန်ရုံသာရှိတော့၏။ ကျွန်ုပ်အဖို့ မသူတော်ကျော်ကျော်အား ဖြစ်နိုင်သည့်နည်းဖြင့် ပညာပေးပြီးမှ ဂစ္ဆဂီရိကို ပြန်ရမည်။ သို့မဟုတ်ပါက မသူတော်ကျော်ကျော်သည် သူနှင့်ဆက်စပ်ပတ်သက်သမျှကို ဒုက္ခပေးနေဦးမည်ဖြစ်၏။

"အစ်ကိုကျောက်ခဲ"

မြနန်းနွယ်သည် ဆိုင်အရောင်းပိတ်ပြီးပြန်လာရာ အိမ်သို့ပြန်ရောက်ရောက်ချင်း ကျွန်ုပ်ကိုမေးလေ၏။ ကျွန်ုပ်မှာအဖျားလည်းသက်သာ ဒဏ်ရာလည်းသက်သာသည်မို့ မီးဖိုချောင်သို့ဝင်ကာ ရေနွေးအိုးတည်နေ၏။

"အစ်ကိုကျောက်ခဲက မီးဖိုချောင်ရောက်နေတာကိုး။ ကျန်းမာရေးသိပ်ကောင်းသေးတာ မဟုတ်ဘဲနဲ့။ လာ အပြင်ထွက် နားနားနေနေ နေမှပေါ့"ဟု ဆိုကာ ကျွန်ုပ်၏ လက်ကိုဆွဲ၍ အပြင်သို့ခေါ်ထုတ်လာလေ၏။

"အလကားအားနေလို့ ပျင်းတာနဲ့ ရေနွေးအိုးတည်နေတာ"

ထိုသို့ပြောဆိုရင်း မြနန်းနွယ်ဆွဲခေါ်ရာသို့ ပါလာခဲ့၏။

"အစ်ကိုကျောက်ခဲ၊ ဒီမှာဘာတွေလဲကြည့်စမ်း"

သူမ၏ ဆွဲခြင်းထဲမှ အထည်များကိုဆွဲထုတ်လိုက်၏။

"ဘာလုပ်ဖို့လဲ ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုကျောက်ခဲ ဝတ်ဖို့လေ"

"မဟုတ်တာဘဲ ညီမလေးရာ။ အစ်ကိုကျောက်ခဲက ယောက်ျားပါ။ ညီမလေးက အစ်ကိုကျောက်ခဲဝတ်ဖို့ ဝယ်လာရတယ်ဆိုတော့ မဟုတ်ဘူး။ အစ်ကိုကျောက်ခဲကသာ ညီမလေး အတွက် ဝယ်ပေးရမှာပေါ့"

"အဲ့ဒါ ညီမလေးရဲ့ စေတနာကို စော်ကားတာပဲ၊ ဘာလဲ မဝတ်ဘူးလား၊ အကုန်လုံး မီးရှို့လိုက်မှာနော်"

"ဝတ်ပါ့မယ်ဗျာ"

"ပြီးတော့ အစ်ကိုကျောက်ခဲ ထမင်းစားနိုင်ပြီမဟုတ်လား။ နှုတ်မြိန်ရအောင် ပုစွန်တုပ်ဆီပြန်ဟင်း ဝယ်ခဲ့တယ်"

"သမီး သဒ္ဓါတွေသိပ်ပိုနေပြီနော်၊ အဘအတွက်ကျတော့ ဘာမှမပါဘူး မဟုတ်လား။ တစ်ခါမှဒီလို ပုစွန်တုပ်ဆီပြန်ဟင်းတို့ ဘာတို့ ဝယ်ခဲ့ပေးတာ မရှိဘူး"

ဦးကျော်စွာက မြနှင်းနွယ်ကို စလေ၏။

"အို အဘကလည်း ဘာတွေလာပြောတာလဲ၊ အဘစားချင်ရင်ဝယ်ခဲ့ပေးမှာပေါ့။ ဒီနေ့တော့ အစ်ကိုကျောက်ခဲပဲ စားပါစေ၊ အဘအတွက် မနက်ဖြန် ဝယ်ခဲ့ပေးမယ်"

"အလကားပါ သမီးရယ် ကိုယ့်သမီးအကြောင်းကိုယ်သိပါတယ်"

ဦးကျော်စွာက ရယ်လျက်ပြောလေ၏။

"အစ်ကို ဆေးရောနေ့ခင်းက သောက်ရဲ့လား"

သောက်ပါတယ်။ အစ်ကိုက မြန်မြန်ပျောက်ချင်နေတာ၊ ညီမလေးတို့ အိမ်မှာနေရတာ အားနာလို့"

"အစ်ကိုက ရောဂါပျောက်ရင်ပြန်မှာပေါ့လေ"

"အစ်ကို့မှာ သွားစရာတော့မရှိဘူး။ သစ်စက်ကိုပြန်ရမယ်"

"သွားစရာမရှိဘူးဆိုရင် မြနှင်းနွယ်တို့အိမ်မှာပဲနေပါလား။ အစ်ကိုကျောက်ခဲ အလုပ်မလုပ်လည်း ရတယ်။ မြနှင်းနွယ် ရှာကျွေးနိုင်ပါတယ်"

"ညီမလေးလည်း အလုပ်က ပင်ပန်းလာတာနဲ့ နားလိုက်ပါဦး။ ရေချိုးရဦးမယ်မဟုတ်လား။ ထမင်းတွေဘာတွေစားပြီးမှ အေးအေးဆေးဆေး စကားပြောလဲရတာပဲ"

"ဒါဖြင့် မြနှင်းနွယ် လုပ်စရာရှိတာတွေလုပ်လိုက်ဦးမယ်"

မြနှင်းနွယ် အထဲဝင်သွား၏။ ဦးကျော်စွာကတော့ သူ၏သမီးမြနှင်းနွယ်တစ်ယောက် မောင်ကျောက်ခဲကို သံယောဇဉ်ရှိနေပြီဟု တွက်ဆမိလိုက်လေ၏။

(၅)

"အဘ၊ သစ်စက်က နေ့ဘက်မလည်ဘဲ ညဘက်မှလည်တာ ဘာဖြစ်လို့လဲ"

အခုမှ အေးအေးဆေးဆေး ဖြစ်သည်မို့ မေးလိုက်၏။

"မသိချင်စမ်းပါနဲ့ မောင်ကျောက်ခဲရာ"

ကျွန်တော်သိချင်တာက ဒီလိုပါ။ ကျွန်တော်က အဘထွန်းလှိုင်တို့ကို မှီခိုနေရတော့ အဘထွန်းလှိုင်တို့ အခြေအနေကောင်းမွန် တိုးတက်စေချင်လို့ပါ။ အဘထွန်းလှိုင်တို့ အခုစီးပွားရေးကျနေတယ်လို့ ကျွန်တော်ကြားနေရတယ်။ အဘထွန်းလှိုင်တို့အခြေအနေမကောင်းရင် ကျွန်တော်ဘယ်လွင့်မလဲ မသိဘူး။ အဘထွန်းလှိုင်တို့ကို ကူညီချင်တယ်။ ပြီးတော့ မန်နေဂျာကြီးကို ကြည့်ရတဲ့ပုံစံက စိတ်ဓာတ်ကောင်းတဲ့ပုံမပြဘူး။

"ကိုထွန်းလှိုင်တို့ စီးပွားကျတာ အဲ့ဒီလူဖေနဲ့ ကျော်ကျော်ဆိုတဲ့ ကောင်ပေါင်းမိသွားလို့။ အစက လူဖေလည်း ကောင်းပါတယ်"

ကျွန်ုပ်က စကားအစဖော်ပေးလိုက်ရာ ဦးကျော်စွာဆီမှ စကားအစထွက်လာလေ၏။

"ဘယ်လို ပေါင်းမိသွားတာလဲ အဘ"

"ကျော်ကျော်နဲ့ ဦးထွန်းလှိုင်နဲ့က စီးပွားဘက်တွေပဲ။ မြိတ်ဘက်ကူးနေတဲ့ စက်လှေလည်းအတူ စီးပွားထောင်ထားကြတယ်။ ဒီစက်လှေတွေကိုနောက်ပိုင်း တစ်ဖက်လှည့်နဲ့ ကျော်ကျော်ကသိမ်းယူလိုက်တယ်။ ဒီသစ်စက်လည်း ကျော်

www.burmeseclassic.com

ကျော်ရဲ့လက်ထဲ ရောက်လှရောက..ခင်ပဲ။ ဦးထွန်းလှိုင်ရဲ့ သမီးက အင်မတန်ချော တော့ အဲ့ဒါကို ငွေနဲ့သိမ်းပိုက်ဖို့လုပ်တယ်။ ကံကောင်းချင်လို့လားတော့ မသိဘူး။ ကိုထွန်းလှိုင်ရဲ့ သမီးဟာ ဖူးစာဖက်ကိုတွေ့သွားပြီး အဲ့ဒီသူငယ်က ကိုထွန်းလှိုင်တို့က ကျော်ကျော်ပေါ်မှာ ပေးစရာရှိနေတဲ့ အကြွေးတွေဆပ်ပေးလိုက်တယ်။

ဒါပေမယ့် ကျော်ကျော်က ဆက်ကောက်ကျစ်ဦးမှာပဲ။ နောက်ဆုံး ဒီသစ်စက်ဟာ ကျော်ကျော်ရဲ့လက်ထဲ ပြန်ရောက်ပြီး ကိုထွန်းလှိုင်သမီးတို့ လင်မယားလည်း ပြန်ကွဲဦးမယ်။ ဒီကောင်က လင်ရှိတာ မရှိတာ သိပ်နားလည်တာမဟုတ်ဘူး။ မရရတဲ့နည်းနဲ့ ကိုထွန်းလှိုင်ရဲ့ သမီးကို ခြေတော်တင်ဦးမှာပဲ။

"သစ်စက်က နေ့ဘက်မလည်ဘူး။ ကိုထွန်းလှိုင်က နေ့ဘက်လာတတ်တာကိုး။ ဒီသစ်စက်ကိုလာတဲ့ သစ်အော်ဒါကို မန်နေဂျာလုပ်ဖေက ကျော်ကျော်ရဲ့ သစ်စက်ဆီလွှဲပေးတယ်။ ဒါနဲ့ပဲ ဒီသစ်စက်မှာ နေ့ဘက် သစ်မခွဲရတာ"

"ညဘက်သစ်ခွဲတာက ကျော်ကျော်ရဲ့သစ်တွေလာခွဲတာ။ ဒီကအလုပ်သမားနဲ့ သစ်စက်ကို အသုံးချပြီးခွဲတာ"

ကျွန်ုပ်သည် ကျော်ကျော်ကို လွန်စွာရွံမုန်းမိလေ၏။ ဦးထွန်းလှိုင်တို့ကို ကျော်ကျော်၏ လှောင်ချိုင့်အတွင်းမှ မလွတ်ရင် လွတ်အောင်လုပ်ဆောင်မည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။

"ဒီလောက်တောင် မတရားတာတွေလုပ်နေတာ၊ အဘတို့က ဦးထွန်းလှိုင်ကို မပြောပြဘူးလား"

"အေးအေးနေတာပဲ ကောင်းပါတယ် မောင်ကျောက်ခဲရယ်။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီးနေတာ စိတ်ချမ်းသာတယ်။ သူများအရှုပ်ထဲ ဝင်မပါတာကောင်းတယ်"

"မဟုတ်သေးပါဘူးအဘရာ၊ အခုဟာက မတရားတာ၊ ပြီးတော့ ကိုယ့်ကျေးဇူးရှင်ဆိုတော့ ဒီကိစ္စမှာ အဘတို့ကူညီကောင်းပါတယ်"

ကျွန်ုပ်က ဦးကျော်စွာအား စည်းရုံးရေးစကားဆို၏။

"အစ်ကိုကျောက်ခဲပြောတာ ဟုတ်တယ်အဘ၊ သမီးတောင် ကြားရတာ စိတ်မကောင်းဖြစ်တယ်။ မမမိုးလည်း သနားစရာပဲ။ အဘကို မန်နေဂျာလုပ်ဖေက အလုပ်ဖြုတ်လည်း မပူပါနဲ့။ သမီးရဲ့ လုပ်စာနဲ့စားလို့လောက်ပါတယ်"

မြနှင်းနွယ်ကပါ စကားဝိုင်းထဲ ဝင်ပြောလေ၏။

"လူငယ်တွေကတောင် အမှန်တရားအတွက် သတ္တိရှိနေကြတယ်။ အဘက အသက်ကြီးပါပြီ။ အတတ်နိုင်ဆုံး သူတို့ရဲ့ လုပ်ရပ်တွေကို စုံစမ်းပေးပါမယ်"

နောက်ဆုံးတွင် ဦးကျော်စွာရော၊ မြနှင်းနွယ်ကိုပါ စည်းရုံးမိသွား၏။

"ဒါနဲ့ အစ်ကိုကျောက်ခဲတို့ စကားမပြတ်လို့ မပြောသေးတာ၊ ဈေးမှာ မြနှင်းနွယ်လိုပဲ အထည်ရောင်းတဲ့ ကောင်မတွေက မနက်ဖြန်တနင်္ဂနွေနေ့ ဈေးပိတ်တာ ဒီကိုအလည်လာကြမယ်တဲ့။ မြနှင်းနွယ်က အစ်ကိုတစ်ယောက်ရှိတယ်ဆိုလို့ လာကြည့်မှာတဲ့။ အစ်ကိုသိပ်ပြီးအရောမဝင်နဲ့နော်။ ဒီကောင်မတွေက ခပ်ထထရယ်။ ဈေးသည်ဆိုတော့ စကားကလည်းသွက်တယ်။ သူတို့လာရင် အစ်ကိုခပ်ဝေးဝေးမှာနေနော်"

မြနှင်းနွယ်က ဆက်ပြောလိုက်လေ၏။ မြနှင်းနွယ်၏ စကားထဲမှာ မနာလိုဝန်တိုမှုပါဝင်နေသည်ကို တွေ့ရှိရ၏။

"ညီမလေးကလည်း သူတို့က အမြဲလာတာမှမဟုတ်တာ။ တစ်ခါတလေမှလာတာ၊ ကိုယ်က စကားလည်းမပြော၊ ညှော်လည်းမခံဘူးဆိုရင် ဘယ်ကောင်းပါ့မလဲ"

"ဒီကောင်မတွေအကြောင်း ညီမသိတယ်။ အစ်ကိုကျောက်ခဲကိုတွေ့ပြီးသွားရင် နောက်ဆို အကြောင်းမရှိအကြောင်းရှာပြီး ချောင်းပေါက်အောင်လာမှာ"

"အစ်ကိုကျောက်ခဲကို တွေ့ရုံနဲ့ ဘာဖြစ်လို့ခဏခဏလာမှာလဲ"

"အဟင်း…ပြောရတော်တော်ခက်တာပဲ၊ အစ်ကိုကျောက်ခဲက ချောတော့ ဒီကောင်မတွေက အစ်ကိုကျောက်ခဲကို ပိုးဖို့လာမှာပေါ့"

"သူတို့ ပိုးတာပဲဘာဖြစ်လဲ"

မြနှင်းနွယ်က ခေါင်းကိုကုတ်လိုက်၏။

www.burmeseclassic.com

"အစ်ကိုကျောက်ခဲ၊ အဲ့ဒီကောင်မတွေနဲ့ပါသွားမှာစိုးလို့ပြောတာ"

ထိုစကားကို ပြောပြီးနောက် မြနှင်းနွယ်မှာ သူ့စကားကိုသူ ရှက်ရွံ့ဟန်ဖြင့် ထသွားလေတော့၏။

နံနက်မိုးလင်းစပဲ ရှိသေး၏။

မိန်းမပျိုသုံးယောက် မြနှင်းနွယ်တို့ အိမ်သို့ ရောက်ရှိလာလေ၏။

"မြနှင်းနွယ် . . . တို့ရောက်လာပြီနော်"

အိမ်ပေါ်သို့ပင် မရောက်သေး ထိုအမျိုးသမီးတွေက မြနှင်းနွယ်ကို အော်ပြောလေ၏။ သူတို့မှာ ဆွဲခြင်းတွေပါ၏။ ချက်စရာပြုတ်စရာများလည်းပါ၏။ ဒီမနက် သူတို့ ဒီမှာထမင်းချက်စားကြလိမ့်မည်ထင်၏။ တော်ရုံနှင့် ပြန်ကြမည့်ပုံမပေါ်ချေ။

အိမ်ပေါ်သို့ရောက်သည်နှင့် အိမ်ရှေ့ဝရန်တာ၌ထိုင်နေသော ကျွန်ုပ်အား သူတို့ကြည့်ကြ၏။

"ဒါ မြနှင်းနွယ်တို့အစ်ကိုထင်တယ်၊ ရုပ်ဖြောင့်တယ်ဟ"

တစ်ယောက်က မကြားတကြား ပြော၏။ မြနှင်းနွယ်က ကမန်းကတန်း အိမ်ထဲမှထွက်လာကာ သူတို့သုံးယောက်ကိုထွက်ကြို၏။

"ညည်းတို့ကလည်း မိုးကအခုမှ လင်းတယ်၊ ရောက်လာတာမြန်လိုက်တာ"

"အောင်မယ်လေး၊ ယောက်မရယ် ကျုပ်က ဒီကိုလာဖို့ ညကအိပ်မက်တွေတောင်မက်နေတာ။ အိပ်မက် မက်ပြီး အိပ်လို့မရတော့ဘူး။ ညကတည်းက လာချင်နေတာ။ မိုးမြန်မြန်လင်းအောင် ဆုတောင်းနေမှ ညတာကလည်း ရှည်လိုက်တာ"

စပယ်ဖြူက ပြော၏။

"ဟုတ်တယ်။ ကျုပ်လည်း ညတုန်းကအိပ်မက် မက်တယ်"

ခင်သန်းဝေက ပြောပြန်၏။

"ညည်းတို့အိပ်မက်ဆိုရင် ကျုပ်က သိပြီးသား၊ မဟုတ်တရုတ်အိပ်မက်ပဲဖြစ်မယ်"

မြနှင်းနွယ်က အငေါ်တူးတူးပြောလိုက်၏။

"ညက အိပ်မက်ထဲမှာ ရွှေမင်းသားနဲ့တွေ့တယ်။ နိမိတ်တဘောင်တွေအရ ရွှေမင်းသားက နွယ်တို့အိမ်မှာရှိသတဲ့၊ ဒါကြောင့် အိပ်မရတာ၊ ရွှေမင်းသားကို ကျုပ်ကိုယ်တိုင် ဟင်းကောင်းကောင်းချက်ကျွေးမလို့ ဈေးထဲဝင်ဝယ်ခဲ့တယ်"

သူတို့၏ စကားမှာ အချင်းချင်းစနောက်၍ ပြောနေကြသော်လည်းကျွန်ုပ် အတိုင်းသား ကြားနေရ၏။ မြနှင်းနွယ်က သူတို့၏ ဆွဲခြင်းများကိုဆွဲကာ နောက်ဖေးခန်းသို့ခေါ်သွား၏။ နောက်ဖေးခန်းရောက်သောအခါ တစ်ယောက်နှင့်တစ်ယောက် စကားတွတ်ထိုးရင်း နံနက်စာကို ချက်ပြုတ်နေကြလေ၏။

ကျွန်ုပ်ကတော့ ဘာမှမသိသလိုနေ၏။

ချက်ပြုတ်ပြီး ရေမိုးချိုးကြလေ၏။ ရေမိုးချိုးပြီးနောက် ထမင်းပွဲကို ပြင်လေ၏။ အားလုံး ဝိုင်းထိုင်စားကြလေ၏။ ဦးကျော်စွာနှင့်ပါဆိုလျှင် ထမင်းဝိုင်းမှာ ခြောက်ယောက်ဖြစ်သွားလေ၏။ ဦးကျော်စွာကို ဦးစွာဟင်းများခပ်ထည့်ပေးကြပြီးနောက် အသားဖြူဖြူနှင့် ကောင်မလေးက ငါးရံ့အူဟင်းကို ခပ်၍ ကျွန်ုပ်ကိုထည့်ပေး၏။

"ဒါက စပယ်ကိုယ်တိုင်ချက်ထားတဲ့ ငါးရံ့အူဟင်း။ အစ်ကိုစားနော်၊ မြနှင်းနွယ်ရဲ့အစ်ကိုဆိုတော့ စပယ်ရဲ့ အစ်ကိုပါပဲ။ ပြောလိုက်လေ မြနှင်းနွယ်၊ ငါ့နာမည် စပယ်ဖြူပါလို့"

မြနှင်းနွယ်က စပယ်ဖြူကို မျက်စောင်းထိုးကာ

"ငါမှ ပြောစရာမလိုတော့တာ။ ညည်းနာမည်ကို ညည်းပဲ စပယ်ဖြူလို့ ပြောလိုက်တယ် မဟုတ်လား"ဟု ပြောလိုက်လေ၏။

"အေး . . . ဟုတ်သားပဲ၊ ငါ့နာမည် စပယ်ဖြူလို့ပြောလိုက်မိသလား"

"ပြောလိုက်တယ်၊ ဒီတစ်ခါ ကျုပ်အလှည့်နော်"

ဆံနွယ်ရှည်ရှည်နှင့် ကောင်မလေးကပြောလေ၏။

"ဒါက အစ်ကိုစားရအောင်လို့ ဖွေးကိုယ်တိုင်ချက်ထားတာဟုဆိုကာ ငါးသ



www.burmeseclassic.com

www.burmeseclassic.com

လောက်ဥနှင့် ငါးသလောက်ပေါင်းကို ကျွန်ုပ်၏ပန်းကန်ထဲသို့ ထည့်ပေးပြန်၏။

"အစ်ကိုစားနော်၊ စားလို့ကောင်းရင် နောက် ခဏခဏ အစ်ကို့ဆီလာပြီး ချက်ကျွေးဦးမယ်သိလား။ အားမနာနဲ့ နော်၊ ကျွန်မနာမည်က ဖြူဖြူဖွေးတဲ့။ အစ်ကိုမှတ်ထားနော်၊ မေ့မသွားနဲ့၊ မြနှင်းနွယ် နင်က မိတ်မဆက်ပေးတော့ လည်း ငါ့နာမည် ငါမိတ်ဆက်ပေးလိုက်ပြီ"

ဖြူဖြူဖွေးဆိုသော ကောင်မလေး ကလည်း ဟင်းတွေခပ်ထည့်ပေးပြန်၏။

"ဟောဒါက ဝက်ကလီစာဟင်း အစ်ကိုကြီးရဲ့၊ ဒီဟင်းကို သူတို့ဟင်းတွေ ထက် အစ်ကိုကြီး ပိုပြီးခံတွင်းတွေ့မှာပါ"

အသက်အငယ်ဆုံးဖြစ်ဟန်တူသော ကောင်မလေးက ကျွန်ုပ်၏ပန်းကန်ထဲသို့ ဟင်းများခပ်ထည့်ပေးပြန်၏။

"သမီးရဲ့နာမည်က သင်းသင်းဦးလို့ ခေါ်တယ်။ မြနှင်းနွယ်ကျွေးတာ စားမ ကောင်းရင် မှာလိုက်နော် သမီးလာချက် ကျွေးမယ်။ သမီးနဲ့ စပယ်ဖြူဟာ ညီ အစ်မတော်တယ်"

သူတို့ထည့်ပေးသော ဟင်းများက ထမင်းပန်းကန်ထဲ ပြည့်လျှံသွားလေ၏။ ကျွန်ုပ်က ဘာမှမပြောဘဲ ပြုံးရုံသာပြုံး ပြီး သူတို့ချက်ကျွေးသော ထမင်းနှင့် ဟင်းကို မြိန်မြိန်ကြီး စားပြရလေ၏။

ကျွန်ုပ်က ငါးသလောက်ဥကိုစား လျှင် "တွေ့လား ဖွေးချက်တဲ့ဟင်းကို စားတယ်။ ဖွေးရဲ့လက်ရာကို ကြိုက်လို့ ဖြစ်မယ်" ဟုပြော၏။

ငါးရံ့အူဟင်းနဲ့ စားပြန်သောအခါ ကျုပ်ဟင်းကို ပိုကြိုက်တာပါတော်ဟု စပယ်ဖြူက ပြောပြန်၏။

ဝက်ကလီစာဟင်းကို စားပြန်သော အခါ သင်းသင်းဦးလေးက သင်းရဲ့ဝက် ကလီစာကိုမှ ကြိုက်တာတွေ့လား။ အစ်ကိုကြီး ဟုတ်တယ်မဟုတ်လားဟု ပြောလေ၏။

ကျွန်ုပ်က ယောင်ရမ်းကာ ခေါင်း ညိတ်ပြလိုက်မိ၏။

"တွေ့လား၊ အစ်ကိုကြီးက ခေါင်း ညိတ်ပြတယ်။ မိသင်းက စူပါဖြစ်သွားပြီ"

ထိုအခါ အားလုံး၏ လက်တွေက အငယ်ဆုံးဖြစ်သော သင်းသင်းဦး၏ ခေါင်းပေါ်သို့ ဒေါက်ကနဲ ဒေါက်ကနဲ ကျသွားလေ၏။

သူများကုသိုလ်နဲ့သူများ ဖြစ်တာ၊ သူတို့က မနာလိုဘူး ဝိုင်းနိုပ်စက်တယ် ဟု သင်းသင်းဦးက ရှုံ့မဲ့ဟန်ပြု၍ ပြော လေ၏။

"တို့က နှိပ်စက်တာ မဟုတ်ပါဘူး။ သင်းလေးကို ထောမနာပြုကြတာပါ"

အားလုံးက ပြောကြလေ၏။

"ဟင်း···အစ်မကြီးတို့ ထောမနာ ပြုတာကလည်း ခေါင်းကိုကျိန်းသွားတာ ပဲ၊ နောက်ထပ် ထောမနာမပြုနဲ့တော့ နော်···အပယ်"ဟု သင်းသင်းဦးက ခေါင်းကိုပွတ်ရင်းပြောလေ၏။

"ညည်းတို့နော်···တော်တော်ကဲ၊ ထမင်းစားတာ ကောင်းကောင်းမစားကြ ဘူး။ စကားများနေကြတယ်"

မြနှင်းနွယ်က ဆူဆူပြောပြော ပြောလိုက်လေ၏။

ကျွန်ုပ်နှင့် ဦးကျော်စွာတို့မှာ ထမင်းကို အမြန်စားပြီး လက်ဆေးကာ အပြင်ထွက်လာကြသော်လည်း သူတို့မှာ ဆက်၍စားရင်း စကားတွတ်ထိုးဆဲရှိ လေ၏။ ထို့နောက် ထမင်းဝိုင်းကို သိမ်း ကြ၏။ ထမင်းဝိုင်းသိမ်း၍ ဆေးကြော ပြီးသောအခါ အားလုံး ကျွန်ုပ်ဆီသို့ ရောက်လာကြ၏။

"အစ်ကိုနဲ့ မိတ်ဆက်ပေးဖို့ပြော တာ မြနှင်းနွယ်က လက်ရှောင်နေ တယ်။ ညီမတို့ဘာသာ မိတ်လာဆက် တာ၊ အစ်ကိုရဲ့နာမည်က ဘယ်လိုခေါ် သလဲ"

စပယ်ဖြူကမေး၏။

"ကျွန်တော့်နာမည် ကျော်ကဲ့ပါ"

"နာမည်က ဆန်းတယ်ဟ"

သင်းသင်းဦးက ပြော၏။

"ဘယ်လိုမှ သဘောမထားနဲ့နော် အစ်ကိုကျော်ခဲ့၊ မြနှင်းနွယ်က အဖြစ် သည်းနေလို့ ညီမတို့သက်သက်လာခဲ့ တာ၊ ညီမတို့ကိုလည်း ခင်လို့ရပါတယ်။ ဆိုင်ကိုရောက်ရင်မြနှင်းနွယ်ကကျော်ခဲ့ ကျော်ခဲ့နဲ့ တစ်ကျော်ခဲ့တည်းဖြစ် နေတာ။ နားကိုညည်းလို့"

ဖြူဖြူဖွေးက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ညည်းတို့နော်၊ ဘာအတို့အထောင် တွေလုပ်နေတာလဲ၊ စားပြီးပြီမဟုတ် လား ပြန်လို့ရပြီ"

မြနှင်းနွယ်က ဝင်ပြောလိုက်၏။

"ပြန်မှာပါ ယောက်မရယ်။ နေပါဆို လည်းမနေပါဘူး။ ဒီမှာအလုပ်တွေက တစ်ပုံကြီး အစ်ကိုကျောက်ခဲ၊ ဖြူဖွေးတို့ ပြန်ဦးမယ်။ ဈေးထဲကိုလာလည်ပါလား"

"ဒီမှာတောင် ဒီလောက်ဆက်ရက် ကျနေရင်၊ ဈေးကိုသွားလည်ရင် ဗိုင်းပြီး အာလို့ ကျွန်တော် နေစရာတောင် ရှိတော့မှာ မဟုတ်ဘူး"

ကျွန်ပ်က အလိုက်အထိုက် စကားပြန်ပြောလိုက်၏။

"ကြည့်စမ်း အစ်ကိုကျောက်ခဲက စကားပြောတတ်သားပဲ၊ တစ်ချိန်လုံး တို့ပဲပြောနေတာ အခုမှအစ်ကိုကျောက် ခဲဆီက စကားသံထွက်လာတယ်"

သင်းသင်းဦးက ပြောလိုက်၏။

"အစ်ကိုကျောက်ခဲက ကျောက်ခဲ လို အသည်းမမာဘူး မဟုတ်လား"

တစ်ယောက်က ဖောက်ပြောပြန်၏။

"မမာပါဘူးဗျာ၊ ကျွန်တော့်အသည်း ကပျော့ပါတယ်။ အားလုံးကိုလည်းခင် တတ်ပါတယ်"

ကျွန်ပ်က ထိုသို့ပြောလိုက်သော အခါ -

"ခင်ရုံလောက်နဲ့ဆိုရင် စပယ်တို့က မကျေနပ်နိုင်ဘူး။ တစ်ဆင့်တက်မှ"

"ကောင်မကကဲပြီ"

"ညည်းကလည်း အကွေးချော်ပြန် ပြီ။ ခင်ရုံထက် ဟို မောင်နမတွေလို မျိုးဆိုရင် ပိုကောင်းမယ်လို့ပြောတာ၊ ဒါမှ အစ်ကိုနဲ့ညီမ၊ အစ်ကိုကျောက်ခဲကို ညီမတွေက နွဲ့ဆိုး အဲ · · အဲ့ဒါ · · ကောင်းဖူးလား"

"ညည်း စကားတော်တော်တတ် တယ်"

"အစ်ကိုစိတ်မရှိနဲ့နော်၊ ညီမတို့က ဒီလိုပဲပေါက်ကရတွေ ပြောနေကျပါ"

"ရပါတယ်၊ ကျွန်တော်တောင်ပျော် လာသလိုပါပဲ"

"ဖွေးတို့ကို ညီမလေးလိုနော် အစ် ကိုကျောက်ခဲ"

"ပြောတဲ့ကြားကဖောက်လာတယ်"

"တော်ပါပြီ။ မပြောတော့ပါဘူး။ ဖွေးတို့အားလုံး ပြန်ကြတော့မယ်။ ဖွေး တို့ကို အစ်ကိုကျောက်ခဲ သတိရနေဦး မယ်။ သတိရပြီး ထမင်းစားမဝင် အိပ် မပျော်ဖြစ်ရင် တို့ကို မြနှင်းနွယ်လာခေါ် နော်၊ တို့သုံးယောက်လုံး ပြေးလာကြ မယ်"

"မင်းတို့စကားတွေက လွန်လာပြီ နော် · · ·ပြန်မယ်ဆို မြန်မြန်ပြန်ကြ"

တစ်ယောက်နှင့်တစ်ယောက် မထိ ခလုတ် ထိခလုတ်ပြောကာ ပြန်သွားကြ မှပဲ အသံတိတ်သွား၏။ ကျွန်ပ်လည်း အနေကြပ်ရာမှ အနေပြန်ချောင်သွား ၏။ သူတို့၏ပျော်ပျော်နေတတ်ပုံကို ကျွန်ပ်သဘောကျလေ၏။ ကျွန်ပ်မှာမူ မပျော်နိုင်ပေ။ ရေ့ရေးကိုတွေးကာ စိတ် လေးနေမိ၏။

မြနှင်းနွယ်သည်လည်း ကျွန်ပ်ကို တွယ်တာနေပုံရ၏။ မြနှင်းနွယ်သည် ကျွန်ပ်အတွက် နောင်ကြိုးလေးတစ်မျှင် ပင်ဖြစ်လေတော့သည်။

## စာစု (၁၂)

## နှမ်းလျှေဖြေမထသည်

(၁)

ကျွန်ပ် ရေခပ်နေ၏။

ကျွန်ပ်၏ဒဏ်ရာမှာ ကောင်းနေပြီ ဖြစ်သောကြောင့် ကျွန်ပ်က နိုင်သမျှဝန် ကို ပြန်ထမ်းခြင်းဖြစ်၏။

မြနှင်းနွယ် ပြန်ရောက်လာ၏။

"အစ်ကိုကျောက်ခဲ" ဟု ရောက် သည်နှင့် ကျွန်ပ်ကိုခေါ်၏။

ကျွန်ပ်က ရေခပ်နေရာမှ

"အစ်ကိုကျောက်ခဲဒီမှာ ညီမလေး"

"အိမ်နောက်မှာ ရေတွေခပ်နေ တာ၊ ညီမလေးက တစ်နေ့လုံးပင်ပန်း လာတယ်မဟုတ်လား။ အိမ်ပြန်ရောက် ရင် ညီမလေးအဆင်သင့် ရေချိုးနိုင် အောင် ခပ်နေတာပါ"

ရောက်မဆိုက်ပင် ကျွန်ပ်ရှိရာ အိမ်နောက်သို့ ပြေးလာ၏။

"ပေး · ·ပေး မခပ်ရဘူး။ ညီမ ငရဲတွေကြီးနေပါဦးမယ်"

www.burmeseclassic.com

မြနှင်းနွယ်က ကျွန်ုပ်ခပ်နေသော ရေပုံးကို အတင်းဆွဲလုလေ၏။ ထို့နောက် ကျွန်ုပ်၏လက်ကိုဆွဲ၍ အိမ်ပေါ်သို့ ခေါ်လာ၏။

ဤအချိန်မှာ ဦးကျော်စွာက မြို့ထဲ ခေတ္တသွားနေ၏။

"ဒီမှာထိုင်၊ အစ်ကိုကျောက်ခဲကို ပြောစရာရှိတယ်" ဟုဆိုကာ ကျွန်ုပ်အား ထိုင်ခိုင်းလိုက်၏။

"ဟိုနေ့ကလာတဲ့ ကောင်မသုံးကောင်လေ၊ အစ်ကိုကျောက်ခဲသိတယ် မဟုတ်လား"

"အင်း သိသားပဲ"

"အဲ့ဒီကောင်မတွေက မိန်းမနောက်ပိုးတွေ။ အဲ့ဒီနေ့က သူတို့မျက်လုံးတွေက အစ်ကိုကျောက်ခဲဆီမှာပဲ။ အမှုန်ဖြစ်တတ်ရင် အစ်ကိုကျောက်ခဲ အမှုန်ဖြစ်သွားပြီ သိလား"

မြနှင်းနွယ်က ကျွန်ုပ်အား ကလေးတစ်ယောက်လို ရင်ထဲရှိတာ မသိုဝှက်ဘဲ ပြောလေ၏။

"ကြည့်တာပဲ ညီမလေးရ"

"ဟင်း . . . မပြောလိုက်ချင်ဘူး။ အခု ဟောဒီမှာ ဘာတွေလဲဆိုတာ ကြည့်ဦး။ ဒါကလုံချည်၊ စပယ်ဖြူက ပိုးကြေးပန်းကြေးပေးတာ၊ ဒါက အင်္ကျီ ဖြူဖြူဖွေးက ပေးလိုက်တာ၊ ဟောဒီ ချိုင့်ထဲမှာ ဝက်ကလီစာတွေ အစ်ကိုကျောက်ခဲက ကြိုက်တတ်တယ်ဆိုပြီး ပေးလိုက်တာ"

"သူတို့က ခင်လို့ပေးတာနေမှာပါ။ သူတို့ပေးလိုက်တော့ ညီမလေးလည်း စားရတာပေါ့။ သူတို့က အဝတ်ဝယ်ပေးတော့ ညီမလေး မဝယ်ပေးရဘူးပေါ့"

အစ်ကိုကျောက်ခဲနော်၊ နွယ်ပိုလိုက်မှာ၊ သူတို့ထက်သာအောင် နွယ်ဝယ်ပေးနိုင်တယ်။ ဒီကမကောင်းတတ်လို့ ယူလာတာသိလား"

"ကဲပါ။ ညီမလေးက သူတို့အဝတ်ကိုမဝတ်စေချင်ရင် မဝတ်ဘူး။ အဲ့ဒီ ဝက်ကလီစာဟင်းကို မစားနဲ့ဆိုရင်လည်းမစားဘူး။ အဝတ်တွေ အဘကို ပေးလိုက်၊ ဝက်ကလီစာဟင်းကိုလည်း အဘကိုပဲ ကျွေးလိုက်။ ကျေနပ်ပြီလား"

ဟုတ်တယ် အစ်ကိုကျောက်ခဲပြောတာ၊ အဘ ကိုပဲပေးဝတ်လိုက်မယ်။ ဒီတော့မှ ဒီကောင်မတွေ နောက်ထပ် မပေးမှာ"

"ညီမလေးလည်း ရေမိုးချိုး။ အစ်ကိုကျောက်ခဲလည်း မစားရသေးဘူး။ တူတူစားကြတာပေါ့"

ထိုအခါမှ မြနှင်းနွယ်မှာ မျက်နှာ ပြန်ရွှင်သွားပြီး ရေသွားချိုးလေ၏။

ကျွန်ုပ်သည် ဆရာသခင်၏ စကားကိုပြန်အမှတ်ရလာ၏။

"လူလေး . . . အဘတို့လမ်းစဉ်မှာ မေတ္တာနဲ့ သစ္စာဟာ အရေးကြီးတယ်။ မေတ္တာသစ္စာ ကျင့်စဉ်လမ်းကို လျှောက်တဲ့အခါမှာ ကိုယ့်ရဲ့မေတ္တာဓာတ်အား ကောင်းလာတာနဲ့အမျှ စန်းပွင့်တတ်တယ်။ မိန်းကလေးတွေရဲ့ ချစ်ခြင်းကို ခံရတတ်တယ်။ ကိုယ့်ကို အတင်းလိုက် ချစ်တတ်တယ်။

အဲ့ဒီအခါမျိုးမှာ ကိုယ့်ကိုယ်ကို ထိန်းနိုင်မှ၊ မထိန်းနိုင်ရင် လမ်းစဉ်က ချော်ထွက်သွားရော။ ကိုယ်က ဘယ်လို သဘောထားပေးရမလဲဆိုတော့ ကိုယ့်ရဲ့ ညီမလို၊ အစ်မလိုမျိုး သဘောထားရမယ်။ မဖောက်ပြန်ရဘူး။ ဖောက်ပြန်မိရင် မရှောင်နိုင်ရင် အဲ့ဒီမှာတင်လမ်းစဉ်ပျောက်ပြီး ဒုက္ခရောက်တော့တာပဲ။ ရှောင်နိုင်ရင်တော့ အဆင့်တက်တာပဲ။ အဘတို့လမ်းစဉ်မှာ အများအားဖြင့် ငွေနဲ့ချောက်ကျရင်ကျ၊ မကျရင်မိန်းမနဲ့ ကျတတ်တယ်။

လာဘ်လာဘကိုလည်း မမက်နဲ့၊ မိန်းမကိုလည်း မမက်နဲ့၊ အဲ့ဒီချောက် နှစ်ခုကို ကျော်နိုင်အောင် ကြိုးစားရမယ်"

အဘ၏ စကားအရဆိုပါက ယခု ကျွန်ုပ်မှာ မိန်းကလေးများ၏ အရေးပေးခြင်းကို ခံနေရပြီ။ ယင်းကိုသာယာ၍ မဖြစ်၊ ယင်းမှာ အဖျက်ဖြစ်လေ၏။ ကျွန်ုပ်သည် စန်းပွင့်ခြင်းနှင့်အတူလာဘ် လည်းပွင့်လာတော့မည်ဟု ယူဆရ၏။ ယင်းရရှိသော လာဘ်အပေါ် တွယ်မက် မနေရန် ကျွန်ုပ်ကြိုးစားရမည် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

(၂)

"ဒီညမှာ အဘတို့ အလုပ်ဆင်းရမယ်လူလေး။ သစ်က ကားသုံးစီးတိုက်လောက် ခွဲစိတ်ရမယ်။ သစ်လုံးတွေကို ကျော်ကျော်ရဲ့ သစ်စက်က ယူလာလိမ့်မယ်။ ဒီက အလုပ်သမားတွေက ခွဲစိတ်ပေးရမယ်။ ကျော်ကျော်က ခွဲစိတ်တဲ့အခါ အလုပ်သမားခ မကုန်တော့ဘူးပေါ့"

ဦးကျော်စွာ ပြောသောသတင်းမှာ ကျွန်ုပ်အတွက် သတင်းကောင်းဖြစ်လေ၏။ တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်ရမည့်အတွက်ဖြစ်လေ၏။

"ညီမလေး…လာပါဦး။ ကိုယ့်ကျေးဇူးရှင်ကို ကူညီဖို့ အခွင့်အရေးရပြီ။ ရှေ့နေ ဦးကျော်မောင်ကို ညီမလေးသိလား"

"သိပါတယ်"

ဒါဆိုရင် အစ်ကိုကျောက်ခဲ စာတစ်စောင် ရေးပေးလိုက်မယ်။ အဲ့ဒီစာကို ရှေ့နေဦးကျော်မောင်ဆီ သွားပေးပါလား"

"ညီမဈေးထွက်ရင်း သွားပို့ပေးလိုက်ပါ့မယ်"

ကျွန်ုပ်သည် ရှေ့နေဦးကျော်မောင်ဆီသို့ စာတစ်စောင် ကောက်ရေးလိုက်၏။ ထိုစာကို သေချာစွာ ခေါက်၍ စာအိတ်ထဲထည့်ကာ ပိတ်လိုက်၏။ ဦးကျော်မောင်ရဲ့လက်ထဲကို ရောက်အောင်ပေးနော်"

"စိတ်ချပါအစ်ကို ကျောက်ခဲ၊ ညီမက ကလေးမဟုတ်တော့ဘူးနော်"

မြနှင်းနွယ်က စာအိတ်ကိုယူကာ ပိုက်ဆံအိတ်ထဲ ထည့်လိုက်၏။ ထို့နောက် ထမင်းဘူးထည့်ထားသော လက်ဆွဲခြင်းကိုဆွဲကာ အိမ်ပေါ်မှ ဆင်းသွားလေ၏။

ဦးကျော်စွာကမူ ခေါင်းတညိတ်ညိတ်နှင့်ဖြစ်နေ၏။

သမီးမြနှင်းနွယ်သည် မောင်ကျောက်ခဲအပေါ် သံယောဇဉ် ရှိနေပြီဟု ရိပ်စားမိလေ၏။ မောင်ကျောက်ခဲမှာက တစ်ကောင်ကြွက်ဖြစ်၏။ စိတ်သဘောဖြောင့်မတ်မှန်ကန်၏။ ဟောဟဲ့ဟေ့ရမ်းရမ်းလည်းမရှိသောကြောင့် သဘောမတူစရာမရှိဟု၍လည်း စဉ်းစားနေ၏။

(၃)

မနောသုခသစ်စက်သည် အသက်ဝင်လှုပ်ရှားလျက်ရှိ၏။

အလုပ်သမားများသည် ရောက်ရှိလာသောသစ်လုံးများကို ကားပေါ်မှချလေ၏။ ထို့ကြောင့် တဟေးဟေးနှင့် ဆူညံနေလေ၏။

ကားသုံးစီးမှ သစ်လုံးများကို ချနေကြလေ၏။

ယနေ့ညဉ့် မိုးလင်းလုနီးပါး သစ်များကိုခွဲစိတ်ရမည်ဖြစ်လေ၏။ သစ်လုံးများချရာတွင် ဦးကျော်စွာရော၊ ကျွန်ုပ်ရောပါ၏။ ကျွန်ုပ်မှာ ဒဏ်ရာကောင်းနေပြီဖြစ်သောကြောင့် အလုပ်ပြန်ဝင်နေ၏။

မန်နေဂျာလုဖေက ကျွန်ုပ်၏အနားသို့ ရောက်လာခဲ့၏။

"မောင်ကျောက်ခဲ မင်းနေကောင်းသွားပြီကိုး"

"ဟုတ်ကဲ့ဆရာ"

"မင်း ငါနဲ့သစ်စက်မှာနေမှာလား။ ဦးထွန်းလှိုင်တို့က မင်းနဲ့ပတ်သက်ပြီး ငါ့ကို တာဝန်ပေးထားလို့ မေးရတာ"

"ကျွန်တော် မနေဘူးဆရာ။ အဘကျော်စွာတို့အိမ်မှာပဲနေမယ်။ အဲ့ဒီကနေ အလုပ်ဆင်းမယ်"

မန်နေဂျာလုဖေမှာ ထိုစကားကို ကြားရသောအခါ ကျေနပ်သွား၏။ မောင်ကျောက်ခဲကို သစ်စက်မှာ မနေစေလိုချေ။ သူနှင့်ကျော်ကျော် အဆက်အသွယ်ရှိပုံများ၊ ကျော်ကျော်ကလာ၍ အရက်သောက်မိန်းမလိုက်စားပုံများကို သိသွားမှာစိုး၏။ ဦးထွန်းလှိုင်က လာထားသောကြောင့် တစ်ချိန်ချိန်မှာ ဦးထွန်းလှိုင်အား ပြန်ပြောပြမည်ကို စိုးရိမ်လေ၏။

"ဒါက မင်းသဘောပဲနော်၊ ညဘက် သစ်ခွဲစိတ်တာတွေ ပြန်မပြောနဲ့၊ ပြောရင် မင်းကိုသတ်ပြီး ဒီသစ်စက်မှာ မြှုပ်ပြီး အစောင့်သရဲလုပ်ခိုင်းမယ် ကြားလား။ ကိုယ့်အလုပ်ကို ကိုယ်လုပ်၊ ဝင်မရှုပ်နဲ့"

ရှေ့လဆက်ရန်

ဘုန်းပွင့်တေဇာ



www.burmeseclassic.com

www.burmeseclassic.com

# ဂါထာအစွမ်းထက်မြက်စေရန်

လှိုင်(မ/ဒဂုံ)

ပညာရှိ ရှေးဆရာတော်ကြီးများ လူပညာရှိ ပုဂ္ဂိုလ်တို့သည် ဂါထာ၊ မန္တန်များကို စီစဉ်ရေးသားခဲ့ကြသည်။ ဤသို့ရေးသားရာတွင်လည်း စိတ်ကူးထဲပေါ်တိုင်း လျှောက်ရေးသည်တော့ မဟုတ်ဟု ထင်ပါသည်။ မိမိတို့ အသက်ရှင်ရပ်တည်သောကာလတွင် ကောင်းကင်တွင် ဖြစ်ပေါ်နေသော ကြယ်တာရာများ၊ ဂြိုဟ်နက္ခတ်များနဲ့ယှဉ်၍ ဖြစ်တည်နေသော ကမ္ဘာမြေပေါ်ရှိ အဖြစ်အပျက်များကို နှိုင်းယှဉ်လေ့လာ တွက်ချက်အခြေခံပြီး ရေးသည်ဟု ယုံကြည်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် ရှေးက လှေ၊ သင်္ဘော (ရွက်သင်္ဘော)ကို ဦးဆောင်ဦးရွက်ပြု စီမံအုပ်ချုပ်ရသော မာလိန်မှူး(ကပ္ပတိန်)ကြီးတွေဟာ ပင်လယ်သမုဒ္ဒရာတွေကို ဖြတ်သန်းသွားလာတဲ့အခါ အာကာသကောင်းကင်ကြီးကိုကြည့်ပြီး ကောင်းကင်တွင် ဖြစ်ပေါ်လာသော ပုံရိပ်တွေအရ ဘယ်အချိန်မှာ မိုးရွာနိုင်တယ်၊ လေတိုက်နိုင်တယ်၊ ရာသီဥတုသာယာနိုင်တယ် စသည်တို့ကို လေ့လာအကဲခတ်၍ ခရီးသွားသင့်၊ မသွားသင့်ကို တွက်ချက်ချိန်ဆကြပါသည်။

ခရီးထွက်ခွာစတွင် သာယာနေပြီး ခရီးသွားရင်း မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်တို့ကိုလည်း မိမိတို့ကိုယ်တွေ့ အတွေ့အကြုံ၊ လက်တွေ့သင်ကြား လေ့လာထားသည့် ပညာရပ်များကို အသုံးပြုကာ အန္တရာယ်အသီးသီးမှ လွတ်မြောက်အောင်လည်း ဆောင်ရွက်နိုင်ခဲ့သည့် သာဓကများလည်း အမြောက်အများ ရှိခဲ့ကြသည်ကို လေ့လာသိရှိရပါသည်။

ဤကဲ့သို့ ရှေးပညာရှိ ဆရာတော်ကြီးများ၊ လူပညာရှိပုဂ္ဂိုလ်ကြီးများကလည်း မိမိတတ်သိလေ့လာထားသော ပညာရပ်များနှင့် လက်တွေ့အဖြစ်အပျက်တို့ကို လေ့လာဆန်းစစ်ပြီး ဂါထာမန္တန်များ ရေးသားခဲ့ကြခြင်း ဖြစ်မည်ဟု ယုံကြည်မိပါသည်။ ဘယ်လိုအချိန်အခါမှာ ဘယ်ဂါထာကိုရွတ်၊ ဘယ်လိုအန္တရာယ်ကြုံရင် ဘယ်ဂါထာကိုရွတ်၊ ဒီဂါထာကို နေ့စဉ်ရွတ်ခြင်းဖြင့် အန္တရာယ်ကင်းနိုင်ပုံ၊ ဘယ်ဂါထာကိုဖြင့် နေ့စဉ်ရွတ်ဖတ်ပူဇော်ပါက စီးပွားဥစ္စာ လာဘ်လာဘများ တိုးနိုင်ပုံ စသည်ဖြင့် လိုက်နာကျင့်သုံးနိုင်ရန် ရေးသားလမ်းညွှန်ခဲ့ပါသည်။

ဤသို့ လမ်းညွှန်ရေးသားရာတွင် ဘုရားဟောကျမ်းဂန်များ အခြေခံပြီး လမ်းညွှန်ရေးသားထားသော ဂါထာတော်များသည် ယုံယုံကြည်ကြည်ဖြင့် ရွတ်ပွားကျင့်ဆောင်က အမှန်တကယ်ပင် အကျိုးကျေးဇူးများ ရရှိခံစားရသည်ကိုလည်း လက်တွေ့ကြုံဖူးခဲ့သလို အမြင်၊ အကြားလည်း ရှိခဲ့ဖူးပါသည်။

ကျွန်တော် တင်ပြလိုသည်မှာ ဂါထာရွတ်ဖတ်ပူဇော်ရာ၌တွင် ဂါထာရွတ်ဖတ်ပူဇော်သူသည် ...

၁။ ဂါထာသည် မူရင်းအတိုင်း အမှားအယွင်းမရှိသော ဂါထာဖြစ်ရမည်။ (ဥပမာ– တဖြည်းဖြည်း အဆင့်ဆင့် အကူးမှား၍ မှားသောအမှား၊ စာရေးသူရဲ့ ဗဟုသုတနည်းပါးမှုကြောင့် မှားသောအမှား၊ စာအုပ်အမှားမှ ကူးယူမိ၍ မှားသောအမှား ဤအမှားများမှကင်းသော ဂါထာဖြစ်ရမည်။) ဒါမှသာ ဂါထာရဲ့ မူရင်းအဓိပ္ပာယ်မှန်ဖြစ်၍ အမှန်တကယ် အစွမ်းထက်မြက်မည် ဖြစ်ပါသည်။

၂။ ဂါထာရဲ့ ပါဠိစကားလုံးကို မှန်ကန်စွာ ရွတ်ဆိုနိုင်ရမည်။ (ဥပမာ–ဗြဟ္မ=ဗြန်မာ။ ဧတေန=အေတေန။ ဖိဂ္ဂါ–ဖိမ်ဂ္ဂါ ... စသည်။)

၃။ ဂါထာရဲ့ ပုဒ်ဖြတ်၊ စကားလုံးစုစည်းမှု၊ အရွက်အဖတ် အဖြတ်အတောက် မှန်ကန်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

၄။ ဂါထာရဲ့ ပါဠိနှင့် အနက်အဓိပ္ပာယ်ကို တွဲသိရမည်။ (ဥပမာ– ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏ ...စသည်။)

၅။ မြတ်စွာဘုရားကို အာရုံညွတ်၍ ယုံကြည်မှုသဒ္ဓါ အပြည့်ရှိရပါမည်။

၆။ မိမိရွတ်ဖတ်သော ဂါထာပေါ်တွင် ယုံကြည်မှု အပြည့် ရှိရပါမည်။

ယခု ကျွန်တော်တင်ပြလိုသည်မှာ အမှတ်စဉ် (၄) ဂါထာရဲ့ ပါဠိနှင့် အနက်အဓိပ္ပာယ်ကို တွဲသိရပါမည်ကို အဓိကဖော်ပြလိုပါသည်။ ကျွန်တော်သည် ပုတီးစိပ်ခြင်းနှင့် ဂါထာရွတ်ခြင်းကို အရမ်းအားသန်ပါသည်။ မဂ္ဂဇင်းတွေထဲ တွင်ပါဝင်သော ဂါထာများ၊ ထုတ်ဝေထားသော ဂါထာ စာအုပ်များတွင်ပါသော ဂါထာများအနက် ဘယ်ဂါထာ ကဖြင့် ကောင်းတယ်ဆိုရင် အရကျက်ပြီး ရွတ်ဖတ်ပါတော့ သည်။ ထိုသို့ ရွတ်ဖတ်ရာတွင်လည်း ယခင်ရွတ်နေကျ ဂါထာများကိုပါ ဆက်လက်ရွတ်ဖတ်ခြင်းဖြစ်ပါသည်။ ကျွန်တော် ဤသို့ ရွတ်ဖတ်ဆောင်ရွက်ခြင်းသည် နေ့စဉ် နံနက် တစ်ကြိမ်၊ ညတစ်ကြိမ် မပျက်မကွက် ဆောင်ရွက်ခြင်းဖြစ် ပါသည်။ အချိန်အားဖြင့် သုံးနာရီကျော်ခန့် ကြာပါသည်။ ထို့အပြင် အချိန်ရရင် ရသလို၊ အားရင်အားသလို ခရီးသွား ရင်းဖြစ်စေ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ ရွတ်ဖတ်သော အကျင့် ရှိပါသည်။ မလိုအပ်သော စကားပြောခြင်းနှင့် အလဟဿ အချိန်ဖြုန်းခြင်း မရှိပါ။ ဤသို့ စွဲစွဲမြဲမြဲရွတ်သည်မှာ နှစ်ပေါင်း ၃၀ ကျော် ၄၀ နည်းပါးခန့် ရှိပြီဖြစ်ပါသည်။

*ဂါထာတွေရွတ်နေသူများသည် ပါဠိနှင့် အနက်အဓိပ္ပာယ် တွဲမသိက မျက်ကန်းလမ်းလျှောက်သလို လျှောက်တော့နေတာပဲ ရောက်သင့်သလောက်တော့ ရောက်နေတာပဲ။ ဒါပေမယ့် ကိုယ်သွားချင်တဲ့ခရီးကို မရောက်နိုင်တာ သေချာပါတယ်။*

ကျွန်တော်သည် ယခုကဲ့သို့ ရွတ်ဖတ်နေသော်လည်း တကယ်တမ်းအားဖြင့် ပါဠိနှင့်မြန်မာအဓိပ္ပာယ် တွဲမသိပါ။ ဒီအတွက် ဂါထာရဲ့အကျိုးကျေးဇူးကိုလည်း ထိုက်သင့်သလောက် မခံစားရပါ။ သို့သော် ကျွန်တော် သည် ဘာသာရေးအခြေခံညံ့သူတော့ မဟုတ်ပါ။ ငယ်စဉ် က မြန်မာသင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာယ၊ လောကနီတိ၊ ပရိတ်ကြီး၊ စကားကြီး ၁၀ ခွန်း၊ သင်္ဂြိုဟ်ကိုးပိုင်း၊ သဒ္ဒါကြီးပုဒ်စဉ်အထိ အလွတ်ရအောင်ကျက်၍ ဆရာတော်ထံ စာပြန်ခဲ့ရပါသည်။ ထို့ပြင် မင်္ဂလာစာ မေးပွဲ(ပထမ၊ ဒုတိယ၊ တတိယ သုံး ဆင့်)၊ သီဒိယအာဂုံပြန်စားလျှောက်ပွဲ၊ သင်္ဂြိုဟ်ကိုးပိုင်း အနက် ခြောက်ပိုင်း ရေးဖြေအောင်ခဲ့ပါသည်။ ၎င်းမှတစ် ဆင့် စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရခဲ့ပါသည်။ ဘွဲ့လွန်အဖြစ် D.A., D. Stat ဒီပလိုမာများရခဲ့ပြီး ဘာသာပြန်သင်တန်း အပါအဝင် သင်တန်းပေါင်း မြောက်များစွာ တက်ခဲ့ဖူးပါ သည်။ ကြွားနေခြင်း မဟုတ်ပါ။ ဖြတ်သန်းခဲ့ရသည့် အတွေ့ အကြုံတို့ကို တင်ပြခြင်းသာ ဖြစ်ပါသည်။ ဘုရားမှတစ်ပါး ပညာရဲ့ အတိမ်အနက်ကို ဘယ်လိုပုဂ္ဂိုလ်မှ အကုန်မသိပါ။

ပညာဟူသည် (သညာမဟုတ်ပါ) သင်လေ မသိ တာများလေ၊ လေ့လာလေ မသိတာတွေများနေကြောင်း၊ မသိသေးကြောင်းတွေက များနေသည်။ အလွန်ကျယ်ပြန့် လွန်းလှပါသည်။ ကျွန်တော်သည်လည်း မသိတာတွေက များနေ၍ လေ့လာနေရဆဲသာ ဖြစ်ပါသည်။

သို့သော် ဂါထာတွေရွတ်နေသူများသည် ပါဠိနှင့် အနက်အဓိပ္ပာယ် တွဲမသိက မျက်ကန်းလမ်းလျှောက်သလို လျှောက်တော့နေတာပဲ ရောက်သင့်သလောက်တော့ ရောက်နေတာပဲ။ ဒါပေမယ့် ကိုယ်သွားချင်တဲ့ခရီးကို မရောက် နိုင်တာ သေချာပါတယ်။

ကျွန်တော်သည်လည်း ဂါထာတွေ နေ့စဉ်ရွတ်ပွား နေသော်လည်း မိမိဆန္ဒတွေ ပြည့်လာသလား၊ ဂါထာမှာ ပါတဲ့ အညွှန်းအတိုင်း ကိုက်ညီပါသလား။ မညီပါ။ ဒီတော့ ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်ကြည့်တော့ ကိုယ်ရွတ်နေ တဲ့ဂါထာတွေရဲ့ အဓိပ္ပာယ်ကို နားမလည်၊ မသိဖြစ်နေတယ်။ အဲဒီတော့မှ ဪ ...ဒါကြောင့်ကိုးလို့ သိလာရတယ်။

ဒီလိုနဲ့ ကျွန်တော်သည် ပဌာန်းပါဠိတော် နိဒ္ဒေသကို ရွတ်ဖတ်ပူဇော်နေရင်းနှင့် စာအုပ်များကို ဖတ်မှတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com

လေ့လာရှာဖွေရာမှ ပစ္စည်းတစ်ခုစီရဲ့ အနက်အဓိပ္ပာယ် သိရှိရပါတော့သည်။ ယခင်ကရွတ်ဖတ်ခြင်းသည် ဝတ္တရားအနေနှင့်သာ ရွတ်ဖတ်ခြင်းဖြစ်ပြီး ယခု အနက်အဓိပ္ပာယ် သိရသောအခါ အဓိပ္ပာယ်နှင့် ပဋ္ဌာန်းပစ္စည်းတစ်ခုချင်းစီ ဆက်စပ်ဆင်ခြင် သဘောပေါက်အောင် ရွတ်ဖတ်ပူဇော်သောအခါ ယခင်ကထက်ပို၍ ထူးကဲလာသည်ကို သိရှိခံစားရပါတော့သည်။ ဘာတွေထူးကဲသလဲလို့ဆိုရင် မိမိကိုယ်တိုင်ကျင့်ကြံအားထုတ်ပါက ပို၍ကောင်းမွန် သိသာနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

သို့ပါ၍ ပဋ္ဌာန်းပါဠိတော်၏ အဓိပ္ပာယ်ကို စာဖတ်ပရိသတ်များ သိရှိလေ့လာ ကျက်မှတ်ကျင့်ကြံအားထုတ်နိုင်ရန် တင်ပြအပ်ပါသည်။

## ပဋ္ဌာန်း ၂၄ ပစ္စည်း အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ **ဟေတုပစ္စယော**= အကုသိုလ်ကင်း၍ ကုသိုလ်နှင့်ယှဉ်တွဲရပါစေသား။

၂။ **အာရမ္မဏပစ္စယော**= မျက်စိနဲ့ နားသည် နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါစေသား။

၃။ **အဓိပတိပစ္စယော**= ရုပ်–နာမ် နှစ်ပါးတို့ကို စောင့်ရှောက်ထိန်းသိမ်းနိုင်ရပါစေသား။

၄။ **အနန္တရပစ္စယော** = များစွာသော ကုသိုလ်တရားတို့ကို မျက်မှောက်ပြုရပါစေသား။

၅။ **သမနန္တရပစ္စယော** = ရုပ်နှင့်နာမ် အတူရှိသော တရားတို့ကို မျက်မှောက်ပြုရပါစေသား။

၆။ **သဟဇာတပစ္စယော** = ရုပ်ရုပ်ချင်း နာမ်နာမ်ချင်း ထင်ရှားစွာ သိရပါစေသား။

၇။ **အညမညပစ္စယော** = ရုပ်မှနာမ်သို့ နာမ်မှရုပ်သို့ ပြောင်းလဲ၍ သိရပါစေသား။

၈။ **နိဿယပစ္စယော** = ရုပ်နာမ်နှစ်ပါးတို့၏ တည်နေရာကို သိရပါစေသား။

၉။ **ဥပနိဿယပစ္စယော** = ရတနာသုံးပါးကို ဦးထိပ်ထားရပါစေသား။

၁၀။ **ပုရေဇာတပစ္စယော** = ရှေးကဖြစ်သော အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို မျက်မှောက်ပြုရပါစေသား။

၁၁။ **ပစ္ဆာဇာတပစ္စယော** = နောက်မှဖြစ်သော အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို မျက်မှောက်ပြုရပါစေသား။

၁၂။ **အာသေဝနပစ္စယော** = လိုရာဆန္ဒမရှိအောင် ပြည့်စုံရပါစေသား။

၁၃။ **ကမ္မပစ္စယော** = ကံသုံးပါးကို ထိန်းသိမ်းနိုင်ရပါစေသား။

၁၄။ **ဝိပါကပစ္စယော** = ဝဋ်ကြွေးသုံးသွယ်ကို ပယ်ဖျက်ရပါစေသား။

၁၅။ **အာဟာရပစ္စယော** = လိုရာဆန္ဒကို ပြည့်စုံစွာ ထောက်ပံ့နိုင်ရပါစေသား။

၁၆။ **ဣန္ဒြိယပစ္စယော** = ရုပ်နာမ်ကို ထိန်းသိမ်းတတ်သော ပညာနှင့်ပြည့်စုံရပါစေသား။

၁၇။ **ဈာနပစ္စယော** = သူတော်ကောင်းတရား ခုနစ်ပါး၊ ဉာဏ်စဉ်ငါးပါးနှင့် ပြည့်စုံရပါစေသား။

၁၈။ **မဂ္ဂပစ္စယော** = ဘာဝနာတရားနှစ်ပါး အပေါင်းကို အာရုံပြု၍ အထွတ်အထိပ်ပညာကို ရပါစေသား။

၁၉။ **သမ္ပယုတ္တပစ္စယော** = သူတော်ကောင်းတို့နှင့် ပေါင်း၍ ခုနစ်ဖြာသောတရားနှင့် ယှဉ်တွဲရပါစေသား။

၂၀။ **ဝိပ္ပယုတ္တပစ္စယော** = သူယုတ်မာနှင့်ဝေး၍ အကုသိုလ် ကင်းရှင်းရပါစေသား။

၂၁။ **အတ္ထိပစ္စယော** = သမ္မုတိနယ်၏အရှိကို ဟုတ်မှန်စွာ သိရပါစေသား။

၂၂။ **နတ္ထိပစ္စယော** = ပရမတ္ထမရှိ တရား၏အသိကို မျက်မှောက်ပြုရပါစေသား။

၂၃။ **ဝိဂတပစ္စယော** = ရှေး၌ပွင့်ပြီးကုန်သော ဘုရားတို့ကို ရှိခိုးရပါစေသား။

၂၄။ **အဝိဂတပစ္စယော**= ပွင့်လတ္တံ့သော ဘုရားတို့ကို ရှိခိုးရပါစေသား။

ဂါထာရွတ်ဖတ်ပူဇော်သူများသည် ဂါထာ၏ အနက်အဓိပ္ပာယ်ကို သိရှိ၍ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လိုရာဆန္ဒများ ပြည့်ဝနိုင်ကြပါစေ။

လှိုင်(မ/ဒဂုံ)



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တဲ့ဆေး




ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ၀၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားကနားဝမှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေးတစ်ယောက် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာအတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ဆိုသည်မှာ အဆိပ်ရှိသော သတ္တဝါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်···ဖိုးကဲလေး···"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့်မြင်ကွင်းက မကိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲလဲနေရမည့် ကလေးငယ်သည် ယခုမူ ပြုံးပြုံးရယ်ရယ်ဖြင့် ဆော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယဝင်ချင်စရာ။ သည်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က စကားဆိုလေသည်။

"အံ့သြနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆေးခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်။ ဖိုးကဲလေးကလည်း အငိုတိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့···တော်တော်လည်းစွမ်းပါလား။ ဘာဆေးများလဲ ညီမရဲ့···"

"ဒေါ်စိန်ရင်ရဲ့ မရှေ့တံဆိပ် မန်းဆေးခဲ တဲ့ အစ်ကိုရဲ့ ပျား၊ ပိတုန်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ ကိုက်ခဲတာကို နိုင်တဲ့အပြင် ခြင်ကိုက်ခံရတာ၊ ပိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ့ ဝက်ခြံ၊ မိတ်ဖု၊ သွေးယား၊ ဆီပူ၊ ရေနွေးပူလောင်၊ ဆီးချိုကြောင့် အနာပေါက်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ"

"ဟာ···တယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး အဖြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး ဆီးချို၊ အစားမှား၊ ဆေးမှား၊ မူးမော်၊ ပျို့အန်၊ အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တဝါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် သက်သာပျောက်ကင်းတယ်တဲ့။ ထိနိုက်ရှနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား။ ဘယ်မှာများ ဝယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"

"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-၀၈၆-၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 012013(0516) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့···"

"ဟုတ်ပြီဗျာ၊ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်ဗျာ"

"ကောင်းတာပေါ့ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

■ ရန်ကုန်မြင့်ဆွေ

# အာယုဗ္ဗေဒ
# မာဓဝနိဒါန်း

## ဇာတ်သိမ်းပိုင်း

အိမ်ဖော်ကောင်မလေးက ငါ့ကို ထမင်းစားဖို့ လာခေါ်တယ်။ ငါလည်း ထမင်းစားခန်းထဲရောက်ရော စားပွဲဝိုင်းကြီးပေါ်မှာ ထမင်းပွဲတွေ အဆင်သင့်ပြင်ထားပြီး ဆရာကြီးဦးသီလနဲ့ မိန်းကလေး လေးယောက် ထိုင်နေတာ တွေ့လိုက်ရတယ်။

မိန်းကလေးတွေကတော့ အိမ်အပြင်မှာ ပုတ်တလုတ်ကစားနေကြတဲ့ မိန်းကလေးတွေပဲ။ ဦးသီလက ငါ့ကို သူ့ဘေးကုလားထိုင်မှာ လက်ပြပြီး ထိုင်ခိုင်းတယ်။ ငါကုလားထိုင်မှာ ထိုင်ပြီးတာနဲ့ ဦးသီလက မိန်းကလေး လေးယောက်နဲ့ ငါ့ကို မိတ်ဆက်ပေးတယ်။

အဲဒီ မိန်းကလေးတွေဟာ ဦးသီလရဲ့ သမီးတွေဆိုတာ သူမိတ်ဆက်ပေးမှပဲ ငါလည်းသိလိုက်ရတယ်။ အကြီးဆုံးက နန်းဥမ္မာတဲ့. ဒုတိယသမီးကြီးက နန်းသီတာ၊ တတိယမြောက်သမီးက နန်းကလျာ၊ အငယ်ဆုံးက နန်းသူဇာတဲ့။ ငါနဲ့ မျက်လုံးချင်းစကားပြောခဲ့တာက နန်းသူဇာဆိုတဲ့ မိန်းကလေးပဲ။ အဲဒီထမင်းဝိုင်းမှာပဲ ဆရာကြီးဦးသီလက ငါ့ကို သူ့အိမ်မှာနေပြီး ဆေးပညာတွေကို သင်ယူဖို့ပြောတယ်။

သူ့သမီးတွေကိုလည်း စောင့်ရှောက်ပေးဖို့ပြောတယ်။ အဲဒီအချိန်မှာ အိမ်ဖော်ကောင်မလေးက အလန့်တကြားနဲ့ "ကြောက်တယ်၊ ကြောက်တယ်"လို့အော်ပြီး ပြေးဝင်လာတယ်။

ဆရာကြီးသမီးတွေက ကောင်မလေးကို "ဘာဖြစ်လို့လဲ၊ ဘာမြင်ခဲ့လို့လဲ"ဆိုပြီး ဝိုင်းမေးကြတယ်။ ကောင်မလေးက "အိမ်ရှေ့မှာ ဟို···ဟို"လို့ပဲ ပြောနေတယ်။ ကောင်မလေးက သိပ်ကြောက်လန့်နေပုံရတယ်။ ကြောက်စရာလန့်စရာ တစ်ခုခုကို တွေ့လာပုံပဲ။

ဦးသီလက "ငါသွားကြည့်ပါဦးမယ်"ဆိုပြီး ကုလားထိုင်က ထမယ့်အလုပ်မှာ ငါက အလိုက်သိစွာနဲ့ "ဆရာကြီး။ ကျွန်တော်သွားကြည့်လိုက်ပါ့မယ်"ဆိုပြီး အိမ်ရှေ့ကို ထွက်လာခဲ့တယ်။

အိမ်ရှေ့ဆင်ဝင်အောက်ရောက်တော့ ဟိုဒီလျှောက်ကြည့်လိုက်တော့လည်း ဘာမှထူးထူးခြားခြား မတွေ့ရဘူး။ ခဏအကြာမှာ ခြေသံလိုလိုကြားလိုက်ရလို့ အနောက်ကိုလှည့်ကြည့်လိုက်တော့ ရှမ်းအဝတ်အစားနဲ့ လူတစ်ယောက် အိမ်ကြီးဘေးမှာ ပန်းအိုးတစ်အိုးကို ပေါင်းသင်နေတာ တွေ့လိုက်ရတယ်။

အဲဒီလူကြီးရဲ့ အသက်က ခြောက်ဆယ်ကျော်လောက်ရှိမယ်။ ဒီလူကြီး က "စကြာဘုံ"အိမ်ကြီးရဲ့ ခြံအလုပ်သမားတစ်ယောက်ဆိုရင် အိမ်ဖော်ကောင်မလေးက ဒီလူကြီးကိုမြင်တာနဲ့ ဘာဖြစ်လို့ ကြောက်လန့်နေရမှာလဲ။

ဒါဆိုရင် ကောင်မလေးက ဘာကိုမြင်ပြီး ကြောက်လန့်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအတွေးအမေးတွေနဲ့ ငါ့မှာ စဉ်းစား မရအောင် ဖြစ်နေရတယ်။

ဒါနဲ့ ငါ ထမင်းစားခန်းထဲ ပြန်ဝင်သွားပြီး ဆရာကြီးကို အကျိုးအကြောင်း ပြောပြလိုက်တော့ ဆရာကြီးက "မိဂ္ဂမ်းရယ်၊ ခြံစောင့် ဇော်မှိုင်းကို တွေ့တာနဲ့ပဲ ဒီလောက်လန့်နေရသလား"

ဆိုပြီး ကြိမ်းမောင်းလိုက်တယ်။

အဲဒီတော့မှ ငါတွေ့ခဲ့တဲ့ လူကြီးဟာ ခြံစောင့်ကြီး ဦးဇော်မှိုင်းဆိုတာ ငါသိလိုက်ရတယ်။

အားလုံး ထမင်းစားသောက်ပြီးလို့ ထမင်းစားခန်းထဲက ထွက်လာကြတယ်။ ထမင်းဝိုင်းမှာတော့ ဆရာကြီး ဦးသီလ ကျန်နေခဲ့တယ်။ ထမင်းစားခန်းအပြင်ရောက်တော့ အကြီးဆုံးနန်းဥမ္မာက သူတို့ညီအစ်မများနဲ့ စကားပြောကြဖို့ ငါ့ကိုခေါ်တယ်။ ငါက ခေါင်းညိတ်ပြလိုက်တယ်။ သူတို့ညီအစ်မ လေးယောက်နဲ့ ဧည့်ခန်းမှာ ဝိုင်းထိုင်လိုက်ကြတယ်။

အငယ်ဆုံးမလေး နန်းသူဇာက ငါ့အကြောင်းတွေကို သူတို့ညီအစ်မတွေကို ပြောပြဖို့ တောင်းဆိုလာတယ်။ ငါလည်း ငါ့ဘဝအမှန်ကို အမှန်အတိုင်းပဲ ပြောပြလိုက်ပါတယ်။

ရန်ကုန်မှာမွေးပြီး ရန်ကုန်မှာကြီးပြင်းလာရတဲ့အကြောင်း လူလွတ်တစ်ယောက်ဖြစ်တဲ့အကြောင်း၊ တိုင်းရင်းဆေးပညာကို ငယ်စဉ်တည်းက ဝါသနာပါလာတဲ့အကြောင်း၊ ကျောက်ဆည်မြို့က တိုင်းရင်းဆေးဆရာကြီးဦးဒီပဆီမှာ တိုင်းရင်းဆေးပညာကို သင်ယူခဲ့ရတဲ့အကြောင်း၊ ဦးသီလဆီမှာ ဆေးပညာတွေ ဆက်လက်သင်ယူဖို့အတွက် ဦးဒီပက လွှတ်လိုက်လို့ ဒီအိမ်ကြီးကို ရောက်ခဲ့ရတဲ့အကြောင်းတွေကို ပြောပြလိုက်တယ်။

ငါ့အကြောင်းတွေလည်း ပြောပြလို့ပြီးရော သူတို့ညီအစ်မက ပုံပြောကြမယ်ဆိုပြီး တစ်ယောက်တစ်လှည့်စီ ပုံပြင်တွေ ပြောကြတယ်။ ညီအစ်မလေးယောက်စလုံး ပြောတဲ့ပုံပြင်တွေဟာ နာနာဘာဝ ဝိညာဉ်တွေရဲ့ ပုံပြင်တွေဆိုတော့ ကြောက်စရာ၊ အံ့ဩထိတ်လန့်စရာတွေ အများကြီးပါတယ်။ စိတ်ဝင်စားဖို့လည်း ကောင်းတယ်၊ နားထောင်လို့လည်း သိပ်ကောင်းတာပဲ။

သူတို့ပြောပြတဲ့ ဝိညာဉ်ပုံပြင်တွေထဲမှာ ငါလည်း နစ်မြောနေလိုက်တာ ဘယ်လောက်ကြာသွားမှန်းတောင် မသိဘူး။ သူတို့လေးယောက် ပုံပြောပြလို့ပြီးတော့ ငါပြောပြရမယ့် အလှည့်ရောက်လာတယ်။

ငါလည်း ဘာပုံပြင်ပြောရမှန်းမသိဖြစ်နေတယ်။ ဒါနဲ့ ငါက အလွယ်တကူပဲ၊ ယုန်နဲ့လိပ် အပြေးပြိုင်ကြတဲ့ ပုံပြင်ကို ပြောပြလိုက်တော့ သူတို့ညီအစ်မတွေက ငါ့ကို ဝိုင်းရယ်ကြတယ်လေ။ ငါ့မှာ ရှက်ရှက်နဲ့ ချော်လဲရောထိုင်ပြီး သူတို့နဲ့အတူ ဝိုင်းရယ်လိုက်ရတာပေါ့။

ဒီလိုနဲ့ပဲ ငါနဲ့ ညီအစ်မလေးဖော် ခင်မင်ရင်းနှီးခဲ့ကြတယ်။ နန်းသူဇာက ငါ့ရဲ့မျက်ဝန်းပိုင်ရှင်ဆိုတော့ ငါတို့နှစ်ယောက်ရဲ့ သံယောဇဉ်တွေဟာ နေ့လုံးသားကို မြစ်ဖျားခံလို့ လျှံတက်ခဲ့တယ်ဆိုပါတော့။

တစ်ရက်မှာတော့ ဆရာကြီး ဦးသီလက ငါ့ကိုခေါ်ပြီး "အာယုဗ္ဗေဒ မာဝေနိဒါန်း" ဆေးကျမ်းကြီးကို ထုတ်ပြတယ်။ ဆေးကျမ်းကြီးက လက်လေးလုံးလောက်ထူမယ်။ မျက်နှာစာအကျယ်ကတော့ တစ်ပေပတ်လည်လောက်ရှိတယ်။ ဆေးကျမ်းရဲ့ မျက်နှာဖုံးက ကြေးပြားနဲ့ ဖုံးအုပ်ထားပြီး အဲဒီကြေးပြားပေါ်မှာ ဖောင်းကြွစာလုံးနဲ့ "အာယုဗ္ဗေဒ မာဝေနိဒါန်း" ဆိုပြီး ကမ္ပည်းရေးထိုးထားတာ တွေ့ရတယ်။

ကြေးပြားမျက်နှာဖုံးကို လှန်ကြည့်လိုက်တော့ အတွင်းက စက္ကူတွေမဟုတ်ဘဲ ပေရွက်တွေဖြစ်နေတယ်။ အဲဒီပေရွက်တွေပေါ်မှာ ကညစ်နဲ့ရေးထားတဲ့ လက်ရေးက ကျောက်စာတွေပေါ်မှာ မြင်တွေ့ရတဲ့ လက်ရေးမျိုးပဲ။

ပေရွက်ပေါ်က စာတွေကို ငါဂရုစိုက်ကြည့်နေတုန်း ငါ့လက်ထဲက ဆေးကျမ်းကြီးကို ဆရာကြီးဦးသီလက လှမ်းယူလိုက်တယ်။

"မင်း ဒီဆေးကျမ်းကြီးထဲက ဆေးနည်းတွေကို သင်ယူချင်ရင်တော့ ဒီဆေးကျမ်းပိုင်ရှင်ဖြစ်တဲ့ ငါ့ရဲ့ဆရာကြီးကို အရင်ဆုံးဦးတိုက်ပြီး ကတိသစ္စာခံယူရလိမ့်မယ်" လို့ ပြောတယ်။

ငါကလည်း "ဆရာကြီးအမိန့်ရှိတဲ့အတိုင်း လိုက်နာပါ့မယ်" လို့ ပြန်ပြောလိုက်တာပေါ့။

ဆရာကြီးဦးသီလက "ကဲ . . . ဒါဆို ငါနဲ့လိုက်ခဲ့" ဆိုပြီး အပေါ်ထပ်ကို ခေါ်သွားတယ်။ အပေါ်ထပ်ရောက်တယ်ဆိုရင်ပဲ ခေါင်းရင်းဘက်အကျဆုံး အခန်းတစ်ခန်းကို ဆရာကြီးက ဖွင့်ပြီးဝင်သွားတယ်။ ငါလည်း ဆရာကြီးနောက်



www.burmeseclassic.com

www.burmeseclassic.com

က ဝင်လိုက်သွားတာပေါ့။

အခန်းထဲရောက်တော့ လုံးဝ မမျှော်လင့်ထားတဲ့ အရာတစ်ခုကို မြင်လိုက်ရတယ်။ အဲဒါက အလောင်းစင်ကြီး တစ်ခုပဲ။ အလောင်းစင်ကြီးကို မြင်မြင်ချင်း ငါ့ရင်ထဲမှာ "ဒိန်း"ခနဲ ဖြစ်သွားတယ်။

ဆရာကြီးဦးသီလက အလောင်းစင်ကြီးကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေတယ်။

"မင်းသိပ်အံ့ဩသွားသလား။ ဒီရုပ်ကလာပ်ဟာ ငါ့ဆရာကြီး ဦးစောနိုင်ရဲ့ ရုပ်ကလာပ်ပဲ။ လွန်ခဲ့တဲ့ခြောက်နှစ်လောက်က သေဆုံးသွားခဲ့တာ"လို့ ပြောပြတယ်။

အခန်းရဲ့ အလယ်တည့်တည့်မှာ မှန်စီရွှေချ မှန်ပေါင်နဲ့လုပ်ထားတဲ့ မှန်ခေါင်းကို နက်ပြာရောင် ကတ္တီပါစ ခင်းထားတဲ့ စင်ပေါ်မှာတင်ထားတယ်။ အဲဒီမှန်ခေါင်းထဲမှာ ရှမ်းဝတ်စုံနဲ့ ရှမ်းအဘိုးအိုတစ်ဦးရဲ့ ရုပ်အလောင်းကို အိပ်နေတဲ့အတိုင်း တွေ့ရတယ်။

ဒါပေမယ့် အသားရောင်ကတော့ သပိတ်ရောင်လိုပဲ မည်းနက်နေတယ်။ ခြောက်နှစ်တာ ကာလအတွင်းမှာ ဒီအလောင်းကောင်ကြီးဟာ မပုပ်မသိုး မပျက်စီးဘဲ အကောင်းပကတိအတိုင်း ရှိနေတာကို ငါစဉ်းစားနေတုန်း ဆရာကြီးဦးသီလက -

"ဟောဒီဆရာကြီးရဲ့ ရုပ်ကလာပ်ကို နှစ်ရှည်လများ မပျက်မစီးအောင် ထားနိုင်တာကတော့ အာယုဗ္ဗေဒ မာဓဝ နိဒါန်း ဆေးကျမ်းကြီးမှာပါတဲ့ ဆေးစီရင်ထားတာ"လို့ ပြောပြတယ်။

အဲဒီလို ဆေးစီရင်ထားတဲ့ ရုပ်အလောင်းဟာ နှစ်ပေါင်းတစ်ထောင်ကျော် မပျက်မစီးဘဲ တည်တံ့နိုင်မြဲတယ်လို့ ဆေးကျမ်းကြီးမှာ ဖော်ပြထားသတဲ့။

အလောင်းစင်ကြီးရှေ့မှာ ငါ့ကို ထိုင်ခိုင်းပြီး အလောင်းကောင်ကြီးကို ကန်တော့ခိုင်းတယ်။ နောက်ပြီး သူဆိုသလို လိုက်ဆိုဖို့ ငါ့ကိုပြောတယ်။ ငါလည်း သူဆိုသလို လိုက်ဆိုရတာပေါ့။

"ကျွန်ုပ်သည် အာယုဗ္ဗေဒ မာဓဝ နိဒါန်း ဆေးကျမ်းကြီးတွင် ဖော်ပြပါရှိသော ဆေးဖော်စပ်နည်းအဖုံဖုံ၊ ကုသနည်းအစုံစုံ၊ ရောဂါရှာဖွေနည်းအကုန်ကို သင်ယူလေ့လာပါမည်။ ဆေးပညာများကို တတ်ကျွမ်းနားလည်လာသည့်အခါ ရောဂါဝေဒနာရှင်သတ္တဝါဟူသမျှကို အယုတ်၊ အလတ်၊ အမြတ်မရွေးဘဲ မိမိရင်ဝယ်သားကဲ့သို့ သနားကြင်နာစွာ ရောဂါဝေဒနာများကို ကုသပေးပါမည်။ ကုသရာ၌လည်း ငွေကြေးရလိုမှုကို အဓိကမထားဘဲ လူနာရှင်များက စေတနာသဒ္ဓါပေါက်၍ ပေးကမ်းလှူဒါန်းသော ငွေကြေးအားနည်းသည်၊ များသည် မယူဆဘဲ မိမိအသက်မွေးဝမ်းကျောင်းအတွက်လောက်သာ လက်ခံရယူပါမည်။ ငွေကြေးမလုံလောက်သူ ရောဂါဝေဒနာရှင်များကို အခမဲ့ကုသပေးပါမည်ဟု ကတိသစ္စာပြုအပ်ပါသည်။

ထိုကတိသစ္စာကို မလိုက်နာဘဲ ဖောက်ဖျက်မိပါက ကျွန်ုပ်သည် ယခုဘဝနှင့် ဖြစ်လေရာဘဝတိုင်း၌ မည်သည့်ဆေးဝါးနှင့်မျှ ကုသ၍ မပျောက်ကင်းနိုင်သော အနာရောဂါဝေဒနာများ စွဲကပ်ပါစေသတည်း။

ကျွန်ုပ်သည် ဤကတိသစ္စာကို တည်ကြည်စွာလိုက်နာဆောင်ရွက်နိုင်ပါက ကျွန်ုပ်ကုသသော ရောဂါဝေဒနာသည် လူနာသတ္တဝါအားလုံးတို့သည် ရောဂါဝေဒနာများ ပျောက်ကင်း၍ အသက်ချမ်းသာမှုကို ရပါစေသတည်း"လို့ အဲဒီလို လိုက်ဆိုခဲ့ရတယ်။ ကတိသစ္စာပြုခိုင်းတာပေါ့ကွာ။

ငါ့မှာလည်း ဆေးကျမ်းကြီးက ဆေးနည်းတွေ သင်ယူရတော့မယ်ဆိုပြီး ဝမ်းသာနေမိတယ်။

"ကဲ . . . ကတိသစ္စာတော့ ပြုပြီးပြီ။ မင်းကို ငါပြစရာတွေရှိသေးတယ်။ ငါနဲ့လိုက်ခဲ့"ဆိုပြီး ခေါ်တယ်။ ငါလည်း အလောင်းစင်ရှိတဲ့ အခန်းထဲကထွက်ပြီး ဆရာကြီးနောက်ကို လိုက်သွားတယ်။

ဆရာကြီးက တံခါးပိတ်ထားတဲ့ အခန်းတစ်ခန်းကို တံခါးဖွင့်ပြီး ဝင်သွားတယ်။ သူ့နောက်က ငါလည်း လိုက်ရတာပေါ့။

အခန်းထဲရောက်တယ်ဆိုရင်ပဲ ငါမြင်လိုက်ရတာ မယုံနိုင်စရာဘဲ။ အခန်းထဲမှာ အိမ်အသုံးအဆောင်ပစ္စည်းဆိုလို့ ဘာတစ်ခုမှမတွေ့ရဘဲ အခန်းရဲ့ အလယ်တည့်တည့်မှာ အုတ်ဂူတစ်လုံးကို တွေ့လိုက်ရတယ်။

အုတ်ဂူပေါ်မှာ မိန်းမတစ်ယောက်ရဲ့ ဓာတ်ပုံတစ်ပုံထောင်ထားတယ်။ ဒေါ်နန်းမိုး(အသက် ၄၇ နှစ်)လို့ ကျောက်ပြားပေါ်မှာ ကမ္ပည်းထိုးထားတာကို လည်း တွေ့လိုက်ရတယ်။

ဒါဟာ ဆရာကြီးဦးသီလရဲ့ ဇနီး ဒေါ်နန်းမိုးရဲ့အုတ်ဂူဖြစ်ရမယ်ဆိုတာ

www.burmeseclassic.com

သဘောပေါက်ပါတယ်။

"ဒီဂူထဲမှာ လဲလျောင်းနေတာ ငါ့မိန်းမ နန်းမိုးပဲ။ သူ့ဘာကြောင့် အသက်ဆုံးရှုံးရတယ်ဆိုတာတော့ မင်း ငါ့ကိုမမေးနဲ့"

ဆရာကြီးက ဒေါ်နန်းမိုးရဲ့ ဓာတ်ပုံကိုကြည့်ပြီး ဝမ်းနည်းသံနဲ့ ပြောရှာတယ်။ ငါလည်း ဆရာကြီးအတွက် စိတ်မကောင်းဖြစ်မိတာပေါ့။ ဒေါ်နန်းမိုး ဘာကြောင့်သေဆုံးရတယ်ဆိုတာကိုတော့ ငါသိပ်သိချင်တာပေါ့။ ဒါပေမယ့် ဆရာကြီးက မမေးပါနဲ့လို့ ပိတ်ပြီးပြောထားလေတော့ အဖြေမရှိတဲ့ ပုစ္ဆာကို ချမတွက်တော့ဘူးဆိုပြီး နှုတ်ပိတ်နေလိုက်မိတယ်။

ဒေါ်နန်းမိုးအုတ်ဂူရှိတဲ့ အခန်းထဲကနေ ဆရာကြီးနဲ့ ငါထွက်ခဲ့ကြတယ်။ ဆရာကြီးက အခန်းတံခါးကို ပြန်ပိတ်ခိုင်းလို့ ငါကိုယ်တိုင်ပဲ တံခါးကို ပြန်ပိတ်ခဲ့ရတယ်။

နောက်အခန်းတစ်ခန်းကို တို့နှစ်ယောက် အတူတူဝင်ခဲ့ကြပြန်တယ်။ အခန်းထဲရောက်တယ်ဆိုရင်ပဲ ငါမြင်လိုက်ရတဲ့ မြင်ကွင်းက သုသာန်သင်္ချိုင်းကို မြင်တွေ့လိုက်ရသလိုပဲ အိမ်ခန်းထဲမှာ ဒီလိုအရာတွေကို တွေ့ရလိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ။ မထင်မှတ်တဲ့ အရာတွေကို ဖြုန်းခနဲမြင်လိုက်ရတော့ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ အံ့ဩခြင်းဆိုတဲ့ အရာတွေဟာ ငါ့ကိုယ်ထဲကို အလုအယက်ဝင်လာကြတယ်။ ပိုဆိုးတာက ဒီအိမ်ကြီးပေါ်က အမြန်ဆုံးထွက်ပြေးချင်တဲ့စိတ်ပဲ။ ဒါပေမယ့် သမားတော်ဆေးဆရာတစ်ယောက်ဖြစ်ဖို့ ရည်ရွယ်ထားတဲ့ငါဟာ ဒီမြင်ကွင်းကို မြင်ရုံနဲ့ ကြောက်လန့်ထွက်ပြေးဖို့ မသင့်ဘူးဆိုပြီး ငါ့ကိုယ်ငါ ပြန်ထိန်းလိုက်မိတယ်။

ဒါကြောင့် အခန်းထဲကို ရဲရဲဝံ့ဝံ့ဆက်ပြီး ဝင်သွားလိုက်တယ်။ အခန်းထဲမှာ အုတ်ဂူငါးလုံး ညီညီညာညာ တန်းစီနေတဲ့ ပုံသဏ္ဌာန်ဟာ တကယ့်သုသာန်သင်္ချိုင်းတစ်ခုလိုပါပဲ။

ဒီအခန်းထဲမှာ အုတ်ဂူတွေရှိနေတာကိုက ထူးခြားဆန်းပြားနေတယ်။ အုတ်ဂူတွေ ဒီလောက်တောင် အခန်းထဲမှာ ဘာဖြစ်လို့ ရှိနေရတာလဲ။ ဒီအတွေးတွေနဲ့ ဆရာကြီးကို ငါလှမ်းကြည့်လိုက်တော့ ဆရာကြီးက ငါ့ကို သေသေချာချာစိုက်ကြည့်နေတယ်။

ဆရာကြီးရဲ့ မျက်နှာထားဟာ တော်တော့်ကို ပြောင်းလဲနေတယ်။ တင်းမာခက်ထန်နေပြီး မျက်တောင်လည်း လုံးဝမခတ်ဘူး။ မျက်လုံးအရောင်က နီရဲတောက်ပနေတယ်။

ဆရာကြီးဦးသီလကို ကြည့်နေရင်းနဲ့ ငါ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထလာတယ်။

"မင်းကြောက်နေသလား . . .၊ မကြောက်ပါနဲ့ကွာ။ အုတ်ဂူတွေပေါ်က ဓာတ်ပုံတွေကို လှန်ကြည့်လိုက်ပါဦး" လို့ ဆရာကြီးက အသံနက်ကြီးနဲ့ ငါ့ကို ပြောတယ်။

ငါလည်း စိတ်တင်းပြီး အုတ်ဂူတွေနားကို သွားလိုက်တယ်။ ပထမဆုံးရောက်သွားတဲ့ အုတ်ဂူပေါ်မှာ ဓာတ်ပုံတစ်ပုံကို မှောက်လျက်တင်ထားတာ တွေ့ရတယ်။

အဲဒီဓာတ်ပုံကို ကောက်ကိုင်ပြီး လှန်ကြည့်လိုက်တော့ ငါ့မျက်လုံးကိုတောင် ငါမယုံသလို ဖြစ်မိတယ်။ ဓာတ်ပုံထဲက အမျိုးသမီးဟာ ဆရာကြီးဦးသီလရဲ့ အကြီးဆုံးသမီး နန်းဥမ္မာပုံဖြစ်နေတာကို တွေ့လိုက်ရတယ်။

အုတ်ဂူပေါ်မှာ ကမ္ပည်းရေးထိုးထားတာကလည်း "မနန်းဥမ္မာ (အသက် ၂၅ နှစ်)" . . .တဲ့။

မယုံနိုင်စရာ၊ မဖြစ်နိုင်စရာဘဲ။ မနက်ပိုင်းကမှ နန်းဥမ္မာတို့ ညီအစ်မလေးယောက်ငါ စကားတွေထိုင်ပြောခဲ့သေးတာပဲ။ ဒါ မဖြစ်နိုင်ပါဘူးလို့ ငါ့စိတ်ထဲမှာတွေးရင်း ဆရာကြီးကို လှမ်းကြည့်လိုက်တော့ . . .

"ဒီအုတ်ဂူထဲမှာ သမီးကြီးနန်းဥမ္မာ လဲလျောင်းနေတာ သုံးနှစ်တောင်ပြည့်သွားပြီ။ ကဲပါ . . .ရှေ့ကဂူတွေကိုလည်း ကြည့်လိုက်ပါဦး" လို့ ဆရာကြီးဦးသီလက အသံဩကြီးနဲ့ အခန်းဝကနေ ငါ့ကို ပြောလိုက်တယ်။ ဒါနဲ့ ငါလည်း နန်းဥမ္မာရဲ့ အုတ်ဂူဘေးက ဒုတိယမြောက်အုတ်ဂူနားကို တိုးသွားပြီး အုတ်ဂူပေါ်က မှောက်ထားတဲ့ဓာတ်ပုံကို ယူကြည့်လိုက်တယ်။

မနန်းသီတာရဲ့ ဓာတ်ပုံဖြစ်နေတာကို တွေ့လိုက်ရပြန်တယ်။ အုတ်ဂူမှာလည်း "မနန်းသီတာ(အသက် ၂၃ နှစ်)" ဆိုတဲ့ ကမ္ပည်းထိုးထားတာကို ဖတ်လိုက်ရတော့ ငါ့တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေ ထွက်လာပြီး ရင်ထဲမှာ တလှပ်လှပ် ဖြစ်လာတယ်။

"မင်း သိပ်အံ့ဩမနေနဲ့။ ရှေ့က အုတ်ဂူကို ဆက်ကြည့်လိုက်ပါဦး" လို့



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးက ငါ့ကို အမိန့်ပေးသံနဲ့ ပြောတယ်။ ငါလည်း ဆရာကြီးနဲ့ မျက်ခုံးချင်းမဆုံဝံ့တာနဲ့ ဆရာကြီးဦးသီလကို မကြည့်တော့ဘဲ တတိယမြောက်အုတ်ဂူရှိရာကို လေးလံထိုင်းမှိုင်းစွာနဲ့ ရောက်သွားတယ်။

အုတ်ဂူရှေ့လည်း ရောက်ရော "မနန်းကလျာ (အသက် ၂၁ နှစ်)" ဆိုတဲ့ ကမ္ပည်းစာကို ထင်ထင်ရှားရှား တွေ့လိုက်ရတယ်။ အုတ်ဂူပေါ်က ဓာတ်ပုံကို လှန်ကြည့်လိုက်တော့လည်း နန်းကလျာရဲ့ ဓာတ်ပုံဖြစ်နေပြန်တယ်။

ဓာတ်ပုံကိုကိုင်ထားတဲ့ ငါ့လက်တွေဟာ တဆတ်ဆတ်တုန်လာတယ်။ ပြောမပြနိုင်တဲ့ ဝေဒနာတစ်မျိုးကို ရင်ထဲမှာ ခံစားလိုက်ရတယ်။

"ရှေ့က အုတ်ဂူကို ဆက်ကြည့်လိုက်စမ်းပါ"လို့ ဆရာကြီးက ပြောပြန်တယ်။ ဆရာကြီးရဲ့ စေခိုင်းချက်ကို မငြင်းပယ်နိုင်ဘဲ ရှေ့မှာရှိတဲ့ စတုတ္ထမြောက် အုတ်ဂူရှိရာကို ငါ့ခြေထောက်ဟာ လေးလံ ထုံထိုင်းထိုင်းနဲ့ မလှမ်းချင်လှမ်းချင် လှမ်းသွားနေမိတယ်။

ဒီတစ်ခါ မြင်ရမယ့် ဓာတ်ပုံဟာ ငါ့ရဲ့မျက်ဝန်းပိုင်ရှင် နန်းသူဇာများ ဖြစ်နေမလားဆိုတဲ့ အတွေးတွေ ဝင်နေမိတယ်။ မဖြစ်ပါစေနဲ့လို့လည်း ရင်ထဲမှာ ကျိတ်ပြီး ဆုတောင်းနေမိသေးတယ်။ အုတ်ဂူရှေ့ရောက်တော့ ဆုတောင်း မပြည့်မှန်း သိလိုက်ရတယ်။

အုတ်ဂူပေါ်က ဓာတ်ပုံဟာ နန်းသူဇာရဲ့ ဓာတ်ပုံဖြစ်နေတယ်လေ။ "မနန်းသူဇာ (အသက် ၁၉ နှစ်)ဆိုတဲ့ ကမ္ပည်းစာကို မြင်လိုက်ရတာနဲ့ ငါ့ရဲ့ခေါင်းဟာ အခါမတန်ကြီးထွားသလို ခံစားလိုက်ရတယ်။ နောက်ပြီး ခြေတွေလက်တွေ မသယ်ချင်သလို ချည့်နဲ့နဲ့ဖြစ်ပြီး ဒယိမ်းဒယိုင်နဲ့ လဲကျသွားတယ်။

ငါ အုတ်ဂူကို ဆွဲပြီး ပြန်အထမှာ ဆရာကြီးဦးသီလက "မင်းက သိပ်ကြောက်တတ်တာကိုးကွ။ လူသေတာ ဆန်းတာမှ မဟုတ်ဘဲ။ သမားတော် ဆေးဆရာလုပ်မယ့်လူက ဒီလိုကြောက်နေလို့ ဖြစ်ပါ့မလား။ ကဲပါကွာ၊ ကျန်နေတဲ့ အုတ်ဂူတစ်လုံးကို ဆက်ကြည့်လိုက်ပါဦး"လို့ ငါ့ကို လှောင်သလိုလိုနဲ့ ပြောတယ်။ ငါလည်း ကိုယ့်စိတ်ကိုယ် တင်းထားပြီး နောက်ဆုံးဂူကို သွားကြည့်လိုက်မိတယ်။

အုတ်ဂူပေါ်မှာ တင်ထားတဲ့ ဓာတ်ပုံဟာ ငါလုံးဝ မထင်မှတ်ထားတဲ့ ဆရာကြီးဦးသီလရဲ့ဓာတ်ပုံ ဖြစ်နေတာကို တအံ့တဩတွေ့လိုက်ရတယ်။

ငါလည်း ဓာတ်ပုံကိုကြည့်နေရာက ဆရာကြီးဦးသီလရှိတဲ့နေရာကို ဆတ်ခနဲလှမ်းကြည့်လိုက်တယ်။

ဆရာကြီးဦးသီလ လက်ပိုက်ပြီး ရပ်နေတာကို မျက်ဝါးထင်ထင် ငါမြင်တွေ့နေရတယ်။

ဒီအုတ်ဂူကလည်း ဆရာကြီး ဦးသီလရဲ့ အုတ်ဂူဆိုတော့ . . .

ငါ့ရဲ့ရင်ထဲမှာ ဒိန်းခနဲဖြစ်ပြီး နှလုံးခုန်သံဟာ မိုးကြိမ်းသံလောက် ကျယ်လောင်လာတယ်လို့ ထင်ရတယ်။ ငါလည်း မျက်လုံးကို စုံမှိတ်ထားလိုက်မိတယ်။

ငါ့ရဲ့ နှလုံးခုန်သံတွေနဲ့အတူ ကြောက်စရာကောင်းတဲ့ ရယ်သံကြီးကို ကြားလိုက်ရပြန်တယ်။ ဒါနဲ့ မျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်တော့ လှိုက်လှိုက်လှဲလှဲ ရယ်မောနေတဲ့ ဆရာကြီးဦးသီလကို တွေ့လိုက်ရတယ်။

ဆရာကြီးရဲ့ ရယ်သံကြီးဟာ တစ်အိမ်လုံးကို ဖုံးအုပ်သွားတယ်။ ငါလည်း ဆရာကြီးကိုကြည့်လိုက်၊ အုတ်ဂူပေါ်က ဓာတ်ပုံကို ကြည့်လိုက်နဲ့ ရင်ထဲမှာ တလှပ်လှပ်နဲ့။ ရယ်သံကြီးကလည်း ကျယ်လောင်သထက် ကျယ်လောင်လာတယ်။

အဲဒီအချိန်မှာပဲ ဒုန်း . . ဒုန်း . . ဒိုင်း . . ဒိုင်းနဲ့ မိုးခြိမ်းသံတွေ ဆူညံလာတယ်။ လျှပ်စစ်လျှပ်စီးတွေလည်း လင်းခနဲ၊ လက်ခနဲ ပေါ်လာတယ်။ လေကြီးမိုးကြီးတွေ ကျလာတယ်။

လျှပ်စီးတွေရဲ့ အလင်းရောင်ကြောင့် အခန်းဝမှာ ရပ်ပြီး ရယ်မောနေတဲ့ ဆရာကြီးဦးသီလကို ထင်ထင်ရှားရှား မြင်တွေ့ရတယ်။ အားပါးတရ ရယ်မောနေတဲ့ ဆရာကြီးရဲ့ မျက်လုံးနှစ်လုံးဟာ ပြူးသထက်ပြူးပြီး မျက်လုံးအိမ်ထဲက အပြင်ကိုထွက်ကျသွားသလို မြင်လိုက်ရတယ်။

လျှပ်စီးအလင်းရောင်တွေ ပျောက်သွားလို့ မှောင်ကျသွားတဲ့အခါ ဆရာကြီးဦးသီလကို မမြင်ရပြန်ဘူး။

ကြောက်ခမန်းလိလိ ရယ်သံကြီးကတော့ အဆက်မပြတ်ကြားနေရတယ်။ လျှပ်စီးအလင်းရောင် လင်းလာတဲ့အခါမှာ ဆရာကြီးကို မြင်လိုက်တိုင်း သူ့ရဲ့ပုံပန်းသဏ္ဌာန်ဟာ တစ်မျိုးပြီးတစ်မျိုး ပုံပျက်ပန်းပျက် ပြောင်းလဲသွားတာကိုမြင်တွေ့နေရတယ်။

www.burmeseclassic.com

ပထမ မျက်လုံးနှစ်လုံး ပြူးဝဲ ထွက်သွားတယ်။ နောက်အသားတွေ အရည်ပျော်သွားသလို စီးကျနေတယ်။ တဖြည်းဖြည်းနဲ့ အရိုးစုကြီးဖြစ်သွားတာကို တွေ့လိုက်ရတယ်။

ရယ်သံကြီးကတော့ မရပ်မနား ကျယ်လောင်သထက် ကျယ်လောင်လာတယ်။ ငါ့မှာလည်း ကြည့်ရင်းကြည့်ရင်းနဲ့ အသားတွေ တဆတ်ဆတ် တုန်လာတယ်။ ဒီအခန်းထဲက အမြန်ဆုံးထွက်ပြေးချင်လာတယ်။

နောက်ဆုံး ဆက်မကြည့်ရဲတော့လို့ အသံကုန်အော်ဟစ်ရင်း ပိတ်ထားတဲ့ မှန်ပြတင်းပေါက်ကို ကိုယ်နဲ့ဝင်တိုးပြီး အောက်ကို ခုန်ချလိုက်တယ်။

ပြတင်းပေါက်က မှန်တွေကွဲသွားတဲ့အသံကို ငါ့နားထဲမှာ ကြားလိုက်ရတယ်။ နောက်ပြီး အောက်ကို တလိမ့်ခေါက်ကွေး ကျသွားတာကိုလည်း ငါသိလိုက်ပါတယ်။

ငါ့ခေါင်းနဲ့ တစ်ခုခုဝင်တိုက်မိတဲ့အချိန်မှာတော့ ငါလည်း အမှောင်ထုထဲကို ရောက်သွားပြီး ဘာမှကို သတိမရတော့ဘူး။

ငါသတိရလို့ မျက်လုံးဖွင့်ကြည့်လိုက်တဲ့အခါမှာ ခြံစောင့်ကြီးဦးဇော်မှိုင်းကို အရင်ဆုံးမြင်တွေ့လိုက်ရတယ်။ သူ့ရဲ့အနားမှာ ခပ်ငယ်ငယ်မိန်းကလေးတစ်ယောက်နဲ့ အသက်ကြီးကြီးအဘွားအိုတစ်ယောက်ကို တွေ့ရတယ်။

"ကျွန်တော် ဘယ်ရောက်နေတာလဲ"လို့ ဦးဇော်မှိုင်းကို ငါကမေးလိုက်တော့ ဦးဇော်မှိုင်းက "လူကလေး သိပ်ကံကောင်းတယ်။ မသေကောင်း မပျောက်ကောင်း။ စကြာဘုံအိမ်ကြီး အပေါ်ထပ်ကနေ အောက်ကိုလိမ့်ကျလာတာ သစ်ပင်နဲ့ခေါင်း တိုက်မိပြီး သတိမေ့နေတာ"လို့ ပြောပြတယ်။

"အစ်ကိုက ဘာဖြစ်လို့ ဒီအိမ်ကြီးပေါ်တက်သွားရတာလဲ"လို့ ကောင်မလေးက ငါ့ကိုမေးလိုက်တော့မှ ငါလည်း ဆရာကြီးဦးသီလကို သတိရလိုက်မိတယ်။

"ဆရာကြီး . . ဆရာကြီး"လို့ ကြောက်ကြောက်လန့်လန့်နဲ့ ငါထအော်လိုက်တော့ ဦးဇော်မှိုင်းက "သတိထားပါ လူလေးရယ်။ မင်းခေါင်းက ဒဏ်ရာက မသေးဘူးကွဲ့"လို့ ပြောလိုက်မှ ငါ့ခေါင်းကို ကိုင်ကြည့်မိတယ်။ ငါ့ခေါင်းမှာ ပတ်တီးစည်းထားတာကိုသိလိုက်ရတယ်။

"ဒီအစ်ကို အိမ်ကြီးပေါ်မှာ ဆရာကြီးတို့မိသားစုနဲ့တွေ့ခဲ့ပြီနဲ့ တူတယ် အဘ"လို့ ကောင်မလေးက ဦးဇော်မှိုင်းကို လှမ်းပြောလိုက်တယ်။ ဘေးနားက အဘွားအိုကြီးက "အေးလေကွယ်။ စကြာဘုံအိမ်ကြီးကို သော့ခတ်ထားပါလို့ အဘွားခဏခဏပြောပါတယ်။ ဇော်မှိုင်းက လုပ်မှမလုပ်ဘဲ"လို့ ပြန်ပြောတယ်။

"စကြာဘုံအိမ်ကြီးရဲ့ တံခါးပေါက်ကို သော့ခတ်ထားလို့မရဘူးဆိုတာ အမေသိသားနဲ့ ပြောနေပြန်ပြီ"လို့ ဦးဇော်မှိုင်းက ပြန်ပြောလိုက်တယ်။ ဦးဇော်မှိုင်းတို့ မိသားစု တစ်ယောက်တစ်ခွန်းပြောနေတဲ့ စကားသံတွေကို ငါနားထောင်ရတာ တကယ့်ကို ပဟေဠိဆန်နေတယ်။

ငါလည်း ဦးဇော်မှိုင်းကို စကြာဘုံအိမ်ကြီးနဲ့ ဆရာကြီးဦးသီလတို့ မိသားစု အကြောင်းကို မေးလိုက်တာပေါ့။

အဲဒီတော့မှ ဆရာကြီးဦးသီလတို့ မိသားစု တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကို ဦးဇော်မှိုင်းက ပြန်ပြောပြတယ်။

သီပေါနယ်တစ်ဝန်းမှာ လျှမ်းလျှမ်းတောက် နာမည်ကြီး သမားတော်ကြီး ဦးစောနိုင်မရှိတဲ့နောက်မှာ ဆရာကြီးဦးသီလဟာ ရောဂါဝေဒနာရှင် လူနာများရဲ့ အသက်တွေကို ကယ်တင်လာခဲ့တဲ့ မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးတစ်ဦး ဖြစ်လာခဲ့သတဲ့။

စကြာဘုံအိမ်ကြီးမှာ ဆရာကြီးဦးသီလတို့ မိသားစု ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြစဉ် အသက်လေးဆယ်လောက်ရှိတဲ့ ဦးမင်းစိန်ဆိုတဲ့လူတစ်ယောက် ယောမြို့ကနေ စကြာဘုံအိမ်ကြီးကို ရောက်လာသတဲ့။

တိုင်းရင်းဆေးပညာကို သင်ယူဖို့အတွက် ဆရာကြီးဦးသီလဆီကို လာခဲ့တာလို့ပြောသတဲ့။ ဆရာကြီးကလည်း မြန်မာတိုင်းရင်းဆေးပညာကို တိုးတက်ပြန့်ပွားစေချင်တဲ့ ဆန္ဒနဲ့ ဦးမင်းစိန်ကို လက်ခံသင်ပေးခဲ့သတဲ့။

"အာယုဗ္ဗေဒ မာဓဝနိဒါန်း"ဆိုတဲ့ ဆေးကျမ်းကြီး ဆရာကြီးဦးသီလဆီမှာ ရှိနေတာကို ဦးမင်းစိန်ဆိုတဲ့လူက သိနေသတဲ့။ ဆေးပညာသင်ယူဖို့ထက် ဆေးကျမ်းကြီးကို ရယူပိုင်ဆိုင်ဖို့က အဓိကဖြစ်နေသတဲ့။

ဆေးကျမ်းကြီးကို အလွယ်တကူ ရယူနိုင်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ဆိုတာ ဦးမင်းစိန်က နားလည်သွားသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဦးသီလ



www.burmeseclassic.com

www.burmeseclassic.com

လက်ထဲကို ဆေးကျမ်းကြီးရောက်လာတဲ့အချိန်က ဦး အမြတ်တနိုးနဲ့ ဆေးကျမ်းကြီးကို မီးခံသေတ္တာထဲမှာ သိမ်းဆည်းထားသတဲ့။ မီးခံသေတ္တာသော့ကိုလည်း ဆရာကြီးဦးသီလရဲ့လည်ပင်းမှာ ကြိုးနဲ့ အမြဲတမ်းဆွဲထားသတဲ့။

အဲဒီတော့ ဆေးကျမ်းကြီးကို ခိုးယူဖို့ဆိုတာ ဦးမင်းစိန်အတွက် အခက်အခဲတွေနဲ့ ရင်ဆိုင်နေရသတဲ့။

ဆေးကျမ်းကြီးကို ဦးမင်းစိန်က ခိုးယူဖို့ကြံစည်နေတာကိုလည်း ဆရာကြီးဦးသီလ မရိပ်မိဘူးတဲ့။

တစ်နေ့မှာတော့ ဆရာကြီးဦးသီလ စိုက်ထားတဲ့ ပင့်ကူနီဂမုန်းဟာ ညှိုးနွမ်းနေတာ တွေ့ရသတဲ့။ ဒီအကြောင်းကို ဆရာကြီးသိအောင် ပြောပြဖို့ ဦးဇော်မှိုင်းက စကြာဘုံ အိမ်ကြီးပေါ် တက်သွားသတဲ့။

အိမ်ကြီးထဲမှာလည်း လူရိပ်လူသံဘာမှမကြားရဘူးတဲ့။ ဦးဇော်မှိုင်းက "ဆရာကြီး၊ ဆရာကြီး" လို့ အသံကျယ်ကျယ်နဲ့ သုံးလေးခွန်းခေါ်တော့လည်း တိတ်ဆိတ်မြဲ တိတ်ဆိတ်နေတာပဲတဲ့။ ဒါနဲ့ ထမင်းစားခန်းထဲ ဝင်ကြည့်လိုက်တော့ ဦးသီလတို့ မိသားစုအားလုံး ထမင်းစား စားပွဲမှာ ဖရိုဖရဲနဲ့ ထမင်းပန်းကန်ပြားတွေပေါ် မျက်နှာမှောက်လျက် လဲကျနေသူကကျ၊ ထိုင်ခုံပေါ်မှာ ထိုင်လျက် ဇက်ကျိုးပြီး ခေါင်းငိုက်စိုက်ဖြစ်နေသူကဖြစ်၊ ပုံစံအမျိုးမျိုးနဲ့ သေဆုံးနေကြတာကို တွေ့လိုက်ရသတဲ့။

ဦးဇော်မှိုင်းလည်း ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း အိမ်နောက်ဘက် မီးဖိုခန်းက "ဒုန်း" ဆိုတဲ့အသံကို ကြားလိုက်ရသတဲ့။ သူလည်း မီးဖိုခန်းကို ပြေးသွားကြည့်လိုက်တော့ မီးဖိုခန်းထဲမှာ အိမ်ဖော်မလေး "မိဂွမ်း" လည်ပင်းမှာ သားလှီးဓားတစ်ချောင်း ထုတ်ချင်းပေါက်စိုက်ဝင်ပြီး သွေးသံရဲရဲနဲ့ သေဆုံးနေတာ တွေ့လိုက်ရသတဲ့။

ဆေးပညာလာသင်နေတဲ့ ယောမြို့က ဦးမင်းစိန်ကိုတော့ လုံးဝမတွေ့ရဘူးတဲ့။

သက်ဆိုင်ရာ အာဏာပိုင်တွေကို ဦးဇော်မှိုင်းက တိုင်ကြားလိုက်သတဲ့။ ဦးသီလတို့မိသားစုအားလုံးဟာ အလွန်ပြင်းထန်တဲ့အဆိပ်မိလို့ သေဆုံးရတာလို့ စုံစမ်းစစ်ဆေးတဲ့ ရဲအရာရှိတွေက ပြောသတဲ့။

အိမ်ဖော်မလေး မိဂွမ်းသေရတာကတော့ လူသတ်တရားခံက မိဂွမ်းကို စည်းရုံးပြီး ဦးသီလတို့မိသားစု စားသောက်မယ့် ထမင်းဟင်းတွေထဲမှာ အဆိပ်ထည့်ခိုင်းထားတာ ဖြစ်မယ်။

နောက်ပြီး မိဂွမ်းက ဖော်ကောင်လုပ်မှာစိုးလို့ လူသတ်ကောင်က မိဂွမ်းကို နှုတ်ပိတ်တဲ့အနေနဲ့ အခုလိုသတ်လိုက်တာဖြစ်မယ်လို့ ရဲအရာရှိတွေက ယူဆကြသတဲ့။

မီးခံသေတ္တာကြီးလည်း သော့တန်းလန်းနဲ့ ပွင့်နေသတဲ့။ "အာယုဗ္ဗေဒ မာဓဝနိဒါန်း" ဆေးကျမ်းကြီးလည်း မရှိတော့ဘူးတဲ့။ ဆေးကျမ်းကြီးကို ဦးမင်းစိန် ခိုယူသွားတာဖြစ်မယ်လို့ ရဲစုံထောက် ဗိုလ်တောက်က ပြောပြသတဲ့။ တရားခံကို အမြန်ဆုံး ဖမ်းဆီးပေးမယ်ဆိုတဲ့အကြောင်းလည်း ပြောသွားသေးသတဲ့။

ဆေးကျမ်းကြီးကို ခိုးယူဖို့ ဦးမင်းစိန်က အမျိုးမျိုးကြိုးစားပေမယ့်လည်း မအောင်မြင်ခဲ့လို့ အခုလို ရက်ရက်စက်စက် ကြံမိကြံရာ လုပ်လိုက်တာလို့ သူထင်သတဲ့။

"အာယုဗ္ဗေဒ မာဓဝနိဒါန်း" ဆေးကျမ်းကြီးကို ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့တဲ့ မျိုးဆက်လည်းပြတ်သွားသလို အဖိုးမဖြတ်နိုင်တဲ့ ဆေးကျမ်းကြီးလည်း ပျောက်ဆုံးသွားရသတဲ့။

စကြာဘုံအိမ်ကြီးကိုလည်း အမွေဆက်ခံရယူမယ့်သူ တစ်ဦးတစ်ယောက်မှ မရှိတော့လို့ ဦးသီလတို့ မိသားစုရုပ်အလောင်းတွေကို ဦးဇော်မှိုင်းက စကြာဘုံအိမ်ကြီးပေါ်မှာပဲ ဂူသွင်းသင်္ဂြိုဟ်ပေးလိုက်သတဲ့။

ဦးဇော်မှိုင်းပြောပြလို့ စကြာဘုံအိမ်ကြီးမှာ ဖြစ်ပျက်ခဲ့တဲ့အကြောင်းတွေကို ဂဃနဏ ငါသိလိုက်ရတယ်။

"စကြာဘုံ" အိမ်ကြီးကနေ "ဝိညာဉ်ဘုံ" အိမ်ကြီး ဖြစ်နေတာကို ဦးဇော်မှိုင်းတို့မိသားစု သိထားသလို ငါလည်းသိလိုက်ရပြီပေါ့ သူငယ်ချင်း။

ဝိညာဉ်ညီအစ်မများ ပြောပြခဲ့တဲ့ ဝိညာဉ်ပုံပြင်များနဲ့ ပျောက်ဆုံးသွားတဲ့ "အာယုဗ္ဗေဒ မာဓဝနိဒါန်း" ဆေးကျမ်းကြီး ထူးဆန်းစွာ ပြန်လည်ရရှိလာပုံတွေကို နောက်ကြုံဆုံတဲ့အခါ မင်းကို ထပ်ပြောပြပါဦးမယ်။

ရန်ကုန်မြင့်ဆွေ



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၆ ခုနှစ်၊ တော်သလင်းလ - သီတင်းကျွတ်လ

## 2014 SEPTEMBER

| | | |
|---|---|---|
| တနင်္လာ Monday | 1 ၈ ရက်ယုတ်မာ | |
| အင်္ဂါ Tuesday | 2 ၉ | |
| ဗုဒ္ဓဟူး Wednesday | 3 ၁၀ | |
| ကြာသပတေး Thursday | 4 ၁၁ ရက်ရာဇာ | 18 ၁၀ ရက်ရာဇာ |
| သောကြာ Friday | 5 ၁၂ | 19 ၁၁ |
| စနေ Saturday | 6 ၁၃ ရက်ရာဇာ | 20 ၁၂ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 7 ၁၄ | 21 ၁၃ |
| တနင်္လာ Monday | 8 ၁၅ တော်သလင်းလပြည့် | 22 ၁၄ |
| အင်္ဂါ Tuesday | 9 ၁ | 23 ၁၅ တော်သလင်းလကွယ် |
| ဗုဒ္ဓဟူး Wednesday | 10 ၂ အမြိတ္တစုတ်ရက်၊ မဟာရက်ကြမ်း | 24 ၁ |
| ကြာသပတေး Thursday | 11 ၃ ရက်ရာဇာ | 25 ၂ ရက်ရာဇာ |
| သောကြာ Friday | 12 ၄ | 26 ၃ |
| စနေ Saturday | 13 ၅ အမြိတ္တစုတ်ရက်၊ ရက်ရာဇာ | 27 ၄ |
| တနင်္ဂနွေ Sunday | 14 ၆ | 28 ၅ |
| တနင်္လာ Monday | 15 ၇ | 29 ၆ |
| အင်္ဂါ Tuesday | 16 ၈ ရက်ယုတ်မာ | 30 ၇ ရက်ရာဇာ အမြိတ္တစုတ်ရက် |
| ဗုဒ္ဓဟူး Wednesday | 17 ၉ | |



၈. ၉. ၂၀၁၄ စန်းပြောင်းရက်စွဲ ၂၃. ၉. ၂၀၁၄

**၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဂြိုဟ်ပြောင်းချိန်**

တနင်္ဂနွေသည် - ၁၇. ၉. ၂၀၁၄ ဗုဒ္ဓဟူးနေ့ နံနက်(၆)နာရီ (၅၁) မိနစ် (၄၀) စက္ကန့်တွင် ကန်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၅. ၉. ၂၀၁၄ သောကြာနေ့ နံနက်(၃)နာရီ (၄)မိနစ် (၃၈)စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၁. ၉. ၂၀၁၄ တနင်္ဂနွေနေ့ နံနက်(၂) နာရီ (၅၇)မိနစ် (၂)စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - ကြဋ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁. ၉. ၂၀၁၄ တနင်္လာနေ့ နံနက်(၃) နာရီ (၅၈)မိနစ် (၂၉)စက္ကန့်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

စနေသည် - တူရာသီသို့ ပြောင်းသည်။

ရာဟုသည် - ကန်ရာသီသို့ ပြောင်းသည်။

(၁၀. ၉. ၂၀၁၄)၊ (၁၃. ၉. ၂၀၁၄)ရက်နှင့် (၃၀. ၉. ၂၀၁၄)ရက်တို့သည် **အမြိတ္တာစုတ်တျ၍ ၇ ရက်နေ့ နံနက် ၁၀း၁၇ နာရီမှ ၁၁း၀၉ နာရီအတွင်းသည် မနေသိဒ္ဓိနတွတ် အား *အကောင်းဆုံးအချိန်ဖြစ်သည်။***

အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

***တနင်္ဂနွေသားသမီး***သည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

***တနင်္လာသားသမီး***သည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

***အင်္ဂါသားသမီး***သည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

***ဗုဒ္ဓဟူးသားသမီး***သည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

***ကြာသပတေးသားသမီး***သည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

***သောကြာသားသမီး***သည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

***စနေသားသမီး***သည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက်

### မဟိဒ္ဓိကျော်ခေါင်

**၁။ တနင်္ဂနွေသားသမီးများအဖို့**

စက်တင်ဘာလ (၂)၊ (၅)၊ (၇)၊ (၈)၊ (၁၅)၊ (၁၉)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၂။ တနင်္လာသားသမီးများအဖို့**

စက်တင်ဘာလ (၁)၊ (၄)၊ (၇)၊ (၈)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၂၅)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၃။ အင်္ဂါသားသမီးများအဖို့**

စက်တင်ဘာလ (၁)၊ (၃)၊ (၆)၊ (၇)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၄။ ဗုဒ္ဓဟူးသားသမီးများအဖို့**

စက်တင်ဘာလ (၄)၊ (၁၁)၊ (၁၅)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၇)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၅။ ကြာသပတေးသားသမီးများအဖို့**

စက်တင်ဘာလ (၁)၊ (၃)၊ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၂)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၆။ သောကြာသားသမီးများအဖို့**

စက်တင်ဘာလ (၂)၊ (၃)၊ (၇)၊ (၁၀)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၈)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၇။ စနေသားသမီးများအဖို့**

စက်တင်ဘာလ (၂)၊ (၃)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၇) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**၈။ ရာဟုသားသမီးများအဖို့**

စက်တင်ဘာလ (၄)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၇)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

■ မဟိဒ္ဓိကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ

# သည်လမှာ

## ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက်

■ တောကကိုရင် ■

မိမိတို့ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလ အခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ စက်တင်ဘာလ (၅)၊ (၁၀)၊ (၁၆)၊ (၁၇)၊ (၂၆) ကျရောက်သော ရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက် အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ စက်တင်ဘာလ (၆)၊ (၉)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၆) ကျရောက်သောရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ စက်တင်ဘာလ (၇)၊ (၈)၊ (၁၀)၊ (၁၈)၊ (၁၉)၊ (၂၆) ကျရောက်သောရက်များ၌ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်,ချုံနွယ်,အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ,အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ စက်တင်ဘာလ (၄)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၆)၊ (၃၀) ကျရောက်သော ရက်များ၌ သီးနှံမျိုးစေ့တို့ကိုကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

■ တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ စက်တင်ဘာလ (၁)၊ (၅)၊ (၁၀)၊ (၁၄)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် "**နန္ဒာတိထိ**"တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရား,ဂူ,ကျောင်း, ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

၂။ စက်တင်ဘာလ (၆)၊ (၁၁)၊ (၁၅)၊ (၂၁)၊ (၂၆) စသောရက်များသည် "**ဘဒြာတိထိ**"တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာ ပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ စက်တင်ဘာလ (၇)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၇) စသောရက်များသည် "**ဇယာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသောအမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ စက်တင်ဘာလ (၇)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် "**ရိတ္တာတိထိ**"တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ စက်တင်ဘာလ (၂)၊ (၄)၊ (၉)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် "**ပုဏ္ဏာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဋ္ဌာန်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ စက်တင်ဘာလ (၁၀) ရက်၊ (၁၃) ရက်၊ (၃၀) ရက်တို့သည် "**အမြိတ္တစုတ်**"တွင် ကျရောက်လေရာ မည်သည့် အနှောင့်အယှက် အခက်အခဲတို့နှင့် ကြုံတွေ့စေရကာမူ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ကြပါသည်။

၇။ စက်တင်ဘာလ (၄)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် "**ရက်ရာဇာ**" တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း အမှုကိစ္စများကို ဆောင်ရွက်နိုင်ပါကြောင်း။

နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လပွားအတွက် ကံဇာတာ

## ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

အစုစပ်လုပ်ငန်း လုပ်ကိုင်ပါက ငွေကြေးအရှုပ်အထွေးများနှင့် ကြုံမည်။ သားသမီးပညာရေးအတွက် စိတ်သောကရောက်စရာ ကြုံမည်။ အကောင်အထည်ဖော်လိုသော ကိစ္စကို အကောင်အထည်မဖော်နိုင်ဘဲ ဖြစ်နေတတ်သည်။ ဂုဏ်သိက္ခာထိခိုက်စေသော ကိစ္စရပ်များ ပေါ်လာတတ်သည်။ ဖခင် (သို့မဟုတ်) ကြီးကဲသူတစ်ဦးအတွက် စိတ်သောကရောက်စရာ ကြုံတွေ့ရဦးမည်။

ရာသီဖျားဝေဒနာကို ဦးဦးဖျားဖျား ခံစားရမည်။ ငွေများဝင်လာမည်။ စုမိဆောင်းမိဖြစ်မည်။ ပျို့ရွယ်သူများအဖို့ လက်ထပ်မင်္ဂလာပြုရန် အကြောင်းကိစ္စ ပေါ်လာလိမ့်မည်။ လူကြီးသူမများက ကြီးကြပ်စီစဉ်ပေးလိမ့်မည်။ ရပ်ဝေးနေ သူငယ်ချင်းမိတ်ဆွေတစ်ဦး ရောက်ရှိလာတတ်သည်။ အကျိုးပြုမည့် မိတ်ဆွေကောင်း ဖြစ်ပါသည်။ ဘာသာရေးကိစ္စများတွင် ထူးခြားမှုများနှင့် ကြုံတွေ့ရတတ်သည်။ အလှူဒါနများ ပြုလုပ်ရတတ်သည်။

မိသားစုအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာဖြစ်ရပ်များ ကြုံလာရတတ်သည်။ အလုပ်ကိစ္စမှ ငွေကြေးများ ဝင်လာတတ်သည်။ လုပ်ငန်းခွင်၌ တပည့်လက်အောက်ငယ်သားကိုသာ လွှတ်မထားဘဲ မိမိကိုယ်တိုင်ဦးဆောင်လုပ်ပါမှ အကျိုးအမြတ်ခံစားရပါလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက အထက်အကြီးအကဲများ၏ သူကောင်းပြုမြှောက်စားခြင်းကို ခံရတတ်သည်။

ကံပေးသော ငွေကြေးပစ္စည်းများ ရရှိမည် ခရီးဝေးသွားရောက်ရတတ်သည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ ဆေးဝါးကုသမှုကို ခံယူရတတ်သည်။ ငွေကုန်ကြေးကျများမည်။ ငွေကြေးဆုံးရှုံးခြင်းများ ဖြစ်တတ်သည်။ လုပ်ငန်းသစ်များ လုပ်ဆောင်ရန် မသင့်တော်သေးပါ။ မမျှော်လင့်ဘဲ ကံစမ်းမဲသော်လည်းကောင်း၊ အောင်ဘာလေထီသော်လည်းကောင်း ပေါက်တတ်သည်။ လက်ဆောင်ပစ္စည်းများ ရောက်ရှိလာတတ်သည်။ အလုပ်အကိုင်လုပ်မည်ဆိုလျှင် အစစအရာရာ တတ်သိနားလည်သူများနှင့် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း လုပ်ဆောင်သင့်သည်။ မိမိ၏ဆုံးဖြတ်ချက်ထက် အများ၏ဆုံးဖြတ်ချက်ကို ချသင့်ပါသည်။

စီးပွားရေးလုပ်ငန်းကိစ္စများတွင် အခက်အခဲအဖုအထစ်များ၊ မပြေလည်မှုများနှင့် ကြုံတွေ့ရတတ်သည်။ မောင်နှမသားချင်းများကြောင့် လုပ်ငန်းအစီအစဉ်များ ပျက်တတ်သည်။ ဘာသာရေးကိစ္စများကို အောင်မြင်စွာ ဆောင်ရွက်ရတတ်သည်။ ပြည်ပခရီးသို့ သွားရတတ်သည်။ ရွှေစသော အဖိုးတန်ရတနာပစ္စည်းများ ဝင်လာတတ်သည်။ ဝန်ထမ်းဖြစ်ပါက သင်တန်းတက်ရောက်ရတတ်သည်။

ကျန်းမာရေးနှင့်စပ်လျဉ်း၍ အကြောပိုင်းဆိုင်ရာဝေဒနာများ ခံစားရတတ်သည်။ အိမ်ထောင်ရေးကိစ္စများတွင် အရှုပ်အထွေးများ ပေါ်လာတတ်သည်။ အချုပ်အနှောင်ခံရတတ်သည်။ သွေးတိုးနှင့်ပတ်သက်သော ရောဂါများခံစားရတတ်သည်။ ရေလမ်းခရီးကို ရှောင်သင့်ပါသည်။ လူယုံ၏ ဒုက္ခပေးခြင်းကို ခံရတတ်သည်။ ယုံစားမိသမှု အလိမ်ခံရခြင်းကြုံမည်။ အချစ်ရေးကိစ္စများတွင် နှစ်ဦးသဘောတူ ပြေလည်သော်လည်း ကြီးသူတို့၏ ဟန့်တားမှုကို ခံရတတ်သည်။

*ယတြာပြုလုပ်လိုပါက* - ၃၁ ဘုံသားများအား မေတ္တာပို့၍ ကုသိုလ်ဘာဂကို အမျှဝေပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# သည့်လအတွက် ကောင်းသောရက်

## ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက်

နွယ်သာကီအောင်

နွေကာလတုန်းက ပူချင်တိုင်းပူခဲ့သမျှ မိုးကာလရောက်ပြန်တော့လည်း ကမ္ဘာမြေပြင်အား မျက်နှာချိုသွေးလေရော့ထင့်။ ခန်းခြောက်နေသော ကန်ရေတွေကို တိုးစေခဲ့သည်။ လျှပါးသော ချောင်းရေတို့အား လျှံကျစေခဲ့ပြန်သည်။ မည်သို့ဖြစ်စေ အရာရာကို ခွင့်လွှတ်သည်းခံစိတ်ကြီးမားသော မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားတွေကတော့ ကမောက်ကမနှင့် ဖြစ်ချင်တိုင်း ဖြစ်နေသော ဩကာသ ရာသီခွင်ကိုလည်း အပြစ်မဆိုခဲ့ပါ။ သဗ္ဗေသတ္တာ ကမ္မာသကာဟု သဘောထားကာ မိမိတို့ လုပ်ဆောင်စရာရှိသည်တို့သာ လုပ်ဆောင်နေကြစမြဲပင် ဖြစ်၏။

သို့ဖြစ်ပေရာ . . .

### ၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

စက်တင်ဘာလ (၁၀)၊ (၂၀)၊ (၂၂) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

စက်တင်ဘာလ (၆)၊ (၇)၊ (၈)၊ (၁၈)၊ (၂၆) စသောရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုးဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ ရေနေသတ္တဝါဖမ်းဖို့ရာ

စက်တင်ဘာလ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၈)၊ (၂၀)၊ (၃၀) စသောရက်များသည် ရေနေသတ္တဝါများဖြစ်ကြသည့် ငါးများ၊ ပုစွန်များ အစရှိသည်တို့ကို ဖမ်းယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ

စက်တင်ဘာလ (၆)၊ (၁၀)၊ (၁၄) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ထုတ်လုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၅။ **အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

စက်တင်ဘာလ (၄)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၆)၊ (၃၀) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းကိစ္စရပ်များအတွက် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၆။ **ခရီးဝေးနီး ထွက်ဖို့ရာ**

စက်တင်ဘာလ (၄) (၆)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၆)၊ (၃၀) စသောရက်များသည် ရပ်ဝေးရပ်နီး ခရီးထွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **လယ်ထွန်မင်္ဂလာပြုဖို့ရာ**

စက်တင်ဘာလ (၄) (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၆)၊ (၃၀) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ဖို့ရာ**

စက်တင်ဘာလ (၄)၊ (၁၁)၊ (၁၈) စသောရက်များသည် ယှဉ်ပြိုင်ရမည့်ကိစ္စများနှင့် စပ်လျဉ်း၍ အဆင်ပြေအောင် ဆောင်ရွက်နိုင်သည့် ရက်ကောင်းများ ဖြစ်ကြပါသည်။

၉။ **ကျောင်း/အိမ်ဆောက်ဖို့ရာ**

စက်တင်ဘာလ (၆)၊ (၇)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် ကျောင်းများ၊ လူအိမ်အဆောက်အအုံများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **အရောင်းအဝယ်ပြုဖို့ရာ**

စက်တင်ဘာလ (၄)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၆)၊ (၃၀) စသောရက်များသည် ကုန်ရောင်းကုန်ဝယ်ပြုလိုသည့် ကိစ္စရပ်များ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

စက်တင်ဘာလ (၄)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၆)၊ (၃၀) စသောရက်များသည် သီးနှံမျိုးစေ့များကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **ရေတွင်းရေကန် တူးဖို့ရာ**

စက်တင်ဘာလ (၄)၊ (၆)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၃) (၁၄)၊ (၁၈)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **အတတ်ပညာ သင်ဖို့ရာ**

စက်တင်ဘာလ (၄)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၈) (၂၆) စသောရက်များသည် အတတ်ပညာများကို သင်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **မင်္ဂလာအခါပေးလိုလျှင်**

စက်တင်ဘာလ (၁)၊ (၂)၊ (၄)၊ (၅)၊ (၆)၊ (၇) (၈)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀) (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၇)၊ (၂၈)၊ (၃၀) စသောရက်များသည် မင်္ဂလာအခါပေးသင့်သည့် ရက်များ ဖြစ်ကြပါသည်။

၁၅။ **အောင်ဘာလေထီ ထိုးဖို့ရာ**

စက်တင်ဘာလ (၂)၊ (၃)၊ (၇)၊ (၉) စသောရက်များသည် အောင်ဘာလေထီထိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com



မောင်ညီစု(ဝန်းသို)

# ဂန္ဓာရီဝိဇ္ဇာဓိုရ်

လွန်ခဲ့သောနှစ်ပေါင်း ၉၀ ကျော် ကာလက ဖြစ်ပါသည်။

လျှော်ဖြူကုန်းဘုန်းကြီးသည် မိဘများ မရှိတော့သဖြင့် ညီငယ် မောင်စံစိုးအား ကျောင်းသို့ခေါ်ယူ၍ ကျွေးမွေးစောင့်ရှောက်ထားရသည်။ သို့သော် ညီငယ်အား ကိုရင်ဝတ်ပေးလိုက်လျှင်လည်း သာသနာ့ဘောင်မှာ မပျော်၍ လူထွက်သွားပါက လူ့လောကထဲတွင် ဘာမှမလုပ်တတ်၊ မကိုင်တတ် ဒုက္ခဖြစ်နေမည်ကိုလည်း စိုးရိမ်မိသည်။ ထို့ကြောင့် ကိုရင်လည်း ဝတ်မပေးရဲသေးပေ။ လောလောဆယ် လောကီပညာရပ်တစ်ခုခု သင်ပေးထားမှကောင်းမည်ဟု ကြံစည်လေသည်။

သည်လိုနှင့် ညီငယ် မောင်စံစိုးလူပျိုပေါက်လေးအား ပညာသင်ကြားပေးနိုင်မည့် ဆရာကို စုံစမ်းရာ ဆင်ခေါင်းတောင်တွင် သီတင်းသုံးနေထိုင်ပြီး လူများ ပညာယူဆည်းကပ်ကိုးကွယ်နေကြသော ယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသရှိကြောင်း ကြားသိလေသည်။ လျှော်ဖြူကုန်း ဘုန်းကြီးသည် ညီငယ် မောင်စံစိုးအား ယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသထံတွင် အပ်နှံ၍ ပညာသင်စေလျှင် လောကီပညာရပ်တစ်ခုခုတော့ တတ်မှာသေချာတယ်ဟု တွေးပြီး အပ်နှံရန်ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

နောက်တစ်နေ့သို့ ရောက်သော အခါ လျှော်ဖြူကုန်းဘုန်းကြီးသည် ညီငယ် မောင်စံစိုးကိုခေါ်၍ ဆင်ခေါင်းတောင်သို့ သွားရောက်ပြီး ယက္ကန်းစင်တောင်ဆရာတော် ဦးသြဘာသကို ကန်တော့၍ . . .

"ဆရာတော်ဘုရား . . . တပည့်တော်ရဲ့ ညီငယ် မောင်စံစိုးဟာ မိဘများမရှိကြတော့၍ တပည့်တော် ခေါ်ယူစောင့်ရှောက်ထားရပါတယ်ဘုရား။ ပညာလည်းမတတ်သေးသည့်အတွက် ပညာသင်ကြားပေးနိုင်ရန် ဆရာတော်ထံ တပည့်တော် အပ်နှံပါတယ်ဘုရား"

ဟု လျှောက်ထားရာ ယက္ကန်းစင်တောင်ဆရာတော်ဘုရားက "အေး"ဟု တစ်လုံးတည်းသောစကားကို ပြောကြားပြီး လျှော်ဖြူကုန်းဘုန်းကြီးနှင့် မောင်စံစိုးတို့အား ငှက်ပျောသီးတစ်လုံးစီ ကျွေးထားလိုက်သည်။

သည်လိုနှင့် ဆွမ်းစားချိန်ရောက်သောအခါ လျှော်ဖြူကုန်းဘုန်းကြီးအားလည်း ဆွမ်းမကပ်၊ မောင်စံစိုးကိုလည်း ထမင်းမကျွေး။ မွန်းလွဲသွားသော်လည်း ဆွမ်းမစားရ။ ဒါပေမဲ့ လျှော်ဖြူကုန်းဘုန်းကြီးနှင့် မောင်စံစိုးတို့သည် ဘာမှလည်း မဆာ။ စားချင်စိတ်လည်းမရှိ။ ညနေပိုင်းသို့ ရောက်သောအခါ လျှော်ဖြူကုန်းဘုန်းကြီးသည် ညီငယ်မောင်စံစိုးအား ဘာပညာမှ မသင်ပေးသေးသည့်အတွက် စိတ်မချမ်းမသာ ဖြစ်နေပြီး၊ စိတ်ထဲမှာလည်း အတွေးပေါင်းများစွာ တန်းစီနေသည်။

"ယက္ကန်းစင်တောင်ဆရာတော်ဟာ ပညာမသင်ပေးချင်လို့နေမှာ။ ဒါကြောင့် ဘာမှ ဂရုမစိုက်တာနေတာ။ အေးလေ . . . မသင်ပေးချင်တော့ရင်လည်း ညီငယ် မောင်စံစိုးကို ခေါ်ပြီး ပြန်ရတော့မှာပဲ။ ဒါပေမဲ့ ယက္ကန်းစင်တောင်ဆရာတော်ကို လျှောက်လိုက်ဦးမှ . . ."

ဟု စဉ်းစားပြီး ယက္ကန်းစင်တောင်ဆရာတော်ဘုရား ဘောဂအခန်းထဲက ထွက်လာသောအခါ . . .

"ဆရာတော်ဘုရား။ တပည့်တော်ရဲ့ညီငယ် မောင်စံစိုးကို ပညာသင်ပေးပါဦးဘုရား"

ဟု လျှော်ဖြူကုန်းဘုန်းကြီးက လျှောက်ထားပြန်ရာ ယက္ကန်းစင်တောင်ဆရာတော်ဘုရားသည် ဘောဂအခန်းထဲပြန်ဝင်သွားပြီး လက်ကောက်ဝတ်ခန့်ရှိသော ကြိမ်လုံးကြီးကို ကိုင်၍ ထွက်လာသည်။ မောင်စံစိုးအနီးသို့ ရောက်သောအခါ ယက္ကန်းစင်တောင်ဆရာတော်သည် ကြိမ်လုံးကြီးကိုမြှောက်ပြီး မောင်စံစိုးကို ရိုက်လေတော့သည်။ မောင်စံစိုးသည် အလူးအလိမ့်ခံနေရသည့်အပြင် ယက္ကန်းစင်တောင်ဆရာတော်က ခြေထောက်နှင့် ကန်သေးသည်။ ဘေးမှကြည့်နေသော လျှော်ဖြူကုန်းဘုန်းကြီးသည် အံ့အားသင့်ပြီးနေရာမှ . . .

"မှားပြီ၊ မှားပြီ။ စံစိုးတော့ သေတော့မှာပဲ။ ငါ့ကြောင့်ဖြစ်ရတာ။ ငါမခေါ်ခဲ့ရင် ဒီလိုအရိုက်မခံရဘူး။ အင်း . . . ဖြစ်လာမှတော့ ဘာတတ်နိုင်တော့မှာလဲ။ မပြန်နိုင်လို့ရှိရင်လည်း သင်္ကန်းနဲ့ ကျောပိုးပြီးခေါ်သွားရတော့မှာပဲ"

ဟု စိတ်ထဲမှာ သို့လော သို့လော စိုးရိမ်စွာနှင့် စိတ်ကို အလုပ်ပေးနေလေသည်။

မောင်စံစိုးကို ယက္ကန်းစင်တောင်ဆရာတော်ဘုရားက အားရပါးရ ရိုက်နှက်၊ ကန်ပြီးသောအခါ 'တတ်ပြီ'ဟု စကားနှစ်လုံးကိုသာပြောပြီး ဘောဂအခန်းထဲ ဝင်သွားသည်။

ထိုအခါ လျှော်ဖြူကုန်းဘုန်းကြီးသည် ညီငယ် မောင်စံစိုးကို အမြန်ခေါ်၍ ကျောင်းအောက်သို့ ဆင်းလာကြပြီး . . .

"စံစိုး . . . ငါ့ကျောကို ပိုးပြန်ကြရအောင်။ မင်းအရိုက်ခံထားရလို့ လမ်းသွားနိုင်မှာမဟုတ်ဘူး"

လို့ပြောပြီး ကျောပိုးနိုင်း၍ သင်္ကန်းနှင့် ပိုးရန် ပြင်သည်။ ထိုစဉ် မောင်စံစိုးက . . .

"အရှင်ဘုရား။ တပည့်တော် ဘာမှမဖြစ်ဘူး ဘုရား"

"ဟေ . . . မင်းနာနေတယ်မဟုတ်လား"

"မနာပါဘူး ဘုရား"

"မင်း လမ်းသွားနိုင်သလား"

"သွားနိုင်ပါတယ်ဘုရား။ ဒီမှာကြည့်၊ တပည့်တော် သွားပြမယ်

လို့ ပြောပြီး မောင်စံစိုး လမ်းလျှောက်ပြရင်း လျှော်ဖြူကုန်းရွာသို့ ပြန်ခဲ့ရာ လျှော်ဖြူကုန်းဘုန်းကြီးသည် မောင်စံစိုးနောက်ကိုမီရန် အတော်ကလေး အားစိုက်ပြီး လိုက်ယူရသည်။ အလာတုန်းကထက် အပြန်မှာ လမ်းသွားပိုမြန်နေပါသည်။

နောက်တစ်နေ့သို့ရောက်သောအခါ မောင်စံစိုးသည် လျှော်ဖြူကုန်းဘုန်းကြီးအား . . .

"အရှင်ဘုရား။ တပည့်တော် တင်ပါးတွေ ယားတာ ဘုရား"

"ယားရင်လည်း ကုတ်လိုက်ပေါ့ကွာ"

လို့ ပြောလိုက်ပြီး ပေါ့ပေါ့ဆဆ နေလိုက်သည်။ ညနေသို့ရောက်သောအခါ မောင်စံစိုးသည် ပုဆိုးများစုတ်ပြတ်လျက် ပြန်လာသည်၊ လျှော်ဖြူကုန်းဘုန်းကြီးက . . .

"မင်း . . . ဘာဖြစ်ခဲ့တာလဲ"

"တပည့်တော် တင်ပါးယားလို့ ယားတာပြေအောင် ဆင်ခေါင်းတောင်ပေါ်က လျှောချတာဘုရား"

လို့ လျှောက်ထားရာ လျှော်ဖြူကုန်းဘုန်းကြီးက . . .

"ဘုရား . . . ဘုရား။ တောင်က မြင့်ပြီး အင်မတန် မတ်စောက်နေတဲ့ သင်

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတောင်ပေါ်က လျှောချတာ မသေလို့ပါလား။ အဲဒီတောင်ဟာ မတ်စောက်လို့ တောင်တက်ကျွမ်းကျင်တဲ့ တောင်ဆိတ်လိုအကောင်တောင် မတက်နိုင်ဘူး''

လို့ ပြောပြီး ကျောင်းမှာရှိတဲ့ အခန်းကို ကာထားသည့် ကန့်လန့်ကာမှ အဝတ်စကို ပုဆိုးတစ်ထည် ချုပ်ပေးလိုက်သည်။

နောက်တစ်နေ့တွင်လည်း မောင်စံစိုးသည် ဆင်ခေါင်းတောင်မှ လျှောချပြန်ရာ ပုဆိုးများ စုတ်ပြတ်ခဲ့သဖြင့် ချုပ်ပေးရပြန်သည်။

သည်လိုနှင့် မောင်စံစိုး ဆင်ခေါင်းတောင်မှ လျှောချတိုင်း ပုဆိုးချုပ်ပေးခဲ့ရာ ကန့်လန့်ကာတစ်ခုလျှင် ပုဆိုးဆယ်ထည်ခန့်ရရှိသော ကန့်လန့်ကာ သုံးလိပ်ကုန်အောင် ပုဆိုးချုပ်ပေးရလေသည်။

ထိုအခါကျမှ လျှော်ဖြူကုန်းဘုန်းကြီးသည် ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီး ကြိမ်လုံးဖြင့် ရိုက်လျက်တစ်မျိုး၊ ကန်လျက်တစ်ဖုံ ပြုလုပ်ခြင်းသည် ဂန္ဓာရီပညာကို ခါတ်ကူးပေးခြင်းဖြစ်ပြီး အရိုက်ခံရသူ မောင်စံစိုးသည် နာကျင်မှုမရှိသည့်အပြင် ဂန္ဓာရီသိဒ္ဓိတန်ခိုးကြောင့် လမ်းသွားမြန်လာခြင်း၊ မတ်စောက်သော ဆင်ခေါင်းတောင်ပေါ်မှ လျှောချသော်လည်း ပုဆိုးများသာ စုတ်ပြဲသွားသည်မှလွဲ၍ လူဘာမျှမဖြစ်ခြင်းသည် လောကီဂန္ဓာရီဝိဇ္ဇာဓိုရ်အဖြစ်သို့ ကူးပြောင်းသွားသောကြောင့်ဟု သိရှိလာရပေတော့သည်။

မကြာမီ မောင်စံစိုးသည် ...

''သားမွေးချင်တယ် ဘုရား''

ဟု ပြောပြန်သည်။

''ဟေ ... မင့်ဘာသာ မင်းမွေးလိုက်ကွာ''

ဟု လျှော်ဖြူကုန်းဘုန်းကြီးက ပြောလိုက်သည်။

(အမှန်ကတော့ တပည့်မွေးချင်ကြောင်းကို သွယ်ဝိုက်သောနည်းဖြင့် ပြောခြင်း ဖြစ်ပေသည်။)

မောင်စံစိုးသည် ဒေဝကျွန်းတောရွာမှ မောင်ဘိုးသင်းကို ပညာပေးတော့သည်။ ထိုသို့ပညာပေးရာတွင် တောထဲ၌ ပြုလုပ်ခြင်းဖြစ်သည်။ ထိုအချိန်တွင် တိရစ္ဆာန်ပေါင်းစုံက စည်းဝိုင်းစောင့်ပေးရသည်။ (မောင်ဘိုးသင်းကို တပည့်စတင်မေးသည်။)

နှစ်ကာလ ကြာလာသောအခါ မောင်စံစိုးမှ ဦးစံစိုးဖြစ်ပြီး ပတ်ဝန်းကျင်ရွာများ၌ ဆေးကုသခဲ့၍ ပျောက်ကင်းကြသဖြင့် လူအများ အားကိုးလာကြသည်။ ဆေးကုသရန် လာရောက်ပင့်ကြသည်။ ဦးစံစိုးကတော့ ဖြစ်သလိုသာ နေထိုင်သည်။

• • •

ယွန်းအိုးရွာသူကြီး၏ ချွေးမသည် နေထိုင်မကောင်းသဖြင့် အိမ်ခန်းထဲတွင် ဗိန္ဓောဆရာများနှင့် ကုသနေရာ ငါးရက်အရောက်တွင် လူပါ ပျောက်သွားလေသည်။ ယွန်းအိုးသူကြီးလည်း မည်သို့ပြုလုပ်ရမည်ကို ကြံရာမရဖြစ်နေစဉ် တစ်ယောက်တစ်မျိုး အကြံပေးချက်အရ ကညွတ်အင်းရွာမှ ဆရာကြီးဦးစံစိုးသာ ဆောင်ရွက်နိုင်မည်ဟု သိရှိကြသဖြင့် ယွန်းအိုးရွာမှ ဦးဘိုးလင်းကို ယွန်းအိုးသူကြီးက မြင်းနှင့် အပင့်ခိုင်းလိုက်လေသည်။

ဦးဘိုးလင်းသည် မြင်းနှင့် ကညွတ်အင်းရွာသို့ ရောက်သောအခါ ဦးစံစိုးသည် ကညွတ်အင်းရွာအပြင်ဘက်ရှိ ဇရပ်တွင် အစွန်းထွက်နေသော ရက်မကို ပုဆိုးကွင်းစွပ်၍ ပုဆိုးကွင်းထဲဝင်ပြီး ပုခက်လွှဲသလို ပြုလုပ်နေလေသည်။

ဦးဘိုးလင်းသည် ထိုမြင်ကွင်းကို မြင်သော် စိတ်ထဲမှ ''ဘယ်လိုအရူးကိုများ သူကြီးက ပင့်ခိုင်းလိုက်တယ်မသိဘူး။ ခက်တော့တာပဲ။ ဒါပေမဲ့ သူကြီးကပင့်ခိုင်းတာဆိုတော့ ဘာဖြစ်ဖြစ်ပင့်သွားရတော့မှာပဲ''ဟု ဆုံးဖြတ်ပြီး မြင်းပေါ်မှ ဆင်း၍ ဦးစံစိုးထံသွားပြီး ...

''ဆရာကြီး ဦးစံစိုးခင်ဗျား၊ ယွန်းအိုးရွာသူကြီးက ဆရာကြီးကို ပင့်ခိုင်းလိုက်လို့ လာရောက်ပင့်လာရခြင်းဖြစ်ပါတယ် ဆရာကြီးခင်ဗျား''

ဟု ရိုရိုသေသေပြောကြားရာ ဦးစံစိုးသည် ပုဆိုးကွင်းထဲ ပုခက်လွှဲနေရာမှ

''ဘာဖြစ်တာလဲ''

ဟု မေးသည်။

ဦးဘိုးလင်းက ...

''ယွန်းအိုးရွာသူကြီးချွေးမ နေမကောင်းလို့ အိမ်ခန်းထဲမှာ ဆေးကုနေရင်း ပျောက်သွားလို့ပါ ဆရာကြီး''

ဟု ပြောပြသည်။

ထိုအခါ ဦးစံစိုးက ...

''အေး ... လိုက်ခဲ့မယ်''

ဟု ပြော၍ ပုဆိုးကွင်းထဲမှဆင်းပြီး လိုက်လာသည်။ ထိုစဉ် ဦးဘိုးလင်းက

''ဆရာကြီး ... မြင်းပေါ်ကြွပါခင်ဗျ''

''နေပါစေ မင်းပဲစီးပါ။ ငါမစီးဘူး ရပါတယ်''

ဟု ပြော၍ ခြေလျင်လျှောက်လာရာ ဦးဘိုးလင်းကလည်း မြင်းကိုဆွဲပြီး လိုက်ခဲ့သည်။ လမ်းဆုံသို့ရောက်သောအခါ ဦးဘိုးလင်းက ယွန်းအိုးရွာဘက်သွားရန် အနောက်လမ်းသို့ ဦးတည်သွားသည်။ ဦးစံစိုးကတော့ ဆန့်ကျင်ဘက် အရှေ့ဘက်ကိုသွားသည်။ ထိုစဉ် ဦးဘိုးလင်းက ကပျာကယာနှင့် ...

''ဆရာကြီးခင်ဗျား၊ ယွန်းအိုးရွာက အနောက်မှာ ဖြစ်ပါတယ်။ အနောက်ဘက်လမ်းကို သွားရမှာပါ''

ဟု ပြောရာ ...

''မင်းဘာသာမင်း သွားပါ။ ငါ့အတွက် မပူပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com

ဟု ဦးစံစိုးက ပြောလွှတ်လိုက်သည်။ ဦးဘိုးလင်းလည်း မည်သို့မျှ ပြော၍ မရသည့်အတွက် မြင်းပေါ်တက်၍ ယွန်းအိုးရွာဘက်သို့ မြင်းကို ဒုန်းစိုင်းပြီး စီးသွားလေသည်။

ယွန်းအိုးရွာအနီး တစ်မိုင်ခန့်သို့ ရောက်သောအခါ ရှေ့တွင် ဦးစံစိုးအား အံ့အားသင့်လျက် အံ့ဩစွာ တွေ့လိုက်ရသည်။ ဦးစံစိုးအနီးသို့ ရောက်သောအခါ ဦးဘိုးလင်းသည် မြင်းပေါ်က ခုန်ဆင်းပြီး ဦးစံစိုးထံ မြင်းကိုဆွဲ၍ လျှောက်သွားစဉ်



"မင်းကိုစောင့်ရတာ ကြာလိုက်တာကွာ" ဟု ဦးစံစိုးက အပြစ်တင်သလို ပြောကြားသည်။

ထို့နောက် ...

"လာ ... ငါ့နောက်လိုက်ခဲ့ဦး"

ဆိုပြီး ဦးဘိုးလင်းကို တောစပ်သို့ ခေါ်သွားသည်။ ဦးစံစိုးက ...

"ငါပုန်းမယ်။ မင်း ငါ့ကိုလိုက်ရှာ တွေ့ရင် တွေ့တယ်လို့ အော်ပြော"

ဟု ပြောပြီး ပုန်းလေသည်။

"တူပြီဟေ့ ရှာတော့"

ဟု အော်သံကြားသောအခါ ဦးဘိုးလင်းက လိုက်ရှာရာ ဦးစံစိုးကို ချုံပုတ်ထဲ ခေါင်းလျှိုပြီး တင်ပါးက ချုံအပြင်ဘက် ထောင်၍ ပုန်းနေသည်ကို မြင်သောအခါ

"တွေ့ပြီ ဆရာကြီး တွေ့ပြီ။ ချုံထဲမှာ ခေါင်းလျှိုပြီး ပုန်းနေတာ"

ဟု အော်ပြောလိုက်သည်။

ဤကဲ့သို့ပြုလုပ်ခြင်းသည် ပျောက်ဆုံးသွားသော ယွန်းအိုးရွာသူကြီးချွေးမအား ပြန်လည်တွေ့ရှိရန် နိမိတ်ယူခြင်းဖြစ်ပါသည်။

ထိုအခါ ဦးစံစိုးသည် ချုံထဲမှထွက်လာပြီး "ကိုင်း ... သွားကြစို့"ဆိုပြီး နှစ်ယောက်အတူ ယွန်းအိုးရွာသူကြီးအိမ်သို့ သွားကြသည်။

ယွန်းအိုးရွာသူကြီးအိမ်သို့ ရောက်သောအခါ ဦးစံစိုးက အကျိုးအကြောင်း မေးမြန်းပြီး စတင်၍ နှုတ်မှ ...

"ပျောက်သွားတဲ့ လူနာအား ပြန်ပြီးပို့ပေးကြပါ။ မနှောင့်ယှက်ကြပါနဲ့။ ကျွန်တော် ငစံစိုး မေတ္တာရပ်ခံပါတယ်"

ဟု သုံးကြိမ်တိုင်အောင် မေတ္တာရပ်ခံလေသည်။ ထိုသို့ မေတ္တာရပ်ခံနေသည့်ကြားမှ အိမ်ခေါင်မိုးပေါ်တွင် တချောက်ချောက်အသံ ကြားနေရသဖြင့် ဦးစံစိုးက ဦးဘိုးလင်းအား ...

"ဘိုးလင်း ... လေးလုပ်စမ်း"

ဟု ခိုင်းသည်။

"ဘယ်လိုလုပ်ရမှာလဲ ဆရာကြီး"

ဟု ပြန်မေးသည်။

"ရသလိုသာ လုပ်လိုက်ကွာ"

ဟု ဦးစံစိုးက ပြန်ဖြေသည်။ ထိုအခါ ဦးဘိုးလင်းသည် ချက်ချင်းပင် အနီးရှိ နှီးပင်နှင့် လေးကို ယာယီပြုလုပ်လိုက်ပြီး မြားကိုလည်း နှီးနှင့်ပင်လုပ်၍ ဦးစံစိုးအားပေးလိုက်ရာ ဦးစံစိုးသည် အနီးရှိ လူနာလာမေးသူ လူဝကြီး၏ ဗိုက်သို့ နှီးနှင့်ပြုလုပ်ထားသော လေးနှင့်မြားကို ပစ်ရာ အိမ်ခေါင်မိုးပေါ်မှ တချောက်ချောက် ပြုလုပ်နေသောအခါသည် အိမ်ခေါင်မိုးပေါ်က လိမ့်ကျ

www.burmeseclassic.com

လာပြီး သေဆုံးသွားသည်။ ထိုလိမ့်ကျလာသောအရာသည် ကြက်ဖြစ်နေတော့သည်။ ထိုကြက် လိမ့်ကျပြီး သေဆုံးသွားသည်နှင့် တစ်ပြိုင်နက် ရွာတွင်းရှိ အိမ်တစ်အိမ်က လူသေဆုံးသဖြင့် ငိုသံကိုကြားလိုက်ရတော့သည်။

နောက်တစ်ရက်သို့ရောက်သောအခါ အိမ်ခန်းထဲက ပျောက်သွားသောလူနာ မပေါ်လာသေးသည့်အတွက် ...

"ဘိုးလင်း .. အုန်းသီး၊ ငှက်ပျောသီးရှာပြီး ပွဲတစ်ပွဲပြင်စမ်း"

"ကောင်းပါပြီ ဆရာကြီး"

ဦးဘိုးလင်းသည် ပြောပြောဆိုဆိုနှင့် အုန်းသီး၊ ငှက်ပျောသီးများရှာ၍ ပွဲတစ်ပွဲ ပြင်လေသည်။ ပွဲပြင်ပြီးသောအခါ ဦးဘိုးလင်းက ...

"ပွဲအရန်သင့်ဖြစ်ပါပြီ ဆရာကြီး"

ဟု ဦးစံစိုးအား ပြောလေသည်။ ဦးစံစိုးက ...

"အေး ... ပွဲထမ်းပြီး ငါ့နောက်လိုက်ခဲ့"

ဟု ခေါ်၍ ခုံဖိနပ်စီးလျက် ဦးစံစိုးရှေ့ကသွားသည်။ ဦးဘိုးလင်းက နောက်က လိုက်သွားသည်။ သွားမည့်နေရာက ယွန်းအိုးရွာအနီးရှိ ကျောက်တံခါးအရှင်ကြီး နတ်စင်သို့ ဖြစ်သည်။

ရွာမှ ပတ်၍သွားသောလမ်းသည် ဝေးသည့်အတွက် ဦးစံစိုးသည် ဖြတ်လမ်းက သွားသည်။ ထိုဖြတ်လမ်းသည်လည်း ကျောက်တောင်များ၊ ကျောက်ထရံတောင်ကြီးများ ရှိသဖြင့် မည်သူမျှ မသွားနိုင်ပေ။ ဦးဘိုးလင်းသည် ဦးစံစိုးနောက်က ငှက်ပျောပွဲထမ်း၍ လိုက်လာရင်း သတိရ၍ နောက်သို့လှည့်ကြည့်လိုက်ရာ ကျောက်ထရံတောင်တစ်ဝက် အတောင်လေးဆယ်ခန့် ခရီးရောက်သဖြင့် လန့်ပြီးကျသွားမလို ဖြစ်သွားသဖြင့် ဦးစံစိုးက ...

"ဘိုးလင်း ... မြန်မြန်တက်ခဲ့။ နောက်လှည့်မကြည့်နဲ့"

ဟု အော်ပြောလိုက်မှ ကပျာကယာ ဦးစံစိုးရှိရာ ကျောက်ထရံတောင်ထိပ်သို့ တက်သွားလေသည်။

ကျောက်တံခါးအရှင်ကြီး နတ်စင်သို့ ရောက်သောအခါ ဦးစံစိုးက ...

"ဘိုးလင်း ... ဒီကျောက်တံခါးအရှင်ကြီးဟာ ပြိတ္တာဖြစ်တယ်။ ဒါကြောင့် သူ့ကို မိစ္ဆာတွေနဲ့ ပေါင်းသင်းလို့ ဆုံးမရလိမ့်မယ်"

ဟု ပြောပြီး ပွဲထဲက ငှက်ပျောသီးသုံးလုံးကိုယူ၍ အခွံနွှာသည်။ ကျောက်တံခါးအရှင်ကြီးနတ်စင်ပေါ် တင်ပေးကာ

"မင်း ရတနာသုံးပါး ကိုးကွယ်ရမယ်။ ရော့ ... ဒီမှာ ငှက်ပျောသီးသုံးလုံး"

တစ်ဖန်ပြန်၍ ပွဲထဲက ငှက်ပျောသီးငါးလုံးယူပြီး အခွံနွှာပြန်၍ ...

"မင်း ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲရမယ်။ ရော့ ... စား"

ဟု ပြောပြီး အရှင်ကြီးနတ်စင်ပေါ်သို့ တင်ပေးပြန်သည်။

"တကယ်လို့ ငါပြောတာ နားမထောင်ခဲ့ရင် မင့်ကို တံတိုင်းစကြဝဠာအပြင်ဘက်ကို ဟောဒီယပ်နဲ့ ခပ်ထုတ်လိုက်မယ်။ ဒီမှာ ယပ် ..."

ဟု ပြောပြီး ငှက်ပျောပွဲထဲ ကယပ်ကိုယူ၍ အဖျားပိုင်းကို ရိုက်ချိုးပြီး မြေပေါ်တင် စိုက်၍ ထားခဲ့သည်။

အပြန်လမ်းတွင် ကျောက်တံခါးရှေ့ အင်းအနီးသို့ရောက် သောအခါ ဦးစံစိုးသည် ဦးဘိုးလင်းပခုံးပေါ်ရှိ ငှက်ပျောပွဲထဲမှ ဆန်အနည်းငယ်ယူ၍ အင်းထဲသို့ ပစ်ကြဲလိုက်သည်။ ထိုအခါ အင်းအလယ်တွင် ရွှေလှေကြီး တဖြည်းဖြည်းပေါ်လာသည်။

ဦးစံစိုးသည် ခုံဖိနပ်နှင့် ရေပေါ် လျှောက်သွားပြီး အင်းအလယ်တွင်ပေါ်နေသော ရွှေလှေပေါ်သို့ တက်ပြီးကြည့်သည်။ ပြီးနောက် ရေပေါ် လမ်းလျှောက်ပြီး ကမ်းစပ်ရှိ ဦးဘိုးလင်းထံ ပြန်လာခဲ့သည်။ ကမ်းစပ်ရောက်တော့ ...

"ဘာမှမရှိပါဘူးကွာ"

ဟု ပြောပြီး ယွန်းအိုးရွာသို့ ပြန်ခဲ့ကြသည်။ အင်းထဲရှိ ရွှေလှေကြီးလည်း ရေထဲသို့ တဖြည်းဖြည်း ပြန်လည်နစ်သွားတော့သည်။

ဦးစံစိုးတို့ ယွန်းအိုးရွာရောက်သောအခါ အိမ်ခန်းထဲက ပျောက်သွားသူ ပြန်မရောက်သေးကြောင်း သိရှိရ၏။ ဦးစံစိုးသည် အိမ်ပေါ်တွင် မတ်တတ်ရပ်၍ ...

"ငစံစိုး တောင်းပန်နေသည့်ကြားက ပြောလို့မရဘူးလားကွယ်"

ဟု ပြောဆိုပြီး ဖနောင့်တစ်ချက် ပေါက်လိုက်ပြန်ရာ ယွန်းအိုးရွာမြောက်ကုန်းတွင် မောင်းထောင်းနေသော မိန်းမတစ်ယောက် လဲကျပြီး သေဆုံးသွားသဖြင့် ငိုသံကြားလိုက်ရပြန်လေသည်။

ထိုသို့ဖြစ်ပြီးနောက် အိမ်ခန်းထဲက လူနာ မပေါ်လာသေးသဖြင့် ဦးစံစိုးက ဦးဘိုးလင်းအား သံဒယ်အိုးနှင့် ရေနွေးကျိုခိုင်းသည်။ ရေနွေးဆူသောအခါ ခဲ တစ်ပိဿာရှာခိုင်းပြီး ခဲရလာသောအခါ သံဒယ်အိုးထဲရှိ ရေနွေးကျက်ကျက်ဆူထဲသို့ ထည့်လိုက်သည်။ ထိုအခါ ခဲသည် အလုံးကြီးဖြစ်သွားသည်။ ထိုခဲလုံးကြီးကို ဦးစံစိုးက ကြိုးနှင့်ဖမ်းယူလိုက်ရာ ရရှိလေသည်။

ဤသို့ ခဲလုံးကို ကြိုးနှင့်ဖမ်းပြီး နောက်တစ်ရက်သို့ ရောက်သော်လည်း အိမ်ခန်းထဲက ပျောက်သွားသောလူနာ မပေါ်လာသေးသည့်အတွက် ဦးစံစိုးက ဦးဘိုးလင်းအား ...

"ဘိုးလင်းရေ ... ရှောက်သီး ဆာတယ်ကွယ်။ ရှောက်ပိုင်းသီး ရှာပေးစမ်းပါ"

ဟု ပြောရာ ဦးဘိုးလင်းက ...

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဟု ပြောပြီး ရွာထဲတွင် သွားပြီး



www.burmeseclassic.com

www.burmeseclassic.com

ရှာသည်။ ထို့နောက် ရှောက်အဝိုင်းသီး အလုံး ၃၀ ခန့်နှင့် ပြန်လာပြီး ဦးစံစိုးအား ပေးသည်။ ထိုအခါ ဦးစံစိုးက ...

"ဘိုးလင်း ... ရှောက်ဝိုင်းသီးတွေကို အခွံနွှာကွာ။ ပြီးရင် ငါးပိငါးဆယ်သား လောက် မီးဖုတ်။ မိုးမျှော်ငရုတ်သီး တစ်ပြည်ယူခဲ့။ ဆားကိုတော့ တစ်ပိသာလောက်ဆိုရင်ရပြီ"

ဟု ပြောသည်။ ထိုအခါ ဦးဘိုးလင်းက ဦးစံစိုးခိုင်းစေသည်များကို အားလုံးယူ၍ ဦးစံစိုးအနီးတွင် ချပေးထားသည်။

ဦးစံစိုးက ၎င်းအနီးတွင် ချပေးထားသော နွှာထားသော ရှောက်သီးများကို ငါးပိ၊ ဆား၊ မိုးမျှော်ငရုတ်သီးတို့ အားလုံးကိုထည့်၍ ရောမွှေပြီး နယ်သည်။ ပြီးလျှင် အားလုံးကို ဝအောင်စားလေတော့သည်။

ဦးစံစိုးသည် ရှောက်သီးသုပ်ကို ကုန်အောင်စားပြီးသောအခါ ယွန်းအိုးသူကြီးအားခေါ်၍ ...

"သူကြီးနဲ့ စာချုပ်ချုပ်ရဦးမယ်"

ဟု ပြောရာ ယွန်းအိုးသူကြီးက

"ဘာကို စာချုပ်ရမယ်ဆိုတာ အမိန့်ရှိပါ ဆရာကြီး"

ဟု ပြန်မေးလေသည်။ ဦးစံစိုးက ဆက်လက်၍ ...

"သူကြီးရဲ့ချွေးမ အိမ်ခန်းထဲက ပျောက်သွားတာ ပြန်ရောက်လာအောင် ဓာတ်ဆင်ရမှာ ဂုဏ်ထားရမှာ ပါဝင်ကြတဲ့ သူ့သားသမီး၊ ကိုယ့်သားသမီး၊ သူ့မယား၊ ငါ့မယား အကြောင်းတစ်ခုခုဖြစ်ခဲ့ရင် ဘာမှအရေးမယူပါဘူးလို့ စာချုပ်လက်မှတ်ထိုးပါ"

ဟု ခိုင်းစေသည်။ ယွန်းအိုးသူကြီးကလည်း ...

"ကျွန်တော့်ချွေးမ အခန်းထဲကို မသေဘဲ ရောက်ခဲ့ရင် တော်ပါပြီ။ ဂုဏ်ထားသူတွေ သူတို့အပြစ်နဲ့သူတို့ ခံရတာကို ကျွန်တော်အပြစ်မယူပါ"

ဟုပြောပြီး စာချုပ်ရေး၍ လက်မှတ်ရေးထိုးလေသည်။

ထို့နောက် ဦးစံစိုးက ...

"ဘိုးလင်းရေ ဘူးတောင်းမရှိဘူးလား"

"ရှိပါတယ် ဆရာကြီး"

"ရှိရင် ယူခဲ့ကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

ဦးဘိုးလင်းလည်း သူကြီးအိမ်တွင် အရန်သင့်ရှိသော ဘူးတောင်းကို ဦးစံစိုးအား ပေးလိုက်သည်။ ဦးစံစိုးသည် ဘူးတောင်း၏ လည်ပင်းတွင် ကြိုးချည်၍ ဦးဘိုးလင်းအား ပေးပြီး ...

"ဘိုးလင်းရေ ... လှေကားလက်ရန်းမှာ ချည်ထားလိုက်ပေ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးဘိုးလင်းက ဘူးတောင်းကိုယူ၍ လှေကားလက်ရန်းတိုင်မှာ ချည်ထားလိုက်သည်။ ဦးစံစိုးက တစ်ဆက်တည်း

"ဘိုးလင်း ... နားထောင်။ ဘူးတောင်းထဲက တောက်တဲ့အောက်မှာ။ အဲဒီအသံကို နားထောင်နေပါ"

ဟု ပြောပြီး ဦးစံစိုး အိပ်နေလေသည်။

ထိုအချိန်တွင် သူကြီး၏မိန်းမသည် ၎င်းအိမ်ခန်းထဲတွင် ဝမ်းအကြီးအကျယ် လျှောနေသည်။ ထို့နောက် ...

"ဆရာကြီးလျှော့ပါဦး"

ဟု အော်ပြောခဲ့သဖြင့် ဦးစံစိုးသည် အိပ်နေရာမှ အမြန်ထ၍ ...

"ဟော ... တောက်တဲ့အော်ပြီ"

ဟု ပြောပြီး အိမ်ပေါ်ကဆင်း၍ ၎င်းနေထိုင်ရာ ကညွတ်အင်းရွာသို့ ပြန်သွားလေသည်။ သူကြီးမိန်းမသည်လည်း သူ၏ မကောင်းသောစိတ်ထားကြောင့် ဝမ်းလျှော၍ သေဆုံးသွားသည်။ အိမ်ခန်းထဲက ပျောက်ဆုံးသွားသော ယွန်းအိုးသူကြီးချွေးမလည်း အိမ်ခန်းထဲသို့ ဘေးမသီ ရန်မခ ကျန်းမာစွာ ပြန်လည်ရောက်ရှိနေတော့သည်။

ဦးစံစိုးသည် ယွန်းအိုးရွာသူကြီးချွေးမအား အိမ်ခန်းထဲက ခေါ်ဆောင်သွားကြသူများသည် စုန်းပညာရှင်များနှင့် ကျောက်တံခါးအရှင်ကြီးတို့ ပူးပေါင်းကြံစည်ခဲ့ကြောင်း အစကတည်းက သိရှိခဲ့သည်။ ၎င်းတို့ အသက်မသေဆုံးစေလို၍ မေတ္တာရပ်ခံသည်။ သို့သော် စုန်းပညာရှင်တို့က လက်မခံဘဲ ပမာမခန့် ပြုလုပ်နေကြသည့်အတွက် သတိပေးအနေနှင့် ဦးဆောင်ပါဝင်သော စုန်းပညာရှင်တို့ကို ပထမ ဓာတ်ဆင်၍ နှိမ်နင်းခဲ့သည်။ သို့သော် သူကြီးချွေးမအား ပြန်လည်မပို့သဖြင့် နောက်ဆုံး ကျန်ရှိနေသော စုန်းပညာရှင် သူကြီးမိန်းမကို ဓာတ်ဆင်၍ နှိမ်နင်းလိုက်ရတော့သည်။

ထိုသို့နှိမ်နင်းရာတွင် သူကြီးက အပြစ်မည်စိုးသဖြင့် စာချုပ်ချုပ်ပြီးမှ ဓာတ်ဆင်လိုက်ပါသည်။ သူကြီးချွေးမ ပြန်ရောက်သည်ကို မစောင့်ဘဲ ဦးစံစိုးအမြန်ပြန်သွားခြင်းသည် သူကြီးမိန်းမ သေဆုံးမည်ကိုသိ၍ သေဆုံးပါက ယွန်းအိုးသူကြီးအား အားနာသောကြောင့် အမြန်ပြန်သွားခြင်း ဖြစ်ပါသည်။ ဦးစံစိုးသည် စုန်းပညာရှင်များအား သေဆုံးသည်အထိ ဓာတ်မဆင်လိုသော်လည်း မည်သို့မျှ မေတ္တာရပ်ခံ၍ မရသဖြင့် ဓာတ်ဆင်လိုက်ရခြင်း ဖြစ်ပါသည်။

ထိုသို့ ဓာတ်ဆင်၍ စုန်းပညာရှင် သုံးဦး သေဆုံးရသည့်အတွက် အထက်ဝိဇ္ဇာဂိုဏ်းများက ဦးစံစိုးအား လမ်းမလျှောက်နိုင်အောင် တစ်လတိတိ ပြုလုပ်ထားသဖြင့် ဘယ်ကိုမှ မသွားရဘဲ ထိုင်လျက်နေရသည်။ တစ်လကျော်မှသာ လမ်းလျှောက်ခွင့် ရရှိသွားလေသည်။

မောင်ညီစု(ဝန်းသို)



www.burmeseclassic.com

www.burmeseclassic.com

# မနေသိဒ္ဓိအင်းတော်

## တမာသင်းခိုင်(စက်မှုလယ်ယာ)

(၁)

ကျွန်ုပ်(စာရေးသူ)သည် မိခင်ဌာန(စက်မှုလယ်ယာ ဦးစီးဌာန၊ အမှတ်–၈၇ စက်မှုလယ်ယာစခန်း)မှ (CHIEF OPERATOR)အဆင့်မှ ပင်စင်(အငြိမ်းစား)ယူခဲ့သည်မှာ ငါးနှစ်တာကာလပင် ပြည့်ခဲ့ပါပြီ။ လုပ်သက်ပြည့် (OLD-SERVICE)နှင့်ပင် (အငြိမ်းစား)ယူခဲ့ရာ၌ စေတနာ အပြည့်အဝနှင့် ကူညီပံ့ပိုးပေးခဲ့သူ ဒေါ်ဖြူဖြူမြင့်(မဖြူ) အကြီးတန်းစာရေး၊ စက်မှုလယ်ယာဦးစီးဌာန(ခရိုင်ရုံး တောင်ငူမြို့)ကိုလည်း ကျေးဇူးတင်မဆုံးပါ။ ကျွန်ုပ်မှာ အငြိမ်းစား(ဝန်ထမ်းဟောင်း)ဖြစ်သကဲ့သို့ ဘဝအထီးကျန် သမားကြီးတစ်ဦးပီပီ ဖြူးမြို့ရဲ့ နာမည်ကျော် လက်ဖက် ရည်ဆိုင်တွေထဲက တစ်ဆိုင်အပါအဝင်ဖြစ်တဲ့ 'နယူး ဆဲဗင်းလက်ဖက်ရည်ဆိုင်'(NEW 7 TEA SHOP)မှာ နံနက် ၉း၄၅ နာရီ အချိန်မှန်ဆိုသလို လက်ဖက်ရည်ချို ဆိမ့်ကို အသက်ရှူသရွေ့မမေ့ ဆိုသလောက် သောက် လေ့ရှိရာမှ 'မသန္တာ'အပျိုချောမလေး လာချပေးတဲ့ လက်ဖက်ရည်ချိုဆိမ့်တစ်ခွက်ကို မက်မက်မောမော သောက်နေခိုက်မှာပင် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်စားပွဲ တွင် လက်ဖက်ရည်သောက်နေသည့် မိတ်ဆွေတစ်ဦးမှ သေသေချာချာကြည့်လျက်မှပင် ...

"ခင်ဗျားက ဖြူးမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူးဖြစ်တဲ့ 'တမာသင်းခိုင်(စက်မှုလယ်ယာ)' ဆိုတာ ဟုတ်ပါတယ်နော်။ ကျွန်တော့်စကားကို ကျေးဇူး ပြုပြီး နားထောင်ပေးပါဗျာ။ ကျွန်တော်က ရှောင်ပြန် မဂ္ဂဇင်း စာဖတ်ပရိသတ်ပါ။ မိသားစုက အရောင်းအဝယ် (ဈေးသည်)ပေါ့။ ရှောင်ပြန်မဂ္ဂဇင်းက ဘာသာရေး၊ လူမှု ရေး၊ စီးပွားရေးတွေပါ ရေးတဲ့မဂ္ဂဇင်းကြီးဆိုတော့ နာမည် ကြီးတယ်။ အဲဒီမဂ္ဂဇင်းကြီးမှာပဲ စီးပွားရေးနဲ့ပတ်သက်တဲ့ 'ဂမ္ဘီရနည်း'(အင်းအိုင်ခါးလှည့် လက်ဖွဲ့အတတ်ပညာ) တွေကို ခင်ဗျားလေ့လာသိရှိရသမျှ တိတိကျကျ ရေးစေ ချင်ပါတယ်။ ကျွန်တော် 'ဖြူး'စာအုပ်အငှားဆိုင်တွေက ငှားဖတ်ပါ့မယ်။ ဒီလက်ဖက်ရည်အတွက် ကျွန်တော် ဒကာခံပါတယ်။ ကျွန်တော်က စာဖတ်ဝါသနာရှင်ပါ"

ဟု လွန်ခဲ့သော တစ်လခန့်မှ မိတ်ဆွေကြီးတစ်ဦး အထူးတလည် ပြောပြသွားခဲ့သဖြင့် လွန်ခဲ့သော နှစ် ပေါင်း ၄၇ နှစ်ကျော်မှ 'ဝိဇ္ဇာလေးပါး ဂိုဏ်းတော်ကြီး ဆရာတော်' အရှင်ရေဝတ(ထွက်ရပ်ပဋ္ဌမ်)၏ လက်တွေ့ ပယောဂအင်းကျမ်းကြီးမှ အထက်ဖော်ပြပါ "မနေသိဒ္ဓိ အင်းတော်"ကို မယွင်းမချော် တိကျစွာ ဖော်ထုတ်တင်ပြ အပ်ပါသည်။ စာရေးသူကိုယ်တိုင်ကပင် အလွန်တန်ဖိုး ထားရသည့် 'မနေသိဒ္ဓိအင်းတော်'ပါပဲ။

ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ကြရန် နှိုးဆော် တိုက်တွန်းလိုက်ပါသည်။ ကျွန်ုပ်(စာရေးသူ)၏ နှစ်ဖက် တော်စပ်ကြသူ ဦးကြီးဦးမောင်ငယ်(ဆရာငယ်)နှင့် ဦးဖိုးခါ (ဆရာခါ) တို့မှာ အညာဒေသ (ကျောက်ပန်းတောင်းမြို့ နယ်၊ သစ်တိန်းရွာကြီး)မှ တိုင်းရင်းမြန်မာ ဓာတ်ဗိန္ဓော ဆရာကြီး နှစ်ဦးမို့ ကျောက်ပန်းတောင်းမြို့နယ်တွင် မသိ သူမရှိသလောက် နာမည်ကျော် တိုင်းရင်းမြန်မာ ဓာတ် ဗိန္ဓောဆရာကြီးတွေပါ။ အခုတော့ ကွယ်လွန်သွား ခဲ့ကြသည်မှာ နှစ်ကြာခဲ့ပြီပေါ့။

(၂)

အောက်ဖော်ပြပါ 'မနေသိဒ္ဓိအင်းတော်'ရဲ့ အစွမ်းကို ဖော်ပြလိုက်ပါသည်။ ပူးတွဲပါ ဂါထာကိုလည်း ရေမိုးချိုး၍ ကိုယ်လက်သန့်စင်ပြီး ၃၇ အုပ် စုတ်(ရွတ်ဖတ်)ရပါမည်။ (ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သူများနှင့် မသက်ဆိုင်ပါ)

www.burmeseclassic.com

"ဥုံ သိသဗုဒ္ဓေါ ဘဝိသတိ၊ သတ္တ သတ္တဋ္ဌ သီဟသဟသာ၊ ဩြောဟ ပြော်ပေ ဓာရေတု မသာဝါ သသောနိ လုတ္တဘယံ မဂ္ဂသပကတံ ပါပံ အဝိနအဟံ၊ သဒ္ဓေဿသရေဝါလော။"

အထက်ပါ ဂါထာကို ၃၇ အုပ် မန်း(စုတ်)ပြီး ပူးတွဲပါ အင်းတော်ကို မှိုင်းကိုင်စက္ကူတွင်ချ၍ ကျောင်း၊ အိမ်၌ ထုပ်၍အပေါ်တွင်ထားပါ။ လာဘ်လာဘပေါ်များမည်။ ရှင်လန်းချမ်းမြေ့မည်။ ဦးခေါင်းရင်းမှာထားသော် ရွှေငွေကျောက်သံ ရ၏။ မျက်နှာကျက်မှာထားသော် စီးပွားဥစ္စာ တစ်နေ့တခြား တိုးပွား၏။ ရွှေပြားငွေပြားတွင် ချ၍ ဘုရားစေတီတွင် ဌာပနာလျှင် ပွဲတော်ရတန်ခိုးကြီးဘုရားဖြစ်၏။ ကြေးစည်၊ ခေါင်းလောင်းနှင့် မောင်းတွင်ချ၍ တီးခတ်သော် မကောင်းဆိုးဝါးများနှင့် ရန်သူများ ပြေးရ၏။ အသံကြားသမျှ မချဉ်းကပ်ဝံ့။ သေတ္တာတွင် ချထားက ဥစ္စာရွှေငွေ တိုးပွား၏။ ကုန်များရောင်းမထွက်လျှင် အင်းနှင့်အတူထား၊ အမြန်ရောင်းရ၏။ ဤအင်းမှာ ဖော်ပြပါ ဓနသိဒ္ဓအင်းတော် ဖြစ်ပါ၏။

ဤဆောင်းပါးအတွက် အကူအညီပေးခဲ့သူ ဖြူးမြို့၊ ထန်းကုန်းရပ်ကွက်၊ (၁)လမ်းမှ တိုင်းရင်းမြန်မာ ဆေးဆရာ ဦးမောင်မောင်ဦး(သျှောင်ကြီးဖွေဆြာ)အား လည်း ကျေးဇူးဥပကာယ တင်ရှိပါသည်။(စာရေးသူ)

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ၄ | ၁ | | | ၁ | ၄ | |
| ၂ | ၉ | ၆ | ၁၁ | ၁၁ | ၆ | ၉ | ၂ |
| ၅ | ၁၂ | ၃ | ၈ | ၈ | ၃ | ၁၂ | ၅ |
| | ၇ | ၁၀ | | | ၁၀ | ၇ | |
| | ၇ | ၁၀ | | | ၁၀ | ၇ | |
| ၅ | ၁၂ | ၃ | ၈ | ၈ | ၃ | ၁၂ | ၅ |
| ၂ | ၉ | ၆ | ၁၁ | ၁၁ | ၆ | ၉ | ၂ |
| | ၄ | ၁ | | | ၄ | ၄ | |

*စိတ်လက်ကြည်သာ အိပ်စက်ပျော်နိုင်ကြပါစေ။*

**တမာသင်းခိုင်(စက်မှုလယ်ယာ)**

www.burmeseclassic.com

www.burmeseclassic.com

# မထိုက်ရှ်

# ပြန်ကြွသွားကြသော

# သိုက်ဘုရားများ

**မော်တင်သိန်းဇော်ဇ**

နန်းစဉ်ဆက် ဘုရားရုပ်တုများ၊ မင်းဆက်ဘုရားရုပ်တုများ၊ သစ္စာဆိုကျိန်ဘုရားရုပ်တုများ၊ ပေါ်တော်မူဗုဒ္ဓပနာဝင်ဘုရားရုပ်တုများ၊ သိုက်ဝင်ဘုရားရုပ်တုများ၊ သိဒ္ဓိဝင်ဘုရားရုပ်တုများ၊ ကိုယ်လုံးတော်နှင့် အရောင်အသွေးတို့အနေနှင့် ထူးကဲသော သဏ္ဍာန်ပုံတော်များနှင့် ဝိသေသလက္ခဏာထူးများရှိသော ဘုရားရုပ်တုများကို ကိုးကွယ်ပူဇော်ကြရာ၌ ကိုးကွယ်သူတို့အနေနှင့် ကျင့်စဉ်စရဏ၊ ဘာဝနာများ၊ အခြေခံသီလ၊ သမာဓိများကို အထူးတည်မှု ဆောက်တည်အားထုတ်ပြည့်ဝရပြီး သတိချပ်ရသည်ဟူသော လောကီထာဝါဒနှင့် နီတိကိုးကား အထူးပင်၊ ဒိဋ္ဌပင် မှန်ကန်လှပါသည်။ ဘုရားရုပ်ပွားတော်မြတ်များအနေနှင့် ကြီးမြတ်သော ဘုန်းတန်ခိုးတေဇော်၊ အာနုဘော်တို့နှင့် စွမ်းပကားကျေးဇူးတော်၊ ဂုဏ်တော်များရှိတော်မူကြပြီး ကိုးကွယ်ပူဇော်ကြသူတို့အား ခိုက်တတ်သည်ဟူသော ဆိုးကျိုးအနိဋ္ဌာရုံများကို မများသော်လည်း သက်ဆိုင်ရာ ကိုးကွယ်ပူဇော်ကြသူတို့အနေနှင့် ကျင့်စဉ်စရဏ၊ ဘာဝနာများ၊ သီလ၊ သမာဓိများ၊ မှားယွင်းလိုအပ်၊ နည်းပါးကြပြီး အဂါရဝနှင့် အသဒ္ဓါများကို ကျူးလွန်မိမှုတို့ကြောင့်လည်း၊ မထိုက်တန်၍လည်းကောင်း အခန့်မသင့်ပါက ကိုးကွယ်ပူဇော်မိသူတို့အနေနှင့် ဆိုးကျိုးများ ခံစားတွေ့ကြုံရခြင်း၊ ကိုးကွယ်ပူဇော်ထားရှိသော ရုပ်ပွားတော်၊ ရုပ်တုတော်များအနေနှင့် အကြောင်းကြောင်းအမျိုးမျိုးတို့နှင့် ထူးခြားဆန်းကြယ်စွာ အလိုအလျောက်ပင် ပြန်ကြွသွားခြင်း၊ ပျောက်ကွယ်သွားခြင်း၊ ပျောက်ဆုံးသွားခြင်းများကို ကြုံတွေ့ခံစားရတတ်ကြပါသည်။ ထိုအဖြစ်သနစ်မျိုးကို စာရေးသူကိုယ်တိုင်ပင် ပြက်ထင် ထင်ရှားစွာ ကြုံတွေ့ခဲ့ရဖူးပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်ခန့်ဖြစ်ရာ ၁၉၈၀ ခုနှစ်စွန်းအလွန် ကာလတစ်ပိုက်ခန့်ဆီက ဖြစ်ပါသည်။ ထိုစဉ်က စာရေးသူအနေနှင့် ပဲခူးရိုးမတောင်တန်းတောင်စွယ်အဆက်တစ်ကြော တစ်နေရာရှိ သိုက်စာကို၊ သိုက်နန်းရှင်များ၊ သိုက်ဆွယ်များ ထူပြောတည်ရှိရာတွင် တည်ရှိနေသော အထင်ကရ ရှေးဟောင်းစေတီငယ်ကလေးတစ်ဆူအား မွမ်းမံရောင်တော်ဖွင့်ရန် အထူးကြိုးပမ်း အားထုတ်နေစဉ် တစ်နေ့နံနက်၌ ဂူထဲမှ တရားအားထုတ် ရှုမှတ်ကျင့်ကြံပြီးထွက်လာသော သာသနာပြုရဟန်းတော်မြတ် ဆရာတော်ရဟန်းအိုကြီး



www.burmeseclassic.com

www.burmeseclassic.com

က စာရေးသူအား ဆိုင်းမဆင့်၊ ဗုံမဆင့် ရက်တရက် အမှတ်မထင်နှင့် ကောက်ကာငင်ကာ ဒေနန်းတ ကြဲယ်ဆိုသလို

"ဒကာကြီး…ရော့၊ ဘုရားသုံးဆူ ပူဇော်တော့"ဟု တိုတိုပြတ်ပြတ် မိန့်ဆိုပြောကြားရင်း စာရေးသူ၏ လက်ထဲဆီသို့ နှစ်လက်မခန့်နီးပါးမျှ အရွယ်များရှိ ရွှေရောင်ဝင်းလက်နေသော အထူးတလည်မှ သပ္ပာယ်လှသည့် ရွှေဆင်းတုရုပ်ပွားတော်မြတ် သုံးဆူကို လှမ်းကာ တရိုတသေနှင့် လှမ်းထည့်ပေးခဲ့ပါသည်။ စာရေးသူအနေနှင့် အလွန်တရာမျှ ဝမ်းလည်းသာ၊ အံ့လည်းအံ့သြမိပြီး ရဟန်းတော်မြတ်ကြီး ပေးအပ်လိုက်သော ထိုရွှေဆင်းတုရုပ်ပွားတော်သုံးဆူအား မမျှော်လင့်ဘဲ လက်ခံရယူ ပင့်ဆောင်ပြီး နေအိမ်ဆီသို့ ပင့်ဆောင်ခဲ့လျက် ထွတ်မြတ်စွာ ပူဇော်ကပ်လှူ ကြည်ညိုခဲ့ပါသည်။

ရက်ခြည်းအမှတ်မထင်နှင့် ထိုက်တန်၍ ကံထူးကဲလှစွာနှင့် လက်ဝယ်အရောက် ကြွချီခဲ့သော ယင်းရွှေဆင်းတုသုံးဆူ၏ တန်ခိုးတော်မြတ် အကျိုးနှင့် အဖေကြောင်းတရားထူးတို့ကြောင့် ယင်းရွှေဆင်းတုတော်မြတ် သုံးဆူကို ပူဇော်ခွင့်ရပြီးနောက်ပိုင်းတွင် စာရေးသူမှာ အံ့သြတမောမျှ၊ အထူးတလည်မျှ အဘက်ဘက်မှ အဆင်ပြေအောင်မြင်ထူးခြား၍ စီးပွားတက်ခဲ့ပါသည်။ ထိုသို့ရှိရာမှ ဖြစ်လာချင်တော့ တစ်နေ့တွင် စာရေးသူ၏ သားသမီးရင်းနှင့်မခြားရှိသော တပည့်ရင်းချာတစ်ဦးဖြစ်သူက သူ၏နေအိမ်ရုံးခန်းတွင် ခေတ္တရက်တာကလေးမျှ ပင့်ဆောင်ပူဇော် ကပ်လှူ၍ အမိဋ္ဌာန်ဝင်ဆုတောင်းနိုင်ပါရန် ရွှေဆင်းတုသုံးဆူအား မရမက ငွတ်အတင်းအဓမ္မဆိုသလို ပူဆာတောင်းဆိုခဲ့၍ စာရေးသူမှာ မူလပမာနဘုရားများ ပိုင်ရှင်ဖြစ်သော၊ တောမှီရဟန်းကြီးဖြစ်သော ရဟန်းအရှင်မြတ်ကိုပင် သွားရောက်၍ ခွင့်မတောင်း၊ အသိမပေးမိခဲ့ဘဲ ခွင့်တောင်းသော၊ မျက်နှာနာရသော ထိုတပည့်ဖြစ်သူအား ခွင့်ပြုလိုက်လျော့ခဲ့ရ၍ ထိုတပည့်ဖြစ်သူက ရွှေဘုရား ရွှေဆင်းတု သုံးဆူအား ချက်ချင်း အလျင်စလိုပင် ပင့်ဆောင်သွားခဲ့ပါသည်။ ထိုရက်များ နောက်ပိုင်း၌ စာရေးသူအနေနှင့် လာဘ်လာဘသကာရများ ကျဲပါးလျော့ပါးမှုကို ခံစားလာရသလို ဆင်းတုတော်များကို ပင့်ဆောင်သွားသည်မှာ ရက်အတော်အတန်မျှပင် ကြာရှည်ခဲ့ကာ လာပြန်မပို့၍ စာရေးသူသည် ဆင်းတုတော်များကို ခေတ္တပင့်ဆောင်သွားသော တပည့်ဖြစ်သူကို သွားရောက်တွေ့ဆုံခဲ့ပါသည်။ စာရေးသူသည် ထိုတပည့်ဖြစ်သူကိုလည်း အလျဉ်းမတွေ့ရ၊ သူပင့်သွားသော ဆင်းတုတော်များအတွက်လည်း သတင်းအစအန မရ၍ စုံစမ်းကြည့်ရာ ထိုတပည့်ဖြစ်သူမှာ စီးပွားကျ၊ မကျန်းမာကာ အမှုတွေကြုံ၍ အခြားမသိရသောနေရာသို့ ပြောင်းရွှေ့သွားကြောင်းကို သိရှိသတင်းရခဲ့ရပါသည်။

ထိုကြားထဲ စာရေးသူမှာလည်း ထိုရက်များတစ်ဝိုက်ခန့်ဆီ၌ နာမကျန်းဖြစ်၊ မိသားစုရေးရာများ၊ လောကအမှုဒုက္ခတွေကြုံကာ ဖြေရှင်းရင်ဆိုင်နေရသည်။ ထိုရွှေဆင်းတုတော်သုံးဆူကို ထိုတပည့်ဖြစ်သူထံ ပြန်လည်တောင်းယူနိုင်ရေးအတွက် ဆက်လက်မကြိုးပမ်းနိုင်တော့ဘဲ ရပ်တန့်မိကာ မျက်ခြည်ပြတ်ခဲ့ရပါသည်။ ထိုရက်ကာလဆီမှ ယနေ့ထက်တိုင်အောင်လည်း ထိုရွှေဆင်းတုတော်သုံးဆူကို ပြန်လည်၍ မရတော့ပါ။ သတင်းလည်း လုံးဝမရတော့ပါ။ အဆက်အသွယ်နှင့် သတင်းများ လုံးဝပြတ်ခဲ့ပါသည်။

ထိုရွှေဆင်းတုသုံးဆူနှင့် ပတ်သက်၍ စာရေးသူအား မထိုက်တန်၍ ဘုရားများပြန်ကြွသွားကြသည်ဟုလည်းကောင်း၊ စာရေးသူအနေနှင့် သီလနှင့် ဘာသာရေး အားနည်းပါး၍လည်းကောင်း၊ မူလပမာန ဆင်းတုတော်များ ပိုင်ရှင်ဖြစ်သော တောမှီရဟန်းတော်မြတ်ကြီးအား ခွင့်မတောင်းဘဲ ဆင်းတုတော်များကို တပည့်ဖြစ်သူသို့ လွယ်လင့်တကူ ခွင့်ပြုပေးလိုက်၍လည်းကောင်း၊ အဂါရဝတရားများ လွန်ကျူး၍လည်းကောင်း၊ သိုက်ဘုရားများဖြစ်၍ သိုက်နှင့် ပဋ္ဌာန်းဆက်မပါသော စာရေးသူအနေနှင့် ကိုးကွယ်ခွင့် အားနည်း၍လည်းကောင်း မြဲမြဲတည်တံ့စွာ ကိုးကွယ်ပူဇော်ခွင့်မရခြင်း ဖြစ်ခြေတန်ရာသည်ဟု နီးစပ်ရာ မိတ်ဆွေသင်္ဂဟတို့က ထင်ကြေးပေးကြပါသည်။ ဝေဖန်ပြစ်တင်ကြပါသည်။ တစ်သက်တွင် တစ်ခါမျှသာ ကြုံကြိုက်ဖူးတွေ့ ရရှိခဲ့သည့် ပြန်ကြွသွားကြသော အလွန်ကြည်ညိုဖွယ်ကောင်းလှသော ရွှေဆင်းတု၊ ရွှေဘုရားသုံးဆူတို့အား အစဉ်အမြဲထာဝရ ကြည်ညိုမြင်ယောင် ပူဇော်တသနေမိရင်း စာရေးသူကဲ့သို့ အဖြစ်မျိုး မကြုံမိစေရန် သတိချပ်နိုင်ကြရေးအတွက် ကိုယ်တွေ့အဖြစ်မှန်တစ်ရပ်အား တင်ပြအပ်ပါသည်။

မော်တင်သိန်း[illegible]ဇ

www.burmeseclassic.com

www.burmeseclassic.com

# မနုဿီဟ



[illegible] ဇေတ္တဝင်းအတွင်းရှိစေတီမှ
မနုဿီဟရုပ်တုများ။

ဘုရားစေတီများ၊ တံတိုင်းများတွင် ထားရှိသော အရုပ်တို့တွင် ငယ်စဉ်ဘဝများကပင် ပထမဆုံးမှတ်မှတ် ရရ စွဲထင်မိသောအရုပ်မှာ မနုဿီဟပင်ဖြစ်မည်။ ကိုယ် ထည်နှစ်ခုရှိသဖြင့် ထူးဆန်းသည်ဟု အံ့ဩသွားသော ကြောင့်ထင်၏။ ပြီးတော့ ကလေးသဘာဝ အော်ကောင်း ကောင်းနှင့် "မနုဿီဟ-ဖင်နှစ်ခု"ဟု ဟစ်ခဲ့ဖူးသည်၊ ရုပ်ဆိုးသောဘီလူးရုပ်များလိုလည်း ကြောက်ဖွယ် မကောင်း၊ အဆော့သန်သောမျောက်ရုပ်များလိုလည်း ကိုးရိုးကားရားမနေ၊ တည်တည်ငြိမ်ငြိမ် ထိုင်လို့ပင်နေ သော ထိုမနုဿီဟကို တွေးရခက်ခက်နှင့် ဟုတ်နိုင်ပါ့ မလားဟုသာ ဝေးရင်းစဉ်းစားကြည့်တတ်ခဲ့၏။ သို့သော် မနုဿီဟရုပ်တု (Manusiha Lions-Manoutthiha-Sphinx) ကိုမည်သည့်အဓိပ္ပာယ်ဖြင့်ထားရှိလေသနည်း၊ မည်သည့်ခေတ်၊ မည်သည့်အချိန်မှ စတင်သုံးစွဲခဲ့ပါ သနည်းဟူသော မေးခွန်းများကိုမူ အရွယ်ရလာသော ယခုကာလမှသာ တွေးမိခြင်းဖြစ်သည်။ မနုဿီဟကို မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် စေတီပုထိုးတို့၏အဆင် တန်ဆာအဖြစ် မကြာခဏတွေ့ရ၏။ အီဂျစ်မှစဖင့်ရုပ် (Sphinx) များကိုမြင်သောအခါတွင်လည်း တို့မှာလည်း သည်လိုအရုပ်မျိုးအရှိသားဟု အားကျမခံစိတ်ဖြစ်ရ သည်။

## ကိုးတိုင်းကိုးဌာန သာသနာပြုခရီးနှင့်မနုဿီဟ

မည်သည့်မင်းလက်ထက်တွင်၊ မည်သို့သော အကြောင်းကြောင့်မ နုဿီဟရုပ်ကိုထားရှိရခဲ့ပါသနည်း။

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ပါဋလိပုတ်ပြည်တွင် အသောကမင်းသည် နန်းစံသက် ၁၈ နှစ်တွင် အရှင်

www.burmeseclassic.com



ပုဂံမှ အမရပူရခေတ်ဆေးရေးပန်းချီမှ မနုသီဟရုပ်



ပုဂံမှ အမရပူရခေတ် မနုသီဟအင်္ဂတေရုပ်

မာဂ္ဂလိပုတ္တ တိဿမထေရ်အမှူးပြုသော ရဟန္တာတစ်
ထောင်ဖြင့် တတိယသင်္ဂါယနာတင်ခဲ့သည်။ ထို့နောက်
င်းကြီးသည် သာသနာနှစ်- ၂၃၅ ခုတွင် ပစ္စန္တရစ် အရပ်
များဖြစ်သော ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်
လ၏။ ထိုအခါ မြန်မာနိုင်ငံ၊ သုဝဏ္ဏဘူမိတိုင်း၊ သထုံ
ည်(ယခုသထုံမြို့ဟောင်းဖြစ်သည်ဟု ဆိုကြ)အရပ်သို့
ရှင်သောဏ၊ အရှင်ဥတ္တရတို့ကိုစေလွှတ်သဖြင့်
နောက်ပါအဖော်ရဟန်းသုံးပါးနှင့်အတူ သာသနာပြုရန်
လာကြသည်။ ထိုစဉ်အခါ သုဝဏ္ဏဘူမိမင်းနေပြည်၊
အား စူဠသီရိမာသောကမင်းအုပ်စိုးနေ၏။ မင်းနေပြည်
ကို ကေလာသတောင်၏ အနောက်မြောက်ယွန်းယွန်း
တွင် တည်ထား၏။ မြို့တည်ပုံမှာ တောင်ပေါ်တွင်တချို့၊
တောင်ခါးပန်းနှင့် တောင်အောက်တွင် တချို့ဖြင့် တောင်
ပေါ်မှ မြေပြန့်ရောက်သည်အထိအဆင့်ဆင့်ဖြစ်သည်။
အိမ်များမှာလည်း တင်လဲချက်သောအိမ်များကဲ့သို့ မြေ
ိုက်အုတ်တိုက်ဖြစ်၏။ ကုလားတိုက်အိမ်နှင့် ပုံသဏ္ဍာန်
တူသောထိုအိမ်များရှိသောကြောင့် ဝေါလမတ္တိကမြို့
ဟုခေါ်ခဲ့ကြသည်။ နောင်သော် တိုက်ကုလားမြို့ဟု

တွင်လေ၏။

မြို့သည်ပင်လယ်နှင့်နီးသောကြောင့် ပင်လယ်
သမုဒ္ဒရာ၌နေကြသော ပိသာစခေါ် ရေစောင့် ရက္ခိုက်
ဘီလူးတို့ ဘုရင့်နန်းတော်သို့ဝင်၍ ဘေးအန္တရာယ်ပြု
လျက်ရှိ၏။ ဘီလူးမတို့သည် မိဖုရားကြီးသားဖွားတိုင်း
မွေးစသားငယ်တို့ကို လုယူစားသောက်သွားလေ့ ရှိ၏။
သာသနာပြုရဟန်းတော် အရှင်မြတ်များ ရောက်တော်မူ
သောနေ့တွင်လည်း နန်းတော်၌ တောင်ညာစံမိဖုရား
ခေါင်ကြီးမှ သားဖွားခိုက်နှင့်ကြုံလေသည်။ ဘီလူးများ
လာနေသည်ကို လူအများမြင်တွေ့ပြီး အော်ဟစ်နေကြ
၏။ သာသနာပြု အရှင်နှစ်ပါးလည်း ၎င်းတို့ထက်
သာလွန်ကြီးမားသော မနုသီဟရုပ်ကိုဖန်ဆင်း၍ လိုက်
လံတိုက်ခိုက်လေသည်။ ဘီလူးများလည်း ကြောက်မက်
ဖွယ် ထိုလူဦးခေါင်းနှင့် ခြင်္သေ့နှစ်ကိုယ်တွဲပုံများကို မြင်
သောအခါ ကြောက်ရွံ့လန့်ဖျပ်လျက်ထွက်ပြေးသွားကြ
၏။ ထို့နောက် ရဟန်းတို့လည်း ဘီလူးဘေးရန်မှ အကာ
အကွယ်အဖြစ် ပရိတ်အရံအတားကို ပြုပေးလေ၏။

www.burmeseclassic.com

ဒေသခံတို့ မူလယုံကြည်ရာ ဒိဋ္ဌိအယူကို လည်းခွဲခြမ်းစိတ်ဖြာသုံးသပ်ပြပြီး သုတ်သီလက္ခန္ဓပါဠိတော်-ဗြဟ္မဇာလသုတ်ကို ဟောကြားပေးလေသည်။

ထိုသုတ်တော်ဟောကြားပုံကို ရှင်မဟာဗုဒ္ဓဃောသ မထေရ်ပြုစုသော ပါရာဇိကဏ်အဋ္ဌကထာ၊ ဗာဟိရနိဒါန်းတွင် ဂါထာဖြင့် ပြဆိုထား၏။ ထိုဂါထာအား ရွှေဥမင်ဆရာတော်က "မဟိဒ္ဓိကာ-ကြီးစွာသော တန်ခိုးရှိသည့်၊ သောဏုတ္တရာ-သောဏုတ္တရအမည်ရှိ၊ ထေရာ-ထေရ်တို့သည်၊ သုဝဏ္ဏဘုမ္မိ-သုဝဏ္ဏဘုမ္မိသို့၊ ဂန္တွာန-သွားကုန်၍၊ ပိသာစေ-ယက္ခိုဏ်ဘီလူးတို့ကို၊ နိဒ္ဓမိတွာန-ပလာပေတွာန-ပြေးစေ၍၊ ဗြဟ္မဇာလံ-ဗြဟ္မဇာလသုတ်ကို၊ အဒေသိသုံ-အဒေသယျုံ-ဟောကုန်၏" ဟုအနက်ပြန်ဆိုထားခဲ့သည်။ သို့ဖြင့် ခြောက်သောင်းသောပုဂ္ဂိုလ်တို့ တရားရကြကုန်ပြီး ယောက်ျား ၃၅၀၀၊ မိန်းမ ၁၅၀၀ တို့ရဟန်းပြုကြလေသည်။ မင်းနှင့်ပြည်သူအပေါင်းလည်း သရဏဂုံသုံးပါး၌တည်ကာ ငါးပါးသီလမြဲကြကုန်၏။

ထို့နောက်တွင်ကား ရာမညတိုင်း မွန်တိုင်းသုံးရပ်တွင် ဖွားမြင်သောကလေးများကို သောဏုတ္တရဟူသော အမည်ကို ပေးလာကြ၏။ စလူရွက်၊ ပေရွက်၊ ထန်းရွက်များတွင် မနုသီဟရုပ်ကိုရေး၍ ကလေးငယ်တို့၏ ဦးခေါင်းတွင် ထိုးစိုက်ပူဇော်ခြင်း၊ လက်တွင်ပတ်ပေးခြင်း၊ အိပ်စက်သည့် ပုခက်တွင်ဆွဲချိတ်ခြင်းများဖြင့် ဘီလူး များလာရောက်မနှောင့်ယှက်အောင် ဘေးဆီးရန်ကာပြုလုပ်ပေးကြသည်။ သုဝဏ္ဏဘုမ္မိမြို့၏ အရှေ့ယွန်းယွန်း ကေလာသကျောက် တောင်ထိပ်ပေါ်တွင်လည်း ထိုမနုသီဟရုပ်ကို ကျောက်ဖြင့်ထွင်းကာထားရှိကြ၏။ ထိုအကြောင်းများကို အေဒီ-၁၅ရာစုခေတ်ထိုး ကလျာဏီ



မန္တလေးနန်းတော်မှ ရတနာပုံခေတ် မနုသီဟကျောက်ဆစ်ရုပ်



အမရပူရမှ အမရပူရခေတ် မနုသီဟအင်္ဂတေရုပ်

www.burmeseclassic.com

ကျောက်စာတွင် ရေးထိုးဖော်ပြထားသည်။ ကုန်းဘောင်ခေတ်၊ ၁၁၉၂ ခုနှစ်တွင် နန်းတက်သော ဘကြီးတော်မင်းလက်ထက် မဟာဓမ္မသင်္ကြံပြုစုသည့် သာသနာလင်္ကာရစာတမ်း-ကျမ်းတွင် ထိုရုပ်တု ရှိနေဆဲဖြစ်ကြောင်းပါရှိလေသည်။ မုံတိုင်ပင်ဆရာတော်၏ သုံးပုံအိပ်ထောင့်ကျမ်းများတွင်လည်း မနုသီဟအကြောင်း တင်ပြထား၏။ ပဲခူးရွှေမောဓောသမိုင်းတွင်မူ စူဠသီရိမာသောကမင်းသည် ဘီလူးရန်ကိုအောင်မြင်သောကြောင့် ပလ္လင်ခုံတွင်ဘီလူးရုပ်ပါသည့် ဘီလူးရန်နိုင်-ဗုဒ္ဓဆင်းတုတစ်ဆူကိုလည်း ထုလုပ်ကိုးကွယ်ခဲ့ကြောင်း ပါရှိသည်။

## မနုသီဟ ဟူသည်ကား ...

မနုသီဟဆိုသည်မှာ မနုနှင့် သီဟဟူသော ပါဠိဝေါဟာရနှစ်ခု ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ သို့သော် ပါဠိဝေါဟာရတွင် မနုသီဟအစား နရသီဟ ဟုသာရှိသည်။ နရ-လူ၊ သီဟ-ခြင်္သေ့၊ လူခြင်္သေ့ဟုဆိုလို ခြင်းဖြစ်၏။ ဟိန္ဒူ ဗြဟ္မဏဂိုဏ်းအယူအရ နရသီဟသည် လူတစ်ပိုင်း-ခြင်္သေ့တစ်ပိုင်း ဒွိရူပပုံဖြစ်သည်။ ကပ္ပဝဏ္ဏနာကျမ်းတွင် ထိုနရသီဟသည်လည်း မနုသီဟကဲ့သို့ပင် လူမျက်နှာနှင့် ခြင်္သေ့ကိုယ်လုံးရှိကြောင်း ဖော်ပြထားသည်။ မုံရွေးဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်းကမူ မနုသီဟခြင်္သေ့သည် ဘုရားပွင့်မှသာ ဖြစ်ထွန်းပေါ်ပေါက်လေ့ရှိသည်ဟု ဖော်ပြခဲ့၏။

ထို့ပြင် မနုသီဟသည် ဗိဿနိုး(Vishnu) နတ်မင်းကြီး၏ဖြစ်တော်စဉ် အဝတာရ-၁၀ပါးမှ ဘဝတစ်ခု၏ အမည်နာမလည်း [illegible]သည်။

မြန်မာစာအဖွဲ့မှ မြန်မာအဘိဓာန်တွင် မနုသီဟဆိုသည်ကို (ပါဠိ-မနုဿ +သီဟ-လူ+ခြင်္သေ့- လူမျက်နှာနှင့် ခြင်္သေ့ကိုယ်နှစ်ခွပါသော ရုပ်သဏ္ဌာန်) ဟူ၍ ဖော်ပြထား၏။ မြန်မာ-အင်္ဂလိပ်အဘိဓာန်တွင်မူ မယုံနိုင်စရာ ဒဏ္ဍာရီတစ်ခုသာဖြစ်၏ဟုဆိုထားသည်။

## မနုသီဟ ထားရှိသည့်နေရာ

မနုသီဟရုပ်များကို စေတီပစ္စယံများ၊ ဂူဘုရားပစ္စယံများ(the terraces of stupas, temples)၊ စေတီဖိနပ်ခုံများနှင့် ရှေးဟောင်းခြင်္သေ့ခံ ပလ္လင်တော်များ၏ အခြေတွင် တန်ဆာဆင်ထားလေ့ရှိ၏။ (Manusiha Lions are decorat-ed on and at the base of the old lion throne.) ပုဂံဒေသရှိ ၃၇ မင်းနတ်အကြောင်း ဆေးရေးပန်းချီ(Mural Painting)များတွင် မနုသီဟရုပ်များအများအပြားပါသည်။ ရွှေတိဂုံစေတီတော်ကြီး၏ အရံတံတိုင်း ဖိနပ်ခုံပတ်လည်တွင်လည်း အင်္ဂတေ မနုသီဟရုပ်များရှိသည်။ ရွှေတိဂုံစေတီတော်တွင် အမရပူရခေတ်လက်ရာ ခေါင်းလောင်းချိတ်ဆွဲသည့် ကြေးကိုင်းပေါ်မှ ကြေးရုပ်(Copper)အဖြစ်လည်း တွေ့ရှိရသည်။



ရွှေတိဂုံစေတီတော်ရှိ ကြေးခေါင်းလောင်းမှ
ကြေးသွန်း အမရပူရခေတ် မနုသီဟရုပ်



www.burmeseclassic.com

www.burmeseclassic.com

တိုင် ရှေးမြန်မာမင်းများ၏ မင်းခမ်းမင်းနားသုံးယာဉ်များတွင် မနုဿသီဟလှေဟုလည်းရှိသည်။ ထိုလှေ၏ လှေဦးတင်ရုပ်တွင် လူမျက်နှာ-လူ့လက်၊ ခြင်္သေ့ကိုယ်နှစ်မြွာ-ခြင်္သေ့ခြေနှစ်ဖက်ရှိသည်။ ထိုအရုပ်သည် လက်နှစ်ဖက်ထီးခြင်း၊ ပေါင်နှင့်ကိုယ်ထီးခြင်းစသော ထီးခြင်းကြီးသုံးပါးဖြင့်ထိုင်နေတတ်၏။ ယင်းကို ပညာရှိများက "မနုဿီဟ ရှုပထင်ရှား၊ ထီးသုံးပါးနှင့်၊ ကြွားကြွားထင်ပြူ ပေါက်သကဲ့သို့ ---"ဟုစာချိုးကြသည်။

## မနုဿီအဆင်းသဏ္ဌာန်

မနုဿီဟရုပ်၏အသွင်သဏ္ဌာန်မှာ လူဦးခေါင်း၊ လူကိုယ်နှင့် ခြင်္သေ့ကိုယ်နှစ်မြွာ၊ ခြင်္သေ့အမြီးများပါသော ခန္ဓာနှစ်ခုဆက်လျက်ဖြစ်သည်။ (The appearance of the Manusiha Lion is the head of human, two bodies and tails of the lions.) "ရုပ်ပလီ၊ မနုဿီ ခေါ်ဆိုကြ၊ ကိုယ်ကနှစ်ကွဲ"ဟု မန်လည်ဆရာတော်က စာချိုးထားသည်။

အေဒီဝစရာစုခေတ်၊ ဇေယျသိင်္ခယာ၏ ရွှေဘုံနိဒါန်းတွင် "မနုဝိယ သီဟော၊ မနုဿီဟော = မနုဝိယ-လူကိုယ်ကဲ့သို့၊ သီဟော-ခြင်္သေ့တည်း၊ လူခြင်္သေ့)ဟု ဆိုထားသည်။

ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန်တွင်မူ မနုဿီဟကို ခေါင်းတစ်လုံးနှင့်ကိုယ်နှစ်ခုရှိသော သတ္တဝါတစ်မျိုးဟု ဆိုထားလေသည်။

မြန်မာ့ရိုးရာ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ထုလုပ်ကြသောမနုဿီဟတွင် လူ၏ကိုယ်ခန္ဓာအပေါ်ပိုင်း ပုံသဏ္ဌာန်ပါရှိသည်။ ဦးခေါင်းတွင် မကိုဋ်ဆင်ယင်ထား၏။ အောက်ပိုင်းခန္ဓာကိုယ်မှာ နှစ်ခွဖြစ်ပြီး ခြင်္သေ့နှစ်ကောင်၏ခန္ဓာကိုယ်ဖြစ်သည်။ "မနုဿီဟ၊ ဖင်နှစ်ခွနှင့် နိစ္စမကွာ၊ စောင့်ကြပ်ပါလျက်"ဟူသောစကားပင်ရှိသည်။

သို့သော် ပုဂံဒေသရှိစေတီပုထိုးများတွင် ခြင်္သေ့ဦးခေါင်းနှင့် ကိုယ်နှစ်ခုပါသောအရုပ်များမှာမူ မနုဿီဟပုံမဟုတ်ပေ။ ထို့အတူ နရသီဟပုံလည်းမဟုတ်ပေ။



ကျောက်တော်ကြီးဘုရားမှ အမရပူရခေတ် မနုဿီဟကျောက်ဆစ်ရုပ်

စေတီအရာမ်တံတိုင်း ထောင့်ချိုးများတွင် နှစ်ဖက်မြင်ပုံဖြစ်အောင် အလှဆင်ထုလုပ်ထားခြင်းသာဖြစ်ပါသည်။ လူ၏ ကိုယ်အထက်ပိုင်းနှင့် ခြင်္သေ့ကိုယ်နှစ်ခုတို့ အောက်ပိုင်းတွင်စပ်ထားမှသာ မနုဿီဟရုပ် ဖြစ်ပါမည်။

ထို့ပြင် မနုဿီဟပုံများကို ထုလုပ်ရာတွင်လည်း ခေတ်အလိုက် အဆင်အပြင် အနည်းငယ်ကွဲပြားချက်များတော့ရှိတတ်သည်။ အထူးသဖြင့် လူရုပ်တွင် ဆင်ယင်ထားသော မကိုဋ်သရဖူများ၏ပုံနှင့် နားတောင်း၊ ဘယက်တန်ဆာဒွာရယာတို့သည် ခေတ်အလိုက်၊ ထုလုပ်ရေးဆွဲသူ အနုပညာရှင်၏ အယူအဆအလိုက် ကွာခြားခြင်းဖြစ်၏။ ပုဂံခေတ်၊ အင်းဝခေတ်၊ အမရပူရခေတ်၊ ရတနာပုံခေတ်၊ မျက်မှောက်ခေတ်စသဖြင့် ခေတ်နှင့်အတူ ပြောင်းလဲနေသောဆင်ယင်ပုံများကားကွဲပြားနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမရပူရမှ အမရပူရခေတ်
မနုသီဟအင်္ဂတေရုပ်

## မနုသီဟရုပ် အသုံးပြုရခြင်း

မနုသီဟရုပ်ကို မကောင်းဆိုးဝါးများကို နှင်ရန် ထားရှိခြင်းဖြစ်၏။ (Manusiha lions are placed in the pagodas to-wards of the evils.) စေတီတော်များကို အစောင့်အရှောက်၊ အရံအတားအဖြစ် ထားခြင်းလည်း ဖြစ်သည်။ စေတီ၏ ဖိနပ်ခုံတွင်ထားခြင်းမှာ ဝါဟနအဖြစ် ထားခြင်းဖြစ်၏။

မနုသီဟရုပ်များကို နံရံဆေးရေးပန်းချီ(Mural Painting)အဖြစ်လည်းကောင်း၊ အင်္ဂတေရုပ်တု(Stucco) အဖြစ်လည်းကောင်း၊ ကျောက်ဆစ်ရုပ်(Stone Sculpture) အဖြစ်လည်းကောင်း၊ ကြေးသွန်းရုပ်တုအဖြစ်လည်းကောင်း၊ သစ်သားဖြင့်ထုလုပ်သော အရုပ်အဖြစ်လည်းကောင်း ရေးဆွဲ-ထုဆစ်-သွန်းလုပ်တန်ဆာဆင်ကြသည်။

ထို့ပြင် မြန်မာ့ဓလေ့အရ ရက်ချုပ်နှင့်ဇာတာပြုလုပ်ရာတွင်လည်း ဇာတာရှင်အား ဘေးရန်အန္တရာယ်မှကင်းဝေးစေရန် မနုသီဟပုံပါသော အဓိပတိတိုင်အား စီရင်ရေးသားလေ့ရှိသည်။ ပေ၊ ပုရပိုက်များတွင်လည်း မနုသီဟပုံများကို ထည့်သွင်းရေးဆွဲကြသည်။

## မနုသီဟအမေးအဖြေ

မန်လည်ဆရာတော်က မနုသီဟနှင့် ပတ်သက်၍ မေးပြီး၊ မင်းကွန်းဆရာတော်က ဖြေဆို-ဝိသဇ္ဇနာပြုပုံကို သတပဒိကပုစ္ဆာဝိသဇ္ဇနာကျမ်းတွင် ဖော်ပြထားသည်။ "သည်အကောင်၊ ဘယ်ကျမ်းဘယ်စာစောင်၌ မဟာနောင်ကိုယ်တော်တွေ့ရင်၊ ညွှန်းဖော်၍ခွဲ" ဟုမေးထားရာ၊ "မြို့သထုံ ပြည်ဉာဏ်ရွှေဘုံ၌၊ သည်ရုပ်ပုံဟန်ပန်ယူလို့၊ ရန်သူကိုဖယ်နှိမ်ကြောင်းငယ်နှင့်၊ ကျမ်းဟောင်းစာစောင်မြတ်မှာ ကျမ်းတတ်စကား"ဟုဖြေထား၏။

ပုံပြင်ဆန်ဆန် ထိုအဆိုများရှိခဲ့သော်လည်း ရေစောင့်ဘီလူးဟူသည် ရေစပ်ကမ်းနားတွင်နေသော ကြမ်းတမ်းရိုင်းစိုင်းသည့်လူများဟုကား တွေးနိုင်ပေ၏။ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသော ထိုလူများကိုခြောက်လှန့်ရန် မနုသီဟရုပ်ကိုဖန်တီးခဲ့သည်ဟုလည်း သဘာဝကျကျ ယူဆနိုင်ပေသေးသည်။ မည်သို့ဆိုစေကာမူ အမြင်ထူးခြားသော ချစ်စဖွယ် မနုသီဟရုပ်များကား မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၊ အထူးသဖြင့် ဘာသာရေးနယ်ပယ်တွင် အဆင်တန်ဆာတစ်ခုအနေဖြင့် ခိုင်ခိုင်မာမာထိုးဖောက်နေရာယူနေပြီးဖြစ်ကြောင်း ငြင်းဆိုဖွယ်ရာမရှိတော့ပေ။

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)


စာကိုး

– မြတ်မင်္ဂလာ၊ ၁၉၉၃၊ အောက်တိုဘာ၊ တိုက်စိုး၊ မနုသီဟ၊ စာ-၂၉။

– တိုက်စိုး၊ ယဉ်ကျေးမှုအထိမ်းအမှတ်များ၊ ၁၉၈၆၊ စာပေဗိမာန်။

– မင်းစည်သူ၊ မြန်မာ့ယဉ်ကျေးမှုရုပ်တုများ၊ ၁၉၉၆၊ ရွှေဒေါင်းတောင်စာပေ။

– U Aye Myint, Burmese Design Through Drawings,Silpakorn University, Bangkok, Thailand, 1993




www.burmeseclassic.com

www.burmeseclassic.com



# ကုသိုလ်ကံ
## ဖန်လာကာ အခွင့်ပေးသော်ငြား

မောင်ချိုမင်း(ကန္တာရဝတီ)

လောကတွင် ထီပေါက်ဖူးသူ အတော်များများ ရှိပါသည်။ ဂဏန်း ခြောက်လုံးနှင့် ရှေ့အကွာရာပါ တူညီမှ ရမည်။ ထီပေါက်ဖို့ဆိုသည်မှာ အမှန်တော့ သိပ်လွယ်ကူလှသည် မဟုတ်။ သို့သော် မိမိတို့ပြုသည့် ကုသိုလ်ကံတရားတို့မည်သည် မခေါ်မဖိတ်ဘဲနှင့်လည်း မျက်စိလည်လမ်းမှား တကူးတက ရောက်လာတတ်ကြသည်ဖြစ်ရာ ကုသိုလ်ကံ၊ အကုသိုလ်ကံတရားကို မည်သူမှ မြင်နိုင်ဖွယ် မရှိကြ။ လုံထမ်းလာသည်ကို မျက်ဝါးထင်ထင် မြင်ရတတ်သော်ငြား ကံလှမ်းလာသည်ကိုမူ မမြင်ရပါဟု ပြောစမှတ်ရှိကြသည် မဟုတ်ပါလား။

အတိတ်ကံကုသိုလ် ရှိသူများအတွက် ထီဆိုသည်မှာ ပေါက်တတ်သည့်အရာဖြစ်၍ မိမိရှေ့မှောက်တွင်လည်း ထီပေါက်သူ လေးငါးဦးကို ကိုယ်တွေ့ တွေ့ခဲ့ရဖူးသည်။ လွန်ခဲ့သော ရှစ်နှစ်ခန့်က ကျွန်တော့်အထက်အညာ၊ မန္တလေးတစ်ဖက်ကမ်း မင်းကွန်းသို့ ဘုရားဖူးရောက်ခဲ့စဉ် ပုပ္ပနွေးနွေး မင်္ဂလာစုံတွဲထီပေါက်ထားသူတစ်ဦးနှင့် မိတ်ဆွေဖြစ်ခဲ့ရဖူးသည်။ သူ့အမည်မှာ ဦးကံဦးဖြစ်၍ မင်းကွန်းဆိပ်တွင် လက်ဖက်ရည်ဆိုင်ဖွင့်ထားသူဖြစ်သည်။

တစ်နေ့နေ့လယ် ဦးကံဦး မန္တလေးသို့ သွားဟန်ပြင်နေစဉ် ထီရောင်းသူ လူငယ်လေးတစ်ဦး သူ့ထံသို့ ရောက်လာသည်။ ရောင်းမကုန်သည့် ထီလက်မှတ် အချို့အဝက်လည်း သူ့လက်ထဲတွင် ရှိနေသည်။ ထိုက နက်ဖြန်သဘက်တွင်

www.burmeseclassic.com

ဖွင့်တော့မည့်ဆဲဆဲ။ ကောင်ကလေးက သူ့လက်ဝယ်ရှိ ရောင်းမကုန်သော လက်မှတ်များကို အပြတ်ရှင်းဖို့ရန် အတင်းတိုက်တွန်းသည်။ ဦးကံဦးကလည်း စိတ်မပါတပါ။ သို့သော် ထိုးဖြစ်သည်။ ဖြစ်ချင်တော့ သူ၏ ခမည်းခမက်တော်သူကပါ တစ်ဝက် ရှယ်ယာပါပါရစေဆို၍ ခွင့်ပြုလိုက်သည်။ သို့သော် ထိုဖိုးပိုက်ဆံပင် ဦးကံဦးက အကုန်အစင် မရသေးဘဲ ထိုးသမျှ စိုက်ရှင်းပေးလိုက်ရသည်။

မကြာပါ။ နောက်တစ်ရက်နှစ်ရက်အတွင်း ထီအဖွင့်တွင် မင်္ဂလာစုံတွဲ ဆုငွေကျပ် သိန်းပေါင်းတစ်ရာ ကျော် ပေါက်သွားကြောင်း သိခဲ့ရသည်။ နိုင်ငံသိ စာရေးဆရာကြီး တစ်ဦးလည်း မင်္ဂလာစုံတွဲထီ ပေါက်ဖူးသလို ကျွန်တော်တို့ရုံးမှ သူငယ်ချင်း ဦးစီးမှူးတစ်ဦးလည်း မင်္ဂလာစုံတွဲ ရဖူးခဲ့ကြသည်။ ပေါက်သူများ အဖို့ ကံကုသိုလ်ထူးပေစွ။

တလောက သောကြာမဂ္ဂဇင်းတွင် ရုပ်ရှင်မင်းသားကြီး ဦးမြင့်စိုးက ထီနှင့်ပတ်သက်၍ သူမည်မျှ ဝါသနာကြီးခဲ့ကြောင်း ရေးခဲ့ရာ ကျွန်တော်ကတော့ ဦးမြင့်စိုးလို ထီကို သိပ်ဝါသနာမရှိ၊ ငွေလိုချင်သည်ကတော့ အမှန်ပင်။ သို့သော် ထီထိုးထားပြီး စိတ်ကူးလည်းမယဉ်ချင်။ ပြီးတော့ တကူးတကာ ပေါက်စဉ်ရှာပြီး ထီတိုက်ရမည့် အလုပ်ကိုလည်း ပျင်းတောင်ပျင်းသေးတယ် ဟုဆိုရမလို ဖြစ်နေ၍ ထီကို လုံးဝမထိုးဖြစ်။ ထီလက်မှတ်တစ်စောင် မည်မျှရှေးပေါက်နေသည်ကိုပင် မသိတော့။ ဒါနှင့်ပင် ၁၉၉၂ ခုနှစ်နောက်က လမ်းသွားရင်းလာရင်း လှည်းနှင့်ထီရောင်းသူ ကောင်လေး အဆွယ်ကောင်း၍ အားနာပါးနာနှင့် ၁၀ ကျပ်တန် ထီတစ်စောင် ထိုးမိလိုက်ရာ အက္ခရာတူ ဂဏန်းသုံးလုံး တိုက်သဖြင့် ဆုငွေ ၁၅၀၀ ကျပ်ကြီး ရလိုက်ဖူးသေး။

ကျွန်တော်တို့ ငယ်စဉ်က တစ်စောင် နှစ်ကျပ်တန် အောင်ဘာလေထီ အတော်ခေတ်စားသည်။ လူတိုင်းလိုလိုလည်းထိုးကြသည်။ အနည်းဆုံး ဆုငွေငါးရာကျပ်မှ အများဆုံး ကျပ်တစ်သိန်းဆုကြီးဖြစ်ပြီး နှစ်လမှ တစ်ခါဖွင့်သည်။ အနည်းဆုံး ဆုငွေ ငါးရာဆုပေါက်သူအား နှစ်ရာတန်ငွေစုလက်မှတ်တစ်စောင် ပေးထားသေးသည်။

ထီဆိုင်ကြီးများထဲတွင် အောင်ဆုပန်ထီဆိုင်သည် နာမည်အကြီးဆုံး။ အောင်ဆုပန်မှ အပေါက်များသည်ဟုထင်ကြပြီး သိမ်ကြီးဈေး အောင်ဆုပန်ထီဆိုင်တွင် အထိုးများကြရာ ကာတွန်းဆရာကြီး ဦးဘဂျမ်းလက်ရာ ရှုမဝမဂ္ဂဇင်းမှ ကြော်ငြာတစ်ခုကိုပင် အမှတ်ရနေမိသေး၏။

ညှော်ခန်းတစ်ခုထဲတွင် ဂေါ်နေတစ်ဦးက သမီးပျိုကို လာပိုးပန်းနေ၏။ ထိုအခါ ဖခင်ဖြစ်သူက သူ့ခနီးကို တိုးတိုးသက်သာ လှမ်းပြောလိုက်ပုံက "သူ့လခကနည်းလို့ သမီးနဲ့မပေးစားနိုင်ဘူးဆိုပြီး အပြတ်မပြောလိုက်နဲ့နော်။ သူ့အိတ်ထဲမှာ အောင်ဆုပန်က ထိုးထားတဲ့ ထီလက်မှတ်သုံးစောင် မြင်တယ်ကွ"တဲ့။

လူစည်ကားရာ ရန်ကုန်မြို့လယ် သိမ်ကြီးဈေးတွင် မိန်းကလေး ချောချောလှလှကလေးများ ထီစာရေးမအဖြစ် ခန့်ထားပြီး ထီဆိုင်ကြီးများ အရောင်းသွက်ခဲ့ဖူး၏။ ဆရာသော်တာဆွေတို့ပင် အားအားရှိ ထီစာရေးမက လေးများအား ထီထိုးရင်း ဂေါ်ရေးငင်ခဲ့ကြဖူးသေးသည်ဆို၏။

ရုပ်ရှင်မင်းသမီးကြီး ဒေါ်ခင်လေးဆွေ ငယ်စဉ်အပျိုဘဝကလည်း ရုပ်ရည်ရူပကာ ချောမောလှပသူမို့ ထီစာရေးမ ဖြစ်ခဲ့ဖူးသေးသည်။

ထီလက်မှတ် တစ်စောင် ထိုးတော့မည်ကြံတိုင်း ဦးစွာ အတိတ်ကို ရေးရသေးသည်။ ထီပေါက်လျှင် ဘာညာကိစ္စလုပ်ရန် စသည်ဖြင့်။

အတိတ်အမျိုးမျိုး ရေးကြရာတွင် ဘုရားတည်ရန်၊ ကျောင်းဆောက်ရန်၊ သားရှင်ပြုရန်၊ ကြွေးဆပ်ရန်၊ မင်္ဂလာဆောင်ရန် စသည်တို့မှ ပေါ်ပြူလာအဖြစ်ဆုံး အတိတ်မှာ 'ဘိုးဘိုးအောင်မပါ'သည် ခေတ်အစားဆုံး အတိတ်ဖြစ်ခဲ့၏။

လူရွှတ်လူနောက် တစ်ဦးက ---နာခေါင်းငါ---ဟု ရွဲ့ပြီးထိုးလိုက်ရာ ထိုအတိတ်ဖြင့် တကယ်ပေါက်လာ၍ ပြဿနာတက်လိုက်သေးသည်ဟု ရယ်စရာလိုလို၊ တကယ်လိုလို ခပ်သဲ့သဲ့ ကြားလိုက်ရဖူးသည်။

အရပ်ထဲလမ်းထဲ လူမွဲမင်္ဂလာဆောင်တို့တွင် နှစ်ကျပ်တန် ထီလက်မှတ်တစ်စောင်ကို စာအိတ်အသစ်ထဲထည့်လက်ဖွဲ့ပြီး မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ဒေါ်မုန့်



www.burmeseclassic.com

www.burmeseclassic.com

စသည်တို့ကို အဝကျဲခဲ့ကြသူများ စာရင်း၌ ကျွန်တော်တို့လည်း ထိပ်ဆုံးတန်းမှ ပါဝင်ခဲ့ကြပါသေးသည်။ အချို့က မိမိလက်ဖွဲ့ခဲ့သော ထီလက်မှတ်နံပါတ်ကို မှတ်သားထားပြီး တကယ်တမ်း ဆုကြီးများ တက်ပေါက်လာတော့ သူတစ်ဝက်ပိုင်သည်ဆိုပြီး ဝင်ရှုပ်ကာ အငြင်းအခုံ တရားတဘောင် ဖြစ်လိုက်ကြသေးသည်။ လက်ဖွဲ့ပြီးမှတော့ မိမိနှင့် ဘာမှမဆိုင်၊ သူ့ကုသိုလ်ကံနှင့်သူ ရသည်ကို ဘာမှလိုက်ရှုပ်နေရန် မသင့်၊ ဤလိုမှ စိတ်မနိုင်လျှင် နဂိုမူလကတည်းက ထီလက်မှတ်ကို လက်မဖွဲ့ဘဲနေကြရုံပေါ့။

ကျွန်တော် ဆယ်နှစ်၊ ဆယ့်တစ်နှစ်သားအရွယ် ငါးတန်းကျောင်းသားဘဝက မိန်းမကြီးတစ်ဦး၏ ထီဇာတ်လမ်းကို ကြုံဖူးသည်။

တာမွေ ကျောက်မြောင်း၊ ပျားရည်ကုန်းရပ်ကွက်တွင် နေသော အနှိပ်သည် တစ်ခုလပ်မကြီး မငွေဇင်၊ မိန်းမကြီးမှာ လှည်းကူးမှဖြစ်၍ အသက်လေးဆယ်နီးပါး ထောင်ထောင်မောင်းမောင်း၊ အသားညိုညို စိမ့်စိမ့်။ အနှိပ်သည် လက်ကောင်းသူဖြစ်၍ သူ့ကို ခေါ်ခေါ်နှိပ်ခိုင်းတတ်ကြရာ တစ်ခါနှိပ်လျှင် နှစ်ကျပ် ပေးရသည်။ ကျွန်တော့်အဖေ ဦးဂေါ်ရာသည် မြန်မာပြည် ဘီလီယက်ချန်ပီယံ တစ်ဦးဖြစ်သည့်အတိုင်း ကလပ်အသင်း ဘီလီယက် ရှေ့ဖလား ဗိုလ်လုပွဲပြိုင်ပွဲဝင်ချိန်နီးတိုင်း သူ့လက်များ ပေါ့ပါးစေရန် မငွေဇင်ကို ခေါ်ခေါ်နှိပ်ခိုင်းလေ့ရှိသည်။ မငွေဇင်က အခြားအနှိပ်သည်တွေနှင့်မတူ။ အကြောကို နားလည်သည်။ သူနှိပ်လျှင် ပေါ့ပါးသက်သာသူများ၍ တာမွေ ကျောက်မြောင်းဘက်တွင် အနှိပ်သည် နာမည်ရသူဖြစ်ရာ အဖေ့ကိုနှိပ်သည့် နေ့လယ်က သူနှိပ်ပေးခ ငွေနှစ်ကျပ် ရလိုက်သည်။ မငွေဇင်က ပြန်ခါနီး နှုတ်ဆက်ရင်း ပြောလိုက်သေး ...

"ဦးလေးကိုဂေါ်ရာဆီကရတဲ့ ငွေနှစ်ကျပ်နဲ့ အပြန် ထီဝင်ထိုးလိုက်ဦးမယ်"တဲ့။

ဟုတ်ပါသည်။ မငွေဇင်တစ်ယောက် ညနေအပြန် တကယ်ပင် သီတာလမ်းထိပ်တွင် ထီဝင်ထိုးလိုက်ရာ ထီဆိုင်ကလည်း သူနှင့်ခင်နေသူပီပီ "အမျိုးကြီး လင်ယူရန်" ဟူသောအတိတ်ဖြင့် နောက်ပြောင်ပြီး ရေးပေးလိုက်၏။ မငွေဇင်ကတော့ စာကို လုံးဝ ရေးတတ်၊ ဖတ်တတ်ရှာသူ မဟုတ်။

မငွေဇင်၏ ညီမနှစ်ဝမ်းကွဲတော်သူ မခင်သန်းမှာ လူမျိုးခြား ကိုမူတူးနှင့် အကြောင်းပါပြီး ကျောက်မြောင်း ကျားကွက်သစ်ထဲတွင် ကုန်စုံဆိုင်ကြီး ဖွင့်ထား၏။ ကိုမူတူးက မြန်မာလို လည်လည်ပတ်ပတ် ရေးနိုင်၊ ပြောနိုင်သလောက် လူရည်လည်သူ လူပါးလူနပ်တစ်ဦးပင်။ မငွေဇင်က လင်သားမရှိ တစ်ကိုယ်တည်းဘဝဖြင့် ပျားရေကုန်းတွင် အခန်းကျဉ်းကလေး တစ်လဆယ့်ငါးကျပ်ဖြင့် ငှားနေရကာ ညီမအိမ် တစ်ခါတစ်ရံ အလည်လာသည်ကိုပင် ညီမနှင့် မတ်တို့က ပေးရကျွေးရနိုးနိုးဖြင့် သိပ်မကြိုက်ချင်။

မငွေဇင် မူတူးတို့အိမ် ရောက်သည့်နေ့က မခင်သန်း အိမ်တွင်မရှိ။ သိမ်ကြီးဈေးတွင် ကုန်သွားဝယ်နေသည်။ ကိုမူတူးတစ်ယောက်သာ ဆိုင်ထဲတွင်ရှိပြီး ဈေးရောင်းထားရသမျှ ပိုက်ဆံအကြွေပဲစေ့ မူးစေ့၊ မတ်စေ့များကို သူ့အမျိုးအစားအလိုက် သတင်းစာစက္ကူဖြင့် လိပ်၍ လိပ်၍ အတောင့်ကလေးများဖြစ်အောင် လုပ်နေသည်။

"မူတူးရေ ငါထီတစ်စောင် ထိုးထားတယ်ဟ။ နင့်မှာ ပေါက်စဉ် ရှိတယ်မဟုတ်လား တိုက်ပေးစမ်းပါကွယ်"

"ခင်ဗျားကလည်းဗျာ၊ ဒီမှာ အလုပ်ရှုပ်နေရတဲ့အထဲ၊ ကိုယ့်ဟာကိုယ် တိုက်ပါလား"

မငွေဇင်က လေအေးအေးဖြင့်

"ငါက စာမှမတတ်ဘဲဟာကွယ်၊ ဒါကြောင့် နင့်ခိုင်းရတာပေါ့ဟဲ့"

"ကဲ ...ကဲ ...ဒါဆိုရင်လည်း ထားခဲ့၊ ခင်ဗျားဟာက ပေါက်မယ့်ပုံကြီးလည်း မဟုတ်ပါဘူး"

အကျဉ်းချုံးရသော် မငွေဇင်၏ ထီလက်မှတ်က နှစ်သောင်းဆုကြီး ထပေါက်နေသည်။ မူတူးက မငွေဇင်ကို မသိကျိုးကျွန်ပြုကာ သူ့မိန်းမနှင့် တိုင်ပင်၍ မငွေဇင်ကြီး သူတို့အိမ် နောက်တစ်ခေါက်ရောက်လာတော့ ဇင်းမယ်လုံချည်လေး တစ်ထည်၊ နိုင်လွန်တစ်ဝတ်စာနှင့် မျက်မှန်တစ်လက် ဝယ်ပေးလိုက်သည်။ မခင်သန်းက ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

သေး။ ကိုအစ်မတစ်ယောက် ဆင်း ဆင်းရဲရဲနှင့် အနိုပ်သည် လုပ်နေရ ရှာသည်ကို သနား၍ ဝယ်ပေးလိုက် ခြင်းတဲ့။ ကာလပေါက်ဈေး နှစ် ဆယ်၊ အစိတ်ဖိုး ခန့်တော့ရှိပေမည်။ ထို့ထက်တော့ မပို။

မငွေဇင်က ကော်တစ်ရာကပ် စေးနဲ ဇနီးမောင်နှံ၏ ထူးထူးခြား ခြား အပြုအမူကို လုံးဝမရိပ်မိ။ ငါ့ ညီမလေး စိတ်ကောင်းရှိလာရှာသား ပဲဟု အမှတ်များပင် ပေးလိုက်မိ သေးသည်။

နောက်ရက်တွေ တစ်လကျော် ကျော်ခန့်ကြာသွားသည်။ မငွေဇင် တစ်ယောက် ဟိုအပိုင်းလည်နှိပ်၊ သည်အပိုင်းလည်နှိပ်နှင့် ဆွေမျိုးများ ရှိရာ လှည်းကူးကိုပင် ပြန်လိုက်သေး သည်။ သီတာလမ်းဖက် မရောက် ဖြစ်ခဲ့သည်မှာ အတော်လေးကြာခဲ့ပြီး ယခုမှ ရောက်ဖြစ်သည်။

"ဟယ် ...အပျိုကြီးတစ် ယောက် တစ်သွေးတစ်မွေး ဖြစ်နေ လို့ ကျုပ်တို့ဘက်တောင် ခြေဦး မလှည့်တာ ကြာပါပြီကော။ တစ် ဆိတ်လောက် ကြွပါဦးရှင်"

ထီဆိုင်ထဲမှ ဆိုင်ရှင်မိန်းမက လှမ်းခေါ်သည်။ မငွေဇင်က ကြောင် အမ်းအမ်းနှင့် ...

"ကျွန်မ ဘာတွေများ တစ် သွေးတစ်မွေး ဖြစ်နေလို့လဲ မနှင်းရဲ့"

"အံမာ ...မငွေဇင်တို့ ရွှေမျက် မှန်နဲ့ အဝတ်သစ် အစားသစ်တွေနဲ့ ရှိုးထုတ်ပြီး ပျော်နေတာ ကျုပ်တို့ သိပါတယ်။ အေးလေ ...ထီပေါက် ထားတဲ့သူဆိုတော့ ဒီလိုပဲပေါ့"

မငွေဇင်က ရယ်မောရင်း

"ကျွန်မ ထီပေါက်မှဖြင့် အိမ် တကာလည်ပြီး အနှိပ်သည် လုပ်နေ ပါဦးမလား မနှင်းရယ်။ အခုတောင် ဝွတ္တလစ်ဖက်က ခေါ်ထားတာ သွား နှိပ်မလို့။ နေကလည်း ပူပါဘိသနဲ့"

"အပျိုကြီးက ခုထိ ဟန်ဆောင် ကောင်းနေသေးတာကိုး။ ရှင်ထီ ပေါက်တာ ကျုပ်တို့မသိဘူးများ မှတ်နေသလား။ ကျုပ်တို့ဆိုင်က ထိုးသွားတိုင်း ကျုပ်တို့မှာ ဖြတ် ပိုင်းရှိတယ်။ နှစ်သောင်းဆုလေ နှစ်သောင်းဆုရှင့်။ အိမ်ဝယ်မလား၊ ကားဝယ်မလား၊ ရွှေတစ်ပိဿာဝယ် ထားမလား။ အကုန်ရတယ်။ ရှင့်ဆီ က ဘောက်ဆူးလည်း မတောင်းပါ ဘူးရှင့်"

မငွေဇင်က သူထီပေါက်သည့် အကြောင်းကို လုံးဝမသိပါကြောင်း၊ သည်အဝတ်အစား အသုံးအဆောင် ကလေးများကိုပင် မတ်ဖြစ်သူ ဝယ် ပေး၍ ဝတ်ရကြောင်း ပြောပြီး စာတ်စုံသိရ၍ မူတူးတို့လင်မယားထံ အပြေးအလွှားသွားတော့ မူတူးလင် မယားက လူလည်ပီပီ ထီလက်မှတ် တိုက်ခိုင်းသည်ဆိုသည်မှာ လုံးဝ မဟုတ်ကြောင်း၊ ဒီကိစ္စနှင့် ပတ် သက်၍ သူတို့ဘာမှ မသိရကြောင်း အကြောက်အကန်ငြင်းသည်။ နောက် ဆုံး မငွေဇင်တစ်ယောက် မျက်ရည် လည်ရွှဲနှင့် ရောက်လာသည်။

"အဲဒါပဲ ဦးလေးရယ်။ ဦးလေး က စာတတ်ပေတတ် ရုံးစာရေးကြီး ဖြစ်ပြီး လူကြီးတွေအားလုံးနဲ့လည်း ပေါက်ပေါက်ရောက်ရောက် ခင်ခင် မင်မင်ရှိနေတော့ ကျွန်မကိစ္စကို ကူညီပါ။ ကျွန်မ ထီနှစ်သောင်းကိစ္စ ပြန်ရရင် ဦးလေး ကျေးဇူးကိုလည်း မမေ့ပါဘူး"

ကျွန်တော့်အဖေက ခေါင်း ကုတ်သည်။

"ဒီမှာ မငွေဇင် ငါနဲ့ ရှေ့နေ ချုပ် ဦးဘစိန်တို့၊ ဝန်ကြီးသခင်တင်၊ ကျားကြီးဦးဗဆွေတို့ဟာ ညနေတိုင်း ပြည်သူ့ကလပ်တို့၊ ဝိုင်အမ်စီအေတို့ မှာ ဘီလီယက် ထိုးဖက်။ ငါ့အပေါ် သိပ်ကောင်းတဲ့ ဆရာသမားမိတ် ဆွေတွေကွ။ တခြားကိစ္စဆိုရင် ငါ တစ်ခွန်းပြောလိုက်ရင် ဖြစ်နိုင် လောက်ပေမယ့် အခု ညည်းဟာက ထီပေါက်တဲ့ကိစ္စ။ ထီဥပဒေက ထီ လက်မှတ်လက်ဝယ်တင်ပြနိုင်သူ ကိုသာ တရားဝင် ငွေထုတ်ပေးမယ် ဆိုတော့ ဘယ်လိုမှ ငါဝင်လို့ရမှာ မဟုတ်ဘူး။ ညည်းညီမ၊ မတ်တော် မောင် ကလိမ်ကျလို့ ညည်းခံရတာ ပဲမှတ်ပြီး သူတို့ဆီ အောက်ကျို့ချော့ ပေါင်း လက်ဖြန့်တောင်းပေတော့။ ရသလောက်အမြတ်ပဲ သဘောထား လိုက်ပေတော့ကွာ"တဲ့။

"အင်း ...ကံတရားဆိုတာ မိမိ ထံ တကူးတက ရောက်လာသော် ငြား မစံစားထိုက်ပြန်ရင် တယ် လည်း စိတ်ဆင်းရဲရ ပေသကိုး"ဟု အဖေ့ညည်းသံ ခပ်သဲ့သဲ့ကို ကြား လိုက်ရပါသည်။

**မောင်ချိုမင်း(ကန္တာရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓဘာသာဝင်တို့၏ လောကတွင်းက ဆန်းပြားထွေလာများ

■ ဒိုင်ခင်အောင်ကြွင်း

ရှေးရှေးအခါက ရှိဂိုကူ(SHIGOKU) ဂျပန်တောင်ပိုင်း ဒုတိယကျွန်းမှာ ကာဂဝကဲင်(KAGAWA KEN)ရဲ့ မိဂိမူလ (MIGI MULA) (MULA = ရိုးရိုးရွာ၌ မိန်းကလေးတစ်ယောက် ရှိခဲ့ပါတယ်။ နာမည်က (NU NO SHI KI NO U CHI) နုနိုရှိခိနိုအုချိ ဖြစ်ပြီး ရုတ်တရက် ရောဂါကြီးစွဲကပ်လာလို့ ရောဂါဘယနဲ့ သက်ဆိုင်တဲ့ နတ်ကို ကျေနပ်အောင် ပသပူဇော်ဖို့ အိမ်အဝင်ဘေးတစ်ဖက်တစ်ချက်မှာ အစားအသောက်များ စီစဉ်ထားတုန်း ယမမင်းရဲ့ တမန်ဘီလူးက လာခေါ်ဖို့ ရောက်လာပါရော။

ဘီလူးက လမ်းလျှောက်လာရတာ မောလို့တဲ့။ နုနိုရှိခိနိုအုချိ အိမ်တံခါးဝက အစားအသောက်တွေကို စားချင်စိတ်ပေါက်လာကာ အကုန်စားပစ်လိုက်တယ်။ စားပြီး အဲဒီမိန်းကလေးကို ခေါ်သွားတာပေါ့။

လမ်းခုလတ်မှာ အဲဒီမိန်းကလေးကို ဘီလူးက ပြောတယ်။

"နင်တို့ နတ်အတွက်စီစဉ်ထားတဲ့ အစားအသောက်တွေ ငါစားပြီးသွားပြီ။ အဲဒီအတွက် ကျေးဇူးပြန်ဆပ်ချင်တယ်။ ကဲ . . .နင်နဲ့ နာမည်လည်းတူ၊ မျိုးရိုးနာမည်လည်းတူသူ တစ်ယောက်ယောက်ရှိသလား"

"ဟုတ်ကဲ့ ရှိပါတယ်။ ဒီဒေသရဲ့ (U TALI NO KO LI) အုတလိနိုကိုလိ (KO LI = ရွာကြီး)မှာ နာမည်နဲ့ မျိုးရိုးနာမည်တူတစ်ယောက် ရှိပါတယ်"

www.burmeseclassic.com

လို့ ဖြေလိုက်ပါတယ်။

ဘီလူးဟာ အုတလီရွာကြီးကို နန်ရှီခိန်အချိုပါ ခေါ် သွားရင်း အဲဒီအိမ်က မိန်းကလေးကို အနီရောင်အိတ်ထဲက နိုမိ(NO MI) ခေါ် ပန်းပုရုပ်ထွင်းတဲ့ ဆောက်နဲ့ နဖူးကို စိုက်လိုက်ရင်း ဆွဲခေါ်သွားပါတယ်။

မိခိမုလက မိန်းကလေးအဖို့ (ရုရုစားရဲတာ) လွတ်သွားပြီး ကြောက်ကြောက်နဲ့ အိမ်ပြန်တော့ အသက်ပြန်ရှင်လာတာပေါ့။

အဲဒီအတောအတွင်း ယမမင်းဟာ အုတလီနိုရွာကြီးက မိန်းကလေးကို ကြည့်ရင်း...

"ငါခေါ်ခိုင်းတာ ဒီမိန်းကလေးမဟုတ်ဘူး။ နင်မှားပြီး ခေါ်လာတာ။ ဒါကြောင့် ဒီမှာခဏထားလိုက်ဦး။ အခု ဟိုမိခိရွာက မိန်းကလေးကို သွားခေါ်ခဲ့"

လို့ အမိန့်ပေးလိုက်တယ်။

ဘီလူးလည်း မတတ်သာသို့ မိခိရွာက မိန်းကလေးကို သွားပြန်ခေါ်ရပါတယ်။ ယမမင်းက "ငါပြောတာ ဒီမိန်းကလေးပဲ။ ဟို အုတလီနိုရွာကြီးက မိန်းကလေးကို သွားပြန်ပို့လိုက်"ဆိုတော့ ပြန်ပို့ပါတယ်။

ဒါပေမယ့် အုတလီနိုရွာကြီးက မိန်းကလေးအလောင်းဟာ သုံးရက်ကြာပြီးတာနဲ့ မီးသင်္ဂြိုဟ်လိုက်တော့ ခန္ဓာမရှိတော့ဘဲ ပြန်ဝင်လို့မရဖြစ်လို့ ယမမင်းထံ ပြန်လာရပြီး "ကျွန်မဟာ အိမ်ပြန်ပေမယ့် ရုပ်အလောင်းက မီးရှို့ပြီးနေလို့ မရှိတော့တဲ့အတွက် နေစရာမရှိပါဘူး"ဆိုပြီး (မိုရှီအာဂဲရု) တိုင်ကြားလိုက်ပါတယ်။

ယမမင်းက ဟိုမိခိရွာက မိန်းကလေးအလောင်းကော ဒီအတိုင်းရှိသေးသလား"လို့ ဘီလူးကိုမေးရာ "ရှိပါသေးတယ်"လို့ ဖြေလို့ "ဒါဆိုရင် မိခိရွာက မိန်းကလေးခန္ဓာထဲကို ဒီအုတလီရွာကြီးက မိန်းကလေးကို သွားပို့လိုက်" ဆိုပြီး စီစဉ်ပါတယ်။

ဘီလူးဆောင်ရွက်တဲ့အတိုင်း အုတလီနိုရွာကြီးက မိန်းကလေးဟာ မိခိရွာက မိန်းကလေးခန္ဓာကိုယ်ရလို့ အသက်ရှင်လာပြန်ပါတယ်။ မိခိရွာက မိန်းကလေးအဖြစ်ဆိုရင် သေလိုက်၊ ရှင်လိုက်နဲ့ ထပ်ကာဖြစ်နေမှာပေါ့နော်။

အသက်ရှင်လာချင်း အုတလီနိုရွာက မိန်းကလေးက "ဒီအိမ်ဟာ ကျွန်မအိမ် မဟုတ်ပါဘူး။ ကျွန်မအိမ်က အုတလီနိုရွာကြီးမှာ ရှိပါတယ်"ဆိုပြီး ငိုကြွေးပါတယ်။

ပြီးတော့ "နင်ကတော့ တို့ကလေးမဟုတ်သလို၊ ဘာဖြစ်လို့ ဒီစကားပြောသလဲ။ အားလုံးမေ့ကုန်ပြီလား" မေးပေမယ့် မိန်းကလေးဟာ ဂရုမစိုက်၊ ပြောစကား နားမထောင်ဘဲ အုတလီနိုရွာကြီးက အိမ်ကို ပြန်သွားပါတယ်။

အုတလီနိုရွာကြီးက မိဘတွေလည်း မသိတဲ့ မိန်းကလေးတစ်ယောက် ရောက်လာပုံကြောင့် လန့်သွားကြရင်း ဘာမှန်းမသိဖြစ်နေတာကြောင့် "ခင်ဗျားဟာ ငါတို့သမီး မဟုတ်ပါဘူး။ ငါတို့သမီးက မီးသင်္ဂြိုဟ်ပြီးနေပြီ"ဆိုမှ မိန်းကလေးက ယမမင်းပြောတာတွေ သေသေချာချာ ရှင်းပြလိုက်လေတဲ့အခါ မိဘတွေက နားထောင်ရတော့ မျက်ရည်ကျလောက်အောင် ဝမ်းသာကြပါတယ်။

အုတလီရွာကြီးက မိန်းကလေးကို အရင်ဘဝအကြောင်းတွေ အမျိုးမျိုးမေးကြည့်တော့လည်း ဘာတစ်ခုမှ မမှားဘဲ အားလုံးမှန်နေတဲ့အခါ "ခန္ဓာဟာ တို့သမီးမဟုတ်ပေမယ့် ဝိညာဉ်ဟာ ငါတို့သမီးပဲ"ဆိုပြီး လက်ခံကြရုံမက စိတ်ထဲမှာ တကယ် ကိုယ့်ကလေးအဖြစ် အောက်မေ့ပြုစုကြတယ်။

ဒါကြောင့် မိန်းကလေးအဖို့ ဟိုဘက်၊ ဒီဘက် မိဘလေးဦးရသလို ဝိုင်းဝန်းပြုစုကြတာ ခံရရင်း နှစ်ဖက်လုံးရဲ့ အမွေတွေပါရလျက် နေနိုင်ခဲ့ပါတယ်။

မှတ်သားသိရှိရသူဟာ ဒါကို ထောက်ချင့်ရင် အစားအသောက်စီစဉ်ပြီး ဘီလူးကို ကိုယ့်ဘက်ပါအောင် ကျွေးမွေးပေမယ့် အလကားတော့ မဖြစ်ပါဘူး။ ဒီလို မမျှော်လင့်ဘဲ ကျေးဇူးပြန်ဆပ်တာမျိုးလည်း ခံရတတ်ပါတယ်။ ပြီးတော့ လူသေရင် ချက်ချင်းမီးမသင်္ဂြိုဟ်သင့်ပါဘူး။ ဒီအဖြစ်မျိုးရှိချင်ရှိတတ်ပါသေးတယ်လို့ မှတ်ချက်ချပါတယ်။

တစ်ခါတစ်ရံ ဒီလိုမဖြစ်ဘူးလို့ ပြောလို့မရဘူးဆိုတာ သတိထားကြရပါမယ်။

အစဉ်မွန်မြတ်သော မေတ္တာရည်လျက်...

❒ ခိုင်ခင်အင်ကြင်း

www.burmeseclassic.com

www.burmeseclassic.com

# သရဏဂုံပြီးပြည့်စုံ

မြမျက်ရှင်

ကျွန်မကို မောင်နှမပမာ ခင်မင်တဲ့မိတ်ဆွေတစ်ဦးက ပရိတ်ပေါင်းစုံပါတဲ့ စာအုပ်တစ်အုပ်ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က လက်ဆောင်ပေးခဲ့ပါတယ်။

အားချိန်ရတိုင်း စာအုပ်ထဲမှာပါတဲ့ ပရိတ်ပေါင်းစုံကို တစ်နေ့တစ်ပုဒ် ပါဠိနှင့် မြန်မာတွဲလျက် ဖတ်ဖြစ်ပါတယ်။ အဲသည်ထဲမှာမှ သရဏဂုံအပါး ၃၀ ပရိတ်ရွတ်ဖတ်ရတာ ကျွန်မ အနှစ်သက်ဆုံးပါပဲ။ ပရိတ်တွေ ဆုံးသွားတိုင်း အောက်မှာ အကျိုးတရားတွေကို ရေးထားပါတယ်။ သရဏဂုံ အပါး ၃၀ ရွတ်ဆိုပြီးသွားရင် အောက်မှာရေးထားတဲ့ စာကြောင်းတွေကို ကျွန်မ အမြဲဖတ်ဖြစ်တယ်။ ရေးထားတာက သရဏဂုံ အပါး ၃၀ ကို နေ့စဉ်ရွတ်ပွားပူဇော်ပါက ဘုရားရောင်ခြည်တော်လွှတ်ခြင်းကို ဖူးတွေ့ရခြင်း၊ ဘေးအန္တရာယ်အပေါင်းကို ကာကွယ်ပေးခြင်းတည်းဟူသော အကျိုးတရားကို ရရှိပါမည်လို့ ပါရှိပါတယ်။ ပုံမှန်အားဖြင့်တော့ ဘုရားဝတ်တက်တဲ့အခါတိုင်း ဝဠ္ဍာ ဒါ၊ မင်္ဂလသုတ်နှင့် ဓမ္မစကြာတရားတော်ကြီးကို ရွတ်ပွားပူဇော်ပါတယ်။ ပြီးရင် မေတ္တာပို့အမျှဝေပြီးမှ သရဏဂုံ အပါး ၃၀ ကို ပုတီးတစ်ပတ် စိပ်ပါတယ်။

နှစ်တိုင်းမှာတော့ သင်္ကြန်အကြိုနေ့မှာ ရွှေဥမင်တောရကျောင်းကို နံနက် ၈ နာရီအရောက်သွား၊ ၉ နာရီမှာ သီလပေးတရားနာ၊ ရေစက်ချ၊ အမျှဝေပြီး ၁၀ နာရီမှာ ထမင်းစားဆောင်မှာ ထမင်းစားရပါတယ်။ ပြီးရင် တရားထိုင်ရာ ခန်းမဆောင်ကြီးမှာ ၁၁ နာရီကစလို့ ဆရာတော် ဦးဇောတိက (ပျဉ်းမနား မဟာမြိုင်တောရ) တရားတစ်ခွေ နားထောင်ရပြီး ၁၂ နာရီမှစလို့ ဘုရားရှုပွားရပါတယ်။ တစ်နာရီပြည့်ရင် ၁၅ မိနစ်နားနဲ့ ညနေ ၄ နာရီထိုးရင် တရားဖြုတ်ပြီး တရားစစ်ပါတယ်။ အဲသည်အချိန်ရောက်ရင် ကျွန်မ အိမ်ပြန်ပါပြီ။ ကျောင်းမှာ မအိပ်ပါဘူး။

သည်နှစ်မှာ ကားမောင်းသမားက ခွင့်တစ်လယူသွားတဲ့အတွက် ကျွန်မ တရားစခန်းမဝင်ဖြစ်တော့ပါဘူး။ သည်တော့ အိမ်မှာပဲ ကျောင်းမှာနေသလို အချိန်သတ်မှတ်ပြီး နေမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်မ အချိန်သတ်မှတ်ချက်ထဲမှာ သရဏဂုံအပါး ၃၀ ပုတီးတစ်ပတ်စိပ်မယ့်အချိန်ပါ ထည့်မှတ်ထားပါတယ်။ အမှန်တကယ် ပုတီးစိပ်မယ်ဆိုရင် အချိန်တစ်နာရီ ပေးရပါတယ်။

သည်အစီအစဉ်ကို သင်္ကြန်အကြိုနေ့ကစပြီး ဆောင်ရွက်ပါတယ်။ နေ့ခင်း ၁၂ နာရီမှ ၁ နာရီထိ တရားထိုင်ပြီးရင် ၁၅ မိနစ်လမ်းလျှောက်ပြီးရင် ပုတီးတစ်ပတ်စိပ်၊ ၁၅ မိနစ်နားပြီးမှ ပဋ္ဌာန်းအတို ၂၄ ပစ္စည်းကို ပုတီးတစ်ပတ်စိပ်၊ ပြီးရင် ၁၅ မိနစ်နားပြီး သုဂတောဂုဏ်တော်ကို ပုတီးသုံးပတ်စိပ်ပါတယ်။ မေတ္တာပို့ အမျှဝေပြီးရင်တော့ ကျွန်မ နားပါတယ်။ ည ၉ နာရီကျမှ တရားရှုမှတ်ခြင်းကို ဆောင်ရွက်ပါတယ်။

နှစ်ဆန်း ၁ ရက်နေ့မှာ ဘုရားဆင်းတုတော်တွေကို ရေသပ္ပာယ်ပြီး ပရိတ်များ ရွတ်ပွားပူဇော်ကာ ငါးရက်တာ ကုသိုလ်ကောင်းမှုတွေကို မေတ္တာပို့အမျှဝေကာ အလုပ်စခန်းကို အပြီးသတ်ပါတယ်။ နှစ်ဆန်း ၁ ရက်နေ့မှာပဲ ဘုရားရေသပ္ပာယ်ပြီး မောမောနဲ့ ဘုရားခန်းမှာ ထိုင်နားနေမိပါတယ်။ ထိုင်လိုက်တဲ့အခါ မျက်နှာမူရာ ဘုရားကျောင်းဆောင်ပေါ်က ရုပ်ပွားတော်များကို ကြည်ညိုစွာဖူးလိုက်ချိန်မှာပဲ လွန်ခဲ့တဲ့ ၂၃ နှစ်က ချင်းပြည်နယ်မှာ တာဝန်ကျချိန်ကနေ ဒီတောင်ထိပ်မှာ ဘုရားတည်တဲ့အချိန်ကို သတိသွားရလိုက်မိပါတယ်။ တွေးမိတာကတော့ ဘုရားဌာပနာပိတ်ပွဲ **ကျင်းပပုံအချိန်**ကိုပါ။ ဘုရားတည်ချိန်

www.burmeseclassic.com

မှာ ပန္တက်တင်မင်္ဂလာအချိန်၊ ဌာပနာသွင်းချိန်၊ ထီးတော်တင်ချိန်တွေကို **နာရီ၊** နက္ခတ်နာရီနှင့် ကနချိန်သိစေရန်အတွက် **မန္တလေး၊** ရန်ကင်းတောင်ခြေမှ အကြားအမြင်ရ **အမေစိမ်းကို** မေးမြန်းပြီးမှ ဆောင်ရွက်ပါတယ်။ ကရင်ပြည်နယ်မှ ဆရာတော်ကြီးတစ်ပါးကလည်း အကူအညီပေးပါတယ်။ ဆရာတော်ကြီးမှ စေတီတော်ကြီး ဌာပနာသွင်းချိန်မှ မြတ်စွာဘုရား၏ ဝါတော် ၂၀ ပြည့် ဆံတော်လာရောက်ဌာပနာသွင်းမည့်အကြောင်းကို အတူတကွ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းဖနီးမောင်နှံကို ပြောပြလိုက်တဲ့အခါ ထူးထူးဆန်းဆန်း စကားကို သူမဆီမှ ကျွန်မ ကြားရတော့တာပဲ။

"အစ်မပြောလို့ ကျွန်မ ပြောပြရတော့မယ်။ သည်ကိုလာတော့ လမ်းမှာ တစ်ညအိပ်ခဲ့ရတယ်။ အိပ်တဲ့အိမ်လေးကို ရွာက ရှာပေးတာ။ အဲသည် အိမ်ကလေ ပျဉ်ထောင်အိမ် ရိုးရိုးပါပဲ။ ထူးဆန်းတာက အဲသည်အိမ်မှာ ကောင်းကင်ကနေ ဘုရားတွေ ကြွကြွလာတယ်တဲ့ အစ်မရေ၊ ကျွန်မလည်း ညမှာ ဘုရားတွေ တဝကြီးဖူးခဲ့ရတယ်။ အိမ်ရှင်ဇနီးမောင်နှံမှာ ဘာအလုပ်မှ မရှိဘူး။ တစ်နေ့လုံး ဘုရားဝတ်တက်ကြ၊ ဘုရားဝေယျာဝစ္စတွေပဲ လုပ်နေကြတာ။ ဘုရားဆင်းတုတော်တွေမှာလည်း ရွှေရောင်တဝင်းဝင်းနဲ့ ဖူးမဝအောင်ပါပဲ အစ်မရယ်။ အဲသည်မှာ ကြုတ်တစ်လုံးရှိပြီး ကြုတ်ထဲမှာ ဝါတော် ၂၀ ရ ဘုရားရှင်ရဲ့ ဆံတော်ကိုထည့်ပြီး ပူဇော်ထားတယ်။ သည်လိုပဲ ကြွလာတာလို့ ပြောတယ်။ အခု အစ်မပြောစကားနဲ့ ဆက်စပ်ကြည့်တော့ ကနေဒီတောင်ထိပ်မှာ တည်မယ့်ဘုရားအတွက် ကြွလာတာလို့ သဘောပေါက်လာတယ်။ မနက်ဖြန် ကျွန်မတို့ရွာကို ပြန်သွားကြပြီး ဘုရားဆံတော်ပင့်ခဲ့မယ်"

နောက်တစ်နေ့နံနက်မှာ ဇနီးမောင်နှံနှစ်ဦး ဆံတော်ပင့်ယူဆောင်လာကြပြီး ဘုရာဌာပနာသွင်းမယ့် နံနက်မှာ ဆံတော်ဌာပနာသွင်း ပူဇော်ခဲ့ပါတယ်။

ယခု ဘုရားခန်းမှာထိုင်ရင်း လွန်ခဲ့တဲ့အဖြစ်တွေကို တွေးနေမိရင်း "သည်လိုမျိုး ဘုရားဆင်းတုတော်တွေ ကောင်းကင်က ကြွလာသလို၊ ကျွန်မတို့အိမ်က ဘုရားခန်းကိုလည်း ကြွလာရင် ကောင်းမှာပဲ"လို့ ဆန္ဒလည်းဖြစ်မိပါတယ်။

ကျွန်မရဲ့ခင်ပွန်းဟာ သည်လ ၆ ရက်နေ့ကတည်းက တာဝန်ရှိတဲ့အတိုင်း နိုင်ငံရပ်ခြားကို ခရီးသွားရပါတယ်။ ၁၅ ရက်နေ့မှာ ပြန်ရောက်ပါတယ်။ ပြန်ရောက်ချိန်ဟာ ညနေခင်း ၄ နာရီပါ။ ခရီးပန်းလို့ ဧည့်ခန်းထဲမှာ နားနေပါတယ်။ ကျွန်မကတော့ ခရီးဆောင်အိတ်ထဲက လျှော်စရာအဝတ်တွေကို ထုတ်ပြီး ဆပ်ပြာရည် စိမ်ထားဖို့ လုပ်ရမှာမို့ အဝတ်တွေ ထုတ်လိုက်တဲ့အခါမှာ လက်ဆောင်ပစ္စည်းထုပ် သုံးထုပ်ကိုတွေ့လို့ ဗီရိုပေါ်တင်ထားပြီး နောက်နေ့မှ ဖွင့်ပါတော့မယ်ဆိုတဲ့ အတွေးနဲ့ ထားလိုက်ပါတယ်။ နောက်တစ်နေ့ နံနက်ခင်းမှာပဲ အထုပ်တွေ ထုတ်ဖြေကြည့်လိုက်တော့ ဖစ်ထုပ်က သိုးမွေးပဝါပါ၊ နောက်တစ်ထုပ်က ကြေးနီရောင် ခွက်ကလေးပါ၊ တတိယထုပ်ကတော့ မှန်ကျောင်းဆောင်နဲ့ ဘုရားဆင်းတုတော်တစ်ဆူပါ။ ရွှေအစစ်ချထားတာ တွေ့ရပါတယ်။ ကျွန်မမှာ ရုတ်တရက် အံ့အားသင့်သွားမိပါတယ်။ ဘုရားခန်းကို ပင့်ဆောင်သွားပြီး ဘုရားကျောင်းဆောင်ပေါ် တင်လိုက်ပါတယ်။ ခင်ပွန်းသည်ကို ပြောပြတော့ ဘာပါလာမှန်း သူမသိလိုက်ဘူးတဲ့။ တရုတ်ပြည် စွယ်တော်ကျောင်းတိုက်က ဆရာတော်ကြီး လက်ဆောင်ပေးလိုက်တာလို့ ပြောပြပါတယ်။

ည ၉ နာရီထိုးတဲ့အခါမှာ ကျွန်မ ဘုရားဝတ်တက်ပြီး ဦးချရာက မော့ကြည့်လိုက်တော့ ရွှေရောင်တဝင်းဝင်းနဲ့ ဘုရားဆင်းတုတော်ကို ကြည်ညိုစွာ ဖူးတွေ့ရတော့မှ ကျွန်မသဘောပေါက်သွားပါတယ်။ သကြန်ရက် ငါးရက်မှာ မြတ်စွာဘုရားအား သရဏဂုံအပါး ၃၀ ကို အထူးအချိန်ယူပြီး ရွတ်ပွားပူဇော်တဲ့အကျိုးကျေးဇူးကြောင့် ဘုရားကြွလာခြင်း ဖြစ်ပါတယ်လို့ ကျွန်မယုံကြည်မိပါတယ်။

"သရဏဂုံ ကိုယ်လုံးခြုံ၊ လုံစုံဆန္ဒ ပြည့်ဝလှ"ဆိုတဲ့ စကားဟာ အမှန်ပါပဲရှင် . . .။

■ မြမျက်ရှင်

www.burmeseclassic.com



# ဓါးယုံလျှင် ပုံပြင်သော မှတ်တိုလိုက်ပါ

ဒေါက်တာသက်ဆွေ(M.D.)

(ရွှေဆောင်တင်ဆွေ)(မင်္ဂလဓမ္မဇောတိကဓဇ)

## နဝမပိုင်း

**ပဋ္ဌာန်းဆက်များကို ဖော်ပြခြင်း**

ပဋ္ဌာန်းဆက်ဆိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး ဆွေမျိုးမတော်စပ်ခဲ့ဖူးသူ မရှိဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များအရ သိရှိရပါသည်။

ကျွန်တော်သည် သရေခေတ္တရာပြည်၊ ဒွတ္တပေါင်မင်းကြီး၏ သားတော်အငယ် အိမ်ရှေ့မင်းသားဖြစ်ခဲ့စဉ်က ယခု ဒီပဲယင်းမြို့နယ်၊ မရကန်ရွာတွင်ရှိသော လှုပျိုတော်နတ်ကြီးက အစ်ကိုဖြစ်ခဲ့ပါသည်။ ထိုစဉ်က ဒွတ္တပေါင်မင်းကြီး၏ တောင်ညာစံဒေဝီ မိဖုရားကြီးသည် ယခုဘဝ ကျွန်တော်၏ မိခင်ရင်း ဆရာမကြီးဒေါ်ငွေသယ် ဖြစ်ပါသည်။ ယခု ကေလာသနတ်ဘီလူးမမယ်တော်ကြီးကား ထိုစဉ်က ကျွန်ုပ်၏ အဘွား စန္ဒာဒေဝီမိဖုရားကြီးဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

> ကျွန်တော်၏ အတိတ်ဘဝ ဇာတ်ကြောင်းများကိုလည်း နောင်တော်နတ်မင်းကြီး ပူးပြောသဖြင့်လည်း စုံစုံလင်လင် သိရှိရခြင်း ဖြစ်ပါသည်။ ၎င်းအပြင် ယခု ပစ္စုပ္ပန်ကာလတွင် လည်း လက်တွေ့စောင့် ရှောက် မစမှုများ ခံယူရရှိ လျက် ရှိနေသည်များကို တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

စုတေစိတ်ကျပြီးနောက် နတ်ဘီလူးမ ပြန်ဖြစ်ပါသည်။ ယခု နန်းခင်ညွန့် ဝင်စားသော ဂျူဂျူးသည် ထိုစဉ်က အနောက်နန်းမတော် မိဖုရား၏သမီး ငယ် အိမ်ရှေ့မင်း၏ အငယ်ဆုံးမိဖုရား ဖြစ်ခဲ့ပြီး ယခု ၎င်း၏အစ်မသည် ထို စဉ်က အစ်မပင် ဖြစ်ခဲ့ပါသည်။ ၎င်းတို့ ၏ မိခင်သည် ထိုစဉ်က အနောက် နန်းမိဖုရား ဖြစ်ခဲ့ပေသည်။ သထုံပြည့် ရှင် မနူဟာမင်း၏ သားတော် အိမ်ရှေ့ မင်းဖြစ်စဉ် အငယ်ဆုံးမိဖုရားသည် လည်း နန်းခင်ညွန့်ဆွေဝင်စားသော ဂျူဂျူးဖြစ်ပြီး၊ ယခု ၎င်း၏အစ်မနှင့် လက်ရှိ နောက်အိမ်ထောင်ဆရာမကြီး သည်လည်း ထိုစဉ်က အိမ်ရှေ့မင်း၏ မိဖုရားများ ဖြစ်ခဲ့ကြပါသည်။ ထိုစဉ်က ကျွန်ုပ်၏မိခင် မနူဟာမင်းကြီး၏ တောင်ညာစံဒေဝီ မိဖုရားကြီးကား ယခု ဘဝ မန္တလေးမြို့ ဘားမားလိုက် ဆပ်ပြာ ကုမ္ပဏီပိုင်ရှင် ဒေါ်မြခင်ပင် ဖြစ်ပါ သည်။ ကျွန်ုပ်အား နို့ချိုတိုက်ကျွေးပြု စုပေးခဲ့သော နတ်ဘီလူးမကြီးသည် လည်း ယခု ကေလာသမယ်တော်ကြီး ပင် ဖြစ်ပါသည်။ ထိုစဉ်ကလည်း လူ ပျိုတော်နတ်(နောင်တော်ကြီး)အား နတ်ကွန်းဆောက်၍ ကိုးကွယ်ခဲ့ပါ သည်။ သထုံပြည်ကြီးအား ပုဂံပြည့် ရှင် အနော်ရထာမင်းကြီး၏ စစ်သည် များ လာရောက်တိုက်ခိုက်စဉ် အရေး နိမ့်ပြီး အငယ်ဆုံးမိဖုရားလေးနှင့် ထွက် ပြေးစဉ်ကလည်း နောင်တော်လူပျို တော်နတ်ကြီး၏ ကူညီမှုဖြင့် လွတ် မြောက်ခဲ့ရပါသည်။

ကိုယ်ရောင်ဖျောက်ပြီး တော လက်ကျေးရွာတွင် သူဆင်းရဲအသွင် ဖြင့် နေထိုင်ခဲ့ကြရပြီးနောက် ဘယ်န ဘဝဖြစ်ခဲ့သည်ကိုတော့ မသိတော့ပါ။ ယခု လူဝင်စားဖြစ်လာမှ နောင်တော် နတ်မင်းကြီး ပူးပြောသောအခါမှ ဘဝ ဖြစ်စဉ်ဇာတ်ကြောင်းများ သိရှိရသဖြင့် လည်းကောင်း၊ ကေလာသမယ်တော် ကြီး ပူးပြော၍လည်းကောင်း သိရှိရ သည်များကို မှတ်မိသလောက် တင်ပြ လိုက်ရခြင်း ဖြစ်ပါသည်။

## နိဂုံးချုပ်

အိပ်ရာဝင် ပုံပြင်ဆိုသည်မှာ ကျွန်တော်များ ငယ်စဉ်ကလေးဘဝက မိခင်၊ ဖခင်ကြီးများ ပြောပြ၍ သိရှိ ကြားနာခဲ့ရဖူးပါသည်။ ကျွန်တော်ငယ် စဉ်ကတော့ ကျွန်တော်၏အဘွား (အမေကြီး)က ရှေးဟောင်းရာဇဝင် သမိုင်းကြောင်းများ ပြောပြသည်ကို မှတ်သားခဲ့ရပါသည်။ ပုံပြင်များကဲ့သို့ ပြောပြပါသည်။ အထူးစိတ်ဝင်စားဖွယ် ဇာတ်လမ်းများဖြစ်၍လည်း ယနေ့ထက် တိုင် မှတ်မိနေပါသည်။ ကျွန်တော်၏ အတိတ်ဘဝ ဇာတ်ကြောင်းများကို လည်း နောင်တော်နတ်မင်းကြီး ပူး ပြောသဖြင့်လည်း စုံစုံလင်လင် သိရှိရ ခြင်း ဖြစ်ပါသည်။ ၎င်းအပြင် ယခု ပစ္စုပ္ပန်ကာလတွင်လည်း လက်တွေ့ စောင့်ရှောက် မစမှုများ ခံယူရရှိလျက် ရှိနေသည်များကို တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ခေါင်းစီးစာ တန်းကို ရွေးချယ်စဉ်ကပင်လျှင် "မယုံ လျှင် ပုံပြင်သာမှတ်လိုက်ပါ" ဟု တင် ပြလိုက်ခြင်း ဖြစ်ပါသည်။ အင်္ဂလိပ်လို ဆိုရင်တော့ "Believe or Not" ဖြစ် မည်ထင်ပါသည်။ မည်သို့ပင်ဆိုစေကာ မူ ကျွန်တော်၏ ဘဝဇာတ်လမ်း (၀) ဘဝဇာတ်ကြောင်းအား တင်ပြလိုက်ရ ခြင်းဖြစ်သဖြင့် ထိုက်သင့်သော ဗဟု သုတများ ရရှိနိုင်ပါစေဟု ဆန္ဒပြုလိုက် ရခြင်း ဖြစ်ပေသတည်း။

အဝေရာ ဟောန္တု···

**ဒေါက်တာသက်ဆွေ(M.D.)**
**(ရှေ့ဆောင်တင်ဆွေ)**
**(မင်္ဂလဓမ္မဓာတိကဓေ)**

www.burmeseclassic.com



# ဂါထာပေး တေးမဖြစ်ဖို့

**မောင်ပုတ်စည်**

အက္ခရာမေ႐ွ ဗုဒ္ဓရုပ်(စာတစ်လုံး ဘုရားတစ်ဆူ)၊ ဂါထာပေးတေးဖြစ် ဆိုတဲ့ စကားရှိပါတယ်။ လူတိုင်းကြားဖူးမှာပါ။ ဘုရားရှင်ရဲ့တရားတော်၊ ဂါထာတော်များကို ရွတ်ဖတ်ရာမှာ အသံထွက်မှန်ကန်ပီသဖို့ အရေးကြီးပါတယ်။ ဒါဟာ အသက်ပါပဲ။

ဂါထာဆန်းဂိုဏ်း၊ ကရိုဏ်းဌာန်စစ်၊ ဖွင့်လှစ်ဋီကာ၊ အဋ္ဌကထာပါဋ္ဌိ၊ အောက်–ထက်ညှိ၍ လို့ ရှေးဆရာများ အတိအကျ ဆိုမိန့်ထားပါတယ်။

ဘုရားနှုတ်ပေတ်တော်၊ ဂါထာတော်၊ ပရိတ်တော် အစရှိသည်တို့ကို ရွတ်ဖတ်ရာမှာ အနက်အဓိပ္ပာယ်သိရှိဖို့ အသံထွက်ပုတ်ပါဌ် အဖြတ်အတောက်မှန်ကန်ဖို့ အရေးကြီးပါတယ်။

ဒီလိုမှ မဟုတ်လို့ အရွတ်အဖတ်လွဲရင် အနက်အဓိပ္ပာယ်လွဲမယ်။ အနက်လွဲရင် အပါယ်လားနိုင်ပါတယ်။ ဒီချွတ်ယွင်းချက်ကလေးတွေကို ပြပြင်သတိ ပြုနိုင်ရန် အမြွက်မျှ တင်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ဥပမာ ... အဆိုတော်ကြီး ဒေါ်[redacted]ဆိုတဲ့ သမ္မုန္ဓေသီချင်း။ သမ္မုန္ဓေ အင္ဂဝီသင်းစ၊ ဒွါဒသင်းစဆိုပြီး ရှေ့စီးသံတွေနဲ့ လုံးဝအမှားကြီး သီဆိုထားတယ်။ တော်တော်လည်း သွက်သွက်ခါအောင် တွင်ကျယ်နေပါပြီ။

အမှန်က ပါဠိမှာ ရှေ့စီးသံ မရှိပါဘူး။ ဒါကြောင့် အထဝီသင်းစ မဟုတ်ပါဘူး။ အတ်ထဝီသင်စလို့ဆိုမှ မှန်ပါတယ်။ တစ်ဆက်တည်းမှာပဲ သဟတ်သကေလို့ ဆိုရမှာကို သဟသကေဆိုပြီး မှားဆိုထားပြန်ပါတယ်။

အပွကာ ဝါဠူကာ ဂင်းဂါ ဆိုတာလည်း မှားတာပဲ။ ဂင်ဂါလို့ ရှေ့စီးသံမပါဘဲ ဆိုရမှာပါ။ ဒီအမှားမျိုးတွေ အများကြီးပါ။ နမူနာလောက်ပဲ ထုတ်ပြတာပါ။ ပြောရရင်တော့ အကုန်လုံး ရစရာမရှိအောင် အမှားတွေ ဗရပွပါပဲ။

အမှားတွေကြာရင် အမှန်ဖြစ်တတ်ပါတယ်။ ဒါကြောင့်လည်း ပိဋကတ်တွေဟာ နှစ်ကြာလာတဲ့အခါ ယွင်းတတ်တိမ်းတတ်လို့ အစဉ်အဆက်က ပြန်လည်စီစစ်ဖို့ ရဟန်းတော်များဟာ သင်္ဂါယနာတင်ကြရတာ ယခုဆို ဆဋ္ဌသင်္ဃာယနာအထိ စီစစ်ပြီးဖြစ်ခဲ့ပါပြီ။ ပိုဆိုးတာက အခုဆိုရင် တရားပေစာ၊ ဘုရားရှိခိုးတွေကို သူ့ထက်ငါ အပြိုင်အဆိုင် လုယက်ပြီး သီချင်းတွေလုပ်ဆိုနေကြတာပါပဲ။

အမျိုးသာသနာ အရှည်တည်တံ့ မှန်ကန်ဖို့ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ မွေးရာပါတာဝန်လို့ သဘောရပါတယ်။ ဒါကြောင့် ကိုယ့်အမျိုး ကိုယ့်ဘာသာ တိကျမှန်ကန်ခိုင်မြဲတည်တံ့ဖို့ အရေးကြီးပါပြီ။ ဂါထာဆိုတာ တေးမဟုတ်ဘူး။

ယနေ့ဆိုရင် ဓမ္မစကူး(လ်)တွေ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းတွေနဲ့ ကလေးသူငယ်တွေကို ဘာသာရေး အသိပညာ သင်တန်းဖွင့်ပြီး တစ်နိုင်ငံလုံး သင်ကြားပေးနေတာ အားရစရာပါပဲ။

ဝါတွင်းကာလ ဓမ္မာရုံတွေ ဝတ်ရွတ်အဖွဲ့တွေကလည်း ပဋ္ဌာန်းကို ပရိတ်ကြီးတို့၊ ဓမ္မစကြာတို့ ရွတ်ဖတ်ပွားများတာ ကြည်နူးစရာပါပဲ။ ဒါပေမယ့် စိတ်မကောင်းစရာကောင်းတာက ရွတ်ဖတ်မှု တိမ်းစောင်းလွဲမှားနေကြတာတွေပါပဲ။

ဒါကို ပြုပြင်မပေးဘဲ ဒီတိုင်းလွှတ်ပေးထားမယ်ဆိုရင် ကြာလေမှားလေ လွဲလေနဲ့ ပိုဆိုးကုန်လိမ့်မယ်။ ကလေးသူငယ်၊ လူငယ်လူရွယ်၊ မိန်းကလေးငယ်တွေဟာ ဒီနေ့ဆိုရင် ဘာသာရေးနဲ့ ယဉ်ပါးနေကြပြီ။ ရိပ်သာဝင်တယ်၊ ဥပုသ်သီလ ဆောက်တည်တယ်။ ဘုရားကျောင်းကန် သွားကြတယ်။ ရဟန်းသံဃာ ကြည်ညိုတယ်။ ဆွမ်းလောင်းတယ်။ ရတနာသုံးပါး ဆည်းကပ်မှုကို စိတ်ဝင်စားထက်သန်နေကြပြီ။ ယဉ်ကျေးနေကြပြီ။ ပရိတ်တော်တွေ၊ ဓမ္မစကြာတွေကို အားတက်သရော စိတ်ပါဝင်စားကြပါလျက် လူကြီးတွေက မတည့်မတ်၊ မညွှန်ကြားပေးတဲ့အတွက် အတိမ်းအစောင်းတွေ ဖြစ်နေရင် သိပ်နမြောစရာ နာစရာကောင်းလှပါတယ်။ လုပ်သလောက် အကျိုးအပြည့်အဝမရရင် ဘယ်ကောင်းမလဲ။

ဒါကြောင့် ဓမ္မာရုံမှာ ဓမ္မစကြာအဖွဲ့တွေ၊ ဝတ်ရွတ်အဖွဲ့တွေကို တတ်ကျွမ်းတဲ့ လူကြီးများက အရွတ်အဖတ်မှန်ကန်အောင် ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုနိုင်အောင်၊ တိတိကျကျဖြစ်အောင် လက်ပိုက်ကြည့်မနေကြဘဲ ဝိုင်းဝန်းသင်ကြားပေးဖို့ အချိန်ရောက်နေပါပြီ။

ဝတ်အသင်းသူအသင်းသားများကလည်း ပေ့ါပေ့ါဆဆမနေဘဲ တတ်ကျွမ်းသူများထံမှာ လေ့လာဖို့ အရေးကြီးလှပါတယ်။

ယနေ့ဆိုရင် အသံထွက်အတိအကျ ရွတ်ပုံရွတ်နည်း အသံထွက်ပါ စီစဉ်ပေးထားတဲ့ စာအုပ်တွေလည်း အဆင်သင့်အလွယ်တကူ ဝယ်ယူရရှိနိုင်ပါတယ်။

ဒီလိုမှ မဟုတ်ရင်တော့ အနိမ့်ဆုံးအဆင့် ဗြဟ္မာကို ဗြန်မာလို့ ဖတ်ရမယ့်အစား ဗြမာလို့ဖတ်တာမျိုး၊ ဓမ္မံကို ဓမ်မံဖတ်ရမယ့်အစား ဓမာဖတ်တာမျိုး။ သမ္မာသမ္ဗုဒ္ဓသကို သန်မာ ဖတ်ရမယ့်အစား သန်မန်ဖတ်တာမျိုးတွေနဲ့ ငါးပါးမှောက်နေကြပြီး လွဲမဆုံး မှားမဆုံးဖြစ်နေကြမှာပဲ။ အမှန်ဖြစ်အောင် ထိန်းပေးဖို့ အချိန်တန်ပါပြီ။

ဒါကြောင့် ဂါထာပေး တေးမဖြစ်ဖို့ အချိန်မီ ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

● မောင်ပုတီးစညီ ●



www.burmeseclassic.com

www.burmeseclassic.com


# ဆရာမကြီး ဒေါ်ခင်မာဝေ

## (ဆန်းပညာနှင့် ဂေဟပီရှေ့ဆောင်နက္ခတ်ပညာရှင်)

## လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

လောကီကိစ္စအဖြာဖြာနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ လာရောက်နိုင်ပါတယ်။ ဗေဒင်မေးတယ်ဆိုတာထက် အခက်အခဲတွေကို တိုင်ပင်ဆွေးနွေးနိုင်တဲ့ လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လို့ဆိုရင် ပိုမှန်ပါတယ်။ ဘာသာရေးနဲ့မဆိုင်တဲ့ လောကီကိစ္စတွေမှာ လူမျိုးမရွေး၊ ဘာသာမရွေး လူမှန်သမျှ ကြုံရတာပါပဲ။ ဘယ်လိုဖြေရှင်းရင် အဆင်ပြေနိုင်မလဲဆိုတာ ဆရာမနဲ့ တိုင်ပင်ကြည့်ရင် ပိုကောင်းပါတယ်။ ယတြာချေတယ်ဆိုတာထက် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို အကြံပေးခြင်းလို့ပြောရင် ပိုမှန်ပါတယ်။

လူ့လောကမှာ လူတိုင်းမကင်းနိုင်တဲ့ ပြဿနာတွေရှိပါတယ်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေဟာ လူ့လောကရဲ့ နေ့စဉ်ကြုံရတဲ့ အဖြစ်အပျက်တွေပါပဲ။ ခလုတ်ထိမှ အမိတနေမယ့်အစား ဘာမှမဖြစ်ခင်မှာ ကံတွေကို ကြိုတင်စစ်ပြီး၊ ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားတာ အကောင်းဆုံးပါပဲ။

ဆရာဟာ အမြဲတမ်း ကိုယ့်အနားမှာ မရှိနိုင်ပါဘူး။ ကိုယ့်အနားမှာ ကိုယ်သာအမြဲရှိတာပါ။ ဒါကြောင့် ဆရာကိုအားကိုးမယ့်အစား ကိုယ်တိုင်ပညာတတ်ထားရင် ပိုကောင်းတာပေါ့။ လူတိုင်းသိထားရင် ရှောင်စရာကို ရှောင်နိုင်မယ်။ ဆောင်စရာကို ဆောင်နိုင်မယ်။ ဒါဆို လောကမှာနေရတာ အဆင်ပြေလာမှာ အသေအချာပါပဲ။ ပညာသင်ဖို့ စိတ်ဝင်စားရင် လာခဲ့ပါ။ လိုဝတတ်မြောက်သည့်တိုင် သင်ကြားပေးနိုင်ပါတယ်။

**အခန်း(၄)၊ အမှတ်(၄၉/၅၀)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၇၃၁၂၇၈၂၆**



www.burmeseclassic.com

www.burmeseclassic.com

# ငြှာပိုးကြွယ်

## ဘဝဂ်လျှံသောမိတ်တိများ

( ဗုဒ္ဓဝင်ရသကြေးမုံ )



www.burmeseclassic.com

www.burmeseclassic.com



ဇေတဝန်ကျောင်းတော်ကြီးအတွင်းမှာတော့ အဓိကကျောင်းကြီးလေးဆောင်အနက် "သလဋ္ဌဂါရ" အမည်ရှိ ကျောင်းကြီးတစ်ဆောင်လည်း အပါအဝင် ဖြစ်ခဲ့သည်။ ထိုကျောင်းဆောင်ကြီး၏ ဒါယကာမှာ ဘုရားရှင်၏ သာဝကအဖြစ် ခံယူတော်မူခဲ့ပြီးသော သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးပင်။

ကျောင်းဒါယကာ ဖြစ်လာပြီဆိုတော့ မင်းကြီးအဖို့ ဘုရားရှင်နှင့် ထိစပ်မှုတွေ များလာခဲ့သည်။ ကျောင်းတော်ရှိရာ ရောက်လာခဲ့လေတိုင်း ဘုရားရှင်နှင့် တရားမမှုဆိုင်ရာ ကြောင်းခြင်းများစွာအား လျှောက်ထားဆွေးနွေးရသည်ကပင် မင်းကြီးအတွက် တန်ဖိုးမဖြတ်နိုင်ကောင်းသော အမြိုက်အရသာ ဖြစ်ချိမ့်မည်။ သို့ပါသော်ငြား မင်းကြီး၏ ကာယအနေအားဖြင့် အဆင်မပြေမှုတွေ ရှိနေရသည်။

မရှိဘဲကော နေနိုင်မှာတဲ့လား။

မင်းကြီး၏ ကိုယ်ကာယဖွံ့စည်းပုံအနေအထားက တုတ်ခိုင်ကြီးမား ဝဖြိုးလှပါဘိသည်။ သည်လိုမျိုး အနေအထားရှိသည်နှင့်အမျှ လှုပ်ရှားမှုဆို၍ စိုးစဉ်းငယ်မျှမရှိ။ ငြိမ်သက်စွာနေထိုင်ရင်း အလုပ်ပေးနေမိသည်ကတော့ လက်နှင့် ပါးစပ်ပဲဖြစ်တော့၏။ ပွဲတော်တစ်ကြိမ်တည်ပြီဆိုလျှင် ဆန်တစ်စိတ်ချက်သည့် ဝမ်းလိုအပ်ချက်နှင့် ကွက်တိ။ ထမင်းနှင့် လိုက်ဖက်ရသည့် ဟင်းတွေဆိုသည်မှာလည်း အဆီအဆိမ့်၊ အကြော်အလှော်၊ အကင်အစရှိသဖြင့် သားငါးတွေ စုံလင်လှသလို စီမံချက်ပြုတ်ထားသည်မှာလည်း တစ်နေ့ထက်တစ်နေ့ ရိုးအီသွားရလေသည်မရှိ။ သည်လိုမျိုး အစားကြီးသည်မို့လည်း ခန္ဓာကိုယ် ဝဖြိုးလာသည်ဆိုခြင်းမှာ အဆန်းတကြယ်ဟု ဆိုနိုင်ဖွယ်ရာ မရှိတော့။

ဝသည်မှာ ကြည့်ကောင်းရှုကောင်း ရုံမဟုတ်။ အတိုင်းထက်ကို လွန်သည်။

ဝမ်းဗိုက်ဆိုလျှင် မြင်မကောင်းလောက်အောင် ရွတွက်၊ ပွတ်တွက်နေသည်။ ခဏခဏ ရွတွက်၊ ပွတွက်လွန်းသည်မို့ အဝတ်အစား အတိုင်းအထွာတွေ ခဏခဏ ပြောင်းနေရသည်။ ထိုင်၍ ရေချိုးပြီဆိုလျှင်လည်း ဗိုက်ကြီး၏ ပတ်ပတ်လည်၌ အတွန့်အခေါက်တွေက အထပ်ထပ်။ လောင်းချလိုက်သောရေတို့သည် အတွန့်အခေါက်ဗိုက်သားများကကားဝယ်ဝပ်သည်ကဝပ်၊ တင်သည်ကတင်နှင့်။

မင်းကြီးကား ကိုယ့်အနေအထားကို ကိုယ်သိဟန်တူသည်။

အစားကြေညက်ပြီးချိန်လောက်မှာမှသာ ဘုရားရှင်ထံသွားရောက်၏။ သို့မဟုတ်ပါက ထမင်းဆိပ်တက်၍ တသမ်းသမ်းတဝေဝေဖြစ်ကာ ငိုက်မျဉ်းသွားလိမ့်မည်မှာ သေချာသည်။ သို့ရာတွင် မနေ့ကတော့ သူသည် သူသိလိုသော အကြောင်းရပ်ကလေးတစ်ခု၏ စေ့ဆော်မှုဖြင့် ညနေစာ ပွဲတော်တည်ပြီးစဆိုသည်ကို မေ့လျော့လျက် ကျောင်းတော်ရှိရာသို့ ကိုယ်ရုံတော်လှလင် သုဒဿနအား ခေါ်ငင်ကာ ရောက်ရှိသွားခဲ့သည်။

ရှေ့တော်မှောက်သို့ ရောက်ပြီ။

ညဉ့်၌ သူ့အတွက် ကာလဒုက္ခကို

www.burmeseclassic.com

www.burmeseclassic.com

စတင်ခံစားရလေပြီ။ ဘုရားရှင်ရှေ့တော်မှောက် ရှိသေသမှုဖြင့် ဒူးချထိုင်လိုက်ရာတွင် ဗိုက်နှင့်ပေါင်သည် ထိကပ်သွားပြီး နေထိုင်ရ ကျဉ်းကျပ်သွားလေတော့သည်။ ဘုရားရှင်ကို ဝတ်ပြည့်ပြီးချိန်မှာပင် မျက်တောင်တွေက မှေးစင်းလာသည်။ ထမင်းဆိပ်တွေ တက်လာခဲ့ပြီထင့်။ ပါးကြောကြီးများတင်းလျက် ရုတ်ခြည်းဆိုသလို ပါးခနဲ သမ်းဝေမိတော့သည်။ ညနေစာပွဲတော်ကို တည်ကောင်းကောင်းနှင့် တည်မိကာ လှုပ်လှုပ်ရှားရှားလည်း မရှိလေသည်မို့ ဝမ်းဗိုက်တစ်ခုလုံး ပြည့်အင့်နေလေ၏။ သည်လိုမျိုး စိတ်မသက်သာဖွယ်ရာ မင်းကြီး၏ ဖြစ်ပျက်နေပုံအစုံစုံကို မြင်ရပြန်တော့လည်း ဘုရားရှင်အဖို့ ကျောင်းဒါယကာအတွက် ဥပေက္ခာမပြုနိုင်ရှာ။

"မင်းကြီး . . . သင့်ကိုတွေ့မြင်ရတာ စိတ်မသက်မသာဖြစ်လိုက်တာ"

"တင်ပါ့ဘုရား။ အစားအသောက်လွန်ကြူးမှုကြောင့်လို့ ထင်မှတ်ပါတယ်ဘုရား"

"မှန်လေစွ မင်းကြီး။ သည့်အတွက် သင်မှတ်သားနာယူလွယ်လောက်မယ့် တရားတစ်ပုဒ်ကို ဆောင်ပုဒ်အဖြစ် ထုတ်နုတ်ပေးလိုက်ပါ့မယ်။ ရှည်ရှည်ဝေးဝေးလည်းမဟုတ်ပါဘူး။ အစားအသောက်စားသောက်လို့ ကုန်ခါနီးကျရင် ငါပေးမယ့် ဆောင်ပုဒ်ကို သတိပြေးရလိုက်ပါ။ သင့်အတွက် အထူးကို ကျေးဇူးပြုပါလိမ့်မယ်"

"ချီးမြှင့်ပေးတော်မူပါဘုရား"

ထိုသို့ ပြန်လည်လျှောက်ထားရင်းမှ မလှမ်းမကမ်းတွင်ရှိနေသော ကိုယ်ရံတော်လုလင် သုဒဿနကို တိမ်းငဲ့ကြည့်လိုက်သည်။ သူ့အဖို့ ဘုရားရှင် ချီးမြှင့်မည့် ဆောင်ပုဒ်ဂါထာကို အလွတ်ကျက်နိုင်စွမ်းရှိမည်မထင်ပါ။ ထို့ကြောင့် အလွတ်ကျက်လာ၊ မှတ်သားလာခဲ့ဖို့အရေး မျက်နှာရိပ် မျက်နှာကဲဖြင့် သုဒဿနအား တာဝန်ပေးလိုက်ခြင်းလည်း ဖြစ်သည်။

"သေချာစွာနာယူပါ မင်းကြီး။

အစားစားရာ သတိပါ၊ တိုင်းတာသိတတ်စေ၊ ကျန်းမာချမ်းသာ၊ သက်ရှည်ကြာ၊ အိုခါ နှောက်ကျပေ . . . တဲ့"

"တင်ပါ့ဘုရား"

ထိုနေ့ညနေစောင်းက ဘုရားရှင်ထံမှ ရရှိလာခဲ့သော ပြုပြင်ရေးတရားတစ်ပုဒ်နှင့်ပင် ကျေနပ်အားရစွာ ပြန်လာခဲ့ပါသတည်း။

နောက်တစ်နေ့၏ ညနေခင်း။

မင်းကြီးအတွက် ညနေစာ ပွဲတော်တည်ချိန်သို့ ရောက်လာခဲ့ပါပြီ။

ပွဲတော်တည်မည့် ကိစ္စအတွက် တာဝန်ပေးအပ်ခြင်းခံရသူမှာ သုဒဿနလုလင်ပဲ ဖြစ်လေသည်။ သူသည် ဘုရားရှင် ပြုပြင်ရေးတရားကို အလွတ်ကျက်မှတ်လျက် အစားမက်လှသော မင်းကြီးအား သတိပေးရန် ဖြစ်လေသည်။

မင်းကြီးပွဲတော်တည်ပါပြီ။

ထုံးစံအတိုင်းပင် ဆန်တစ်စိတ်ချက်နှင့် ဟင်းမျိုးသားမဲတွေက ဖွယ်ဖွယ်ရာရာ၊ မွှေးမွှေးကြိုင်ကြိုင်၊ ပုံပုံညင်းသင်း။

မင်းကြီးသည် အစာအာဟာရ၏ ရသတဏှာကြောတွင် မျောနစ်လျက် တစ်ပန်းကန်ပြီးတစ်ပန်းကန် လက်စမသတ်နိုင်သေး။ သုဒဿနအဖို့ အပါးတွင် စောင့်ကြပ်ရပ်တန့်လျက် ဘာမျှတော့ မဖွင့်ဟသေး။ စားပါစေ၊ သောက်ပါစေဟု ပေလျက် ပြုထားလိုက်သည်။ သို့ဖြင့် စားနေကျအတိုင်း စား၍ ကုန်ခါနီးလေသောအခါ ဘုရားရှင် ညွှန်ကြားခဲ့သည့်အတိုင်း . . .

"အစားစားရာ သတိပါ၊ တိုင်းတာသိတတ်စေ . . .။

ကျန်းမာချမ်းသာ၊ သက်ရှည်ကြာ၊ အိုခါနှောက်ကျပေ"

ဟူ၍ ရွတ်ဆိုလိုက်လေသည့်သမယ မင်းကြီး၏ ထပ်မံသွင်းတော့မည့် ပွဲတော်စာတစ်လုတ်သည် ရပ်တန့်သွားလေတော့၏။

"ကိုင်း . . . ကိုင်း . . . ပွဲတော်ကို သိမ်းလိုက်ကြပေရော့ ကွယ်တို့"

တင်းတိမ်ရောင့်ရဲခြင်းကို လက်ကိုင်ပြုလျက် ဘုရားရှင်၏ အဆုံးအမကို နာယူခဲ့လေသော မင်းကြီး၏ ပွဲဦးထွက် အောင်ပွဲပါတည်း။

နောက်တစ်နေ့ရောက်တော့လည်း ထိုနည်းနှင်နှင်။

လုလင်သုဒဿနသည်ပင်လျှင် ပွဲတော်ကို အနီးကပ်ကြီးကြပ်ရချေ၏။ မင်းကြီးပွဲတော်တည်လျှင်တည်ချင်း သတိပေးလမ်းညွှန်ကို မရွတ်သေး။ တစ်မြန်နေ့ညနေက ပွဲတော်တည်ခဲ့သည့် နောက်ဆုံးပန်းကန်ရောက်ခါနီး၌ . . .

"အစားစားရာ သတိပါ၊ တိုင်းတာသိတတ်စေ . . .။

ကျန်းမာချမ်းသာ၊ သက်ရှည်ကြာ၊ အိုခါနှောက်ကျပေ"

ဟူ၍ ရွတ်လိုက်သည်။ မင်းကြီးလည်း အသိတရား၊ သတိတရားဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။ သို့ဖြင့် ပွဲတော်တွေ တစ်နပ်ပြီးတစ်နပ်၊ ရက်တွေ တစ်ရက်ပြီးတစ်ရက် ကြာမြင့်လာသောအခါဝယ် ဆန်တစ်စိတ်ချက်မှသာ အာသာပြေနိုင်ခဲ့သော မင်းကြီးသည် ဆန်တစ်ပြည်ချက်မျှနှင့်ပင် တင်းတိမ်ရောင့်ရဲလာနိုင်ခဲ့သည်။

သည်လိုနှင့်ပင် အစာအာဟာရကို လို

www.burmeseclassic.com

www.burmeseclassic.com

အပ်သလောက် အတိုင်းအတာအထိ လျှော့ချလိုက်သောအခါဝယ် မင်းကြီး၏ စုထွက်၊ ပုထွက်၊ ရှုံ့ကျ၊ တွဲကျနေသော ဗိုက်ဝမ်းရေ ပတ်လည်အိုးကြီးသည် လျော့ကျလာကာ ကြည့်ပျော်ရှုပျော်အနေအထားသို့ ရောက်ရှိလာခဲ့တော့သည်။ သွားရ၊ လာရ၊ လှုပ်ရှားရသည်မှာလည်း ခါတိုင်းလို လေးလေးပင်ပင် ဖင့်ဖင့်နွဲ့နွဲ့ မဟုတ်တော့။ ဘုရားရှင်၏ ရှေ့တော်မှောက်သို့ ရောက်သည့်အခါ၌လည်း ခါတိုင်းလို စိတ်ကျဉ်းကျပ်ဖွယ် မဟုတ်တော့ဘဲ သက်သောင့်သက်သာ ဝတ်ဖြည့်လာနိုင်၏။ ထိုင်၍ တရားနာလာနိုင်၏။ သမ်းဝေခြင်း၊ ငိုက်မျဉ်းခြင်းမရှိဘဲ အချိန်အတန်ကြာမျှ သူသိလိုသော တရားဓမ္မများကို မေးမြန်းဆွေးနွေးလာနိုင်၏။

ထိုမျှသာမက ခန္ဓာကိုယ်၌ မလိုအပ်သော အဆီပြင်များ၊ အသားပိုများ ကွယ်ပျောက်သွားလေပြီမို့ ပုန်ကန်ထကြွသူများကို သူကိုယ်တိုင်ပင် ဦးစီးဦးဆောင်ပြုကာ နှိမ်နင်းတိုက်ခိုက်လာနိုင်ခဲ့၏။

တစ်နေ့သားမှာတော့ မင်းကြီးသည် ပုန်ကန်ထကြွသော သူပုန်အဖွဲ့တစ်ဖွဲ့အား အောင်မြင်စွာ နှိမ်နင်းတိုက်ခိုက်ခဲ့ပြီး စစ်မြေပြင်မှ ပြန်လာခိုက်···

"သုဒဿနရေ··ငါအခုလို ပြောင်းလဲလာခဲ့တာ၊ အောင်ပွဲတွေ အလီလီရလာတာ ဘာကြောင့်လဲ"

"မှန်လှပါ··ဘုရားရှင်ရဲ့ ပြုပြင်ရေးတရားလမ်းညွှန်ကြောင့်ပါ မင်းကြီး"

"ဟေ···ဟုတ်လိုက်လေကွယ်၊ ဟုတ်လိုက်လေ။ ဘုရားရှင်ရဲ့ ကျေးဇူးဟာ ငါ့အတွက် အတိုင်းမသိ ကြီးမားလှပါပေတယ်။ ဒီတော့ နန်းတော်ကို တိုက်ရိုက်မပြန်သေးဘဲ ဇေတဝန်ကျောင်းတော်ကို အရင်ဝင်ကြရအောင်ကွယ်။ သည်အချိန်ဟာ ဘုရားရှင် ဆွမ်းစားပြီးချိန်လောက် ဖြစ်ရောပေါ့"

"သင့်မြတ်လှကြောင်းပါ မင်းကြီး"

သို့ဖြင့် မင်းကြီးလည်း ဇေတဝန်ကျောင်းတော်သို့ ဝင်လိုက်သည်။ ထိုအချိန်ဝယ် ဘုရားရှင်သည် ဆွမ်းစားပြီးခဲ့ပြီဖြစ်၍ ဂန္ဓကုဋီကျောင်းတံခါးများကို ပိတ်ကာ သက်သာသောအနေအထားဖြင့် လဲလျောင်းနေသည့်သမယ ဖြစ်လေသည်။ သည့်အတွက် မင်းကြီးအဖို့ ဘုရားရှင်ထံ ဝင်ရောက်တွေ့ဆုံဖူးမြော်ရန် အခက်တွေ့နေခဲ့ရသည်။ ထိုစဉ်မှာပင် ဘုရားရှင်၏ အလုပ်အကျွေးဖြစ်တော်မူသော ရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးနှင့် တွေ့လိုက်ရလေကား ဝမ်းမြောက်ဝမ်းသာဖြစ်သွားရလေသည်။

"သည်လိုလုပ်ကြည့်ပါ မင်းကြီး။ ဘုရားရှင်ရှိတဲ့ ဂန္ဓကုဋီရဲ့ ဆင်ဝင်ကို ခြေဖော့နင်းပြီး လျှောက်ပါ။ တံခါးနားရောက်တဲ့အခါ အသာအယာခေါက်လိုက်ပါ"

"တင်ပါ့···ဘုရား"

ရှင်အာနန္ဒာကိုယ်တော်မြတ်ကြီး ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်တော့ တံခါးပွင့်သွားခဲ့ပေပြီ။ မင်းကြီးသည် ဘုရားရှင်၏ ခြေတော်အစုံ ကြာပဒုံအား ဦးခေါင်းဖြင့် တိုးဝှေ့ပွတ်သပ်နေမိတော့၏။ ဦးခေါင်းဖြင့် ပွတ်သပ်ပြီးပြန်တော့ လက်အစုံဖြင့် ပွတ်သပ်လိုက်ပြန်၏။ သည့်နောက် ဘုရားရှင်၏ ခြေချောင်းတော်များအား ကြည်ညိုလေးမြတ်စွာ နမ်းရှုပ်လိုက်ပြန်ပါသေးသည်။

"ဒါယကာမင်းကြီး···ဘယ်လိုမျိုး ကျေးဇူးတရားတွေကို တွေ့မြင်နေရလို့ ငါ့ရဲ့ခန္ဓာကိုယ်ကို ဤမျှလောက်အထိ ထူးထူးကဲကဲ ရိုသေလေးစားသမှု ချစ်ခင်မြတ်နိုးသမှုတွေ ပြုနေရပါသလဲ မင်းကြီး"

ဘုရားရှင်ထံမှ ပေါ်ထွက်လာသော အမေးစကား။

သည်အမေးစကားသည် ယခုအချိန်၌ မင်းကြီးအဖို့ အကြားလိုဆုံးသော စကားပါပေ။ သို့ဖြစ်၍လည်း သဒ္ဓါကြည်ညိုစိတ်များ စီးလည်းယိုဖိတ်ရင်းမှ အားရပါးရ လျှောက်ထားလိုက်ပါတော့၏။

"အရှင်ဘုရား···အရှင်ဘုရားဟာ သတ္တဝါဝေနေယျအပေါင်းရဲ့ အကျိုးစီးပွားတိုးတက်များပြားစေဖို့အတွက် ဆောင်ရွက်တော်မူပါတယ်။ သတ္တဝါဝေနေယျတွေရဲ့ ချမ်းသာသုခ ပြည့်ဝစေဖို့အတွက်ကိုလည်း ဆောင်ရွက်တော်မူပါတယ်။ ဒါ့အပြင် လူများစွာတို့ကို ကောင်းမှုကုသိုလ်နဲ့ မွေ့လျော်နိုင်ကြစေဖို့ ဟောကြားတော်မူခဲ့ပါတယ်။ သည်လိုမျိုး အကျိုးကျေးဇူးတွေကို တပည့်တော်ကိုယ်တိုင် တွေ့မြင်ခဲ့ရပါတယ်ဘုရား။ အထူးသဖြင့် အရှင်ဘုရားဟာ တပည့်တော်ကို 'ပြုပြင်ရေး'နဲ့ 'သိမြင်ရေး'ဆိုတဲ့ အကျိုးစီးပွားနှစ်ရပ်စလုံးနဲ့ ချီးမြှောက်တော်မူခဲ့တဲ့အတွက် ရိုသေလေးစားမဝ၊ ချစ်ခင်မြတ်နိုးမဝ ဖြစ်နေမိပါတော့တယ် ဘုရား"

"သာဓု···သာဓု···သာဓုပါ မင်းကြီး"

ဘုရားရှင်၏နှုတ်တော်မှ ကောင်းချီးပေးသံများ ပျံ့လွင့်လာသည့်သမယ ပေါ့ပါးသွက်လက်နေပြီဖြစ်သော ကောသလမင်းကြီးအဖို့ ကြည်နူးပီတိဖြစ်မှုများသည် ဘဝင်လှုံ့တက်ကုန်ကြလေတော့သတည်း။

နန္ဒာမိုးကြယ်

ကျမ်းကိုး

အင်္ဂုတ္တရ ဒသကနိပါတ် ဒုတိယ ကောသလသုတ်။

www.burmeseclassic.com

# အဘိုးဒါန မြေးစံရ

သမီးဇဂျီအောင်စိုး(ဒေါ်ဇမ္ဗူစာရီ)

အဘိုးဦးဘချစ်တင် ကွယ်လွန်သည်မှာ အနှစ် ၆၀ ရှိပါပြီ။ ယခု စာရေးသူအသက်သည် ၆၇ နှစ်ရှိပြီး၊ စာရေးသူအသက် ၇ နှစ်သမီးက အဘိုးကွယ်လွန်ခဲ့ပါသည်။ မကွယ်လွန်မီ အဘိုးနောက်ဆုံးလှူခဲ့သော အလှူသည် သီလရှင်ဆရာကြီး ဒေါ်ကေသာအား အမှတ်-၂၅(ဘီ)၊ (၁) လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းတွင် နှစ်ထပ်ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ အဘိုးသည် ဘုရားတည်၊ ကျောင်းဆောက်၊ ပစ္စည်းလေးပါးလှူဒါန်းခြင်း၊ မကြာခဏ သံဃာတော်များအား ဆွမ်းကပ်ခြင်း အလှူများကို ပြုလုပ်ခဲ့ပါသည်။ ဇနီးဖြစ်သူ အဘွားဒေါ်တင်အုံနှင့် ကြီးကြီး ဒေါ်တင်ရီတို့မှာ မရှေးမနှောင်းကွယ်လွန်သွားကြ၍ သားဖြစ်သူ ဖခင်ကြီး ဇဂျီဦးအောင်စိုး၊ မိခင်ဒေါ်နန နှင့် စာရေးသူတို့ ညီအစ်မသုံးယောက်နှင့် အတူတကွ နေထိုင်ခဲ့ပါသည်။

အဘိုးသည် ရှေးဘဝက အလှူဒါနကောင်းမှု ကုသိုလ် မြောက်မြားစွာ ပြုလုပ်ခဲ့သော အကျိုးများကြောင့် ယခုဘဝတွင် ပစ္စည်းဥစ္စာ ပြည့်စုံစွာဖြင့် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာများ မတောင့်မတဘဲ စံစားခဲ့ရပါသည်။ ရန်ကုန်မြို့ အမှတ်(၉၇)၊ လမ်းမတော်မြို့နယ်၊ သံဈေးနှင့် မျက်နှာချင်းဆိုင် နှစ်ထပ်တိုက်တွင် နေထိုင်ခဲ့ပါသည်။ ရွှေတိဂုံစေတီတော် စနေထောင့်၌ အရံစေတီတစ်ဆူကို လည်း လှူဒါန်းထားခဲ့ပါသည်။ ဆူးလေစေတီတော်တွင် ဖွဲ့စည်းထားသော အဘိဓမ္မာပြန့်ပွားရေးအသင်းတွင် ဘာသာရေး၊ သာသနာရေးကိစ္စများကို ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

အဘိုးမှာ သားသမီးနှစ်ယောက်သာ ထွန်းကားခဲ့ပါသည်။ ကြီးကြီးဒေါ်တင်ရီ ကွယ်လွန်သွား၍ စာရေးသူ၏ ဖခင် တစ်ဦးတည်းသာ တစ်ဦးတည်းသောသားအဖြစ် ကျန်ရစ်ခဲ့ပါသည်။ အဘိုးကဲ့သို့ အလှူအတန်းများကို မပြုလုပ်နိုင်ခဲ့ပါ။ ဘာသာရေး၊ သာသနာရေးများကိုလည်း စိတ်ပါဝင်စား လုပ်ဆောင်ခြင်းမရှိခဲ့ပါ။ သို့သော် အဖေက မွေးသော သမီးသုံးယောက်စလုံးမှာ ဘာသာရေးဝါသနာပါသူများ ဖြစ်ပါသည်။ တရားအားထုတ်ခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်းများအပြင် ဘုရားတည်၊ ကျောင်းဆောက်၊ ပြုပြင်ခြင်းများကိုပါ လုပ်ကိုင်ကြပါသည်။ စာရေးသူသည် အဘိုးကဲ့သို့ ဘုရားတည်လိုသော်လည်း စာရေးသူတို့ခေတ်တွင် ငွေကြေးတန်ဖိုး မြင့်မားသောကြောင့် ဘုရားမတည်နိုင်၍ စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါသည်။ သို့သော် ကံအားလျော်စွာ အသိတစ်ဦးက တယ်လီဖုန်းဖြင့် မော်ဘီတွင် ငါးဆူတောင်ကျေးရွာ၌ ကံ့ကော်တစ်ထောင်ကျောင်းတွင် အင်ကြင်းတစ်ထောင်ဘုရားများ တည်ထားကိုးကွယ်ရန် တစ်ဆူလျှင် တစ်သိန်းငါးသောင်းကျပ်ဖြင့် လှူဒါန်းပြီး ဘုရားတည်နိုင်ကြောင်း ပြောပါသည်။ စာရေးသူမှာ ချက်ချင်းသွားတည်မည်ဟု အဖြေပေးပြီး ဘုရားတည်ခြင်းအလှူဒါနကို ပြုလုပ်ခဲ့ပါသည်။

အဘိုးကဲ့သို့ သီလရှင်ဇရပ် ဆောက်လုပ်မလှူနိုင်သော်လည်း ဆရာလေးတစ်ပါး၏ကျောင်းမှာ ခေါင်းရင်း၌ မြင့်ပြီး ခြေရင်းသို့ နိမ့်ဆင်းပြီး ဆင်ခြေလျှောဖြစ်နေသောကြောင့် ခေါင်းရင်း၌ထိုင်လျှင် တဖြည်းဖြည်း ခြေရင်းသို့ လျှောကျသွားပါသည်။ စာရေးသူ ငွေအကုန်အကျခံ ပြင်ဆင်လှူဒါန်းပေးခဲ့ပါသည်။ ဆွမ်းကျွေးသည့် အလှူဒါနကို ဝါသနာပါသည့်အလျောက် သံဃာတော်များအား မွေးနေ့တိုင်း ဆွမ်းကပ်ပါသည်။ ယခုအသက် ၆၇ နှစ် ပြည့် မွေးနေ့ကို မြဝတီကျောင်းတိုက်(ယခုနေထိုင်သောကျောင်း) တွင် သံဃာတော်များအား အချက်အပြုတ်မလုပ်နိုင်တော့၍ ဒံပေါက်ဆွမ်း ဝယ်ကပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤကဲ့သို့ အဘိုးသည် စေတနာကောင်း၍ ကံကောင်းမှာဖြစ်သည်။ ကွယ်လွန်ပြီးနောက် အဘိုးအတွက် နတ်ပြည်၌ နတ်ဘုံနတ်နန်းနှင့် စံရမှာဖြစ်သလို၊ လူ့ပြည်ရောက်လျှင်လည်း စည်းစိမ်ချမ်းသာဖြင့် နေထိုင်ရပြီး သာသနာပြုနိုင်မှာ ဖြစ်ပါသည်။ အဘိုး၏ သီလရှင်ကျောင်းဆောက်လုပ်လှူဒါန်းသည့် ကုသိုလ်သည် အဘိုးအတွက် တိုက်ရိုက်အကျိုးပေးမှာဖြစ်သလို၊ စာရေးသူအတွက်လည်း ဆင့်ပွားအကျိုးပေးသည်ဟု ထင်ပါသည်။ စာရေးသူကိုယ်တိုင်ကလည်း အလှူရေစက် လက်နှင့်မကွာ လှူဒါန်းလိုသူဖြစ်ပြီး၊ ဇရပ်ပြုပြင်ပေးခြင်း၊ အဘိုးကလည်း ဇရပ်ဆောက်လုပ်လှူဒါန်းခြင်း စသော ကုသိုလ်ကောင်းမှုများကြောင့် သီလရှင်ဝတ်ပြီး တစ်ဝါမရသေးမီ သီလရှင်ကျောင်းလေးတစ်ကျောင်းကို ဆောက်လုပ်နေထိုင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် အလှူဒါနအကျိုးသည် နောင်ဘဝမရောက်မီ ယခုမျက်မှောက်ဘဝတွင်ပင် ဒိဋ္ဌဓမ္မ အကျိုးပေးသည်မှာ လက်တွေ့ဖြစ်ပါသည်။

စာရေးသူသည် အဘိုး၊ အဘွား၊ အဖေ၊ ကြီးဒေါ်တို့ထက် အသက်ပိုရှည်စွာ နေထိုင်ရပါသည်။ လေးဆယ်ကျော်၊ ငါးဆယ်ကျော်၊ ခြောက်ဆယ်ကျော်များတွင် အဘိုး၊ အဘွား၊ အဖေတို့ ကွယ်လွန်ခဲ့သော်လည်း ယခု စာရေးသူသည် ၎င်းတို့သက်တမ်းများထက် ကျော်လွန်နေပါ၍ ဘာသာရေး၊ သာသနာရေး ကုသိုလ်ကောင်းမှုများကို ပြုနိုင်မှာ ဖြစ်ပါသည်။ အသက် ၆၅ နှစ်ပြည့်မွေးနေ့တွင် သီလရှင်အဖြစ်သို့ ၈တင်ရောက်ရှိခဲ့ပါသည်။ စာရေးသူ သီလရှင်ဝတ်သောကျောင်းမှာ ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဖြစ်ပါသည်။ စာရေးသူသည် သီလရှင်ဝတ်ရာ လွယ်လွယ်လေးဟု ထင်မိခဲ့ပါသည်။ ရိပ်သာများတွင် တရားစခန်းများ လှည့်ဝင်ပြီး အိမ်မှာပြန်နားမည်ဟု ဆုံးဖြတ်ပြီး ကျောင်းနေရာအတွက် မစဉ်းစားခဲ့ပါ။ သီလရှင်ဝတ်ရာ ဝါဝင်ခါနီးဖြစ်၍ ဤကျောင်းမှာ ဝါတွင်း၌ နေခွင့်ရခဲ့ပါသည်။ ဝါကျွတ်ခါနီးတွင် ဤကျောင်းမှ ရင်းနှီးခင်မင်သော ဦးပဉ္ဇင်းတစ်ပါးက . . .

"ဆရာလေးမှာ ကျောင်းနေစရာရှိလား။ အခု ဦးပဉ္ဇင်းတို့က ရက်ရှည်အကြာကြီး နေခွင့်မပေးဘူး။ ဝါကျွတ်ရင် တခြားနေရာကို ရှာပေးရမှာနော်"ဟု ပြောပါသည်။ ထိုအခါကျမှ ရှက်လည်းရှက်၊ ဝမ်းလည်းနည်းသွားပါသည်။ နောင်အခါကျမှ ဦးပဉ္ဇင်းစကားမှန်ကြောင်းသိရပါသည်။ အကြောင်းမှာ စာရေးသူသည် ကိုယ့်ကျောင်းကိုယ့်နေရာရှိနေပြီးသောအခါ ရန်ကုန်မှ စာရေးသူနှင့် သိလည်းမသိ၊ ရင်းလည်းမရင်းနှီးဘဲ ဒကာမကြီးတစ်ယောက်က သီလရှင်ဝတ်လိုကြောင်း၊ ဤမြဝတီကျောင်းတိုက်မှ သူမ၏မိတ်ဆွေသီလရှင်က ယခုခရီးထွက်နေပြီး၊ ယခင်က သာနေနိုင်ကြောင်းပြော၍ သူမအား သီလရှင်ဝတ်ပေးရန် ပြောပါသည်။ ဤအခါတွင် အနားက ဆရာလေးများက ဝိုင်း၍ ဤသို့ပြောကြပါသည်။

"ဒကာမကြီး . . . သီလရှင်ဝတ်တာ လွယ်တယ်။ ဆရာလေးတို့ဝတ်ပေးလို့ရတယ်။ ဖွားရှမ်းက ဘယ်တော့ပြန်လာမယ်မသိ၊ ပြန်လာတော့လည်း လက်ခံမခံ ဆရာလေးတို့က မသိတော့ ကျောင်းအတည်တကျနေဖို့ စီစဉ်ပြီးမှ ဝတ်ပါ။ အခုချက်ချင်း ဆရာလေးတို့ ဝတ်မပေးနိုင်ပါဘူး။ အဘွားက ဒကာမကြီးကို ခဏပဲ ခေါ်ထားနိုင်ပြီး ဖွားရှမ်းပြန်လာလို့ လက်မခံရင် ဒကာမကြီး ဒုက္ခရောက်မှာ။ အဲဒါကြောင့် ဒကာမကြီးကို ဆက်သွယ်လို့ရတဲ့ ဖုန်းနံပါတ်ကိုပေးခဲ့ပါ။ ဖွားရှမ်းပြန်လာလို့ လက်ခံမယ်ဆိုရင် ဆရာလေးတို့ အကြောင်းကြားပါမယ်"ဟု ဝိုင်းပြောပေးကြပါသည်။ ထိုအခါ စာရေးသူသည် မိမိဘဝနှင့် ကိုယ်ချင်းစာပြီး သနားသွားမိပါသည်။ ဖွားရှမ်းဆိုသော ဆရာကြီးမှာ ခရီးထွက်နေပါသည်။

မိမိမှာ ယခုအခါ ကျောင်းအတည်တကျရရာတွင် တစ်ကျောင်းပင်မဟုတ်၊ နှစ်ကျောင်းပင် ဖြစ်နေပါသည်။ ဤမြဝတီကျောင်းတိုက်၌ ကျောင်းရရှိခြင်းမှာ ယခုအစုနေ ဆရာလေး မသုစန္ဒာကြောင့် ရရှိခြင်းဖြစ်ပါသည်။ မူလပထမ ထရံကာ၊ သွပ်မိုး၊ ပျဉ်ခင်း ၉ ပေ × ၁၅ ပေ အကျယ်အဝန်း ကျောင်းကလေးဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် နားခိုလို့ရရင်ပြီးရောဟူ၍ သဘောထားကာ မြဝတီကျောင်းတိုက် ဆရာတော် ဦးသာသနထံ လျှောက်ထားပြီး ရရှိခဲ့ခြင်းဖြစ်သည်။ ဤသို့ ထရံကာဖြင့် မနေနိုင်၍ ရင်းနှီးသော ဒကာကြီး ဒေါက်တာဦးတင်အောင်ရွှေ(သုတေသီ)အား



www.burmeseclassic.com

www.burmeseclassic.com

ပြောပြမိပါသည်။ အလှူခံခြင်းမဟုတ်ပါ။ ဤတွင် ဒကာကြီးက ငွေကျပ်သုံးသိန်းတိတိကို မတည့်ပေးပါသည်။ ဆရာတော်က ပျဉ်ကာလိုလျှင် ၆ ၊ ၂ x ၁၅ ပေ ထပ်ချဲ့၍ ပျဉ်ကာအပြီး ခြောက်သိန်းကုန်ကျမည်ဟု တွက်ပေး၍ ဒကာကြီးအား ပြောပြလိုက်ခြင်း ဖြစ်ပါသည်။ ကျန်သုံးသိန်းမှာ မိသားစုနှင့် အခြားအလှူရှင်များ စုပေါင်းလှူဒါန်းသော ကြောင့် ကျောင်းမှာ ယခုအခါ ၁၅ ပေ x ၁၅ ပေ ပျဉ်ကာ၊ ပျဉ်ခင်း ဖြစ်သွားပါသည်။ ဤကား စာရေးသူ၏ သူတစ်ပါးကျောင်းအခက်အခဲကို ပြင်ပေးခဲ့သည့် ကုသိုလ်ကောင်းမှုအကျိုး နောင်ဘဝမကူးဘဲ ယခုဘဝတွင် လက်တွေ့ ဒိဋ္ဌဓမ္မအကျိုးပေးခြင်းဖြစ်ပါသည်။ အလွန်တရာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။ ယခုအချိန်ထိ အဘိုးကို သတိမရသေးပါ။ မိမိ သူတစ်ပါးဒုက္ခရောက်နေစဉ် ကူညီခဲ့၍ ယခုကဲ့သို့ အကျိုးခံစားရသည်ဟုသာ တွေးမိပါသည်။

စာရေးသူ၏ ကျောင်းနှင့် မျက်စောင်းထိုးတွင် ဒေါ်ပညာစာရီဆိုသော ဆရာလေး၏ ကျောင်းရှိပါသည်။ ထိုဆရာလေးမှာ နောက်ကျမှရောက်လာခြင်းဖြစ်သည်။ စာပေဝါသနာပါသည်။ စာဖတ်ဝါသနာပါ၍ စာရေးသူရေးသော "ရောင်ပြန်"မဂ္ဂဇင်းပါ ဆောင်းပါးများကို ပေးဖတ်ခဲ့ပါသည်။ ထိုအခါ ဒေါ်ပညာစာရီက -

"အဒေါ်· · ·သမီးဗဂျီအောင်စိုးဆိုတာ အဒေါ်လား။ ဒါဆို ဦးဘချစ်တင်မြေး၊ ဗဂျီဦးအောင်စိုးသမီးပေါ့"ဟု ပြော၍ ဟုတ်ကြောင်းပြောလိုက်ရာ ဒေါ်ပညာစာရီမှာ အဘိုးလှူခဲ့သော သီလရှင်ဆရာကြီး ဒေါ်ကေသာ ဇရပ်တွင် ၂၅ နှစ်တိုင်တိုင် နေထိုင်ခဲ့ကြောင်း ပြောပြ၍ အဘိုးကိုသတိရမိခြင်း ဖြစ်သည်။

အဘိုးဇရပ်ဆောက်လှူခဲ့သော အကျိုးသည် စာရေးသူအား နှစ်ပေါင်း ၆၀ ကျော်ကာလတွင် လာ၍အကျိုးပေးခြင်းမှာ ကျောင်းတိုးချဲ့ ပျဉ်ကာရန် မတည်ပေးသော အလှူရှင်ဒကာကြီး၏အစ်မ ဒေါ်မေဘယ်လ်ရွှေသည် တစ်နေ့တွင် ဆရာလေးကျောင်းသို့ အလည်ရောက်လာပါသည်။ ထိုဒကာမကြီးသည် ဆရာလေးတို့အား လူကူးတံတား ဆောက်လုပ်လှူဒါန်းပေးသော ဒကာမကြီးဖြစ်သည်။ ရေအိုင်၊ ဗွက်အိုင်ကို အုန်းတုံးတံတားဖြင့် ကူးနေရကြောင်း စကားစပ်မိ၍ ပြောသောအခါ ဒကာမကြီးက လှူမည်ဆို၍ ဆရာတော်အား ကုန်ကျမည့်ငွေ တွက်ခိုင်းသောအခါ တစ်သိန်းခွဲကျမည်ဆို၍ ဒကာမကြီးက တစ်သိန်းကျပ် လှူဒါန်းပါသည်။

တံတားပြီး၍ ကျောင်းသို့လာရောက်လည်ပတ်ရာတွင် လှည့်လည်ကြည့်ရှုရင်းမှ စေတနာသဒ္ဓါတရားများပေါက်ပြီး သူ့မ ဥပုသ်ရက်ရှည်လာရောက် ဆောက်တည်လျှင် အေးအေးချမ်းချမ်း ဆရာလေးနှင့်အတူ နေချင်၍ ကျောင်းလေးတစ်ကျောင်း ဆောက်လှူချင်သည်ဆို၍ ဆရာတော်နှင့် တွေ့ဆုံပေးပါသည်။ ဆရာတော်က မြေနေရာများ အပိုမရှိတော့ကြောင်း၊ သို့သော် တောင်ပေါ်ပိုင်းတွင် တိုက်ကျောင်းလှူနိုင်မည်ဆိုလျှင် သိန်းနှစ်ဆယ် ကုန်ကျမည်ဟု ပြောသောအခါ လှူပါမည်ဟုဆို၍ ဤတိုက်ကျောင်းကို ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်ပါသည်။ ထိုဒကာမကြီး၏ စေတနာကလည်း အလွန်ထူးပါသည်။ မည်သူက အလှူအကြောင်းပြောပြော သဒ္ဓါပေါက်လျှင် မတွန့်မဆုတ် လှူဒါန်းသော ဒကာမကြီးဖြစ်သည်။ နောင်ဘဝအတွက် မမျှော်မှန်းဘဲ နိဗ္ဗာန်ရည်မှန်း လှူဒါန်းနေသော အလှူရှင်တစ်ဦး ဖြစ်ပါသည်။

စာရေးသူသည် နောင်ဘဝကို မလိုချင်၊ ယခုတစ်ဘဝတည်းနှင့် သောတာပန်ဖြစ်ချင်ပြီး နိဗ္ဗာန်ရောက်လိုပါသည်။ ထို့ကြောင့် ယခုအခါ တောင်ပေါ်တိုက်ကျောင်းတွင် တရားအားထုတ်ခြင်း၊ စာရေးခြင်းအလုပ်များကို လုပ်ကိုင်လျက်ရှိပါသည်။ မြဝတီကျောင်းတိုက်တွင် သီလရှင်ဇရပ် တစ်ပါးကျောင်းလေးများသည် မြေနိမ့်ပိုင်းတွင် တည်ရှိပြီး ဆရာတော်၏ကျောင်းမှာ တောင်ပေါ်နှင့် တစ်ဆက်တည်း တည်ရှိပြီး ယခု နောက်ဆောက်ပေးသော တိုက်ကျောင်းလေး သုံးကျောင်းဆက်လျက်ကို တောင်ပေါ်ဟုခေါ်ဆိုလိုက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤကျောင်းကို အလှူခံရရှိခြင်းသည် အဘိုးကျောင်းဆောက်လှူသော အကျိုးကြောင့် စာရေးသူ ရရှိခြင်းဖြစ်၍ အဘိုးဒါနကြောင့် မြေးဖြစ်သူ စာရေးသူ စိတ်ချမ်းသာစွာဖြင့် သာသနာပြုနိုင်ရ၍ "အဘိုးဒါန မြေးစံရ"ဟု မှတ်တမ်းတင်အပ်ပါသည်။

■ သမီးဗဂျီအောင်စိုး(ဒေါ်ဓမ္မစာရီ)



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး အရယ်၊ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနလ်ာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)။ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

အမှတ်(၃၀၂)၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၀၀) နာရီ မှ နေ့လည် (၁း၀၀) နာရီ။
အမှတ်(၉၀)၊ မြေညီထပ်၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
နေ့လည် (၂း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီထိ
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း

# အောင်ဝိဇ္ဇာစိုး၏ – အထူးကုဆေးခန်း

➤ အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျား အကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ **(1107 Y 7278)**

➤ လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျိနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေး လိမ်းဆေးများ ဆိုင်တိုင်း မေးဝယ်ပါ။ **(1208 Y 7972)**

ဆေးခန်း ❖ အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၇၉၄၀၃
ပင်ရင်း ❖ အမှတ် (၇၆)၊ ၉၄-လမ်း၊ ကန်တော်လေး၊ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၇၃၉
ဖြန့်ချိရေး ❖ ကိုဝင်းမြင့် + မသောဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၈ လမ်း၊ ၇၂×၇၃ လမ်း)၊
အောင်ရတနာစတိုး(မန္တလေး၊ ဈေးချိုအနီး)



www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာ နှင့် ဝေမာနိက

# မုဆိုးပြိတ္တာ ခင်ဖြောင်ဖြား

〈မန္တလေး〉






www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာသခင်အရှင် နာရဒမထေရ်သည် အဘိညာဉ်ရသော မြတ်စွာဘုရားသားတော်တစ်ပါး ဖြစ်လေသည်။ အရှင်နာရဒသည် ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးတော်မူလေသည်။ နေ့စဉ် နံနက်တိုင်း ရာဇဂြိုဟ်မြို့အတွင်း ဝင်ရောက်လျက် ဆွမ်းခံကြွတော်မူသည်။ ယင်းသို့ ဆွမ်းခံကြွတော်မူသောအခါတိုင်း အသွားခရီးတွင်ဖြစ်စေ၊ ဆွမ်းခံမှ အပြန်ခရီးတွင်ဖြစ်စေ နေ့မှာခံ၍ ညမှာစံရသော (ဝေမာနိက)ပြိတ္တာကို တွေ့နေမြင်နေရမြဲ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုပြိတ္တာသည် နေ့အချိန်များတွင် နွားသိုးတစ်ကောင်နယ် ကြီးမားလှသည့် ခွေးကြီးများက ကိုက်ဆွဲ စားသောက်နေကြသောကြောင့် မရိုးမဆုံ နာကျင်အော်ဟစ်နေရသည်ကိုလည်းကောင်း၊ ညအချိန်ရောက်သောအခါ နတ်သားတစ်ပါးနှယ် နတ်သမီး တစ်ဖက်ငါးရာ ခြံရံကာ နတ်စည်းစိမ်ကို ခံစားနေရသည်ကိုလည်းကောင်း ရဟန္တာသခင် အရှင်နာရဒ မျက်မြင်တွေ့ရှိနေရ၏။ အရှင်နာရဒသည် ယင်းကဲ့သို့ နိစ္စဓူဝတွေ့မြင်ရပြန်များလာသဖြင့် မေးမြန်းစုံစမ်းလိုလာလေ၏။ သည်ပြိတ္တာသည် တစ်ယောက်တည်းဖြစ်ပါလျက်နှင့် နေ့မှာခံ ညမှာစံနေရ၏။ အဘယ်ကြောင့် သည်အဖြစ်မျိုး ဖြစ်ခဲ့ရပါလိမ့်ဟု စိတ်အတွင်း၌ ပုစ္ဆာဖြစ်လာခဲ့၏။ တစ်ချိန်ချိန်မှာ မေးကြည့်ဦးမှပဲလေဟု ကြံစည်မိလေသည်။ သို့စေကာမူ အလျဉ်းမသင့်သေးသဖြင့် မမေးဖြစ်ခဲ့။

(နှစ်)

ည။ သည်တစ်ညတွင် စန္ဒာငွေလက ဘော်ငွေရောင်အ... ...ည် ဝင်းဝင်းပပ ထိန်ထိန်သာလျက် ရှိနေလေသည်။ လောကဓာတ်တစ်ခွင်လုံး သာတောင့်သာယာ ရှိလှပါသည်။ အရှင်နာရဒသည် ထိုအချိန်တွင် တစ်ပါးတည်း ဝေပုလ္လတောင်မှ ပြန်ကြွလာခဲ့သည်။ ခရီးလမ်းတစ်ဝက်သို့အရောက်မှာ ဝေမာနိကပြိတ္တာနှင့် ပက်ပင်းဆုံတွေ့လိုက်ရ၏။ ထိုအချိန်အခါတွင် ဝေမာနိကပြိတ္တာသည် ပြုံးပြုံးပြက်ပြက် ဝင်းလက်တောက်ပနေသော သူ၏နတ်ဗိမာန်အပြင်ဘက်တွင် အလှထွင့်ခေါင်နတ်သမီးတစ်ထောင်နှင့်အတူ ပျော်ပါးမြူးထူးစွာ နတ်တို့၏ စည်းစိမ်ချမ်းသာဖြင့် အေးအေးချမ်းချမ်း နေနေသည်ကို မြင်ရလေသည်။

ထိုအခိုက် နတ်စည်းစိမ်ခံစားနေသည့် နတ်သားက နေရာမှ ရုတ်တရက်ထလာပြီး အရှင်နာရဒရှိရာသို့ လက်အုပ်ချီကာ ရောက်ရှိလာလေသည်။ အရှင်နာရဒသည် မိမိရှေ့မှောက်သို့ လက်အုပ်ချီကာ ရောက်လာသည့် နတ်သားကို မြင်တွေ့ရသည့်အခိုက် ယခင်က တစ်ချိန်ချိန်မေးကြည့်ဦးမည်ဟု စိတ်ကူးထားသည့် ပုစ္ဆာကို မေးမြန်းဖို့ သတိရလိုက်၏။

"အမောင်နတ်သား ... သင့်အား ငါမေးလိုသည်မှာ ကြာချေပြီ။ ယခုလိုကြုံကြိုက်သည့်အခိုက် ငါသိရှိလိုသော မေးခွန်းတစ်ခု မေးလိုပါသည်။ အသင်သည် နေ့အခါမှာ ခွေးဆိုးကြီးများ ကိုက်ဆွဲဆုတ်ဖြဲသည့် ဒဏ်ကို အလူးအလဲ ခံစားနေခဲ့ရပြီး ယခုလို ညချမ်းချိန်ခါ ငွေလသာသာအချိန်မှာမူ နတ်သမီး တစ်ဖက်ငါးရာ ခြံရံလျက် နတ်စည်းစိမ်ကို အေးချမ်းစွာ ခံစားနေရသည်ကို ငါမြင်ရပါ၏။ သင်သည် ရှေးအတိတ်ဘဝက မည်သို့သော ကောင်းမှုကုသိုလ်...တွေ ပြုလုပ်ခဲ့ပါသလဲ။ သင်ပြုခဲ့သည့် ကောင်းမှုအစုစုကြောင့်သာ ယခုကဲ့သို့ အကျိုးနှစ်မျိုး ခံစားရသည်ဟု ငါယုံကြည်ပါသည်"

**အသင်သည် နေ့အခါမှာ ခွေးဆိုးကြီးများ ကိုက်ဆွဲဆုတ်ဖြဲသည့်ဒဏ်ကို အလူးအလဲ ခံစားနေခဲ့ရပြီး ယခုလို ညချမ်းချိန်ခါ ငွေလသာသာအချိန်မှာမူ နတ်သမီးတစ်ဖက်ငါးရာခြံရံလျက် နတ်စည်းစိမ်ကို အေးချမ်းစွာခံစားနေရသည်ကို ငါမြင်ရပါ၏။**

အရှင်နာရဒ၏ အမေးစကားကို ကြားလိုက်ရသော ဝေမာနိကပြိတ္တာ နတ်သားက လက်အုပ်ချီမိုးရှိခိုးကန်တော့လျက်က –

"အရှင်မြတ်ဘုရား ... တပည့်တော်သည် တစ်ချိန်က ဂ္ဂသဂိရိတောင်၊ ဝေဘာရတောင်၊ ဝေပုလ္လတောင်၊ ပဏ္ဍဝတောင်၊ ဂိဇ္ဈကုဋ်တောင် စသည့် တောင်ငါးလုံးခို ရာဇဂြိုဟ်တွင် လက်မရွံ့ပဲ သတ်ရဲဖြတ်ရဲနှင့် မုဆိုးတစ်ဦး ဖြစ်ခဲ့ဖူးပါသည်။ သားကောင်ကိုမြင်လျှင် အကြင်နာမဖက် ရက်ရက်စက်စက် သတ်ဖြတ်ရန်သာ စိတ်မှာအမြဲ စွဲခဲ့ပါသည်။ ကိုင်ဆောင်သည့် လက်နက်ကိုသာ ခုမင်မြတ်နိုးပြီး တောလည်သည့်လုပ်ငန်းဖြင့်သာပျော်မွေ့ခဲ့ပါသည်။ အိမ်မှာမပျော်၊ တောမှာသာပျော်သော တောပျော်ကြီးတစ်ဦးသာ ဖြစ်ခဲ့ပါသည်။ တပည့်တော်၌ ရတနာသုံးပါး အစဉ်ရိုသေကိုင်းရှိုင်းလှသော မိတ်ဆွေတစ်ဦးလည်း ရှိခဲ့ပါ၏။ ယင်း



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေသည် ပင်ကိုယ်ကပင် စိတ်ကောင်း၊ နှလုံးကောင်းသူဖြစ်သဖြင့် မိတ်ဆွေကောင်းပီပီ တပည့်တော်အား သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါရန်၊ ကြမ်းကြုတ်ရက်စက်လှသော မုဆိုးအလုပ်ကို စွန့်လွှတ်ရန်၊ နောင်တမလွန်တွင် ကောင်းကျိုးချမ်းသာ သုခချမ်းသာ ရပါလိမ့် ကံငါးပါးတွင် တစ်ပါးဝင်ပါ ပါဏာတိပါတ် သူ့အသက်သတ်ခြင်းမှ ဝေးစွာရှောင်ကြဉ်ရန် အကြိမ်ကြိမ်အခါခါ တိုက်တွန်းခဲ့ပါသည်။

သို့သစေ တပည့်တော်သည် သူငယ်ချင်း၏ တိုက်တွန်းစကားကို နားခါးလှပြီး မုဆိုးအလုပ်ကို နှစ်ခြိုက်စွဲလမ်း၍ စွန့်လွှတ်ခြင်းမပြုနိုင်ရှိနေပေသည်"

ဗိမာန်သခင် သူမတို့၏အရှင်က အရှင်နာရဒမထေရ်အား လျှောက်ထားချက်ကို အပါးမှနေကာ ကြားလိုက်ရသည့် နတ်သမီးများသည်လည်း ထိုအခါမှပင် သူမတို့၏သခင်သည် လွန်လေပြီးသော အတိတ်ဘဝက ကြမ်းကြုတ်ရက်စက်လှသော မုဆိုးကြီးတစ်ဦး ဖြစ်ခဲ့ကြောင်းကို သိရှိသွားခဲ့ကြလေသည်။ ဆက်လက်၍ နတ်သားက လျှောက်ထားပြန်သည်မှာ –

"တပည့်တော်၏ မိတ်ဆွေသည် အားမလျှော့ဘဲ တပည့်တော်အား တိုက်တွန်းမြဲ တိုက်တွန်းခဲ့ပါ၏။ နောင်တမလွန်ဘဝတွင် အပါယ်ငရဲကျရောက်လိမ့်မည်ကို ရှောင်ရှားနိုင်ရန်အလို့ငှာ တပည့်တော်ကို ထပ်တလဲလဲပင် ဆုံးမစကားများ ပြောကြားခဲ့ပါသည်။ မုဆိုးအလုပ်ကို လုံးဝမစွန့်လွှတ်နိုင်သေးက အချိန်အပိုင်းအခြားတစ်ခုခုသတ်မှတ်၍ နေ့အခါတစ်နေကုန် တောလည်၊ ညအခါ တောကောင်တွေကို သတ်ဖြတ်ခြင်းမပြုဖို့ တိုက်တွန်းခဲ့ပါသည်။

တပည့်တော်လည်း သူငယ်ချင်း၏ တိုက်တွန်းပါများလှသဖြင့် အားနာလာပြီး သူ့အား ကတိပေးလိုက်၏။ ကောင်းပါပြီမိတ်ဆွေ။ နေ့အခါ တောလည်ပါမည်။ ညအချိန်ကိုတော့ ရှောင်ရှားပါမည်။ သူငယ်ချင်းစကား နားထောင်မည်ဟု ပြောပြလိုက်ပါသည်။ သည်မျှပြုခဲ့သော ကုသိုလ်ကြောင့်ပင်ဟု ယုံကြည်ပါသည်။ ယခုအချိန်မှာ နေ့အချိန်တွင် ခွေးရိုင်းကြီးများ၏ ကိုက်ဝါးခြင်းခံရပြီး ညအခါမှ နတ်သမီးများနှင့်အတူ နတ်စည်းစိမ်ကို ခံစားနေရပါသည်" ဟု လျှောက်ထားလေသည်။ ဆက်လက်၍ နတ်သားက လျှောက်ထားပြန်သည်မှာ –

"ဘုရားတပည့်တော် ယခုနားလည်မိသည်မှာ သက်တော်ထင်ရှားမြတ်ဘုရား၏သာသနာကို ယုံကြည်သက်ဝင်ကာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ကံငါးပါးကို လုံခြုံအောင်စောင့်ထိန်းလျက် သဘောမနော ဖြူစင်စွာ မေတ္တာတရား အစဉ်ထားပြီး သံသရာဘေးမှ ကင်းဝေးဖို့ ကျင့်ကြံနေထိုင်ကြမည်ဆိုပါမူ မြတ်နိဗ္ဗာန်ကို လျင်မြန်ထုတ်ခြောက် ရောက်ပေလိမ့်မည်ထင်မိပါသည် အရှင်မြတ်ဘုရား"

(သုံး)

အရှင်နာရဒမထေရ်သည် နေ့ခံညစံသော (ဝေမာနိက)နတ်သား၏ နတ်ဗိမာန်မှပြန်လည်ကာ မိမိသီတင်းသုံးရာ ဂိဇ္ဈကုဋ်တောင်သို့ ပြန်လာခဲ့၏။ နောက်တစ်နေ့ နံနက်တွင် မြတ်စွာသခင် ဘုရားရှင်၏ ကျောင်းတော်သို့သွားရောက်ကာ (ဝေမာနိက)နတ်သားနှင့် တွေ့ကြုံခဲ့ရပုံ ဖြစ်ရပ်အဖုံဖုံကို စုံလင်စွာ လျှောက်ထားလေသည်။ ဘုရားမြတ်ရှင် ဗုဒ္ဓသခင်သည် အဆွေခင်ပွန်းကောင်းကို ပေါင်းဖော်ရခြင်းကြောင့် ကောင်းသောလမ်းကို ညွှန်ပြနိုင်ကာ ကောင်းကျိုးချမ်းသာ ရရှိခံစားရကြောင်း ယင်းဖြစ်စဉ်ကိုပမာပြုလျက် တရားနာပရိသတ်တို့အား ဟောကြားတော်မူ၏။ တရားကို နာယူရသော တရားနာပရိသတ်တို့သည် မြတ်ဘုရား၏ တရားအဆုံး၌ သာဓုခေါ်သံ အုန်းအုန်းကျွက်ကျွက် ညံလေသတည်း။ တစ်သက်တာပတ်လုံး မုဆိုးလုပ်၍ တောကောင်များအသက်ကို သတ်ဖြတ်လျက် ဓိဝိန်ခြွေခဲ့သူ ဖြစ်စေကာမူ တစ်ညတာတိုင်း သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်လိုက်သောကြောင့် ညအခါမှာ နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရကြောင်း သာဓကပင် မဟုတ်ပါလား။

**ခင်မောင်အေး(မန္တလေး)**


__ကျမ်းကိုး__

ပေတဝတ္ထု အဋ္ဌကထာ စုလဝဂ်မှ မိဂလုဒ္ဒကပေတဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com



# ဘေးရှစ်ပါးပျောက်ပြီး

## ဆုရှစ်ပါးရောက်စေသည့်

# ထူးခြားဂါထာတော်

■ စိန်ဇောတိက

ဝိဇ္ဇာသိပ္ပံ ကျောင်းတော်ကြီးအား အဝေးကကြည့်ကြည့်၊ အနီးကကြည့်ကြည့် ထည်ဝါသောအဆောက်အအုံကြီးကြောင့် မြင်ရသူအပေါင်းအား စိတ်ချမ်းသာမှုကို ဖြစ်စေ၏။ ထိုကျောင်းတော်၌ သီတင်းသုံးနေထိုင်သည့် ဦးပညိန္ဒသည် ကျွန်ုပ်တို့ အမြဲဆည်းကပ်ကိုးကွယ်သော ဆရာတော်ကြီး ဖြစ်လေ၏။

ဆရာတော်ကြီးသည် ဓမ္မရေးရာကိစ္စများအပြင် အခြားဂမ္ဘီရ ထူးဆန်းထွေလာ များစွာအား နက်ရှိုင်းစွာ၊ နှံ့စပ်စွာ သိကျွမ်းသူဖြစ်သဖြင့် ကျွန်ုပ် ဆရာတော်ကြီးဆီသွားတိုင်း ကျွန်ုပ်အတွက် ရေးစရာ အကြောင်းအရာများ များစွာရ၏။ အကြောင်းကား ကျွန်ုပ်မှာ စာရေးနေသည့် 'စာရေးဆရာပေါက်စ' ဖြစ်နေခြင်းကြောင့် ဖြစ်လေ၏။ ထို့ကြောင့် ကျွန်ုပ်မှာ ဆရာတော်ကြီးထံသို့ အမြဲသွားရောက်၏၊ မေးမြန်းခြင်းပြု၏။ ဆရာတော်ကြီးပြောကြားသမျှ မှတ်၍၊ ဖတ်၍ကောင်းရန် ကြိုးစား စာရေး၏။



www.burmeseclassic.com

www.burmeseclassic.com

တင်၊ ဖြစ်လေသည်။

ထိုနေ့ကား 'တော်လှန်ရေးနေ့' ဖြစ်သဖြင့် ကျွန်ုပ်အား၏။ ထို့ကြောင့် ဆရာတော်ကျောင်းသို့ လိုင်းကားစီး၍ သွားလေ၏။ တော်သေး၏။ ဆရာတော်ကား ဘယ်မှုကြွသွားခြင်း မရှိခြင်းကြောင့် ဖြစ်လေ၏။

ဆရာတော်ကြီးသည် ကျွန်ုပ်အားမြင်သည်နှင့် ဤသို့ပြောလေ၏။

"ဒီနေ့ အားရက် ဆိုတော့ ဒကာလေးလာမယ်ဆိုတာ သိနေတယ်။ လာကွဲ့ . . . ထိုင်။ အမောဖြေလိုက်ဦး"

ဟု ဆိုကာ ကပ္ပိယကြီးအား ရေနွေးကြမ်းနှင့် ထန်းလျက် ယူလာခိုင်းကာ ကျွန်ုပ်အား စားစေ၏။ ကျွန်ုပ်လည်း အမောဖြေရင်း စား၏။ ဆရာတော်ကြီးက စင်္ကြံလျှောက်နေလေ၏။ အတန်ကြာမှ ကျွန်ုပ်အား ဤသို့ပြောပြလေ၏။

"လူတွေဟာ 'မရှိဘူး'ဆိုတဲ့ စကားကို အင်မတန် သုံးကြတယ်ကွဲ့။ တချို့လူတွေဟာ ရှိပါလျက်နဲ့ 'မရှိဘူး'လို့ပြောတာ ကိုယ့်ပစ္စည်းနဲ့ ကိုယ် လိမ်လည်မိတဲ့အပြစ်ကို ကျူးလွန်လိုက်တာပဲ။ အဲဒီလို လိမ်လည်ပြောဆိုမိတဲ့အတွက် ကိုယ့်အတွက်လည်း အတိတ်နိမိတ် မကောင်းလှဘူး ဒကာလေးရဲ့။ တကယ်မရှိဘဲ ဖြစ်သွားလိမ့်မယ်။ လာဘ်လာဘတွေ ပိတ်ဆို့ကုန်မယ်။ အကျိုးတွေ ပျက်စီးကုန်မယ်။ ရစရာရှိတာတွေ မရဘဲဖြစ်နေမယ်။ ဒါကြောင့် တချို့ဆိုရင် 'မရှိစကား မပြောရတဲ့ ကိုယ်၊ မရှိစကား မကြားရတဲ့ကိုယ်' ဖြစ်ရပါလို၏လို့ ဆုတောင်းကြတာ ဒကာလေးလည်း ကြားဖူး၊ မြင်ဖူး၊ တွေ့ဖူးမှာပါ။ ဒကာလေးလည်း ဘယ်တော့မှ 'မရှိဘူး'ဆိုတဲ့စကားကို မပြောနဲ့ကွဲ့"

ဟု ပြောဆိုကာ ရေနွေးကြမ်းငုံ၍ မှတ်သောက်နေလေ၏။ ကျွန်ုပ်လည်း ဆရာတော်ကြီးထံမှ နောက်ထပ် ထွက်ပေါ်လာမည့် စကားကို နားစွင့်နေလေ၏။ အတန်ကြာမှ ဆရာတော်ကြီးက . . .

"တချို့လူတွေကတော့ ရှိပြီးသားဖြစ်ပါလျက် မရှိချင်ဟန်ဆောင်ပြီး ကိုယ့်ဒုက္ခကိုယ်ခံနေကြတဲ့သူတွေလည်း ဒကာလေးတွေ့ဖူးမှာပါ။ လှူရတန်းရမှာ၊ ပေးရကမ်းရမှာစိုးလို့ အဲဒီလို ဟန်ဆောင်နေတာကွဲ့။ အဲဒီလို ဟန်ဆောင်ရင်းက တကယ်မရှိဘဲ ဖြစ်သွားရတဲ့လူတွေ ဒကာလေး တွေ့ဖူးမလားတော့ မသိဘူး။ ဦးဇင်းကတော့ မြင်ဖူးတွေ့ဖူးလို့ ဒကာလေးကို ပြောနေရတာပါ"

ဟုပြောဆိုကာ ရေနွေးကြမ်းသောက်၏။ ထို့နောက် ကွမ်းယာစား၏။ ထို့နောက် ဤသို့ပြောပြန်၏။

"အတိတ်ဘဝက အရိပ်ပမာ လိုက်ခဲ့ကြတဲ့ ဒါနကုသိုလ်ကံအစွမ်းသတ္တိတွေကြောင့် အခုဘဝမှာလာပြီး ချမ်းသာသုခနဲ့ ပြည့်စုံနေကြတာကွဲ့။ ဒါ့ကြောင့် ငွေကြေးချမ်းသာလာတာနဲ့အမျှ လှူဒါန်းမှုကိစ္စ ပြုလုပ်ကြရမယ်။ ပေးကမ်းစွန့်ကြရမယ်။ ကူညီမစရမယ်။ ဒါမှ ဒါနမျိုးစေ့ရဲ့ အကျိုးဆက်တွေကို ဆက်လက်ပြီးခံစားရမှာ ဒကာလေးရဲ့။ ကုသိုလ်စိတ်ဖြစ်နေစေဖို့ ကိုယ့်ရဲ့ရင်ထဲမှာ ကုသိုလ်စိတ်တွေ ဖြစ်ပွားစေတဲ့ စေတသိက်တွေ ကိန်းအောင်းနေရမယ်။ ဒါကြောင့် တို့ဘုရားရှင်က ပုဗ္ဗေစကတ ပုညတာ ဒါန အစရှိတဲ့ ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းဟာ မင်္ဂလာတစ်ပါးလို့ ဟောကြားခဲ့တာပေါ့ကွယ်။ များများ ချမ်းသာချင်ရင် များများအလှူဒါနပြုလုပ်လို့ ဦးဇင်းကြီး ဒကာလေးကို ပြောချင်တယ်ကွဲ့"

ဟု ပြောဆိုကာ ရေနွေးကြမ်းငုံ၍ မှတ်သောက်နေလေ၏။

"အခုဘဝမှာ လာပြီး ဆင်းရဲနေတာဟာ အရင်ဘဝတုန်းက မလှူဒါန်းခဲ့လို့လားလို့ ဒကာလေးစိတ်ထဲမှာ သံသယဝင်နေရင် အခုလက်ရှိဘဝမှာ အလှူဒါန တတ်နိုင်သမျှ ကြိုးစားပြီး လှူဒါန်းကွဲ့။ အလှူရေစက် လက်နဲ့မကွာ ဆိုသလို ရင်ထဲမှာ လှူဒါန်းလိုတဲ့စိတ် ဒါနပြုလုပ်ချင်တဲ့စိတ်တွေ အမြဲမွေးနေရမယ်။ ကိန်းအောင်းနေရမယ်။ ဒါဆိုရင် အခုဘဝမှာ စိတ်ချမ်းချမ်းသာသာနဲ့ နေထိုင်နိုင်မယ်။ လူချစ်လူခင်ပေါပြီး ကောင်းသတင်းတွေ ကျော်စောလာမယ်။ လူပုံအလယ်မှာ မျက်နှာပွင့်မယ်။ သူတော်ကောင်းတွေ ဆည်းကပ်မှုရှိလာမယ်ဆိုတဲ့ . . . ကောင်းကျိုးတွေရှိလာ ဖြစ်လာမယ် ဒကာလေးရဲ့။ နှမြောတဲ့စိတ်တွေ ဖျောက်၊ စိတ်ထားဖြူဖြူစင်စင် လှူရင် ပိုပြီးအကျိုးရှိတယ် ဒကာလေးရဲ့"

ကျွန်ုပ်မှာ ဆရာတော်ကြီး၏ ဆုံးမစကားများကို မှတ်သားနာယူရ



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ဆရာတော်ကြီးကား ၎င်းရရှိသမျှ ငွေကြေး၊ သက်န်း၊ ထီး၊ ဖိနပ် အစရှိသည်များအား ချို့တဲ့သော သံဃာတော်များအား အမြဲလှူဒါန်းလေ့ရှိ၏။ ဆင်းရဲနွမ်းပါးသောသူများအားလည်း အထိုက်အလျောက် ကူညီပေးကမ်းလေ့ရှိ၏။ ထို့ကြောင့် ဆရာတော်ကြီး၏ ကောင်းသတင်းကား ပတ်ဝန်းကျင်၌ မွှေးပျံ့နေ၏၊ ဂုဏ်သတင်းကျော်စော၏၊ လူချစ်လူခင်များ၏ . . စသည့်အကြောင်းအရာများကား အလှူဒါနပြုခြင်း၏ အကျိုးဆက်ဖြစ်မည်ဟု ကျွန်ုပ်၏ စိတ်ထဲ၌ မှတ်ယူနေချိန်၌ ဆရာတော်ကြီးက ကျွန်ုပ်အား ဤသို့ ပြောပြန်၏။

"တိရစ္ဆာန်ဖြစ်တဲ့ ကြက်၊ ငှက်၊ ဝက်၊ ခွေး၊ ကြောင် စတဲ့ သတ္တဝါကလေးတွေကို အစာကျွေးတာလည်း ဒါနပြုခြင်း တစ်မျိုးပဲကွဲ့။ လှူတဲ့အခါမှာ စေတနာပါဖို့က အရေးကြီးဆုံးပါပဲ။ စေတနာမပါဘဲလှူရင် လှူရကျိုး မနပ်ပါဘူးကွယ်။ ကဲ . . . ဒီနေ့တော့ ဒကာလေးကို ဓမ္မစေတီမင်း အမြဲဆောင်တော်မူတဲ့ ဘေးရှစ်ပါးပျောက်ပြီး ဆုရှစ်ပါး ရောက်စေတဲ့ ဂါထာတော်ကို ဦးဇင်း လက်ဆောင်အဖြစ် ပေးလိုက်မယ်။ ဒကာလေးက စာရေးဆရာဆိုတော့ . . . အလျဉ်းသင့်ရင် ထည့်ရေးနိုင်ဖို့ စာရွက်ကလေးနဲ့ လိုက်မှတ်ထား"

ဟု ကရားမှရေလွှတ်သလို ဤသို့ ပြောကြားလေ၏။ ကျွန်ုပ်လည်း လျင်မြန်သောရေးချက်ဖြင့် ဤသို့ လိုက်၍ မှတ်ရလေ၏။

(၁) "အစောဇျသီ ကရာဝါတေ
ဟိရဠ္ဌဟ ရိဇရိစ
ဝါရတျုန္ဓ ဘယေအာတော
ရက္ခမံ မာရစိ ဓိနော"

(၂) "သော ဘာဓေဗယတေလာ အာ၊
ချ ဂျ ယ လ သ ဓောဘယု၊
အဌဝရာ နိမာနေဝ၊
ဝဓုန္တု ဓိနတေဇသာ။"

ဟု ရွတ်ပြအပြီး မြန်မာအနက်ကိုပါ ဤသို့ပြောပြန်၏။ ကျွန်ုပ်လည်း အလျင်အမြန် လိုက်ကူးရလေ၏။

"အဟိ- မြွေဘေးလည်းကောင်း၊ စောရခိုးသူဘေးမှလည်းကောင်း၊ ဗျဂ္ဃ-ကျားဘေးမှလည်းကောင်း၊ သီဟ-ခြင်္သေ့ဘေးမှလည်းကောင်း၊ ကရီ-ဆင်ဘေးမှလည်းကောင်း၊ ရာဇာ-မင်းဘေးမှလည်းကောင်း၊ ဝါရိ-ရေဘေးမှလည်းကောင်း၊ တေဇ-မီးဘေးမှလည်းကောင်း၊ ဣတိ-ဤသို့၊ ဣမေ အဋ္ဌဘယေ-ဤရှစ်ရပ်သော ဘေးကြီးတို့ကို၊ အာတော-လျင်စွာ၊ မာရဇိ-မြတ်စွာဘုရားသည်၊ ဝါရ-တားမြစ်တော်မူပါစေသတည်း။ မာရိုဇ-မာန်ငါးပါးကို အောင်တော်မူပြီးသော၊ ဇိအော-မြတ်စွာဘုရားသည်၊ မံ-ငါ့ကို၊ ရက္ခ-မပြတ်နေ့ည စောင့်ရှောက်တော်မူပါလော့"

"သောချ-ချမ်းသာခြင်းလည်းကောင်း၊ ဘာဂျ-ဘုန်းကြီးခြင်းလည်းကောင်း၊ ဇေယ-အောင်အပ်သော ရန်ကို အောင်ခြင်းလည်းကောင်း၊ ဗလ-ခွန်အားကြီးခြင်းလည်းကောင်း၊ ယသ-အခြံအရံများခြင်းလည်းကောင်း၊ ကျော်စောခြင်းလည်းကောင်း၊ တေဇော-တန်ခိုးကြီးခြင်းလည်းကောင်း၊ လာဘ-လာဘ်သပ္ပကာ များခြင်းလည်းကောင်း၊ အာယု-အသက်ရှည်ခြင်းလည်းကောင်း၊ ဣမာနေဝ အဋ္ဌာဂရာနိ-ဤရှစ်ပါးသော ဆုတို့သည်၊ ဇိနတေဇသာ - မြတ်စွာဘုရားတန်ခိုးတော်ကြောင့်၊ ဝဍ္ဎန္တု-ပွားများစေကုန်သတည်း"

ဟု ပြောဆိုကာ မောသွားဟန်ဖြင့် ရေနွေးကြမ်းငုံ၍ သောက်နေ၏။ အမောဖြေနေလေ၏။ အတန်ကြာမှ ဤသို့ပြောလေ၏။

"အဲဒီဂါထာတော်ဟာ ဓမ္မစေတီမင်း အမြဲရွတ်ဆိုတဲ့ ဘေးရှစ်ပါးပျောက်စေတဲ့ ထူးခြားတဲ့ ဂါထာတော်ဘဲကွဲ့။ ဒကာလေးလည်း အမြဲရွတ်ဆိုပေါ့ကွယ် . .။ လာဘ်လာဘ ရရှိလိုတဲ့ မိတ်ဆွေတွေကိုလည်း ဖြန့်ဝေပေးလိုက်ဦး။ ဒါလည်း အလှူဒါနတစ်မျိုးပဲကွယ့်။ တရားဓမ္မနဲ့ လှူတာလို့ ပြောလို့ရတယ်။ ကဲ . . . ဒကာလေးလည်း အချိန်မနည်းတော့ဘူး။ ကျောင်းမှာ ကပ္ပိယကြီးကိုမေးပြီး ထမင်းစားပြန်"

ဟု ပြောကြားသဖြင့် ကျွန်ုပ်လည်း ဆရာတော်ကြီးအား နှုတ်ဆက်ကန်တော့၍ ထမင်းစားရန် ကပ္ပိယကြီးနေထိုင်သည့် အဆောင်သို့ သွားလေ၏။

---

ဝိနိုဓေဒေတိအ

---




www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော မြွေဆိုး


ဒေါက်တာ မျိုးဇော်အောင်



ပန်းချီ စံလွင်မောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မေမေ ကွယ်လွန်ပြီး နှစ်လပြည့်နေ့တွင် သမိုင်းဝင် ကျိုက္က ဆံစေတီတော်မြတ်ကြီးဆီသို့ သွား ရောက်ဖူးမြော်သည်။ မေမေပြောကြား ထားသည့်အတိုင်း 'သဗ္ဗဗေယမင်္ဂလ ဂါထာ'တော်ကို ပုတီးတစ်ပတ်စိပ်ရန် သောကြာထောင့်ရှိ ဂေါတမမြတ်စွာ ဘုရား ရှေ့မှောက်တွင် အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်လေတော့သည်။

*ဒိဝါ တပတိ အာဒိစ္စော၊*
*ရတ္တိမာ ဘာတိ ဒန္ဒိမာ။*
*သန္နဒ္ဓေါ ခတ္တိယော တပတိ၊*
*ဈာယီ တပတိ ဗြာဟ္မဏော၊*
*အထသဗ္ဗ မဟောရတ္တိံ*
*ဗုဒ္ဓေါ တပတိ တေဇသာ။*
*တာ-ဒိသံ တေဇ သမ္ပန္နံ၊*
*ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊*
*နမက္ကရာ နုဘာဝေနေ၊*
*သဗ္ဗေ ပူရန္တု သင်္ကပ္ပာ။*

ကျွန်တော်သည် စိတ်ကို မပျံ့ လွင့်စေရန် အာရုံထား၍ စိပ်နေသည့် ကြားက ပုတီးတစ်ပတ် ပြည့်ခါနီးအလို တွင် ...

"တရားအလုပ်လုပ်ရင်-တရား သဖြင့် စံရမယ်၊ မတရားတာလုပ်ရင် မတရားသဖြင့် ခံရမယ်။ ဒိုးပြားလိုရင် ကြိုးစားထား။ အမျိုးသားဆိုရင် နိုး ကြားထား" ဟု စကားပြောသံလိုလို ကျွန်တော့်နားထဲသို့ ဝင်ရောက်လာပြီး အသံပျောက်သွားသည်။

ကျွန်တော့်စိတ်အထင် ကျွန် တော့်မေမေများ ကောင်းသောဘုံ ရောက်ပြီး လာရောက်ပြောကြားနေ တာလား။ ဒါလည်း မဟုတ်သေးပါ ဘူး။ မေမေ့အသံကို ကျွန်တော် ကောင်းကောင်း မှတ်မိနေသည် ..။ ခုတော့ ကျွန်တော် စဉ်းစားရခက်နေ တော့၏။

သည့်နောက် ကျွန်တော်အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com

ပုတီးတစ်ပတ်စိပ်တိုင်း တစ်ပတ်ပြည့်ခါနီးအရောက်မှာ ထိုအသံကို ကျွန်တော် ကြားလေ့ရှိပြန်၏။ ပုတီး ဘယ်ပတ်ပြည့်တော့ အသံလည်း ပျောက်ပျောက်သွားသဖြင့် ကျွန်တော် ထိုအသံရှင်ကို တော်တော်စိတ်ဝင်စားနေမိလေသည်။

"ငါ ... ပုတီးစိပ်တိုင်း ဒီအသံကို အမြဲကြားကြားနေရပါလား။ အသံကတော့ ပီပီသသ ယောကျ်ားသံလိုလို၊ မိန်းမသံလိုလို အံ့ဩစရာကောင်းတာက အဓိဋ္ဌာန်ပုတီး တစ်ပတ်ပြည့်ခါနီးမှာ အသံရှင် ပျောက်ပျောက်သွားတတ်တာ ဆိုးတယ်။ တစ်ပတ်ပြည့်တော့ အသံတိတ်၊ အသံပျောက် ဖြစ်ဖြစ်သွားတာတော့ တိုက်ဆိုင်မှု ဖြစ်နိုင်ပါ့မလား။ ကျွန်တော်စဉ်းစားသည်။ စဉ်းစား၍ မရ။

"နောက်ရက်တွေမှာ ငါအဓိဋ္ဌာန်ပုတီး တစ်ပတ်ပြည့်ခါနီး ကြားရသည့် အသံရှင်ကို ငါဖမ်းမယ်"ဟု ကျွန်တော့်စိတ်ထဲ တေးထားလိုက်လေ၏။

နောက်တစ်နေ့ ညနေပိုင်းတွင် ကျွန်တော် ဘုရားသို့ သွားရောက်ပြီး ကျွန်တော်စိပ်နေကျ မေမေပြောထားသည့် 'သဗ္ဗဇယ မင်္ဂလဂါထာ'တော် တစ်ပတ်ပြည့်ခါနီး အလိုတွင် ရပ်ပြီး စိပ်မည်ဟု အဓိဋ္ဌာန်ဖြင့် ဘုရားဝတ်ပြုပြီးနောက် ကျွန်တော်ပုတီးကို စစိပ်လေ၏။ တစ်ပတ်ပြည့်ခါနီး အလိုတွင် ယခင် ကြားနေကျအတိုင်းပင် ...

"တရားအလုပ်လုပ်ရင် တရားသဖြင့် စံရမယ်၊ မတရား အလုပ်လုပ်ရင် မတရားခံရမယ်။ ဒိုးပြားလိုရင် ကြိုးစာထား။ အမျိုးသားဆိုရင် နိုးကြားထား"ဟူသော အသံကို ကြားရပြန်လေ၏။ ကျွန်တော် တစ်ပတ်မပြည့်မီ ပုတီးစိပ်ကိုရပ်ပြီး ဟိုဒီလှျောက်ကြည့်နေမိသည်။ မတွေ့။ ထုံးစံအတိုင်း အသံရှင်ပျောက်နေပြန်လေ၏။

နောက်တစ်နေ့ ညနေပြန်ရောက်တော့ ကျွန်တော် ဘုရားသို့ သွားသည်။ ပုတီးမစိပ်သေးဘဲ အသံရှင်ပုဂ္ဂိုလ်ကို ဖမ်းမည်ဟု အားခဲကာ ထိုင်၍ စောင့်နေလေ၏။ မိုးသာချုပ်သွားသည်။ ထိုပုဂ္ဂိုလ်ကား ပေါ်မလာခဲ့ပေ။ ကျွန်တော့်စိတ်ထဲမှာ လိပ်ခဲတည်းလည်း မကျေမနပ်ဖြင့် ခဲလေသမျှ သဲရေကျ ဖြစ်သွားသောကြောင့် စိတ်ပျက်ပျက်ဖြင့် ကျွန်တော် အိမ်သို့ ပြန်သွားလေတော့၏။

"တရားအလုပ်လုပ်ရင် တရားသဖြင့် စံရမယ်၊ မတရားအလုပ်လုပ်ရင် မတရားခံရမယ်။ ဒိုးပြားလိုရင် ကြိုးစားထား။ အမျိုးသားဆိုရင် နိုးကြားထား"

ကျွန်တော် ထိုအသံကို ထပ်၍ ကြားရပြန်သဖြင့် ဟိုဒီရှာပြီး သေသေချာချာ အကဲခတ်၍ ကြည့်လိုက်ရာ ၎င်းအသံရှင်ပုဂ္ဂိုလ်မှာ ကျွန်တော် တစ်ခါမှ မမြင်ဖူးသော မတွေ့ဖူးသော လူတစ်ယောက် ဖြစ်၍နေလေ၏။ အသက်မှာ ၇၀ နီးပါးရှိမည်ဟု ကျွန်တော်ထင်သည်။ အရပ်အမောင်းကောင်းကောင်း၊ အသားရောင်မှာ ဝါဖန့်ဖန့်နှင့် ယောဂီဝတ်စုံ ဝတ်ဆင်ထားလေ၏။ ပခုံးထက်၌မူ ယောဂီရောင် လွယ်အိတ်ပွကြီးကို လွယ်၍ထားလေ၏။ ကျွန်တော် ထိုပုဂ္ဂိုလ်ကို ငေး၍ သေချာစိုက်ကြည့်နေသဖြင့် ကျွန်တော့်ကိုကြည့်ပြီး ...

"မင်းက ငါ့ကို တွေ့ချင်နေတယ် မှတ်လား။ ခုတွေ့ရပြီလေ။ မင်း ဘာပြောချင်လဲ။ ဘာမေးချင်လဲ။ ပြောချင်တာ ပြောတော့။ မေးချင်တာမေးတော့။ ငါလည်း ဖြေချင်သလို ဖြေမယ်"ဟု ထိုပုဂ္ဂိုလ်က ကျွန်တော့်ကို စိုက်ကြည့်ပြီး ပြောလိုက်၏။

ကျွန်တော်သည် ထူးဆန်းသော ထိုပုဂ္ဂိုလ်အား စိုက်၍သာ ကြည့်နေလေ၏။ စိတ်ထဲမှာတော့ "ဒီပုဂ္ဂိုလ်ကြီးက ငါ့ရဲ့အတွင်းစိတ်ကို သိနေပါလား"ဟု တွေး၍ ကျွန်တော် တအံ့တဩ ဖြစ်၍နေတော့၏။

"ပြောလေကွာ။ တွေ့ချင်တယ်ဆိုလို့၊ မင်းတောင့်တလို့ မင်းကို ငါ လာတွေ့တာ။ စကားပြောတတ်ရင် ပြော၊ မပြောတတ်ဘူးဆိုရင်တော့ ငါပြန်မယ် မောင်ဖိုးသံ"

"ခဏ .. ခဏနေပါဦး ဘကြီး"

လှည့်ပြန်မည်လုပ်နေသောကြောင့် ကျွန်တော် အသိဝင်လာပြီး ကမန်းကတန်းပင် မေတ္တာရပ်၍တားလိုက်လေ၏။

"ကဲ ... ပြော၊ မောင်ဖိုးသံ"

"ဘကြီးက ကျွန်တော်နဲ့ တရင်းတနှီးရှိနေသလို ကျွန်တော့်နာမည်ကိုလည်း သိနေတာဆိုတော့ ကျွန်တော် ဘကြီးကို သိပ်ကို အံ့ဩနေမိတယ်။ ပြီးတော့ ဘကြီးက ကျွန်တော့်ရဲ့ အတွင်းစိတ်ကို သိနေတာဆိုတော့ ဘကြီးနဲ့ ကျွန်တော် ဘယ်မှာများ ကြုံဖူးဆုံဖူးတယ် မသိဘူးနော်။ ကျွန်တော်တော့ စဉ်းစားလို့မရဘူး ဘကြီးရယ်။ အဲဒီအတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ ပထမဦးဆုံး တောင်းပန်ချင်ပါတယ် ဘကြီး"

www.burmeseclassic.com

ကျွန်တော်က ဇဝေဇဝါ ဖြစ်နေသည့်ဟန်ဖြင့် ၎င်းပုဂ္ဂိုလ်ကြီးအား အမှန်အတိုင်းပင် ပြန်၍ပြောလိုက်လေ၏။

"တောင်းပန်ဖို့ မလိုပါဘူး ... မောင်ဖိုးသံရာ။ မင်းအနေနဲ့ တောင်းခံဖို့ပဲ လိုတယ်။ အဲဒီတော့ ဘာဖြစ်ချင်လဲ၊ ဘာအလိုရှိလဲ။ ဖြစ်ချင်တာ လိုချင်တာပြော။ ငါဖြည့်ဆည်းပေးခဲ့မယ်။ ငါ့အမြင်မှာတော့ မင်းမှာ မြေမရှိဘူး၊ အိမ်မရှိဘူး။ ဒီအိမ်ဟာလည်း မင်းအိမ်ပိုင်မဟုတ်ဘူး။ မင်းငှားနေတဲ့အိမ်ဟုတ်တယ်မို့လား"

"ဟုတ်ပါတယ် ဘကြီး။ ကျွန်တော့်မှာ အိမ်ပိုင်လည်း မရှိဘူး၊ မြေပိုင်လည်း မရှိပါဘူး။ သူများပိုင်တဲ့အိမ်မှာ အိမ်လခပေးပြီး ငှားနေတာပါ။ ကျွန်တော့်မေမေ နေမကောင်းဖြစ်လို့ ဆေးကုသရတော့ ငွေတွေကုန်ပြီး မေမေလည်း လွန်ခဲ့တဲ့ နှစ်လက ဆုံးပါးသွားတော့ ကျွန်တော် အတိဒုက္ခရောက်နေရပါတယ် ဘကြီး။ ဘကြီးတကယ်ကူညီမယ်ဆိုရင် မြေတစ်ကွက်၊ အိမ်တစ်လုံးတော့ အပိုင်လိုချင်ပါတယ် ဘကြီး"ဟု ကျွန်တော်က စိတ်ရင်းအမှန်ဖြင့် ပြောပြလိုက်ရာ ဘကြီးဆိုသူ ပုဂ္ဂိုလ်က ...

"ငါလုပ်ပေးနိုင်တယ် မောင်ဖိုးသံ။ ဒါပေမယ့် မင်း ငါခိုင်းတာကို တော့ သေသေချာချာ ဂရုတစိုက် လုပ်ပေးရလိမ့်မယ်"ဟု ဆိုလေ၏။

ကျွန်တော်လည်း "ဘကြီးက ဘာခိုင်းမှာလည်း။ ဘကြီးခိုင်းသမျှဆို ကျွန်တော်လုပ်ပါ့မယ် ဘကြီး"

ထိုအခါ ဘကြီးဆိုသော ထိုပုဂ္ဂိုလ်သည် သူလွယ်ထားသော လွယ်အိတ်တွင်းမှ လက်သီးဆုပ်သာသာ မြေအိုးငယ်လေး တစ်လုံးကို နှိုက်၍ ယူထုတ်လိုက်လေ၏။ ကျွန်တော်လည်း ထိုမြေအိုးငယ်ကလေးကို အထူးအဆန်းသဖွယ် ကြည့်၍နေလေ၏။ မြေအိုးငယ်လေးမှာ တာအိုးအငယ်စားလေး ဖြစ်လေ၏။ ကလေးများ ဆော့ကစားသည့် မြေအိုးနှင့်လည်း သဏ္ဌာန်တူလေ၏။

"ဒီအိုးလေးက 'အောင်'အိုးလို့ ခေါ်တယ်။ ဣစ္ဆာသယ အိုးလို့လည်း ခေါ်တယ်။ ဒီအောင်အိုးထဲမှာ မြေကြီးတွေရှိတယ်။ မင်းဘုရားရှိခိုးတိုင်း ခင်ပွန်းကြီး ၁၀ ပါးနှင့် မင်းမေမေပြောတဲ့ 'သဗ္ဗဓယ မင်္ဂလာဂါထာ'တော်ကိုပါ ရွတ်ဖတ်ပါ။ ဘုရားရှိခိုးပြီးတိုင်း ... ဒီအောင်အိုးလေးရဲ့ အဖုံးကိုဖွင့်ပြီးတော့ အိုးထဲမှာရှိနေတဲ့ မြေကြီးကို တစ်နာရီပြည့်အောင် စိုက်ကြည့်နေရမယ်။ နှုတ်ကလည်း 'ပထဝီ-ဒယ်-သဗ္ဗ'လို့ ရေရွတ်နေရမယ်။ မြေကြီးကိုပဲ စိုက်ကြည့်နေရမယ်။ ဘယ်ကိုမှ စိတ်မရောက်စေရဘူး။ ဘယ်ကိုမှ စိတ်မလွင့်စေရဘူး။ တစ်နာရီပြည့်ရင် မြေအိုးလေး အဖုံးကို ပြန်ပိတ်ပြီး မင်းအိပ်တဲ့ အိပ်နေကျနေရာရဲ့ ခေါင်းရင်းမှာထားပြီးအိပ်။ တစ်လပြည့်ရင် မင်းဆန္ဒတွေလည်း ပြည့်ပြီပေါ့ကွာ။ ဒီမယ် မောင်ဖိုးသံ အရတော်ချင်ရင် ငါပြောသလိုလုပ်။ တစ်လတော့ ပြည့်စေရမယ်။ ရက်ပျက်မရှိစေရဘူး။ ပြည့်ရင်စံ၊ မပြည့်ရင်ခံ။ မင်းကို ငါကယ်နိုင်တာ ဒါပဲရှိတယ်"ဟုပြောပြီး ဝုန်းခနဲ အသံကျယ်ကြီး ပေါ်ထွက်လာပြီးနောက် ထိုပုဂ္ဂိုလ်လည်း ရုတ်ခြည်းပျောက်ကွယ်၍သွားလေတော့၏။

ကျွန်တော်လည်း အိမ်မက်မှ လန့်နိုးကာ မြန်းခနဲ အိပ်ရာမှထလိုက်လေ၏။

ထူးဆန်းသည်မှာ အိမ်မက်ထဲမှ ပုဂ္ဂိုလ်ကြီးပေးသွားသော မြေအိုးငယ်လေးမှာ ကျွန်တော့်ရင်ဘတ်ပေါ်၌ ပိုက်လျက်သား ရှိနေသည်ကို အံ့သြစွာမြင်တွေ့ လိုက်ရပေတော့သတည်း။

******

မနက်မိုးလင်းတော့ ကျွန်တော့်ထံ အိမ်ပိုင်ရှင် ဦးဘမောင် ရောက်လာပြီး -

"ညက ဝုန်းဆိုတဲ့ ပေါက်ကွဲသံတစ်ခု မင်းအခန်းထဲက ကြားတယ်။ ဘာဖြစ်တာလဲ မောင်ဖိုးသံ"ဟု မေးလေ၏။ ကျွန်တော်လည်း အမှန်အတိုင်း ပြောသင့် မပြောသင့်ကို စဉ်းစား၍ နေလေ၏။ အမှန်အတိုင်း ပြောလိုက်လျှင် အိမ်ပိုင်ရှင် ဦးဘမောင် ယုံချင်မှယုံမည်။ မယုံခဲ့သော် ကျွန်တော့်ကို "မင်း တော်တော်ရူးတဲ့ ကောင်ပဲ"ဟု ပြောမှာကိုလည်း စိုးရိမ်မိသောကြောင့် -

"ကျွန်တော်တော့ မကြားမိဘူး ခင်ဗျာ။ ကျွန်တော် ညဥ့်နက်မှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်နဲ့ တူတယ်"ဟု ဦးဘမောင်ကို ကြည့်ကောင်းသလို ပြန်၍ ပြောလိုက်လေ၏။ သည့်တွင် ဦးဘမောင်က ကျွန်တော့်လက်ထဲတွင် ပိုက်ထားသော မြေအိုးလေးကို မြင်သွားပြီး -

"မောင်ဖိုးသံ မင်းရဲ့လက်ထဲက ဘာလဲကွယ့်။ ကလေးကစားစရာ မြေအိုးလေးလား။ ဘာလုပ်ဖို့လဲ။ ဘယ်ကလေးကို လက်ဆောင်ပေးမလို့လဲ"ဟု စပ်စပ်စုစု မေးမြန်းလေသည်။ သည့်တွင် ကျွန်တော်လည်း "ဘယ်



www.burmeseclassic.com

www.burmeseclassic.com

ကလေး ပေးရမှန်း မသိပါဘူး။ စဉ်းစားနေတုန်းပါ''ဟု ဦးဘမောင်ကို ပြုံးပြုံးရွှင်ရွှင်နှင့် ခပ်လွယ်လွယ်ပင် ပြောကြားလိုက်ပေတော့သည်။

ထို့နောက် ဦးဘမောင်ကပင် ဆက်၍ ကျွန်တော့်ကို မျက်နှာတည်ကြီးနှင့် ကြည့်ပြီး –

''မောင်ဖိုးသံ မင်းအိမ်လခမပေးတာ မင်းအမေ ဆုံးပြီးကတည်းက နော်။ ခုဆို နှစ်လရှိနေပြီ။ ယုပ်ဦးလေ။ နောက်လကျလို့မှ အိမ်လခ မပေးနိုင်ရင်တော့ ငါတခြားလူကို အိမ်ငှားတင်လိုက်မယ်နော်။ ပေးနိုင်အောင်လည်း လုပ်ဦးကွ''

''ဟုတ်ကဲ့ ကျွန်တော် အိမ်လခ ပေးနိုင်အောင် ကြိုးစားပါ့မယ်။ ဒီတစ်လ သည်းခံပါဦးရယ်။ မေမေ မဆုံးခင် ဆေးကုစရိတ်တွေ ထောင်းသွားလို့ပါ။ နောက်လဆိုရင် ကျွန်တော် သုံးလစာ ပေးပါ့မယ်။ ပေါင်းပြီး ပေးပါ့မယ်''

''အေး ... ပေးနိုင်ရင်တော့ ကောင်းတယ်။ ငါလည်း သိပ်ချမ်းသာတာ မဟုတ်ဘူး။ ဒီအိမ်လခလေးနဲ့ စားနေရတာ။ မင်းကို ငါက ရိုးရိုးအေးအေး အသောက်အစားမရှိလို့ ခွင့်ပြုထားတာ။ အဲဒါပဲ''

ပြောပြောဆိုဆို အိမ်ရှင်ဦးဘမောင် ထွက်သွားလေ၏။

******

နံနက်လင်းသည်နှင့် ကျွန်တော် ဘုရားခန်းကို သေသေချာချာ သန့်သန့်ရှင်းရှင်းပြုလုပ်ပြီး အိပ်မက်ထဲက ပုဂ္ဂိုလ်ကြီး ပြောကြားသည့်အတိုင်း ဘုရားရှိခိုးပြီးသည်နှင့် မြေအိုးလေးကို ဖွင့်ပြီး အိုးထဲက မြေကိုကြည့်ပြီး 'ပထဝီ ဖယ် သဗ္ဗ'ဟု ကျွန်တော် ရေရွတ်ရင်း တစ်နာရီပြည့်အောင် စိုက်၍ ကြည့်နေတော့သည်။

တစ်လပြည့်သောအခါ အိမ်ပိုင်ရှင် ဦးဘမောင် ကျွန်တော့်ဆီရောက်လာပြီး အိမ်လခ သုံးလစာတောင်းသည်။ ကျွန်တော်လည်း ကြိုးစားလျက်နဲ့ မပေးနိုင်သေး၍ နောက်တစ်လထိဆိုင်းဖို့ အနူးအညွတ် မေတ္တာရပ်ခံ တောင်းပန်လေ၏။

''ဒီမယ် မောင်ဖိုးသံ၊ မင်းက လကုန်ပေးပါ့မယ်ဆိုလို့ လာတာ။ ကိစ္စမရှိဘူး။ ငါ ဒီငွေလောက်လည်း ဂရုမစိုက်ဘူး။ မင်းသိထားဖို့က ငါ ဒီနေ့ပဲ ဦးထင်ပေါ်နဲ့ အိမ်အရောင်းအဝယ် စာချုပ်ချုပ်လိုက်တော့မယ်။ မင်းဆီကလည်း မယူတော့ဘူး။ မနက်ဖြန် အထုပ်ပြင်ပြီးတော့သာ အိမ်ရှာပေတော့'' ဟုပြောပြီး ထွက်သွားလေ၏။

မနက်ဖြန် အထုပ်ပြင်ပြီး အိမ်ရှာတော့ဆိုသော ဦးဘမောင် ပြောစကားကြောင့် ကျွန်တော် မည်သို့ပြုလုပ်ရမည်ကို တွေး၍ စိတ်ညစ်နေမိ၏။ ကျွန်တော့်မှာ အိမ်ငှားဖို့ ငွေလည်းမရှိ။ ဘာလုပ်ရမှန်းမသိအောင် အခက်တွေ့၍ နေလေတော့၏။

နောက်တစ်နေ့ မနက်ရောက်တော့ ဦးထင်ပေါ်ဆိုသော လူသည် ကျွန်တော်ငှားနေသော အိမ်သို့ရောက်လာပြီး အိမ်ရှင်ဦးဘမောင်နှင့် အိမ်အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုကြတော့၏။ ကျွန်တော့်မှာ ငါဘယ်လိုလုပ်ရမလဲ။ ငါဆင်းပြီး ဘယ်ပြောင်းရမလဲဆိုတာကိုသာ စဉ်းစားနေမိ၏။

သည်တွင် အိမ်ဝယ်သူ ဦးထင်ပေါ်က ကျွန်တော့်ကို လှမ်းခေါ်လိုက်သည်။ အိမ်ရှင်ဦးဘမောင်မှာလည်း ကျွန်တော့်ကိုတစ်လှည့် ဦးထင်ပေါ်ကိုတစ်လှည့်ကြည့်ကာ အံ့သြ၍နေတော့၏။

သည်တွင် အိမ်ဝယ်သူ ဦးထင်ပေါ်က စာချုပ်ကို ကျွန်တော့်ထံကမ်းပေးလိုက်ပြီး ''ဒီမှာ လက်မှတ်ထိုးလိုက် မောင်ဖိုးသံ။ ဦးကသက်သေပေါ့ကွာ''ဟု ဆိုလေ၏။ ကျွန်တော်လည်း တုန်တုန်ယင်ယင်ဖြင့် ဦးထင်ပေါ်ပေးသော စာချုပ်ကို ဖတ်ကြည့်လိုက်သောအခါ ဦးဘမောင်က အိမ်ရောင်းသူ။ ကျွန်တော်(မောင်ဖိုးသံ)က အိမ်ဝယ်သူ ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရလေ၏။

ပို၍ အံ့သြဖို့ကောင်းသည်မှာ ကျွန်တော်သည် ဦးထင်ပေါ်ဆိုသူ အိမ်ဝယ်ပေးသူကို မသိခြင်းပင် ဖြစ်သည်။ ဦးထင်ပေါ်ကတော့ ပြုံးပြုံးရွှင်ရွှင်ဖြင့် ဦးဘမောင်နှင့်အတူ အိမ်ပေါ်မှ ဆင်းခါနီးတွင် ''ကဲ ... မောင်ဖိုးသံ၊ အေးအေးဆေးဆေးသာ နေပေတော့။ ပြောင်းရွှေ့ဖို့ စိတ်တွေလွှင့်ထုတ်လိုက်''ဟုဆိုကာ ဆင်းသွားကြလေတော့၏။

ကျွန်တော် စဉ်းစားသည်။ အိပ်မက်ထဲက မြေအိုးပေးခဲ့သော ပုဂ္ဂိုလ်များလားဟု ကျွန်တော် တွေးနေမိ၏။

သေသေချာချာတော့ ကျွန်တော်မသိပေ။ သို့သော် သေချာတာ တစ်ခုကတော့ ရှိနေပြန်လေသော်ရင်းမှာ ကျွန်တော့်ထံတွင်ရှိသော ထူးဆန်းသော ထိုမြေအိုး၏ အစွမ်းပင်ဖြစ်ပေတော့သတည်း။

**ဒါရိုက်တာမျိုးဇော်အောင်**

www.burmeseclassic.com


**အားလုံးမျှော်လင့်နေကြသော ........**

**ဂမ္ဘီရဆရာလှမျိုး(B.Sc) ၏**

**(၇) ရက်သားသမီးများအားလုံးအတွက် တောင်းကျိုးဝေဆာ**

# နဝင်းပညာဓာတ်ယတြာများ (ဒုတိယအကြိမ်)

ထွက်ပြီ

ပထမအကြိမ်ထွက်စဉ်က မရရှိလိုက်သော ဖေဒင်ဝါသနာပါသူ၊ နဝင်းပညာစိတ်ဝင်စားသူများ အမြန်ဝယ်ထားလိုက်ပါ။ ရေရှည်သိမ်းထားလို့ရအောင် စာရွက်ချောဖြင့် ရိုက်နှိပ်ထုတ်ဝေထားပါသည်။

ရောင်းဈေး (၂၀၀၀) ကျပ်

ဖြန့်ချိရေး — ကြံတိုင်းအောင်စာပေ၊ အမှတ်(၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း — ၀၉–၄၂၀၀၄၇၈၆၉

# ဆရာဝင်း(သာကီနွယ်)




# ဂမ္ဘီရဆိုင်ရာ

# ဆောင်းပါးများ

# အမှတ်စဉ်(၁)

စာအုပ်မှာကြားရန် - ဒေါ်မြတ်မြတ်ဝင်း။ တိုက်(၃၁၃)၊ အခန်း(၉)၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၁-၅၅၆၃၇

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဒန္တပူရ ဇကေရီသခင်မလေး

# ဟေမမာလာ

(အခန်းဆက်ဝတ္ထုရှည်)

❒ မောင်ယဉ်မွန်(မောင်နေခြည်)

"ပြန်လည်ဆုံတွေ့ကြခြင်း"

"လူကလေး တရားရှာတယ်ဆိုတာ တရားသောနည်းနဲ့ တရားတာကို ရှာတာကွဲ့။ ဒီတော့ တရားက ပြန်အကျိုးပြုတာပေ့ါ။ ဘိုးဘိုးတို့မှာ ဘယ်နေရာရောက်ရောက် နေစရာ မရှားဘူး၊ စားစရာ မရှားဘူး၊ အိပ်စရာ မရှားဘူး။ ဒီမြို့မှာ ဘိုးဘိုးရဲ့ ဓမ္မမိတ်ဆွေတွေ အများ ကြီးကွယ့်"

"ဟုတ်တယ်နော်။ ဈေးဘက်သွားသွား၊ မြို့လယ်ဘက်သွားသွား၊ ဘိုးဘိုးကို မသိသူရှားတယ်"

"အေး . . . ဟုတ်တယ်ကွဲ့။ လူတွေက မတရားတာ မဟုတ်တာလုပ်ရင် ကဲ့ရဲ့မယ်၊ ရစရာမရှိအောင် ပြောမယ်။ ဒါပေမယ့် တရားဓမ္မနဲ့နေတဲ့သူတွေ့ရင် ပေးကမ်းလှူဒါန်းမယ်ဆိုတဲ့ စိတ် သူတို့မှာ ရှိတယ်ကွယ့်"

"ကိုယ်တိုင် မဟုတ်တာလုပ်ပြီး တရားသမားတွေကို ဘာကြောင့် ကြည်ညိုကြတာလဲ"

"ဩော် . . . ဒါကတော့ သူ့လိုငါမလုပ်နိုင်သေးပါလား။ သူ့လိုငါလည်း တရားဓမ္မာလုပ်ရရင် ကောင်းမှာဘဲ။ သူ့လို မလုပ်နိုင်သေးခင် သူ့ကိုတော့ လှူလိုက်ဦးမှပဲ၊ ပေးလိုက်ဦးမှပဲဆိုပြီး ပေးကြလှူကြတာပေ့ါ"

"ဒါဆို လူတွေဟာ စိတ်ရင်းကောင်းတယ်လို့ ပြောရမှာပေ့ါ"

"ဟုတ်တယ်။ လူတွေရဲ့ မူလစိတ်ဟာ ဖြူစင်သန့်ရှင်းတယ်၊ ရိုးသားတယ်။ ဒါပေမယ့် လောကဓံနဲ့တွေ့တော့ ဖြူစင်တဲ့စိတ်၊ သန့်ရှင်းတဲ့စိတ်၊ ရိုးသားတဲ့စိတ်တွေဟာ ပျောက်ဆုံးကုန်ကြတာပေ့ါ"

"ဟုတ်ပမလား ဘိုးဘိုးရယ်။ မူလကပါလာတဲ့ ဉာဉ်ဆိုးဆိုတာ ရှိတယ်မို့လား။ သူခိုးသား သူခိုးဖြစ်၊ ဓားပြသား ဓားပြဖြစ်တာမျိုးပေ့ါ"

"ဒီလိုကွဲ့။ ဥပမာ . . ရေဟာ မိုးပေါ်ကကျလာတဲ့အခါ ဘယ်တိုင်းပြည်မှာ ကျတဲ့ရေဖြစ်ဖြစ် ကြည်လင်နေတယ် မဟုတ်လား။ ဒါပေမယ့် နွံအိုင်ထဲကျတဲ့ရေဟာ နွံရောင်ပြောင်းသွားတယ်၊ မီးသွေးပုံထဲကျတဲ့ရေဟာ မီးသွေးရောင် ပြောင်းသွားတယ်၊ မြေနီပေါ်ကျတဲ့ရေဟာ ရေနီဖြစ်သွားတယ်၊ မြေဝါပေါ်ကျတဲ့ရေဟာ ရေဝါဖြစ်သွားတယ်။ ဒီလိုပါပဲလေ။ လူတွေဟာ တံငါသည်အိမ်မှာ လူလာဖြစ်ရင် တံငါသည်ဖြစ်ကြတယ်၊ မုဆိုးအိမ်မှာ လူလာဖြစ်တော့ မုဆိုးဖြစ်ကြရတယ်။ ဟော . . . ပြောရင်း သတိရလာပြီ။ လာ . . လာ . . အိမ်တစ်အိမ်သွားဖို့ ကျန်နေသေးတယ်"

ဘိုးသတ္တ စကားပြောရင်း ဦးစိတ္တကို သတိရသွားသည်။

"ဘယ်သူ့အိမ်လဲ ဘိုးဘိုး"

"မုဆိုးကြီး ဦးစိတ္တအိမ်ကို"

"တရားရှင် မေတ္တာသမားနဲ့ မုဆိုးကြီး တွေ့ကြမှာပေ့ါနော် ဘိုးဘိုး"

"အေး . . ဟုတ်တယ်။ ဦးစိတ္တဟာ မုဆိုးကြီးဆိုပေမယ့် ရတနာသုံးပါးကို သက်ဝင်ယုံကြည်တယ်"

"ဒါဆို ဘာကြောင့် မုဆိုးအလုပ်ကို လုပ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါက မိသားစု စားဝတ်နေရေး လေ"

"သူများအသက် မသတ်တဲ့ စီးပွားရေးလုပ်ငန်းတွေ မရှိဘူးလား"

"ဒါက တံငါနားနီးတံငါ၊ မုဆိုးနားနီးတော့ မုဆိုးပေါ့။ သူ့ဖခင်လက်ထက်ကလည်း တစ်သက်လုံး မုဆိုးအလုပ်နဲ့ အသက်မွေးသွားခဲ့ရတာပေါ့"

သူတို့နှစ်ဦး မုဆိုးကြီးဦးစိတ္တအိမ်သို့ လာခဲ့ကြသည်။ ဘိုးသတ္တမှာ ဒီမြို့လေးနှင့် ရင်းနှီးပြီးဖြစ်သော်လည်း ဒန္တကုမာရ မင်းသားလေးမှာ ဘယ်နေရာသွားသွား နေရာသစ်မို့ အသစ်အဆန်းတွေချည်းဖြစ်သည်။ ယောဂီရောင်ဝတ်ဆင်ထားသော်လည်း မိန်းမပျိုလေးများတွေ့လျှင် တစ်ယောက်မချန်အားလုံးကို လိုက်ကြည့်သည်။ သူ၏အကြည့်တွင် ကိလေသာစိတ်မပါ၊ တပ်မက်မှုမပါ။ ဟေမမာလာ မင်းသမီးလေးများ ဖြစ်နေမလားဆိုသောအတွေးနှင့် တွေ့လိုတွေ့ငြား ရှာပုံတော်ဖွင့်နေခြင်းသာ ဖြစ်ပါသည်။

စိတ္တသုခ အိမ်ကြီးပေါ်မှာတော့ ဟေမမာလာမင်းသမီးလေးက တပ်မှူးလေး နန္ဒအား သူမ၏ အတွေ့အကြုံများ တစ်လုံးမချန် ပြန်လည်ပြောပြနေသည်။ သူမ၏အဖြစ်မှာ စိတ်ပျက်ဖွယ်၊ ဝမ်းနည်းဖွယ်၊ သနားစဖွယ် ကြုံတွေ့ခဲ့ရပုံတို့ကို ပြောပြပြီးသည်နှင့် တပ်မှူးလေးနန္ဒက –

"ဒါဆို . . သခင်လေးကုမာရ မသေတာ သေချာသွားပြီပေါ့ သခင်မလေးရယ်။ ခု သတင်းရထားလို့ ရဲမက်တွေကိုလည်း မြို့တွင်းနေရာအနှံ့မှာ ရှာခိုင်းထားပြီးပါပြီ။ မကြာမီ သခင်လေးကို ပြန်တွေ့ရမှာပါ"

ထိုအချိန်တွင် အိမ်ရှေ့မှ လူခေါ်သံ ပေါ်လာသည်။

"ဟဲ့ . . မူယာတို့ သူဇာတို့ ရှိကြလားဟဲ့"

သူဇာသည် အိမ်ရှေ့ပြေးထွက်၍ –

"ဟယ် . . . ဘိုးဘိုးလာတယ် မမမူယာရေ။ ဒီမှာ ဘိုးဘိုးလာတယ်။ ဘိုးဘိုး ကျန်းမာတယ်နော်"

"ကျန်းမာပါတယ် သူဇာလေးရယ်။ သမီးဖေဖေနဲ့ မောင်ဝဏ္ဏတို့ မတွေ့ပါလား"

"ဖေဖေက တောကပါလာတဲ့ ပစ္စည်းတွေ ရောင်းရအောင် ဖောက်သည်တွေနဲ့ သွားတွေ့တယ်လေ။ ကိုဝဏ္ဏကတော့ မြို့ရောက်ရင် သိတဲ့အတိုင်း သူ့သူငယ်ချင်းတွေအိမ် သွားလေရဲ့"

ထိုအချိန်တွင် အိမ်ကြီးပေါ်မှ ဟေမမာလာ မင်းသမီးလေးက –

"တပ်မှူးလေး ဘယ်ကဧည့်သည်တွေလဲ မသိဘူး၊ ထကြည့်ပါဦး"

ဟု စေခိုင်းသည်။

တပ်မှူးလေးသည် ထိုင်ရာမှထ၍ ကြည့်လိုက်သည်နှင့် မယုံနိုင်စရာ ဘိုးသတ္တနှင့်အတူ ဒန္တကုမာရမင်းသားလေးကို မြင်လိုက်ရသဖြင့် –

"သခင်မလေး . . သခင်မလေး ဒီမှာလာကြည့်ပါဦး။ သခင်လေး ရောက်လာပြီ သခင်မလေးရဲ့"

ဟေမမာလာ မင်းသမီးလေးသည် ဒန္တကုမာရမင်းသားလေး ရောက်လာပြီဟူသော စကားကြားရသဖြင့် အပြေးကလေးလှမ်းကြွလာ၍ လေသာပြတင်းတံခါးမှ ကြည့်လိုက်သော် . . ယောဂီဝတ်စုံနှင့် ကုမာရမင်းသားလေးအား မြင်တွေ့လိုက်ရလျှင် ဝမ်းသာပီတိဖြာလျက် တုန်ယင်သောအသံဖြင့် –

"မောင် . . မောင်တော် . . မောင်တော် . . . ကုမာရ"

ဟု သံကုန်ဟစ်၍ ခေါ်လိုက်တော့သည်။

မျက်လွှာချထားသော ဒန္တကုမာရမင်းသားလေးသည် ခေါ်သံကြောင့် အိမ်ကြီးပေါ်သို့ မော့၍ကြည့်လိုက်သည်နှင့် သူမျှော်လင့်မထားသော နေရာတွင် ဟေမမာလာကို တွေ့ရသဖြင့် –

"ဟေမာ . . . ဟေမာ"

ဟုခေါ်ကာ အိမ်ကြီးပေါ်သို့ ပြေးတက်၍ သွားတော့သည်။

ထိုအချိန်တွင် ဦးစိတ္တသည် ဈေးမှ မြင်းရထားကြီးနှင့် ပြန်ရောက်လာသည်။

"ဖေဖေပြန်လာပြီ"

သူဇာက ပြော ပြောဆိုဆို မြင်းရထားအနီးသို့သွား၍ ဈေးမှ ဝယ်ယူလာသော ပစ္စည်းများ ဝိုင်းဝန်းသယ်ယူပေးသည်။ ဦးစိတ္တသည်လည်း ဘိုးသတ္တကိုတွေ့လျှင် ဝမ်းမြောက်ဝမ်းသာဖြင့် –



www.burmeseclassic.com

www.burmeseclassic.com

"ဘိုးဒဲ႔တ္တရောက်နေပါလား။ အိမ်ပေါ်ထပကြွပါခင်ဗျာ"

ဟု ဆိုကာ ဦးစိတ္တ ရှေ့မှဦးဆောင်၍ လှေကားအတိုင်း တက်လာကြသည်။ အိမ်ပေါ်ထပ်သို့ရောက်သော် –

"ဘဘနှင့်ဘိုးဘိုး ကြွကြွပါရှင်"

ဟု ဟေမမာလာမင်းသမီးက ကြိုဆိုသည်။ အားလုံးထိုင်မိလျှင် ဟေမမာလာ မင်းသမီးလေးက –

"ဘဘ . . ဒါ သမီးရဲ့သခင်လေး ဒန္တကုမာရပေါ့။ ဒါကတော့ ဒန္တပူရတပ်မှူးလေး နန္ဒပါ။ ဘဘနှင့် ဘိုးဘိုးတို့က မိတ်ဆွေတွေလား။ သမီးအနေနဲ့ ဘိုးဘိုးသတ္တကို အများကြီးကျေးဇူးတင်ပါတယ်။ သမီးနဲ့ မောင်တော်တို့ရဲ့ အသက်ဟာ ဘိုးဘိုးသတ္တနဲ့ ဘဘစိတ္တတို့ မကယ်ခဲ့ရင် မတွေးရဲအောင်ပါပဲ။ သမီးတို့မှာ ခမည်းတော်နဲ့ မယ်တော်တို့ပေးတဲ့ အသက်မရှိတော့ပါဘူး။ ဘဘနဲ့ဘိုးဘိုးတို့ပေးတဲ့ အသက်ပဲ ရှိပါတော့တယ်။ ဒါကြောင့် ဘိုးဘိုးနဲ့ဘဘ ခေတ္တညောင်စောင်းမှာထိုင်ပါ။ သမီးတို့မောင်နှံ ကန်တော့ပါရစေ"

"ဟုတ်ပါတယ် ဘိုးဘိုးနဲ့ ဘဘရယ်။ သားတို့ ကန်တော့ပါရစေ။ ဘုရားရှင်က ဂါရဝေါစ နိဝါတောစလို့ ဟောခဲ့ပါတယ်။ ဂါရဝပြုခွင့်ပေးပါ"

xxx xxx

## "သရဏဂုံ သုံးပါး"

ထိုသို့ခွင့်တောင်းလာတော့ ဘိုးသတ္တသည် ဦးစိတ္တအားကြည့်၍ –

"ဖိုးစိတ္တရေ . . ကျုပ်တို့ကို ကန်တော့မလို့တဲ့။ ကန်တော့မယ့်သူတွေက ဘုရင့်သမီးနဲ့ သမက်တော်၊ ဘုန်းရှင်ကံရှင်တွေဗျ။ ဒီတော့ ကျုပ်တို့မှာ ကန်တော့ခံနိုင်လောက်တဲ့ ဂုဏ်သတ္တိနဲ့ ပြည့်စုံဖို့လိုတယ်"

"ဘယ်လို ဂုဏ်သတ္တိတွေလဲဗျ"

ဟု ဦးစိတ္တကမေးလျှင် –

"သရဏဂုံတည်ရမယ်လေ"

ဟု ဘိုးသတ္တက ပြောလိုက်သည်နှင့် တပ်မှူးလေးက –

"ဘိုးဘိုး ကျွန်တော်တို့လည်း သရဏဂုံအကြောင်း ကောင်းကောင်းနားလည်လှတာ မဟုတ်ဘူး။ အားလုံးနားလည်အောင် ရှင်းပြပါလား"

ဟု တောင်းဆိုနေသည်။

"ဟုတ်ပါရဲ့ ဘိုးသတ္တရယ်။ ကျုပ် မှာလည်း ဗုဒ္ဓဘာသာဆိုပေမယ့် မုဆိုး ကြီးလုပ်နေရတော့ သရဏဂုံတည်မတည် သိနိုင်တာ မဟုတ်ဘူးဗျ။ ဒီတော့ သရဏဂုံအကြောင်းလေး ရှင်းပြပါဦး"

ဟု ဦးစိတ္တကလည်း တိုက်တွန်းသည်။

"သရဏဂုံနဲ့ စပ်လျဉ်းပြီး နားလည်ဖို့အချက် ခုနစ်ချက်ရှိတယ်ဗျ"

ဟု ဘိုးသတ္တက စကားစလိုက်တော့သည်။

"ဘာများပါလိမ့်"

ဟု ဦးစိတ္တက မေးလိုက်လျှင်

"(၁) သရဏ၊ (၂) သရဏဂမန၊ (၃) သရဏဂတ ဥပါသကာ၊ (၄) သရဏဂုံအပြား၊ (၅) သရဏဂုံအကျိုး၊ (၆) သရဏဂုံ ညစ်နွမ်းခြင်း၊ (၇) သရဏဂုံပျက်ခြင်းတဲ့"

"သရဏဂုံဆိုတာဘာ စ‌ဋင်းပါဦး ဘိုးသတ္တရယ်"

**(၁)သရဏဂုံ**

"ရတနာသုံးပါးသည် ကြောက်ခြင်း၊ ထိတ်လန့်ခြင်းကို ပယ်ဖျက်တတ်သောကြောင့် သရဏမည်တယ်၊ တစ်နည်း ကိုးကွယ်ရာမည်တယ်တဲ့ဗျ"

"ဘာကို ကိုးကွယ်ရာကိုလဲဗျ"

"ရတနာသုံးပါးလို့ ပါတယ်လေ။ ဘုရား၊ တရား၊ သံဃာပေါ့ဗျာ"

"ဘုရားရှင်ကို လူတို့ကိုးကွယ်တာ ဘာကြောင့်လဲဗျ"

"မြတ်စွာဘုရားရှင်ဟာ ဒီပင်္ကရာဘုရားရှင်နဲ့ တွေ့စဉ်အခါက နိဗ္ဗာန်မျက်မှောက်ပြုနိုင်လောက်တဲ့ ပါရမီဉာဏ် ရင့်သန်သော်လည်း သတ္တဝါဝေနေယျအပေါင်းအား သနားတရုဏာနှင့် ဘုရားဆုတောင်းခဲ့တယ်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော် ဖြည့်ခဲ့ရတယ်။ ဒါဟာ ဘုရားရှင်ရဲ့ သတ္တဝါတို့အပေါ် သနားခြင်း မဟာကရုဏာတော်ပေါ့ဗျာ။ ဒီလို မဟာကရုဏာရှင်မှ အားမကိုးရင် ဘာသွားအားကိုးမှာလည်း။ ဘုရားရှင်ဟာ ကျုပ်တို့ရဲ့ အားကိုးရာ ကိုးကွယ်ရာ အစစ်။ ဒါကြောင့် ကိုးကွယ်ရတာပေါ့"

"တရားတော်ကို ကိုးကွယ်ရာဆိုတာကောဗျာ"

"တရားတော်ကို ဓမ္မလို့လည်း ခေါ်တယ်ဗျ။ ဒီဓမ္မဆိုတဲ့ တရားတော်မှာ အပါယ်ဘေးမှ လွတ်လမ်းတွေ ဟောဖော်ညွှန်ပြထားတာဗျ။ သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com

တွေ လမ်းမှားကိုရှောင်၊ လင်းမှန် ရောက်အောင် ကယ်တင်နိုင်တာဟာ တရားမမှုပေါ့။ ဒါကြောင့် တရား တော်ဟာလည်း သတ္တဝါတို့ရဲ့ ကိုး ကွယ်ရာပေါ့ဗျာ”

“သံဃာတော် အရှင်သူမြတ်များ ကိုလည်း ကိုးကွယ်ရာမှာ ထည့်တာ ကောဗျာ”

“ဒါက ဒီလိုဗျ။ ခုဆိုရင် ဘုရား ရှင် ပရိနိဗ္ဗာန်ပြုတာ နှစ်ပေါင်း ၈၀၀ ကျော်ခဲ့ပြီ။ နှစ်တွေကြာလာတော့ ဘုရားရှင်ဟောခဲ့တဲ့ မမှုခေါ် တရား တော်တွေဟာ မိစ္ဆာဘုရင်တွေရဲ့ ယုတ်မာမှုကြောင့် ဖျက်ဆီးခံရတယ်။ ဒီတော့ ရဟန်းတော်များက မမှုဆိုတဲ့ အနှစ်တရားတွေကို အာဂုံဆောင်ခဲ့ ကြတယ်။ ထိုကဲ့သို့ အာဂုံဆောင် ရဟန်းတော်များကို သုတဗုဒ္ဓလို့ခေါ် တယ်။ တရားတော်များကို ထိုရဟန်း တော်များ အသက်ပေး၍ ထမ်းဆောင် ခဲ့လို့ ယနေ့တိုင် မပျောက်ကွယ်တာ။ ထိုကျေးဇူးတရားကိုသိပြီး သံဃာ တော်များကိုလည်း ကိုးကွယ်ရမယ် ပေါ့ဗျာ”

“သရဏဂုံကတော့ ရှင်းပါပြီ။ သရဏဂမနကို ဆက်ပါဦး”

**(၂) သရဏဂမန**

“သရဏဂမနကတော့ ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ရုံမျှနဲ့ မပြီးဘူးဗျ။ ဆည်းကပ်ဖို့လည်း လို တယ်။ ဟုတ်တယ်လေဗျာ။ ကိုးကွယ် ရုံမျှဆိုရင် ကုသိုလ်တော့ရပါရဲ့။ သံသ ရာက လွတ်မှာမဟုတ်ဘူး။ ဒါကြောင့် ဆည်းကပ်ရမှာ။ ဒီတော့ ရတနာသုံး ပါးရဲ့ ဂုဏ်ကျေးဇူးကြောင့် အာသဝေါ ကုန်ပျောက် နိဗ္ဗာန်ရောက်တဲ့ထိ ပို့မှာ ပေါ့ဗျာ”

“ဟုတ်ပါပြီ။ ရှင်းလည်းရှင်းပါ ပြီ။ သရဏဂတရှင်းပါဦး”

**(၃) သရဏဂတ**

“သရဏဂတကိုဆိုက်ရင် ဥပသ ကာလည်း ဖြစ်တယ်ဗျ။ အကြောင်း ကတော့ ဒီလို (၁)က ကိုးကွယ်ရာ၊ (၂)က ဆည်းကပ်ရာ၊ (၃)က မှီခိုရာ ဖြစ်တယ်”

“ဘယ်လိုမှီခိုတာလဲ”

“ရတနာသုံးပါးမှတစ်ပါး မှီခို အားထားရာ မရှိဘူးလို့ နှလုံးသွင်းတာ ပေါ့။ အဲဒီလိုမှီခိုသူကို သရဏဂတ ဥပသကာ လို့ခေါ်တယ်”

**(၄) သရဏဂုံအပြား**

“သရဏဂုံမှာ လောကီသရဏ နဲ့ လောကုတ္တရာ သရဏဂုံလို့ နှစ်မျိုးရှိ တယ်။ လောကုတ္တရာ သရဏဂုံက တည်တယ်၊ မြဲတယ်၊ အပြောင်းအလွဲ မရှိဘူး။ မဂ်ဆိုက်တာနဲ့ လောကုတ္တရာ သရဏဂုံအဆင့်ကို ရောက်ပြီလို့ မှတ် ပေတော့”

“လောကီသရဏဂုံမှာ အဆင့် လေးဆင့် ရှိတယ်လို့ ခွဲသိရမယ်။

ပထမအဆင့်– အတ္တသန္နိယျာ တန - မိမိကိုယ်ကို ရတနာသုံးပါး အား အပ်နှံခြင်း။

ဒုတိယအဆင့် – တပ္ပဒါယန တာ - ရတနာသုံးပါးသာလျှင် လဲ လျောင်းရာရှိခြင်း။

တတိယအဆင့်–သိဿဘာဂု ပဂမန- တပည့်အဖြစ်ရောက်ခြင်း။

စတုတ္ထ –ပါဏိပါတ- ရတနာ သုံးပါး၌ ပျပ်ဝပ်ခြင်းတဲ့”

“မရှင်းသေးဘူးဖြစ်နေတယ် ဘိုးသတ္တရဲ့ တစ်ခုချင်းရှင်းပြပါဦး”

“ဒီလိုပါ။ ပထမအဆင့် အတ္တ သန္နိယျတနဆိုတာ . . မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှံခြင်းဖြစ် တယ်။ ယနေ့မှစ၍ ငါသည် မြတ်စွာ ဘုရားအား အပ်နှံပါ၏၊ တရားတော် အား အပ်နှံပါ၏၊ သံဃာတော်အား အပ်နှံပါ၏။ အဲဒီလို ရတနာသုံးပါး အတွက် မိမိကိုယ်ကို စွန့်လိုက်တာ ပေါ့”

“ဒုတိယအကြောင်း ဆက်ပြော ပါဦး”

“တပ္ပဒါယနတာဆိုတာ ရတနာ သုံးပါးသာလျှင် လဲလျောင်းရာရှိခြင်း ဖြစ်တယ်။ ယနေ့မှအစပြု၍ ငါ၏ လဲလျောင်းရာသည် ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားမရှိလို့ ဆို တာပေါ့”

“တတိယ ဆက်ရှင်းပါဦးလေ”

“သိဿဘာဂုပဂမနဆိုတာ တပည့်အဖြစ်ရောက်ခြင်းဟု ဖြစ် သည်။ ယနေ့မှစ၍ ငါသည် ဘုရားရှင် ၏ တပည့်မျှသာဖြစ်သည်။ တရား တော်၏တပည့်မျှသာ ဖြစ်သည်။ သံဃာတော်၏ တပည့်မျှသာ ဖြစ် သည်။ အခြားသူ၏ တပည့်အဖြစ် မခံတော့ဘူးပေါ့ဗျာ”

“စတုတ္ထ ရှင်းပြပါဦးဗျာ”



www.burmeseclassic.com

www.burmeseclassic.com

"ပါဏိပါတဆိုတာ ရတနာသုံးပါး၌ ပျပ်ဝပ်ခြင်းတဲ့။ ယနေ့မှစ၍ ငါသည် ရတနာသုံးပါးကို ရိုသေခြင်း၊ ခရီးဦး ကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းအမှုကို ဘုရား၊ တရား၊ သံဃာတော်တို့၌သာ ပြုပါမည်။ မှတစ်ပါး မည်သည့် အတုအယောင် ဂိုဏ်းဂဏတို့အပေါ်မှ ယုံကြည်ကိုးကွယ်ခြင်းမပြုဟု ဆုံးဖြတ်တာပေါ့။ ဒီလေးပါးတို့ကို တစ်ခုခု ကျိုးပေါက်သွားခဲ့ရင် သရဏဂုံ ပြန်ယူရတယ်ဗျ"

"ဒါလောက်ဆို သဘောပေါက်ပါပြီဗျာ။ ရှေ့ဆက်ပါတော့"

**(၅)သရဏဂုံ၏ အကျိုး**

"လောကုတ္တရာ သရဏဂုံ၊ လောကီသရဏဂုံဆိုပြီး နှစ်ပါးရှိတယ်။ လောကုတ္တရာ သရဏဂုံဆိုတာ နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်ပါတယ်။ လောကီသရဏဂုံကတော့ ဘဝရဲ့ပြည့်စုံခြင်းခေါ်တဲ့ ဘဝသမ္ပတ္တိနဲ့ ပြည့်စုံခြင်း၊ ဘောဂသမ္ပတ္တိခေါ်တဲ့ လောကစည်းစိမ် ပြီးပြည့်စုံခြင်းဆိုတဲ့ အကျိုးကျေးဇူးတွေ ရနိုင်ပါသတဲ့ဗျာ"

"ကောင်းလိုက်တာဗျာ။ ရှေ့ဆက်ပါဦး"

**(၆) သရဏဂုံညစ်နွမ်းခြင်း**

"လောကုတ္တရာ သရဏဂုံသည် ညစ်နွမ်းခြင်း မရှိစေကာမူ လောကီသရဏဂုံမှာတော့ ယိမ်းလွယ်၊ ယိုင်လွယ်၊ ပျက်လွယ်သဖြင့် အကျိုးပေးရာမှာလည်း နိဗ္ဗာန်သို့ မျက်မှောက်မပြုနိုင်ပေဘူးပေါ့ဗျ"

"ကောင်းလိုက်လေဗျာ။ ရှင်းလည်း ရှင်းပါရဲ့။ ကဲ . . . နောက်ဆုံး နံပါတ်(၇) ဆက်ပါဦး"

**(၇) သရဏဂုံပျက်ခြင်း**

"လောကီသရဏဂုံ ပျက်ခြင်းမှာလည်း နှစ်မျိုးရှိပြန်ပါတယ်။ အပြစ်ရှိသော ပျက်ခြင်းနဲ့ အပြစ်မရှိသော ပျက်ခြင်းတို့ ဖြစ်တယ်။ အပြစ်မရှိသော ပျက်ခြင်းမှာ သေဆုံးသွားသဖြင့် ပျက်ခြင်းဖြစ်ပြီး အပြစ်ရှိသော ပျက်ခြင်းမှာ ကိုးကွယ်မှု မှားယွင်းခြင်း၊ ဆရာတင်မှားခြင်းတို့ကြောင့် ဖြစ်ပါတယ်တဲ့ဗျာ။ ဘာသာတရားအတွက် ဆရာရှာမမှားဖို့ အရေးကြီးတယ်ပေါ့ဗျာ"

"အခုလို ရှင်းလင်းပြတာ ကျေးဇူးတင်ပါတယ် ဘိုးသတ္တရယ်။ ကျုပ်တို့မှာ ဗုဒ္ဓဘာသာဆိုပေမယ့် ဒီလောက်ထိ အသေးစိတ် နားမလည်ခဲ့ပါဘူး"

ဟုဆိုကာ ထိုင်ရာမှထသွားပြီး ပြတင်းတံခါးမှာ ရပ်လျက် –

"ဟဲ့ . . သူဇာနဲ့မူယာ မပြီးကြသေးဘူးလား။ လာခဲ့ကြဦး သမီးတို့ရယ်"

ဟု သမီးများကို ခေါ်ယူလိုက်သောအခါ သူဇာနှင့်မူယာ ရောက်လာကြသည်။

"သမီးသူဇာ . . ဖေဖေဝယ်လာတဲ့ထဲက ရွှေကလပ်လေးပါတယ်။ သွားယူခဲ့ကွယ်"

သူဇာက ရွှေကလပ်လေးယူ၍ ဦး စိတ္တလက်သို့ ပေးအပ်လိုက်သည်။

"သခင်မလေး၊ ဒီကလပ်လေးဟာ ဘုရားရှင်ရဲ့ စွယ်တော်ကြုတ်တင်ပြီး ပူဇော်ရန်အတွက် ဖြစ်ပါတယ်။ သခင်မ လက်ခံပါ"

သခင်မလေး ဟေမမာလာသည် စွယ်တော်တင်ရန် ရွှေတလင်လေးကို ဘုရားကျောင်းဆောင်ရှေ့ စားပွဲပေါ်သို့တင်၍ ကလပ်ပေါ်တွင် မြတ်စွာဘုရားရှင်၏ စွယ်တော်ကြုတ်ကို တင်လိုက်သည်။

"သခင်မ . . စွယ်တော်ကို ကျုပ်တို့ တစ်ခါမှ မဖူးရသေးပါဘူး။ ဒါ့ကြောင့် မေတ္တာရပ်ခံပါရစေ။ စွယ်တော်ကို ကြုတ်အတွင်းက ခေတ္တထုတ်ပြီး ပူဇော်ပါရစေ"

သခင်မလေး ဟေမမာလာသည် သခင်လေးဒန္တကုမာရအား လှမ်း၍ ကြည့်နေသည်။

"ဟေမ . . စွယ်တော်ကို ဘိုးဘိုးနှင့် ဘဘတို့ကို ပူဇော်ခွင့်ပြုလိုက်ပါကွယ်။ မောင်တော်တို့လည်း နန်းတော်က ထွက်ကတည်းက မပူဇော်ရသေးဘူးမို့လား"

ဟေမမာလာသည် စွယ်တော်ကြုတ်ကိုမ၍ ရိုသေစွာ ကိုင်တွယ်ပြီးလျှင် ဖြည်းဖြည်းချင်းဖွင့်သည်နှင့် "ဟာ" ကြည့်နေသူ အားလုံးထံမှ အာမေဋိတ်သံ တစ်ပြိုင်တည်း ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

အကြောင်းမှာ ရွှေကြုတ်အတွင်းမှ တန်ခိုးတော်သခင် ဘုရားရှင်၏ ကြည်လင်ဝင်းလျှပ် စွယ်တော်မြတ်မှ မပြတ်ထောင်ချီ မြတ်ရောင်ခြည်ကြောင့် ရွှင်ကြည်မနေ ရေယာဉ်



www.burmeseclassic.com

www.burmeseclassic.com

ကြောဝယ် မျောသည့်ပမာ ရွှင်ကြည်သာဖိမ့် တသိမ့်သိမ့်တုန် ရင်ခုန်လှိုက်မော အံ့သြဘနန်း အံ့မခန်းပင် ဖူးမြင်မဝ ဖြစ်ကြရ၏။

သခင်မလေး ဟေမမာလာသည် မြတ်ဗုဒ္ဓ၏စွယ်တော်အား ဦးစိတ္တဝယ်ယူလာသော ရွှေကလပ်တွင် တင်လျက် ပီတိအပြုံးနှင့် လက်အုပ်ကလေးချီ၍ နောက်သို့ တရွေ့ရွေ့ ဆုတ်ခွာလာခဲ့ရာ မိမိနေရာသို့ရောက်မှ ရာဇကြွန်းလေးနှင့်ထိုင်၍ ဦးသုံးကြိမ်ချပြီးသောအခါတွင် နိဗ္ဗာန်ဆော် ဥပါသကာ ဘိုးသက္ကာ၏အသံပေါ် လာသည်။

"အားလုံး ဘုရားရှင်ကို သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ကြပါစို့"

ဘိုးသက္ကာ မပြောမီကပင် လူတိုင်း လက်အုပ်များချီပြီး ဖြစ်နေကြပါသည်။ ထို့နောက် ပြိုင်တူထွက်ပေါ်လာသော အသံမှာ –

"ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ၊ ဗုဒ္ဓံမြတ်စွာဘုရားကို ပူဇော်မိပူဇော်ပါ၏ဘုရား၊ ဓမ္မံ တရားတော်မြတ်ကို ပူဇော်မိပူဇော်ပါ၏ ဘုရား၊ သံဃံ သံဃာတော်မြတ်ကို ပူဇော်မိ ပူဇော်ပါ၏ ဘုရား"

ထို့နောက် ဘုရားရှင်အား ပူဇော်ခြင်းဂါထာများကို ဘိုးသက္ကာကရှေ့မှ ဆိုပေးလျှင် အားလုံးတို့သည် နောက်မှလိုက်ဆို ပူဇော်ကြပါတော့သည်။

ထိုသို့ ပူဇော်ပြီးသည်နှင့် မယာအား ဆွမ်းခူးခိုင်းပြီး ဆွမ်းကပ်လှူပူဇော်သည်။ သူဇာက တပ်မှူးလေး၏ ပန်းများကို ရွေးဆေးပြီး ပန်းအိုးတွင် ထည့်၍ ပန်းလှူပါသည်။ ဘိုးသက္ကာသည်လည်း သူ၏ လွယ်အိတ်ကြီးအတွင်းမှ အမွှေးတိုင်၊ ဖယောင်းတိုင်များယူ၍ ဆီမီးနှံသာများဖြင့် ပူဇော်ပါသည်။ ထိုသို့ပူဇော်ခြင်းအမျိုးမျိုးဖြင့် ပူဇော်၍ပြီးကြသည်နှင့် –

"ကိုင်း . . . ဘိုးဘိုးနဲ့ ဘဘ ညောင်စောင်းပေါ် ကြွပေးပါဦး။ သားတို့၊ သမီးတို့ ကန်တော့ပါရစေ"

ဟု ဟေမမာလာ သခင်မလေးက တောင်းပန်သည့်အတွက် ဘိုးသက္ကာနှင့် ဦးစိတ္တတို့နှစ်ဦး ညောင်စောင်းပေါ် မှာထိုင်၍ ကန်တော့ခံကြသည်။

ဘိုးသက္ကာနှင့် ဦးစိတ္တတို့ကလည်း လောကီစည်းစိမ်မှသည် လောကုတ္တရာ အကျိုးကျေးဇူးကို နိဗ္ဗာန်တိုင် ရရှိကြပါစေကြောင်း ဆုတွေပေးပြီးသည်နှင့် –

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဘိုးဘိုးနဲ့ ဘဘတို့"

ဟု အားလုံးက ကြည်နူးပြုံးပျော်လျက် ဦးချကန်တော့ကြပါသည်။

မြတ်စွယ်တော်မှာလည်း ရောင်ခြည်တော်ခြောက်ပါးနှင့် ပြည့်စုံနေမြဲ။ စိတ္တသုခ အိမ်ကြီးပေါ် မှာ မြတ်စွယ်တော်ပူဇော်ပွဲတွင် ဦးစိတ္တမိသားစုတို့က ယနေ့မှစ၍ ပါဏာတိပါတာ– သူတစ်ပါးအသက်ကို သတ်ခြင်းမှ၊ ပါဏုပေတံ–အသက်ထက်ဆုံး၊ ဝေရာမဏီ–အထူးရှောင်ကြဉ်ပါမည်ဟု မြတ်စွယ်တော်ရှေ့မှာ သစ္စာဆိုကြပါသည်။ အားလုံးက သာဓုသုံးကြိမ် ခေါ်၍ပြီးသည်နှင့် ပျော်ရွှင်စွာ နံနက်စာစားကြလေတော့သည်။

××× ×××

## "သိတာပူရီသို့"

ဦးစိတ္တသည် ဝတ်ဖြူစင်ကြယ်ဝတ်ဆင်၍ နေ့ညမလပ် မြတ်စွယ်တော်ရှေ့မှာပင် ဥပါသကာအဖြစ်ဆောင်ရွက်နေသလို ဘိုးသက္ကာသည်လည်း ဆီမီး၊ ရေချမ်း၊ ပန်းများ ဆက်ကပ်ရင်း စွယ်တော်ဝေယျာဝစ္စ ကုသိုလ်ပွားလျက် တစ်ခါတစ်ခါ ဦးစိတ္တနှင့် ဘာသာရေးဆွေးနွေးလျက် ရှိကြသည်။ တစ်ခါတစ်ခါ ဒန္တကုမာရမင်းသား၊ ဟေမမာလာမင်းသမီးလေးတို့ ပါဝင်၍ စွယ်တော်သိဟိုဠ်သို့ ရောက်ရှိရေး ဆွေးနွေးတိုင်ပင်ကြသည်။

မုဆိုးကြီး တစ်သက်လုံးလုပ်ခဲ့သော ဦးစိတ္တသည် မြတ်ဘုရားစွယ်တော်အား ဖူးမြင်ရပြီးနောက်မှာတော့ မုဆိုးအလုပ်ကိုစွန့်လွှတ်၍ စွယ်တော်ကြွရာနောက် တကောက်ကောက် လိုက်ပါတော့မည်ဟု ဆုံးဖြတ်၍ ရောင်းရေးဝယ်ရေး တာဝန်အားလုံးကို သားဖြစ်သူ ဝဏ္ဏအား လွှဲအပ်ထားပြီးဖြစ်သည်။

ဘိုးသက္ကာသည်လည်း စွယ်တော်မှ ခြောက်သွယ်ရောင်ခြည် ဖူးမြင်ရပြီးချိန်မှစ၍ စွယ်တော်မြတ်အနီးမှ တစ်ဖဝါးမှ မခွာတော့ပေ။ တည်းအိမ်မှာထားခဲ့သော ပစ္စည်းများကို ဒန္တကုမာရမင်းသားလေးနှင့် ဝဏ္ဏတို့ မြင်းရထားဖြင့် သွားရောက်ယူ၍ ပေးရသည်။

www.burmeseclassic.com

ဤကဲ့သို့ နေလာခဲ့ကြသည်မှ တစ်လ ကျော်ကြာလေတော့ –

"ဘိုးဘိုး . . . ကျွန်မတို့ ခရီး ဆက်ကြဖို့ သင့်ပြီနဲ့တူတယ်"

ဟု ဟေမမာလာမင်းသမီးလေး က ဆိုလာသည်။

"သွားတာတော့ သွားရမှာပေါ့။ ဒါပေမယ့် . . တပ်မှူးလေးနန္ဒဆီက အဆက်အသွယ်ရအောင်တော့ စောင့် ကြည့်ရဦးမယ်ထင်တယ်"

"ဟုတ်ပါတယ် ဘိုးဘိုး။ ကျွန် တော်လည်း အဲဒါပဲ သဘောကျ တယ်။ ကိုယ်ကကောင်းတဲ့လုပ်ငန်း လုပ်နေကြတာ မှန်ပေမယ့် မလိုသူ တွေအတွက်က ဖျက်လိုဖျက်ဆီး လုပ် ရမှာ ဝန်မလေးဘူး"

ဟု ဒန္တကုမာရမင်းသားလေးက ပြောသည်။

မှန်ပါသည်။ သီဟိုဠ်ကျွန်းသို့ စွယ်တော်ပင့်၍သွားသည်ကို မလို လားသော အုပ်စုတွေလည်း ဤစွယ် တော်မြတ်အား ဖျက်ဆီးပစ်ရန် ရှာနေ ကြသည်။

ထို့ကြောင့် သီတာပူရသွားမည့် ရက်မတိုင်မီ ကြိုတင်၍ တပ်မှူးလေး နန္ဒ၏တပ်ဖွဲ့အား ရှေ့ပြေးလွှတ်၍ လမ်းအခြေအနေ၊ နယ်မြေအခြေ အနေများ စုံစမ်းခိုင်းထားသည်။

ညတစ်ညတွင် တပ်မှူးလေးနန္ဒ ထံမှ ဆက်သားနှစ်ဦး ရောက်လာကြ သည်။ အကြောင်းမှာ လမ်းပန်းစိတ်ချ လုံခြုံမှုရှိကြောင်း၊ အသင့်ဖြစ်လျှင် ခရီးစတင်ထွက်စေလိုကြောင်း . . အကြောင်းကြားလာသည်။ ထိုသတင်း ရသည်နှင့် ဆင်များငှား၍ ခရီးထွက် ရန် ပြင်နေကြချိန် မြို့စောင့်တပ်များ ရောက်ရှိလာကြပြီး ဦးစိတ္တအိမ်ကို ပိုက်စိပ်တိုက်၍ ရှာဖွေကြသည်။

"အိမ်ရှင်ဘယ်မှာလဲ"

ထိုအခါ ဦးစိတ္တက –

"ကျုပ်အိမ်ရှင်ပါ"

"ခင်ဗျားအိမ်မှာ စွယ်တော်ရှိ တယ်လို့ကြားတယ် ဘယ်မှာလဲ"

"ဟာ . . မဟုတ်ရပါဘူး။ ဗိုလ် မင်းတို့ နားကြားလွဲပြီထင်တယ်။ ဆင် စွယ်၊ ကျားစွယ်၊ ဝက်စွယ်၊ မြွေစွယ် အားလုံးရောင်းလိုက်ပြီ ဘာစွယ်မှ မရှိဘူး"

"အဘိုးကြီး အူတူတူ မလုပ်နဲ့ နော်။ ဒါ နေပြည်တော်ကပို့တဲ့ သတင်း ဗျ။ ဘယ်မှာလဲ ဘုရားစွယ်တော်"

"ဟာ . . ခက်တော့ခက်နေပြီ။ သားရေ ဝဏ္ဏ . . မင်းဟိုနေ့က ဈေး မကိုက်လို့ မရောင်းခဲ့တဲ့ ဝက်စွယ်ကို ဗိုလ်မင်းလက် အပ်လိုက်ပါကွယ်။ ဒါမှ နေပြည်တော်က သတင်းကြားမှား တာ အားလုံးသိသွားမှာ"

ဝဏ္ဏသည် ဝက်စွယ်တစ်ချောင်း ယူလာ၍ –

"ဗိုလ်မင်း၊ ကျုပ်တို့သားဖတစ် တွေဟာ တောအထပ်ထပ် တောင် အသွယ်သွယ်သွားပြီး ကျားစွယ်၊ ဆင် စွယ်၊ ဝက်စွယ်၊ မြွေစွယ်တွေကို ရှာ တယ်။ စုတယ်။ ရလာတဲ့ အစွယ်တွေ ကို ဈေးမှာသွားရောင်းတယ်။ တကယ် တော့ ကျုပ်တို့သားအဖတွေဟာ မုဆိုးကြီးတွေပါ။ နောင်များ အစွယ် လိုခဲ့ရင်လည်း အိမ်မှာရှိတာနဲ့ ကြုံခဲ့ ရင် လာယူနိုင်ပါတယ်။ ခုတော့ ဒီဝက် စွယ်တစ်ခုတည်း ရှိတာမို့ ဒီတစ်ခုနဲ့ ကျေနပ်ကြပါ"

လုံခြုံရေးတပ်မှ ဗိုလ်မင်းသည် ဇဝေဇဝါဖြင့် မြင်းများစီး၍ ပြန်သွား လေ၏။

"ဘိုးသက္ကာ ဒီည ခရီးထွက်မှဖြစ် မယ်။ ဒီဗိုလ်မင်းကို အထက်အရာရှိ တွေက ဆူဆူပူပူလုပ်ရင် သေချာ ပေါက် ပြန်လာမှာဗျ"

"ဟုတ်တယ် . . ဖိုးစိတ္တရေ။ ကိုင်း . . အားလုံး ဒီညခရီးထွက် မယ်။ ဆင်တွေပေါ် ပစ္စည်းတင်ကြပေ တော့"

ဘိုးသက္ကာသည် ဦးစိတ္တအား ပြောဆိုနေရင်း အားလုံးကို တစ် ဆက်တည်းပြောလိုက်ခြင်း ဖြစ်သည်။

သူတို့ ခရီးစထွက်လာကြတော့ လဆုတ် ၈ ရက်။ လထွက်ပေါ်စပြု နေပေပြီ။ ဆင်များပေါ် ပစ္စည်းများ တင်လျက် လူတချို့လိုက်စေ၍ တချို့ လူများမှာ မြင်းတွေနှင့် နောက်မှလိုက် ကြသည်။ သူတို့အဖွဲ့တွင် ဘိုးသက္ကာ၊ ဦးစိတ္တ၊ ဒန္တကုမာရ၊ ဟေမမာလာ၊ မယာ၊ သူဇာနှင့် အထောက်တော်နှစ် ဦးတို့ ပါဝင်သည်။ ဝဏ္ဏကတော့ မလိုက်ခဲ့ပေ . . ။ စိတ္တသုခခြံကြီးမှာ အစောင့်အဖြစ်နေခဲ့ရသည်။

လရေးရေးအောက် ဆင်မြင်း တို့ ခပ်သုတ်သုတ်လေးလှမ်း၍ ခရီး နှင်ခဲ့ကြသည်။ တောင်တက်တောင် ဆင်းနည်းသေးသဖြင့် ခရီးတွင်သည်။ လေပြည်လေး တဖြူးဖြူးမို့ ခရီးသွား ရသည်မှာ ပျော်ရွှင်ဖွယ်ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com

ညချမ်းဖြစ်သည်။ သူတို့ခရီးထွက်၍ လာခဲ့ကြရာ တစ်ယူဇနာလောက် ခရီးပေါက်ချိန်လောက်တွင် မြို့စောင့်တပ်များ စိတ္တသုခခြံကြီးကို ဝိုင်းထားလိုက်ပါသည်။

ရဲမက်များ ခြံတွင်းသို့ တံခါးကို ကျော်၍ ဝင်ရောက်ရှာဖွေကြရာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ကြရတော့ပေ။ ခရီးထွက်သွားကြပြီဟု သိလိုက်ကြသည်နှင့် အခါတိုင်း ဦးစိတ္တတို့ မုဆိုးလိုက်သွားတတ်သော ဂေါဒဝရီမြစ်ကြီးရှိရာ အရပ်ဆီသို့ မြို့စောင့်တပ်များ ချီတက်သွားတော့သည်။

××× ×××

## "ဟနုမာနှင့် ယက္ခ"

ဒုနကတက မြို့ဝန်မင်းကြီး ဟနုမာသည် လက်နှစ်ဖက် နောက်သို့ပစ်၍ အိမ်တော်ရှေ့ မြေကွက်လပ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း တစ်ခါတစ်ခါ တောက်ခေါက်လိုက်၊ တစ်ခါတစ်ခါ အံကြိတ်လိုက်နှင့် ဒေါသအမျက် ခြောင်းခြောင်းထွက်နေပါသည်။ ထိုအချိန်တွင် ဗိုလ်ယက္ခ ဦးဆောင်သော မြင်းစီးတပ်ဖွဲ့သည် မြို့ဝန်မင်း အိမ်ဝင်းထဲသို့ မြင်းများ ဒုန်းစိုင်း၍ ဝင်လာကြသည်။ ယက္ခသည် မြင်းပေါ်မှ ခုန်ဆင်း၍ မြို့ဝန်မင်းရှေ့မှောက် ဒူးထောက်ခစားသည်နှင့် . .

"ဘယ်လိုလဲ ယက္ခ၊ ခု မင်းဖြစ်နေပုံက ယုန်တောင်ပြေး ခွေးနောက်လိုက်ဆိုသလို ဖြစ်နေပြီမို့လား"

"မှန်လှပါ။ ဦးစိတ္တတို့ ဂေါဒဝရီဘက်ကို မလာဘူးဆိုတဲ့ ခိုင်လုံတဲ့ သတင်းရလို့ လမ်းက လှည့်ပြန်ခဲ့ရကြောင်းပါ မြို့ဝန်မင်း"

"စိတ္တသား ဝဏ္ဏကို မင်းတို့ မဖမ်းမိဘူးမို့လား"

"ဝဏ္ဏလည်း . . ပျောက်သွားကြောင်းပါ"

"ကောင်းတယ်၊ ကောင်းတယ်။ မင်းဟာ ဘုရင်မင်းမြတ်ရှေ့မှာ မျက်နှာလိုမျက်နှာရ လုပ်တတ်တာကလွဲလို့ ဘာမှကို အားမကိုးလောက်တဲ့ နွားဦးနှောက်နဲ့ကောင်။ ဘယ်သွားသွား လူစုလူဝေးနဲ့မှ သွားတတ်တဲ့ နောက်လိုက်အားကိုးတဲ့ကောင်။ လူစုခွဲလိုက်ဖို့ မစဉ်းစားဘူး။ သူတို့အုပ်စုအင်အားဘယ်လောက်ရှိတယ်ဆိုတာ မင်းစုံစမ်းလို့ ရသလောက်ပြောစမ်း"

"မှန်လှပါ။ ဦးစိတ္တတို့သားအဖ စုစုပေါင်းလေးယောက်၊ သတ္တတို့ ဆရာတပည့်နှစ်ယောက်၊ မျက်နှာစိမ်းမိန်းကလေးတစ်ယောက်၊ ဆင် . . ဆင်"

"တော်တော့ယက္ခ မင်းသိတာ ဒါအကုန်မို့လား"

"မှန် . . . မှန်လှပါ"

"ဒီမှာယက္ခ သူတို့ကို ကယ်ထုတ်သွားတာ မြို့ပြင်မှာရှိတဲ့ နန္ဒဝန်ပန်းခြံကြီးကလူတွေကွ သိရဲ့လား"

ယက္ခမျက်လုံးပြူးသွားသည်။ သူကိုယ်တိုင် နန္ဒဝန်ဥယျာဉ်ကြီးသို့ မကြာမကြာ ရောက်ဖြစ်ခဲ့ပါသည်။ ခြံပိုင်ရှင် နန္ဒနှင့်လည်း ရင်းနှီးခဲ့ပါသည်။ သို့သော် သူတို့တစ်တွေ သားမယားမရှိ ဘာမရှိနှင့် အလုပ်ကို ကြိုးစားလုပ်ကိုင်နေသူများဟု ရိုးသားစွာ တွေ့ခဲ့ခြင်းမျှသာ ခုတော့။

"ယက္ခ . . သူတို့ သိတာပူရိဘက်ကို သွားကြတာလို့ ငါသတင်းအတိအကျ ရထားတယ်။ ဒီတစ်ခါ ငါကိုယ်တိုင်လိုက်မယ်။ မင်းတို့ ထမင်းအမြန်စားပါ။ ပြီးတာနှင့် ငါတို့လိုက်ကြမယ်"

ယက္ခတို့သည် သခင်မြို့ဝန်၏ ဆူပူကြိမ်းမောင်းခြင်းခံရသဖြင့် ထမင်းစားတာ ဘာဟင်းနှင့်စား၍ ဘယ်လိုပြီးသွားမှန်းပင် မသိလိုက်ပါ။ ဟနုမာ၏ အလျှင်စလိုနိုင်မှုကြောင့် ပြီးတာနှင့် မြင်းပေါ်တက်၍ ခရီးထွက်ခဲ့ကြရပါသည်။ မြို့ဝန်မင်းသည် မျောက်တစ်ကောင်လို ပေါ့ပါးသွက်လက်သူဖြစ်သဖြင့် ဟနုမာအမည်တွင်ခဲ့သည်။

ထို့အတူ ယက္ခမှာလည်း ဘီလူးကြီးတစ်ကောင်လို ခန္ဓာကိုယ်ကြီး တုတ်ခိုင်ကြီးမားပြီး၊ မုတ်ဆိတ်ကျင်စွယ်များ ထူထပ်သဖြင့် သူ့ကို ယက္ခဟု ခေါ်ခဲ့ကြခြင်း ဖြစ်သည်။

ရန်သူဆို ဗိုလ်မထားသော ယက္ခနှင့် ဟနုမာတို့ဦးဆောင်သော ဒုနကတကမြို့ဝန်မင်းရဲ့ တပ်ကြီးသည် ဒန္တကုမာရမင်းသားနှင့် ဟေမမာလာတို့ သွားကြသော သိတာပူရိလမ်းအတိုင်း မြင်းများကို ဒုန်းစိုင်းလျက် လိုက်ပါသွားကြတော့သည်။


(ဆက်လက်ဖော်ပြပါမည်။)

✱ မောင်ယဉ်မှုန် (မောင်ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com



မူလနန်းသွင်းစေတီတော်ကုန်းတော်ကို နန်းမြို့ရိုးများ ဝန်းရံတည်ဆောက်လျက် ရွှေနန်းသွင်းဘုရားကြီး ကိန်းဝပ်တော်မူစဉ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီလမ်းမကြီး လက်လုပ်တောင်တောရ

# ထူးထွေဆန်းကြယ် အံ့ဖွယ်ဘနန်း လွန်ထူးဆန်းသည့် မြန်မာ့နိုင်ငံရေး၊ မြန်မာ့ငြိမ်းချမ်းရေး၊ မြန်မာ့လွတ်မြောက်ရေးဘုရား ရှေးဟောင်း သမိုင်းဝင် ရွှေနန်းသွင်း စေတီတော်မြတ်ကြီး

ဟံသာဝတီ - ဦးအုန်းကြိုင်

လွန်ခဲ့သော တစ်ပါတ်ခန့်က နေပြည်တော် ရိုင်ရယ်အေစီအီး ဟိုတယ်အခန်းအမှတ် ၁၆၄၃ ထဲတွင် မင်္ဂလာအခမ်းအနားတက်ရန် အဝတ်အစား လဲနေစဉ် တယ်လီဖုန်းမြည်လာခဲ့သည်။


တစ်ခါမှ ဆက်ခြင်းမရှိသော သူတစ်ဦးဖြစ်သည်။

ဆရာကြီး ဟံသာဝတီဦးအုန်းကြိုင် ဖြစ်သည်။ ဟံသာဝတီဦးအုန်းကြိုင်သည် အင်းစိန်ဇာတိ၊ တစ်ခါက စာပေလုပ်သား ပုံနှိပ်စက်တွင် တာဝန်ခံလုပ်ခဲ့သည်။ အင်းစိန်ဦးဝင်းနိုင်၏ အစ်ကို၊ အင်းစိန်မြို့နယ် စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင်(စာရေးဆရာ လှမိုးနိုင်)၏ ဦးလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးသည် အသက်(၇၆) နှစ်ရှိပြီး ကန်တော့ခံ စာပေပညာရှင်တစ်ဦး။ သူက သတင်းတစ်ခုပေးသည်။

နေပြည်တော် ပုဗ္ဗသီရိရပ်တွင်ရှိသော ရွှေနန်းသွင်းစေတီသမိုင်းကြောင်း သုတေသနပြုပြီးသဖြင့် ကျွန်တော့်ကို ပေးရန်ဟု ပြောသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ယမန်နေ့ညက ဥပ္ပါတသန္တိစေတီကြီးမှ အပြန် လက်လုပ်တောင်နေရာကို ဖြတ်လာခဲ့သည်။ ထို လက်လုပ်တောင်ပေါ်တွင်တည်ရှိသော ရွှေနန်းသွင်းစေတီသည် ကျွန်တော် စိတ်ဝင်စားနေသည်မှာကြာပြီ။

အကြောင်းမှာ ဘုန်းရောင်ဂျာနယ်တွင်ဖော်ပြနေသော ဘုန်းသမ္ဘာတောက်စေရန် အစီအမံများနှင့် ပတ်သက်နေသောကြောင့် ဖြစ်သည်။

ကျွန်တော်တို့ မိသားစုလည်း မင်္ဂလာပွဲအပြီး နေ့လယ် ၃ နာရီတွင် ထိုရွှေနန်းသွင်းစေတီကို ရောက်ခဲ့သည်။ ဖူးခဲ့သည်။ ဓာတ်ပုံများ ရိုက်ခဲ့သည်။

ယခု ဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင် ရေးထားသော အကြောင်းအရာတို့သည် ကျွန်တော်ဖူးတွေ့ခဲ့သော သိခဲ့ရသော အကြောင်းအရာများနှင့် ထပ်တူဖြစ်နေသည်ဟုဆိုရပါလျှင် . . .

*မောင်မောင်မြင့်အေး*

***   ***   ***

"အခု ဒီနန်းသွင်းစေတီတော်ဟာ ရတနာပုံ မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီး အဓိဋ္ဌာန်ပြုပြီး အထူးဂရုတစိုက် တည်ထားခဲ့တဲ့ မြန်မာ့သမိုင်းဝင် နိုင်ငံရေးဘုရား။ နိုင်ငံတော်ငြိမ်းချမ်းရေးဘုရား။ နိုင်ငံတော်လွတ်မြောက်ရေးဘုရား ဖြစ်တယ် . . ."

"ဘယ့်နှယ်လဲဗျာ၊ နန်းသွင်းစေတီတော်ကြီးတို့၊ သာသနာ့မဏ္ဍိုင်၊ ကမ္ဘာ့မဏ္ဍိုင်၊ မြန်မာ့မဏ္ဍိုင်တို့တည်ရှိနေတဲ့နေရာလေ။"

(မှန်လှပါဘုရား) လွန်ခဲ့တဲ့ အနှစ်(၂၀)ကျော် ၁၃၅၃ (၁၉၉၁) ခုနှစ်က ဆရာတော်ဘုရား မိန့်ခဲ့ဘူးတာ၊ ဒီနေရာ မြို့လယ်ခေါင်ဖြစ်မှာ၊ မမြင်စဖူး၊ မတွေ့စဖူး၊ မကြုံစဖူး၊ မကြားစဖူး၊ ကိုယ်တိုင်မြင်ကြတွေ့ကြရမယ်၊ ကြက်ပျံမကျ စည်ကားတဲ့ မင်းနေပြည် မြို့ကြီး ပြကြီး တည်လိမ့်မယ်လို့ ဆရာတော်ဘုရားမိန့်ခဲ့ဘူးတဲ့အတိုင်း အခုတော့ နေပြည်တော် မြို့တော်ကြီး ဖြစ်လို့နေပါပြီဘုရား . . ."

"အေးလေ . . ဒါကတော့ သာသနာ့မဏ္ဍိုင်၊ ကမ္ဘာ့မဏ္ဍိုင်၊ မြန်မာ့မဏ္ဍိုင်တို့တည်ရှိတဲ့နေရာကိုးဗျာ၊ ရှေ့လျှောက် ဒီ့ထက်ပိုလို့ ထူးခြားဦးမဗျာ့"

[မုံရွာမြို့အနောက်ဖက် ၁၆၄ မိုင်အကွာရှိ မဟာမြိုင်တောကြီးအတွင်း အရညကင် ဓုတင် ဆောက်တည်နေတော်မူခဲ့သော မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီ ဥဿျှဓမ္မသာမိ မဟာထေရ် မိန့်ဆိုတော်မူခဲ့သော နိမိတ်ကြား စကားတော်များမှ ကောက်နုတ်တင်ပြချက်များဖြစ်ပါသည်]

***   ***   ***

### အပိုင်း (၁)


**ထူးခြားဆန်းကြယ် စိတ်ဝင်စားဖွယ်သမိုင်းအစ**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီလမ်းမကြီး သပြေတန်းကျေးရွာ



www.burmeseclassic.com

www.burmeseclassic.com





အနီးရှိ လက်လုပ်တောင် တောရတောင်ကုန်းပေါ်တွင် တည်ထားသော "ရွှေနန်းသွင်း စေတီတော်မြတ်ကြီး" သည် ရေးကုန်းဘောင် ခေတ်ဦးကာလက စတင်တည်ထားခဲ့ပြီး မန္တလေး ရတနာပုံနေပြည်တော် မြို့တည်နန်းတည် ပဉ္စမ သံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး အပါအဝင် ခေတ်အဆက်ဆက် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ ပြုပြင်မွမ်းမံ တည်လုပ်ခဲ့ကြပြီးသည့်နောက် ယခုခေတ် နေပြည်တော်မြို့တော်ကြီးတည်ခဲ့ကြသည့် မျက်မှောက်ကာလတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့် သားသမီးမြေးတစ်စုတို့ ကုသိုလ်ပြုလျက် "ရွှေနန်းသွင်းရုပ်ပွားကြေးဆင်းတုတော်မြတ်ကြီး" တစ်ဆူနှင့် ရွှေဆင်းတု၊ ငွေဆင်းတုတော်များ ရွှေလောင်း၊ ငွေလောင်းတော်များ၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေကုက္ကား၊ ငွေကုက္ကား စသည် အခြံအရံ ပရိမာ ရုပ်ပွားတော်များကို ၁၃၇၂ ခု၊ သီတင်းကျွတ်လပြည့် (၂၃-၁၀-၂၀၁၀) အဘိဓမ္မာအခါတော်နေ့တွင် စေတီတော် မြောက်ဖက်မုခ်ဦး အာရုံခံတန်ဆောင်း၌ ကျောင်းဆောင်နှင့်တကွ တင်လှူပူဇော်ခဲ့ကြပါသည်။

**တပ်မတော်သားတို့၏ ကုသိုလ်တော်**

၁၃၇၃ ခုနှစ်၊ ခရစ် ၂၀၁၁ ခုနှစ်တွင် တစ်ဖန် တပ်မတော် အကြီးအကဲ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်




www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီး (နောင်မကြာမီ ဗိုလ်ချုပ်မှူးကြီး)မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ ဦးစီး ဦးဆောင်ပြု၍ တပ်မတော်အကြီးအကဲများ၊ တပ်မတော်သားမိသားစုများနှင့်တကွ အများပြည်သူကုသိုလ်ရှင်များ စုပေါင်းပါဝင်ကြလျက် ရွှေနန်းသွင်းစေတီတော်မြတ်ကြီးကို ခေတ်နှင့်လျော်စွာ တစ်နည်း၊ သမိုင်းနှင့်လျော်စွာ၊ ဘက်စုံအလှူပြုပြင်မွမ်းမံတည်လုပ်ကြပြီးနောက် ရွှေထီးတော်အသစ်များ တင်လှူ ပူဇော်ခဲ့ကြပါသည်။

ရွှေနန်းသွင်း စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ခရစ် ၂၀၁၁ ခုစက်တင်ဘာလ ၂၉ ရက်နေ့က အဆိုပါ ရွှေနန်းသွင်း စေတီတော်မြတ်ကြီးကုန်းတော်ရင်ပြင်တွင် ဆင်ယင်ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး (ယခု ဗိုလ်ချုပ်မှူးကြီး) မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်တကွ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်ကြီး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယ ဗိုလ်ချုပ်ကြီး (ယခုဗိုလ်ချုပ်ကြီး) လှဌေးဝင်း နှင့် ဇနီးဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညွှထ်ထွန်း (ယခု ဒုတိယသမ္မတဦးညွှန့်ထွန်း) နှင့်



ဇနီးဒေါ်ခင်အေးမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး နှင့်ဇနီး၊ ကြည်း၊ ရေ၊ လေတပ်မတော်သားများ၊ ၎င်းတို့၏ ဇနီးများ တက်ရောက်ကြပါသည်။

နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင်တောရ စာသင်တိုက် ပဓာန နာယကဆရာတော်၊ အဘိဓေ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်များက ရွှေနန်းသွင်းစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ၁၃၇၃ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်(၂-၁၁-၂၀၁၁) နေ့တွင် လက်လုပ်တောင်တောရ ရွှေနန်းသွင်းစေတီတော် ကုန်းတော်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်တွင် မော်ဘီ ဗောဓိရိပ်ငြိမ်တောရဆရာတော် ဗုဒ္ဓေါရသ အရှင်ကုဏ္ဍစရိယအမှူးပြုသော ပုရိမဝါမှ ထတော်မူကြကုန်သော သံဃာတော်များနှင့်ပင့်သံဃာတော် အရှင်မြတ်တို့အား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့်တကွ တပ်မတော် အကြီးအကဲ မိသားစုများက ကထိန်လှူ သင်္ကန်းဆက်ကပ် လှူဒါန်းကြသည့် ကထိန်အလှူတော်မင်္ဂလာကို ဆင်ယင်ကျင်းပကြသည်။

ဆက်ပါဦးမည်...

ဟံသာဝတီ

**ဦးအုန်းကြိုင်**

www.burmeseclassic.com

www.burmeseclassic.com



# အပြစ်အကုသိုလ်ကား

## ရေချိုးရေစိမ် မပျောက်ပေ

■ ရေကျော်စိုးအောင်

အမှန်စင်စစ် အမျိုးနှင့် မဆိုင်။ သာဝတ္ထိပြည်အလုံး အုန်းအုန်းကျွက်ကျွက် ဥက္ကောဋ္ဌေယျ ပြဿနာသည်ကား သပေါက်မလေး ပုဏ္ဏိကာက ဆရာပဏ္ဍိတ်ကြီး သောတ္ထိယအား တရားဟော၍ သာသနာ့ဘောင်ဝင်သဖြင့် ရဟန္တာဖြစ်သွားသည့် သတင်းပင်ဖြစ်၏။

လောက၏ သဘာဝအခြေအနေနှင့် ကြည့်၍ တိုင်းထွာရလျှင် သောတ္ထိယဆရာကြီးနှင့် ပုဏ္ဏိကာမှာ မဟာသမုဒ္ဒရာနှင့် ကျွဲခြေရာခွက်၊ ဂီရိဗဟိုမြင်းမိုရ်နှင့် ခြံတောင်ပို့အလား ဆိုဖွယ်ရှိသည်။ အမျိုးအမြင့်မြတ်ဆုံးဟု ဆိုရသည့် ဗြဟ္မဏအနွယ်ဝင်နှင့် အယုတ်အနိမ့်ဆုံးသော သပေါက်မလေး၊ ပညာဉာဏ်ကြီးသော ဆရာပဏ္ဍိတ်ကြီးနှင့် အညာရေအမျိုးသမီးတို့၏ ဇာတ်လမ်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်တရားသည် မျိုးရိုးဇာတိနှင့် မဆိုင်၊ လောကီပညာနှင့်လည်း မပတ်သက်။ သာဝတ္ထိပြည်ရှင်း အနှံ့အပြား ထိုခေတ်ထိုအခါက ရေပန်းစားနေသည့် သတင်းတစ်ရပ် ဖြစ်ခဲ့ခြင်းက ပုဏ္ဏိကထေရီ အပဒါန်ဇာတ်ကြောင်းက ပြဆိုနေသည်က အမှန်ပင်ဖြစ်ပေတော့သည်။

နေရာဌာနကား သာဝတ္ထိ၊ ကာလကား မိုးသောက်အရုဏ်။ ရာသီကား အအေးဓာတ်လွှမ်းကဲနေသည့် ဟေမန္တ။ မြစ်ရေတို့သည် အအေးလွန်၍ စေးထန်းထန်း။ သစ်ပင်ကြီးငယ်တို့၏ ထိပ်ဖျားထက်ဝယ် ဆီးနှင်းခဲများ နေရာယူထားကြ၍ ကျေးငှက်သာရကာတို့ပင် ကျီကျီကျာကျာ မရှိကြဘဲ ရာသီဥတုဒဏ် လည်စင်းခံနေရချိန်လည်း ဖြစ်သည်။

အေးမြသည့် သည်ဥတု သည် ရာသီမျိုးမှာ ပါးလွှာသော အဝတ်ကို ဝတ်ဆင်ပြီး ခေါင်းပေါ်တွင် ကြေးအိုးကြေးခွက်များထည့်ထားသည့်တောင်းကို ရွက်လာရသူကား ပုဏ္ဏိကာမလေးဖြစ်၏။ ပုဏ္ဏိကာအမည်သည် ပြည့်စုံခြင်း အဓိပ္ပာယ်ရ၏။ အဘယ်အခြင်းအရာများ ပြည့်စုံပါသနည်း။ ရူပကာယလော၊ စိတ်ဘောဂလော ဘာမျှမဟုတ်။ ဆင်းရဲခြင်း သရုပ်ဆောင်းနေရသည့်ဘဝ၊ ပြည့်စုံနေရသူကလေးမျှသာ ဖြစ်သည်။

အနာထပိဏ် သူဌေးကြီးအိမ်တွင် အစေခံ ကျွန်မိန်းမနှင့် ကျွန်ယောက်ျားတို့မှ မွေးဖွားသည့်သပေါက်တို့၏ အရေအတွက် ကိုးဆယ့်ကိုးယောက် ရှိနေချိန်မှာ အိုးခွက်ဆိုင်ရာကုမ္ဘာဒါသီ အမည်ရှိ ကျွန်မက သမီးကလေးတစ်ယောက်မွေးဖွားပေးလိုက်၏။ သူက ကျွန်ကမွေးသည့် သူဌေး၏ သပေါက်မကလေးမျှသာတည်း။

သူမ၏တာဝန်ကား တစ်အိမ်လုံးရှိ အိုးခွက်ပန်းကန် စားအိုးစားခွက်မှန်သမျှ နေပူသည်ဖြစ်စေ၊ ချမ်းအေးသည်ဖြစ်စေ မိုးလင်းမိုးချုပ် ဆေးကြောရ၏။ ကျွန်အမှုလုပ်ခေါင်းဆောင်ကြီးသည့် တာဝန်နှင့် စပ်လျဉ်း၍ မာန်မဲကြိမ်းမောင်း ဆဲဆိုခြင်းကို မိဘနှစ်ပါးနှင့် သူမပါ ငြိမ်ဝပ်ပိပြား ဝတ္တရားကျေပွန်ရမည်ကို ဘဝပေးအသိဖြင့် သိရှိနားလည်ထားရှာသူကလေးဖြစ်၏။

အေးချမ်းလှသည့် မြစ်ရေတွင် အိုးခွက်များကို ဆေးကြောရန် တေးသံကလေး တညည်းညည်းဖြင့် ထုတ်ယူလိုက်သည်။ သူမ၏ အတွေးပင်လယ်ပြင်မှာ . . .

"ဩော် . . . သည်ကြေးခွက်တွေမှာ ပူစရာရှိလည်း အလွန်ပူမှာဖြစ်သလို၊ အေးစရာရှိလည်း အေးမည့် သတ္တိမျိုးပဲ။ ဒါကို အဖိုးထိုက်အဖိုးတန်လုပ်လို့။ ငါဆို ငှက်ပျောဖက်နှင့် စားမယ်"

ဟူသည့် အတွေးပင်ဖြစ်၏။ အတွေးတစ်ခုဖြစ်ပေါ်လာရသည်။ ရေပေါ်မှ အငွေ့များပင် ဖြစ်သည်။

"အင်း . . . အငွေ့ဆိုတဲ့ အငွေ့များမှာ အပူကြောင့်သာ မဟုတ်၊ အအေးကြောင့်၊ အအေးလွန်မှုကြောင့်လည်း ထွက်တတ်သည်။ အငွေ့ဆိုတာ တေဇော၊ ဥဏှတေဇော၊ သီတတေဇော အပူအငွေ့။ ဒါတွေဟာ မြတ်ဗုဒ္ဓရဲ့ အဘိဓမ္မာ တရားတွေသာ ဖြစ်သည်"ဟူ၍ အတွေးနောက်နေခဲ့ရရှာသည်။ အမှန်စင်စစ် ပုဏ္ဏကာရီသည် ဗုဒ္ဓတရားတော်ကို အမြဲနာကြားနေပုံရသည့် တရားဓာတ်ခံ အပြည့်အဝ ရှိထားသူကလေးလည်း ဖြစ်၏။

အအေးနှင့် အပူတို့သည် ထာဝရ တည်တံ့နေသည် မဟုတ်ဟူသော အသိဉာဏ်ရလိုက်သည်နှင့် အအေးဒဏ်ကို မတုန်မလှုပ် ခံနိုင်ရည်ရှိလာပြီး သွက်သွက်လက်လက် ကြေးအိုးကြေးခွက်များ စောလျင်စွာ ဆေးကြောနိုင်တော့သည်။

အေးချမ်းစိမ့်အေးနေသည့် အခါသမယတွင် ကမ်းနားသို့ လူတစ်ယောက် ဆင်းလာသည်ကို သူမတွေ့လိုက်ရသည်။ ဆင်းလာသူမှာ ခမ်းကိုယ်လုံးတုန်လျက် ခပ်မြန်မြန်လှမ်း

"မသိလို့ပါ ဆရာကြီးရေ။
ဒီလောက်ချမ်းအေးရတဲ့
အထဲ ဆရာကြီး
ဘာလို့ရေလာစိမ်နေသလဲ။
ကျွန်မက
အထက်လူကြီးတွေ
ရိုက်မှာကြောက်လို့
မလုပ်ချင်ဘဲ
လာလုပ်နေရတာ။
ဆရာကြီးက
ဘယ်သူ့ကြောက်လို့လဲ"
ဟု အရိုးခံအတိုင်း
မေးရှာ၏။

www.burmeseclassic.com

နေ၏။ ခြေတို့ဖြင့် ရေကို စမ်းကြည့်နေသည်။ ရေသည်အေးစိမ့်နေ၍ နောက်တစ်လှမ်းပြန်ဆုတ်၏။ နှုတ်မှလည်း တစ်စုံတစ်ရာ ရေရွတ်နေသည်ကိုလည်း တွေ့ရသည်။

ထိုပုဂ္ဂိုလ်၏ခါးမှ ချည်စလွယ်မြင်ရသည်နှင့် ဗြဟ္မဏတစ်ဦးမှန်း သိလိုက်ရသည်။ မြစ်ရေစိမ်နေခိုက် မေးဖျားမှာ တတွတ်တွတ် ရွတ်နေသည်မို့ ရယ်ရွှင်ဖွယ်မြင်ကွင်း ဖြစ်နေ၍ ပုဏ္ဏိကာက ခစ်ခနဲရယ်ပြီး ...

"ဆရာကြီး သောတ္ထိယ"ဟု အသံပြုလိုက်ရာ

"ဘယ်သူလဲ"ဟု ပြန်မေးသံကပင် ရယ်စရာဖြစ်နေ၏။

"ကျွန်မ ပုဏ္ဏိကာပါ"

"သိပ်ချမ်းသလား ဆရာကြီး။ ကျွန်မတော့ မချမ်းဘဲ"ဟု ဆက်ကျီစယ်ခဲ့၏။

"ကျွန်ကမွေးတဲ့ သပေါက်မကငါ့ကို ငယ်ပေါင်းကြီးဖော် မှတ်နေသလား"ဟု အပြန်အလှန် ပြောဆိုနေခဲ့ကြ၏။

"မသိလို့ပါ ဆရာကြီးရေ။ ဒီလောက်ချမ်းအေးရတဲ့အထဲ ဆရာကြီးဘာလို့ ရေလာစိမ်နေသလဲ။ ကျွန်မကအထက်လူကြီးတွေ ရိုက်မှာကြောက်လို့ မလုပ်ချင်ဘဲ လာလုပ်နေရတာ။ ဆရာကြီးက ဘယ်သူ့ကြောက်လို့လဲ" ဟု အရိုးခံအတိုင်း မေးရှာ၏။

"ပုဏ္ဏိကာ၊ တို့ဗြဟ္မအချို့ဟာ မကောင်းမှုကံတွေ ကင်းကွာသန့်စင်ရအောင် ရေချိုးရေစိမ်ရတယ် ...။ မကောင်းတဲ့အပြစ်တွေ လုပ်ခဲ့သမျှ ရေနဲ့ဆေးကြောလိုက်ရင် ကင်းကွာသွားတယ်။ လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် နံနက်စောစော ရေစိမ်ရေချိုးရတယ်။ နင်လည်း အပြစ်တွေများလှပြီ။ ရေဆင်းချိုးလိုက်"

"နေပါစေ ဆရာကြီး။ ရှိပါစေတော့"

ဟု ပုဏ္ဏာကာရီက ပြန်ပြောပြပြီး

"ဆရာကြီးပြောသလို မကောင်းမှုတွေကို ရေနဲ့ဆေးကြောလို့ရရင် အမြဲရေစိမ်နေတဲ့ ဖား၊ လိပ်၊ နဂါး၊ မိကျောင်းတွေနဲ့ အမြဲအကုသိုလ်လုပ်နေတဲ့ သားသတ်သမား၊ တံငါ၊ သူခိုးဓားပြ၊ လူသတ်သမားတွေရဲ့ မကောင်းမှုတွေ ကင်းပပြီး ရေချိုးကြလို့ နတ်သား၊ နတ်သမီးတွေဖြစ်ပြီး နတ်ပြည်ရောက်သွားကြပြီပေါ့"

"ဆရာကြီးရဲ့ မကောင်းမှုတွေ ရေစိမ်လို့ ပျောက်သွားရင် ကောင်းမှုတွေပါ ရေမျောသွားမှာ ဖြစ်ပါတယ်"

"ရေဟာ ရေပါပဲ။ ကြေးအိုး၊ ကြေးခွက်တွေရဲ့ အညစ်အကြေးတွေသာမက ကျွန်မလိမ်းကျံထားတဲ့ အမွှေးအကြိုင်တွေပါ ရေထဲပါသွားတာ ဆရာကြီးအပြစ် ဖြစ်ပါတယ်"

"ဒီမြစ်ရေဟာ ဒိုက်သရော အညစ်အကြေးတို့တွင်သာမက မြစ်ကမ်းပါးက စေတီပုထိုးများကိုလည်း ပျက်စီးသွားတတ်ပါတယ်"

ထိုအခါမှ ပုဏ္ဏားကြီးက အမြင်မှန်ရပြီး ...

"အေး ...နင်ပြောတာ မှန်တယ်။ ရေကြောင့် အပြစ်တွေကင်းသွားမှာ မဟုတ်ဘဲ ကိုယ်က ချေးညှော်၊ အညစ်အကြေး ချွေးသီးချွေးပေါက်တွေသာ ကင်းစင်သန့်စင်သွားတတ်တာ"

ဟု ပြောဆိုပြီး သံဝေဂ ရသွားခဲ့ရတော့သည်။

ပုဏ္ဏိကာ၏ စာရားနှင့် သံဝေဂပွားသည်။ ရဟန်းပြုကာ ကမ္မဋ္ဌာန်းတရား အားထုတ်ခဲ့သည်နှင့် ရဟန္တာအရှင်သူမြတ် ဖြစ်ခဲ့ရပြီး ဗြဟ္မဏအစစ်လည်း ဖြစ်ခဲ့ရသည်။ သူပေါက်မကလေးလည်း ကျွန်အဖြစ်မှလွတ်ပြီး သမီးအရင်းအဖြစ် တရားဝင် မွေးစားခဲ့သည်မှစ၍ အစစပြည့်စုံသော ပုဏ္ဏိကာအစစ် ဖြစ်ခဲ့ရတော့သည်။

"ချစ်သမီး ပုဏ္ဏာကာရီ၊ ငါဖခင်မှာ စေတဝန်ကျောင်းတော် ဆောက်လုပ်ပြီး ကျောင်းဒကာဖြစ်ခဲ့ရသည်။ သင်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်မှာ ရဟန္တာတစ်ပါး တိုးအောင် ဆောင်ရွက်နိုင်ခဲ့သည့် ဒါယိကာမလေး ဖြစ်ခဲ့ရပေပြီ"

ဟု သူဌေးကြီးက ပြောဆိုသည်တွင် ...

"ဖခင် ...ကျွန်မသည် ဗုဒ္ဓသာသနာတွင် ရဟန္တာတစ်ပါး တိုးခဲ့သလို ရဟန္တာမတစ်ပါးတိုးပွားအောင် ဆောင်ရွက်ခွင့်ပြုပါ"ဟု တောင်းဆိုသည်တွင် ဖခင်ခွင့်ပြုသည်နှင့် ဘိက္ခုနီဝတ်ပြီး ကမ္မဋ္ဌာန်းတရား ကျင့်ကြံကြိုးစားခဲ့သည်မှစ၍ ပုဏ္ဏိကာထေရီ ရဟန္တာတစ်ပါးအဖြစ် ဗုဒ္ဓ၏သမီးတော်တစ်ပါး ဖြစ်ခဲ့ရပါတော့သည်ဟုသာ ကြည်ညိုသဒ္ဓါ ပွားမိပါတော့သည်။

ရွှေကျော်စိုးအောင်

<u>ကျမ်းကိုး</u>

ဆရာဦးသုခ၏ အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များမှ။

www.burmeseclassic.com

# မင်းအဆက်ဆက်တို့၏ ဘုန်းသမ္ဘာတောက်စေရန် အစီအမံများ

## မြန်မာဟိန်းကျော်

ယခင်လမှအဆက်

**နံ၊အ၊ပ အစိုးရလက်ထက် ကြက်ဆူပင် စိုက်ပျိုးခြင်း**

မြန်မာမင်း အဆက်ဆက်တို့သည် ၎င်းတို့ ဘုန်းသမ္ဘာတောက်စေရန် အစီအရင်အမျိုးမျိုးကို ဆောင်ရွက်ကြသည်ကို ဖတ်ရှုပြီးခဲ့ပေပြီ၊ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံကို ထူထောင်သော အနော်ရထာမင်းကြီးသည်ပင်လျှင် ယတြာအစီအရင်ကြောင့် တုန်လှုပ်ခဲ့ရပေသည်။

ပုဂံမြို့တော်၏ အရပ်ဖက်ကိုလှည့်ပြီး ကံပဲ့ဆိုသော အမည် သမုတ်ပြီး စီရင်ခဲ့ရာ ပုဂံမြို့ကြီး တုန်လှုပ်ခဲ့ရ၏။

ပုဂံ ၅-၂ ကံပဲ ၂-၅ ဟူသော

ကက်ကင်း "**သေရှင်သူ၊ ထက်အောက်ပြန်လှန်ကူ၊ နံ့တူသတ်ကအသေရ**" ဆိုသော ကိန်းကိုယူကာ လွှန်ခဲ့သော အစိုးရမင်းများလက်ထက်ကလည်း ကြက်ဆူပင်များကို တစ်နိုင်ငံလုံးစိုက်စေခဲ့သည်ကို သိရှိကြမည်ဖြစ်ပေသည်။

ယတြာဆိုသော ကိစ္စသည် သာမန်လူများ ချေပပြုလုပ်သည်ထက် နိုင်ငံအကြီးအကဲ၊ အုပ်ချုပ်မင်းလုပ်သူများဖို့ အမိန့်အာဏာအရ ဆောင်ရွက်ရ၊ ပိုပြီး လုပ်နိုင်ခဲ့ပေသည်။

ဥပမာပြောရလျှင် . . .

စုကြည် ➢ ၃ - ၂ ကြက်ဆူ ➢ ၂ - ၃

ဟူသော ထက်အောက်ပြန်လှန်ကူသော အစီအရင်ကို စီရင် ခဲ့ပေသည်။ ထို့အပြင် ဆက်ဆံရေးဝန်ကြီးအဖြစ် ဦးအောင်ကြည် ကို ခန့်အပ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးစေခဲ့သည်။ ထိုကဲ့သို့ ဆွေးနွေးနေစဉ် နိုင်ငံတော်၏ ပြောရေးဆိုခွင့်ကို ဦးကျော်ဆန်း ကို လွှဲအပ်ခဲ့သည်။

အောင်ကြည် ➢ ၁ -၂ သည် = အောင် ကြည် ၁-၂

ကျော်ဆန်း ➢ ၂ -၃ သည် = စု ကြည် ၃-၂

အဖြစ် အပြန်အလှန် ကက်ကင်းမာတ်ယူပြီး ဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ ဆောင်ရွက်ခဲ့သဖြင့်လည်း ကြီးကြီးမားမားကိစ္စများသည် ပြေပြေလျောလျော ဖြစ်ခဲ့သည်ကို အများအမြင်ပင် ဖြစ်ပေသည်။ ဤသည်မှာ မင်းအဆက်ဆက်တို့ ဘုန်းသမ္ဘာတောက်စေရန် အစီအရင်ကို နမူနာယူကာ လွန်လေသော တိုင်းပြည် အုပ်ချုပ်သူတို့က စီမံခဲ့သည်ဟု ယူဆရပေမည်။

## မြို့တည် နန်းတည်ဘုရင် မင်းတုန်းမင်းကြီး နန်းတော်တည်ပုံ

ကုန်းဘောင်ခေတ်တွင် ထင်ရှားသော မင်းတုန်းမင်းကြီးသည် မြို့တည် နန်းတည်မင်းကြီးအဖြစ် ခံယူစေလိုခြင်းဖြင့်လည်းကောင်း မိမိမူလ စိုးစံသောနေရာသည့် တောင်မြို့ခေါ် မတ္တရာနေရာမှ မြောက်ဘက်အရပ် မန္တလေးသို့ ရွှေ့ပြောင်းစံတော်မူခဲ့သည်။ အုတ်ကျစ်ကျော်အေး မန္တလေး အမည်တွင်ပြီး ၁၂၂၀ ခုနှစ်တွင် မန္တလေးကို တည်ခဲ့သည်။

၎င်းမြို့တည်ခုနှစ်သည် ၁၂၂၀ ဆိုသဖြင့် စဉ်းစားစရာ ဖြစ်ခဲ့သည်။ မြို့ကိုတည်ရာတွင်လည်း မန္တလေးတောင်ခြေတွင် စည်မျက်နှာပြင်သို့ ညီသော နေရာရွေးပြီး ကျုံးမြို့ရိုးနှင့် နန်းတော်ကို ဆောက်ခဲ့သည်။ ထိုကဲ့သို့ ဆောက်ရာတွင်လည်း တံခါးအသီးသီးဝင်ပေါက် အသီးသီးတွင် အရပ်များထုလုပ်ခဲ့ပြီး အချို့နေရာများတွင် အင်းများ မြှုပ်နှံခဲ့သည်ကို တွေ့ရှိရပြန်သည်။

"သာသနာတော်-၂၄၀၁၊ ကောဇာသက္ကရာဇ် ၁၂၁၉ ခု၊ ဘဝရှင်မင်းတရားကြီးဘုရား နန်းစံ ၆-နှစ်မြောက်တွင် မန္တလေး အရပ်၌ ရွှေမြို့တော်ကြီးကို ပန်းထုန်းကနက် စိုက်မှတ်၍ ရွှေနန်းမြို့တော် တည်လုပ်စံနေတော်မူရာ တံခါးနိတော်မြို့ရိုး လက်ဝဲအရပ် ၃-ခန့်တွင် အင်းထည့်သွင်းမြှုပ်နှံသည့် ကျောက်သေတ္တာ"

ဟူသော ကမ္ပည်းစာသည် ၁၈၈၉ ခုနှစ်တွင် ဆာရစ်ချက်တင်ပယ် တူးဖော်ရရှိသော ကျောက်သေတ္တာ၌ပါရှိလေသည်။

တစ်ဖန် သေတ္တာအတွင်း၌ စတုရန်း ၈-လက်မ ခန့်ရှိသော ငွေပြားတွင် သမ္ဗုဒ္ဓေ ဂါထာ အင်းထွင်း၍ ထည့်ထားသည်ကို တွေ့ရပါသည်။

/မန္တလေးမြို့တည်နန်းတည်နှစ် ၁၀၀ ပြည့်ပွဲတော် စာစောင်၊ ဆရာဇော်ဂျီရေး ဆောင်းပါးမှ/

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သ 1 | ကေ 16 | မ 31 | ပ 62 | | | |
| | သိ 28 | သ 15 | သာ 30 | အ 65 | မျို 2 | ပ 17 | ဟံ 32 | သ 59 | |
| | အာ 41 | တော 80 | မိ 27 | မာ 46 | ဥ 61 | နေ 66 | ဒ္ဒ 63 | ဓ္ဓ 18 | |
| ရေ 43 | မာ 26 | ရ 29 | ဟာ 14 | သ 79 | ဝါ 64 | ဒွေ 3 | ဗွေ 60 | တေ 33 | တာ 58 |
| ဓ္ဓ 40 | သ 11 | ဒ 42 | နု 45 | ပိ 72 | မ 4 | သေ 78 | ကေ 67 | အ 4 | သ 19 |
| နု 25 | နု 44 | သ 13 | ဒ 10 | အ 77 | အ 68 | ဝိ 73 | ဟံ 48 | ဟ 57 | သံ 34 |
| ဍ္ဍ 12 | ယ 39 | ဘာ 54 | ယာ 71 | မ 50 | သ 75 | နု 56 | န္တ 69 | တံ 20 | ဋ္ဌ 5 |
| | နို 24 | ဒ္ဓါ 9 | နျှ 76 | ဝေ 55 | ရာ 70 | နု 49 | နု 74 | ခ 35 | |
| | နု 53 | သံ 38 | သာ 23 | ဍ္ဍ 8 | ဏ္ဍာ 51 | မှု 36 | သ 21 | ဝိ 6 | |
| | | | ရာ 52 | ဓ္ဓ 37 | ဟ 22 | သ 7 | | | |

ထိုနည်းတူပင် မြန်မာပြည်အလယ်ရိုးမတကြောကို ဝန်ထမ်းအများရုံးစိုက်ရာ ဒေသအုပ်ချုပ်ရေးမြို့တော်အဖြစ် အမည်ကိုနေပြည်တော်ဟု သမုတ်ပြီး တည်ဆောက်ခဲ့သည်မှာလည်း စဉ်းစားစရာများပင်ဖြစ်သည်။

လွှတ်တော် အဆောက်အဦ သမ္မတအိမ်တော်တို့ကို ကျုံးကဲ့သို့ ရေပတ်လည်ဝိုင်းရံထားသည်ကို တွေ့ရှိရသည်။ မြို့တည်ရာတွင် အစီအမံများဖြင့် စီမံပြီး အမည်များကို ကုန်းဘောင်ခေတ် ဝေါဟာရများဖြင့် မှည့်ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားသံအဖွဲ့ဝင်များနှင့်ပါလာသော ပန်းချီဆရာများရေးဆွဲသောပုံများ
***King Mindon by artists from Embassies to his court***







မင်းတုန်းမင်းနှင့် စိန်တုံးမိဘုရား(ရှားပါးဓာတ်ပုံ)
***A rare photograph of King Mindon and his consort Sein Don.***

တိုင်းနှင့်ပြည်နယ် ၁၄-ခုကို လွှမ်းခြုံနိုင်ရန်အတွက် ရန်ကုန်၊ နေပြည်တော်၊ ပြင်ဦးလွင်တို့တွင် တိုင်းရင်းသားကျေးရွာ ခေါ် မြန်မာနိုင်ငံမြေပုံအငယ်စားကို တိုင်းနှင့်ပြည်နယ်၏ ထင်ရှားသော အဆောက်အဦတို့ဖြင့် ပုံဖော်ထားခဲ့သည်။

ရှေးမြန်မာမင်းများ၏ အတိတ်၊ တဘောင်များအတိုင်း ဆောင်ရွက်ထားသည်များလည်း ထူးဆန်းသော တိုက်ဆိုင်မှုဟု ဆိုနိုင်မည်လား?

ထိုကဲ့သို့ ယတြာအစီအရင်များသည် ယခုမျက်မှောက်ခေတ် မှာတင်မဟုတ်တဲ့ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်စဉ်ကလည်း ယတြာဖြင့် ဆောင်ရွက်ခဲ့ရသည်ကိုလည်း တွေ့ရပေသည်။

ဆက်လက်ဖော်ပြမည့် စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းအရာမှာ တတိယအင်္ဂလိပ်မြန်မာစစ်ပွဲမှ အဖြစ်အပျက်တစ်ရပ်နှင့် ဒုတိယကမ္ဘာစစ်အတွင်းမှ အဖြစ်အပျက်တစ်ရပ်ကို နှိုင်းယှဉ်၍ လေ့လာသုံးသပ်ထားခြင်းဖြစ်သည်။ ယင်း အဖြစ်အပျက် နှစ်ခုတွင် အင်္ဂလိပ်နယ်ချဲ့တို့၏ ထူးခြားသောယတြာချေပုံကို တစေ့တစောင်း တင်ပြထားပါသည်။



ပဟိုရ်စင်
Clock Tower




မြေနန်းပြာသာဒ်တော်ကြီး
The Grand Palace



စွယ်တော်စင်
Buddha's Tooth Shrine

www.burmeseclassic.com



ကျွန်တော်တို့မြန်မာလူမျိုးများသည် အရေးတစ်စုံတစ်ရာ ကြုံကြိုက်လာပြီဆိုလျှင် ဗေဒင်မေးခြင်း၊ ဓာတ်ဆင် ဓာတ်ရိုက်ခြင်း၊ ဆေးဖယောင်းတိုင် ထွန်းညှိခြင်း၊ ယတြာချေခြင်း စသည့် အမှုတို့ကို အားကိုးတကြီး ပြုလုပ်တတ်လေသည်။

ဉာဏ်နီ ဉာဏ်နက်များသော နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာလူမျိုးတို့၏ စရိုက်ကို နှောကျေပြီး သားဖြစ်သည်။ မြန်မာလူမျိုးတို့၏ ရှေးအစဉ်အလာ ဓလေ့ထုံးတမ်းကို ပိုင်ပိုင်နိုင်နိုင် တီးခေါက်၍ မြန်မာလူမျိုးတို့၏ ပျော့ကွက်ကို မိမိရရ ဖမ်းယူနိုင်ခဲ့ကြသူများလည်းဖြစ်ကြသည်။ ဤတွင် အင်္ဂလိပ်တို့သည် မြန်မာလူမျိုး တစ်မျိုးသားလုံးအပေါ် ဩဇာလွှမ်းမိုးရန် အကြံကြီးကြံနေစဉ် သမိုင်းဝင်အဖြစ်အပျက် တစ်ရပ် ပေါ်ပေါက်ခဲ့သည်။

ဤဖြစ်ရပ်ကလေးကို တင်ပြရသော် . . .

မော်လမြိုင်မြို့ ကြက်တန်း မန္တလေးရပ်ဟူ၍ ယခုအခါ လူတိုင်းအသိအမှတ်ပြု ခေါ်ဝေါ်သုံးစွဲနေကြသော ရပ်ကွက်လေးသည် မြို့မြောက်ဘက်စွန်း၊ သံလွင်မြစ်ကမ်းပေါ်တွင် တည်ရှိသည်။

မန္တလေးရပ်ကွက်မှာ မော်လမြိုင်မြို့အတွင်းရှိ ရပ်ကွက်ကလေးများနှင့် မြောက်ဘက်တွင် ချောင်းကလေးတစ်ခုခြားလျက်ရှိသည်။ ယခုအခါ ထိုချောင်းကလေးမှာ ကောသွားချေပြီ။ ထိုရပ်ကွက်ကလေး ကောင်းစားခဲ့သည့် ရှေးအခါကဆိုလျှင် ရပ်ကွက်တွင်းရှိ လူငယ်လူရွယ်များသည် ထိုချောင်းကလေးထဲသို့ ဆင်း၍ သဲမြေများကို ကျင်ခွက်ဖြင့် ကျင်ရာ ရွှေ အနည်းနှင့်အများ ရလေ့ရှိသဖြင့် ထိုချောင်းကလေးကို ရွှေဘချောင်းဟူ၍ ခေါ်တွင်ခဲ့သည်။


နယ်ချဲ့အင်္ဂလိပ်တို့သည် သီပေါမင်း၏ အထက်မြန်မာနိုင်ငံ၊ မန္တလေးမြို့တော်ကို မသိမ်းပိုက်မီ တစ်နေ့တွင် မော်လမြိုင်မြို့၌ စခန်းချတပ်စွဲလျက်ရှိသော အင်္ဂလိပ်ခြေလျင်တပ်မှစစ်ဗိုလ်ကြီးတစ်ဦးဖြစ်သူ ကာနယ်ဘလိတ်သည် မန္တလေရပ်ကွက် မြေပေါ်တွင် အစီအမံတစ်ရပ်ပြုလုပ်လေသည်။

သူစီမံပုံမှာ မန္တလေးနေပြည်တော် မြို့ရိုးကြီး နှင့်တကွ နန်းတော်၊ ကျုံး၊ ပြာသာဒ် အစရှိသည် တို့ကို ဝါး၊ သစ်များဖြင့် ခမ်းနားလှပတင့်တယ်စွာ ပုံတူတည်ဆောက်စေပြီးလျှင် မိမိအုပ်ချုပ်သော အင်္ဂလိပ်စစ်တပ်များက နေပြည်တော် မန္တလေးမြို့ ကို ဝိုင်းဝန်းတိုက်ခိုက်ကြလေဟန် ဟန်ဆောင်စစ်ပွဲ အတုတစ်ပွဲကို ခင်းကျင်းကာ မြို့ရိုးအတွင်းရှိ နန်းတော် အစရှိသည်များကို မီးတင်ရှို့လိုက်ကြပါတော့သည်။

ဤသို့ဖြင့် အင်္ဂလိပ်တို့သည် ရတနာပုံနန်းတော်ကြီးနှင့်တကွ နေပြည်တော် မန္တလေးမြို့ကြီးကို အင်္ဂလိပ်စစ်တပ်က သိမ်းပိုက်လိုက်ပြီဟူ၍ ကြွေးကြော် ပါတော့သည်။ ထိုသို့ပြုမူပြီးမကြာမီ ရက်ပိုင်းအတွင်း အထက်မြန်မာနိုင်ငံ နေပြည်တော် မန္တလေးမြို့ကြီးအား အင်္ဂလိပ်စစ်တပ်ကြီး အမှန်တကယ်ပင် သိမ်းပိုက်နိုင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လျှင် မော်လမြိုင်မြို့ ကြက်တန်း မန္တလေး ရပ်တွင် နန်းတော်ပုံတူကို မီးရှို့ဖျက်ဆီးပြီး မန္တလေး မြို့ကြီးကိုသိမ်းပိုက်လိုက်ပြီဟူ၍ ကြွေးကြော်ခဲ့ကြခြင်းသည် ယကြာချေခြင်းပင်လော····။

ပုံတူနန်းတော် အဆောက်အအုံတည်ရှိခဲ့သော ကုန်းမြင့်ကလေးပေါ်တွင် မြန်မာလူမျိုးများက စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ယနေ့တိုင် ထိုစေတီမှာ မားမားမတ်မတ်တည်ရှိနေပါသေးသည်။

ရာဇပလ္လင်နေရာတွင် စေတီတည်၍ နန်းတော်ဦး နေရာတွင် ဝတ္တကမြေအဖြစ် ယခုတိုင်သတ်မှတ်ထားလျက် ဇရပ်၊ တန်ဆောင်း စသည်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ကြ သည်။


ထိုစေတီကို ပြည်လုံးချမ်းသာစေတီဟူ၍ အသိအမှတ် ပြုကြရပြီး ယခုတိုင် ပြာသိုလပြည့်နေ့တိုင်း ယင်းဘုရားပွဲတော် ကို စည်စည်ကားကား ကျင်းပလေ့ရှိကြသည်။

ဤသည်မှာ တတိယ အင်္ဂလိပ်မြန်မာစစ်ပွဲ အတွင်းမှ သမိုင်းဝင်ဖြစ်ရပ်တစ်ခုပင်တည်း။

ယင်းနောက် နှစ်ပေါင်း ၆၀ ကျော်ကျော်၊ ဒုတိယ ကမ္ဘာစစ်မီးလျှံကြီး တဟုန်းဟုန်းတောက် လောက်နေစဉ် မြန်မာနိုင်ငံတွင် ဂျပန်များကြီးစိုးနေစဉ်က အဖြစ်အပျက် တစ်ရပ်ကိုလည်း လေ့လာသုံးသပ် ကြည့်ကြပါဦးစို့။

ဂျပန်ခေတ်အတွင်းက အဆိုပါ မော်လမြိုင်မြို့ မန္တလေးကြက်တန်းရပ်ကွက်မှာ ဂျပန်စစ် စခန်းသော်လည်း ကောင်း၊ စစ်ရေးစစ်ရာနှင့်သော်လည်းကောင်း တစ်စုံတစ်ရာမျှ ပတ်သက်ခြင်းမရှိသဖြင့် တိုင်းပြည်အခြေအနေ မည်သို့ပင် ဆိုးနေစေကာမူ မန္တလေး ကြက်တန်းရပ်ကွက်ကာ အမှုမဲ့ အမှတ်မဲ့ပင် အေးချမ်းသာယာစွာရှိခဲ့သည်။ ရပ်ကွက်သူ ရပ်ကွက်သားတို့မှာ ငြိမ်းချမ်းသော ကမ္ဘာကြီးထဲ၌ စိတ်လွတ် လက်လွတ် ရတက်ကင်းမဲ့စွာ နေ့ထိုင်ရသည့်အလား အန္တရာယ်ကင်း သောရှင်းခဲ့ကြသည်။

www.burmeseclassic.com



သို့သော်···

နယ်ချဲ့ အင်္ဂလိပ်တို့သည် အထက်မြန်မာပြည် ရတနာပုံမန္တလေးနေပြည်တော်ကို မသိမ်းပိုက်မီ တစ်နေ့တွင် စစ်နှင့် လုံးဝကင်းကွာနေသော အခိုပါ မန္တလေးကြက်တန်း ရပ်ကွက်ကလေးကို ဆိုင်းမဆင့် ဗုံမဆင့် ဗုံးကြဲလေယာဉ်ပျံကြီး ၁၂-စင်းဖြင့် လာရောက်ဗုံးကြဲ တိုက်ခိုက်ခဲ့ကြသည်။

ဗုံးဒဏ်ကြောင့် မီးတဟုန်းဟုန်း တောက်လောင်နေသော ယင်းရပ်ကွက်ကလေးအတွင်း၌ ထိုနေ့က ရပ်ကွက်လူထုရှစ်ဆယ်ရာခိုင်နှုန်းကျော်မှာ ဗုံးဒဏ်အောက်တွင် တုံးလုံးပက်လက် သေပွဲဝင်ခဲ့ကြ ရတော့သည်။

ဤသို့ မော်လမြိုင်မြို့ရှိ မန္တလေးရပ်ကွက်ကို ဗုံးကြဲတိုက်ခိုက်ပြီးရက်ပိုင်းအတွင်း၌ပင် ရတနာပုံ မန္တလေး နေပြည်တော်ကြီးအား နယ်ချဲ့အင်္ဂလိပ် စစ်တပ်များက အမှန်တကယ် သိမ်းပိုက်ခဲ့လေသည်။

မန္တလေး နေပြည်တော်ကြီးကို မသိမ်းပိုက်မီ မော်လမြိုင်မြို့ရှိ မန္တလေးရပ်ကွက်ကို တိုက်ခိုက်ဖျက်ဆီးရခြင်းမှာ အဘယ်ကြောင့်နည်း။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်လောက်ကတည်းက မန္တလေး နေပြည်တော်ကို မသိမ်းပိုက်မီ ယင်း မော်လမြိုင်မြို့ရှိ မန္တလေးရပ်ကွက်တွင် မန္တလေးနန်းတော်ပုံတူကို မီးရှို့ဖျက်ဆီးခဲ့ဖူးသည်။

စဉ်းစားဖွယ်ရာ ဤဖြစ်ရပ်ကလေးမှာ မတော်တဆမှုလော၊ ယတြာလော····။ ။

ကျွန်တော်တို့မြန်မာ လူမျိုးများသည်
အရေးတစ်စုံတစ်ရာ ကြုံကြိုက်လာပြီဆိုလျှင်
ဗေဒင်မေးခြင်း၊ ဓာတ်ဆင် ဓာတ်ရိုက်ခြင်း၊
ဆေးဖယောင်းတိုင် ထွန်းညှိခြင်း၊
ယတြာချေခြင်း စသည့် အမှုတို့ကို
အားကိုးတကြီး ပြုလုပ်တတ်လေသည်။

ဆက်ပါဦးမည်···

မြန်မာပဒိန်းကျော်




www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ဆိုးကြီး ဘဝဆိုးကြီးတို့ကို

# မော်ဆောင်ပေးခဲ့သူ

လေးသူစံ



ဇူးဟာမှူး ဗိုလ်မှူးကြီးစောဆန်းအောင်(D.K.B.A)

ကျွန်မတို့၏ မြန်မာပြည်သူပြည်သားတွေအနေနှင့် ယခု နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ စိတ်ဝင်စားစရာတွေ အတော့်ကို များပြားနေခဲ့ပါသည်။ ဂျာနယ်များနှင့် သတင်းစာတွေထဲက သတင်းတွေကို တစ်လုံးမကျန် ခေ့ခေ့စပ်စပ် ဖတ်နေရင်းမှပင် နိုင်ငံခြားသတင်းဌာနတွေမှ လွှင့်ပေးနေသည့် မြန်မာပြည် သတင်းတွေကိုလည်း နားစွင့်ရပြန်ပါသည်။ သတင်းခေတ်၊ အင်တာနက်ခေတ်တွင် သတင်းလူသားများအဖြစ် ပွင့်လင်းမြင်သာမှု ခေတ်မီကြမည် မဟုတ်ပါလား။

သတင်းတွေကလည်း ပြည်တွင်းမှာပင် စုံစုံလွှမ်းမိုးသည်။ ကြည့်လေ။ ဒီမိုကရေစီကိစ္စ၊ မီဒီယာတွေ လွတ်လပ်ခွင့်ကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ကြေးဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ရွေးကောက်ပွဲ၊ သန်းခေါင်စာရင်း၊ ကျူးကျော်

www.burmeseclassic.com

မြေ၊ တပ်သိမ်းမြေ၊ ကချင်စစ်ပွဲတွေ၊ ရခိုင်ပဋိပက္ခတွေ၊ လက်ပံတောင်းပြဿနာ၊ ဆန္ဒပြပွဲအမျိုးမျိုးတွေ…အို…စုံလို့ စုံလို့။

သမ္မတကြီး ဦးသိန်းစိန်၊ ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့်အတူ ပြည်သူတွေ စိတ်ဝင်စားသွားသော ပုဂ္ဂိုလ်တစ်ဦး ပေါ်လာခဲ့ပါသေးသည်။ ထိုလူမှာ ဘွဲ့ထူးတွေ၊ ဂုဏ်ထူးတွေ မရှိပါ။ ဟိုတယ်ကြီးတွေ၊ ကုမ္ပဏီကြီးတွေ မရှိပါ။ ထိုလူ၏ နှလုံးသားထဲတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ပြည့်ဝနေခဲ့ပြီး ဒုက္ခရောက်နေသူများကို ဥပေက္ခာမပြုရက်သူ သာမန်လူသားတစ်ယောက်သာ ဖြစ်ပါသည်။ တစ်ချိန်သောအခါက "သူပုန်"ဟု ခေါ်ဆိုခြင်းခံခဲ့ရပါသော လက်နက်ကိုင်တိုင်းရင်းသားတစ်ယောက် ဖြစ်နေခြင်းကလည်း သူ့အပေါ်မှာ စိတ်ဝင်စားမှုတွေ ပိုမိုဖြစ်ထွန်းနေကြခြင်း ဖြစ်ပါသည်။

ထိုလူသည် ဒုက္ခရောက်နေကြရှာသည့် သမီးကလေးကျေးရွာသူရွာသားများကို အနှောင့်အယှက်၊ အတားအဆီးများကြားထဲမှပင် ကရင်ပြည်နယ်သို့ မရအရ ခေါ်ဆောင်သွားနိုင်ခဲ့သူ၊ ကျောက်ခက်ရွာတွင် နေရာချပေးထားနိုင်ခဲ့သူ၊ စိုက်ပျိုးစားသောက်နိုင်ကြစေရန် လယ်ယာများ ဖော်ဆောင်ပေးနိုင်ခဲ့သူ ဖြစ်ပါသည်။ ရွှေလင်ဗန်းကျေးရွာရှိ ကျူးကျော်မြေမှ ဒုက္ခသည်များကပင် သူတို့လည်း ကရင်ပြည်နယ်သို့ လိုက်ပါရွှေ့ပြောင်းချင်ပါသည်ဟု အကူအညီတောင်းထားခြင်း ခံနေရသူ။ ဤမျှဆိုလျှင် ထိုလူ မည်သူဖြစ်သည်ကို စာချစ်သူများ သိကြပြီး ဖြစ်ပါမည်။

သမီးကလေးတို့၏ နောင်ရေးကို ဖခင်ကြီးတစ်ယောက်ပမာ မအေးနိုင်ခဲ့သည့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (ယခင် DKBA)ကလို့ ထူးသောတပ်ဖွဲ့ ကလို့ထူးသော အခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောဆန်းအောင်သည် "အားနည်းရာဘက်၊ ကိုယ့်စားခွက်ဖြင့်၊ လက်ချင်းလည်းကူ၊ လူချင်းလည်းပင်း၊ ဖေးမနှင်းပြီး ရင်းလည်းရင်းစေ၊ မယွင်းလေနှင့်" ဆိုသည့် မြတ်ဗုဒ္ဓ၏ ဩဝါဒအတိုင်း အားနည်းသူတို့ဘက်မှ ရပ်တည်ပေးခဲ့ခြင်းပင်။

ဒေသစွဲ၊ ဘာသာစွဲ၊ လူမျိုးစွဲ၊ ဆွေမျိုးစွဲ မရှိဘဲနှင့် လူသားတိုင်းအပေါ်တွင် ညီညီမျှမျှ မေတ္တာထားရှိခဲ့ပါသော ဗိုလ်မှူးကြီးစောဆန်းအောင်နှင့် ငြိမ်းချမ်းရေးစကားဝိုင်း ဖွဲ့ခဲ့ရာတွင် သမီးကလေးရွာအကြောင်းလည်း မေးမြန်းမိခဲ့ပါသည်။ သူ၏ရင်ထဲမှ အရိုးရှင်းဆုံး စကားတို့ကလည်း စိတ်ဝင်စားဖွယ်ကောင်းလှပါသဖြင့် ရောင်ပြန်စာချစ်သူများအတွက် ရေးသားဖော်ပြပေးလိုက်ပါသည်။

× × × × ×

အနေအထားက သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်မရှိပါဘူး။ ညလေးတစ်ညမှာ သမီးကလေးရွာအကြောင်း ဂျာနယ်တစ်ခုထဲမှာ ဖတ်လိုက်ရပါတယ်။ စိတ်မကောင်းဖြစ်ပြီး သွားကြည့်မယ်။ လိုအပ်တာတွေ နိုင်သမျှ လှူခဲ့မယ်ပေါ့၊ ဗိုလ်ကြီးပေါင်း နေမျိုးဇင်နဲ့အတူ သွားခဲ့ကြပါတယ်။ သူက မနေ့က သွားခဲ့ပြီးပါပြီတဲ့။ သွားတိုက်ဆေး၊ လက်သည်းညှပ်၊ ဓာတ်မီးစသဖြင့် အဲဒါလေးတွေ လိုအပ်နေတယ်လို့ ပြောလို့ ဝယ်သွားပေးခဲ့ပါတယ်။ ရောက်သွားတဲ့အခါကျတော့ ရင်ထဲအတော်ထိတယ်ဗျာ…။ သူတို့ကို လက်ခံထားတဲ့ ဘုန်းကြီးကျောင်းထဲမှာလည်း မခံ့တော့ဘူး။ အနီးအနားက ရော်ဘာခြံတွေထဲမှာလည်း ပေးမနေဘူးဗျ။ ကျူထရံလေးတွေကာလို့ မလုံမလဲနဲ့။ ယင်ကောင်တွေကလည်း တလောင်းလောင်း။

ကျွန်တော်တို့ဆီက တိုင်းရင်းသားတွေက နှစ်ဦးနှစ်ဖက်ရဲ့ စစ်ဘေးစစ်ဒဏ်တွေကြောင့်သာ အသက်လုပြီး ရှောင်တိမ်းကြရတာပါ။ ဒါပေမယ့်ဗျာ…သမီးကလေးရွာက လူတွေလောက် ဒုက္ခမရောက်ကြပါဘူး။ ကျွန်တော်တို့ တိုင်းရင်းသားတွေက စစ်တပ်တွေရောက်မလာခင်မှာ လိုအပ်တဲ့ ကျွဲနွားရိက္ခာတွေကိုစုပြီး စိမ်းလန်းစိုပြည် နက်ရှိုင်းတဲ့ တောအုပ်တွေထဲကို ပြေးကြတာပါ။ စမ်းချောင်းတွေ၊ အရိပ်အာဝါသကောင်းတဲ့ တောတောင်တွေထဲမှာ နေထိုင်ကြရတာပါ။ အခု ဒီမှာက အဲဒီလို မဟုတ်ဘူး။

အဲဒီမှာ စိတ်ထဲ လက်ခနဲ အတွေးဖြစ်မိတာက စိတ်ကူးပေါ်လာတာက ဒီလောက်များပြားတဲ့လူတွေ၊ ဒီလူတွေ အများကြီးက နေစရာမရှိလို့ တခြားတစ်နေရာမှာ ကျူးကျော်မှာ သွားနေဦးမယ်ဆိုပါတော့ နောက်တစ်ခါ ထပ်မောင်းခံထိဦးမယ် ဆိုပါတော့။ ဆယ်စုနှစ် နှစ်ခုသုံးခုမှာ ထပ်ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

မောင်းထုတ်ခံရမယ်ဆိုရင် လူ တွေ့ လူတွေ။ တစ်ခါက နှစ်ခါ ဆိုရင် လူတွေအတွက် မကောင်းတော့ဘူး။

ကျွန်တော်တို့ဒေသက ငြိမ်းချမ်းရေးယူထားတဲ့မြေ။ ငြိမ်းချမ်းတဲ့မြေ။ ငြိမ်းချမ်းတဲ့ကာလ ဖြစ်တယ်။ နေရာချထားပေးတာကလည်း တခြားဒေသမဟုတ်ဘူး။ အဲဒီတော့ ခင်ဗျားတို့ လာနေမယ်ဆိုရင် စီမံပေးမယ်၊ နေရာချထားပေးမယ်။ ဒီလိုပဲပြောခဲ့တယ်။ ကျွန်တော်တို့ဒေသက မြန်မာနိုင်ငံထဲမှာဗျာ။ မြန်မာဒေသပဲ။ မြန်မာ့မြေပေါ်မှာပဲ။ မြန်မာလည်း ကရင်၊ ကရင်လည်း မြန်မာပဲလေ။ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ခေါ်တာပါ။ တခြားဘာအတွေးမှ မရှိပါဘူး။ အမှန်ပါပဲ။

စစ်သား၊ တပ်သားသစ် စုဆောင်းချင်လို့ ခေါ်ခဲ့တာလို့ ဝေဖန်ခံရပါတယ်။ မဟုတ်ပါဘူးဗျာ။ စစ်သားတစ်ယောက်ဖြစ်ဖို့ လွယ်တာမဟုတ်ပါဘူး။ မတစ်ထောင်သားတွေဆိုတော့ တော်တော်ထိန်းရပါတယ်။ စစ်သင်တန်းတွေ အမျိုးမျိုးပေးရပါတယ်။ ပညာတတ်တွေများတဲ့နိုင်ငံတော် စစ်တပ်ဆိုရင် ပိုပြီးစည်းကမ်းကြီးမှာပေါ့ဗျာ။ သိမှာပါဗျာ။

သမီးကလေးကလူတွေကို ကြည့်ပြီးတော့ ကျွန်တော်စိတ်မကောင်းဖြစ်ရတာက အထူးသဖြင့် ကလေးတွေရဲ့ နောင်ရေးပါဗျာ။ နိုင်ငံတော်ရဲ့ အနာဂတ်ကလေးတွေအတွက် စာနာမိတယ်၊ နှမြောမိတယ်၊ မိဘတွေက အိုးမဲ့အိမ်မဲ့၊ စားဝတ်နေရေးက ကျပ်တည်း။ ဘုန်းကြီးကျောင်းက လက်ခံထားပေမယ့် သက်ဆိုင်ရာက မောင်းထုတ်နေပြန်ပြီဆိုတော့ ကျွန်တော်စဉ်းစားတယ်။ သူတို့ ထင်ရာစိုင်းကြတော့မှာပဲ။ သူတို့ဘဝ ရှေ့ရေးတွေ ဘာဖြစ်ကုန်မှာလဲ။ စားဝတ်နေရေးခက်ခဲနေပြီဆိုရင် ခိုးဆိုးတိုက်ခိုက်ကြတော့မယ်။ သားသမီးဝတ်နေတာကို ဘယ်မိဘမှ မကြည့်ရက်ဘူးလေ။ သူတို့မိဘတွေ အေးအေးချမ်းချမ်း အဆင်ပြေပြေ လုပ်ကိုင်စားသောက် နေထိုင်နိုင်ရင် ကလေးတွေလည်း အေးအေးဆေးဆေး ပညာသင်ကြားနိုင်ကြမှာပါပဲ။ ကလေးတွေရဲ့ ရင်ထဲမှာ စိတ်နာသွားမယ်၊ ရန်ငြိုးရန်စတစ်ခုလို ရင်ထဲပါသွားမယ်. ဒဏ်ရာတွေနဲ့ ကြီးပြင်းလာမယ့်ကလေးတွေ မဖြစ်ကြစေချင်လို့ပါ။ ကျွန်တော့်အတွေးက မှားသလားဗျာ။

ဒီကလေးတွေထဲကနေ နိုင်ငံခေါင်းဆောင်တစ်ယောက် ပေါ်ထွန်းမလာဘူးလို့ မပြောနိုင်ဘူးလေ။ အဲဒီအခါ ပြန်စဉ်းစားမယ်။ ငါတို့ဘဝ ငယ်ငယ်တုန်းက ဘယ်ခုနှစ်မှာ ဒီလိုဖြစ်ခဲ့ပါလား။ ငါ့လက်ထက်မှာ မဖြစ်အောင်ကြိုးစားမယ်၊ စီမံမယ်၊ အုပ်ချုပ်မယ်ပေါ့။ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပဲ။ မဝေးသော အနာဂတ်မှာ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးက ပညာရေးတွေ မြှင့်တင်နေပြီဆိုတော့ တိုးတက်လာတော့မှာလေ။ ဒီကလေးတွေကို ကိုယ်ချင်းစာစိတ် ပြည့်ဝတဲ့ လူတော်လူကောင်းတွေ ဖြစ်စေချင်တာပါ။ မနစ်မွန်းစေချင်လို့ပါ။ တခြားဘာအမြော်အမြင်မှ မရှိပါဘူး။ ကျွန်တော်လည်း ဗုဒ္ဓဘာသာတစ်ယောက်ပါ။ အတ္တဟိတနဲ့ ပရဟိတကို ခွဲခြားမြင်ပါတယ်။

ဆရာမတို့ မုလအိဘုရားကိုသွားတဲ့ လမ်းက ကျောက်ခက်ရွာမှာ ထားမှာပါ။ လမ်းတွေပြင်ပေးထားတယ်၊ အိမ်တွေလည်း ဆောက်ပေးထားတယ်။ တောင်ယာအလုပ်တွေကလည်း အများကြီးပါ။ သူတို့ဆီမှာ တစ်နေ့လုပ်အားခက ဆန်ငါးပြည်ဖိုးပဲ ရတယ်ဆိုရင် ဒီမှာက ဆန်ဆယ့်ငါးပြည်ဖိုး ရမယ်။ မြေကောင်းတယ်၊ ရေကောင်းတယ်ဗျာ။ ကျွန်တော်တို့ အတင်းအဓမ္မ မခေါ်ပါဘူးဗျာ။ သူ့ကိုစိတ်၊ သူတို့ကိုယ်ရဲ့ ဆုံးဖြတ်ချက်အတိုင်းပါပဲ။ ကျွန်တော်ကတော့ "စ"မိတယ်ပေါ့။

× × × × ×

ဤမျှဆိုလျှင် သူ့ရင်ထဲကို ထွင်းဖောက်မြင်နိုင်ပေပြီ။ မုလအိဆံတော်ရှင်ဘုရား၏ ထီးတင်ပွဲတော်သို့ သွားရောက်ခဲ့ရင်းနှင့် မြဝတီမြို့တွင် နေထိုင်ခဲ့ရသော ရက်များအတွင်း DKBA မှ စီစဉ်သည့် ပိုင်းလော့ဆရာတော်၏ တရားပွဲများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ပညာဒါနသင်တန်းများ စသဖြင့် ကြုံဆုံခဲ့ရပါသည်။ ပြီးခဲ့သည့် သင်္ကြန်ရက်များကလည်း ဗိုလ်မှူးကြီးစောဆန်းအောင် ဦးစီးကျင်းပသည့် ရှင်ပြုရဟန်းခံ အလှူပွဲရှိခဲ့သည်ဟု မြဝတီမြို့မှ မိတ်ဆွေများက ဖုန်းဆက်သတင်းပေးခဲ့ကြပါ၏။

သြော်…လက်နက်များ ကိုင်နေကြရသည်ဆိုသော်လည်း သူတို့၏ ရင်ထဲမှာ ငြိမ်းချမ်းရေးရှိနေပါသည်။ တရားလက်ကိုင်ထားရှိကြပါသည်။

လေးသူစံ

www.burmeseclassic.com

# သီသာစေကြောင်း
# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိခ်၏ နည်းစနစ်အတိုင်းဟောသည်
## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို **မိမိဘာသာ** မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

- အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာတတ်တယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ၊ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်သည်။ လုပ်ငန်းသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီးသွားရတတ်တယ်။ ပြည်ပခရီးဝေးသွားလိုလျှင် ယခုကာလတွင် ပြုလုပ်ပါက အဆင်ပြေလိမ့်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်လာတတ်တယ်။ ယခုကာလတွင် ဝယ်သော ရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးတာမျိုး ဖြစ်တတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ မဖြစ်မနေ မြေဝယ်ရမည်ဆိုလျှင် ဖျာချောလေး(၁)ချပ် ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား ဘာသာခြားတွေလည်း မစတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ အငြိ့အကဲက ကိုယ့်ကို အကူအညီပေးတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာဖြစ်တတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ရပ်ဝေးက ဆရာတစ်ပါးလည်း ကြွလာတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ထိုငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် မျက်နှာမှာ အဖုအပိန့် အနာလေးတွေ ပေါက်တတ်တယ်။ အမြင့်မှ ယိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငြိုပ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

အိုးပိုင်၊ အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံခြင်း၊ သူတစ်ပါး၏အိမ်ကို မိမိက တာဝန်ယူ ဆောက်ပေးခြင်းမျိုး မပြုလုပ်သင့်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်ဖက်သုပ် ဆွမ်းတော်တင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှူအတန်းတွေ ပြုလုပ်ရတတ်ပါတယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်း ကြုံရလိမ့်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်သောကာလ ဖြစ်တယ်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက်၊ အဟောင်း မဝယ်သင့်။ ဗုဒ္ဓဟူးသားသမီးရှိလျှင် အနည်းငယ် ညံ့တတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွှန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးအဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၄၄၊ ၇၂၊ ၂၇၊ ၂၆

### အထူးသတိပြုရန်

အရက်သေစာ လုံးဝရှောင်ရမည်။ မကြာခဏ ဒေါသကြီးခြင်း ခက်ထန်စွာ ပြောဆိုခြင်း ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့တိုင်း ကိတ်မုန့်(၂)ချပ်နှင့် နွားနို့ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် စိတ်တိုင်းမကျခြင်း၊ လုပ်သမျှ အဆင်မပြေခြင်းမျိုးတွေ ကြုံရတတ်တယ်။ မထင်မှတ်သော ခရီးမ္ဘ ား၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဟိုကကြားလည်း စိတ်ညစ်စရာ၊ ဒီကကြားလည်း စိတ်ညစ်စရာတွေ ဖြစ်နေတတ်တယ်။ ယခုကာလတွင် စိတ်အလိုလိုက်ပြီး စိတ်ထင်ရာ တဇောက်ကန်း မလုပ်သင့်ဘူး။ သင်သည် ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လ၊ ပြာသိုလများ ပါနေလျှင်တော့ အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားသင့်ပါ။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ဝန်ထမ်းများအဖို့ အလုပ်ပြောင်းဖို့ မကြိုးစားပါနှင့်ဦး။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူများအဖို့လည်း လုပ်ငန်းများ အောင်မြင်တော့ မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့်များနေလိမ့်မယ်။ အိမ်မှာနေရတာကို မပျော်ဘဲ ဖြစ်နေတတ်တယ်။ သူများအတွက် အာမခံတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါရောပြီး အမှုထဲ ပါတတ်တယ်။ မထင်မှတ်ဘဲ မြေတစ်ကွက် ဝင်တတ်တယ်။ ငွေကြေးနှင့်ပတ်သက်၍၊ ကားနှင့်ပတ်သက်၍ လူလယ်ခေါင်မှာ ငြ ်စွဲပြောဆို ခံရတတ်တယ်။ စပ်တူအရောင်းအဝယ် အကြီးအကျယ်မလုပ်ပါနှင့်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ခန္ဓာကိုယ်မှာ ထိခိုက်ခြင်း၊ ဆေးမှား၊ အစားမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာအစိမ်း(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၁၅၊ ၂၂၊ ၁၉၊ ၂၁

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နွားနို့ထမင်း (၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် သူတစ်ပါးအတွက် အာမခံတာမျိုး ကိုယ်စားလိုက်ပြီး ပြောတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါကြားညပ်ပြီး ဖြေရှင်းပေးရတတ်တယ် လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးတွေ ကြုံရတတ်တယ် ဝန်ထမ်းများအဖို့ အကြီးအကဲများ၏ အထင်လွဲမှားခြင်း ခံရတတ်တယ် မြေတစ်ကွက် ဝင်တတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ငန်းသူများ အဖို့ အပေါ် အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကို ပြောင်းချင်စိတ် ပေါ်နေမယ်။ မပြောင်းပါနှင့်။ ပြောင်းလျှင် ပိုဆိုးသွားတတ် တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း ရက်ရွှေ့ ခြင်းများ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆ မပြေ ဖြစ်နေမယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ် တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ဘာပဲလုပ်လုပ် စိတ်တိုင်းမကျ ဖြစ်နေတတ်တယ်။ မထင်မှတ်သော ခရီးမျာ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ကိုယ့်ကို မနာလိုသူလည်း ပေါလိမ့်မယ်။ မိမိထက် မြင့်သူ၊ နိမ့်သူ နှစ်ဦးလုံးဂ ဒုက္ခပေးတတ်တဲ့အချိန်ဖြစ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေသည်း၊ လက်သည်း ပုပ်ခြင်း၊ ကျောနာခြင်း၊ ခါနာခြင်း ဖြစ်တတ် တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့် ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များပြေပျောက်စေရန် ဆုတောင်းပ

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၅၄၊ ၅၇၊ ၃၅၊ ၃၆

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားရ၊ သချိုင်းမြေ မနင်းရ၊ နာရေးသွားမိပါက မိမိတင်သာမက မိသားစုပါ ကျန်းမာရေး ညံ့သွားတတ်သဖြင့် သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း မုန့်ဖက်ထုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် စိတ်ပျော်ရွှင်စရာတွေ ဆက်တိုက်ကြုံတွေ့ရပါလိမ့်မယ်။ စက်ပစ္စည်းများ ဝင်လာတတ်တယ်။ ဆိုင်ဖွင့်ရန် ကြံရွယ်ထားပါက ယခုအချိန်တွင် ဖွင့်လိုက်ပါ။ မိမိအိမ်ကို ပြုပြင်ခြင်း၊ အဖီချခြင်းမျိုး ပြုလုပ်ရတတ်တယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ယခုကာလအတွင်း ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ခင်မင်သူ၊ ချစ်သူကြောင့် ဒုက္ခတွေ့တတ်တယ်။ မိတ်ဆွေ အပေါ ပ ၁သင်းများနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ မိသားစုထဲတွင် ဗုဒ္ဓဟူးသားသမီး ရှိပါက အိမ်မှ ထွက်သွားတတ်တယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်မှာ မမွေးရ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးလျှင် ကောင်းပါသည်။ ယခုကာလတွင် လုပ်ငန်းများ မတိုးချဲ့ပါနှင့်ဦး။ အမှုမဖြေရှင်းရပါ။ မဖြစ်မနေ ပြဿနာရှင်းရမယ်ဆိုလျှင် တတ်နိုင်သလောက် အချိန်ဆွဲထားပါ။ ကျန်းမာရေး အနည်းငယ် ချို့တဲ့တတ်တယ်။ အလိုလိုနေရင်း စိတ်တိုနေတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၅၊ ၃၁၊ ၃၇

### အထူးသတိပြုရန်

ယခုကာလတွင် ဘာသာရေးစာအုပ် လက်ဆောင်ရရှိခြင်း၊ မိမိခေါင်းရင်းအိမ်ဘက်တွင် အိမ်သစ်ဆောက်ခြင်း နိမိတ်တွေ့ပါက ကံကောင်းတတ်တယ်။ ကားပွဲတိုက်မိတတ်သဖြင့် အထူးသတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း အုန်းဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သောကာလဖြစ်တယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်ပါတယ်။ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်မယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပညာကောင်းရမယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလာမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံရလိမ့်မယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ဖြစ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရသော် အောင်မြင်မှုရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာတတ်တယ်။ ဆုံးပြီလို့ထင်ထားတဲ့ ငွေတွေလည်း ပြန်ဝင်လာတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်း ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံး၊ ဒူး၊ နား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်ဖြူ(၉)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၃၊ ၃၅၊ ၅၃၊ ၅၅

### အထူးသတိပြုရန်

မိမိအိမ် ပတ်ဝန်းကျင်၌ ဆိုင်းဘုတ်အသစ်တင်သော နိမိတ်တွေ့ပါက စိန်ဝင်ခြင်း၊ စက်ဝင်ခြင်း၊ ဂုဏ်ထူးဘွဲ့ထူးများ ရတတ်တယ်။ ယခုကာလတွင် အသုဘ လုံးဝမပို့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း ပဲပေါက်စီ(၈)လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် အတိုက်အခံများတတ်တယ်။ မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတတ်တယ်။ အိမ်အသစ်ရခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်မွမ်းမံရခြင်းမျိုး ကြုံမယ်။ လုပ်သမျှ သိပ်အဆင်မပြေတတ်ဘူး။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် ဝါခေါင်လ၊ ကဆုန်လများ ပါနေရင် မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရတတ်တယ်။ မိန်းမနှင့် ပတ်သက်၍ အမှုအခင်း ဖြစ်ခြင်းမျိုး ကြုံရတတ်တယ်။ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ကြုံရတတ်တယ်။ လူအများ၏ အထင်ကြီးမှု၊ ချီးကျူးမှုတွေ ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်းများ ဖြစ်ပေါ်တယ်။ မထင်မှတ်ဘဲ သင်တန်းတစ်ခု တက်ရတတ်တယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးလိမ့်မယ်။ ငွေထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ဆွေမျိုးသားချင်းထဲက တနင်္ဂနွေ၊ သောကြာ အမည်ပါသောသူက မထင်မှတ်ဘဲ အကူအညီကောင်း ပေးလာလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် အန္တရာယ်ဖြစ်ခြင်း၊ သွေးထွက်သံယို ဖြစ်တတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် လူမျိုးခြား ဒုက္ခပေးတတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းသီးစိတ်(၆)စိတ်ကို ကြေးလင်ပန်းထဲထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ဖြစ်နေတတ်တဲ့ကာလ ဖြစ်ပါတယ်။ အများနှင့် ပူးပေါင်းလုပ်တဲ့ကိစ္စတွေ၊ စပ်တူလုပ်တဲ့ လုပ်ငန်းတွေ အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ ယခုကာလတွင် အပျော်များရမယ့်ကာလ ဖြစ်ပါတယ်။ သင်သည် အဖက်ဖက်မှာ စိတ်ချမ်းသာစရာတွေ ကြုံလာရလိမ့်မယ်၊ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်၊ လူချစ် လူခင်လည်း ပေါများမယ့်ကာလ ဖြစ်ပါတယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ယခုကာလတွင် ငွေရှာရလွယ်ကူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လျှင် ဒီအတိုင်းမထားပါနှင့်။ ရွှေဝယ်ထားပါ။ သင်သည် စန်းပွင့်နေသောအချိန် ဖြစ်သောကြောင့် အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး အရှုပ်အထွေး ဖြစ်တတ်တယ်။ အစွပ်အစွဲလည်း ပြောဆိုခံရတတ်တယ်။ သင်သည် ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါနေရင်တော့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများကြောင့် စိတ်ညစ်ရခြင်း၊ စိတ်ဝမ်းကွဲရခြင်းမျိုး ကြုံရတတ်တယ်။ အပျို လူပျိုတွေအဖို့ ယခုကာလတွင် အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင် မဖြစ်နိုင်ပါ။ အမှုအခင်း ဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ပတ္တမြား၊ မြေ ထွက်တတ်တယ်။ ခရီးသွားလျှင် အနောက်မြောက်ထောင့်နှင့် အရှေ့တောင်အရပ်များသို့ မသွားသင့်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ ကြုံမယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား အစားမှား ကြုံခြင်း၊ သွားဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွှန့်၊ ထန်း(၇)ညွှန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညှိများ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၊ ၄၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် အုပ်စုဖွဲ့၍ လောင်းကစားခြင်း မပြုလုပ်ပါနှင့်။ ကိုယ်နှုတ်စိတ်သုံးပါး မဖောက်မပြန် တည်တည်ကြည်ကြည် ထိန်းသိမ်းနိုင်လျှင် ကြီးပွားတိုးတက်နိုင်သောကြောင့် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက်၊ ကရေကရာ(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၄-ခုနှစ်၊ စက်တင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ဝိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

လက်အောက်ငယ်သားများ အလုပ်က ထွက်တတ်သည်။ ရေနှင့် ပတ်သက်သောကိစ္စများကြောင့် လုပ်ငန်းခွင်အတွင်း နိုင်ငံခြားသားနှင့် စကားအခြေအတင် ပြောရတတ်သည်။ အိမ်အတွင်းမှ လျှပ်စစ်ပစ္စည်းများ လျှပ်စစ်နှင့် ပတ်သက်ပြီး ပျက်စီးနိုင်သည်။ ဝင်ငွေနှင့်ထွက်ငွေ မမျှမတ ဖြစ်နေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်နှင့် ပြုလုပ်ထားသော မုန့်တစ်ခု ဝယ်ကျွေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

အလုပ်နေရာ အပြောင်းအလဲ(သို့မဟုတ်)ရာထူးအပြောင်းအလဲ ဖြစ်မည်။ နေရာကောင်း ရနိုင်သည်။ ဝင်ငွေကောင်းမည်။ အလုပ်လျှောက်ထားသူများ အလုပ်ရမည်။ (၇)ဂဏန်း များများပါသောထီ ထိုးပါ။ သူတစ်ပါးကိစ္စတွင် ပါဝင်ပတ်သက်နေလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပန်းသီးတစ်လုံး ဝယ်ကျွေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

စက်မှုလက်မှု အတတ်ပညာတစ်ခုကြောင့် နိုင်ငံရပ်ခြားတွင် ပညာသင်ရမည်။ အလုပ်အတွင်းမှ လက်အောက်ငယ်သားတစ်ဦး အလုပ်မှ ထွက်ပြေးသဖြင့် အထက်လူကြီးနှင့် စကားများ ပြောဆိုရမည်။ အိမ်ထောင်ရှိသူများအတွက် အစွပ်အစွဲ အပြောအဆိုခံရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်ကြော် ဝယ်ကျွေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

လူမျိုးခြား နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးမည်။ မိသားစုအကြီးအကဲ အထက်လူကြီးများကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။ အလုပ်နှင့်ပတ်သက်ပြီး မော်တော်ကား(သို့မဟုတ်)မော်တော်ဆိုင်ကယ် ဝင်မည်။ ဝေးကွာနေသော မိတ်ဆွေတစ်ဦးနှင့် ပြန်တွေ့မည်။

**ယတြာ**

အိမ်တွင်ရှိသော စက္ကူပုံးအလွတ် တစ်လုံးတွင် (၇)ဂဏန်း ရေးပြီး အမှိုက်ပုံးထဲ ထည့်ပါ။

---

## ကြာသပတေးသားသမီးများအတွက်

ဝင်ငွေကောင်းသောနေရာသို့ အလုပ်ပြောင်းရမည်။ မမျှော်လင့်ဘဲ ငွေများဝင်လာတတ်သည်။ တိုက်ခန်းတစ်ခန်း ဝယ်ဖြစ်မည်။ မိမိချစ်သူ ဇနီးမယားနှင့် စကားအခြေအတင် ပြောရမည်။ မိမိနေအိမ်အနီးတွင် နာရေးရှိမည်. ၎င်း နာရေးမသွားပါနှင့်။

**ယတြာ**

ရထားဘူတာရုံတွင်ရောင်းသော သစ်သီးတစ်မျိုးဝယ်၍ ရထားစီး မိတ်ဆွေတစ်ဦးကိုလက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

မင်္ဂလာကိစ္စများ ဆောင်ရွက်ရမည်။ အထက်လူကြီး မစမည်။ မိတ်ကောင်းဆွေကောင်းများနှင့် တွေ့မည်။ ငွေများ ဝင်လာမည်။ ဝန်ထမ်းများ ရာထူးတက်မည်။ ပစ္စည်းသစ်များ ဝယ်ဖြစ်မည်။ မမျှော်လင့်သော အမှုကိစ္စတစ်ခု ဖြေရှင်းပေးရမည်။

**ယတြာ**

ကလေးတစ်ဦးကို ရေခဲမုန့် ဝယ်ကျွေးလိုက်ပါ။

---

## စနေသားသမီးများအတွက်

မော်တော်ကားအန္တရာယ် သတိပြုပါ။ ယာဉ်ချင်း ပွတ်တိုက်မိတတ်သည်။ အလုပ်ပြောင်းရန် ကြံစည်သော်လည်း မအောင်မြင်နိုင်ပါ။ ယခုအလုပ်ကပင် မြဲနေမည်။ အိမ်က ရေပိုက်ပျက်နေမည်။ ရပ်ဝေးက သတင်းကောင်း ကြားရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို လက်နှိပ်ဓာတ်မီး တစ်လက် လက်ဆောင်ပေးပါ။

---

## ရာဟုသားသမီးများအတွက်

မမျှော်လင့်သောနေရာမှ ငွေများရမည်။ အိမ်ပြောင်းရမည်။ ၎င်းအိမ်သည် ရထားဘူတာနှင့်နီးမည်။ အလုပ်အတွင်း အထိအခိုက်ရှိမည်။ သတိပြုပါ။ လူမျိုးခြားတစ်ဦးက အလုပ်အသစ်အတွက် ဆက်သွယ်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဘဲသားနှင့် ပြုလုပ်ထားသောမုန့်တစ်မျိုး ဝယ်ကျွေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## လှရတနာဆရာတော် ဦးဆောင်၍ မဟာသမယအခါတော်နေ့ ကျင်းပပြုလုပ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ညောင်တုန်းစာသင်တိုက်၊ လှရတနာကျောင်းတွင် ဒုတိယအကြိမ်မြောက် ကျင်းပပြုလုပ်သော မဟာသမယ အခါတော်နေ့ကို (၁၂-၆-၂၀၁၄)ကြာသပတေးနေ့ နယုန်လပြည့်နေ့တွင် လှရတနာဆရာတော် ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည်။

မဟာသမယအခါတော်နေ့ အခမ်းအနားကို နမောတဿဖြင့် စတင်ဖွင့်လှစ်ပြီး ဆရာတော် အရှင်ဝဏ္ဏိတထံမှ သီလခံယူဆောက်တည်ပြီး သာသနာ့မဏ္ဍိုင် ဆရာတော် ဘဒ္ဒန္တအာသဘ မှ နတ်ပြဟ္မာတို့ကို ပင့်ဖိတ်ပြီး ကြွရောက်လာသော ပရိသတ်အားလုံးမှ မဟာသမယသုတ် ပါဠိတော်ကို ညီညာဖျဖျ ရွတ်ပွား ပူဇော်ခဲ့ကြသည်။

မဟာသမယသုတ်ကို ရွတ်ဆို နာယူရခြင်းကြောင့် အသက်ရှည်ခြင်း၊ မင်္ဂလာဖြစ်ထွန်းခြင်း၊ နတ်ပြဟ္မာတို့ စောင့်ရှောက်ခံရခြင်း၊ အနာရောဂါနှင့် ဘေးကင်းခြင်း ကောင်းကျိုးများကို ရရှိစေနိုင်ကြောင်း သိရှိရပါသည်။

နေထူးအုံ

## ဘုရားဒါယကာကြီး ဦးအောင်မင်း တည်ထားသည့် စေတီပေါင်း ၁၁၁၀ ဆူ၏ (၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

ဘုရားဒါယကာကြီး ဦးအောင်မင်း တည်ထားသည့် စေတီပေါင်း ၁၁၁၀ ဆူ၏ (၃၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို (၁-၄-၂၀၁၄)အင်္ဂါနေ့ ညနေ(၆း၃၀)တွင် တိုက်ကြီးမြို့နယ်၊ သံဃနာယက အကျိုးတော်ဆောင်ချုပ် မင်းကျောင်းဆရာတော်၊ မြို့ဦးကျောင်းတိုက်ဆရာတော်၊ တေဇစက္ကီကျောင်းတိုက်ဆရာတော်၊ စိန်ကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်၊ ရတနာပုံကျောင်းဆရာတော်၊ မီးသွေးကုန်းကျောင်းဆရာတော်၊ လှူသန့်အင်းကျောင်းဆရာတော်၊ မှော်ဘီမြို့ ပေါ်တော်မူဓမ္မာဝိဟာရ ဂုဏ်ထူးရဆရာတော်၊ စိတ္တသုခကျောင်းဆရာတော်(ရွှေကိုယ်တော်) လယ်တီမဟာသရဏဂုံတောရကျောင်းဆရာတော်၊ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမှ ဆရာတော် ဦးဉာဏောဒေရ၏ ကိုယ်စားလှယ်ဆရာတော် စသည့် သုဓမ္မဂိုဏ်းဝင်ဆရာတော် (၁၆)ပါး ကြွရောက်ပြီး ဗုဒ္ဓဘိသေကအနေကဇာတင်တော်မူကြသည်။

ထိုနေ့ညတွင် ဗုဒ္ဓပူဇနီယပွဲတော်အတွက် ဇော်ဂျီမောင်၊ ချန်ပီယံဘုရင်၊ ကျောက်ဆည်(ဆင်)ဇာတ်သဘင်အဖွဲ့မှလည်း လာရောက်ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များဖြင့် စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရှိရသည်။

သားငယ်

## (၃၉)ကြိမ်မြောက် ဘိုးတော်ဝါယမ ထွက်ပွဲ မဟာနဝင်းစေတီတော်တွင် ကျင်းပ

၁၃၇၆-ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက်(၁၈-၆-၂၀၁၄)ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းရှိ၊ မဟာနဝင်းစေတီတော်မြတ်ကြီးတွင် (၃၉)ကြိမ်မြောက် ဘိုးတော်ဝါယမ ထွက်ပွဲ၊ အောင်ပွဲ၊ ပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ဘိုးတော်ဝါယမထွက်ပွဲကို လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံစေတီတော် မြတ်လယ်တီ မဟာသရဏဂုံဝတ်အသင်းကြီးမှ (၁၈-၆-၂၀၁၄)ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီမှ စ၍ မဟာသရဏဂုံတော်ကြီးဖြင့် ရွတ်ဆိုပူဇော်ခဲ့ကြသည်။ ထိုနေ့ နံနက်ခင်းမှစ၍ မဟာနဝင်းစေတီတော်တွင် ဧည့်ပရိသတ်များကို သက်သတ်လွတ် ထမင်းနှင့် ဟင်းများကို စေတနာဒီသာ ကျွေးမွေးခဲ့ကြောင်း သိရှိရသည်။

အင်ကြင်း



www.burmeseclassic.com

www.burmeseclassic.com



## ပါဠိကာရီဆရာတော်အား ဒေါက်တာဘွဲ့ အပ်နှင်းခြင်း အခမ်းအနား ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ ပါဠိကာရီ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တအင်္ဂီသ(အဂ္ဂမဟာပဏ္ဍိတ)အား ထိုင်းနိုင်ငံ နာရီဆွာရမ်တက္ကသိုလ်(Neresuan University)မှ ဒေါက်တာဘွဲ့ အပ်နှင်းခြင်း အခမ်းအနားကို ၁၃၇၆-ခုနှစ်၊ နယုန်လဆန်း(၁၀)ရက် (၇-၆-၂၀၁၄)စနေနေ့ နံနက်က အဆိုပါကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ကြပါသည်။

ထိုအခမ်းအနားတွင် တွဲဖက် ရွှေကျင်သာသနာပိုင် ရွှေဟင်္သာတိုက်သစ်ဆရာတော်ဘုရားကြီး ကံသုံးဆင့်ဆရာတော်(မင်္ဂလာဒုံ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်၊ တိပိဋက မဟာဂန္ဓာရုံဆရာတော်၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်ဆရာတော်၊ ဝိဇ္ဇောတာရုံစာသင်တိုက်(ကမ္ဘာအေး)ဆရာတော်၊ သာသနာ့အလင်းရောင်ကျောင်းတိုက်ဆရာတော်၊ နိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ ရွှေကျင်ဂိုဏ်းဆရာတော်များ၊ ထိုင်းနိုင်ငံ နာရီဆွာရမ်တက္ကသိုလ်မှ ဆရာတော်များ ကြွရောက်တော်မူကြပါသည်။


နံနက်ပိုင်းတွင် ဆရာတော်များအား အရုဏ်ဆွမ်း၊ အချိုပွဲ၊ မုန့်မျိုးစုံ ကပ်လှူပြီး (၉း၃၀)နာရီတွင် အခမ်းအနား စတင်ခဲ့သည်။

ထိုင်းနိုင်ငံနာရီဆွာရမ်တက္ကသိုလ်မှ ဆရာတော်ကြီးများမှ ပါဠိကာရီပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တအင်္ဂီသ(အဂ္ဂမဟာပဏ္ဍိတ)အား ဒေါက်တာဘွဲ့လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပါဠိကာရီဆရာတော်မှလည်း ရွှေတိဂုံစေတီပုံတော်ကြီးကို ဓမ္မဒါန ပြန်လည်ပေးအပ်ခဲ့ပါသည်။ ကြွရောက်တော်မူလာသော ဆရာတော်ကြီးများကိုလည်း သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပါသည်။

ထို့နောက် အလှူရှင်များမှ ကြွရောက်တော်မူကြသော သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များကိုလည်း နေ့လည်စာဖြင့် ဧည့်ခံခဲ့သည်။ လှူဒါန်းမှုအစုစုအတွက် ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာန နာယကဆရာတော်မှ ရေစက်ချတရားဟောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

www.burmeseclassic.com

## အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ သက်တော်(၇၀)ပြည့် ဝိဇာတ မွေးနေ့ပူဇော်ပွဲ ကျင်းပ



(၁၂-၆-၂၀၁၄)ကြာသပတေးနေ့(နယုန်လပြည့်နေ့) နံနက်(၆)နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အောင်မြေဗောဓိမ္မာရိပ်သာ၊ အလိုတော်ပြည့်ကျောင်းတိုက်၌ အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ အရိယဝံသ၏ သက်တော်(၇၀)ပြည့် မွေးနေ့ ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားကို နမောတဿ(၃)ကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး သံဃမဟာနာယက (မဟာန)ဒုဥက္ကဋ္ဌ ဆရာတော်မှ ငါးပါးသီလ ခေတက်တည်ပေးပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူခဲ့ကြသည်ဟု သိရှိရသည်။

ကြွရောက်လာသော ဧည့်ပရိသတ်များကိုလည်း အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

---


## ချင်းတောင်တန်းသို့ ပင့်ဆောင်မည့် ဗုဒ္ဓရုပ်ပွားတော်များ အနေကဇာတင်လှူပွဲ၊ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ရေစက်ချပွဲနှင့် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲ




၁၃၇၆-ခုနှစ်၊ ဝါဆိုလဆန်း(၃)ရက်၊ ၂၉-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ချင်းတောင်တန်းသာသနာပြု နယ်လှည့်ဓမ္မကထိက ချင်းတောင်တန်းသာသနာပြု ဆရာတော် ဒေါက်တာအရှင်တေဇောသာရအား ဦးထိပ်ထားလျက် ဆရာတော်ဘုရား၏ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ချင်းတောင်တန်းသို့ ပင့်ဆောင်မည့် ဗုဒ္ဓရုပ်ပွားတော် အဆူ(၅၀၀)တို့အား အနေကဇာတင်လှူပွဲနှင့် ဟားခါးမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော ငြိမ်းချမ်းရေးစေတီတော်တွင် ထားရှိပူဇော်ရန်အတွက် ဉာဏ်တော် သုံးပေ အမြင့်ရှိသော နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များအား ရေစက်ချလှူဒါန်းပွဲနှင့် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ရန်ကုန်တိုင်းကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်ရှိ ရတနာလင်္ကာရ သာသနာပြုကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

www.burmeseclassic.com

## (၉)ကြိမ်မြောက် သိက္ခာထပ်၊ ရှင်ပြု နှင့် သီလရှင်အပါး(၁၅၀)ဝတ် အလှူတော်မင်္ဂလာ



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ကျောက်တန်းကျေးရွာ၊ အမှတ်(၁၇)၊ ဝေဠုဝန် ဘုန်းတော်ကြီးသင် ပညာရေး ပရဟိတကျောင်း(ပန်းပျိုးလက်)တွင် (၉)ကြိမ်မြောက် သိက္ခာထပ်၊ ရှင်ပြုနှင့် သီလရှင်ဝတ်အပါး (၁၅၀)အလှူတော်မင်္ဂလာကို ကဆုန်လပြည့်(ဗုဒ္ဓနေ့) (၁၃-၅-၂၀၁၄)ရက်နေ့တွင် ကျင်းပဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါ အလှူတော်မင်္ဂလာတွင် ကျောင်းအုပ်ဆရာတော် အရှင်ပညောဘာသ(ပန်းပျိုးလက်)အား အလှူဒါယကာ ဦးလှရွှေ+အလှူဒါယိကာမ ဒေါ်အောင်မေညွန့် တို့မှ သိက္ခာထပ်လှူကြပြီး ရှင်အပါး ၁၅၀၊ သီလရှင်နှင့် ယောဂီအပါး ၂၀ ကို အလှူဒါယကာ ဦးလှရွှေ မိသားစု၊ ပရဟိတအဖွဲ့ခေါင်းဆောင် ဦးမျိုးမြင့် မိသားစုတို့မှ သင်္ကန်းနှင့် ပရိက္ခရာရှစ်ပါး ဆွမ်းဒါန များပြုခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဂမ္ဘီရဆရာမြ

## ဒုတိယအကြိမ် ဓမ္မဒူတစာပေဆု ချီးမြှင့်ပွဲနှင့် စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

ဓမ္မဒူတ ဘာသာရေးမဂ္ဂဇင်း၏ ဒုတိယအကြိမ် ဓမ္မဒူတစာပေဆု ပေးအပ်ချီးမြှင့်ပွဲနှင့် ဆရာလက်ျာရည်ကျော် ၏ "မင်္ဂလာရှိသော အောင်မြင်မှု" စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ၁၃၇၆-ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက် (၄-၇-၂၀၁၄)သောကြာနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်ရှိ တိပိဋကနိကာယကျောင်းတော်၊ ရွှေရတုခန်းမ အမှတ်(၁၂)တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ပေရယ်

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရှင်လက်ထက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် တောဒေယျပုဏ္ဏား၏ သားဖြစ်သော သုဘလုလင်က အသက်ရှည်မှု အသက်တိုမှုအကြောင်း မေးလျှောက်ရာ မြတ်စွာဘုရားက သူတစ်ပါးအသက် သတ်လျှင် သေပြီးနောက် အပါယ်ငရဲ ကျတတ်ကြောင်း၊ အပါယ်ငရဲ မကျလျှင် အသက်တို၍ ရောဂါများတတ်ကြောင်း ဟောကြားတော်မူသည်။ ထိုအပြင် ဝင့်လိုက်သောအားဖြင့် ဖြစ်လေရာ ဘဝတို့၌ အနာရောဂါများခြင်း၊ အင်္ဂါချို့တဲ့ခြင်း စသော အပြစ်များကိုလည်း ခံစားရကြောင်း ဟောပြောခဲ့၏။

သူတစ်ပါး၏ အသက်ကို မသတ်ခြင်းကြောင့် လူ့ပြည်နတ်ရွာ သုဂတိဘဝရောက်ပြီး လူဖြစ်သောအခါတွင်လည်း အသက်ရှည်၍ အနာကင်းကြောင်း ဟောပြောခဲ့ရာ ရောင်ပြန် ပရိသတ်အပေါင်း သူတစ်ပါးအသက်ကို ချမ်းသာခြင်းများ ပေးခဲ့သည် ရှိသော်…

www.burmeseclassic.com